မြန်မာအမျိုးသမီး

# ဆင်ယင်ထုံးဖွဲ့မှု

စောမုံညင်း



၂၂၂၇၈

# မြန်မာအမျိုးသမီးဆင်ယင်ထုံးဖွဲ့မှု

စောမုံညင်း

မျက်နှာဖုံးပန်းချီ – ဦးအေးမြင့်
အတွင်းပုံများ – ဦးအေးမြင့်
သိန်းရွှေကြည်
ပန်းချီ သန့်ဇင်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပထမအကြိမ်၊ ၁၉၇၉ ခုနှစ်၊ အုပ်ရေ ၂၀,၇၀၀

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်အဖွဲ့၊ တွဲဖက်ညွှန်ကြားရေးမှူး ဦးမျိုးသန့် က
(မှတ်ပုံတင်အမှတ် ၀၂၇၁၉) ဖြင့် စာပေဗိမာန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍
(မှတ်ပုံတင်အမှတ် ၈၁၀၂၅) ဖြင့် ထုတ်ဝေသည်။

ပြည်ထောင်စုဖြိုခွဲသူ၊ ပြည်သူ့ရန်သူ

စည်းကမ်းရှိမှ တိုးတက်မည်။

ပြည့်အင်အားသည်

ပြည်တွင်းမှာသာရှိသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| နိဒါန်း | .... .... .... .... .... .... .... | ၇ |

(၁) အာသီသ
(၂) မြန်မာအမျိုးသမီးနှင့် ကမ္ဘာ့အမြင်
(၃) မြန်မာအမျိုးသမီးများ၏ ပင်ကိုသဘာဝ

**အခန်း — ၁။ တကောင်းခေတ်နှင့် သရေခေတ္တရာခေတ် ဆင်ယင်ထုံးဖွဲ့မှု** .... .... ၁၉

(၁) တကောင်းခေတ်၊ (၂) သရေခေတ္တရာခေတ်၊ (၃) ဟန်လင်း၊ မှော်ဇာအထောက်အထားများ၊ (၄) တရုတ်မှတ်တမ်း၊ (၅) ပျူမြိန်းမဘွဲ့လင်္ကာ၊
(၆) ထဘီဟူသော ဝေါဟာရ၊

**အခန်း — ၂။ ပုဂံခေတ် ဆင်ယင်ထုံးဖွဲ့မှု** .... .... .... .... ၂၄

(၁) ပုဂံခေတ်အမျိုးသမီးနှင့် ရက်ကန်းအတတ်၊ (၂) ထဘီနံကွဲ၊
(၃) ဆံပင် ထုံးဖွဲ့ပုံများ၊ (၄) ခိုင်လုံသော အထောက်အထားများ၊
(၅) ရွှေခြည်ထိုး အဆင်တန်ဆာ၊ (၆) ရတနာ အဆင်တန်ဆာများ၊

**အခန်း — ၃။ အင်းဝခေတ် ဆင်ယင်ထုံးဖွဲ့မှု** .... .... .... .... ၄၂

(၁) စာပေ အထောက်အထားများ၊ (၂) ပန်းချီ အထောက်အထား၊
(၃) ဇာတ်တော်ပန်းချီကားများ၊ (၄) အဝတ်အစားနှင့် ဆင်ယင်ပုံများ၊
(၅) ဓမ္မရာဇိကဘုရား မင်စာအဆို၊ (၆) ပိုးထည်အစ တရုတ်က၊
(၇) ဗျာပါဆံ၊ (၈) ရင်လွှမ်းတန်ဆာနှင့် ခြုံတဘက်၊ (၉) ရွှေခြည်ထိုး အထည်များ၊ (၁၀) ပိုးထည်နှင့်တကျွန်းထည် ရွှေရေးထဘီများ၊

**အခန်း — ၄။ တောင်ငူခေတ်အလှ** .... .... .... .... .... ၅၀

(၁) စာပေ အထောက်အထားများ၊

**အခန်း — ၅။ ကုန်းဘောင်ခေတ် ဆင်ယင်ထုံးဖွဲ့မှု** .... .... .... .... ၅၃

(၁) အီတလီဘုန်းကြီး၏ ဖော်ပြချက်၊ (၂) အဝတ်အစားများ၊
(၃) ပန်းချီ အထောက်အထားများ၊ (၄) ပုရပိုက်ဖြူ၊
**(၅) နတ်ချင်း အထောက်အထား၊ (၆) အမျိုးသမီးနှင့် နှံသာပျောင်း၊**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း – ၆။ အမရပူရခေတ် ဆင်ယင်ထုံးဖွဲ့မှု** .... .... .... .... | ၅၆ |
| | (၁) မဏိပူရ ရက်ကန်းပညာရှင်များ၊ (၂) စာပေ အထောက်အထား၊ (၃) ရာဇဂုဏ်နှင့် ဆင်ယင်မှု၊ (၄) ပိုးရည်တောင်စာ၊ (၅) ပန်းချီ အထောက်အထားများ၊ (၆) အဝတ်အစားများ၊ (၇) ပူပုံထုံး ဆံထုံး၊ (၈) ယပ်တောင်နှင့် ခြေနင်း၊ | |
| | **အခန်း – ၇။ ရတနာပုံခေတ် ဆင်ယင်ထုံးဖွဲ့မှု** .... .... .... .... | ၆၂ |
| | (၁) ရက်ကန်းစက်ရုံများ၊ (၂) နန်းတွင်းသူနှင့် ချိတ်ထဘီ၊ (၃) အမျိုးသားစာဆိုများ၏ စာပေအထောက်အထားများ၊ (၄) မိဖုရားများ၏ စာပေအထောက်အထား၊ (၅) ဖိုးကြီးတေးကပြောသော အလှ၊ (၆) မှာပုံတော်၊ (၇) ခေါင်းပေါင်းနှင့် ရတနာပုံခေတ်၊ (၈) ရွှေကြိုက်သောအမျိုးသမီးများ၊ (၉) ရပ်ကြီးသူယိုးဒယားနှင့် ဆင်ယင်ထုံးဖွဲ့မှု၊ (၁၀) ကျေးလက်ဘျိုဖြူတို့၏ အဆင်အပြင်၊ (၁၁) ပန်းချီအထောက်အထားများ၊ (၁၂) စုဖုရားလတ်ဆံထုံး၊ (၁၃) ရင်စည်းရင်ခံများ၊ (၁၄) ရတနာပုံခေတ် အပျိုတော်တစ်ရာ ပုရပိုက်မှပုံများ၊ (၁၅) မြန်မာ့ဆေးရောင်စုံ ပုရပိုက်၊ (၁၆) ညှင်းခမှ လူလှသည်၊ (၁၇) ကွမ်းငုံသောခလေ့၊ | |
| | **အခန်း – ၈။ ကိုလိုနီခေတ် ဆင်ယင်ထုံးဖွဲ့မှု** .... .... .... .... | ၇၆ |
| | (၁) မဂ္ဂဇင်းကပြောသော အလှများ၊ (၂) စာနယ်ဇင်း မျက်နှာဖုံး ပန်းချီခေတ်ပုံပြပွဲ၊ (၃) မယ်ရွေးပွဲများ၊ (၄) ဆံကေသာအမျိုးမျိုး၊ | |
| | **အခန်း – ၉။ မြန်မာအမျိုးသမီးနှင့် ကျောက်မျက်ရတနာများ** .... .... .... | ၈၉ |
| | (၁) လက်ဝတ်လက်စားများ၊ (၂) အမျိုးသမီး ထဘီများ၊ (၃) အင်္ကျီပိတ်၊ (၄) အင်္ကျီပုံစံများ၊ (၅) ပန်ဆင်သည့်ပန်း၊ (၆) ထီး၊ (၇) ဖိနပ်၊ (၈) ခြုံထဘက်များ၊ (၉) ဆွယ်တာ၊ ကုတ်နှင့်မိုးကာ၊ မေ့တွက်တာ၊ (၁၀) လက်ပွေ့အိတ်ဖက်ရှင်၊ (၁၁) ကြော်ငြာများ၊ (၁၂) မြန်မာ့သနပ်ခါး၊ (၁၃) မျက်နှာချေများ၊ (၁၄) မျက်ခုံးမွေးဆေး၊ | |
| | **အခန်း – ၁၀။ လွတ်လပ်ရေးခေတ်မှ မျက်မှောက်ခေတ်အထိ ဆင်ယင်ထုံးဖွဲ့မှု** .... .... | ၁၀၁ |
| | (၁) ဆံပင်ပုံစံများ၊ (၂) အဝတ်အစားများ၊ (၃) အဆန်းဆုံးဝတ်ဆင်သူများ၊ (၄) အင်္ကျီချုပ်ဆိုင်များ၊ (၅) ထဘီများ၊ (၆) မျက်နှာလိမ်းခြယ်ခြင်း၊ (၇) အနွေးထည်၊ (၈) ပဝါများ၊ (၉) ခေါက်ထီး၊ (၁၀) ဖိနပ်၊ (၁၁) လွယ်အိတ်များ၊ (၁၂) လက်ပွေ့အိတ်ဖက်ရှင်။ | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


**အခန်း – ၁၁။ မြန်မာအမျိုးသမီးနှင့် ပဝါ** .... .... .... .... ၁၀၇

(၁) မြတဘက်၊ (၂) မုံတဝလိုက်ဂူနှင့် ရွှေတဘက်၊
(၃) မဟာလ္လတာနှင့် ဂဏမတ္တက အဆင်တန်ဆာ၊
(၄) နန်းတွင်းယဉ်ကျေးမှုနှင့် ရွှေခြည်ထိုးပညာ၊

**အခန်း – ၁၂။ မြန်မာ့ရက်ကန်းနှင့် လွန်းရာကျအချိတ်** .... .... .... .... ၁၁၀

(၁) ရက်ကန်းပညာအစ၊ (၂) အချိတ်သမိုင်း၊ (၃) အချိတ်ထည်၏ တန်ဖိုး၊
(၄) ဒီဇိုင်းများ ကွာခြားမှု၊ (၅) ကြိုးကြီးချိတ်၊ (၆) ရာကျပုဆိုး၊
(၇) ဗလာ ၃၇ မျိုး၊ (၈) ချိတ်ပုဆိုးနှင့် ချိတ်ထဘီများ၊ (၉) ကျေးလက်ပျို့မြူနှင့်
ရက်ကန်းတေး၊ (၁၀) လှည်းယဉ်ပေါ်မှ အမျိုးသမီးအလှ၊ (၁၁) ရက်ကန်းဝေါဟာရများ၊
(၁၂) ဝါပချင်း ရက်ကန်းရှင်မ၊ (၁၃) ချိတ်ပုဆိုးတစ်ထည် ပြီးရန်၊
(၁၄) နည်းသစ်ဖြင့် သင်ကြားပို့ချခြင်း၊ (၁၅) လွန်းချိတ် ရက်လုပ်ရာဒေသ၊
(၁၆) လွန်းရာကျအချိတ်၏ ထူးခြားချက်၊ (၁၇) ဒီဇိုင်းနည်းပြ ဆရာကြီးများ၊

**အခန်း – ၁၃။ တိုင်းရင်းသူ အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု** ... ... ... ၁၃၄

(၁) ကချင်အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု၊ (၂) ကယားအမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု
(၃) ကရင်အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု၊ (၄) ချင်းအမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု
(၅) ထားဝယ်အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု၊ (၆) မွန်အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု
(၇) ရခိုင်အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု၊ (၈) ရှမ်းအမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု

**– ကျမ်းကိုးစာရင်း** .... .... .... .... .... ၁၅၄

**– အောက်ခြေမှတ်စု** .... .... .... .... .... ၁၅၆

# နိဒါန်း

## (၁) အာသီသ

နိုင်ငံတစ်နိုင်ငံ၏ နှလုံးသည်းပွတ်မှာ ယဉ်ကျေးမှုပင်ဖြစ်သည်။ သစ်ပင်ကြီး၏ ရေသောက်မြစ်ဟုလည်း တင်စားသင့်သည်။ မည်မျှပင် အားခွန်ဗလရှိစေကာမူ နှလုံးသည်းပွတ်ချွတ်ယွင်းသွားပါက အသက်ရှင်တော့မည် မဟုတ်ပေ။ ရေသောက်မြစ် ပြတ်သွားပါကလည်း အပင်ကြီး ဗုန်းဗုန်းလဲတော့မည်မှာ သေချာပေသည်။ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ အဆမတန်ကြွယ်ဝသောနိုင်ငံဖြစ်လင့်ကစား မိမိတို့စောင့်ရှောက်အပ်သော ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ကွယ်ပျောက်သွားခဲ့လျှင် လူမျိုးပါ တိမ်ကောသွားဖွယ်ရာ ရှိပေသည်။ ထို့ကြောင့် နှလုံးသည်းပွတ်နှင့်တူသော ယဉ်ကျေးမှု အမွေအနှစ်များကို နိုင်ငံသားတိုင်း ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရမည့် တာဝန်ရှိပေသည်။

ယဉ်ကျေးမှုဆိုရာ၌ ခေတ်၏အခြေအနေ၊ လူတို့၏ ဆင်ယင်ထုံးဖွဲ့မှု၊ ပန်းချီပန်းပု၊ လက်မှုအတတ်ပညာများ၊ ဆို တီး က စသော သုခုမ အနုပညာရပ်များ၊ ရေးသားတွေးခေါ် မြော်မြင်ယူဆကြသည့် စာပေရေးရာများနှင့် ရိုးရာဓလေ့ထုံးစံ၊ ဘာသာ၊ အယူဝါဒ၊ ယုံကြည်မှုအပြင် လူနေမှုစနစ် စသည်များလည်း ပါဝင်လေသည်။

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှု အခြေခိုင်ခဲ့ခဲ့သော တိုင်းပြည်တစ်ပြည်ပင် ဖြစ်ပေသည်။**အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ဆက်စပ်မှုများရှိလင့်ကစား ကိုယ်ပိုင်အနုပညာ စာပေနှင့်ယဉ်ကျေးမှုတို့တွင် မြန်မာ့စရိုက်၊ မြန်မာ့ဟန်ဖြင့်သာ အများဆုံးရပ်တည်လာခဲ့ပေသည်။** ယဉ်ကျေးမှုသည်ပင် လူနေမှုအဆင့်အတန်းကို ဖော်ထုတ်နိုင်စွမ်းရှိသည့်အတိုင်း လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်က ထွန်းကားခဲ့သည့် ဗိဿနိုး၊ သရေခေတ္တရာနှင့် ဟန်လင်းစသော ပျူမြို့ပြနိုင်ငံများကို မှီး၍ကြည့်လျှင် မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခဲ့ပုံကို ခန့်မှန်းသိသာနိုင်ပေသည်။ ပျူတို့နှင့်ခေတ်ပြိုင် ဖြစ်သော ရခိုင် ဝေသာလီမြို့ပြနိုင်ငံ၊ မွန်တို့၏ သုဝဏ္ဏဘူမိ မြို့ပြနိုင်ငံများနှင့်လည်း ယဉ်ကျေးမှုချင်း နီးနွယ်လျက်ရှိပေသည်။ ထိုဒေသများမှ တူးဖော်ရရှိသော ဝတ္ထုပစ္စည်းများနှင့် ဗိသုကာ အဆောက်အအုံ စေတီပုထိုးအတွင်းရှိ နံရံဆေးရေးပန်းချီနှင့် အိုးခွက်ပစ္စည်းများပေါ်မှ အထောက်အထားများ၊ ကျောက်စာ၊ မင်စာ၊ ပေစာ၊ ပွါ၊ ကဗျာ၊ လင်္ကာ၊ စာပေအထောက်အထားများအရ မြန်မာတို့၏ ဓလေ့ထုံးစံ ဆင်ယင်ကိုးဖွဲ့မှုနှင့် အသက်မွေးဝမ်းကျောင်း ပြုမှုများကို လေလာသိရှိနိုင်ပေသည်။

တိမ်မြုပ်လုနီးဖြစ်နေသော ယဉ်ကျေးမှုအထောက်အထားများမှာ သမိုင်းသုတေသီများ၏ ကြိုးမားသော အားထုတ်မှုကြောင့် ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ဖော်ထုတ်လာနိုင်ခဲ့ပေသည်။

အဆင့်အတန်းမြင့်မားသော နိုင်ငံတိုင်း၌ အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိန်းသိမ်း စောင့်ရှောက်လျက်ရှိရာ ထိုအမွေအနှစ်များကို ဖော်ထုတ်၍ ပြောင်းလဲနေသော ခေတ်

ရေစီးကြောင်းနှင့်အညီ ထိန်းသိမ်းသင့်သည်ကို ထိန်းသိမ်းလျက် စွန့်ပယ်သင့်သည်များကိုလည်း စွန့်ပယ်ကြရမည်ဖြစ်ပါသည်။ တိုင်းတစ်ပါးသားတို့နှင့် နှီးနွှယ်ဆက်သွယ်ကြရခြင်းအားဖြင့် ၎င်းတို့ကို အထင်ကြီးကာ မိမိတို့ယဉ်ကျေးမှုရိုးရာကို စိတ်မဝင်စားဘဲ စောင့်စည်း ထိန်းသိမ်းအပ်သော ဇာတိမာန်များပါ အလိုလို ကျဆင်းသွားတတ်ပေသည်။ ယဉ်ကျေးမှု ရှေးအကျဆုံးဟုထင်ရှားခဲ့သော နိုင်ငံကြီးအချို့ကို လေ့လာကြည့်မည်ဆိုလျှင် ရိုးရာယဉ်ကျေးမှုကို ယခုထိ ထိန်းသိမ်းစောင့်ရှောက်နေကြကြောင်းတွေ့ရပေမည်။ အနည်းငယ်မျှလောက်သာ ခေတ်နှင့်အညီ လျော်ကန်အောင် ပြောင်းလဲပြုပြင် ဝတ်စားဆင်ယင်နေကြစေကာမူ ရိုးရာဆင်ယင်ထုံးဖွဲ့မှုများ တည်တံ့နေသည်ကို တွေ့ရသည်။

ခေတ်ကာလနှင့် ပတ်ဝန်းကျင်အခြေအနေများ ပြောင်းလဲသည်နှင့်အမျှ လူတို့၏ ပြောဆိုနေထိုင် လုပ်ကိုင်ကြံစည် တွေးခေါ်ယူဆမှုနှင့် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများလည်း ပြောင်းလဲတတ်ပေရာ မြန်မာ့ဟန် မြန်မာ့စရိုက်နှင့် မဆန့်ကျင်ရေးကို ဂရုပြုရမည်ဖြစ်ပါသည်။

ထိုရှေးဟောင်းရိုးရာယဉ်ကျေးမှုများအနက် အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှုသည် အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတိုင်း ခေတ်အဆက်ဆက်မြန်မာအမျိုးသမီးများ၏ သိက္ခာရှိရှိ ဆင်ယင်ထုံးဖွဲ့လာခဲ့ကြပုံကို ကမ္ဘာကသိရှိစေရန်နှင့် မိမိတို့လူငယ်လေးများ သဘောပေါက် ဂုဏ်ယူနိုင်စေရန် ဖော်ထုတ်သင့်ပေသည်။

ရှေးခေတ်ကို သုတေသန ပြုရမည်ဆိုပါက အားကိုးလောက်သည့် ခိုင်မာသော အထောက်အထားများကို မှီငြမ်းကြရပေလိမ့်မည်။ ဘုရား၊ ဂူ၊ ကျောင်း၊ တန်ဆောင်းများ၌ရှိသော နံရံဆေးရေးရုပ် ပုံ များ၊ ပန်းချီကားချပ်များ၊ တူးဖော်ရရှိသော ရုပ်လုံး၊ ရုပ်ကြွ၊ အိုးခွက်၊ ပန်းကန်၊ အသုံးအဆောင်ပစ္စည်း၊ ပုတီးနားတောင်း၊ ဆံထိုး၊ ဆံညှပ်၊ လက်စွပ်၊ လည်ဆွဲ၊ လက်ကောက်စသော ရတနာများ၊ အလှဘွဲ့ပါသည့် ပျို့၊ လင်္ကာ၊ ရတု၊ ရကန်စသော စာပေကိုးကားချက်များ၊ ကျောက်စာ၊ မင်စာ၊ ပေစာအထောက်အထားများနှင့် ဇာတ်တော်များ၊ ရှေးဟောင်းပစ္စည်းများပေါ်မှ တွေ့ရသော **အမှတ်အသားများကို မှီငြမ်းကြရမည် ဖြစ်ပါသည်။**

**တစ်ခါတစ်ရံ နိုင်ငံခြားသားများ၏ မှတ်တမ်းနှင့် ရေးသားထုတ်ဝေခဲ့သော စာအုပ်စာတမ်း**များ၊ ရေးဆွဲခဲ့ကြသည့် ပန်းချီကားနှင့် ရိုက်ကူးထားသော ဓာတ်ပုံများသည်လည်း သုတေသနပြုရာတွင် အထောက်အကူ ဖြစ်စေပါသည်။

မူလယဉ်ကျေးမှုအပြင် တစ်ဆင့်ပြောင်းလဲလာမှုများကိုပါ လေ့လာသုံးသပ်ကြရမည် ဖြစ်ပါသည်။ ရှေးဟောင်း နံရံဆေးရေးပန်းချီနှင့် ပုရပိုက်များတွင်အချို့ပုံများမှာ နန်းတွင်းသူလော၊အရပ်သူလော၊ မခွဲခြားနိုင် ရှိနေသည်။ ပျက်စီး ယိုယွင်းလုပြီဖြစ်သော ထိုလက်ရာများကို နိုင်ငံတော်ရှေးဟောင်းသုတေသနဌာနကပြန်လည်မွမ်းမံထိန်းသိမ်းလျက်ရှိသည်ကိုလည်းတွေ့ရသည်။သို့နှင့်လည်း ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှု အထောက်အထားများ ပြည့်စုံလုံလောက်ပြီဟု မဆိုနိုင်ပါ။

ဤသို့ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအထောက်အထားများကို ခေတ်လူငယ် အမျိုးသမီးများ စိတ်ပါဝင်စားစေရန်နှင့် ဂုဏ်ယူထိုက်သော မြန်မာအမျိုးသမီးများ၏ ခေတ်အဆက်ဆက် **ခံ့ညားထယ်ဝါစွာ ဝတ်စားဆင်ယင်လာခဲ့ကြပုံကို ဂုဏ်ယူသဘောပေါက်လာစေရန်မှာ အရေးကြီးလှပေသည်။ အကောင်းဆုံးခေတ်မှစ၍ ပျူ၊ ပုဂံ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင်၊ အမရပူရ၊ ရတနာပုံ ခေတ်အသီးသီး၏ ဝတ်စားဆင်ယင်မှုကြေးမုံပြင်ကို တိကျစွာ မဖော်ညွှန်းနိုင်လင့်ကစား သက်လုံမီသမျှ အထောက်အထားများဖြင့် ဤစာအုပ်ကို ရေးသားရခြင်းဖြစ်ပါသည်။**

## (၂) မြန်မာအမျိုးသမီးနှင့် ကမ္ဘာ့အမြင်

နိုင်ငံခြားသားမှတ်တမ်းများ၊ အနောက်တိုင်းသားများရေးသည့် မြန်မာပြည်နှင့်ပတ်သက်သော စာအုပ်စာတမ်းအသီးသီးတို့တွင် အမျိုးသမီးရေးရာများကို အတော်အတန် ဖော်ပြထားကြောင်းတွေ့ရပေသည်။ မြန်မာအမျိုးသမီးများသည် စာတစ်စောင်၊ ပေတစ်စောင် ဖွဲ့အပ်သောသူများဖြစ်ကြောင်း၊ ထူးခြားသော အခွင့်အရေးရ၍ အခြားဖိနှိပ်ချုပ်ချယ်ခံ လူမျိုးများနှင့်ဆန့်ကျင်ဘက်ဖြစ်ပုံ၊ လွတ်လပ်ခွင့်ကို တင်းပြည့်ကျပ်ပြည့်ရရှိကြပုံ၊ မည်သည့်ကိစ္စ၌မဆို ကြီးပွားရေး၊ ပညာရေး၊ စီးပွားရေး၊ ဘာသာရေးနှင့် လူမှုရေးတို့တွင် ရှေ့ဆောင်ရှေ့ရွက် ပြုလုပ်သူများဖြစ်ကြောင်းနှင့် နာမည်ကအစ အိမ်ထောင်ပြုပြီးသော်လည်း အနောက်တိုင်းသူများကဲ့သို့ မစ္စစ် မည်သူမည်ဝါစသည်ဖြင့် ပြောင်းလဲစရာလည်းမလို၊ သူတို့အမည်ရင်းနှင့်သူတို့ ကြံ့ကြံ့ခိုင်ခိုင် နေနိုင်သည်စသည်ဖြင့် ဖော်ပြထားကြလေသည်။ အရေးတကြီး အခက်အခဲ ပြဿနာရပ်များကိုလည်း သူတို့ကိုယ်တိုင် လင်သားမပါဘဲ ဖြေရှင်းနိုင်ကြသည်။ ဝတ်စားဆင်ယင်ပုံကလည်း သေသပ်သည်။

အများအားဖြင့် အင်္ကျီအဖြူထည်နှင့် ပန်းနုရောင်ထဘီ(ဘို့ရှန်း)ခေါ် အမျိုးအစားကို အရှည်ချ၍ ဝတ်ဆင်တတ်ကြသည်။ ဆံပင်အနက်ကို လှပသေသပ်စွာ ဦးထိပ်ပေါ်တွင် ပတ်ခွေပြီးပန်း ုံးလေးများ ဆင်ထားကြသည်။ နားမှာလည်း ပြောင်လက်သော နားကပ်များပန်ဆင်ပြီး ပခုံးပေါ်တွင် လှပသောပိုးပဝါကို တင်ချထားကြသည်။ တောက်ပသော မျက်လုံးအနက်နှင့် ဆံပင်အနက်မှာ ပြေပြစ်နေသည်။ နှင်းဆီဝတ်လွှာနှုတ်ခမ်းများ၌ ကြီးမားသော ဆေးပေါ့လိပ်ကိုတပ်ကာ အားပါးတရ ရှိုက်ဖွာမှုတ်ထုတ်ကြပုံနှင့်တကွ မြန်မာအမျိုးသမီးများ အလှခြယ်ရာတွင် သနပ်ခါး ဟုခေါ်သော အမြစ်နှင့် အခေါက်ကိုသွေး၍ ခပ်ပျစ်ပျစ်လူးကြသည်။ ၎င်းသနပ်ခါးပင်မှာ စီထရွန် အမျိုးအစားဖြစ်၍ ရနံ့သင်းသည် စသည်ဖြင့် ဖော်ပြထားကြလေသည်။

မြန်မာအမျိုးသမီးများ မှန်ရှေ့တွင်ကျောက်ပျဉ်ချ၍ သနပ်ခါးသွေးနေပုံ၊ ဘီးဆံပတ် ပတ်ပုံများကိုပါ ဖော်ပြထားကြသည်။ အချို့ပန်းချီဆရာနှင့် စာရေးဆရာများက ပုံတူရေးသားပြီး စာအုပ်၌ ထည့်သွင်းဖော်ပြကြပါသည်။ မြန်မာအမျိုးသမီး၏ရွှေခြည်ထိုးအချိတ်ထဘီကိုလည်း သူတို့က ခရေစေ့တွင်းကျ ဖော်ပြကြသည်။ အချိတ်ဆင်ကို သူတို့က ခွေးသွားစိပ်ပုံစံဟု ဆိုပါသည်။ ရှေးက ဒီဇိုင်းတာသုံးများ၏ ပန်းလင်းဟာရီ နှင့်တူသည်ဟုဆို၏။ ပွဲသွားကာနီးမှ ကပ်ကြေးနှင့်ညှပ်၍ဝတ်ကြသော ရွှေဖက်လိပ်နားတောင်းအကြောင်းကိုလည်း သူတို့စိတ်ဝင်စားကြသည်။ မြန်မာအမျိုးသမီးများ ဝတ်ဆင်လေ့ရှိသော ဘယက်၊ လည်ဆွဲ၊ နားကပ်၊ ဆံသုံးများကိုပါ ဓာတ်ပုံနှင့် ဖော်ပြထားကြသည်။

**မိုက်ကယ်ဆိုင်း(မ်စ်)၏ ပန်းချီဆရာ။** ။ဘိုးတော်လက်ထက် သက္ကရာဇ် ၁၁၅၆ ခုနှစ်တွင် အင်္ဂလိပ်နိုင်ငံသို့ စေလွှတ်ခြင်းခံရသော သံအဖွဲ့ဝင် ကပ္ပိတန်ဆိုင်း (မ်စ်)နှင့် ပါလာသူ ပန်းချီဆရာကမှူးဝန်ကြီး၊ ဝန်ကတော်၊ အတွင်းဝန်၊ စာရေးတော်ကြီးများကို ပုံတူကူးသွား၍ တစ်ဖန် ဖော်ပြခဲ့ဖူးသည်။ ထို့အတူ ကပ္ပိတန်ကောက်(က်စ်)ကလည်း သတင်းအဖနဖြင့် အနည်းအကျဉ်းဖော်ပြခဲ့သည့်အပြင် မြန်မာလူမျိုးတို့ကို အမွမ်းတင်၍ ရေးသားဖော်ပြခဲ့သော ယောရစ်ကောလစ် ကဲ့သို့သောပုဂ္ဂိုလ်များကလည်း မြန်မာများ၏ယဉ်ကျေးမှုကို တစ်စိတ်တစ်ဒေသ မှတ်တမ်းတင်ခဲ့ကြပါသည်။

**ဧမာရစ်ကောလစ်။** ။၎င်း၏ စန္ဒမာလာစာအုပ်၌ စန္ဒမာလာမင်းသမီးကြီးသည် ပိုးပဝါရှည်ကို ခေါင်းတွင်ပေါင်းထား၍ အင်္ကျီလက်ကျပ် အန္တိုတပ်ကိုဝတ်ဆင်ကာ ကတ္တီပါရင်စည်းခံ၍ ထားပုံ၊ မန္တလေးနန်းတွင်းသူများ၏ ရွှေခြည်ငွေခြည်နှင့် ထိုးထားသော ထဘီကိုဝတ်ကာ လက်တစ်ဖက်ကို ပေါင်ပေါ်တင်၍ တစ်ဖက်က ခပ်လဲလဲနောက်မှီပြီး ထောက်ထားပုံအပြင် ကျောက်နီနှင့် မြဘယက် လည်ဆွဲ၊ လက်စွပ်၊ လက်ကောက်များကိုဆင်ပြီး မှန်ကိုမကြည့်ဘဲ တစောင်းထိုင်နေသည်ကို မှန်ထဲက အရုပ်အတိုင်း ပန်းချီရေးဆွဲရကြောင်း တခမ်းတနား ရေးသားဖော်ပြခဲ့ဖူးသည်။

ဗီ၊ စီ၊ စကော့၊ အို၊ ကွန်နာ[၇] ကလည်း မိုးကုတ်မြို့ ပတ္တမြားသူဌေးကြီး ဦးမှတ်၏ အကြောင်းကို ဖော်ပြရင်း ၎င်း၏ တစ်ဦးတည်းသောသမီးဖြစ်သူ မိုးမိတ်စော်ဘွားကြီး စောခင် မောင်၏ မဟာဒေဝီဖြစ်မည့်သူ စောနန်းအိမ် ဝတ်ဆင်သည့် ကျောက်မျက်ရတနာများကို သူ့အား သူဌေးကြီးကထုတ်ပြ၍ မြင်ဖူးကြောင်း၊ အုပ်ချုပ်သူဘုရင်အား နှစ်စဉ် ပတ္တမြားပဏ္ဏာတော်များ ဆက်သခဲ့ကြောင်း ဖော်ပြခဲ့ဖူးသည်။ အရည်အသွေးအလွန်ကောင်းမွန်သော ပတ္တမြားများကို သူကိုယ်တိုင် တွေ့ဖူးကြောင်း၊ ကျောက်သံပတ္တမြား ပေါလွန်းသဖြင့် အရိုင်းဘုံးများကိုကျောက်တွင်းမှ အိမ်သို့ မသယ်နိုင်သည့်ညများ၌ ဆူးခက်များ အုပ်၍ ထားခဲ့ရကြောင်း၊ လင်းတတောင်ပေါ်မှ လင်းတများက နီရဲနေသော ပတ္တမြားတုံးများကို သားတစ်မှတ်၍ ထိုးသုတ်လေ့ရှိကြောင်း၊ အဖိုး အတန်ဆုံး အတုံးများကိုသာ အိမ်ပေါ်သို့တင်ထားပြီး သာမန်ပတ္တမြားတုံးများကို တိုက်၏အောက် ထပ်တွင် ထားကြောင်း၊ သူဌေးကြီး၏အိမ်မှာ သလဲပင်များ ခြံရံနေကြောင်း ဖော်ပြခဲ့သည်။၎င်း သူဌေးသမီး၏ ကျောက်မျက်ရတနာများ ဝတ်ဆင်ထားသော ခေတ်ပုံများကိုပါ လေ့လာကြည့် နိုင်ကြပါသည်။ ထိုအမျိုးသမီးကြီးမှာ မိုးမိတ်စော်ဘွားကြီး စောခွန်ချို၏ မယ်တော်ဖြစ်ပါသည်။

**နိုင်ငံခြားသားတို့၏ ပန်းချီနှင့် ခေတ်ပုံလက်ရာများ။** ။ဗီ၊ စီ၊ စကော့၊အို၊ ကွန်နာ ရေးသားသော ပိုးလွှာရစ်သိုင်း အရှေ့တိုင်း[၅] စာအုပ်နှင့် စေတီပုထိုးများကြားမှ ကညာပျိုများအကြောင်း ရေးသားထားသော စာအုပ်များ[၆] ၌လည်းကောင်း၊ အိုင်းရစ်လူမျိုး ဆာဂျယ်ရယ်ကယ်သီနှင့် ဂျေ အာရ်မစ်လ်တန်တို့ရေးဆွဲသော ဆီဆေးပန်းချီကားများတွင်လည်းကောင်း မြန်မာအမျိုးသမီးတို့၏ ဆင်ယင်ထုံးဖွဲ့မှုကို ဖော်ပြထားကြောင်း တွေ့ရသည်။ ယနေ့ထိ ဆေးရောင်မမှိန် အလှမပျက်ဘဲ ရောင်စုံကားအဖြစ် တွေ့နိုင်ပေသည်။

မြန်မာပြည်၏ အလှအပများကို သဘောရိုးဖြင့် တင်ပြသူများရှိသကဲ့သို့ ပဒေါင်းတိုင်းရင်းသူ များကို ဗမာမဟူ၍လည်းကောင်း၊ နားကွင်းကျယ်နှင့် ခေါင်းပေါင်းထားသော အရှေ့တောင် အာရှ အမျိုးသမီးတစ်ဦး၏ပုံကို ဗမာမဟူ၍လည်းကောင်း မှားယွင်းဖော်ပြခြင်းများလည်း ရှိခဲ့ သည်။ အနောက်တောင်ရာသီလေ[၇] ခေါ် ရုပ်ပုံကားတစ်ကား၌ ပုသိမ်ထီးဆောင်းကာ ထဘီနက်ကွဲဝတ် ပြီး ခြေလှမ်းလာသော မြန်မာမလေးတစ်ဦး၏ပုံကို အဆန်းသဖွယ်ဖော်ပြထားကြောင်း တွေ့ရသည်။

ဆာဂျယ်ရယ်ကယ်လီကမူ မြန်မာအမျိုးသမီးများ၏အလှကို စေတနာသန့်သန့်နှင့်ရေးဆွဲခဲ့ပြီး ကမ္ဘာသို့တင်ပြခဲ့သူဖြစ်ပါသည်။ သူသည် ၁၉၃၇ ခုနှစ်က လန်ဒန်တွင်ကျင်းပသော ကမ္ဘာကျော် တော်ဝင်ပန်းချီပြပွဲကြီး၌ မြန်မာအမျိုးသမီး ဒေါ်သန်းအေး (ဒိုရာမသန်းအေး၊ ဘီးလပ်ပြန်သန်း)၏ ပုံတူကားကို ဆီဆေးဖြင့်ရေးဆွဲ၍ ယင်းပန်းချီပြပွဲကြီး၌ ဂျော့ဘုရင်မင်းမြတ်နှင့် မင်းမျိုးမင်းနွယ် များ၏ ရုပ်ပုံကားများနှင့် နီးနီးကပ်ကပ် ချိတ်ဆွဲပြသခဲ့သည်။

ပြပွဲလာပရိသတ်ကြီးမှာ ၎င်းပုံအနားကမခွာနိုင်ဘဲ တရစ်ဝဲဝဲလုပ်ကာ စိတ်ဝင်စားနေကြသည်ဟု အင်္ဂလိပ်သတင်းစာများက ရေးသားခဲ့ကြသည်။

သူရေးဆွဲသော အခြားနာမည်ကျော်ပန်းချီကားတစ်ခုမှာ သီပေါစော်ဘွားကြီး စောအုံကြာ၏ညီမတော် စောအုန်းညွန့်၏ပုံပင်ဖြစ်သည်။ စော အုန်း ညွန့် ၏ ပုံ ကို မျက် မြင် ကိုယ် တွေ့ ဖြစ် ၍ ဆေးရောင်စုံ၏ အံ့ဩဖွယ်ရာ တောက်ပစိုပြည်မှုကို ချီးကျူး၍မဆုံးနိုင် ဖြစ်မိပါသည်။ ဆီဆေးပန်းချီဟု မပြောပါက ဆေးရောင်စုံခြယ်ထားသော ဓာတ်ပုံဟုသာ ထင်ကြမည်ဖြစ်ပါသည်။ ထိုပုံကို ပရင့်ဆက်" ဟုရေးထားရာ အငြိမ့်မင်းသမီး စောအုန်းညွန့်ဟု သတင်းစာတစ်စောင်၌ မြန်မာဘာသာပြန်သည့်အတွက် မှားယွင်းခဲ့ဖူးသည်။ပန်ထားသောစိန်နားကပ်မှာ ဖွေးဖွေးဖြူမနေဘဲ မှောင်နေရာကလက်လာသောအသွင်ကိုဆောင်နေသည်။ ဘေးစောင်းမြင်ရသော လည်ပင်းက ပုလဲနှစ်သွယ်မှာလည်း ခရမ်းနုလိုလို၊ အဝါနုရောင်လိုလို၊ ပန်းနုရောင်လိုလို၊ ဖိတ်ဖိတ်တောက်နေ၍ လက်ဖြင့်ကိုင်တွယ်ကြည့်ချင်စိတ်ပင် ပေါက်မိသည်။

အဝါနုရောင် လွန်းရာကျချိတ်ထဘီ၏ ကြိုးများမှာလည်းပြားချပ်မနေဘဲ ဖောင်းကြွနေသည်။ ထဘီနားအတွန့်များမှာ သဘာဝကျလှသည်။ ဆရာကယ်လီသည် အလွန်တိကျ စေ့စပ်သေချာသူဖြစ်သည်။ စိတ်ရှည်မှုလည်းပါသည်။ တစ်ခါက အမေရိကန်အမျိုးသမီး၏ပုံကို ရေးဆွဲရာ အချိန်ကြာမြင့်သည့်အတွက် ကာယကံရှင်က ပြီးမပြီးမေးသည့်အခါ "ခင်ဗျားရဲ့ ပုလဲပုတီးက တစ်နေ့ကိုတစ်လုံးသာခြယ်သို့ပြီးတယ်"ဟု ပြောကြောင်း ဖတ်ဖူးပါသည်။ ဟုတ်ပါလိမ့်မည်။ စောအုန်းညွန့်၏ ဘေးစောင်းပုံတွင် ပုလဲသွယ်၏အလှကို မြင်ရုံဖြင့် သူ၏ စေ့စပ်သေချာပုံကို အကဲခတ်မိပြီးဖြစ်ပါသည်။ စောအုန်းညွန့်၏ပုံကို နှစ်ပုံဆွဲခဲ့ရာ တစ်ပုံမှာ ယပ်တောင်ဖြန့်ကာအောက်သို့ချလျက်ထားပုံဖြစ်ပါသည်။

၁၉၄၅ ခုနှစ်က ဂျော့ဘုရင်နှင့် မိဖုရား၏ပုံကို ရေးဆွဲခဲ့ရာ ခြောက်နှစ်ကြာမှ ပြီးလေသည်။ အကြောင်းမှာ လက်ဝတ်ရတနာများကို သေသေချာချာ လေ့လာနိုင်ရန် ဝင်ဆာနန်းတော်တွင် သွားရောက်နေထိုင်ရသောကြောင့် ကြာသည်ဟု သိရပါသည်။ ပန်းချီကားတစ်ချပ်အတွက် မည်မျှအားထုတ်ရသည်ကို အကဲခတ်နိုင်ပါသည်။

နိုင်ငံခြားသားလက်ရာအများအနက် ထဘီရင်ရှားနှင့် မျက်ခုံးမွေးဆွဲနေသော မြန်မာမလေး တစ်ဦး၏ပုံအပြင် မှန်ရှေ့၌ ဆံသုံးပေါ်တွင် ပန်းပန်နေသော အမျိုးသမီး၏ပုံ၊ ရွှေးခေတ်ရွှေတိဂုံရင်ပြင်တော်၌ အမျိုးသမီးများ ဘုရားရှိခိုးနေပုံများမှာ ဆီဆေးချည်းသာဖြစ်ပါသည်။ ဘာသာရေးကားချပ်များအပြင် လူမှုရေးဆိုင်ရာ ပန်းချီကားများ၌ သွားလာလှုပ်ရှား ဝတ်စားဆင်ယင်ပုံများကိုလည်း တွေ့ရသည်။ မြန်မာအမျိုးသမီးလေးတစ်ဦး သင်ပုတ်စင်၌ ဆွမ်းတော်စွန့်နေပုံ၊ ဥပုသ်စောင့်သွားပုံ၊ ရွှေတိဂုံရင်ပြင်၌ ဘုရားရေသပ္ပာယ်နေကြပုံ စသော လှုပ်ရှားမှုပုံ အသီးသီးကိုလည်း တွေ့ရသည်။

မြန်မာအမျိုးသမီးများ၏ပုံကိုရေးဆွဲရာ၌အသားအဝါ၊ ဆံပင်အနက်နှင့်ပဝါဖြူ၊ ထဘီပန်းရောင် အဝါရောင်ကို အများအားဖြင့်တွေ့ရပါသည်။ အရောင်နုများမှာ မြန်မာတို့၏ ပွဲနေပွဲထိုင်အရောင်ဟုဆိုရပါမည်။ နန်းဆန်သောအရောင်၊ တည်ငြိမ်ရှိတ္တေရသောအရောင်ဟု ယူဆရပါသည်။အနောက်တိုင်းသားများက "ရောင်စုံခြယ်သည့်မြန်မာပြည်" ဟုတင်စားခေါ်ဝေါ်ကြခြင်းမှာ စေတီပုထိုးများ၏ ရွှေရောင်တပြောင်ပြောင်၊ အမျိုးသမီးအမျိုးသားဝတ်စုံများက အနုရောင်၊ တောတောင်ရေမြေက စိမ်းစိမ်းစိုစိုနှင့် ပန်းမာလာရောင်စုံများ၏ တင့်ဆန်းပုံကြောင့် ကာလာဖူးလ်ဘားမား"ဟု

အမည်တပ်ခဲ့ခြင်းဖြစ်ပါသည်။ ရွှေတိဂုံကုန်းတော်ပေါ်မှ ပန်းသည်လေးများ၏ ရောင်စုံရှုခင်းကို လည်း ဆီဆေးဖြင့် မှတ်တမ်းတင်ခဲ့ကြပါသည်။

မြန်မာအမျိုးသမီးကလေးများ၏ ကျစ်လျစ်တောင့်တင်းပြေပြစ်သော ကိုယ်နေဟန်ထားကို လည်း ထိုပန်းချီကားများ၌ တွေ့မြင်နိုင်သည်။ အထက်ဆင့်အနက်နှင့် ထဘီရင်ရှားထားသော မိန်းမ ပျို၏ အလှကိုလည်း အထင်းသားမြင်နိုင်သည်။ ထဘီအတွန့်လှိုင်းကလေးများမှာ အနုပညာဂုဏ် မြောက်လှသည်။ ပိပိရိရိရှိလှသည်။ အမျိုးသမီးကလေး၏ သမင်မကဲ့သို့ ကြည်လင်တောက်ပသော မျက်လုံးနှင့် ပေါ်လွင်သောနှာတံကို နက်မှောင်သော မျက်ခုံးလေးက နယ်ခြားထားသည့်အသွင်ကို လည်း မြင်နိုင်သည်။

၁၉၀၈ ခုနှစ်က ဆာကယ်လီရေးဆွဲခဲ့သော မြန်မာကချေသည်မလေးတစ်ဦး၏ ပုံလည်းရှိသေး သည်။ ၎င်းကားချပ်အောက်တွင် "မစိမ်းနု" ဟု နာမည်ရေးထားသည်ကိုတွေ့ရသည်။ ထဘီနံကွဲမှာ အချိတ်ဆင်မဟုတ်ဘဲ ဒေါင်လိုက်အစင်းပုံဖြစ်နေသည်။ ထိုပုံနှင့်အတူ ၁၉၃၂ ခုနှစ်တွင် တော်ဝင်ပန်းချီ ပြပွဲ၌ တင်ပြခဲ့သည့် သီပေါစော်ဘွားကြီး၏ ညီမတော် စောအုန်းညွန့်၏ပုံအပြင် ၁၉၃၇ ခုနှစ်တွင် ချိဘ်ဆွဲခြင်းခံရသော ကျိုင်းတုံမဟာဒေဝီ၏ပုံကားများကြောင့် မြန်မာ့ဂုဏ်ကျက်သရေလည်း တိုး တက် မြင့်မားလာစေခဲ့သည်။ ကျိုင်းတုံမဟာဒေဝီ၏ပုံမှာ မစ္စတာဖရင့်ဘဲရက်စဖို့က ရေးဆွဲခဲ့သည်ဟု ဆိုပါသည်။

စောအုန်းညွန့်၏ပုံကို လန်ဒန်တွင် ၁၉၃၁ ခုနှစ်က ရေးဆွဲခဲ့ခြင်းဖြစ်သည်။ စောအုန်းညွန့် ကျောင်းပိတ်၍ မြန်မာပြည်ပြန်လာစဉ်က တစ်ဝက်တစ်ပျက်ဖြစ်ခဲ့ရာ ဘုရင်ခံ ဆာဟာကုဘ်ဘဘ်တ လာထံမှ ဘိလပ်ပညာတော်သင် မြန်မာအမျိုးသမီး ဒိုရာမသန်းအေးဆိုသူ ရောက်ရှိနေကြောင်း ကြားသိသဖြင့် စနေ၊ တနင်္ဂနွေနေ့တိုင်း စောအုန်းညွန့်၏ပုံကြီး ပြီးစေရန် ဒေါ်သန်းအေးကို အကူ အညီတောင်း၍ အကြိမ်ပေါင်းများစွာ ထိုင်ပေးခဲ့ရလေသည်။ ထိုကားကို ရွှေဒင်္ဂါး ၁၀၀၀ နှင့်ဝယ်သူ ရှိ၍ ရောင်းလိုက်ရသည်ဟု ဆိုသည်။ နောက်တစ်ပုံမှာ ဘိလပ်ပြန်သန်းခေါ် ဒိုရာမသန်းအေး၏ အရပ်ဝတ်ဖြင့်ပုံဖြစ်သည်။ ညီညီညာညာတိဖြတ်ချထားသော နဖူးပေါ်မှဆံပင်များနှင့် ဘီးဆံသုံးကြီး မှာ တစ်ဘာသာ ထူးခြားနေသည်။ အခြား မြန်မာအမျိုးသမီးပုံများ မပြီးပြတ်သည်ကိုလည်း ဒေါ်သန်းအေးက ထိုင်ပေးပြီး အပြီးသတ်ရေးဆွဲ နိုင်ခဲ့သည်ဟု သိရသည်။

ဆာကယ်လီထံ၌ ထိုင်မသိမ်း၊ ပါးကောင်ကော့၊ လည်ကပ်၊ ချိတ်ထဘီ၊ ချွေးခံနှင့် ကျောက် ပျဉ်၊ သနပ်ခါးတုံးကအစ မြန်မာမှုပစ္စည်းများရှိသည်ဟု စောအုန်းညွန့်က ပြောပြပါသည်။ ဒေါ်သန်း အေး၏ပုံကြမ်းပြီးသွားသော်လည်း ထိုင်နေသော ကတ္တီပါအနားကွပ်သင်ဖြူးချောကို ရေးဆွဲရန်နမူနာ မရှိဘဲလိုနေသေးသည့်အတွက် ရပ်နားထားရပြီး ဒေါ်သန်းအေးမြန်မာပြည်သို့ ပြန်ရောက်မှ သင်ဖြူး တစ်ချပ် ပို့ပေးရသည်ဟု ဆိုပါသည်။ ၁၉၀၈ ခုနှစ်က ပထမဆုံး မြန်မာပြည်ရောက်စဉ် သူ့တွင် ဆီဆေးများအလုံအလောက် ပါမလာခဲ့သည့်အတွက် သူ့ကိုယ်သူလည်းအပြစ်တင်မိသည်။ ဆာကယ် လီ၏ မြန်မာအမျိုးသမီးပုံများမှာ အနောက်တိုင်းဟန် အငွေ့အသက်လောက်ပင်လုံးဝမပါစေဘဲ ပန်းချီ ဆွဲသည်နှင့်မတူ ဆေးရောင်စုံ ဓာတ်ပုံရိုက်ထားသကဲ့သို့ ပေါ်ထွက်နေခြင်းကြောင့် လန်ဒန်ပြပွဲကြီး၌ ဤမျှ ကျော်ကြားခဲ့ခြင်းပင် ဖြစ်ပါသည်။ တော်ဝင်ပန်းချီပြပွဲသို့ တင်ခြင်းခံရသည် ဆိုသည်မှာ တော်ရုံတန်ရုံ အဆင့်အတန်း မဟုတ်ပေ။

ဆာကယ်လီသည် သဘာဝသမားဖြစ်၏။ သူ့ဇနီး၏ပုံကို ရေးဆွဲသည့်အခါ မည်သည့်မိတ်ကပ်၊ ပေါင်ဒါမျှ လိမ်းခွင့်မပြုခဲ့။ အကြိမ် ၈၀ တိုင်တိုင် သေချာစွာ ထိုင်ပေးရသည်ဟုဆိုပါသည်။ သူ့လက်ရာများ ထူးချွန်ခြင်းမှာ သို့ကလောက် အပင်ပန်းခံ၍ဖြစ်သည်ဟု စာရေးဆရာကြီး ဆမ်းမားဆက်မောန်က ဆိုပါသည်။

မြန်မာအမျိုးသမီးများ၏အလှကို ဆီဆေးပန်းချီဖြင့် ခမ်းနားသိုက်မြိုက်စွာ မှတ်တမ်းတင်ထားသော အနောက်တိုင်းသားများ၏ လက်ရာများကို တပေါင်းတစည်းတည်း စုဆောင်းထားရှိသင့်သည်ဟု အောက်မေ့မိပါသည်။ မြန်မာအမျိုးသမီးများ ဆင်ယင်ထုံးဖွဲ့ပုံကို ယင်းပန်းချီကားများမှ တစ်ဆင့် လေ့လာခွင့်ရသည့်အတွက် ကျေးဇူးတင်သင့်ပေသည်။

မက် အင်ဘာသာဖာရာ[၁၀]၏ "ဘားမား"[၁၁]ခေါ် စာအုပ်၌ကား မြန်မာတို့၏ဘဝ၊ အလှ၊ဓလေ့ထုံးစံ စသည်တို့ကို ဖော်ပြထားရာ အဟော်အသင့် ပြည့်စုံပါသည်။ သို့သော် မြန်မာအမျိုးသမီးတို့၏ လှလှပပ ဝတ်စားဆင်ယင်ပုံသက်သက်ကိုကား မတွေ့ရပေ။ နန်းတွင်းသူနှင့် ဗျာပါဆံပုံ တစ်ခုသာ လှပါသည်။အချိတ်ထဘီအဆင်များ၊မိဘနှိုဖိုးဆပ်သောမိန်းကလေး၏ပုံ၊ အမျိုးသမီးများဝတ်ဆင်သော လက်ဝတ်လက်စားပုံများလည်း ပါသည်။ရွှေတိဂုံဘုရားဖူးနေသူပဝါရှည်နှင့် အမျိုးသမီးများပုံကိုလည်း ခေတ်ပုံရေပန်းချီပါ နိုင်ငံခြားသားများ ရေးဆွဲလာခဲ့ကြပါသည်။ မှန်ကြည့်နေပုံ၊ ပန်းပန်နေပုံ၊ မျက်ခုံးမွေးဆွဲနေပုံ၊ ပြောင်းဖူးဖက်၊ ကွမ်းသီးဖက်ဆေးလိပ်နှင့် ပုံများလည်း ရေးဆွဲရိုက်ကူးခဲ့ကြသည်ကို တွေ့ရပါသည်။

ကပ္ပိတန်ဆိုင်း(မ်စ်)ကလည်း ပဲခူးမြို့ဝန်၏ အတာသဘင်ပွဲ အခမ်းအနား၌ မြို့ဝန်သမီးလေး၏ပုံတွင် အဖြူရောင်ဝတ်စုံနှင့် စံပယ်ပန်းလိုက်ဖက်ပုံကို ရေးသားဖော်ပြခဲ့ဖူးသည်။ နေပြည်တော်၌လည်း ဆင်ဖြူတော်၏ပုံကို ပန်းချီဆရာ မဂ္ဂတာဂရန့်က ရေးဆွဲခဲ့ရာ ဘုရင်က ဆုတော် လာဘ်တော် ချီးမြှင့်ကြောင်း သိရပေသည်။

ဝီလ်ဟမ်ကလိန်းပါဝင်ရေးသားသော အင်ဆိုက်ဂိုက်(ဘားမား)[၁၂]စာအုပ်၌ကား ဆေးရောင်စုံ ဓာတ်ပုံများဖြင့် ရတနာပုံခေတ် ဗမာအမျိုးသမီး မိသားစု၏ပုံ၊ လှည်းယဉ်ပုံနှင့် ဂုံရှမ်းအမျိုးသမီးပုံများ၊ ၃၇ မင်း နတ်ရုပ်များကအစ ဖော်ပြထားသည်ကို တွေ့ရသည်။ မြန်မာအမျိုးသမီးကြီး၏ သားသမီးပုံများမှာ မြန်မာရုပ်မဟုတ်ဘဲ ထိုခေတ်က နန်းတွင်းနှင့် နီးစပ်သည့် အကောက်ဝန်၊ ရက်ကန်းဝန်စသည့် တိုင်းတစ်ပါးသားများ၏ သားသမီးများ ဖြစ်ပေလိမ့်မည်။ အကြောင်းမှာ ကုလားဆင် မျက်နှာများနှင့် ကုလားဦးထုပ်များ ဆောင်းထားခြင်းကြောင့် ဖြစ်ပါသည်။

အမရပူရခေတ် ဝန်ကတော်များ၊ ယပ်တောင်ကိုင်၍ ခြေနင်းစီးပုံ၊ တရုတ်ယပ်တောင်ခေါ် ခုံမြီးယပ်တောင်နှင့်ပုံများ၊ အပျိုတော်တစ်ရာပုံများမှာ ဓာတ်ပုံမဟုတ်၍ မဝိကျဟုဆိုနိုင်သော်လည်း အင်းဝနှင့် အမရပူရခေတ် ဝတ်စားဆင်ယင်မှုကို နိုင်ငံကျော်ပန်းချီဆရာများက ရေးဆွဲသည့်အတွက် နီးစပ်သည်ဟု ယူဆရပေသည်။ ဝန်ကတော်ပုံများကို ၁၇၉၅ ခုနှစ်က အင်းဝသို့ စေလွှတ်ခြင်းခံရသော ဆိုင်း(မ်စ်)ကြီးမှူးသည့် သံအဖွဲ့နှင့်ပါလာသူ ပန်းချီဆရာက ရေးဆွဲခြင်းဖြစ်ကြောင်း။ ၁၈၀၀ ပြည့်နှစ်၊ဧပြီလ ၂၁ ရက်နေ့တွင် ပုံဟူသမျှကို အင်္ဂလန်ပြည်၌ ပထမအကြိမ် ထုတ်ဝေဖြန့်ချီခဲ့သည်ဟု သိရပါသည်။ ၁၈၅၅ ခုနှစ် အင်္ဂလိပ်သံ ဖယ်ရာ၏အဖွဲ့နှင့်ပါလာသော ပန်းချီဆရာများအနက် မဂ္ဂတာ ဂရန့်မှာ အရေးပေးခြင်းခံရသော ပန်းချီဆရာဖြစ်ပေသည်။ ဓာတ်ပုံအနေနှင့်လည်း ရတနာပုံခေတ်အမျိုးသမီးများ အင်္ကျီရင်ဖုံးလက်ပွနှင့် ဘသိန်ကဲ့ဂယ်ကာ ကက္ကိုပါဖိနပ်စီးပုံများ၊ ပုသိမ်ထီး

အိမ်တော်ရာထီးဆောင်းသူများ၊ ဆံထုံးပုံ့ပုံ့လေးတွင် ပန်းတစ်ပွင့်ပန်၍ တဘက်ခြုံခြင်း၊ တဘက်ရှည်ကို ပခုံးပေါ် တင်၍ချထားခြင်း၊ ရန်စီပုလဲခြယ် နားကပ်နှင့် ပုလဲလည်ကပ်များ ဝတ်ထားခြင်းစသော ခေတ်ပုံများကို စာအုပ်များ၌ ဖော်ပြခဲ့ကြပါသည်။

ရတနာပုံခေတ်တွင် ထိုင်မသိမ်းနှင့်နံကွဲလုံချည်သာမက ရင်ဖုံးလက်ပွအင်္ကျီနှင့် ချိတ်ထဘီဝတ်သူများလည်းရှိသည်။ ကွမ်းသီးဖက်ဆေးလိပ်ကို လက်တွင်ကိုင်ထားပုံများကိုလည်း ၎င်းတို့၏ စာအုပ်များ၌ တွေ့ရသည်။

လက်ကောက်ကို အဆင့်ဆင့်ဝတ်၍ လက်ချောင်းများတွင် လက်စွပ်သုံးလေးကွင်း ဝဲသလေ့ရှိကြသည်ကိုလည်း ဖော်ပြကြသည်။

မဟာနဖူးလေးထောင့်နှင့် ဆံသုံးပုံ့ပုံ့လေး၏ရှေ့တွင် ဘီးကိုစိုက်၍ထားကာ နောက်တွင်လည်း ဆံအိတ်ဖြစ်အောင် ဖွ၍ထားကြသည်။ ဘီးမှာလည်း ဆင်စွယ်၊ လိပ်ခွံ၊ သစ်ဆယ်စွယ်သာမက ရွှေကွပ်သောဘီး၊ စိန်စီသောဘီးများ စိုက်ကြသည်ဟု ဆိုပါသည်။

ရင်စေ့အင်္ကျီတွင် ရင်ထိုးများကို အဆင့်လိုက်ထိုးသူများလည်းရှိသည်။ ဆံပင်အရှည်ကိုချ၍ ခေါ်ပုံအလှရိုက်သူများလည်းရှိသည်။ ထိုခေတ်ပုံများကို လေ့လာခြင်းဖြင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ပုံကို တစ်စိတ်တစ်ဒေသ သိရပါသည်။

၁၆၀၀ ပြည့်လောက်က မြန်မာပြည်သို့ရောက်ခဲ့သော လန်ဒန်မှကုန်သည် ရားလ်ဖစ်[၁၃]၏မှတ်တမ်းများနှင့် မြန်မာပြည်တွင် အနှစ် ၃၀ ကျော်နေထိုင်သွားခဲ့သော အယ်လ်ဘတ်ဖိုက်[၁၄]၏ အတိတ်နှင့် ယခုမြန်မာပြည်[၁၅]စာအုပ်တွင်လည်း အမျိုးသမီးများအကြောင်း အတော်အသင့်ပါသည်ကို တွေ့ရပါသည်။

မြန်မာအမျိုးသမီးများသည် အနောက်တိုင်းသူများနှင့်စာလျှင် အရပ်အမောင်း မမြင့်မားလှဘဲ ခြေလက်ကိုယ်အင်္ဂါ အရိုးအဆစ်များ သေးငယ်သော်ငြားလည်း ပြေပြစ် လှပသူတွေသာလျှင် ဖြစ်သည်ဟု မှတ်တမ်းတင်ခဲ့ကြသည်။ မြန်မာအမျိုးသမီးတို့၏ နက်မှောင်ပြောင်လက်သောဆံပင်နှင့် လှပစွာ ခွေဝိုက်၍ ပန်ထားတတ်သော သစ်ခွ၊ သဇင်ပန်း၊ စံပယ်ပန်းများအကြောင်းကိုလည်း ဖော်ပြထားသည်။ ချန်ပက်[၁၆]ဟူသော ပန်းကိုပင် ပန်သည်ဟုဆိုသည်။ အဘိဓာန်တွင် ယင်းစာလုံး၏ မြန်မာဝေါဟာရအခေါ် ကို မတွေ့ရှိပါ။ မြန်မာအမျိုးသမီးများ ပန်နေကျပန်းဟုဆိုပါသည်။ ရုက္ခဗေဒ စကားဖြစ်ပါလိမ့်မည်။

မြန်မာအမျိုးသမီးတို့၏ လက်ရက်ထဘီကိုလည်း အချိတ်သဘောပေါ် စေရန် သူတို့အသိဉာဏ်နှင့်သူတို့ နားလည်သည့်အတိုင်း ဖော်ပြထားပုံမှာ "မြွေကွဲသို့တွန့်လိမ်သောပုံစံ" "ဇစ်ဇက်ပုံစံ" ဟုဆိုပါသည်။ မြန်မာတို့ဆေးအရောင်ခြယ်စပ်ပုံကို သူတို့ အလွန်ပင် ချီးကျူးထားပါသည်။ အရောင်အထင်းသားနှင့် မက်မောစရာဖြစ်သည်ဟု ဆိုပါသည်။

ထဘီဝတ်ပုံကိုလည်း သူတို့ အကျယ်ချဲ့၍ရေးကြသည်။ ကိုယ်ခန္ဓာ၌ရစ်ပတ်၍ ပြုတ်မကျအောင်ညှပ်ထားပုံကိုပါ တအံ့တသြ ပြော၍မဆုံးကြ။ အထက်ဆင့်ရှည်ရှည်ဝတ်၍ ရင်ရှားပြီး ထဘီကိုခါးအထက်သို့ အနည်းငယ်ဆွဲတင်ကာ တစ်ချက်လိမ်၍ဝတ်သော ခါးတင်ထိုးပုံ၊ ခါးချပ်ဝတ်ပုံ၊ ရင်စည်းအနီရဲရဲ[၁၇] ကိုခေါက်ပြီး ဘယ်ဘက်ကညှပ်ထားကာ ရင်ကိုဖုံးကြသည်။ ခြေဖျားဖုံးသောထဘီကလည်း အနည်းငယ်ဟနေသဖြင့် ခြေလှမ်းလိုက်လျှင် အသားကို တစ်ချက်တစ်ချက်မြင်ရသည် စသည်ဖြင့် ဖော်ပြထားခဲ့ကြသည်။

နံ့ကဲ့ထဘီအောက်နားကို ပန်းနုရောင်သာ တပ်ကြကြောင်း၊ အနက်ကြောင်းသုံးစင်းပါ၍ ၁၀ လက်မခန့်မြင့်ကြောင်း၊ ဖိနပ်လည်း အနီစီးလေ့ရှိသည်ဟု ရေးကြပါသည်။ "ဖတ်နီကိုသူစီးတယ်၊ ဘူမီး တဲ့လဲ"ဟူသော အင်း၀ခေတ်သီချင်းအတိုင်းပင် ဖြစ်ပါ၏။

သနပ်ခါးကိုကား အချို့နိုင်ငံခြားသားများက မိမိတို့လေ့လာထားသော ရုက္ခဗေဒစကားအမျိုးမျိုးခေါ်ကြသည်။ သနပ်ခါးကို (A Cosmetic Prepared From Murraya Exotica.)ဟုဆိုပါသည်။ နံ့သာကဲ့သို့မွှေးသည်ဟု ရေးထားကြလေသည်။ မြန်မာအမျိုးသမီးများ၏ ရွှေ ငွေကျောက်မျက် ဆင်မြန်းပုံကိုလည်း သူတို့ အထူးစိတ်ဝင်စားကြသည်။ နားကပ်ဟု သူတို့က မဆိုပါ။ အရှည်ဖြစ်၍ "ကျု"[၁၇]ခေါင်းပွဟုသာ ဆိုကြသည်။ တစ်လက်မနီးပါးအဝန်းရှိသော ဆလင်ဒါ ရွှေအလိပ်[၁၈]ကို နားပေါက်မှာသွင်းကြသည်ဟု ဆိုပါသည်။ နားဖောက်စဉ်က ရွှေအပ်၊ ငွေအပ်နှင့်ဖောက်၍ သက်ငယ်ချောင်းလေးများထိုးပြီး နားချဲ့ကြပုံများကိုပါ ဖတ်ရပါသည်။

## (၃) မြန်မာအမျိုးသမီးများ၏ ပင်ကိုသဘာဝ

မြန်မာအမျိုးသမီးများ၏ အလှစံချိန်ကို လောကနီတိကျမ်းက အချက်ရှစ်ချက်ဖြင့် စံအဖြစ်သတ်မှတ်ထားရာ သဘာဝအလှရှစ်ပါးတွင် အသားအရေကောင်းခြင်း၊ သမင်မျက်စိကဲ့သို့ ကြည်လင်သော မျက်လုံးရှိခြင်း၊ သေးငယ်သောခါး၊ သွယ်လျသောပေါင်တံ၊ ကောင်းသောဆံပင်၊ ညီညာသောသွား၊ တွင်းနက်သောချက်၊ မြင့်မြတ်သောကိုယ်ကျင့်တရားတို့ ပါဝင်လေသည်။ သို့ရာတွင် ဤစံချိန်အတိုင်းပြည့်စုံမှ အလှဟုခေါ်ရမည်ဆိုလျှင် တရားမျှတရာ မရောက်နိုင်ပေ။ အသားညိုသူများကို အရုပ်ဆိုးသူဟု ခေါ်ရတော့မည်လော။ မျက်စိအားနည်းသူ ပါဒရက်သမားများ မလှတော့ပြီလော။ သွားခေါသူများ အလှစံချိန် မမီတော့ပြီလော။ စောဒကတက်စရာများ ပေါ်လာမည်ဖြစ်ပါသည်။အမျိုးသမီး၏ သေးငယ်သောခါးကို အပြင်မှအကဲခတ်နိုင်သော်လည်း ဝမ်းဗိုက်ရှိ ချက်၏အတိမ်အနက်ကိုမူ မည်သို့မြင်နိုင်ပါမည်နည်း။ လောကနီတိဆရာကြီးအား ယနေ့လူငယ်ထုက အမေးအဖြေလုပ်လိုကြမည်မှာ မလွဲပါ။ အများသဘောတူ ထောက်ခံကြမည့် အချက်တစ်ခုကား ရှိသည် ၎င်းမှာ မြန်မာအမျိုးသမီးများ၏ ဆံပင် ပင် ဖြစ်ပါသည်။

မြန်မာလူမျိုးများသည် ဆံပင်ကို အမြတ်တနိုးထားသူများဖြစ်၏။ "ဣတ္ထိယမူ ရူပါဆောင်းလျက် ဆံထုံးဖျက်"ဆိုသည့်အတိုင်း ဆံပင်ကို အမျိုးမျိုးထုံးနှောင် ရစ်ဖွဲ့လာခဲ့ကြသည်။ ဆံပင်နှင့် မျက်နှာပုံပန်း အချိုးအစား အဆင်ပြေမှုမရှိလျှင် အလှပျက်တတ်သည်ဖြစ်ရာ လိုအပ်သောပစ္စည်းကိရိယာ၊ နံ့သာဆီမွှေးများနှင့် တွဲဖက်၍သုံးလာခဲ့ကြသည်။ အထွတ်အထိပ်ဦးခေါင်းတွင် ပေါက်သည့်အတွက်လည်း "ဦးသျှောင်ဆံကျင်"ဟု တင်စားထားကြခြင်း ဖြစ်သည်။ ဘုရားရှင်၏ ဆံတော်များကို ကိုးကွယ်ကြသော အစဉ်အလာမှာ မြင့်မြတ်ခြင်းကြောင့် ဖြစ်သည်။

"စံပယ်တဲ့လေးရုံ၊ ပျိုတို့မောင် မပန်ထိုက်တယ်၊ ပန်းပြတ်ခိုက်ကြုံ၊ အပွင့်ရယ်ကုန်၊ အငုံဖြင့်ကျန်သေး၊ ပန်ချင်သူ ပျိုမောင်ထွေးရယ် ခေါင်းဖြိုးခဲ့လေး" ဟူသော လေးဆစ်၌ ဘုရားလေးဆူအား မဖူးမြော်ထိုက်၍ ဘုရားမပွင့်သော ပန်းပြတ်ခိုက်ကာလနှင့် ကြုံနေရသော်လည်း အရိမေတ္တေယျတည်းဟူသော အငုံတစ်ငုံကျန်သေးသည့်အတွက် ပန်လို၊ ဖူးလိုသူများသည် ခေါင်းဖြိုး၍ အဆင်သင့်စောင့်နေရမည်ဟူသော ဆံပင်နှင့်ပတ်သက်သည့် တင်စားချက်လည်း ရှိခဲ့ပါသည်။

ဆံပင်ကောင်းခြင်းသည် အလှတစ်ပါးဖြစ်၍ ဆံပင်ကောင်းစေရန် အချို့က တံမြက်စည်းများ ပေါ့ကြသည်။ ဆံပင်ကောင်းသူကို ကေသာဝတီ၊ မြကေသာစသည်ဖြင့် ဂုဏ်ယူကာ မှည့်ခေါ်ကြသည်။ သုံးတောင်ထွာကြေ့ ကော့ကေခိုင်ကို ပိတုံးရောင်နှင့် နှိုင်းကြသည်။ ဆံကေသာ ရှင်စေရန်အတွက် လည်း တရော်ကင်ပွန်းဖြင့်လျှော်၍ ပန့်သာစေ့ကို လှော်ပြီးထည့်သော ဆီမွှေးကို လိမ်းကြသည်။ ဦးရေအေး၍ရှင်သန်စေရန် ဆံဆေးရေနှင့် ဆွတ်ကြသည်။ ဆံပင်မကျွတ်စေရန် အမဲဆီပါသော ဆပ်ပြာများကိုသုံးစွဲခြင်းမပြုကြ။ စံပယ်ဆီ၊ ဒေါနဆီ၊ လေးတရာဆီများကို နန်းတွင်းသူတို့က သုံးကြသည်။

ပန်းပေါင်းထုပ်၊ ပန်းဝတ်ဆံခဲများကို သွေး၍လူးကြသည်။ ခဲနှင့်ဝရဲမီးပါသော မျက်နှာချေ များကို ရှေးအမျိုးသမီးများက အသားအရေပျက်မည်စိုး၍ မလိမ်းကျံကြပါ။ ဤမျှ စည်းကမ်း ရှိခဲ့ကြပါသည်။

ယခုခေတ်ကဲ့သို့ အလှပြင်နည်း အသုံးအဆောင် တန်ဆာပလာများ မပေါ်ပေလာမူ လှပ လိမ်းခြယ်မှု၌ အလွန်စည်းကမ်းကြီးခဲ့ကြပါသည်။ အလှပြင်ခြင်းသည် အမျိုးသမီးတိုင်း၏ တာဝန် ဖြစ်၍ အလှခြယ်သနည်း၊ အလှပြင်နည်းအပြင် အလှကိုထိန်းသိမ်းနည်းပါ နားလည်ရမည် ဖြစ်ပါ သည်။ ရှေးခေတ် မြန်မာအမျိုးသမီးများသည် အလှပြုပြင်ရာ၌ ယခုထက်ပို၍ စေ့စပ်သေချာ စိတ်ရှည်ကြသူများလေသည်။

ညက်ညောသော ကျောက်ပြင်ချောလေးနှင့် သနပ်ခါးတုံးကို အဖော်ပြုကာ ငယ်စဉ်မှစ၍ အလှပြင်လာကြသည်။ ရေကောင်းရေသန့်နှင့် ဖော့ဖော့လေးသွေးပြီး နုထွားသောပါးပြင်ပေါ် ဝယ် လက်ညှိုးလေးဖြင့် ညင်ညင်သာသာ လိမ်းခြယ်နှံ့သလော့ ရှိကြသည်။

ဆံကေသာကိုလည်း တစ်ပင်တလေမျှ လွင့်ထောင်မနေစေရန် ပိပိယိယိဖြီး၍ ပြောင်လက် စေကြသည်။ မိုးလင်းသည်နှင့်တစ်ပြိုင်နက် ဆံပင်ကို ကျော့နေအောင် ရစ်ပတ်ထုံးပြီးသား မြင်တွေ့ ရသည်။ ထဘီကိုလည်း ခါးတစ်ဖက်အရိုးဖုံးသည်အထိ ချပ်ချပ်ရပ်ရပ် ရစ်ပတ် ဝတ်ဆင်လေ့ရှိသည်။ လူသူလေးပါးရှေ့၌ ထဘီတဖြန့်ဖြန့် ဝတ်ခြင်းကား အကျည်းတန်ဆုံးဟု ယူဆကြသည်။

အိမ်ထောင်အလုပ်ဖြင့် ချက်ပြုတ်ဖွပ်လျှော် ယှည်းကျင်းချုပ်လုပ် တာဝန်များရှုပ်လင့်ကစား မပျင်းရိဘဲ မိမိတို့ကိုယ်ကို သပ်သပ်ယပ်ယပ် ဝတ်စားဆင်ယင် ပြုပြင်ထားလေ့ ရှိကြသည်။ အိမ်ထောင်တာဝန်ကို ထမ်းဆောင်ရင်းနှင့်ပင် ဒေ့ဝတ်စောင်ဝတ်၊ ရတနာသုံးပါးဝတ်၊ သစ္စာသမီး၊ မိဘဝတ္တရားများကို ကျေပွန်အောင် ဆောင်ရွက်နိုင်ကြသည်။ အလုပ်များသည်၊ ပင်ပန်းသည်ဟု ဆင်ခြေပေးလေ့မရှိကြ။ ကိုယ်ကိုလည်းအလှမပျက်စေဘဲ အိမ်ကိုလည်းသပ်ယပ်အောင် ပြုပြင်ထား ကြသည်။

ကိုယ်ဟန်အမူအရာ နှုတ်အမူအရာနှင့် ပတ်သက်၍လည်း သိမ်မွေ့မှုကို ဦးစားပေးလေ့ရှိကြ သည်။ အော်ကြီးဟစ်ကျယ် ပြောဆိုခြင်း၊ နှုတ်ကြမ်းခြင်းများကို လူကြီးများက ခွင့်မပြုပေ။ ခြေနင်းကြမ်းသည်ကိုပင် မကြိုက်ကြ။ သိမ်သိမ်မွေ့မွေ့ လူကြီးသူမများအား ဂုဏဝယ ဝုဒ္ဓိအလိုက် ရိုသေကိုင်းရှိုင်းတတ်အောင် ငယ်စဉ်ကစ၍ ဆုံးမသွန်သင် ပဲ့ပြင်ခြင်း ခံခဲ့ကြရလေသည်။

"ယောကျ်ားပျင်း ကျွာခင်း၊ မိန်းမပျင်း ခြေဆင်း" စကားဖြင့်လည်း အမျိုးသမီးလေး များကို ဆုံးမလာခဲ့ကြသည်။ သပ်ယပ်စွာ ဝတ်စားဆင်ယင်နည်း၊ စနစ်တကျ အိမ်ထောင်ထိန်းသိမ်း နည်းတွင် အလွန်စည်းကမ်းလိုက်နာမှသာ မိန်းမကောင်းပီသမည်ဟု ယူဆခဲ့ကြလေသည်။ အလုပ်နှင့် လက် မပြတ်အောင် လှုပ်ရှားသွားလာနေခဲ့ကြ၍လည်း ရှေးခေတ်အမျိုးသမီးများမှာ အရပ်

အမောင်း လွန်စွာမမြင့်မားစေကာမူ ခန္ဓာကိုယ်အချိုးအဆစ်ပြေပြစ်၍ ကျော့ရှင်းကြသည်ကို တွေ့ရပေသည်။ ရှေးခေတ်က ထိုင်မသိမ်းလက်ကျပ်အင်္ကျီနှင့် နံကွဲထဘီများမှာ သူတို့၏ လုံးကျစ်သောငါးရံ့ကိုယ်ကလေးများနှင့် လွန်စွာအဆင်ပြေနေလေသည်။

တစ်သက်နှင့်တစ်ကိုယ် မျက်နှာချေမလိမ်းဖူးသောသူများလည်း ရှိသေးသည်။ မိန်းမအသက်ကရမက်ဟူသောစကားအရ ဆေးအဖြစ်လည်း လိမ်းကြသည်။ သနပ်ခါးအစစ်မှုန့်နှင့် တောင်တန်ကတိုး၊ နံ့သာဖြူ၊ကရမက်လောက်သာသူတို့သုံးကြသည်။ နန်းတွင်းသူများမှာ ရွှေမှုန့်ကို သနပ်ခါးနှင့်လူးကြသည်ဟု အဆိုရှိပါသည်။ အလောင်းစည်သူမင်းကြီး၏ သမီးတော်များမှာ တစ်နေ့လျှင် ရွှေမှုန့်တစ်ဇွန်းစီ၊ ရွှေမှုန့်တစ်ကြက်ဥစီ အသနားတော်မြတ် ခံရသည်ဟု သိရသည်။ နန်းတွင်း၌ ဆံတော်ရှင်းရသော အပျိုတော်များမှာ လွန်စွာအရှိန်အဝါကြီးသည်ဟု ဆိုပါသည်။

ထဘီဝတ်ရာ၌လည်း အလွန်စည်းကမ်းကြီးသည်ဖြစ်ရာ တရွဲ့တစောင်း၊ ဦးစိုက်၊ နောက်တက်၊ တစ်ခြမ်းလွတ် ဆင်ယင်ခြင်းမျိုးမရှိခဲ့ပါ။ ရှေ့နှင့်နောက် ထဘီစချင်း ညီ မညီ လမ်းမထွက်မီကပင် မိခင်က စစ်ဆေးကြည့်သည်။ သည်လမ်းသည်ပန်းနှင့်တော်သည် သည်ခရီးသည်သီးနှင့်တော်သည်ကို လူကြီးမိဘက စီမံလမ်းညွှန်ပြသည့်အတိုင်း လူငယ်များကလည်း လိုက်နာလေ့ရှိကြသည်။ ရှေးမြန်မာအမျိုးသမီးများသည် လှရေးပရေး၌ ဤမျှစည်းကမ်းစနစ်ထား၍ မိမိတို့ကိုယ်ကို တင့်တယ်စေရန် ဝတ်စားဆင်ယင်လာခဲ့ကြသူများဖြစ်၍ ခေတ်အဆက်ဆက်၌ တင့်တယ်ခဲ့ကြသည်ကို ယနေ့အမျိုးသမီးများက စံနမူနာယူကာ ဂုဏ်ယူဝင့်ကြွားကြရမည် ဖြစ်ပါသည်။

## အခန်း (၁)

# တကောင်းခေတ်နှင့် သရေခေတ္တရာခေတ် ဆင်ယင်ထုံးဖွဲ့မှု

### (၁) တကောင်းခေတ်

မြန်မာ့ယဉ်ကျေးမှုအရပ်ဍပ်သည် ဘီစီ ၉၀၀ အချိန် တကောင်းခေတ်မှစ၍ ကိုယ့်ထီး ကိုယ့်နန်းနှင့် ရပ်တည် ခဲ့ပြီး ဖြစ်သည်။ ယဉ်ကျေးမှုအဆင့်အတန်း အနေနှင့် လည်း ကမ္ဘာ့အလယ်၌ထည်ဝါခဲ့ပြီး ဖြစ်သည်။ အဆင့် အတန်း မြင့်မားသည့်အလျောက်၊ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည်လည်း ရာဇဝင်အဆက်ဆက် ထူးခြားခဲ့ပေသည်။ ရှေးအခါက မကြာမကြာ စစ် မက်ဖြစ်ပွားရသည့် အတွက် စစ်ဘေး စစ်ဒဏ်ကြောင့် အခြေ အနေ ပြောင်းလဲ ချက်များလည်း ရှိခဲ့ရာ ရှေး ဟောင်း လက်ရာ ဗိသုကာ၊ ပန်းချီ၊ ပန်းပု၊ အနုပညာ အထောက် အထားများမှာလည်း ယိုယွင်း တတ်သည့် သဘာဝ အလျောက် ပျက်စီးမှုများ ရှိပေသည်။ သို့ရာတွင် ကျောက်စာဌာနမှ သုတေသန ပြုလုပ်ထား ခြင်း၊ ရုပ်တု၊ ရုပ်လုံး၊ ရုပ်ကြွင်း၊ ပန်းပု၊ နံရံဆေးရေး ပန်းချီလက်ရာ အထောက် အထားများကို ရှေးဟောင်း သုတေသနဌာနက ထိန်းသိမ်း စောင့်ရှောက် ထားခြင်း၊ သုတေသီများ၏ လေ့လာ ရေးသား မှတ်တမ်းတင် ဖော်ပြထားခြင်းများကြောင့် ခေတ်အဆက်ဆက်၏ ဆင်ယင် ထုံးဖွဲ့မှုများကို နောင်လာ နောက်သားများ လေ့လာခွင့် ရရှိခဲ့ပေသည်။ မြန်မာတို့၏ အဝတ်အစား မှာ သာကီဝင်တို့၏ အဝတ်ကို နမူနာ ယူထားခြင်း ဖြစ်သည်ဟုလည်း အဆိုရှိခဲ့ပါသည်။

မြန်မာ အမျိုးသမီးများ၏ ဆင်ယင် ထုံးဖွဲ့ပုံကို သုတေသန ပြုရမည်ဆိုလျှင် တကောင်းခေတ်ကို ဦးတည်ချက်ပြု၍ လေ့လာရမည် ဖြစ်ပေသည်။ သို့ရာ တွင် ခိုင်လုံသော ကျောက်စာ အမှတ်အသားနှင့် ရှေး ဟောင်း ပစ္စည်းအထောက်အထားများ အလုံအလောက် မရှိသည့်အတွက် အခက် အခဲ တွေ့ရပေသည်။ ရှေး နှစ်ပေါင်း ၂၀၀၀ ကျော်မှ သက်သေ သာဓကများကို အလွယ်တကူ ရှာဖွေ တွေ့ရှိနိုင်ရန်မှာ များစွာ ခဲယဉ်း ပေသည်။ တကောင်းခေတ်၌ နဂါးနိုင်မင်း စိုးစံခဲ့ဖူး၍ နဂါးအခွံနှင့်တူသော သံကိုယ်ကျပ် ကြဲသေးအင်္ကျီများကို သူရဲကောင်းတို့ ဝတ်ဆင်ခဲ့ကြသည်ဟူသော အဆိုသာ ကြားရဖူးလေသည်။ အမျိုးသမီးများနှင့် ပတ်သက်၍ ကား "ရာပေး၍ ဆုတ်၊ ထောင်ပေး၍ ချုပ်၊ ချစ်သူ အရိုး ဆံထိုး လုပ်" ဟူသော စကားထာ အရ သရေ ခေတ္တရာခေတ်ကပင် အမျိုးသမီးများ၏ ဆံကေသာ ပေါ်၌ဆံထိုး ထိုး၍ အလှပြုပြင်သော ဓလေ့ရှိခဲ့ကြောင်း ကိုးကား နိုင်ပေသည်။ ပန်းပဲ အတတ် ထွန်းကားခြင်း၊ ပန်းထိမ်လုပ်ငန်းဖြစ်သော ဆံထိုးဆံညှပ်များ လုပ်ကိုင် လျက် ရှိခြင်းများကို ဆက်စပ်၍ ကြည့်နိုင်ပါသည်။

### (၂) သရေခေတ္တရာခေတ်

ရှေးဟောင်း မြန်မာဟူသည်မှာ ပျူများပင်ဖြစ်ရာ ပျူတို့အကြောင်း ရေးသားဖော်ပြကြသည့် စာပေ အထောက်အထားများ အတော်အသင့်ရှိခဲ့ပါသည်။ ပျူ မြို့တော်များ ဖြစ်သော ဗိဿနိုး၊ သရေခေတ္တရာနှင့် ဟန်လင်းမြို့များ ကြီးကျယ် ခမ်းနားခဲ့ပုံနှင့်အတူ တရုတ်ပြည်ရောက် ပျူတေးဂီတအဖွဲ့အကြောင်းကို ဖော် ပြသည့် တရုတ်မှတ်တမ်းများ၌လည်း ပျူတို့အကြောင်း အသင့်အတင့် ဖော်ပြထားသည်ကို တွေ့ရပါသည်။

ပျူအမျိုးသမီးများမှာ ဆံပင်ကို ထိပ်လယ်တွင် မြင့်အောင် ထုံး၍ ငွေ သို့မဟုတ် ပုလဲများဖြင့် အလှ ပြုပြင်ကြသည်ဟု ဆိုပါသည်။ တရုတ်တို့၏ ရှေးဇာတ် ထုပ် အော်ပရာများ၌ ဆင်ယင်ထုံးဖွဲ့ပုံမျိုး* ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ ပဝါပါးကို ခြုံရုံသည်ဟုလည်း

ဆိုထား၏။ ထိုခေတ်က ပျူအမျိုးသမီးများသည် ပိုးထည်အစား လဲမှီမှုရသော ချည်ထည်ကိုသာ သုံးသည်ဟု သိရသည်။ ပိုးချည်ရရန်အတွက် ပိုးမွေးခြင်းကို အပြစ်ရှိသည်ဟု ယူဆသဖြင့် ပိုးထည်မသုံးလိုကြဟု ဆိုပါသည်။ ကိုယ်တိုင်ပင် ရက်ကန်းရက်ကြပေသလော မသိရပေ။ ပိုးနှင့်ရက်ပြီးသားအထည်ကို အပြစ်ရှိသည် ထင်၍ သုံးစွဲခြင်းမပြုကြဟုလည်း သိရပါသည်။

## (၃) ဟန်လင်း၊ မှော်ဇာ အထောက်အထားများ

ဟန်လင်းမြို့မှ တူးဖော်ရရှိသော ကျောက်တုံးကြီး တစ်တုံးအောက်ရှိ ကျောက်ဖျာတစ်ခုပေါ်တွင် မြန်မာအစဖြစ်သော ပျူရုပ်လုံးများကို တွေ့ရသည်ဟု သိရပါသည်။ ထိုပုံသဏ္ဌာန်အရ ပျူလူမျိုးများသည် ပါးစပ်ကျယ်၍ ဘဲဥပုံမျက်နှာဖြစ်ခြင်း၊ နှုတ်ခမ်းထူ၍ နှာခေါင်းကြီးခြင်း၊ နားပေါက် ကျယ်ခြင်း၊ ခေါင်းပေါ်တွင် ပဝါများ အထပ်ထပ် ပတ်ပေါင်း ပေါင်းထားခြင်းနှင့် ဇော်ဂျီဦးထုပ်သဏ္ဌာန် ဖောင်းများကို ဆောင်းကြသည်ဟုဆိုပါသည်။

ပျူခေတ်တွင် တရုတ်နိုင်ငံနှင့်လည်း အဆက်အသွယ်ရှိသည့်အတွက် အဆင့်အတန်းမြင့်မားနေပြီဖြစ်ပါသည်။ ရှေး ပျူ အထောက်အထားများကို ရွှေဘိုနှင့် ၁၀ မိုင်ဝေးသော ဟန်လင်းမြို့မှ ရရှိခဲ့လေသည်။ ထို့ပြင် သရေခေတ္တရာမြို့ဟောင်းအနီး မှော်ဇာ အရပ်မှလည်း ဆံပင်ထုံးဖွဲ့မှု အထောက်အထား အတော်များများကို ရရှိခဲ့ကြသည်။ ရုပ်လုံး၊ ရုပ်ပြား ဆေးရေးပန်းချီကားများအပြင် ရှေးခေတ်စာပေ၊ ကဗျာ၊ လင်္ကာများ၌လည်း ဆင်ယင်ထုံးဖွဲ့ပုံများကို ဖော်ပြထားသည့်အတွက် ကိုးကားခွင့်ရကြပေသည်။

ကျောက်စာ၊ ပေစာ၊ မင်စာ အထောက်အထားများနှင့် နိုင်ငံခြားသားများ၏ မှတ်တမ်းများ၊ စာအုပ်များ၊ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းများမှလည်း အကိုးအကားများ ရနိုင်ပေသည်။ သို့ဖြင့်လည်း ပြည့်စုံပြီဟု မဆိုနိုင်ပါ။ ယဉ်ကျေးမှု မြင့်မားသော တကောင်း၊ ပျူနှင့်သုဝဏ္ဏဘူမိခေတ်များ ထက်စော၍ မည်သို့မည်ပုံ ဝတ်စားဆင်ယင်ကြသည်ကိုကား အတိအကျ မသိနိုင်။ ပျူခေတ် ဆင်ယင်ထုံးဖွဲ့မှုသည် ရှေး အကျဆုံးဟုသာ ယူဆကြရပေသည်။

ပျူနိုင်ငံမှာလည်း သရေခေတ္တရာပြည်မှ ရွှေဘိုနယ် နိမိတ် ဟန်လင်းအထိဖြစ်ရာ အေဒီ ၄ ရာစုနှစ်၊ ပျူမြို့ဟောင်းမှ တွေ့ရသော အိုးခွက်များပေါ်က အမှတ်အသားများ၊ ရုပ်ပုံများကို သုတေသနပြု လေ့လာကြည့်သောအခါ ပျူအမျိုးသမီးများမှာ မျက်နှာသွယ်၍ ပါးစပ်ကျယ်ကျယ် နှုတ်ခမ်းထူနှင့် နားပေါက်များလည်း ကျယ်သည်ကို တွေ့ရပါသည်။ ပျူကချေသည်များမှာ သံပရာခွံ ဦးထုပ်မျိုးကိုဆောင်း၍ အမျိုးသမီးဖြစ်ပါက ခေါင်းတွင် အထွတ်တပ်ဆင်ထားသည်ဟု ဆိုပါသည်။ အထက်တန်းလွှာ အမျိုးသမီးများကမူ ကျောက်သံပတ္တမြားဆံညှပ်၊ ဆံထိုး၊ ပုတီး၊ နားတောင်းများ ဝတ်ဆင်ကြသည်ဟု သိရပါသည်။ ခေါင်းကို ပဝါများဖြင့် ဦးရစ်သဏ္ဌာန် အထပ်ထပ် ပေါင်းထားပုံမှာလည်း အိန္ဒိယနွယ်သည်ဟု ဆိုရပါမည်။ ပြည်မြို့အနီး မှော်ဇာအရပ်နှင့် ရွှေဘိုအနီး ဟန်လင်းအရပ်မှ တူးဖော်ရရှိသော အိုးခွက်၊ အုတ်ပြား၊ ကျောက်ပြားများကို သုတေသန ပြုလုပ်ခြင်းအားဖြင့် ပျူအမျိုးသမီးများ၏ ဆင်ယင်ဝတ်စားမှုတွင် ပုလဲဒါးပတ်များနှင့် ထိုခေတ်က အိတ်ရှုံ့နှင့် တူသော ထဘီတစ်မျိုးကို ဝတ်ဆင်ကြောင်း တွေ့ရပါသည်။

ပျူ အမျိုးသမီးများသည် ဆံပင် အရှည်ထား၍ ထိပ်၌ ထုံးဖွဲ့ထားကြောင်း၊ သရေခေတ္တရာ ပျူများမှာ နန်းတွင်းသူများဖြစ်၍ ထိပ်၌ ဆံပင် ခပ်ဝိုင်းဝိုင်း ထုံးကြကြောင်း၊ ရောင်ကလပ်နှင့်တူကြောင်း၊ ပုလဲများအထပ်ထပ် ရစ်ပတ်ပြီး ဆင်ယင်ကြကြောင်း၊ သိရပါသည်။ သရေခေတ္တရာ ပျူများက ဟန်လင်းပျူ ထက် ပို၍ ပြေပြေ ပြစ်ပြစ် ဆင်ယင်ကြသည်ဟု ဆိုပါသည်။ အပြာရောင် ဝတ်သည်ဟုလည်း တွေ့ရပါသည်။

၇ ရာစုနှင့် ၉ ရာစု နှစ်များအတွင်းက ထုလုပ်ထားသော ရှေးဟောင်း ပျူဘုရားစေတီအတွင်းရှိ ရုပ်လုံး ရုပ်ပြားများမှလည်း အမျိုးသမီးများ၏ ဆံပင်ထုံးဖွဲ့မှုကို ယုံကြည်လောက်ဖွယ် အကိုးအကားအဖြစ် တွေ့ရပေသည်။ ထိုပုံသဏ္ဌာန်များမှာ ခေါင်းပေါ်တွင် မုန့်ဝိုင်းတစ်လုံး ထောင်ထားသည်နှင့်လည်း တူ၏။ ဆံထုံးအောက်ခြေတွင် ပုလဲကုံးများ ပတ်ခွေ၍ ထားသည်။ အချို့က ငွေပြားကို ခွေပတ်၍ ထားသည်။ ဆံထုံးတွင် ပန်းပန်ထားပါက ကချေသည်ဟု သိသာနိုင်လေသည်။ ဆံထုံးရိုးရိုးတွင် ပုလဲကုံးများ၊ ပန်းခိုင်များ မပါက လက်မထပ်ရသေးသူများ ဟူ၍လည်း သိသာနိုင်ပေသည်။ ဤသို့ အပျို၊ အအို ခွဲခြားကာ စည်းကမ်းထားခဲ့ကြပုံမှာလည်း ခိုင်မာသော ယဉ်ကျေးမှု တစ်ရပ်ဟု ဆိုရပေမည်။

ပျူအရိုးအိုးပေါ်မှ ရုပ်လုံးများကိုလည်း မှိုင်ငြမ်း၍ လေ့လာနိုင်ကြပါသည်။ ထိုခေတ်က ကြေးသွန်းလုပ်ငန်း ရှိပြီးဖြစ်၍ ကြေးနီ၊ ကြေးဝါ၊ မကိုဋ်၊ သရဖူ၊ လက်စွပ်၊ လက်ကောက်များ ပြုလုပ် ဝတ်ဆင်ကြသည်ဟုလည်း သိရပါသည်။

## (၄) တရုတ်မှတ်တမ်း

ခရစ်နှစ် ၈၀၂ ခုနှစ်တွင် တစ်ကြိမ်၊ ၈၀၇ ခုနှစ်တွင် တစ်ကြိမ် ပျူနိုင်ငံမှ သံအဖွဲ့သည် တရုတ်ပြည် ချန်အန်း မြို့သို့ ရောက်ခဲ့ဖူးကြောင်း၊ ပျူတို့၏ ယဉ်ကျေးမှု အဆို အကများအကြောင်းကို ဗြိတိသျှ အ ကြံ ပေး အ ရာ ရှိ အီးအိပ်ချပတ်ကား၊ ဂျီအီဟားဗေး၊ တရုတ် ကဗျာဆရာ ကြီး ပိုးချူးယီနှင့် ထန်မင်းဆက် သမိုင်းသစ်က ဖော်ပြ ခဲ့ရာ ပျူတို့၏ အနုပညာအကြောင်း၊ အဝတ်အစား အကြောင်းများ သိရပါသည်။ ထိုအဖွဲ့တွင် အမျိုးသမီး များလည်း ပါဝင်၍ အနီရင့်ရောင် ပိတ်ဝတ်စုံကို ဝတ် ကြသည်။ ဒူးကို ဖုံးလွှမ်းထားသော ချည်ပိတ်ပါးကို ဝတ်ဆင်ထားသည်။ ၎င်းကို သူတို့ဘာသာ အားဖြင့် ''ကိုင်မန်'' ဟု ခေါ်သည်။ ချည်ပိတ်ပါးကို ပခုံးနှစ်ဖက် အပေါ်မှ ချိုင်းကြားအောက်သို့ လျှိုလျက် လွှမ်းရုံထား သည်။ ကျောက်မျက်ဖြင့် စီ ကပ် ထား သော ရွှေ လက်ကောက်၊ လက်ကြပ်နှင့် ခြေချင်းများကို ဝတ်ဆင် ထားသည်။ ရွှေဦးဗောင်းကိုလည်း ဆောင်းထားသည် ဟု ဆိုပါသည်။

လက်ဝဲ လက်ယာ နားနှစ်ဖက်တွင် နားဆွဲများလည်း ဆင်ယင်၍ထားသည်။ ပန်းများလည်း သီကုံး၍ ပန်ဆင် ထားသည်။ ဆံထိုး၊ ဆံညှပ် နှစ်ခုပါ၍ အမွှေးနံ့ဖြင့် တန်ဆာဆင်ထားသည်။ အစီအစဉ်တစ်ခု မစမီ အစီ အစဉ် ကြေညာသူတစ်ဦးက တေးသီချင်း၏ အဓိပ္ပာယ် ကို ဦးစွာ ရှင်းလင်းတင်ပြသည်။ အကပညာသည်တို့ သည် ကျောက်မျက်ပုလဲ စသည့် ရတနာများ စီတပ် ထားသည့် ဦးဗောင်းကို ဆောင်းကြသည်။ အစီအစဉ် တစ်ခုပြီးသော် ဦးညွှတ်ပြီး ကန်တော့ကြကြောင်းစသည့် တင်ပြချက်များကို နိုင်ငံသမိုင်း သုတေသနစာစောင် အမှတ် ၃ ၌ ဦးရည်စိန်က ရေးသား ဖော်ပြခဲ့ပါသည်။

ထို့ပြင် ဟန်မင်းဆက် အ ထွေ ထွေ မှတ် စု ၌ လည်း ''ဝတ် ဆင် ထား သည့် ဝတ်စုံများနှင့် ဦးဗောင်းတွင် ရွှေ ချူ က လေး များ သီချုပ်ထား၍ ခြေလက်အင်္ဂါ လှုပ်ရှားသည့်အခါ ရွှေချူလေးများ အသံမြည်ကြ၏'' ဟု အထက်ပါစာတမ်း ဆောင်းပါး စာမျက်နှာ ၅၇ တွင် တွေ့ရှိရပါသည်။

တစ်ဖန် တရုတ်ကဗျာဆရာကြီး ဖြစ်သူ (နန်းတွင်း အတွင်းရေး အတွင်းဝန်) ပိုးချူးယီက ပျူတေးဂီတ အကအဖွဲ့အကြောင်း ကဗျာ စပ်ဆိုရာ၌လည်း ဤသို့ ဖော်ပြထားပါသေးသည်။ ''ပျူ အက ပညာရှင်များ သည် ခရုသင်း တစ် ချက် မှုတ် လိုက် သော် ဦးထိပ် ဆျောင်ထုံးကို တုန်ခါနေ၍ ဦးထိပ်တွင် ပန်ဆင်ထား သည့် ပုလဲကုံး၊ သို့မဟုတ် ကျောက် မျက် ကုံး သည် ကြယ်တာရာများကဲ့သို့ တောက်ပြောင် လှုပ်ရှားလျက်၊ ဆင်ယင်ထားသည့် ပန်းကုံးများသည်လည်း မြွေနဂါး များ တွားသွား လှုပ်ရှားနေသည့်နှယ်'' ဟူ၍ စပ်ဆိုခဲ့ လေသည်။

ပျူအမျိုးသမီးများနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ် ရာမှာ အိမ်ထောင်သည်တို့သည် ဦးထိပ်အလယ်၌ ဆံပင် ကို ရစ်ခွေထုံးပြီး ငွေပန်းများ၊ ပုလဲကုံးများ ဆင်ယင် ကြသည်။ ထဘီမှာ အပြာဖြစ်၍ ကိုယ် ပေါ် တွင် တောက်ပြောင်သော အစများဖြင့် ဆင်ယင်ထားသည်။ အထက်တန်းကျသော အမျိုးသမီးတစ်ဦး လမ်းလျှောက် ထွက်လျှင် အခြွေအရံ ငါးဦး ခြောက်ဦး ပါသည်။ အမျိုးသမီးတိုင်း ယပ်တောင် ကိုင်ကြသည်ဟု စွယ်စုံ ကျမ်း အတွဲ ၇၊ စာမျက်နှာ ၉၄ ၌ တွေ့ရပါသည်။

ပျူတို့သည် မြန်မာနိုင်ငံတွင် ၇ ရာစုမှ ၉ ရာစုအထိ ကြီးစိုးခဲ့ကြ၍ ဘာသာစကားသည် တိ ဘက် မြန် မာ အုပ်စုငယ်ဝင် ဖြစ်သည့်အတွက် ဗမာနှင့် နီးစပ်သည်။ ပျူယဉ်ကျေးမှုမှာ လွန်စွာ အထက်တန်းကျကြောင်း စေတီပုထိုး၊ လက်မှုပညာ၊ ရှေး ဟောင်း ပ စ္စည်း များ၊ ကျောက် စာ များ အ ရ သိရပေသည်။ ကျောက်မျက် ရတနာအမျိုးမျိုးဖြင့် သီကုံးထားသော လည်ဆွဲပုတီး များ၊ ရွှေငွေလက်စွပ်များ၊ ရွှေခွက်ယော်များ၊ ငွေဒင်္ဂါး များကို ထောက်၍ ဝတ် စား ဆင် ယင် ပုံ အ ကြောင်း ရိပ်စားမိနိုင်ပေသည်။

ပျူယဉ်ကျေးမှုသည် အ ထက် တန်း ကျ ကြောင်း ဖော်ပြထားသည့် အခိုင်အမာအထောက်အထားများစွာ ရှိပါသည်။ ၈၇၂ ခုနှစ်တွင် ကျင်းပသော ရွှေနန်း ကြော့ရှင် နန်းတည် အခမ်းအနားပွဲသဘင်များ၌ ပျူ အမျိုးသမီးများ ပါဝင် ဆောင်ရွက်ကြောင်း ရွှေနန်း ကြော့ရှင်ထိုး ကျောက်စာ၌ နောက်ဆုံး တွေ့ရသည်ဟု ဆရာကြီး ဦးဖိုးလတ်က ရှေးဟောင်း မြန်မာရာဇဝင်နှင့် ယဉ်ကျေးမှု သုတေသနစာအုပ်၌ ဖော်ပြထားပါသည်။



ပျူခေတ်၏ ကခြေသည် အမျိုးသမီးများ

ပျူသဘင်တို့၏ အကြောင်းကို ဝတ်စားဆင်ယင်ပုံနှင့်တကွ ဖော်ပြထားသော အထောက်အထားများမှာ တရုတ်ရာဇဝင်ဟောင်းဖြစ်သော မန်ရှုကျမ်း၊ ချီအုတန်ရှုကျမ်း၊ ပိုးချူးယီကျမ်းနှင့် ပိုရှိ ချန်ချီချီကျမ်းများ ဖြစ်သည်ဟု ဦးရည်စိန်၏ စာတမ်း၌ တွေ့ရှိရပါသည်။

ပျူကချေသည်တို့သည် အနီရောင်တွင် ရွှေကြိုးပါသော ခေါင်းစည်းများ၊ ခါးစည်းများနှင့် နီမြန်းသော အဝတ်တဘက်တို့ကို လှပစွာ ဝတ်ဆင်ထားကြောင်း ဖော်ပြထားပါသည်။ ပျူမိန်းမတို့ ဝတ်စားဆင်ယင်ပုံကို ရက္ခပူရတိုင်း၊ ရခိုင်လင်္ကာက ဤသို့ ဖော်ပြထားသည်ဟု ဆရာကြီး သခင်ကိုယ်တော်မှိုင်း က ''သခင်ဋီကာ'' စာအုပ်၌ ဖော်ပြထားပါသည်။

## ( ၅ ) ပျူမိန်းမဘွဲ့လင်္ကာ

အပုံပြားထ၊ ခြင်းရာပြအံ့၊ ပျူမတို့မှာ၊ ဆင်တန်ဆာကား၊ သချာလှတုံ၊ ပေါက်ကျစ်ခုံနှင့်၊ ကွက်စုံ ကွက်ထောက်၊ အပြောက်ပြောက်တည့်၊ နှောရှောက်ပိုးမြိတ်၊ ရိပ်ရောင်ဖိတ်သား၊ လက်ချိတ်လွန်းပျံ၊ ပုဆိုးမှန်ကို၊ မကျန် ခြားနား၊ အနံအားမူ၊

**မှတ်သားဖြောင့်ဖြောင့်၊ နှစ်တောင့်တထွာ၊အလျား မှာကား၊ မှန်စွာ လေးတောင်၊ လုပ်ကြဆောင်မှု၊ လှအောင်ဆင်မှု၊ထဘီပြု၍၊ ညှို့နုကျောလွတ်၊ ခါးချပ်ဝတ်လျက်၊ ရစ်ပတ်ခါးကြိုး၊ မပတ်ပိုးတည့်၊ ပြောက်ထိုးသွယ်သွယ်၊ ရူပကာယ်ဖြင့်၊ တင့်တယ်လှစွာ၊ မိကလျာတို့၊ ငါးဖြာအာရုံ၊ စောင့်ထိန်းတုံလည်း၊ မလုံတဝက်၊လုံတဝက်နှင့်၊တချက်မဖုံး၊ တချက်ဖုံး၍၊ နှလုံးရွှင်ပ၊ ပုရိသတို့၊ မြင်ကစိတ်မြောက်၊ ဇောဆန်ရောက်လျက်၊ရစ်ခေါက်လှပ်လှပ်၊လက်ထပ်အင်္ကျီ၊ဝတ်ဘုံပြီးမှ၊ နောက်ဆီဆံစ၊ နားပန်းချ၍၊ထားကြမှုမှတ်၊ ရင်မဝတ်ဘဲ၊ သားမြတ်တွဲလဲ၊ ပုတီးဆွဲသို့၊ ရောက်မြဲဝန်းရှက်၊ မွေးမျိုးဖက်ကို၊ မပျက်ကိုယ်တွင်၊ လိမ်းပြီးကျင်မှ၊ ရောက်တင်လျှပ်လျှပ်၊ ရွှေနားကပ်နှင့်၊ လက်ကျပ်၊ လက်ကောက်၊ ဖိတ် ဖိတ် တောက် အား၊ဝတ်မြောက်ဆင်ကာ၊ ပိုးဆာပါကို၊ လည်မှာရစ်ဆွဲ၊ နောက်သို့တွဲ၍၊ အမြဲပြုလျှင်း၊ အဲသီချင်းကို၊ သံညှင်းပွက်ထ၊ ဆိုကုန်ကြလျက်၊** ဟု ပါရှိလေသည်။

ဤလင်္ကာကို ပျူခေတ်က ရေးခဲ့ဟန် မတူပေ။ ပျူမိန်းမတို့ ဝတ်စားဆင်ယင်ပုံများကို ရုပ်တုပန်းချီများအရ နှောင်းခေတ်မှ လင်္ကာရေးခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ပျူမိန်းမတို့သည် ခါးချပ်ဝတ်၍ ရင်ကို မစည်းနှောင်ဘဲ ပုတီးလည်ဆွဲများ၊ ပိုးပဝါများကို လည်မှာရစ်ထားသည်။ နောက်သို့ ပဝါချထားသည်။ အမွေးအကြိုင်များ လိမ်းကျံသည်။ ဖိတ်ဖိတ်တောက်နားကပ်နှင့် လက်ကောက် လက်ကြပ် လက်စည်းများ ဝတ်ဆင်ထားသည်။ အကွက် အပြောက် လွန်းချိတ် လွန်းပုံ အဝတ်များ၊ အနံ နှစ်တောင့်တစ်ထွာ အလျား လေးတောင်စကို ဝတ်ကြသည်။ ကျောမှာ ပဝါချထားရုံချထားပြီး လွတ်နေသည်။ လက်ပါသောအင်္ကျီကို ဝတ်သည်။ နားပန်းဆံ ချသည်။ အဲသီချင်းများ သီဆိုကြသည် စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရပါသည်။

တရုတ် မှတ်တမ်းများ၌ကား ပျူတူရိယာကိုသာ အလေးပေး ရေးသားပြီး ဝတ်ဆင်မှုကို ဖော်ပြထားခြင်း မရှိပါ။ လင်္ကာရေးသူ၏ အမြင်အရ ရေးသားခြင်း ဖြစ်ပါလိမ့်မည်။ မလုံမလဲ ဝတ်ဆင်မှုများ ရှိကောင်း ရှိပါလိမ့်မည်။

အထက်ပါ ပျူလင်္ကာအရ ပျူအမျိုးသမီးများသည် အကွက်စုံ အပြောက်အမွှမ်းများပါသည့် လက်ချိတ် လွန်းပုံထည်များဝတ်သည်ဟု သိနိုင်ပါသည်။ ဖိတ်ဖိတ်တောက် အမြိတ်ပါသောအထည်များကိုဝတ်၍ ခါးတွင် ခါးပန်းကြိုးဖြင့် ရစ်ပတ်ထားသည်ဟု သိရပါသည်။

ပျူအမျိုးသမီးများသည် ထဘီမဟုတ်ဘဲ အိတ်ရှုံ့မျိုးကိုဝတ်ကြသည်ဟု ဆိုပါသည်။ ထဘီဟုဆိုရာ၌လည်း အဓိပ္ပာယ်သီးခြားရှိပါသည်။

ထို့အပြင် ပျူ အ မျိုး သ မီး တို့သည် ကျောက်စိမ်းပုတီး၊ လက်စွပ်၊ လည်ဆွဲ၊ နားတောင်းများကို ဝတ်ဆင်ကြကြောင်းသိရ၍ ပျူခေတ်၏ အထက်တန်းကျသော ယဉ်ကျေးမှုအကြောင်းကို အကဲခတ်နိုင်ပါသည်။

အထောက်အထား တစ်ခုမှာ ၁၉၃၉ ခုနှစ်၊ ဇူလိုင်လထုတ် သူရိယမဂ္ဂဇင်း မျက်နှာဖုံး၌ ရှေးမြန်မာလူငယ်များဝတ်ဆင်သည့် နဂါးခေါင်းခြေချင်း၏ ပုံပင်ဖြစ်ပါသည်။ ယင်းခြေချင်းပုံကို ယခုအခါ မြန်မာပြည်၌မတွေ့နိုင်တော့ပြီဖြစ်သော်လည်း လန်ဒန်မြို့၊ အယ်လဘတ်နှင့် ဝိတိုရိယပြတိုက်တွင် တွေ့နိုင်သည်ဟု ဖော် ပြ ထား ပါသည်။ မြန်မာ့ ပန်း ထိမ် လက် ရာ ကနုတ်ပန်းများမှာ စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

ရှေးဟောင်းပစ္စည်းများအနေနှင့်လည်း မြင်းမူမြို့နယ် ဦးနှောင်းကုန်းရွာမှ တောင်သူကြီးနှစ်ဦး တွေ့ရှိသော နရားခေါင်း မျက်နှာချင်းဆိုင် ရွှေလက်ကောက်နှင့် ရွှေလက်စွပ်ပစ္စည်းများထည့်သော ငွေအိုး၏ပတ်လည်တွင် ပျူစာအလုံး ၄၀ တွေ့ရသည့်အတွက် ပျူခေတ်လက်ရာဖြစ်ကြောင်း ခိုင်လုံစွာသိရပေသည်။ ထို့အတူ ကူမဲမြို့အနီးတွင် ငါးကန်တူးဖော်ရာမှရရှိသော အလားတူနရားခေါင်း ပါသော ပစ္စည်းနှင့် ပုလဲမြို့နယ် ကန်ဘဲ့ကျေးရွာမှ တောင်သူကြီးတစ်ဦး လယ်ထွန်ရင်းတွေ့ရှိသော နရားရုပ်ပါသည့် ရွှေပုတီးလုံးတို့မှာ မြင်းမူမှရသောပစ္စည်းများနှင့် တူညီနေသည့်အတွက် အိုးပေါ်မှ ပျူစာအရ ခေတ်ကို ပိုင်းခြားသိနိုင်ခဲ့ပေသည်။

## (၆) ထဘီဟူသော ဝေါဟာရ

**ထိဂ္ဂတ္တိ၊ မိန်းမကို၊ ဝိဋ္ဌန္တတိ၊ အ ကိုတွင်းခံ၊ ဝင်းလျှံတက်ဆိ၊ ရေသိအနား၊ ငါးပါးစုံလင်၊ တန်ဆာဆင်၏၊ ဂ္ဂတိတသွာ၊ အနိုကြောင့်၊ ထိပိ၊ ထိပိမည်၏။**

(ထိ)၌(တ္တ)ကို(အ)ရေးပြီးသော် ''ထမိ'' ခေါ်၏ ဟူ၍လည်းကောင်း၊ တောယဝတ္တာယ၊ ထိုအဝတ်ဖြင့်။ ထိသကြ ၊ မိန်းမတို့ကို။ ဗန္ဓတိ၊ လုံခြုံစေ့စပ်၊ လစ်မလပ်အောင်၊ ထိုးချုပ်ခါးတင်၊ ရင်ကိုမရှား၊ လွှား၍ကျပ်တည်း၊ဖွဲ့ရှက်စည်း၏။ဂ္ဂတိတသွာ၊အနှာကြောင့်၊ တဝတ္တံ၊ ထိုအဝတ်သည်၊ ထိပိထိပိမည်၏။ ထပိမှ (ပ)နှင့်(ဘ)ကို ပြောင်း၍ ထဘီဟုခေါ်ကာ ''ထမိ''ဟု ပြောင်းလဲလာခဲ့ပုံများကို လေ့လာသိရှိရပါသည်။

အခန်း ( ၂ )

# ပုဂံခေတ် ဆင်ယင်ထုံးဖွဲ့မှု

ပျူခေတ်အကုန်တွင်ဆက်ခံသော ပျူဂါမ၊ ပုဂါမမှ ပုဂံဟုခေါ်တွင်သည့်ခေတ်၌ မြန်မာတို့၏ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ မှတ်တမ်းတင်ရမည်ဆိုလျှင် အနော်ရထာမင်း၏နောက်ပိုင်းမှ စရမည်ဖြစ်ပါသည်။ ပုဂံဘုရားကန်ဆောင်းများ၌ ရေးသားထားသော ပန်းချီရုပ်ပုံကားများကို ထောက်ထား၍ ဆင်ယင်ထုံးဖွဲ့မှု တစ်စိတ်တစ်ဒေသကို သိသာနိုင်သော်လည်း ထိုကားများမှာ မည်သည့်ခေတ်က ရေးခဲ့သည်ဟု အတိအကျ မပြောနိုင်ပါ။ ပုဂံခေတ်နောက်ပိုင်း၏ ဝတ်စားဆင်ယင်ပုံမှာ တရုတ်နှင့်အိန္ဒိယ အိမ်နီးချင်းတို့၏ ယဉ်ကျေးမှုများ ပါဝင်သည်ဟုဆိုနိုင်ပါသည်။ အဝတ်အစား မလုံမလဲနှင့် ရုပ်ပုံများကို တွေ့ရမည်ဖြစ်သော်လည်း ဗုဒ္ဓဘာသာထွန်းကားပြီးသည့်နောက်တွင် ဟိရိဩတ္တပ္ပ မငြိစွန်းဘဲ ဝတ်ဆင်ကြလိမ့်မည်ဟု ခန့်မှန်းကြရပါသည်။ မည်သည့်နည်းနှင့်မဆို ယဉ်ကျေးမှုကို ထိပါး၍ ဝတ်ဆင်ခြင်း ပြုလိမ့်မည်မဟုတ်ပေ။ မလုံမလဲရုပ်ပုံများမှာ အနော်ရထာသာသနာမပြုမီက ရေးဆွဲခဲ့လိမ့်မည်ဟု မှန်းဆရပေသည်။ ထိုအချိန်က ပန်းချီ၊ ပန်းပု၊ ပန်းရန်၊ ပန်းတမော့၊ ပန်းထိမ် စသော လက်မှုပညာများလည်း ထွန်းကားလာချိန်ဖြစ်ပါသည်။ ဤပုဂံခေတ်တွင် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားနေပြီဖြစ်ရာ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ရင်လွှမ်းခေါ် အပေါ်ရုံအဝတ်စများလွှား၍ ခါးအောက်ပိုင်း၌လည်း လုံခြုံသောအိတ်ရှည်၊ သဏ္ဍာန်ထဘီ၊ ပုဆိုးများကို ဝတ်ဆင်လာကြပြီ ဖြစ်ပါသည်။

## (၁) ပုဂံခေတ်အမျိုးသမီးနှင့် ရက်ကန်းအတတ်

ပုဂံခေတ် ကျောက်စာများအရ အချိတ်ထည်အကြောင်း အပယ်ရတနာ လိုဏ်ဂူဘုရား အတွင်းရှိ မဟာယာဉ်ဂိုဏ်း ပန်းချီဆေးရေးအုတ်ချပ်များကို လေ့လာကြည့်သည့်အခါ တာရာဒေဝီနတ်သမီး၏ ကြိုးကြိုးချိတ်ထဘီကို တွေ့ရသည်ဟု ကျောက်စာဝန် ဦးမြက ဖွင့်ဆိုခဲ့ပါသည်။

“တံပက်ရက်ဝတ်စိယ်ဟု ပိယ်တော်မူသော” (တဘက်ရက်ဝတ်စေဟု ပေးတော်မူသော) ဟူသည့် ၆၉၁ ခုနှစ်ထိုး ပုဂံအရှေ့ ဆုတောင်းပြည့်ဘုရား ကျောက်စာနှင့် “ခြည်စင်သည်ကာ ခြည်စင်ရယ်၊ ယန်သည်ကာ ပုဆိုဝ်ရက်ရယ်” (ခြည်ဝင့်သည်ကား ခြည်ဝင့်၍ ရက်သည်ကား ပုဆိုးရက်၍) ဟူသော ၆၆၃ ခုနှစ်ထိုး ပုဂံအရှေ့ ဆုတောင်ပြည့်ဘုရား မိဖုရားဖွားစော၏ကျောက်စာသည်လည်း ရှိခဲ့ပါသည်။ ထိုအထောက်အထားများအရ ပုဂံခေတ်က ရက်ကန်းပညာရှိခဲ့ပြီဟု သိနိုင်ပါသည်။

သို့ရာတွင် ထဘီကို ရင်ရှားခြင်းမဟုတ်ဘဲ တဘက်တစ်မျိုးကို ခါးအထက်တွင်စည်းကာ စုလျားအဝတ်ကို အပေါ်တွင်ခြုံကြသည်ဟုသိရပါသည်။ ထိုင်မ်သိမ်းအင်္ကျီ၊ ခါးချပ်ဒုယင်အင်္ကျီကား မပေါ်သေးပေ။

## ( ၂ ) ထဘီနံကွဲ

ထဘီနံကွဲ ပေါ်ပေါက် လာရခြင်းမှာလည်း အကြောင်းတစ်ရပ်ရှိပါသည်။ နရသူမင်း နန်းတက်လာသည့်အခါ သုခုမပညာကို ဖွံ့ဖြိုးစေလိုသည့်အလျောက် အရည်အချင်း ပြည့်စုံသော သဘင်ပညာရှင်များကို ရှာဖွေစေရာ လူပညာရှိများက နည်းပါးနေပြီး ရဟန်းပညာရှိများကိုသာ တွေ့ရသည့်အတွက် မတတ်နိုင်သည့်အဆုံး၌ ရဟန်းများကို လူထွက်ခိုင်းမည်ဟု ကြံမိသည်။ သို့သော် အမတ်ပညာရှိတစ်ဦးက တစ်မျိုးတစ်မည် ဥပါယ်ဥာဏ်ဖြင့် ပရိယာယ်ပြုရန် အကြံပေးချက်အရ နန်းတော်သူများကအစ သဘင်သည်မိန်းမများပါ လုံလုံခြုံခြုံမဝတ်စေဘဲ ထဘီနံကွဲနှင့် ရှေ့ကွဲတုရင်အင်္ကျီများကို ဝတ်စေခဲ့လေသည်။ ထိုအချိန်မှစ၍ အမျိုးသမီးများ ထဘီနံကွဲဝတ်လာကြသည်ဟု ရာဇဝင်ကြပ်က ဆိုထားပါသည်။


ပုဂံခေတ်
ဆင်ယင်ထုံးဖွဲ့ပုံ

## (၃) ဆံပင်ထုံးဖွဲ့ပုံများ

ပုဂံခေတ်နောက်ပိုင်းတွင် ဆံပင် ထုံး ဖွဲ့ ပုံ များမှာ ထူးထူးထွေထွေ ပြောင်းလဲလာသည်ကို တွေ့ရပါ၏။ အဆင်အပြင်တွင် ပျူခေတ်အမျိုးသမီးများထက် အဆင့်အတန်း မြင့်လာပြီဟု ဆိုရပါမည်။ အာနန္ဒာ ဘုရားအတွင်းရှိ မယ်တော်မာယာ၏ပုံများကိုထောက်၍ ပုတီး၊ နားတောင်း၊ ခါကြိုး၊ တန်ဆာပလာများ ဝတ်လာပြီကို သိနိုင်ပါသည်။ နားတောင်းများမှာလည်း နားပေါက်ကျယ်သည့်အတွက် ခပ်တွဲတွဲ ခပ်ကြီးကြီး ပန်ထားသည်ကို တွေ့ရပါသည်။ အချို့အမျိုးသမီးများမှာ နဖူးတွင် မှန်ကူ၍ ခါးတိုလက်ပြတ် ကိုယ်ကျပ်မျိုးကို ဝတ်ထားသဖြင့် အိန္ဒိယပြည်သူများ၏ယဉ်ကျေးမှု နွယ်လာသည်ဟု ဆိုရပါမည်။

အိုးပုံသဏ္ဌာန်ဖြစ်သော အိုးများကို ကိုင်လျက်တွေ့ရပါသည်။ ရှေးက မိဖုရားများသည် အားလပ်သည့်အခါတိုင်း လှုရေးပရေးအတွက် အားသွန်ခဲ့ကြဟန်တူပါသည်။ နရပတိစည်သူ၏ မိဖုရား ဝေဠုဝတီသည် နားပေါက်ကျယ်သောသူဖြစ်၍ အလှဂုဏ်ပျက်ဟန် တူသော်လည်း မယ်တော်မိဖုရားကြီးက အလှပြုပြင် ကောင်းသဖြင့် မိန်းမချောတစ်ယောက် ဖြစ်ခဲ့ရလေသည်။

အထောက်အထား တစ်ခုမှာလည်း ပုဂံခေတ်က ဦးသျှောင်ထုံးနည်း ၅၅ မျိုး ရှိခဲ့သည်ကို ထိုခေတ်ရေး စာပေများ၌ မတွေ့ရဘဲ ဘိုးတော်ဘုရားခေတ် ရောက်သည့်အခါမှ တောင်ငူနန်းတည် မဟာဓမ္မရာဇာမင်း၏ နန်းတွင်းကိုယ်လုပ်တော်ဖြစ်သူ ရဝေရှင်ထွေးက အင်းဝနန်းတွင်းစာဆိုအဖြစ်နှင့် ၉၆၇–၉၉၀ ခုနှစ်ခန့်တွင် ဆံထုံးအကြောင်း အန်ချင်းတစ်ပုဒ် စပ်ဆိုခဲ့လေသည်။ ပုဂံ



ပုဂံခေတ် ဆံထုံးဟန်များ

ဦးခေါင်းတွင်လည်း နဖူးသင်းကျစ်များ တပ်ဆင်၍ ဆံပင်ကို နောက်တွဲထုံးထားကြပါသည်။ ထိုရုပ်ပုံများတွင် လက်မောင်းနှင့် လက်ဆစ်၌ လက်ကောက်များ လက်စည်းများစွပ်ထားသည်ကို တွေ့ရသည်။ လည်ပင်းတွင် လည်ဆွဲ ဆွဲပြီး ရွှေခြည်ထိုး လယ်ဂျာကို တပ်ဆင်ကြသော်လည်း တစ်ကိုယ်လုံး ရွှေခြည်ထိုး မဟုတ်ပေ။ ကုလားလူမျိုးများ အသုံးပြုသော ကြေး

ခေတ်က ဦးသျှောင်ထုံးနည်း ၅၅ မျိုးကို ကဗျာလင်္ကာ ဖွဲ့ထားခြင်းပင် ဖြစ်ပါသည်။ ထိုအန်ချင်း စာပေကို ထောက်၍ ရတောင့်ရခဲလှသော ဦးသျှောင်ထုံးနည်းများကို အလှယ်တကူနှင့် မှတ်သားကြရပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၄၀ လောက်က ဒဂုန်မဂ္ဂဇင်းတွင် ကွေ့ကွေ့ကောက်ကောက်ပန်းချီပုံများနှင့်တကွ ထိုဆံထုံးများကို ဒေါ်ဒဂုန်ခင်ခင်လေးက ရေးသားခဲ့ဖူးပါသည်။

သို့သော် ထိုပုံများကို လိုက်လံ ရှာဖွေရန်လည်း မလွယ်ကူဘဲရှိခိုက် ရှေးဟောင်း သုတေသနဌာန၏ ကျေးဇူးကြောင့် အပြည့်အစုံ ကူးယူလေ့လာခွင့် ရရှိခဲ့ပါသည်။

ထိုဆံထုံးထုံးနည်းများမှာ ယခုခေတ်နှင့် များစွာကွာခြားလျက်ရှိပါသည်။ရှေးသူဟောင်းတို့၏ ဆန်းပြားသောထွင်ဟန်ကို ချီးအံ့၍ မဆုံးနိုင်ဘဲ ဖြစ်ရပါသည်။ ပုဂံပြည်တွင် မင်းပေါင်း ၅၅ ဆက် အုပ်စိုးလာခဲ့သည့်အတွက် မင်းအသစ်တစ်ပါး နန်းတက်သည့်အခါတိုင်း ဆံထုံးပုံစံတစ်မျိုးစီ ပြောင်းလဲလာရသည်ဟု ယူဆရမည်လော။ ခေတ်ပြောင်းတိုင်း ဆံထုံးပုံစံပါ ပြောင်းလဲလာခဲ့ပေသလော။ မည်သို့ပင်ဖြစ်စေ ရှေးက ဦးသျှောင် ၅၅ မျိုးကို သင့်လျော်ရာ အမည်များပေးထားပုံကအစ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။


ဆံထုံးအမည်များကို မည်မျှဆန်းကျယ်အောင် မှည့်ခေါ်ကြသနည်း။ မည်မျှလောက် စိတ် ကူး ယဉ် ခဲ့ ကြသနည်း။ ကြံကြံဖန်ဖန် ထွင်ဉာဏ်များကား ချီးကျူး၍ မကုန်နိုင်စရာပင်။ တစ်ခါတစ်ရံ ဆံ ပင် ဆံ စုနှင့် လည်း မလုံလောက်သေး၍ သစ်သား၊ ဝါး၊ ကြိမ်စသော တန်ဆာပလာများကို ခေါင်းပေါ်တွင် တင်ပြီး ဆံညှပ်များနှင့် ခိုင်မြဲအောင် ထိုးစိုက်ကြရသည်။ ထိုဆံထုံး ပုံစံအပေါ်တွင် ဆံပင်ဖြင့် ရစ်ပတ်ရသည်ဟု ဆိုပါသည်။ ဆံပင်နည်းသောသူအဖို့မှာ ဆံစုကို သုံးရသည်။ မလုံလောက်ပြန်က ရက်ကန်းစင်မှ ချည်နက်များကို အခင်လိုက်ယူ၍ ဆံထုံးပုံပေါ်၌ ရစ်ပတ်ကြရပါသည်။ အများအားဖြင့် ရှေးခေတ်အမျိုးသမီးများသည် ဆံကေသာကို အထူးဂရုစိုက်၍ အမြတ်တနိုး စောင့်ရှောက်ကြသည်။ ပိတုံးရောင်ကေသာ ခြေဖျားထိသူအဖို့မှာ ကြိုက်ရာဆံထုံးပုံသဏ္ဍာန်ကို အလွယ်တကူဖြင့် ထုံးနှောင် နိုင်ကြပါသည်။

## ပုဂံခေတ် ဆံထုံးများကို သရုပ်ဖော်သော ရဝေရှင်ထွေး၏“ဦးသျှောင် ၅၅ မျိုး”အန်ချင်း


**အစောတို့လေ၊ ရတနာတွေ၊ ရွှေမိုးစွေ၍၊ သပြေမည်ခံ၊ ပြည်ပုဂံဝယ်၊ နိုင်ငံကျယ်ပြော၊ ရှေးမင်းစောတို့၊ မနောဇမ္ဗူ၊ ခံတော်မူက၊ မြိတ်ဖူ (၁)၊ မြိတ်စို့(၂)၊ သွယ်ညှိုမြိတ်လွတ်(၃)၊ရစ်ပတ်စုလည်း(၄)၊ ရေ့ရည်းထုံးဖွဲ့(၅)၊ တုမဲ့ရွှေရောင်၊ တိမ်တောင်တက်သက်(၆)၊ လျှပ်စစ်ပြက်သို့(၇)၊ စဝ့်ကရောင်ပြေး(၈)၊ နှင်းသွေးမစို့(၉)၊ ကြာညို့ဝတ်ဆံ(၁၀)၊ ဓူဝံနှိုင်းရှည့်၊ ရှုကြည့်မငြီး(၁၁)၊ ဦးပြီးရှင်ပျော်(၁၂)၊ ဇင်ယော်တန်းဝဲ(၁၃)၊ ပုလဲကိုးပုန်း(၁၄)၊ ဂမုန်းငုံအာ(၁၅)၊ လေသာဝေ့လည်(၁၆)၊ မြူခြည်မတင်၊ ယကင်ထုံးတုံး(၁၇)၊ လုံးတင်(၁၈)၊ ခရုချောင်(၁၉)၊ ထုံးကြောင်(၂၀)၊ ထုံးကြား(၂၁)၊ ငါးပါးမြိတ်စို့(၂၂)၊ အောင်မှျိနိမိတ်၊ မြိတ်ရစ်လှုပ(၂၃)၊ ကရဝိက်နှုတ်သီး(၂၄)၊ ဆိတ်သမီးနှင့်(၂၅)၊ ပြန်ပြီးဆယ်ထွေ(၂၆)၊ နေအရုဏ်ခံ(၂၇)၊ ညဥ့်ယံသောက်ရှူး(၂၈)၊ တိမ်ဦးနဂါး(၂၉)၊လေးပါး ရာသီ(၃၀)၊ နှိုင်းပြီး စံလွတ်(၃၁)၊ နဂါးပတ်ကြော့ကွင်း(၃၂)၊ နန်းတွင်းမဥ္ဇူ(၃၃)၊ ထွက်ပြူမုတ်ဝ(၃၄)၊ ပဒုမသိဒ္ဓိ(၃၅)၊ မဏိကိုးပါး(၃၆)၊ ချယားပွင့်သေး(၃၇)၊ ယုန်ရေးလဝယ်(၃၈)၊ နေလယ်ဥဒေါင်း(၃၉)၊ သုံး ချောင်း ခြူး ရှက် (၄၀)၊ စဝ့်ကရောင်ချော(၄၁)၊ သ ဘော တမ်း ခွန်(၄၂)၊ အနန္တဖုသျှ၊ မောရဂီဝါ(၄၃)၊ ဟင်္သာစာခွံ၊ထုံးအံ့တကွင်း(၄၄)၊ ပုဇင်းတောင်ဖြန့်(၄၅)၊ သည်းညွန့်လက်သင်(၄၆)၊ ကွမ်းလျှင်(၄၇)၊ နောက်တွဲ(၄၈)၊ မုတ္တာရွဲနှင့်(၄၉)၊ ပု လဲ ကွန် ချာ (၅၀)၊ ရတနာမဏ္ဍိုင်(၅၁)၊ ပွင့်ဆိုင်ပုဏ္ဍရိတ်(၅၂)၊ နဂါးအိတ်လေးထောင့်(၅၃)၊ ရှစ်မြှောင့်(၅၄)၊ ပြန်ကာဘက်(၅၅)၊ ပန်းရှက်ခေါင်ဗွေ၊ နန်းလုံးဝေမျှ၊ မြင်ကစံကျော်၊ နှိုင်းမမြော်ကို၊ လွှမ်းတော်မမူ လှည့်ပြီလော၊ ဘော်ချင်းတို့လေး၊ ဘော်ချင်းတို့။ ။**

ဤ ၅၅ မျိုးသော ဦးသျှောင်ထုံးနည်းများကို တရှိတသေ ဆည်းပူးစုဆောင်း၍ နောင်တစ်ခေတ်လူများ၏ အကျိုးအတွက် နန်းတွင်းစာဆို ရဝေရှင်ထွေးက အန်ချင်းအဖြစ် အမွေအနှစ်ပေးထားခဲ့ခြင်းကြောင့် ပုဂံခေတ်က ဆံပင်ထုံးနည်းများ ခမ်းနားဆန်းပြားပုံ ဥဒါန်းတွင်ခဲ့ခြင်း ဖြစ်ပါသည်။

ဆံထုံး၏အမည်များကပင် ဘယ်ပုံဖြစ်မည်ကို သရုပ်ဆောင်လျက် တွေ့ရပါသည်။ စာပေမှတ်တမ်း အကိုးအကားမဟုတ်သော်လည်း ပါးစပ်စကားအရ တစ်ဆင့်တစ်ဆင့် ပြောကြပုံမှာ ဆံထုံးပုံစံများကို သစ်သား၊ ဝါး၊ ကြိမ်များနှင့် ပြုလုပ်၍ သစ်စေးသရိုးအနက် သုတ်ကာ ချောမွတ်စေရပါသည်။ သို့သော် ထိုပုံစံများမှာ အမြင်တွင် ထုထည် ကြီးမားသော်လည်း လေးလံခြင်း မရှိပါ။ လှုပ်ရှားသွားလာမှုအတွက်မူ အနည်းငယ် ကသိကအောင့် ဖြစ်ကောင်းဖြစ်နိုင်စရာ ရှိပါသည်။ ဤဆံထုံး




၁။ မြိတ်ပြူ
၂။ မြိတ်စို့
၃။ မြိတ်လွတ်
၄။ စုလည်း
၅။ ရရည်း
၆။ တိမ်ထောင်တက်




၇။ တိမ်တောင်သက်


၈။ စေ့က်

၉။ ကြာညို့ဝတ်ဆံ


၁၀။ ရှူဝံ

၁၁။ ဦးပြီးရှင်ပျော်


၁၂။ စင်ရော်တန်းဖဲ




၁၃။ ပုလဲကိုးလုံး
၁၄။ ဂမုန်းမုံအာ
၁၅။ မြူခြည်မတင်
၁၆။ ယကင်
၁၇။ ခရုချောင်
၁၈။ ထုံးချောင်





၁၉။ ထုံးကြား
၂၀။ ငါးပါးမြိတ်စို့
၂၁။ အောင်ပျှိုတံဆိပ်
၂၂။ ကရဝိတ်နှုတ်သီး
၂၃။ ဆိတ်သပိး
၂၄။ မြန်မြီးငါးတွေ့




၂၅။ နေအာရုံခံ
၂၆။ သောက်ရှူး
၂၇။ တိမ်ဦးနဂါး

၂၈။ လေးပါးရာသီ
၂၉။ စံလွှတ်
၃၀။ နဂါးပတ်ကြော့ကွင်း





၃၁။ နန်းတွင်းမဥ္ဇူ
၃၂။ ထွက်ပြူမုတ်ဝ
၃၃။ ပဒုမသိဒ္ဓိ
၃၄။ မဏိကိုးပါး
၃၅။ ချယားပွင့်သေး
၃၆။ ယုန်ရေးလလယ်



၃၇



၃၈




၃၉



၄၀



၄၁



၄၂

၃၇။ နေဝယ်ဥဒေါင်း

၃၈။ သုံးချောင်းခြူးချက်


၃၉။ စဝှက်

၄၀။ ရောင်ချော

၄၁။ သကော်ာတံခွန်

၄၂။ အနန္တဖုသျှ



၄၃


၄၄



၄၅


၄၆


၄၇


၄၈

၄၃။ မောရဂိဝါ
၄၄။ ဟင်္သာစခွံ
၄၅။ ပုဇင်းခွတောင်ဖြန့်
၄၆။ သေးညွန့်လက်သင်
၄၇။ ကွမ်းလင်နောက်တွဲ
၄၈။ မုတ္တာခွ





၄၉။ ပုလဲကွန်ခြာ
၅၀။ ရတနာမဏ္ဍိုင်
၅၁။ ပွင့်ဆိုင်ပုလ္လာရိတ်
၅၂။ နဂ္ဂဟိတ်လေးထောင့်
၅၃။ ရှစ်မြှောင့်
၅၄။ ပြန်ကာပက်


ဝှန်းရှက်ခေါင်ဗေ့



၅၅

စည်းပုံ (ရှေ့မှမြင်ရပုံ)





စည်းပုံ (နောက်မှမြင်ရပုံ)

များနှင့် ထင်းခွေ၊ ရေခပ်၊ ဖွပ်လျှော်၊ ကောက်စိုက် အလုပ်ကြမ်းလုပ်ကြမည်မဟုတ်သဖြင့် နန်းတွင်းသူများ အဖို့ အဆင်မပြေစရာလည်း မရှိ၊ နူးညံ့သိမ်မွေ့စွာနှင့် အချိန်ရတိုင်း အလှပြင် မှန်ပုံတော် ရှုနေကြသူများပီပီ သူ့ခေတ်နှင့်သူ့ဆံထုံးမှာ လုံးလုံးလျားလျား ဘောင်ဝင် အန်ကျပြီးဖြစ်ပါလိမ့်မည်။

ပထမဦးစွာ ဆံပင်ကိုဖြီး၍ ထိပ်လယ်တွင် ကြိုးနှင့် မြဲအောင် ချည်ကာ ထုံးထားရပါသည်။ ပြီးနောက် သစ်စေးသရိုးကိုင်ထားသော ဆံထုံးပုံစံကို မိသလောက် မြုပ်လျှိုထားပြီး မြဲအောင် ဆံညှပ်များ၊ ဆံထိုးအချွန် များနှင့်တွဲ၍ ထိန်းထားရပါသည်။ ထိုအခြေမြဲမှသာ ဆံပင်များ၊ ဆံစုများ၊ ချည်နက် အခင်များနှင့် သစ်သားပုံစံကို ဖုံးအောင် ရစ်ပတ်ရပါသည်။ အဖျားကော့ စေရန်လည်း ဖယောင်း၊ ပွဲလျက်ဖြင့် သပ်၍ ပေးရပါသည်။ ပုံစံ ၅၅ မျိုးကို ကြည့်မည်ဆိုလျှင် အားလုံးပင် သပ်သပ်ယပ်ယပ် ရှိကြပါသည်။ ထိုအချိန်က ဆံမြိတ် ဖွားများ ခေတ်မစား သေးပါ။ ဆံပင်ကို တစ်ပင် တလေမျှ ထောင်တက် လွင့်ပျံ့ မနေစေရန် ပွဲလျက် တစ်မျိုးကို သုံးကြသည်ဟု ဆိုပါသည်။ ယခုခေတ် ဘယ်ဆလင်နှင့် ကော့စမစ်တစ်သဘော ကော်ရည်ဖျန်း သော (ဟဲယားစပရေး) သဘော ဖြစ်ပါသည်။

ထူးခြားချက်မှာ ဆံထုံး ၅၅ မျိုး၌ ပန်းများ ပန် လျက် မတွေ့ရဘဲ အနန္တဖုသျှ ဆံထုံးပုံစံတစ်ခုသာ ရောမ ပန်းပွင့်ကြီးတစ်ပွင့်တည်းကို တပ်ဆင်ထားလျက် တွေ့ရ

ပါလိမ့်မည်။ နောင်တွင် ရှေးဆံထုံး နှစ်ခြိုက်သူများက ရှေ့ကတော့စုပ်သော ဆံပင်ကို ထိပ်တွင်ခေါက်၍ ကွင်းကလေးအဖြစ် ထောင်ကာ အလွယ်တကူ ''စုလည်းထုံး''ဟူ၍ ခေါ်လေ့ရှိကြသည်။ စုလည်းအစစ်မှာ စာမျက်နှာ (၂၈) ရှိ ပုံဖြစ်သည်။

ပုံများကို ရှေးဟောင်းသုတေသနဌာနမှ ရရှိသဖြင့် အန်ချင်းနှင့် အနည်းငယ်ကွဲလွဲပါသည်။

ဦးသျှောင် ၅၅ မျိုးအနက် အချို့မှာ ခပ်ဆင်ဆင်ဖြစ်၍ အသေအချာ လေ့လာမှသာ ကွဲပြားမှုကို တွေ့ရပါလိမ့်မည်။ တစ်ပုံစံနှင့် တစ်ပုံစံ လုံးဝမတူညီပါ။ မင်းသမီး၊ မိဖုရားများဆောင်းရန် ရတနာ စည်းပုံနှင့် ဆံထုံးပုံများကိုမူ ရှေ့ကလပ်နှင့်တင်ကာ အဆင်သင့်ထားရှိကြပါသည်။ ခမ်းနားဆန်းပြားလှသဖြင့် ကြည့်ရှု၍မဝနိုင်အောင် ကြက်သရေရှိလှပေသည်။

## ( ၄ ) ခိုင်လုံသော အထောက်အထားများ

**ရှေးရိုးပန်းချီ အထောက်အထားများ။** ။မြန်မာ့ရှေးရိုးပန်းချီများသည် နှောင်းခေတ် သုတေသီများအတွက် ကြီးစွာသော အထောက်အကူ ပြုခဲ့သည်ကို တွေ့ရပါသည်။ စာပေ၊ တူရိယာ၊ ကဗျာ၊ ဂီတများဖြင့် ယဉ်ကျေးမှုသရုပ် ဖော်ကျူးမှုများမှာ ခေတ်အဆက်ဆက်၌ ရှိခဲ့သော်လည်း မည်သို့မည်ပုံ ဖြစ်သည်ကိုမူ ပန်းချီ၊ ပန်းပုလက်ရာများကဲ့သို့တိကျစွာမဖော်ပြနိုင်ပါ။ စာပေဖြင့်လည်းမတိကျ၊ တေးဂီတဖြင့်လည်း မပြည့်စုံ၊ ဂူ၊ ကျောင်း၊ ဘုရား၊ တန်ဆောင်း၊ နံရံများပေါ်တွင် ခဲရာခဲဆစ် ရေးဆွဲ ထုလုပ်ထားကြသော ရှေးရိုးပန်းချီ ပန်းပုလက်ရာများ၊ တူးဖော်ရရှိသော အိုးခွက်ပစ္စည်း၊ စဉ့်ကွင်း၊ အုတ်ခွက်၊ ကျောက်ချပ်၊ ရုပ်ကြွများကသာ ဖော်စွမ်းနိုင်ကြပါသည်။ ပန်းချီ၊ ပန်းပုလက်ရာများကား လူ့သမိုင်းကို မှတ်တမ်းတင်ရာ၌ ဤမျှအရေးပါခဲ့ပါသည်။ အရုပ်တစ်ကား၊ စကားတစ်ထောင် ဆိုသည့်အတိုင်း အရုပ်များ၏ အကျိုးပြုပုံမှာ ထူးခြားပါပေသည်။

အရှေ့တိုင်း ပန်းချီရေးခြယ်နည်းသည် ပထမ အိန္ဒိယပြည်မှ ပျံ့နှံ့လာခဲ့ပြီးနောက် မြန်မာ့ဟန် မြန်မာ့ပုံစံအဖြစ်သို့ ကူးပြောင်းလာခဲ့ပါသည်။ မူလက ဘာသာရေးကို ဦးတည်သော ပညာရပ်အဖြစ်နှင့် ကြည်ညိုသဒ္ဒါပွားလာစေရန် ပန်းချီဖြင့် လှူဆော်လာခဲ့ရာမှ ဇာတ်နိပါတ်များ၊ တောတောင်ရေမြေ အလှအပ ကျေးငှက်ကလေးများပုံနှင့် လူမှုရေးပုံများကို ရေးဆွဲလာခဲ့ကြလေသည်။

ပဒေသရာဇ်၊ ကောရာဇ်ခေတ်ဖြစ်၍ နန်းမှုနန်းရာများကို ဦးစားပေးရေးဆွဲကြသည့်အပြင် လူ့အလှ္ဘာအသီးသီး၏ ဘဝသရုပ်ဖော်ကားများကိုလည်း ရေးဆွဲခဲ့ကြသည့်အတွက် ခေတ်ကြေးမုံကို မြင်တွေ့ရခြင်း ဖြစ်ပါသည်။ ရှေးရိုးမြန်မာပန်းချီတွင် ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာ ဟုလေးမျိုးရှိသည့်အနက် အချန်အတက်၊ ခြူးပန်းခြူးနွယ်များတွင် ကနုတ်တန်ဆာကိုသုံးကြ၍ အမျိုးသမီးကဲ့သို့သော အချိုးအဆစ် ပြေပြစ်စွာ ရေးရသည်ကို နာရီဟုခေါ်ကာ ကိန္နရာ၊ ကျေးငှက်၊ ဘီလူး၊ ဂဠုန်၊ နဂါးရုပ်များကို ရေးရာ၌ ကပိရေးနည်းကိုသုံး၍ ဆင်ကဲ့သို့တည်ငြိမ်သော အရာဝတ္ထုများ ရေးနည်းမှာ ဂဇာ ဟုခေါ်ပါသည်။ အမျိုးသမီး၏ ဆင်ယင်ထုံးဖွဲ့ပုံကို နာရီအရေးအသားများဖြင့် မှတ်တမ်းတင်ခဲ့ကြသည်ကို တွေ့ရပါသည်။

အစောဆုံး နံရံဆေးရေး ပန်းချီများကို ပုဂံခေတ်ဂူ၊ ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်းတို့၌ တွေ့နိုင်ပါသည်။

ပုဂံခေတ်အမျိုးသမီးပုံများမှာ ခေတ်ဦးပိုင်း၌ မလှုံတလုံ အဝတ်အစားများကို တွေ့ရပါသည်။ နှာခေါင်းချွန်နှင့် အိန္ဒိယပြည်သူ မျက်နှာပေါက်များဖြစ်သည်။ ဃနာနို့ဆွမ်းကပ်နေသော သုဇာတာ၏ထဘီမှာ အကွက်လှလှနှင့် ကနုတ်ပန်းပါသော အထည်ဆန်ဆန် ဖြစ်နေသည်။ နို့အိုးမှာ ကုလားပုံစံဖြစ်သည်။ မယ်တော်မာယာ၏ နှာခေါင်းချွန်ပုံနှင့် လည်ပင်းတွင် ဗာလီကွေးတပ်ဆင်ထားပုံကိုလည်း တွေ့ရသည်။ ထဘီဟုဆိုရသော်လည်း အိတ်ရှုံ့ကိုစွပ်ပြီးလျှင် ခါးစည်းနှင့် နှောင်ထားသော ပုံမျိုးသာဖြစ်သည်။ လက်မောင်းတွင် အစွပ်စွပ်၍ လက်ကောက်ဝတ်တွင်လည်း လက်စည်း စည်းကာ နားတောင်းရှည်ကြီးများ ပန်ထားသည်။ ဘုရင်၊ မိဖုရားနှင့် ဝန်ကြီးများပါ နားတောင်းရှည်ကြီးများ တွဲလွဲပန်လျက် တွေ့ရသည်။ ပန်းချီအရောင်တွင် နို့သာနုရောင်မှာ အများဆုံးဖြစ်သည်။

အမျိုးသားများ၏ ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းမှုရှိသလောက် အမျိုးသမီးများမှာမူ သွယ် လျ ပျော့ပျောင်းသော ကိုယ်ဟန်နှင့်ဖြစ်ကြသည်။ မာဃလုလင်တံမြက်စည်းလှည်းနေပုံမှာ သဘာဝကျလှသည်။ အချို့နေရာများ၌ ကျားမ မခွဲခြားနိုင်သော ပုံများကိုလည်း တွေ့ရသည်။ အမျိုးသမီးများ၏ပုံကို ဘေးစောင်းရှေ့တည့်တည့်နှင့် နောက်တည့်တည့်ပုံများ ရေးဆွဲထားသည့်အတွက် ဆံပင်ထုံးဖွဲ့မှုကိုပါ လေ့လာနိုင်ပါသည်။

ကျန်စစ်သားဥမင်တွင် ပုဂံခေတ် အမျိုးသမီးများ ဘုရား ကျောင်းသွားသော ပန်းချီ၌ နောက်လှည့်၍ တပျော်တပါး စကားပြောနေပုံ၊ ရေအိုးရွက်သူ၏ပုံနှင့် တောင်ဝှေးထောက်၍ လိုက်လာသော အမယ်အိုကြီး၏ ပုံများကိုလည်း တွေ့ရသည်။ အတီးအမှုတ်နှင့် ရှေ့ဆုံးမှ အမျိုးသမီးက လက်ခုပ်တီး၍လိုက်၏။ ၎င်းနောက် စည်တီးသူ၊ စောင်းတီးသူ၊ ညှင်းမှုတ်သူ၊ ကျွဲချိုမှုတ်သူ နှင့် ဗုံတီးသူများပါ၏။ အမျိုးသမီးများနောက်တွင် ဒေါက်ချာဆောင်း၍ ကြာပန်းကိုင်ထားသော အမျိုး သားများကို တွေ့ရသည်။ ၎င်းတို့နောက်တွင် မြင်း လေးကောင်ကသော ရထားနှင့် ဘုရင်၊ မိဖုရားတို့ ပါလာရာမျက်မှောက်ခေတ်ပုဂံ၏ပန်းချီဟုသိရပေသည်။

အပယ်ရတနာ ဘုရားနှင့် ပုထိုးသားများ ဘုရားတို့ တွင် ဗုံတီးနေသော အမျိုးသားနှင့် ကနေသော အမျိုး သမီးပုံများ၌ ခါးဝတ်နှင့်ပဝါပါးများ ဆင်ထားသည်ကို တွေ့ရသည်။ အမျိုးသမီးများမှာ ခါးသေးရင်ချီ၍ နွဲ့ နှောင်းစွာ လှုပ်ရှားနေပုံများဖြစ်သည်။ နှံသာရင့်ရောင်၊ မြေနီရောင်နှင့် ခြယ်ထားသဖြင့် အလွန်လှပသည်ကိုတွေ့ ရသည်။

အပယ်ရတနာဘုရား၌မဟာယာနဆိုင်ရာ ပန်းချီများ ကို ရေးဆွဲထားကြသည်။ အပယ်ရတနာ ဘုရား၌ပင် တာရာဒေဝီ၏ပုံကို တွေ့ရရာ မိဖုရားတို့ အဝတ်တန်ဆာ အပြည့်အစုံကို မြင်နိုင်သည်။ ယိမ်းနွဲ့သော ကိုယ်ဟန်၊ ခါးသေးရင်ချီသောသဏ္ဌာန်နှင့် ရွှင်ပြုံးကြည်လင်သော မျက်နှာထား ရှိလေသည်။

ရွှေလိပ်ဥဘုရား၌ ကြာဖူးပူဇော်နေသူ အမျိုးသမီး သုံးဦးအနက် ရှေ့ဆုံးမှ အနီရောင်၊ နီညိုနှံ့သာရင့်ရောင် ဖြင့် ခြယ်ထားသည်။ နောက်ဆုံးအမျိုးသမီးမှာ အညို နှင့် အနက်ရောင်စပ်၍ ခြယ်ထားသည်။ ခါးဝတ်က အညိုရောင်နှင့် အနက်ကန့်လန့်စင်း ဖြစ်သည်။ ခါးသိမ် သော်လည်း ရင်သားကို မောက်ဖြိုးအောင် ရေးမထား ပေ။ တွဲလျားကျနေသော ပဝါစနှင့် နွဲ့နှောင်းဟန်ကို ကြည့်ပြီး အမျိုးသမီးဟုယူဆရသော ဤပုံများကို နန္ဒမညာဘုရား၌လည်း တွေ့ရသည်။

ကျန်စစ်သားဥမင်တွင် ပန်းအိုးကိုင်၍ ပူဇော်နေ သော အမျိုးသမီးတစ်ဦး၏ပုံမှာ အင်းဝခေတ်ဝတ်ဆင်ပုံ ဖြစ်သည်။ ပဝါဖြူရှည်ရှည်ကို ရစ်သိုင်း၍ ထဘီကိုရင်ရှား ထား၏။ လက်စည်းလက်ကြပ်နှင့် နားတောင်းကို အဝါ ရောင်ခြယ်၍ ထဘီကို နီညိုရောင်အသားတွင် နံ့သာရောင် ခြယ်ထားသည်။ ကိုယ်ဟန်မှာ ဘုရားဖူးသွားမည့်ဟန် ဖြစ်သည်။

နန္ဒမညာဘုရား ပန်းချီများမှ အမျိုးသမီးများ ဘုရား ကျောင်းသွားပုံနှင့် ဝတ်စားဆင်ယင်ပုံမှာ ပုဂံခေတ်ကို ဖော်ကျူးထားခြင်းဖြစ်သည်။

မင်းနန်သူရွာ နန္ဒမညာဘုရားမှ မယ်တော်မာယာ၏ ပုံသည် အိန္ဒိယဆန်၏။ ခါးသေးပြီး ရင်ဖြိုးသည်။ ခါးစည်းအဝတ်များကို အသေးစိတ် ခြယ်မှုန်းထားပုံမှာ နှစ်သက်ဖွယ်ဖြစ်ပါသည်။ ခါးစည်း၌ ကြာပန်းများပါ သည်။ တစ်ပွင့်စီ၏အတွင်း၌ ပန်းပုံစံတစ်မျိုးစီ ရေးထား ပါသည်။

ဝက်ကြီးအင်းနှင့် ဂူပြောက်ကြီးဘုရားများတွင် အနု စိတ်ခြယ်မှုန်းထားရာ ခါးစည်းကို ကန့်လန့်စင်းများအဖြစ် မြင်တွေ့ရသည်။

မြင်းကပါ ဂူပြောက်ကြီးဘုရားအတွင်း တိဗ္ဗတ်တို့ကို ပြာဋိဟာပြခန်း ပန်းချီကားများ၌ စုဝေးနေကြသော ပရိသတ်အနက် နုပျိုသောအမျိုးသမီးအရုပ်များ ရေး ဆွဲထားသည်ကို တွေ့ရသည်။ ပုဂံဘုရား၊ ဂူ၊ ပုထိုးများ ၌တွေ့ရသော နံရံဆေးရေးပန်းချီအချို့မှာ ပုဂံခေတ်က ရေးဆွဲသည်ချည်း မဟုတ်ဘဲ အင်းဝခေတ် ရောက်မှသာ ကုသိုလ်ရှင်များက မွမ်းမံရေးဆွဲ လှူဒါန်းကြသည်ဟု ယူဆရပါသည်။ ထို့အတွက် အင်းဝခေတ် ဝတ်စားဆင် ယင်ပုံများကို ပုဂံဘုရားများ၌ တွေ့ရခြင်းဖြစ်ပါသည်။

မဒ္ဒီဒေဝီ သစ်သီးရှာသွားခန်း၌ ကျားရဲတိရစ္ဆာန် များကို သဘာဝကျကျ ရေးဆွဲထားပုံနှင့် မဟာယာန ဂိုဏ်းမှ ဗောဓိသတ်နတ်သားနှင့် နတ်သမီးများ၏ ကန့် ကလျပုံများ၌ မျက်နှာ တစ်ဖက်စောင်းဟန်များကို တွေ့ရပေသည်။ ဘုရားရှင်၏ နောက်တော်မှ လိုက်ပါလာ သော ပဥ္စသိခ်နတ်သား၏ပုံများတွင် ရှေးရိုးအနုပညာ များကို အကဲခတ်နိုင်ပေသည်။

ပု ဂံ ဒေ သ တစ် ဝို က် ရှိ အာနန္ဒာအုတ်ကျောင်း၊ ရွှေစည်းခုံဘုရားအနီးရှိ ဂူဘုရားတစ်ဆူ၊ ဥပါလိသိမ်၊ စူဠာမဏိဘုရား၊ တောင်ဘီပိဋကတ်တိုက်၊ ကျောင်းဦး ဘုရား၊ မျက်နှာကြက်နံရံများပေါ်၌လည်း တွေ့နိုင်ပေ သည်။ ၁၆ ရာစု ၁၇ ရာစု၌ ရေးဆွဲသော စစ်ကိုင်း တိ ေ လ ာ က ဂုရုလိုဏ်ဂူ၊ လောက မှန်ကင်းဘုရားနှင့် မီးပေါက်ကြီးဘုရား၊ အမရပူရရွှေဂူသာဘုရား၊ မုံရွာ ဖိုးဝင်းတောင်ဂူများ၌ နံရံဆေးရေးပန်းချီများကို တွေ့ နိုင်ပါသည်။ ၁၁ ရာစုလက်ရာဖြစ်သော ပင်းယရွှေစည်းခုံ အနီးရှိ ဂူဘုရားများ၊ မြင်းကပါဘုရား နံရံပန်းချီများ တွင် အမျိုးသမီးက အမျိုးသားကို ဆံထုံးထုံးပေး နေပုံလည်းပါရှိသည်။ ပုဂံခေတ် ရတနာသိခ်ဂူမှ ဗျာ

ပါဆံနှင့် ကိန္နရာပုံကိုလည်း ဦးမင်းနိုင်က ဖော်ပြခဲ့ဖူးပါသည်။

ရှေးရိုးပန်းချီအနေနှင့် မကိုဋ်ဆောင်း၍ အင်္ကျီလက်ပွကိုဝတ်ကာ ပခုံးနှစ်ဖက်ပေါ်၌ လွှမ်းထားသော စုလျားနှင့် ပုံမျိုးကိုလည်း ပန်းချီဦးဝင်းမောင်နှင့် ကိုပညာ (အမရပူရ) တို့က ပုဂံခေတ်ကိုမှီး၍ ဆောင်းပါးခေတ်ပုံများ ဖော်ပြခဲ့သည်ကို တွေ့ရပါသည်။ ထိုပန်းချီများတွင် အမျိုးသမီးများ၏ လည်ပင်း၌ အရစ်သုံးရစ်ပါသည်ကို သတိပြုမိပါသည်။ ထိုလည်ပင်းသုံးရစ်အလှကို ရတနာပုံခေတ်တွင် ပန်းချီဆရာချုံက ဖော်ထုတ်ရေးဆွဲခဲ့ပါသည်။

ယခုအခါ ရှေးဟောင်းသုတေသနဌာနက ဓာတုဗေဒနည်းများဖြင့် ဂူ၊ ကျောင်း၊ ဘုရားနံရံများအတွင်းရှိ နံရံပန်းချီများ၊ အုတ်ခွက်၊ ရုပ်ကြွများကို စနစ်တကျ ထိန်းသိမ်းလျက်ရှိသည့်အတွက် နောင်ကိုလည်း ခေတ်အသီးသီး၏ ဝတ်စားဆင်ယင်ပုံများကို မှတ်တမ်းတင်နိုင်ကြမည်ဖြစ်ပါသည်။

ပုဂံခေတ်ဝတ်စားဆင်ယင်မှုကို ဆရာကြီး ဦးဖိုးလတ်က အောက်ပါအတိုင်း ဟောပြောပို့ချခဲ့ပါသည်။

**ဦးဖိုးလတ်၏ စာတမ်း။** ။ ဆရာကြီး ဦးဖိုးလတ်၏ ဟောပြောချက်စာတမ်းတွင် ပုဂံခေတ် လူရုပ်များ၌ တွေ့ရသော ဝတ်စားဆင်ယင်ပုံများမှာ လွန်စွာရိုးသားရှင်းလင်း၍ ကုလားဆန်သည်ဟု ဆိုသင့်လေသည်။ ကျားမ မဟူ အောက်ပိုင်းတွင် ဖျင်ပိုင်းကို ဝတ်ဆင်၍ အပေါ်ပိုင်း၌ တဘက်ကိုသာ ခြုံသိုင်းထား လေ သည်။ မိန်းမရုပ်အချို့တွင်သာလျှင် အပေါ်အင်္ကျီကျပ်ကျပ်ကို ဝတ်ဆင်ထားသည်ကို တွေ့ရသည်။ အရုပ်အများစုတွင် သင်တိုင်းရှည်ကြီးများ ဝတ်ဆင်ထားကြသည်။ နောက်တွဲဆံထုံးများနှင့် ပုတီး၊ နားတောင်း၊ လက်ကောက်၊ လက်စွပ်၊ လည်ဆွဲများလည်း တွေ့ရသည်။ ကျောက်စာများအရ ပိုးချည်ကို အသုံးနည်း၍ ဝါချည်ဖျင်ကိုသာ အသုံးများသည်ဟု ဆိုပါသည်။

ပုဂံခေတ် နံရံရေးပန်းချီများကို လေ့လာကြည့်လျှင် အမျိုးသမီးဆင်ယင်ထုံးဖွဲ့မှုများမှာ ကပိုကရို အသွင်များဖြစ်၍ ဘုရင်၊ မိဖုရား၊ ဝန်ကြီးအရုပ်များက အစ နားတောင်းကြီးများ တွဲလွဲဆင်ထားသည်ကို တွေ့နိုင်ပေသည်။ ပုဂံခေတ်၌ ရွှေပွင့်ထိုးပိတ်ဖြူများ ဝတ်သည်ဟု သိရသည်။

## (၅) ရွှေခြည်ထိုး အဆင်တန်ဆာ

ပုဂံခေတ်ရုပ်တုများအနေနှင့် အာနန္ဒာဘုရား ဆေးရေးပန်းချီများနှင့် မယ်တော်မာယာ သားဖွားခန်းတွင် မြင်ရသော လည်ပင်း၌ တပ်ဆင်သည့် လည်ခွံဗာလီကွေးများ၊ လက်မောင်းအထက် ရတနာများ၊ လက်ကောက်ဝတ်ပေါ်မှ လက်စည်းများနှင့် ဦးခေါင်းပေါ်ရှိ စည်းပုံသဏ္ဌာန် ဆောင်းထားသော အလှအပများကို လေ့လာကြည့်လျှင် ကနုတ်ပန်းများအသွင် ရွှေခြည်ထိုး တန်ဆာပလာများဟု ခန့်မှန်း သိသာနိုင်ပါသည်။ ထို့ကြောင့် ပုဂံခေတ်ကပင် ရွှေခြည်ထိုး အထည်များ ပေါ်ပေါက်ခဲ့ပြီဟု ဆိုရပါမည်။ သို့ရာတွင် အင်းဝခေတ်နှင့်ကုန်းဘောင်ခေတ်ကဲ့သို့ လှပခံ့ညားခြင်း မရှိသေးပေ။ လက်မောင်း လက်စည်းများ၌ ရတနာအများ စီထားသည်ကိုလည်း တွေ့ရသည်။ လက်ကောက်ဝတ်တွင် ရွှေခြည်ထိုးကနုတ်ပန်း အဆင်တန်ဆာကို ဝတ်ဆင်ထားသည်။ ခါးတောင်းကျိုက်သည့်ပုံနှင့် ခါးစည်းများကိုလည်း အိန္ဒိယဆန်ဆန် ဝတ်ဆင်ထားသည်ကို တွေ့ရပေသည်။

ပုဂံခေတ် ၅၇၅ ခုနှစ်ရေးသော လေးမျက်နှာဘုရား ကျောက်စာအရ

**"ဆိယ်ရိယ်ရှယ်ကြိယ်ခြည်နှင့် ခက်အော်၊**
**အထွတ်ကာရှယ်ထွတ် ပ္လုအော်၊**
**အထွတ်ထက္ကာရှယ်ထီဆောက်အော်**
**ရှယ်ထီကိုဝ်ကာပုလယ်သင္ကာဆွယ်အော်"**

ဟုဆိုသောကြောင့် ကြေးကိုအခြည်အမျှင်ခတ်၍ လှပစွာ ခြယ်လှယ်ကြောင်း သိရပါသည်။

"ပုဆိုဝ်ထက္ကာရှယ်ကျက်တငိယ်ခက်အော်"ဟု ဆိုရာ၌ ပုဆိုးပေါ်တွင် ရွှေခြည်ကိုခက်၍ အလှအပခြယ်ကြောင်း သိရပါသည်။

## (၆) ရတနာ အဆင်တန်ဆာများ

**ပုဂံခေတ်လက်ဝတ်လက်စားများ။** ။ပုဂံခေတ် ပစ္စည်းဟောင်းများ တူးဖော် ရရှိရာတွင် ရွှေထည်၊ ငွေထည်၊ ကြေးနှင့်ဖန်ထည်များလည်း ပါဝင်ရာ ပျူတို့၏ပန်းထိမ်ပညာလက်စွမ်းမှာ စိတ်ဝင်စားဖွယ် ကောင်းပေသည်။ သရေခေတ္တရာ၊ ကုလားကန်ကုန်းရွာမှ တူးဖော်ရရှိသော ဓာတ်တော်ကြုတ်တစ်ခုသည် ငွေ ပန်း ထိမ် လက် ရာ ပင် ဖြစ်ပါသည်။ ငွေကြုတ်ရွှေကြုတ်များ၊ ရွှေငွေဖလားများ၊

နော်ဇာကုံး၊ ပုတီးများ၊လည်ဆွဲများ၊ ဘီးငယ်များ၊ခွက်ငယ်များ၊ အဖုံးနှင့် အဖုံးမပါသောကြုတ်များ၊ ကျောက်မျက်ရတနာမျိုးစုံ၊ ရွှေငွေလက်ဝတ်ရတနာမျိုးစုံနှင့်ပုတီးမျိုးစုံတို့ ပါဝင်သည်ဟု သိရပါသည်။

ပျူနှင့် ပုဂံခေတ် အနုပညာသည်ကြီးများသည် ကျောက်သွေး အတတ်ပညာ၌ ကျွမ်းကျင်ကြသည်ကို ဖန်ထည်ပုတီးနားတောင်း၊ လက်ဝတ်ရတနာနှင့် ရုပ်တုရုပ်ပွားများ တွေ့ရခြင်းဖြင့် သိရပါသည်။ ပျူအမျိုးသမီးများ ပုတီး နားတောင်း လက်ဝတ်များဝတ်ဆင်ကြခြင်းမှာ ထိုကျောက်သွေးနှင့် ပန်းထိမ် အနုပညာသည်များ၏ လက်စွမ်းပင် ဖြစ်ပါသည်။ တွင်းထွက်ရတနာဖြစ်သော ရွှေ၊ ငွေ၊ ပယင်း၊ နီလာ၊ ပတ္တမြားနှင့်ဂေါမုတ်စသော ကျောက်မျက်ရတနာများကို ခံမင်စွဲလန်းနှစ်သက်စွာ ဝတ်ဆင်ကြသည်ကို အကဲခတ်နိုင်ပါသည်။

**မနူဟာမင်းကြီး၏ လက်ဝတ်ရတနာ။** ။ သထုံဘုရင် မနူဟာမင်းကြီးသည် ပုဂံသို့ ပါတော်မူသည့်အခါ မိမိ၏ မနောမယ၊ ကြောင်မျက်ရွဲလက်ဝတ်တော်ကို မြင်းကပါသူဌေးထံ လှည်းခြောက်စီးတိုက် အသပြာတို့ဖြင့်ရောင်းချပြီးလျှင် ဘုရားတည်တော်မူရာ၌ လက်ခအဖြစ် ကံကျေးရိက္ခာ ပေးခဲ့ကြောင်း ကျောက်စာ ထိုးခဲ့သည်ဟူ၍ သိရပေသည်။ ထိုအထောက်အထားအရ လက်ဝတ်လက်စား၊ ရတနာများ ခေတ်ကောင်းခဲ့ကြောင်း၊ တန်ဖိုးထား၍ ဝတ်ဆင်ကြကြောင်း သိသာနိုင်ပါသည်။

# အခန်း (၃)

# အင်းဝခေတ် ဆင်ယင်ထုံးဖွဲ့မှု

## (၁) စာပေအထောက်အထားများ

သက္ကရာဇ် ၇၆၇ ကျော်မှစ၍ ပထမအင်းဝခေတ်သည်လည်း ပုဂံခေတ်ကဲ့သို့ပင် စည်ကား ထင်ရှားလာခဲ့ရာ ပျို့၊ ရတု၊ ကဗျာ၊ လင်္ကာများကိုပို၍ပင် အရေးအသားများပြားလာကြောင်း တွေ့ရသည်။ ထိုစာပေ အနုပညာများအရ အမျိုးသမီးတို့၏ ဝတ်စား ဆင်ယင်မှုကိုလည်း သိကြရပါသည်။

## ရှင်မဟာရဋ္ဌသာရ၏ တင်စားပုံ

ရှင်မဟာရဋ္ဌသာရ၏ "ပုရေနိသင်"ချီရတု၌ **"ခင်နှိုး ကွက်ကျယ်၊ ပြောက်မျိုးခြယ်၍၊ ဆင်စွယ်ဝန်းယှက်၊ မွေးမယ်ရက်သည်၊ အသက်တို့က၊ ဆက်လှာရလည်း"** ဟု ဖွဲ့ဆိုခဲ့ရာ ဆင်စွယ်ဝန်းယှက်အဆင်များ ရက်ကန်းလောက၌ ပေါ်ပေါက်ကြောင်း သိရပါသည်။ အချိတ်ဟူ၍ကား မခေါ်ဝေါ်ကြသေးပါ။

ကိုးခန်းပျို့၌လည်း **"ဗိုင်းမှုဝါမှု၊ ညီစေတုသို့၊ ဖန်ပြု ဖျစ်ကြိတ်၊ အိမ်လုံးထိတ်မျှ၊ မဆိတ်မညံ၊ ချည်ဝင့်သံလည်း၊ တရံမပြတ်၊ ချားရဟတ်နှင့်၊ ချည်သွတ်မချာ၊ ချည်စာယူထဲ....မအားကြသည့်"** ဟူသော အထောက် အထားကို တွေ့ရပါသည်။ သိဒ္ဓတ္ထမင်းသား တောထွက်ခန်း၌ ဝတ်ဆင်ထားသည်မှာ အချိတ်ထည် ဖြစ်သည်ဟုလည်း သိရပါသည်။ ချွင်ချွင်ချပ်ဟူသော လက်ခတ်သံကပင် တူရိယာသံတစ်မျိုးအနေနှင့် အသက်ဝင်ခဲ့ပေသည်။

ထို့ပြင် ရှင်မဟာရဋ္ဌသာရ၏ တောင့်တဲတွန့်ရတု၌ ရွေးမှုမပျက် ဝတ်ဆင်ကြပုံ၊ ကျစ်လျစ်တင့်တယ် လှမျိုးကြွယ်အောင် မြိတ်ဖြူ၊ မြိတ်စို့၊ မြိတ်လွတ် ဆံထုံးများ ထုံးကြကြောင်း၊ မွှေးကြိုင် ထုံသင်းသော ရွှေအင်္ကျီနှင့် ရွှေထဘီများ၊ မြစီသော နားတောင်းများဝတ်ကာ နွဲ့နွဲ့နှောင်းနှောင်းနှင့် လှပတင့်တယ်ကြပုံ၊ လက်ဖျား၌လည်း ဒန်းဆိုးထား၍ ကွမ်းရည်အရောင်၊ သက်တန့်ရောင် နီမြန်းနေပုံ၊ သဘာဝ မျက်တောင်ကော့ကြီးများ၊ စုတ်ဖြင့်ရေးသည့်မျက်ခုံးများနှင့် ကတိုးသော်မေ်များ လိမ်းကျံထားသည်ဖြစ်ရာ နုတ်ပြည် ခြောက်ထပ်မှ နတ်သမီးကလေးများ ကျဆင်းလာသည်ဟု ထင်ရကြောင်း အလွန်သိမ်မွေ့စွာ စီဖွဲ့ခဲ့ပေသည်။

**"ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်၊ ပျိုမျစ်မျစ်မူ၊ ကျစ်လစ်တင့်စမွယ်၊ လှမျိုးကြွယ်သား၊ ဆံသွယ်မြ မြိတ်စို့၊ ဆင်းရောင်ပျိုကို"** ဟူ၍ဖြစ်ပါသည်။ ထို့ပြင်

**"ဖြူမြိတ်ရှက်နှင့်၊ လက်လက်လှထိန်ပြေး၊ ရွှေခြည်ရေးသို့၊ ပျံ့မွှေးရွှေအင်္ကျီ၊ ရွှေထဘီနှင့်၊ မျက်စီ ရွှေနားတောင်း၊ နွဲ့နွဲ့နှောင်းမူ၊ ရောင်မှောင်း ကွမ်းရည်သွား၊ သက်တင်လားသို့၊ လက်ဖျား ဒန်းနီရောင်၊ လှ တန် ဆောင် မူ၊ မျက် တောင် ကော့ ညွတ် သေး၊ စုတ်ဖြင့်ရေးသို့၊ ကြူအေးကတိုးရည်၊ ထုံမျိုးချည်၍၊ နတ်ပြည်မိုးသူဇာ၊ ပျံသက်လှာသို့"** ဟူ၍ ဖော်ပြခဲ့ပါသည်။ ထိုမျှမကသေးပါ။ မိန်းကလေးများ ကြက်တောင်စည်းကြပုံကိုပါ ဖော်ပြခဲ့ပါသည်။

**"ရွှေကြက်တောင်ဝယ်၊ ဖြူရောင်ရေးထင်စွ၊ သွယ်ခွေချ၍၊ ထွန်းပကိုယ်ရောင်ဝင်း၊ ပြာနွဲ့ရှင်းမူ၊ ပျံ့ရှင်းနံ့သာပျောင်း၊ မမွှေးတောင်းတည့်"** ဟူ၍ ဖော်ပြထားရာ နံ့သာအမွှေးအကြိုင် လိမ်းကြသော ဓလေ့ထုံးစံကို သိကြရပါသည်။

အင်းဝသူလေး၏အလှကို တင်စားရာ၌ ရှင်မဟာရဋ္ဌသာရသည် နူးညံ့သိမ်မွေ့လွန်းသည်။ သူတစ်ပါး မြင်ရိုးမြင်ပုံနှင့်မတူ။ သူ မြင်တွေ့လိုက်သောအချိန်မှာ ညနေဆည်းဆာချိန်ဖြစ်ရာ အလှမှာ ပို၍မက်မောဖွယ်ဖြစ်လေသည်။ ရွှေကြက်တောင်စည်း၊ ရွှေထဘီ၊ ရွှေအင်္ကျီနှင့် ရွှေခါးကြိုးကိုသာမက ရွှေရင်ဖုံး၏သို့ မဖုံး၏သို့ မသဲကွဲပုံကိုပါ စာထဲ၌ထည့်၍ စပ်ဆိုခဲ့သည်ကို တွေ့ရသည်။




"ဒေဝစ္ဆရာ၊ ပြင်လျှာသက်တင်ရောင်၊ ရွှေကြက်တောင်ဝယ်၊ လုခေါင်ပြစ်မျိုးလွတ်၊ ပြာထွတ်ထွတ်လျှင်၊ ရစ်ပတ်ခြုံးမြောင့်စီ၊ ရွှေထဘီနှင့်၊ အာနိသိန်းတန်မျိုး၊ ရွှေခါးကြိုးလည်း၊ စံမျိုးနေ့တိုင်းပင်၊ အမြဲဆင်၍၊ ကျန်းတွင်ဇမ္ဗူလုံး၊ ပြိုင်တိုင်းရှုံးသည်၊ ပြစ်လုံးကင်းဝေးစွာ၊ မိုးသူဇာသို့၊ ဆည်းဆာညရီတွင်၊ ကျန့်ပ်မြင်သည်၊ ရွှေရင်ဖုံးတုံ၊ မဖုံးတုံ" ဟူသော ရှင်မဟာရဋ္ဌသာရ၏ အင်းဝသူ၏ အလှစံချိန်ကို သိရပါသည်။

ဒေဝစ္ဆရာနတ်သမီးနှင့် နှိုင်းယှဉ်လောက်အောင် လှပသော အင်းဝပျိုဖြူများ၏အလှကို ချိန်ဆ၍ ကြည့်နိုင်ပါသည်။ အာနိပုလဲ တစ်သိန်းတန်နှင့် ရွှေခါးစည်းကြိုးကိုလည်း အမြဲဆင်သည်ဟု ဆိုထားပါသည်။ "ရွှေကြက်

**တောင်ဝယ်၊ ဖြူရောင်ရေးထင်စွ၊ သွယ်ခွေချ၍၊ ထွန်းပ ကိုယ်ရောင်ဝင်း၊ ပြာနှံ့ရှင်းမူ၊ ပျံ့ရှင်းနံ့သာပျောင်း၊ မမွှေး တောင်းတည့်"** ဟု ဆိုပြန်သည့်အတွက် အင်းဝနန်းတွင်း သူများ အမွှေးအကြိုင်ကို မည်မျှ ခုံမင် တွယ်တာကြ ကြောင်း အကဲခတ်နိုင်ပါသည်။

ကဗျာ့ပါရဂူ စာဆိုကျော် ပုဂ္ဂိုလ်ကြီး အရှင်မဟာရဋ္ဌသာရသည် ဒုတိယမင်းခေါင်၏ သမီးတော် နားထွင်း မင်္ဂလာပြုစဉ်က ''အိုဘဲ့ဘယ် အိုဘဲ့သမီးတော်၊ နတ်သော် ပုံမယွင်း'' ဟူသောလင်္ကာလေးကို ကလေးပြိုပြို ရေးသားခဲ့၏။ သမီးတော်များ သျှောင်ထုံး၊တဘက်ဆင်၊ ဒက်ဆင် သည့်မင်္ဂလာဥ္စကား ဆံထုံးတော်များ၏ အမည်ကိုထည့်၍ စပ်ဆိုခဲ့ရာ ထိုခေတ်ဆံထုံးအမည်များကို သိကြရပါသည်။

**"ဆံထုံးတော်မြိတ်ဖြူ၊ နတ်တူစိုးမည့်သူဘုရား"**
**"ဆံ ထုံး တော် မြိတ် လွတ်၊ နန်းထွတ်စံမည့်သူဘုရား"**
**"ဆံထုံးတော်စုလည်း၊ ပစ္စည်းရတနာ များစွာပွားမည့်သူဘုရား"**
**"ဆံထုံးတော်ယကင်၊ နန်းတွင်စံမည့်သူဘုရား"**
**"ဆံထုံးတော် မြိတ်ရစ်၊ သက်ဆစ် ရာကျော် ရှည်တော်မူမည့်သူဘုရား"**

ဟူ၍ ဖြစ်ပါသည်။ ဆံထုံးကိုလိုက်၍ ဆုတောင်းမေတ္တာပို့ခြင်း၊ နိမိတ်ဖတ်ခြင်းများဟု ယူဆရပါသည်။

## ရှင်အဂ္ဂသမ္မာဓိ၏အမြင်

ရှင်အဂ္ဂသမာဓိကမူ အင်းဝသူလေးများ အလှပြုသွားရာ၌ အလှခြယ်သပုံကို ဖွဲ့ဆိုခဲ့ပါသည်။

**"ဆံစုဘွဲ့ချည်၊ ရသည့်ဝတ်ကောင်း၊ နားဒွှောင်း လက်စွပ်၊ လက်ကြပ်ပတီး၊ ညီးရရီးလျှင်၊ သမီးလုလင်၊ ဆင်ယင်စလို၊ စိမ်းညိုဝါရွှေ၊ ပြာခြေနုရင့်၊ တင့်ပစေ လျက်၊ အသရေတောက်ပ၊ ရောင်လှဆင်းရွှယ်၊ စီကာ သွယ်လျှင်၊ စံပယ်စံသျက်၊ သဘင်ထွက်၏"**

စ သည် ဖြင့် အ ဝတ် ကောင်း များ ဝတ် ကြ ပုံ၊ အရောင်စုံအဆင်များ ဝတ်ကြပုံ၊ လက်ဝတ်လက်စား ဆင်ယင်ကြပုံများကို ဖော်ပြခဲ့ပါသည်။

## ရှင်တေဇောသာရ၏အမြင်

ထို့ပြင် **"ရွှေရည်ရုပ်ထု၊ ပုံသွင်းပြုသို့၊ ပျိုနုလတ်လတ်၊ ဝင်းရှိမ်းမတ်မူ၊ သွယ်ပတ်ဝေဝေ၊ ထုံးနောက်ခွေနှင့်၊ တင့်နေစလှ၊ ဆည်းရီညဝယ်၊ လွှလွှဖြူစင်၊ ပေါ်ရုံတင်၍၊ ထမ်းစင်ယာဉ်သာ၊ စီးစကာတည့်၊ သူဇာပေပင်၊ ရှင့်ဆင်းပြင်မူ၊ မြင်လျှင်လွန်ကြူး၊ အုံ့မိန်းမူးသည်၊ သောက်ရှူးသော်တာအရောင်လော"** ဟူသော ရှင်တေဇောသာရ၏ ရတုစာပေအရ အင်းဝခေတ် ရခိုင်အမျိုးသမီးများ၏ ရွှေဂျပ်သွင်သည်လည်း ကောင်း ပေါ်လွင်လျက် ရှိပေသည်။

## ဒုတိယအင်းဝခေတ် (ညောင်ရမ်းခေတ်)

အချိတ်ဟူသောဝေါဟာရကို စတင်သုံးစွဲ ပေါ်ပေါက်သည်မှာ ညောင်ရမ်းခေတ် ဖြစ် ဟန် တူ လေ သည်။ သက္ကရာဇ် ၉၅၉ ခုမှ ၁၁၁၃ ခုနှစ်အတွင်း ဒုတိယအင်းဝနိုင်ငံတော်ကို ညောင်ရမ်းမင်းတရားကြီး တည်ထောင်ခဲ့သည်ဖြစ်ရာ ထိုခေတ်စာပေ အထောက်အထားများအရ အချိတ်အကြောင်း သိရှိရပါသည်။

ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့တွင်

**"နဂိုရ်စိုးချာ၊ မင်းတို့သာလျှင်၊ ဝတ်ရာစဉ်ရိုး၊ ရာမြင့်မိုး၏၊ ပုဆိုးလျှပ်သွင်"** ဟူသောစာပုဒ်နှင့်—

**"ရွှေချည်ချယ်ဘက်၊ လက်ချိတ်ယက်သည်၊ ကပ်ကွက်ကျူးကျော်၊ ဝတ်လဲတော်ကို"** ဟူသော ကောက်နုတ်ချက်အပြင်—

ဟံသာဝတီပါမင်း၏ အမှာတော်ပုံတွင် **"လက်ချိတ်လွန်းပျံ၊ ကေနံ၊ သည်တွင် အစပေါ်လေပြီ"** ဟူ၍လည်း ကောင်း တွေ့ရသည့်အတွက် ၁၀၈၅ ခုနှစ်မှ ၁၁၁၃ ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့ပြီဟု ခန့်မှန်းရလေသည်။

## (၂) ပန်းချီအထောက်အထား

အင်းဝခေတ်လက်ရာများမှာ ရှေးရိုးပုဂံမူမှ ခွဲထွက်စပြုပြီဖြစ်၍ ဗုဒ္ဓဝင် ဇာတ်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ်နိပါတ်တော် သရုပ်ဖော်မှုများတွင် မင်းမိဖုရားတို့၏ ဟန်များကို အကဲခတ်နိုင်ပေသည်။

အင်းဝခေတ်နောက်ပိုင်း ညောင်ရမ်းခေတ် ပန်းချီများကို စစ်ကိုင်းနှင့် ပုဂံ၌တွေ့ရသည်။ စစ်ကိုင်းတောင်ရိုးရှိ တိလောကဂုရုလိုဏ်ဂူနှင့် ပုဂံမှ ဥပါလိသိမ်တို့ ဖြစ်လေသည်။

စစ်ကိုင်း မီးပေါက်ကြီးဘုရား၊ လောကမှန်ကင်းဘုရား၊ မုံရွာဖိုးဝင်းတောင်မှဂူများ၊ အမရပူရ ရွှေဂူသာဘုရား၊ ပုဂံကမ္မကျောင်းဦးဘုရား၊ ပုဂံစူဠာမဏိဘုရားနှင့် တောင်ဘီပိဋကတ်တိုက်တို့တွင်အင်းဝခေတ်လက်ရာများ ရှိခဲ့ပေသည်။ ပုဂံဥပါလိသိမ်၊ တောင်ဘီကမ္မကျောင်းဦးဘုရားနှင့် စူဠာမဏိဘုရားမှ ပန်းချီတို့မှာ တိလောကဂုရုလိုဏ်ဂူရှိ ပန်းချီလက်ရာများထက် ပိုမိုပြေပြစ်သည်။ လူပုံသဏ္ဌာန်များမှာ အသေးစိတ်ပင် နွဲ့နွဲ့နှောင်းနှောင်း ရှိသည်။ ကုန်းဘောင်ခေတ် ဝတ်စားဆင်ယင်ပုံနှင့် တူသည်ကိုတွေ့ရသည်။

တိလောကလိုဏ်ဂူမှ အမျိုးသမီး ဝတ်ဆင်သော အင်္ကျီမှာ လက်မပါဘဲ ကိုယ်ထည်ချည်းသာဖြစ်၍ ရင်သားအထက်မှ ဒူးအောက်နားအထိ စွပ်ထားပုံပေါ်သည်။ များသောအားဖြင့် အဖြူရောင်တွင် ပန်းပွင့်များ (သရက်ထည်သဏ္ဌာန်) ဖော်ထားသည်။ ပခုံးနှစ်ဖက်တွင်ကား ပဝါဖြူနှင့် တဘက်ကို လွှမ်းခြုံထားသည်။ ပဝါဖြူကို ပခုံးတစ်ဖက်တည်းသိုင်း၍ တွဲလျားချထားပါသည်။

ပုဂံဥပါလိသိမ်အတွင်းမှ ပန်းချီများသည် အင်းဝခေတ်နောက်ပိုင်း လက်ရာများဖြစ်သည်။ ဘုရင်အနော်ရထာစသော မင်း၊ မှူးမတ်တို့ပုံမှာ ပုဂံဆင်ယင်ထုံးဖွဲ့မှုနှင့် လွန်စွာကွာခြားလေသည်။ မင်းညီမင်းသား ရံရွေများကို အချိတ်ပုဆိုး၊ ထဘီနှင့်တွေ့ရသည်။

ပုဂံ စူဠာမဏိဘုရား နံရံ ပန်းချီများမှာ အင်းဝ



နောက်ပိုင်းလက်ရာများ ဖြစ်သည်။ တူရိယာဆိုင်းဝိုင်းများနှင့် အမျိုးသမီး ကခြေသည်များကိုလည်း တွေ့ရသည်။ နေ့စဉ်လုပ်ငန်းဆောင်တာအဖြစ် ရက်ကန်းရက်နေပုံ၊ ရေခပ်ပုံ၊ ရေချမ်းစင်တွင် ရေဖြည့်ပုံ၊ ဆွမ်းလောင်းပုံ၊ ဆံပင်ရှင်းနေပုံ၊ ဆံထုံးထုံးပုံ၊ မှန်ကြည့်ပုံများလည်း ပါဝင်သည်။ အင်းဝခေတ်နောက်ပိုင်း ပုံစံဖြစ်၍ ပုဆိုး၊ ထဘီအနားပွကြီးများနှင့် တဘက်ပတ်ထားပုံများကို မြင်တွေ့ရသည်။

## (၃) ဇာတ်တော်ပန်းချီကားများ

ဥမ္မာဒန္တီ ဇာတ်တော်ပန်းချီကား၌ ပုဏ္ဏားများက ဥမ္မာဒန္တီကို လက္ခဏာဖတ်ရာတွင် ဥမ္မာဒန္တီသည် ဆံထုံးဝိုင်းကလေးနှင့် ပဝါရှည်များသိုင်းထားပုံ၊ နားတောင်းကြီးများ ပန်ထားပုံကိုပါ ရေးဆွဲဖော်ပြထားပုံကို တွေ့ရသည်။ တူရိယာဝိုင်းများကိုထောက်၍ တေးဂီတအဆင့်အတန်း မြင့်မားလာကြောင်း သိနိုင်သည်။

သို့ရာတွင် အချို့နေရာများ၌ သဘာဝကျမှုမရှိသည်ကိုလည်း တွေ့နိုင်ပေသည်။ ဥပမာ မယ်တော်မာယာ လှမ်းကိုင်သည့် အင်ကြင်းကိုင်းနှင့် အပွင့်အရွက်များမှာ အဆမတန်ကြီးမားနေခြင်း၊ အုန်းပင်တက်သော ရှဉ့်ကလေးများမှာ အုန်းသီးနှင့်စာလျှင် ကြီးလွန်းနေခြင်းများ ဖြစ်ပါသည်။ သို့ရာတွင် ကားချပ်တစ်ခု အတွင်း၌ အကြောင်းအရာပြည့်စုံအောင် ထည့်သွင်းရေးဆွဲနိုင်ခြင်းအတွက်ကား ချီးကျူးထိုက်ပေသည်။

အင်းဝခေတ်၌ အစိမ်းရောင်ကို ပို၍သုံးကြကြောင်း တွေ့ရသည်။ လောကနတ်သား၊ ဗောဓိနတ်သား၊ နတ်သမီးပုံများမှာ ပို၍ပီပြင်လာသည့်အပြင် ဒုတိယအင်းဝခေတ်၌ ဝေဿန္တရာဇာတ်နှင့် ဘုံခန်း၊ ငရဲခန်းပျိုလာ ပန်းချီများကိုပါ ရေးဆွဲလာကြလေသည်။ ပုဂံခေတ်က အိန္ဒိယဆန်သော မျက်နှာပေါက်မျိုး၊ မလုံ့တလုံဝတ်ဆင်မှုမျိုးမှတစ်ဆင့် **"ခါးချပ်ထဘီ၊ အင်္ကျီဒုယင်၊ ပဝါတင်လျက်၊ထုံးယှက်ပတ်ဖြေ၊ ဆံမြိတ်ခွေနှင့်" ဟု** ဖွဲ့ခဲ့သည့်အတိုင်း ပို၍မြန်မာဆန်လာသည့်ပုံများကို ရေးဆွဲလာကြသည်။ တစ်ခါတစ်ရံ ပျူကခြေသည်များ၏ ဆံထုံးနှင့်တူသော မုန့်ဝိုင်းလေးများ ထောင်ထားသည့်ပုံမျိုး၊ ရင်လွှားတဘက်မျိုး ပါလာသည်ကို တွေ့ရသည်။

ဝေဿန္တရာကားချပ်၌ ဒိုတ်ဝတ်သော မင်းကြီး၏ ပုံမျိုးမဟုတ်တော့ဘဲ မကိုဋ်၊ သင်းကျစ်များနှင့် ခမ်းနားသောဆင်ယင်မှုများကို တွေ့ရသည်။

## (၄) အဝတ်အစားနှင့် ဆင်ယင်ပုံများ

ထိုပန်းချီလက်ရာများ၌ အင်းဝသူတို့၏ အဝတ်အစားအဆင်များမှာ ကန့်လန့်အဆင်းနှင့် အဖြူခံတွင် ပန်းပွင့်ဖော်ထားသော ထဘီများကို ခြေမျက်စိအထိ ဝတ်ဆင်ကြပြီး အင်္ကျီများသည် လက်မပါဘဲ ရင်သားအထက်မှ ဒူးလောက်အထိ စွပ်ထားပုံရသည်။

ဆံထုံးများကို ခေါင်းပေါ်တွင် မတ်မတ်ထုံး၍ ပန်းပွင့်အရစ်သဏ္ဌာန် ရွှေရောင်အဆင်တန်ဆာကို ဆင်မြန်းထားပေသည်။ အင်းဝခေတ်နောက်ပိုင်းတွင် ပုရပိုက်ပန်းချီများ အရှိန်ရစပြုလာပြီဖြစ်ရာ ယဉ်ကျေးမှုသရုပ်ဖော်ပုံများ ပီပြင်လာသည်ကို တွေ့ရပေသည်။

သိဒ္ဓတ္ထမင်းသား တောထွက်ခန်း၌ သားတော်ပိုက်လျက် စက်ပျော်နေသော ယသော်ဓရာ၏ ပုံမှာ အလှဆုံးဖြစ်သည်။ တဘီခြေဖျားမှာ ငါးကြင်းမြီးကဲ့သို့ ကော့ပျံ့နေဘိသည်။ အင်းဝခေတ် ကချေသည်များ၏ပုံတွင် အင်္ကျီလက်ပွနှင့် ထဘီအနားပွကြီးများကို တွေ့ရသည်။ ကာကဝလ္လိယသူဌေးကြီး စည်းစိမ်ခံပုံ၌လည်း အင်းဝပျိုဖြူများ၏ ရွှေရင်စည်းနှောင်ထားပုံမှာ မဖုံး၏သို့ ဖုံး၏သို့ဖြင့် အမြင်ထူးလေသည်။ အမျိုးသမီးတူရိယာဝိုင်းများကို အာနန္ဒာအုတ်ကျောင်းပန်းချီ၌ တွေ့ရသည်။ ညှင်းမှုတ်သူ၊ ပတ္တလားတီးသူ၊ စောင်းမိကျောင်းတီးသူ၊ ကျေးငှက်ကို လက်ပေါ်တင်၍ စေတမန်လွှတ်သူများ၏ပုံကို တွေ့ရသည်။ တဘက်ခြုံသောဓလေ့ကို အထူးသဖြင့် မြင်တွေ့ရသည်။ **"တောင်ပံကြကြ၊ မြီးပွပွနှင့်၊ မန္တရသွင်၊ ဥဒေါင်းရှင်သို့"** ဟူသော စာနှင့် ကိုက်ညီသည့် ကြကြရွရွပုံများ ဖြစ်လေသည်။

အင်းဝခေတ်အမျိုးသမီးများ ကြေးမုံပြင်မှန်ရှု နေပုံ၊ တို့ဖတ်ရိုက် အလှပြင်နေပုံများမှာ အသက်ဝင်လှပေသည်။ သို့ရာတွင် ထိုပန်းချီပုံများ၌ ချစ်၊ ရှင်၊ သနား၊ တည်ငြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့သြစသော ရသများပါသည့် မျက်နှာထားမျိုးကို မတွေ့ရပါ။ အများအားဖြင့် ဘေးစောင်းမျက်နှာများသာ ဖြစ်လေသည်။ ရေချိုးဆိပ်တွင် ချေးတွန်းနေသူ၊ ထဘီလဲနေသူ၊ ထဘီရင်ရှားနှင့် ရေအိုးရွက်သူများ၏ပုံကိုလည်း တွေ့ရသည်။

ပန်းချီလက်ရာများ တိုးတက်လာသည့် အတွက် ဒုတိယအင်းဝခေတ် လက်ရာများမှာ ပို၍ပီပြင်လာရာ ဘုရားအလောင်းသည် နိမိတ်ကြီး လေးပါးမြင်၍ တောထွက်ပုံ၊ ယသော်ဓရာနှင့် သားရာဟုလာ စက်တော်ခေါ်သည်ကို ရှုစားပုံ၊ မောင်းမမိဿံများ

တူရိယာများကို ပိုက်၍ အိပ်စက်နေကြပုံများတွင် ဆံထုံးပုံစံများကို အထင်အရှား တွေ့ရပေသည်။ မာရ်နတ်က တားနေပုံ၊ ဆံတော်ပယ်ပုံ၊ ကဏ္ဍကမြင်း ရင်ကွဲနာကျ၍ သေဆုံးသွားပုံ၊ ဝေဿန္တရာမင်းကြီး ဆင်ဖြူတော်လှူပုံ၊ ဝက်ဘာသို့ ကြွလှမ်းကြဟန်၊ မဒ္ဒီသစ်သီးရှာထွက်ပုံ၊ ဂဏှာဇာလီနှင့် သစ်ပင်ပေါ်မှ ဇူဇကာတို့ပုံ၊ မင်းလေးပါး ပြည်တော်ပြန်ခန်း စသည်တို့တွင် ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီဒေဝီတို့၏ အင်းဝခေတ် အဝတ်အစားများကို မြန်မာဆန်ဆန် ရေးဆွဲထားသည်ကို တွေ့ရှိရပေသည်။ ထိုလက်ရာအချို့ကို အမရပူရ ရွှေဂူသာဘုရားနှင့် စစ်ကိုင်းတိလောကဂုရု လိုဏ်ဂူ၌ တွေ့နိုင်ပေသည်။

ထိုပုံများကို မျက်မှောက်ခေတ် ပန်းချီဆရာများက ပုံတူရေးဆွဲ ကူးယူမှတ်တမ်းတင်ကာ မဂ္ဂဇင်းသတင်းစာများ၌ ဖော်ပြခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။ ဤအထောက်အထားများမှာ တန်ဖိုးကြီးလှသော မှတ်တမ်းများဖြစ်ပါသည်။ ပျိုကဗျာ လင်္ကာများနှင့် ပန်းချီ၊ ပန်းပု၊ ရုပ်ကြွရုပ်လုံးများ၏ အထောက်အထားများအပြင် ကျောက်စာ၊ ပေစာ၊ မင်စာများ၊ တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်း ရုပ်တုရုပ်ကြွင်းများကလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုကြသည်ကို တွေ့ရပါသည်။

## (၅) ဓမ္မရာဇိကဘုရား မင်စာ၏ အဆို

အနောက်ဘက်လွန်မင်းတရား၏ ဆရာတော်တစ်ပါး ရေးသော ပုဂံမြို့ဓမ္မရာဇိကဘုရားမင်စာ လင်္ကာသုံးပုဒ် အနက် တတိယအပုဒ်တွင် ဝတ်စားဆင်ယင်ပုံကို ဤသို့ ရေးသားဖော်ပြထားသည်။

**"နတ်သွင်ညိမ့်လေး၊ ပျိုငယ်သွေးတို့၊ နှံမွှေးပေါက်ပြု၊ ဆင်ဝတ်ကြ၍၊ ဇောတလွဲပြောင်း၊ နားဒှောင်း လက်ကြပ်၊ လက်စွပ်ရွှေပန်း၊ ပြောင်ရှန်းပျိုးပြက်၊ လျှံတက်ဆံကျင်၊ ကိုယ်စီဆင်၍၊ နတ်သွင်စံမြောက်၊ ကြိုင်သစ်အောက်ဝယ်၊ ဝင်းတောက်ပြောင်ရှင်၊ ဖော်ပင် တရှိ၊ နိုးဘိရွှေရင်"** ဟူ၍ ဖြစ်ပါသည်။ လက်ဝတ် လက်စားများ၊ ဆံထိုး၊ ဆံကျင်များ သုံးစွဲကြောင်းနှင့် ရင်လွှမ်းတန်ဆာ၏ အလှအကြောင်းကို ဖော်ပြထား လေသည်။ အမျိုးသမီးများ၏ လည်ပင်း၌လည်း လည်ရစ်ကလေးသုံးဆင့်ကို အမြဲထည့်၍ ရေးဆွဲထား ကြောင်း တွေ့ရပါသည်။

ပုဂံ ဓမ္မရာဇိကဘုရား မင်စာများ၌ **"ပန်တျာ သည်မှ၊ ယဉ်စနှင့်၊ သွယ်လျလျော့လျဉ်း၊ နဖူးစည်းနှင့် ခါးစည်းလက်ကြပ်၊ ဝင်းဝင်းလျှပ်သား၊ တီးခတ် စည်း ကျ၊ ဆိုအကတွင်၊ ရှင်ပျန့်လုံး"** ဟု တွေ့ရသည့်အတွက် ကခြေသည်များသည် နဖူးစည်း၊ ခါးစည်းနှင့်၊ တောက်ပ သောအဝတ်အစားများ ဝတ်ဆင်ပုံကို မှန်းဆကြည့်နိုင် ပါသည်။

## (၆) ပိုးထည်အစ တရုတ်က

တရုတ်ပုံပြင်တစ်ခု၏အဆိုမှာ ဘီစီ ၂၇၀၀ က မိဖုရား "ဆီလန်ရှီ" သည် တစ်နေ့သောအခါ ဥယျာဉ်တွင်းဝယ် လက်ဖက်ရည် သုံးဆောင်နေခိုက် ပိုးမသင်တစ်ပင်ကို ကြည့်လိုက်ရာ ဖွေးဖွေးတုတ်တုတ် ပိုးကလေးတစ်ကောင်၏ ပါးစပ်မှ ခြည်မျှင်သည် တောက်ပစွာ တန်းနေသည်ကို မြင်ရသည်။ ထိုပိုးကောင်သည် မိမိ၏ ကိုယ်ကိုချည်မျှင် ဖြင့်ပတ်ရစ်နေသည်။ မိဖုရားက ထိုပိုးအိမ်ကို လက်ဖက် ရည်ပန်းကန်ထဲသို့ထည့်၍ စိမ်ကြည့်ရာ ချည်မျှင်ပျော့ သွားသည့်အတွက် အထည်ရက်ရလျှင် ကောင်းမည်ဟု ကြံကာ မြေကွက်တစ်ခုကိုတောင်း၍ပိုးမွေးမြူလေသည်။ ထိုပိုးချည်မျှင်ဖြင့် ပိုးထည်များရက်လုပ်လေရာ တရုတ်မှ တစ်ပါး မည်သည့်လူမျိုးမျှ မတတ်ကျွမ်းကြပေ။ ပိုးမွေး မြူနည်းကို လျှို့ဝှက်ထားခဲ့သည်။ ပိုးဥများခိုးယူခဲ့သော် သေဒဏ်အပြစ်ပေးလေသည်။ တရုတ်တို့၏ ပိုးချည်လမ်းမ ကြီးအကြောင်းကိုကား ကမ္ဘာကပင် အသိအမှတ် ပြုခဲ့သည်။ အေဒီ ၅၅၀ ၌ ဂျပ်စတီးနီယန်ဘုရင်သည် ပါရှင်ဘုန်းကြီးနှစ်ပါးကိုစေလွှတ်၍ ပိုးဥများကို ဝါးလုံး ခေါင်း၌ထည့်ကာ တိတ်တဆိတ်သယ်ယူလာစေခြင်းဖြင့် ကွန်စတင်တီနိုပယ်မြို့တွင် ပိုးစတင်မွေးခဲ့လေသည်။ ထိုမှတစ်ဆင့်စပိန်၊ အီတလီနှင့်ပြင်သစ်သို့ ပျံ့နှံ့ခဲ့ကြောင်း အဆိုရှိလေသည်။ မြန်မာနိုင်ငံသို့လည်း တရုတ်ပြည်မှ တစ်ဆင့်ကူးသန်းရင်း ပိုးထည်များ ရောက်ရှိလာသည်ဟု ဆိုနိုင်ပါသည်။ ပုဂံခေတ်ကပင် ပိုးထည်များ ဝတ်လာ ကြပြီးလျှင် အင်းဝခေတ် နောက်ပိုင်းတွင် ကသည်း ရက်ကန်း ပညာရှင်များထံမှ ပိုးရက်ကန်းအတတ်ပညာ များ ပျံ့ပွားတိုးတက်လာသည်ကို တွေ့ရပါသည်။

## (၇) ဗျာပါဆ

အင်းဝခေတ်၏ ထူးခြားချက်တစ်ခုမှာ ဗျာပါဆ ပေါ်လာခြင်းပင်ဖြစ်သည်။ ထိုထုံးဖွဲ့နည်း ပေါ်လာရ ခြင်း အကြောင်းတစ်ရပ်ရှိပါသည်။ မင်းသမီးချင်းမြတ်လှ

သည် မိဖုရား ကေန်ဖြစ်လိမ့်မည်ဟု ဗေဒင် အဟောရှိသည့်အတွက် စိတ်ကူးယဉ်ခဲ့ရာ မြို့စားနှင့်သာ စုံဖက်ရမည်ဖြစ်၍ ဘုရင်ကတော် မဖြစ်ရသည့် ဗျာပါစိတ်ကြောင့် ဆံပင်ကို လှေဦး၌တင်၍ ခုတ်ဖြတ်ပြီးလျှင် ဟောစတမ်းနှင့်အတူ ရေထဲသို့မျှောပစ်လိုက်လေသည်။ ဘိုရာတွင် သူ၏ဗျာပါစိတ်ဖြင့် ဖြတ်လိုက်ပြီးကျန်ရှိသည့် ဆံပင်များကို စုစည်း၍ နှောင်လိုက်သည့်အခါ နားနောက်ဘက်၌ မမိ့တမိနှင့်ဆံထုံးကြားမှ ကော့ကော့ ကျော့ကျော့လေး ထွက်နေသည်ကို အများက ရှုမဝဘဲ ဖြစ်ရလေသည်။ ထိုဆံပင်ပုံစံမျိုးဖြစ်ရန် ဆံပင်ကိုဖြတ်၍ အတုခိုးကြရာမှ ဗျာပါသံထားနည်း ပေါ်ပေါက်လာသည်ဟု အဆိုရှိပါသည်။ သောက ဗျာပါရကြောင့် ယိုဆံပင်တိုလေးကို ဗျာပါဆံဟု ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

ယုံ ဗျာပါဆံ၏ ပုံမှာ နားနောက်က မွေသော ဆံထောက်ချနည်းမျိုး မဟုတ်ပေ။ ပါးပေါ်သို့ ပြန်၍ ကောက်ကွေးထားသော ပါးရိုက်လည်းမဟုတ်ပါ။ နား အထက်မကျ တကျတွင် ဘေးကကား၍ မြင်ရသော အသင့်သည်သာ ဗျာပါဆံဖြစ်ပါသည်။ ထိုခေတ်က အမျိုးသမီးများ မဟာနဖူးကျယ်ကျယ် ထောင့်များ ပေါ်စေရန်ထားပုံမှာ ရှေးတရုတ် အမျိုးသမီးများနှင့် ဟင်ပေသည်။

ရှေးအဝတ်အစားနှင့် လိုက်ဖက်စေရန် အသွား အလာ အနေအထိုင်ပါ သိမ်မွေ့ရသည်ဖြစ်၍ ကိုယ် နှုတ် နှလုံး အမူအရာ သဘောယားများလည်း သိမ်မွေ့ရလေတော့သည်။ **“ဆယ့်သုံးနှစ်ရှယ်၊ ငါးနှစ်ရှယ်၊ နှစ်ဆယ် မဝင်၊ ဝင့်တဝင်သည်၊ ပျံသင်ပျိုလွတ်”** ဟု ဆိုသည့် အတွက် နုနယ်သောအရွယ် မိန်းကလေးများကို ဖွဲ့ဆိုကြောင်း သိသာနိုင်ပါသည်။ ညနေရေခပ်ဆင်းကြသော မှုခင်းကိုလည်း ဤစာအရ သိရပါသည်။

> **“ညှံ့မှတ်ကယ်ဖြူပြာ၊ ရွှေနံ့သာကို၊ လည်မှာရစ်ကွင်း၊ ညနေ ညနေ ဖော်တထွေနှင့် ရေခပ်ဆင်းသောခါ၊ ကြိုင်သင်းတင့်ဆန်း၊ ယဉ်ပလေစေ ယဉ်လို့ချည်းနေအောင်၊ ရစ်ခွေပင့်ရုံး၊ ဆင့်ကာကုံးသည်၊ ဆံထုံးပေါ်မှာ နော်ဇာပန်းကဲ့သို့”**

ဟုသည်ဖြင့် အမျိုးသမီးလေးများ ညနေ ရေခပ်သွားချိန်၌ နော်ဇာပန်းကုံးလေးများ အဆင့်ဆင့်ပန်ထားကြပုံကို တွေ့နိုင်ပါသည်။

## (ဂ) ရင်လွှမ်းတန်ဆာနှင့် ခြုံတဘက်

အင်းဝခေတ် အထက်တန်းလွှာ အမျိုးသမီးများသည် ခြူးပန်း၊ ခြူးနွယ်တို့ဖြင့် ရက်လုပ်ထားသော ရင်ကန့်ခေါ် ရင်လွှမ်းတန်ဆာများကို ဝတ်ဆင်ပြီးလျှင် ဆံထုံး၌ လှပသော ဆတ်တွန့်ဇာပုံးများဖြင့် ပြင်ဆင်လျက် နံ့သာဆီပက်သော တဘက်များမှလည်း ရနံ့တကြိုင်ကြိုင်နှင့် မွှေးထုံ ပျံ့သင်းကြပုံကို ရှင်မဟာရဋ္ဌသာရ၏တံတားဦးတည် မော်ကွန်းအရ သိရပါသည်။

> **“တရွှေရွှေအုတ်ထွေများစွာ၊မိုးသူလာသို့၊မြူတာရှက်ပြီး၊ ကြွယ် သ မီး တို့၊ ညီးညီး သွယ်သွယ်၊ လှဆင်းရွယ်တိ၊ စံပယ်လိုက်ဘက်၊ ခြူးဆင့်ရက်သား၊ တဘက် ရင်ကန့်၊ ဝတ်စားသန့်နှင့် ဆိတ်တွန့်ချည်တန်၊ ဆံထုံးရန်၍၊ သတ်ပြန် ရနံ့၊ ထွားညှံ့ နှုတ်ခမ်း၊ ကွမ်းလည်း တတ်မောင်း၊ အဲသံညောင်းဖြင့်”** ဟု စပ်ဆိုခဲ့ရာ ဆန်းပြားသော ရင်လွှမ်းတန်ဆာနှင့် နံ့သာဆီပက်သော တဘက်

များခြုံ၍ တေးသံ ကျူကြကြောင်းကို သိရပါသည်။ ကွမ်းစား၍ နှုတ်ခမ်းနီသောအလှကိုပါ တွေ့နိုင်ပါသည်။

ခြုံတဘက်တွင်လည်း ဖန်၊ မှန်၊ ပုလဲ၊ ရွှေခြူ ညောင်ရွက်များ ဆွဲထားပြီး ဖဲ၊ ကတ္တီပါ ဆန်းကျယ်စွာသော ရွှေထဘီကို တခမ်းတနား ဝတ်ဆင်ကြသည်ဟု သိရပါသည်။ အမျိုးသမီးများ ခြုံတဘက် လွှမ်းကြပုံကို စန္ဒကိန္နရီပျို့၌ ဖော်ပြထားပုံမှာ —

> **“ကျော့လယ်ကျော့ဆုး၊ လျှော့လျှော့ထုံးလျက်၊ ရစ်ကုံးယကင်၊ ထုံးလက်သင်နှင့်၊ မြိတ်ရှင်မြခက်၊ အလှယှက်သား၊ တဘက်ရတနာ၊ ယဉ်ရာရာကို ပြင်လျှာပယ်လျှ၊ နှစ်သွယ်ချလျက်၊ ဘယ်ကသိုင်းတုံ၊ ညာသိုင်းတုံနှင့်”**

ဟူ၍ တဘက်အစ နှစ်ဖက်ချ၍ ခြုံကြပုံ၊ သိုင်းကြပုံကိုပါဖွဲ့ထားသည်။

ထို့အပြင် “မြိတ်ရှင်၊ မြိတ်ပျို၊ မြိတ်စို့၊ မြိတ်လွတ်၊ ထွတ်ရရှတ်တည်း၊ မြိတ်ဝို မြိတ်တူ၊ မြိတ်လွတ်ဟူက၊ တူမရှိတန်၊ နေလည်းရင်၍၊ ယကင်ပန်းချပ်၊ လျှမ်းလျှမ်း လျှပ်မျှ၊ သပ်ယပ်လွန်ရှား” ဟူ၍ ဆံထုံး အမည်များ ခေတ်စားပုံကိုပါ စာပန်းချီ ချယ်သထားပါသည်။

## (ဃ) ရွှေချည်ထိုး အထည်များ

ရွှေရေးထဘီ၊ အင်္ကျီတဘက်ဆိုရာ၌ နိုင်ငံခြားသားများ တင်ပို့ ရောင်းချသော ရွှေရောင် အထည်များ

မဟုတ်ဘဲ ရွှေချည်နှင့်ထိုးသော ရက်ကန်းထည်များဖြစ်မည်ဟု 'ယူဆရပါသည်။ သို့ရာတွင် အမရပူရခေတ်တွင် ကသည်းလူမျိုးများ ရောက်လာမှ ရက်လုပ်သောရွှေချည်ထိုးပညာမျိုးကား မဟုတ်သေးဟု ယူဆဖွယ်ဖြစ်ပါသည်။ နန်းတွင်း၌သာ သုံးကြဟန်တူပါသည်။ ပုဂံခေတ် လည်ပင်းနှင့် ခါးဝတ်များတွင်လည်း ရွှေချည်ထိုး ပုံသဏ္ဍာန်များ ရှိခဲ့သည်။ အင်းဝခေတ် မယ်တော်မာယာ ပန်းချီကားများတွင် စည်းပုံ၊ လယ်ခွံနှင့်ခါးကြိုးတန်ဆာများ၌ ရွှေချည်ထိုး လက်ရာများအပြင် ကျောက်မျက်စီသော ရတနာများ ဝတ်ဆင်ထားသည်ကိုလည်း တွေ့ရသည်။

ထိုလက်ကြပ် လက်စည်းများ၌ ကနုတ်ပန်း ပုံများကိုပါတွေ့ရသည်။

## (၁၀) ပိုးထည်နှင့် တကျွန်းထည် ရွှေရေး ထဘီများ

အင်းဝခေတ်တွင် တရုတ်၊ အိန္ဒိယနှင့် ကူးလူးဆက်ဆံမှု ဖွံ့ဖြိုး ကျယ်ပြန့် လာသည်နှင့်အမျှ တကျွန်းထည်၊ ပိုးထည်၊ ကတ္တီပါ၊ ရွှေဇာတပ်၊ ကြယ်စီ တဘက်၊ ဇာကွန်ချာရွှေပွင့်ထိုး တဘက်တို့ကို နန်းတွင်း၌ ဝတ်ဆင်ကြကြောင်း၊ ဆုတော် လာဘ်တော်အဖြစ် ပေးသနားခြင်း ခံကြရကြောင်း သိရပါသည်။ ထိုအဝတ်အထည်များကို ထိုက်ထိုက် တန်တန် ဂုဏ်ဒြပ်အလိုက် ချီးမြှင့်ခြင်း ဖြစ်၍ ဂုဏ်ယူကာ ဆင်မြန်းကြရလေသည်။

## အခန်း (၄)

# တောင်ငူခေတ်၏ အလှ

### (၁) စာပေအထောက်အထားများ

တောင်ငူဘုရင် တပင်ရွှေထီးသည် ယိုးဒယားမှ ရက်ကန်းပညာသည်များကို ခေါ်ဆောင်လာသည်ဟု ဆိုရာ တောင်ငူခေတ်တွင် ရတုအရေးအသား အထူးတလည် ခေတ်စားလာသည့်အတွက် ရတုဘုရင် နတ်ရှင်နောင်၊ မင်းဗေယျရန္တမိတ်၊ ရှင်သံခိုနှင့် နဝဒေးကြီးတို့၏ လက်ရာများတွင် ရက်ကန်းနှင့် အမျိုးသမီးအလှဘွဲ့များ ပါဝင်သည်ကို တွေ့ရသည်။ တောင်ငူခေတ် စာဆိုများသည် နန်းတွင်းပညာရှိများ ဖြစ်ခြင်းကြောင့် နန်းမူနန်းရာများကို ဖွဲ့နွဲ့ခဲ့ကြရာ မဟာဆန်ဆန် ယဉ်ငှသောအဖွဲ့များ ဖြစ်လေသည်။ ဝတ်စားဆင်ယင်ပုံလည်း ယဉ်ကျေးသိမ်မွေ့လိမ့်မည်ဟု ယူဆရပါသည်။

### (က) ရှင်သံခို၏ တင်စားချက်

ရှင်သံခို၏ရတုများတွင် **"ကေရှင်မြခက်၊ ပြာစ ရှက်လည်း၊ နားထက်မခွေ၊ စုလည်းပြေနှင့်"** ဟုဆိုရာ စုလည်းဆံထုံးထုံးပုံ၊ စိမ်းလန်းရှင်သန်နေသော ဆံပင်၏ အလှကို မြခက်ဟု တင်စားထားပုံများ တွေ့ရပေသည်။

ထိုမျှမက ဆံပင်ကို မထုံးဘဲ လျော့လျော့လေး လှပုံကိုလည်း **"အုံးမဉ္ဇူထက်၊ ကြာတူပျံ့ဖြည်း၊ ထုံးရော့ရည်းနှင့်"** ဟု တင်စားထားပြန်ပါသည်။ ကပိုကရိုအသွင်ကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

### (ခ) မင်းဗေယျရန္တမိတ်၏အမြင်

မင်းဗေယျရန္တမိတ်ကလည်း တောင်ငူခေတ် နန်းတွင်းသူများ၏ ကန္ဒကလျာအသွင်ကို ဖော်ပြထားပုံမှာ **"လျော့လျော့ရည်းရည်း၊ ညရီဆည်းတွင်၊ ပန်းလည်းမဆင်၊ ကေရှင်ပင့်ရုံး၊ မထုံးလေတတ်၊ လိမ်းချေမွတ်နှင့်"** ဟူ၍ ဖြစ်ပါသည်။ ညနေအချိန်မြင်ရသော အလှကို ဖော်ပြရာ၌ ပန်းလည်းမပန်၊ ဆံပင်လည်း မထုံးဘဲ၊ လိမ်းခြယ်ထားပုံကို မှန်းဆ၍ ကြည့်နိုင်ပါသည်။ ဥတေနသာချင်း၌လည်း **"နူတ်သီးကွမ်းထိန်၊ နှင်းရည်စိမ်သည်၊ မှိန်ဒရွတ်နှင့်"** စသည်ဖြင့် ထဘီအဝတ်ကိုပါ ဖော်ပြထားသည်။

### (ဂ) နတ်ရှင်နောင်၏ ခံစားချက်

အသက် ၄၀ ကျော် မဆိုးမဘဝ ရောက်သည်အထိ နတ်ရှင်နောင်မင်းသား၏စိတ်ခါတ်ကို တိမ်းညွတ်လှုပ်ရှား မေတ္တာဓာတ်ပွားစေရန် ထူးထူးခြားခြား တင့်တယ်လှပသော တောင်ငူနန်းဘွား ရာဇဓာတုကလျာ၏ အလှကိုဖွဲ့ရာ အောက်ပါတင့်လှပေဟန်ရတု၌ ဤသို့တွေ့ရသည်။

**"ပန်းမာလ်ရေးချေ၊ ထုံးနေမကြော့၊ ပတ်လျော့ဆံကြာ၊ ကျတိုင်းသာလျှင်၊ ရွှေဝါပိတ်ရှင်း၊ ထည်ချင်းစံပယ်၊ နုံကြွယ်လှိုင်ကြူ၊ မဉ္ဇူမျက်မည်း၊ ပေါ်ထပ်စည်းနှင့်၊ ပရည်းမထင်၊ ဖူတ်ချည်းမြင်က၊ နတ်ပင်ယိုးမှား၊ ဝိုးဝါးတွေးချတ်၊ စိတ်လုံးညွတ်သည်၊ ဘုံထွတ်နန်းတောင် နေတို့လော"** စသည်ဖြင့် ကြော့နေအောင်မထုံးဘဲ တစ်ပတ်လျှိနှင့်ရုပ်သွင်ကို ပေါ်လွင်စေခဲ့သည်။

ရှေးက အမျိုးသမီးများ၏ အမွှေးအကြိုင် နှစ်သက်ခုံမင်တတ်ကြပုံကိုလည်း ရိပ်စားမိနိုင်ပါသည်။ ပန်းပေါင်းစုံဝတ်ဆံတို့ကို စုပေါင်းပြီး ပဝါဖြင့်ထုပ်၍ အဝတ်အစားများကြားတွင် ညှပ်ထားကြပုံမှာလည်း ရေမွှေးဆွတ်သည့်သဘောပင် ဖြစ်ပါလိမ့်မည်။ ပန်းဝတ်မှုံများစုံလေလေ ရနံ့မှာထူးခြားလေလေ ဖြစ်ပါသည်။ ရတုစာဆိုကပင် အဖွဲ့အနွဲ့ ပြောင်မြောက်လွန်း၍ ပေလော၊ မင်းသမီး၏ ဆင်းရုပ နိကာယ်ကပင် ထူးခြား၍ပေလော၊ နတ်ရှင်နောင်မင်းသား၏ အတွင်းသဘောစိတ်ဓာတ်ကို တဖျပ်ဖျပ် ဆော်လှုံနှိုးဆွနေသည့်

အတွက် စိတ်ကြိုးစုံကရသည့်အတိုင်း ဖွဲ့နွဲ့ထားခြင်းလည်း ဖြစ်နိုင်ပါသည်။ ဖတ်ရသူတို့၌လည်း ကြွေ့ရှင်းတင့်တယ်သော အမျိုးသမီး၏အလှကို မြင်ယောင်လာစေခဲ့ပေသည်။

**"ပတ်လျော့ဆံကြော ကျတိုင်းသာလျှင်"** ဟုဆို၍ ဆံပင်ကိုပတ်လျက် အမြိတ်ချထားပုံကိုလည်း မြင်ယောင်နိုင်ပါသည်။ အဝါရောင်ဆင်မြန်းထားပုံနှင့် ရင်အပေါ်ကို စည်းထားပုံများလည်း တွေ့နိုင်ပါသည်။

**"ပန်းစုံရောရှက်၊ ထုံးမြရှက်နှင့်၊ လိုက်ဘက်တင့်မှတ်၊ ကိုယ်ဝတ်တော်မှာ၊ မလ္လာရနံ့၊ မွှေးပျံ့ကြိုင်ရှင်း၊ ပယင်းရွှေရည်၊ ပွတ်လဲ့ကြည်သို့၊ မြရည်ကြောစိမ်း၊ လဲ့လဲ့ရှိန်းမျှ"** စသည်ဖြင့် ''လက်ကောက်လက်ကြပ်၊ ရည်လျှပ်ဆံကျင်၊ မျှမဆင်လည်း'' စသည်ဖြင့် ပန်းမပန်ဘဲ၊ ဆံထုံးဆံကျင် မဆင်ယင်ပါဘဲ တင့်တယ်ပုံကို ဖော်ပြရာ၌ ထိုခေတ်၏ အဆင်အပြင်ကို သိသာနိုင်ပါသည်။

တောင်ငူခေတ် နတ်ရှင်နောင်ဆို ရတုများအနက် ''မြသိတင်'' ဘုရားတိုင် မယ်ဘွဲ့ရတုတွင် ဤသို့ တွေ့ရပုံမှာ—

> **"မြသွင် လိုလို၊ ရွှေကို ရှိမ်းရှိမ်း၊ ပြစ်ယိမ်းကင်းနေ၊ သွယ်ခွေရှက်ညို့၊ ပြုံးမြိတ်စိုလည်း နားသို့ညွတ်ညွတ်"**

ဟူ၍ဖြစ်ရာ မြိတ်စိုဆံထုံးအကြောင်း၊ နားနောက်သို့ ခွေညွတ်နေသော ဆံပင်၏အလှအကြောင်း သိကြရပါသည်။ ထိုမျှမကပါ။ ချောင်းမံဘုရားတိုင် မောင်ဘွဲ့ရတု၌လည်း ဤသို့တွေ့ရပါသေးသည်။

**"မောင်းမျှရွှေလှော်၊ ရှုတိုင်းပျော်ကို၊ ထိပ်ပေါ်ကေသာ၊ ဆင်မရာလည်း"** ဟုဆိုရာ၌ ဆံကေသာ၏ အထွတ်အထိပ်ကို ဖွဲ့ထားကြောင်း တွေ့ရပါသည်။ မိုးနတ်မောင်သည် ရွာမယောင်ယောင်နှင့် မရွာနိုင်ဘဲ စိတ်ကိုစမ်းသည့်အတွက် လွမ်းဆွေးရပုံကို မိုးတောမောင်ဘွဲ့ရတု၌ ဤသို့ဖော်ပြခဲ့ရာ—

> **"ရွာရုပ်လိုနှင့်၊ စိတ်ကိုသာစမ်း၊ လွမ်းမလွမ်းဟု၊ တိမ်ငြိမ်းဆင်ဝန်း၊ တင့်ရည်းဆန်းနှင့်၊ ရေနန်းဖွဲ့ကာ၊ မရွာလှသော်၊ ဆံကြောကေရှင်၊ လက်သင်ပင့်လျော၊ မကျောဆိရှမ်း၊ ပတ်မြိတ်မွမ်းနှင့် နေတမ်းသာလျှင်၊ ပရှင်ချင်တည့်"**

ဟုဆိုသည်တွင် မဖီးမလိမ်းနိုင် ဆိမကူနိုင်ဘဲ တစ်ပတ်မြိတ်ဆံထုံးနှင့်ပုံကို တွေ့နိုင်ပါသည်။

> **"လွမ်းရေးဆင်သော်၊ ကေရှင်ဆိရှမ်း၊ နေတမ်းလက်သင်၊ တိုင်းပင်မကြော့၊ ပတ်လျော့လျော့နှင့်"** ဟူသောကပိုကရို ရုပ်သွင်ကိုလည်း တွေ့မြင်နိုင်ပါသည်။

တောင်ငူခေတ် နန်းတွင်းသူများ အမွှေးနံ့သာသုံးပုံကိုလည်း **"နံ့သာပန်းသတ်၊ ဖြူဆွတ်ခင်နှီး၊ ပတီးပိတ်ပါး၊ ကိုယ်နှင့်ခြား၍"** ဟုတွေ့ရပါသေးသည်။ ဆီမွှေးလိမ်းကြပုံကိုလည်း **"မြိတ်မွှမ်းမဉ္ဇူ၊ ဆီပျံ့ကြူနှင့်၊ လစ်လျူတမ်းသာ၊ ဆံကြောကွင်းလျော့၊ နေစေတော့ရှင့်"** ဟု စပ်ဆိုခဲ့ပါသည်။ အထူးသဖြင့် တောင်ငူခေတ် နတ်ရှင်နောင်မင်းသား၏ ရတုများတွင် အမျိုးသမီးဆံကေသာကို အလေးထားပြီး ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။

တောင်ငူခေတ် နန်းသူလေးများ ပန်းပန်သော ဓလေ့ရှိပုံကိုလည်း ''ရေဖျန်းသဘင်'' စစ်ချီရတု၌ တွေ့နိုင်ပါသည်။

> **"တခက်ပျံ့ကြိုင်၊ တခိုင်လုံးလုံး၊ တကုံးစင်ထား၊ နည်းရှားစဉ်ခိုက်၊ တပွင့်ကြိုက်လည်း၊ ခေါ်စိုက်မတ၊ မမျှဦးပဲ၊ မပန်မြရှင့်၊ ရက်လဲလကျွန်း၊ သွေယွန်းခုမူ၊ ဘယ်သူပန်ဘော်၊ ပန်ဘက်မျှော်၍၊ ရှင်မျှော်သဖြင့်၊ စိတ်လွတ်လွှင့်လိမ့်"** စသည်ဖြင့် ပန်ဆင်ပေးနေကျ မပန်ပေးနိုင်၍ ဆွေးရပုံကို ဖော်ပြရင်း မြန်မာအမျိုးသမီးများ၏အလှခြယ်ရာ အဆင်တန်ဆာတွင် ပါဝင်သော ပန်းများ၏အရေးပါပုံကို သိစေခဲ့ပါသည်။ အကုံးလိုက်ပန်သည်။ အခိုင်လိုက် ပန်သည်။ တစ်ပွင့်တည်းလည်း ပန်သည်။

> **"စပယ်ဖြူမွှေး၊ စကားသေးကို၊ မြတ်လေးစုံမက်၊ ကျွန်ုပ်လက်ဖြင့်၊ ရွေးလျက်ရွှရွှ၊ မဆင်ရတည့်"** ဟူ၍လည်း စပ်ဆိုခဲ့ရာ အမျိုးသမီး၏အလှသရုပ်ဖော်ရာတွင် ပန်းများပါဝင်သည်ကို သိနိုင်ပါသည်။

> **"ဆင်းကလျာ၏ ကေသာခေါက်ကျိုက်၊ ဆံထုံး၌လျှင်၊ လိုက်လိုက်ဆင်ပိမ့်"** ဟူ၍လည်း ဆံထုံးနှင့်ပန်းတွဲနေပုံကို ဖွဲ့ခဲ့ပါသေးသည်။

**"ရွှေရင်သိမ်းသစ်၊ ပြနှစ်အရောင်၊ စည်းကြက်တောင်"** ဆိုသည့်အတိုင်း အပျိုဖော်ဝင်စ၊ ရွှေရင်ကို စည်းခါစ၊ ရွှေကြက်တောင်စည်းနှင့် အပျိုပေါက်ကလေးများကိုလည်း မြင်ယောင်နိုင်ပါသည်။

"**မျက်တောင်ကော့သေး၊ စုတ်ဖြင့်ရေးသို့၊ ငယ်သေးပျိုမျစ်၊ ဆယ့်သုံးနှစ်လျှင်၊ ကျစ်လစ်သရေ၊ ဦးသစ်ရွှေသို့**" ဟု နဝဒေးကြီးက ရှင်နှောင်း၏အလှကို ဖော်ပုံ၌လည်း ခေတ်မိန်းမချောများ၏ အလှကို တွေ့နိုင်ပါသည်။

တောင်ငူဘုရင် နတ်ရှင်နောင်သည် ခေတ်ကာလချောမင်းသမီး၏ ဆင်းရုပ်သွင်ကို အမျိုးမျိုး ဘင်စား၍ဖွဲ့နွဲ့ခဲ့ရာ ထိုခေတ်အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု ကြေးမုံပြင်ကို ပီသစေရန် ပွတ်တိုက်ပေးသကဲ့သို့ ထင်ရပါသည်။

နတ်ရှင်နောင်၏ သစ္စာတိုင်ရတုများ၌ —

"**မြိတ်ရှမ်းမဉ္ဇူ၊ ဆိပ်ပျံကြူနှင့်၊ လျစ်လျူတမ်းသာ၊ ဆံကြာကွင်းလျော့၊ နေစေတော့ဟု၊ မြရှက်မြိတ်ညှန့်၊ မဖြန့်လက်သင်၊ ကေရှင်ထုံးသစ်၊ ဆယ်ကျော်နှစ်က**" ဟူ၍ လည်းကောင်း၊ "**ဆံကေရှင်မြ၊ ထုံးရွှရွှလည်း၊ ယုယမပြင်၊ လက်သင်မြိတ်လွတ်၊ သွယ်နွဲ့ညွတ်ကို**" ဟု လည်းကောင်း၊ ဆံမြိတ်ကလေးနှင့် ကပိုကရို လျော့ကျနေသောဆံပင်ပုံ၊ အထူးတလည် မွမ်းထားခြင်း မရှိဘဲ ဆယ်ကျော်နှစ်အရွယ် အပျိုဖြန်းလေး၏ တင့်တယ်ပုံများကို ဖွဲ့ဆိုထားသည့်အတွက် အဆင်သင့် လေ့လာနိုင်ကြပေသည်။

## (ဿ) ရှင်ထွေးနာသိန်၏ တင်စားပုံ

ထိုအတူ အမျိုးသမီးကလေးများ၏ ခရုချောင်ဆံထုံး ထုံးကြပုံကိုလည်း ရှင်ထွေးနာသိန်က "**မဏိကိုးပါး၊ စီခြားခြယ်မြှောင်၊ ခရုချောင်နှင့်၊ ရွှေတောင်ထက်တွင်၊ နတ်သဘင်သို့**" ဟူ၍ဖော်ပြထားသည်ကို တွေ့ရပါသည်။ "**ယကင်ထုံးသျက်၊ ရွှေကုံးရစ်ဆင်**" ဟုလည်းတွေ့ရသည့်အတွက် ယကင်ဆံဆုံး ထုံးကြသည်ဟုလည်း သိရပါသည်။ ပုဂံခေတ် ဦးသျှောင်ထုံးနည်း ၅၅ မျိုးမှာ တောင်ငူခေတ်၌ မြိတ်ဖူး၊ မြိတ်စို့၊ စုလည်း၊ ယကင်၊ မဏိကိုးပါးနှင့် ခရုချောင်ထုံးနည်း စသည် ဖြင့် ၃၇ မျိုးသာ ကျန်တော့သည်ဟု သိရပါသည်။

"**တချို့ငယ်တော်၊ မြိတ်စို့ပေါ်လျက်၊ စုလည်းထုံးသစ်၊ ရွှေကုံးရစ်လျက်**" ဟူသောစာအရ မြိတ်စို့ဆံထုံး၊ စုလည်းဆံထုံးများအကြောင်း သိနိုင်ပါသည်။

နဝဒေးကြီးကလည်း "**ရာကျဆည်း၍ သိပ်သည်းမြဲမှန်၊ ယုံသကျွန်နှင့်**" ဟူ၍ မနော်ဟရီပျို့တွင် ရေးသားခဲ့ရာ ဒုတိယအင်းဝခေါ် ညောင်ရမ်းခေတ်၏ ရက်ကန်း အကြောင်း သိရပါသည်။

အခန်း (၅)

# ကုန်းဘောင်ခေတ် ဆင်ယင်ထုံးဖွဲ့မှု

## (၁) အီတလီဘုန်းကြီး၏ ဖော်ပြချက်

ကုန်းဘောင်ခေတ် ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ မှတ်တမ်းရေးသားခဲ့သူ အီတလီဘုန်းကြီး ဆန်ဂျာမာနို ၏ မြန်မာ့အင်ပါယာခေါ် စာအုပ်တွင် ဖော်ပြထားသည်မှာ မြန်မာတို့သည် အဝတ်အစားကို ရိုးရိုးပင်ဆင်မြန်းကြကြောင်း၊ အမျိုးသားများမှာ အတောင် ၂၀ ပုဆိုးရှည်ကို ခါးတွင်ပတ်ပြီး ခြေဖျားအထိ ရှည်ကြောင်း၊ ပုဆိုးစကို ပခုံးပေါ်တွင် တင်ထားတတ်သော်လည်း လမ်းလျှောက်သည့်အခါ ပုဆိုးစကို ခါးတွင်ပတ်ထားတတ်ကြောင်း၊ အခံ့အညား ဝတ်ရမည့်နေရာ၌ ဒူးအထိ ရှည်သောရင်ခွဲပိတ်အင်္ကျီဖြူ အရှည်ကို ဝတ်ကြကြောင်း၊ အမျိုးသမီးများမှာ ပိုး သို့မဟုတ် ချည်ထည်ကို ခါးတွင် ပတ်ထားကြပြီး အရှေ့တွင်ကွဲနေသော အထည်ဖြစ်၍ လမ်းလျှောက်ရာ၌ ခြေသလုံးကိုမြင်ရကြောင်း၊ ပခုံးပေါ်တွင် အဝတ်ရှည်ပဝါစကို တင်ထားကြကြောင်း၊ ညှပ်ဖိနပ်တစ်မျိုးကို စီးကြကြောင်း၊ အမျိုးသမီးများသည် အနီစပိတ်ကို ရင်ဘတ်၌ပတ်စီး၍ ဆံပင်နောက်တွဲ ထုံးကြကြောင်း ဖော်ပြထားလေသည်။

မြန်မာတိုင်းလိုလိုပင် ရွှေငွေ အဆင်တန်ဆာများကိုနှစ်သက်ဟန်တူကြောင်း၊ ပညတ်ချက်သာ မရှိပါက အဝတ် အထည်များကိုပင် ရွှေချ၍ ဝတ်မည်ထင်ရကြောင်း၊ သို့ရာတွင် ဥပဒေအမိန့်အရ နန်းတွင်းသူ အထက်တန်းလွှာများမှလွဲ၍ ရွှေခြည်ငွေခြည်ထိုးအဝတ်များကို ဝတ်ဆင်ခွင့်မပေးပေဟူ၍ ဖော်ပြတားသည်ကို တွေ့ရသည်။

## (၂) အဝတ်အစားများ

ဤခေတ်တွင် နိုင်ငံတော် ကျယ်ပြန့်လာသည်နှင့် အမျှ မဏိပူရ၊ ကသည်းစသော အချုပ်အလုပ်နှင့် ရွှေခြည်ထိုး ရက်ကန်းပညာရှင်များလည်း ခိုလှုံဝင်ရောက် **လာကြပြီဖြစ်ရာ အနုအယဉ် အဆန်းအပြားမှ လိုလား**ကြသော အမျိုးသမီးထုအတွက် အထည်အလိပ်၊ အသုံးအဆောင်များ လျှမ်းလျှမ်းဝေနေလေသည်။ ပိုး၊ ဖဲ၊ ပဝါ၊ ခါသာပိတ်အုပ်များနှင့် သားမွေး၊ ကတ္တီပါတို့ဖြင့် ဖိတ်ဖိတ်တောက် ဆင်ယင်ခဲ့ကြလေသည်။

ခေါ်မ၊ ရှောမ၊ ကောင်းတုံ၊ ယိုးဒယားစသည့် ကြည်းလမ်း ရေလမ်းမှ တင်သွင်းလာသော ပါးလွှာနုညက် ကိုင်ရက်စရာမရှိသော အထည်အလိပ် အသုံးအဆောင် တို့ဖြင့် နန်းတွင်းသူများ အလှပြင်၍ မဆုံးကြပေ။ ရွှေခြည်ထိုးအဝတ်အထည်များတွင် မဏိပူရ ကသည်းတို့သည် လက်ရာပြောင်မြောက်ကြပေသည်။ မြန်မာ့ရိုးရာ အဝတ်အစားကိုစွကို တင်ပြရမည်ဆိုလျှင် ရွှေခြည်ထိုး မပါ၍မဖြစ်။ ထီးသုံးနန်းသုံး အဝတ်အစားဖြစ်၍ ဆင်းရဲသား တောင်သူလယ်သမားများနှင့် မဆိုင်သည့်အတွက် သေချာကျော မြင် တွေ့ ဖူး ကြ သူ ပင် လျှင် ရှားခဲ့သည်။ ထို့ပြင် နန်းတွင်းသူများ မင်းခစားတို့ကိုယ်တိုင်ကလည်း စိတ်ကြိုက်ရွေးယူ၍ ဝတ်ဆင်နိုင်ကြသည်မဟုတ်။ သူ့ အဆင့်အတန်းနှင့်သူ ခွင့်ပြုမှုဝတ်ဆင်ရခြင်း၊ အဆင် တန်ဆာလျှော့၍ အလှပြင်ရခြင်း၊ ပိုမို၍တပ်ဆင်ရခြင်း စသော စည်းကမ်းချက်များရှိခဲ့လေသည်။

အ လောင်း မင်း တ ရား ကြီး သည် ၁၁၂၀ ပြည့်တွင် မဏိပူရ ကသည်းများကို ခေါ်ဆောင်လာ၍ ပြည်မြို့ အနီး ရွာဘိန်း၊ ပေါက်ခေါင်းအရပ်များ၌ နေရာချပေး ၍ ရက်ကန်းပညာများ ဆန်းသစ်လာသည့်အပြင် နိုင်ငံခြားဖြစ် အထည်များလည်း တင်ပို့လာကြရာ မိုင်းလုံခေါ် ကတ္တီပါပြောက်၊ မည်သရီခေါ် ပိုးကတ္တီပါ၊ ခါသာခေါ် သရက်ထည်၊ မာတရက်ခေါ် ပိတ်တွန့်၊ သုကန္တရာခေါ် ပန်းခက်ပါသော ပိတ်ချော၊ ပိုးချော ပဝါများ၊ မော်ယော်ခေါ် ရှမ်းနှင့်တရုတ်မှလာသည့် ဒါတွင်းအပြင်အသွေးမခွဲခြားသော ဖဲတစ်မျိုး၊ ဖက်ခန့်ခေါ် အတွင်းအပြင်အသွေးခွဲခြားသော ဖဲတစ်မျိုး၊ သဟန်မူရီခေါ် ရှေးပဝါမျိုး၊ သိင်္ဂီခေါ် အဝါရောင် ပါးလွှာချောမွတ်**သည့်အထည်၊ ရွှေပုစွန်ဆီခေါ် ခါးစည်းတော်လုပ်ရန်**

အစနှင့် ဆေးရေးသည့်ပုဆိုးများကို သုံးစွဲကြကြောင်း သိရပါသည်။ သိုရင်းအနားချုပ်ရိုး၌လည်း ရွှေဇာတပ်ခြင်း၊ ပိုးရည်တောင်စာတပ်ခြင်းနှင့် ပန်းလက်ချိတ် ရွှေကြိုးလိုက်ထဘီများ ဝတ်ကြသည်ဟုဆိုပါသည်။

## (၃) ပန်းချီ အထောက်အထားများ

ကုန်းဘောင်ခေတ်ဦးတွင် ရေးဆွဲသောပန်းချီများမှာလည်း များလှပေသည်။ အလောင်းမင်းတရားကြီး လက်ထက်၌ နိုင်ငံတော် ပြန်လည်ထူထောင်ကာစဖြစ်၍ အနုပညာအရာ၌ အသစ်အဆန်းဖွံ့ဖြိုးအောင် မစွမ်းဆောင်နိုင်ကြပေ။ ပုဂံမြို့တွင် ၁၁၃၇ ခု၌ တည်သော အာနန္ဒာအုတ်ကျောင်း၌ ပန်းချီများ နံရံအပြည့် ရေးဆွဲထားသဖြင့် ထိုခေတ်၏လက်ရာကို လေ့လာခွင့်ရရှိကြသည်။ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ခင်မွန်ရွာရှိ ဂူဘုရားအချို့၌ ကုန်း ဘောင် ခေတ် ဦး ပန်း ချီ များ ကို တွေ့ရသဖြင့် ရှေးဟောင်းသုတေသနဌာနမှပုံတူကူးဆွဲ၍လည်းကောင်း၊



ဓာတ်ပုံရိုက်ကူး၍လည်းကောင်းမှတ်တမ်းတင်ခဲ့ပေသည်။ ၎င်းဘုရားများမှာ လောကအောင်မြေဘုရား၊ ရုပ်စုံဘုရားနှင့် ပြဿဒ်ဘုရားတို့ဖြစ်လေသည်။ ကုသိုလ်ရှင်က နေ့စွဲကို ကမ္ပည်းထိုးခဲ့ရာ ၁၁၁၈ ခု ဖြစ်ခြင်းကြောင့် ကုန်းဘောင်ခေတ်ဦးလက်ရာဟု သိသာနိုင်ပါသည်။

ထိုဘုရားများတွင် ကုန်းဘောင်ခေတ်ဦးအတွင်း ဝတ်စားဆင်ယင်မှုများကို တွေ့ရသည်။ သိုရင်းအင်္ကျီ၊ တောင်ရှည်ပုဆိုးနှင့် မင်းညီမင်းသားများ၊ ထိုင်မသိမ်းအင်္ကျီနှင့်ထဘီရှည်ဝတ်၍ ပဝါထူခြုံထားသော အမျိုးသမီးများ ဆံထုံးကို မတ်မတ်ထုံး၍လည်းကောင်း၊ နောက်တွဲချ၍လည်းကောင်း တွေ့ရသည်။

အောင်မြေလောကဘုရားတွင် ဆိုင်းဝိုင်း၊ ကြေးဝိုင်းစည်တို၊ နှဲနှင့် ဝါးပါသော ဆိုင်းဝိုင်းရှေ့၌ ကချေသည်တစ်ဦးကနေပြီး ပွဲကြည့်ပရိသတ်က ကြည့်နေပုံလည်းတွေ့ရသည်။ ပတ္တလားတီးနေဟန်ကိုလည်း ရေးခြယ်ထားသည်။ ပုဂံအာနန္ဒာအုတ်ကျောင်းမှာကဲ့သို့ပင် အမျိုးသမီးများ မှန်ကြည့်နေပုံကို တွေ့ရသည်။ ချပ်ဘီးများတပ်ဆင်ထားသော လှည်းယဉ်ဖြင့် ခရီးသွားပုံများမှာလည်း ကုန်းဘောင်ခေတ်ကို သရုပ်ဖော်သော ပန်းချီများဖြစ်ပါသည်။ ဘုရားဖူးအမျိုးသမီးတစ်ဦး၏ပုံမှာ တရုတ်ဆန်ကြောင်း တွေ့ရသည်။ ပုဂံအာနန္ဒာအုတ်ကျောင်းသည် ပုဂံမြို့မောင်ကွန်းထိန်းဥတ္တနရာဇာ၏ ကောင်းမှုဖြစ်၍ ၁၁၃၇ ခုတွင် စတင်ရေးဆွဲရာ ၁၂၄၇ ခုတွင် ပြီးသည့်အတွက် ကုန်းဘောင်ခေတ်လက်ရာဟု ဆိုရပေမည်။ ထို့အတွက် ကုန်းဘောင်ခေတ်ဦး မြို့တော်များဖြစ်သည့် အင်းဝနှင့် အမရပူရ ထီးနန်းရှုခင်းများကို တွေ့ရခြင်းဖြစ်သည်။

နန်းတွင်းသူများသည် ဆံထုံး ၅၅ မျိုးအနက် လေးပါးရာသီပုံစံနှင့်တူသော ဆံထုံးများထုံးကာတဘက်ရှည်များခြုံထားပုံကို ယဉ်ကျေးသိမ်မွေ့စွာ တွေ့ရလေသည်။ အငြိမ့်တီးဝိုင်းပုံများတွင် တူရိယာငါးမျိုးကို တွေ့ရသည်။

၁၁၂၈ ခုတွင် သားတော်ဆင်ဖြူရှင်သည် မဏိပူရကသည်းပညာရှင်များကို ခေါ်ဆောင်လာ၍ ရက်ကန်းပညာများ ပိုမိုကျယ်ပြန့်လာလေသည်။ ထိုင်မသိမ်းလက်ရှည် အနှိုက်တပ်အင်္ကျီနှင့် နံကွဲထဘီများကို နန်းတွင်းသူတို့သာဝတ်ကြပြီး အရပ်သူများအနေနှင့်ကား ရင်ဖုံးအင်္ကျီခါးတို လက်ပွများ၊ နံကွဲထဘီအနားတပ်များဝတ်ကြကြောင်းကို ကုန်းဘောင်ခေတ်နောက်ပိုင်းဇာတ်ပွဲကြည့်နေကြပုံများနှင့် ရုပ်သေးသဘင်ပုံများ၌ တွေ့ရှိရသည်။

ဇာတ်မင်းသမီးများ၏ အဆင်အပြင်မှာကား နန်းတွင်းထိုင်မသိမ်းနှင့် နံကွဲထဘီများ ဖြစ်နေပေသည်။ ဆံပင်ထုံးဖွဲ့ပုံများမှာလည်း ထိပ်လယ်တွင် ဆံထုံးထုံး၍ ဘီးဆံပတ်များ ပတ်ထားသည်ကို တွေ့ရသည်။

## (၄) ပုရပိုက်ဖြူ

ပုရပိုက်ဖြူတွင် ဆေးရောင်စုံခြယ်ထားသောပုံများကို ဗြိတိသျှတို့ သိမ်းပိုက်ခဲ့ပြီးနောက် ၁၈၅၇ ခုနှစ်တွင် အင်္ဂလန်မှတစ်ဆင့် ပြန်လည်ပေးအပ်သည့်အခါမှ ပြန်၍ကူးရပေသည်။ ထိုပုံတွင် ပုဆိုးခါးတောင်းကျိုက်နှင့် သျှောင်ထုံးကို ပဝါပတ်ပေါင်းထားသည့် အမျိုးသားများနှင့် ပွဲကြည့်နေသူအမျိုးသမီးများမှာ ထိုင်မသိမ်းအင်္ကျီ၊ နံကွဲထဘီများဖြင့်လည်း တွေ့ရသည်။

မင်းသမီးရုပ်သေးရုပ်ကလေးများ ဆင်ယင်ထုံးဖွဲ့ပုံမှာ ဘီးဆံပတ်တွင် ပန်းများဝေနေအောင်ပန်၍ ခါးတောင်ကော့အင်္ကျီနှင့် တွေ့ရသည်။ မင်းသားများမှာ လှပသော ပဝါကို ခေါင်းပေါင်းပေါင်း၍ ကြယ်စီဘောင်းဘီအပေါ်မှ ခါးတောင်းကျိုက်ထားရာ ယင်းဝတ်ဆင်ပုံကို ကြည့်လျှင်အလွန်ခေတ်မီနေပြီဖြစ်ကြောင်းသိရပေသည်။

## (၅) နတ်ချင်းအထောက်အထား

ဝန်ကြီးပဒေသရာဇာ၏ နတ်ချင်းများ၌ပါသော "**ခါးစည်းယော်မှဝေသီလေ၊ ပျော့ရှာလွန်းသည်၊ တကျွန်းတင့်နိုး၊ တင်ပုဆိုးမှာ၊ ပိုးထဘီနှင့်၊ အင်္ကျီယော်မှခါသာ၊ အလယ်ကိုဖွာ၊ ဘယ်ညာနောက်က ဖနောင့်ကျနှင့်**" ဆိုသည့်အတိုင်း ဖနောင့်ကိုထိသော သိုရင်းများဝတ်ကြပုံ၊ ပိုးထဘီနှင့် ခါသာပိတ်များ ဝတ်ကြပုံကို သိရပါသည်။

## (၆) အမျိုးသမီးနှင့် နံ့သာပျောင်း

မုဒုလက္ခဏာပျို့၌ အမျိုးသမီးများ နံ့သာပျောင်းခြယ်၍ ဆင်ယင်ဝတ်စားပုံကို ဤသို့ဖော်ပြထားပါသည်။

"**နံ့သာပြည့်ဖြိုး၊ ရေမိုးချိုးတဲ့၊ ကတိုး ထုံကြည်၊ နှင်းရည်မွှေးဖျော်၊ အကျော်လိုက်ဖက်၊ ကရမက်ဖြင့်၊ ကိုယ်လက်လိမ်းသပ်၊ ကွမ်းတွပ်တွပ်နှင့်၊ လက်စွပ်ညီးညီး၊ ပုတီးလျှံမောင်း၊ ရွှေနားတောင်းလည်း၊တင့်ကြောင်းဆင်လျက်၊ချိတ်ရည်စက်သား၊ ဘယ်လက်ပင့်သင်၊ ဆံရှင်မွန်သစ်၊ ပန်းဝတ်နစ်၍၊ ကလျစ်ကလျူ၊ ဘုံသူပိပိ**"

ဟူ၍ ဖော်ပြထားလေသည်။ ထောင့်ကျကျ မဟာနဖူးထားပုံကိုလည်း ဤခေတ်တွင် လူကြိုက်များခဲ့ပေသည်။

## အခန်း (၆)

# အမရပူရခေတ် ဆင်ယင်ထုံးဖွဲ့မှု

အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီးသည် မဏိပူရ ကသည်းလူမျိုးများကို ပိုးမွေးမြူရေးနှင့် ရက်ကန်းလုပ်ငန်းကို အားပေးလုပ်ကိုင်စေခဲ့လေသည်။ ရက်ကန်းလုပ်ငန်းအတွက် မဲနယ်ဆိုးဆေးကန်ကို တည်ဆောက်ခဲ့ရာ ယခုတိုင် အမရပူရမြို့ နန်းတော်ရာတွင် တည်ရှိခဲ့လေသည်။

ပိုးထည် ရက်လုပ်ငန်းနှင့် ပတ်သက်၍ ရွှေနန်းသုံးဝေါဟာရ အဘိဓာန်၌ ဘိုးတော်မင်းတရားကြီးအား ၁၁၄၆ ခု၊ နယုန်လဆန်း ၁၀ ရက်၊ သောကြာနေ့စွဲဖြင့် ရန်နှင်တံခါးတွင် နေထိုင်သော ပိုးကုန်သည် ကျောင်းတကာ ဦးခနောက်က လျှောက်တင်သော ပုရပိုက်အတွင်း "ရက်ကန်းသည် ပိုးကုန်သည်တို့ကို မှန်ကန်ဖြောင့်မတ်စွာ ရောင်းဝယ်ကူးသန်းစေရလျှင် သာသနာအကျိုးစီးပွား၊ တိုင်းသူပြည်သားတို့၏ အကျိုးစီးပွားကို တိုးတက်မည် ထင်ပါကြောင်း" ဟူသော စီးပွားရေးအကြံပေးချက်ကို တွေ့ရှိရလေသည်။ ခနောက်ဆင် ဟူသောအထည်မှာ ပိုးကုန်သည် ဦးခနောက် ရက်ခတ်သော အဆင်ဖြစ်လိမ့်မည်ဟု ယူဆရပေသည်။

နံရံဆေးရေးပန်းချီများအနေနှင့်လည်း ပုဂံ ဥပါလိသိမ်အတွင်းရှိ ပန်းချီများနှင့် အာနန္ဒာ အုတ်ကျောင်း၊ စူဠာမဏိ ဘုရားအတွင်းမှ ဆေးရေး ပန်းချီများသည် ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် ရေးဆွဲခဲ့သည်ဟု သိရပေသည်။

### (၁) မဏိပူရ ရက်ကန်းပညာရှင်များ

သက္ကရာဇ် ၁၁၈၁ ခုမှ ၁၁၉၉ ခု အတွင်း ဘကြီးတော် မှန်နန်းရှင်သည် မဏိပူရကသည်းနှင့် အာသံပြည်များမှ ကသည်းသုံ့ပန်းများကို နေပြည်တော်သို့ခေါ်ဆောင်လာရာ မဏိပူရကသည်းတို့သည် မြင်းစီးအတတ်ကျွမ်းကျင်၍ တပ်မတော်၌အသုံးချခဲ့ခြင်း၊ နက္ခတ်ဗေဒင်ပညာတတ်ကျွမ်းသူ ပုဏ္ဏားများအား ပညာရှိအဖြစ်အသုံးပြုခြင်းများ ရှိခဲ့ပါသည်။ ကျွမ်းကျင်သော ကသည်းရက်ကန်းပညာသည်တို့အား အမရပူရမြို့၊ စစ်ကိုင်းမြို့တို့၌ ရှိသော မြန်မာရက်ကန်းသည်တို့အား အထည်အလိပ်ရက်လုပ်နည်းကိုသင်ကြားပြသစေခဲ့သည်။

လင်းဇင်း အက္ကဘတ်ဆိုသူ ရက်ကန်းဆရာကြီးမှာ ပိုးထည်ရက်လုပ်ခြင်း၊ အချိတ်ထည်ရက်လုပ်ခြင်း၌ တစ်ဖက်ကမ်းခတ် တတ်ကျွမ်းသည်ဖြစ်၍။ ဘုရင်ကိုယ်တော်တိုင် အချိတ်ရက်ကန်း ဖခင်ကြီးအနေဖြင့် အခွင့်အရေးများ ပေးခဲ့သည်ဟု သိရပါသည်။

### (၂) စာပေအထောက်အထား

မုံရွေးဆရာတော်ရေးသားသော ကုသပျို့၌လည်း—

**"လွန်းကျော်လွန်းပျံ၊ လွန်းလှန်တိမ်ရိပ်၊ မိုးရိပ်တိမ်ပြင်၊ နီလွင်ညိုမောင်း၊ သက်တင်ခြောင်းသို့၊ လွန်းပေါင်းတစ်ရာငါးဆယ်သာသည်၊ ရွှေဝါပုလဲ၊ အကွဲကွဲတည်"** ဟု တွေ့ရခြင်းဖြင့် လွန်း ၁၅၀ နှင့်အရောင်အသွေး စုံလှစွာသော လွန်းရက်ကန်းထည်များရက်လုပ်ကြကြောင်း သိရပါသေးသည်။

ဦးကြင်ဥကလည်း **"သွန်းလက်ချိတ်ဆွဲကာနှောင်၊ လဲဝါရောင်ကွဲတခြမ်း"** ဟု စပ်ဆိုခဲ့ရာ အချိတ်နှင့် သက်ဆိုင်သော အထောက်အထားတစ်ခုဟု ဆိုရပါမည်။

ကဝိလက္ခဏာသတ်ပုံကျမ်း၌မူ **"ရက်ကန်းလိပ်ထိပ်၊ အနားသိပ်၊ စိပ်စိပ်စေ့အောင်သင်"** ဟု တွေ့ရပါသေးသည်။ **"ပဝါရက်သစ်၊ မယ်ကပေးတဲ့၊ ပိုးသေးမပါ၊ ခေါင်းပေါင်းပြာ၊ လည်မှာရစ်လို့"**ဟူ၍ ချစ်သူအတွက် ပဝါရက်ပေးသောအိုင်ချင်းတစ်ပုဒ်လည်းရှိပါသေးသည်။

ပုဂံမင်း၏လူယုံတော် လယ်ဝန် သံတော်ဆင့် ဆောမြို့စား **ဦးစီသည် မြဲတိုက်သံတော်ဆင့်ဘဝ၌ မိမိအိမ်တွင်**

နမူနာရစ်တံထိုးပေး၍ ရက်ကန်းရက်လုပ်စေကြောင်းကို **"ယဉ်ရစ်တံ၊ ငယ်ချစ်ရွှေကိုယ်ဖန်လို့၊ မတန်သူ မဆင်ကြစေနဲ့၊ မြင်ရရင်မရှောင်ဝယ်မည့်၊ သုံးမယ်ဆင်နန်းဝင်ခါးကိုမှ၊ထားတဲ့ဆင်သစ်"** ဟူ၍ရေးဖွဲ့ခဲ့သည်။ တောင်သမန်ကျောက်တော်ကြီးဘုရားမှ အချိတ်ဆင် ဆေးရေးပန်းချီများကိုလည်း တွေ့ရပါသည်။

**"ကျောင်းကြီးပေါ်၊ မပျော်ရင်ထွက်ခဲ့မောင်ရယ်၊ ရွှေရစ်တံထိုးပါလို့၊ တိမ်ခိုးဆင်ရက်ခဲ့မယ်"** စသည်ဖြင့် ချစ်သူအား ရှင်လူထွက်သည့်အခါ တိမ်ခိုးဆင်ရက်ကန်းအထည် ရက်လုပ်ပေးမည့်အကြောင်း စပ်ဆိုသော တေးများလည်း ရှိခဲ့ပါသည်။ **"မိထွေးများက ဆီးတားဆိုရစ်ကို ထောင်ကာထားရတယ်၊"** ဟူသော အိုင်ချင်း၌လည်း ရစ်တံအကြောင်းပါသည်ကို တွေ့ရပါသည်။

နန်းသူများ၏ အဝတ်အစားအနေနှင့် လောင်းရှည်မိဖုရား၏ တေးထပ်ကိုလည်း လေ့လာဖို့လိုအပ်မည်ထင်ပါသည်။

> **"လွန်းတရာပိုးစပ်၊ ကြိုးဖြတ်ချက်ပလိ၊ မျိုးမြတ်တဲ့ထဘီကို၊ ဘိုးဖြတ်မယ်ကြံဆဲ၊ ငွေကြိုးလိုက်ရွှေတံပူငယ်၊ ကေမူပန်းနုမြခဲ၊ မြကြိုးလိုက်စပ်ကြိုးခံ၊ မြတ်နိုးရန်ရှိပဲ၊ နော်တော့ဆင် ရွှေဝတ်လဲကိုလ၊ ဇွတ်ကြဲလို့ရှောင်ဖယ်၊ မြတ်ယောဂီ သွင်ဓလေ့ငယ်နှင့်၊ ရှင်မွေ့ဘို့ တွေးမိစိတ်ဝယ်၊ နန်းမူကမှ ပစ်ပယ်မည်၊ ဥပဇ္ဈယ်မယ်ကင်းနှင့်၊ ရွှယ်ရင်းဖျော့သရပီတောင်ယံ၊ဆည်းကပ်မယ့်ကြံ၊ မောင်တော်စိတ်နှင့် တောင်ရိပ်စံမယ်၊ နောင်နိဗ္ဗာန်ကူးရန် ဘို့လေး"** ဟူ၍ ဖြစ်ပါသည်။

ဤတွင်လွန်းတစ်ရာထဘီ၊ ငွေကြိုးလိုက်၊ မြကြိုးလိုက်ထဘီနှင့်နော်တော့အဆင်ဟူ၍ရှိခဲ့ကြောင်းသိရပါသည်။

၁၁၆၄ ခု၊ ဘိုးတော်ဘုရားလက်ထက်က မြေးတော်ဆင်ဖြူမယ် နားထွင်းမင်္ဂလာ၌ ချီးမြှင့်သောစာတမ်းအရ သမီးတော် ငါးပါး၏ နားသ၊ ဒက်ဆင်၊ မင်္ဂလာအခမ်းအနား၌ သနားတော်မူသည့်စာရင်းတွင် –

> "ရွှေပုဇွန်ဆီကိုက်စပ်၊ ကြယ်စီ၊ ချုပ်ရိုးအနား ရွှေဇာတပ်ထဘီနှစ်ထည်၊ ပန်းလက်ချိတ် ရွှေကြိုးလိုက်၊ အနားရွှေချယ်ပါ ထဘီနှစ်ထည်"

ပါဝင်သည်ကို တွေ့ရပါသည်။

ဦးတိုး၏ ရာမရကန်၌–

> **"ရွှေပြည်တော်ထုံး၊ အသုံးအစွဲ၊ မင်းဆင်းရဲသား၊ ယောကျာ်း၊ မိန်းမဟူသမျှတို့၊ တုပတွယ်ရာ၊ သူထက်ငါသာအောင်လို့၊ စကားဝါရောင်၊ အပြာရောင်ကွက်ဆန်း၊ ခရမ်းစိမ်းပုတ်၊ ချိတ်ရည်ပြုတ်နှင့်၊ ကွက်အုတ်ဇော်ဂျီ၊ မိုးမှောင်ကျမီရေ့၊ ဟိုနီလာအရောင်၊ အလယ်ခေါင်မှာ၊ တောင်သမန်စပ်၊ စက္ကူလှပ်သကဲ့သို့၊ မိန်းမတတ်ရက်၊ အနက်အပြာ၊ အဝါအညို၊ ရေမယိုဘူး၊ အထည်ကိုကောင်းမှ၊ ဝတ်သမျှတို့၊ ယဉ်လှသည့်ခိုနန်း၊ ပုလဲဆန်းတွင်၊ ပန်းလက်ဝတ်ထဲ၊ ရွှေပွင့်သာကြဲလိုက်သည်၊ ဝတ်လဲတော်ဆင်၊ ကုသိုလ်ရှင်ကို၊ ဦးတင်ညွှတ်ခ၊ ရှိခိုးရသည့်နှယ်"** ဟူသော ရက်

ကန်းနှင့် ပတ်သက်သည့် စာများကိုထောက်၍ ဘိုးတော်ဘုရားလက်ထက်၌ အချိတ်ထည် စကားဝါရောင်၊ အပြာ၊ ခရမ်း၊ အစိမ်းပုတ်ချိတ်များ ရက်လုပ်ကြကြောင်း သိရပါသည်။ ထို့ပြင် ရက်ကန်းအတွက် မနယ်ဆိုးဆေးကန်များ တည်ဆောက်ကာ ပိုးလုပ်ငန်းကိုလည်း အားပေးလာခဲ့သည်။

## (၃) ရာမရကန်နှင့် ဆင်ယင်မှု

ရာမရကန်ဆရာ ဦးတိုးကလည်း ကုန်းဘောင်ခေတ် အမျိုးသမီးများ၏ ဆင်ယင် ထုံးဖွဲ့ပုံကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်စေရန် စာပန်းချီ ခြယ်ခဲ့ပါသည်။ "**ရွှေထဘီအကျမှာ** မြဒေါင်းမြီးအပွနှယ်" ဟု စပ်ဆိုခဲ့သည်။ ထဘီနား အမြီးပွကြီးများကို ဆိုလိုခြင်း ဖြစ်ပါသည်။ "**ကြာညွန့်အင်္ကျီနှင်းဆီရွှေပြောက်၊ လည်ကွန်အောက်ကတောက်သမျှ အသားလျှံ**" ဟု ဆိုသည့်အတိုင်း အင်္ကျီတွင် လည်ခွံတပ်ကြကြောင်း၊ အသားနု ဝင်းဝင်းဝါကို မြင်သာအောင် ဝတ်ဆင်ကြောင်းများ ဖော်ပြခဲ့ ရာ၊ မြန်မာအမျိုးသမီးများ အသားအရေလှပုံကိုပါ သိရပါသည်။

ရာမရကန်တွင် **"ဆံကေသာအသိမ်း၊ နှံ့သာလိမ်း၊ ပန်းပန်၊ ဘီးမှန်ကျင်းကာ၊ ဗျာပါဆံချ၊ မြနဖူးရေး"** ဟူ၍လည်း ဗျာပါဆံနှင့်မဟာနဖူး၏အလှကို ဖော်ကျူးခဲ့ပါသည်။ လက်ဝတ်လက်စား၊ လည်ဆွဲ၊ ဒါလီကုံးများနှင့်လက်စွပ်၊ ခြေချင်းများဝတ်ဆင်ပုံကိုလည်း **"မြဒါလီ၊ စိန်ဒါလီ၊ ကျောက်စီလက်ကောက်၊ ဖြိုးမောက်ဝင်းလျှပ်၊ လက်စွပ်ခြေချင်း"** ဟူ၍ ဖော်ပြခဲ့သည့်အတွက် ရတနာများ ဝတ်ဆင်လေ့ရှိပုံကိုသိရပါ၏။

**"နားအုံနှင့်ပါးထိမှာ၊ကတ်ကျေးကျညီလှသည်၊ မြရေသီဏာ၊ ဗျာပါဆံကာ၊ ပါးယံဘယ်ခွေ၊ ပျံ့ဝိုက်လို့ဝေခဲ့ပြီ"** ဟု ဆိုပုံမှာ ဗျာပါဆံကို ဖော်ကျူးထားခြင်းဖြစ်သည်။

ပိတုန်းရောင်ကေသာနှင့် ကိုကုမံရန့်၊ မဥ္စူရန့်၊ နှင်းဆီနံ့ သင်းပုံကိုလည်း **"ယဉ်လှသည့်ကေဆံ၊ ဖျားညွှတ်ကယ်ကော့လံ၊ ပိတုန်းညိုတောင်ပံ၊ ကိုကုမံပျံ့ကြိုင်၊ မဥ္စူနံ့ လှိုင်လှိုင်၊ နှင်းဆီကဘရပိုင်"** ဟု ပေါင်းစပ်သော ရန့် အကြောင်းကိုပါ စပ်ဆိုဖွဲ့ထားပါသည်။

ပုဂံခေတ်ဆံထုံးများကဲ့သို့ထိပ်လယ်တွင်မထုံးတော့ဘဲ ဒုတိယအင်းဝခေတ်၌ နောက်ကျကျထုံးပုံ၊ လျှော့ရဲရဲမခိုတရို့ ထုံးပုံများမှာ ပြောင်းလဲချက်ပင် ဖြစ်ပါသည်။ **"မြဆံတိုင်ကို၊ ယိမ်းယိုင်ကိုယ်ဟန်၊ ခေါက်ပြန်နောက်တွဲ၊ မလိုလဲလိုလဲ၊ မထုံးဘဲလည်း မရှိ . အိအိကွင်းလျော့၊ ကြော့လိုက်သည့်နှယ်"** ဟု ဖွဲ့လိုက်ပါသည်။ **"ပါးပြင်နားနှယ်၊သည်အလယ်မှာ၊ ဆင်စွယ်စုံခါသည့်နှယ်၊ ဗျာပါ ဆံရတနာက၊ လူးလာခတ်ဝဲ"** ဟုဆိုရာ၌လည်း ဗျာပါ ဆံနှစ်သွယ်ကို ဆင်၏အစွယ်နှင့်နှိုင်းထားရာ အင်းဝခေတ် ဗျာပါဆံခေတ်စားခဲ့ပုံကို မှန်းဆကြည့်နိုင်ပါသည်။

## (၄) ပိုးရည်တောင်စာ

ထဘီအနေနှင့်လည်း သီတာဒေဝီ မင်းသမီးသည် တစ်သိန်းတန်သော ဝတ်လဲတော်ကို ဝတ်ဆင်ကြောင်း **"သိန်းတန်သည့်ပန်းထဘီကို ကျောက်စီလျှင် လေးမည်ကြောင့်"** ဟု ဆိုထားပါသည်။ "ပိုးရည်တောင်စာ" "ပိုးမည်းတောင်စာ" "တောင်စာပိတုန်း" ဟူသော ဝေါဟာရများမှာ အင်္ကျီထဘီပေါ်၌ တပ်ဆင်ချုပ်လုပ်ထားသော ပိတုန်းအကောင်ကလေးများကို ဆိုလိုပါသည်။ မဲနယ်ရောင်၊ ဣန္ဒနီလာ၊ နက်ပြာမဟူရာရောင် တောင်ပံလေးများသည် တစ်ခါတစ်ရံ ရွှေကဲ့သို့ နီသလို ဝါသလို ပြာသလို ဘာရောင်များထွက်တတ်ပါသည်။ ၎င်းတို့ကို အဝတ်အစားအပေါ်ကပ်၍ အလှခြယ်ထားခြင်း ဖြစ်ပါသည်။ ရှေးက အာကာဘောင်အင်္ကျီများတွင် ပိုးမည်းတောင်စာအခွံများ၊ ပိတုန်းခွံများ ကပ်ထားသည်ကို စာရေးသူတို့ မြင်တွေ့ခဲ့ဖူးပါသည်။

ဤသို့လျှင် အင်းဝခေတ် ဝတ်စား ဆင်ယင်မှုသည် ပြောင်းလဲခဲ့ကြောင်း စာပေအထောက်အထားများအရ လေ့လာ သိရှိရပါသည်။ ထိုမျှမက ပန်း ချီ ပန်း ပု အထောက်အထားများကလည်း ဝတ် စား ဆင် ယင် မှု အကြောင်း ဖော်ကျူးခဲ့ကြပါသေးသည်။

## (၅) ပန်းချီ အထောက်အထားများ

အမရပူရခေတ်ဆိုင်ရာ ပန်းချီများကို အမရပူရမြို့ ပုဂံမင်း၏ ကောင်းမှုဖြစ်သော တောင်သမန် ကျောက်တော်ကြီးဘုရားနှင့် ရွှေစာရံ၊ ဖိုးကုလားဘုရား တို့တွင် တွေ့ရှိရသည်။ တောင်သမန် ကျောက်တော်ကြီးဘုရားတွင် ဘုရားဖူးများ၊ ဉပုသ်သည်များ ဆွမ်းကြီးလောင်းနေကြပုံ၊ လှည်းယဉ်နှင့်သွားကြပုံ၊ လှေစီးနေကြပုံများတွင် အမရပူရခေတ် အဝတ်အစားများကို တွေ့ရသည်။

ရွှေစာရံမှ ဖိုးကုလားဘုရား အဆောက်အအုံ တွင်လည်း နံရံပြည့်ရေးဆွဲထားရာ ဇာတ်ကြီးဆယ်ဘွဲ့သရုပ်ဖော်များကိုတွေ့ရသည်။ လူတန်းစားမရွေး သွားလာလှုပ်ရှားနေပုံများတွင် အမရပူရခေတ်အမျိုးသမီးများ၏ အဝတ်အစားများအနက် ထိုင်မသိမ်း၊ထဘီရှည်နှင့် ပဝါ တဘက်ရှည်များ၊ ဆံထုံးထိပ်လယ် ထုံးပုံများကို တွေ့ရပေသည်။

## (၆) အဝတ်အစားများ

ဤခေတ်တွင် အဝတ်အစား ဆင်ယင်မှုများ ပို၍ ပြည့်စုံသိုက်မြိုက်လာခဲ့ပါသည်။ ထဘီနံကွဲ အထက်ဆင့် ရှည်နှင့် ရင်ကိုရှားကာ ရခိုင် အမျိုးသမီးများ ကဲ့သို့ ဝတ်ဆင်လျက် တွေ့ရပါသည်။

နန်းတော်သူများမှာ ရင်ကို အဝတ်ဖြင့် သပ်သပ် စည်းနှောင်၍ အပေါ်ကထိုင်မသိမ်းကိုဝတ်သည်။ အရပ်သူများမှာ ထဘီရင်ရှားသူကများပါသည်။ ပဝါကို ပခုံးပေါ်တွင် စလွယ်သိုင်းတင်၍ နောက်ကချထားပုံကလည်း အိန္ဒိယအမျိုးသမီးများကဲ့သို့ပင်။ ပုဂံခေတ်၏ ယကင်ဆံထုံးကိုမူ အမရပူရခေတ်အထိ အသုံးပြုလျက် တွေ့ရသည်။ ထိုပုံစံသည် အခြားအခြားသော ဦးသျှောင် ၅၅ မျိုးလောက် ခဲရာခဲဆစ်မဟုတ်၍ လူကြိုက်များလေသလော စဉ်းစားစရာဖြစ်ပါသည်။

ယကင်ဆံထုံးကို လုံးတင်ဟုလည်း ခေါ်ကြကြောင်း အဆိုတစ်ရပ်ရှိပါသည်။ အမရပူရခေတ်တွင် နန်းတွင်းသူများသာမက ကျေးလက်ဒေသရှိ အမျိုးသမီးများ၏ ဆင်ယင်ဝတ်စားမှုကို သရုပ်ဖော်သော ကဗျာတေးများလည်း အသင့်အတင့် ရေးစပ်ခဲ့ကြပါသည်။ သို့ရာတွင် နန်းတွင်းသူများ၏ အဖွဲ့အနွဲ့တွေသာ များခဲ့သည်။ အင်းဝခေတ် ဗျာပါဆံထက် အောက်သို့အနည်းငယ်ကျ၍ နားနောက်ခွေသော အမရပူရ ဗျာပါဆံအကြောင်းကို ရာမရကန်နှင့် မေ့ဒွန်းရကန်တို့တွင် စာပန်းချီ ခြယ်ပြပုံမှာ –

**"နားအုံနှင့် ပါးဆီမှာ၊ ကတ်ကြေးကျ ညီလှသည်။ မြရေသီလံ၊ ဗျာပါဆံက၊ ပါးယံမှာသွယ်ခွေ့**




ပြန်ဝိုက်လို့ ဝေခဲ့ပြီး၊ ပြေလိုက်သည့်သက်တံ၊ နဘူးဆံ
မှာ၊ ဂုဏ်အလှံ့သွယ်၊ နှစ်ပါးစုံ နွယ်ကြရေ့မယ်”
ဟူ၍ ဖော်ပြခဲ့သည်။

အပျိုဖြောက်ဖြောက်၊ ရွှေလက်ကောက်က တစ်ရံနှစ်ရံ၊ လက်ချိတ်ကယ်လွန်းပျံ၊ ပန်းတဘက်က ထောင်နံ၊ ပြန်လှန်ကာသိသိ၊ ရင်ဝတ်ကနီနီ၊ ထဘီက ကွက်ပြိုင်၊ သံပြင်က မှိုင်မှိုင်”

စသည်ဖြင့်တစ်မျိုး လက်ကောက်ကိုဆင့်၍ဝတ်ကြောင်း၊ ရင်စီးအနီနှင့် ပန်းတဘက်လွှန်းချိတ်ထဘီများ ဝတ်ဆင်ပုံကို သိရပါသည်။

အမရပူရခေတ်အပျိုဖြူများအကြောင်းကို ရာမရကန် ၌ ဉာဏ်ကွန့်ထားပုံအရဆိုလျှင် ထဘီအညိုမှာ ပေါ်လွင် ဆန်းပြားကြောင်း၊ ဒါလီလည်ဆွဲနှင့် ပုတီးများ ဆွဲကြ ကြောင်း၊ အမွှေးအကြိုင်၊ နံ့သာဖြူနီတို့ကို လိမ်းခြယ် ကြောင်း သိရပါသည်။

**“အအူသား၊ အရွှသား၊ အထွတ်သား၊ အမွတ်သား၊ ကလက်ချင်၊ ထဘီညို တဘက်လွင်၊ ဒါလီဆင်၊ ပုတီးဆင်၊ ဘာလုံးစင် အကုန်ထုတ်” “နံ့သာသွေး၊ အမွှေးလောင်း၊ ပန်းပေါင်းစွက်၊ ကရမက်ရှာသူရှာ၊ နံ့သာနီဖြူ၊ ယူခဲ့သူ”**

စသည်ဖြင့်တစ်မျိုး၊

**“ပန်းကုံးရင်းတချို၊ တို့ဖတ်တို့ရောင်၊ ဆံစုပေါင် မှန်ပြင်၊ သက်တင်ရေးစ၊ ဗျာပါဆံများကိုချလို့”**

ဟူ၍ ဗျာပါဆံနှင့် ဆံစုပေါင်သော ဆံထုံးကို မှန်ရှေ့၌ ထုံးနေပုံကိုပါ မြင်နိုင်ပါသည်။

**“လက်ချိတ်ကယ် လွှန်းပျံ၊ ပန်းကွက်ကယ်ကျူ ထရံ၊ နှင်းခံကနိတျာ၊ ထမီညို တဘက်ပြာ၊ စကားဝါ သမ္ဘာရာ၊ နီလာငွေရောင်၊ ပရွက်ကြောင်း ပြောင် ပြောင်၊ မိုးမှောင်ကျပြိုးပြိုး၊ ကြက်မောက်ညိုထမိကို”**

ဟူသောစာအရ ထိုခေတ်က ရက်ကန်းပညာနှင့်ခေတ်စား သော အဆင်များမှာ ကြက်ပေါက်ဆင်၊ ပရွက်ကြောင်း အဆင်များဖြစ်ကြောင်းနှင့်တကွ အသွေးအရောင်စပ်ဟပ် ပုံများကိုပါ သိရပေသည်။ အညို၊ အပြာ၊ စကားဝါနှင့် သံပရာရောင် စိမ်းဝါ အချိတ်ထည်များ မည်မျှလှပလိမ့် မည်ကို မှန်းဆကြည့်နိုင်ပါသည်။ ခေတ်ပြောင်းလာသည် နှင့်အမျှ အရောင်စုံဆင်မြန်းလာကြပုံကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

## (၇) ပူပုံထုံးဆံထုံး

ပုဂံခေတ်မှစ၍ အမရပူရခေတ်အထိ မြန်မာ အမျိုး သမီးများသည် ဆံကေသာကို အဆန်းတကြယ် ထိပ်လယ် တွင် တင်၍ထုံးကာ စိတ်ကူးယဉ်တိုင်း ပုံစံအမျိုးမျိုး ထွင်ခဲ့ကြသော်လည်း ဤအမရပူရခေတ်ရောက်သည့်အခါ ၌မူ ထိပ်လယ်မှတစ်ဆင့် ကုပ်ပေါ်သို့ လျောကျပြီး ကပို ကရို ထုံးနှောင် ရစ်ဖွဲ့လာကြပြန်လေသည်။ ဤပုံစံကို “ပူပုံထုံး” ဟု ခေါ်ကြသည်။ စ၍ထွင်ခဲ့သူမှာ မိဖုရား မမြကလေးပင်တည်း။ မောင်တော်ရွှေဘိုမင်းက အထင် တော်လွှဲသည့်အတွက် ရာဇဝတ်သင့်လေရာ ရွှေနန်းတော် ကြီးကိုစွန့်၍ စိတ်လက်မကြည်မသာနှင့် မဖီးလိမ်းမပြုပြင် နိုင်ဘဲ အနောက်တံခါးမှ ထွက်ခွာသွားရလေသည်။ သို့ရာတွင် မိဖုရား၏ ကပိုကရိုဆံထုံး တစ်ပတ်ရစ်ထုံးထား ပုံကလေးမှာ ကြည့်၍လှလွန်းသည့်အတွက် မြင်ရသူတိုင်း အဖို့ ဤဆံထုံးမျိုးကို မထုံးဘဲ မနေနိုင်အောင် ဖြစ်ရလေ သည်။ သို့နှင့် ပူပုံထုံးပုံစံမှာ နိုင်ငံအနှံ့ပျံ့၍သွားခြင်းဖြစ် ပါသည်။ အမရပူရခေတ် ကခြေသည်များ၏ပုံတွင် ဆံပင် နောက်တွဲများကို တွေ့ရသည်။

မင်းသမီးခများမှာ ဗျာပါပူလောင်ကဲ၍ မဖြီးနိုင်ဘဲ ဆံပင်အထုံးက တွဲလွဲလေးကျနေသည်ကို လှသည်ထင်ပြီး ကြံကြံဖန်ဖန် အတုယူကြခြင်း ဖြစ်သည်။

နံရံပန်းချီအနေနှင့်လည်း အမရပူရခေတ် ကခြေသည် ၏ပုံတွင် ကျေးငှက်တစ်ကောင်ကို လက်ညှိုးပေါ်မှာတင် လျက် တွေ့ရသည်။ ထဘီကို ရင်ရှား၍ နားဥ၌လည်း ရှည်လျားသောနားတောင်းကို ပန်ဆင်ကာ နံကွဲထဘီနှင့် ခြေချင်းဝတ်ထားလေသည်။ နံကွဲထဘီ၏ အဖျားမှာ ငါးမြီးသဏ္ဌာန် ဖောင်းပွ ကော့တက်၍ ထုံးထားသော ဆံထုံးမှာကား ပုဂံခေတ်က ပုံစံအဟောင်း ဖြစ်သည်ကို တွေ့ရသည်။

## (၈) ယပ်တောင်နှင့် ခြေနင်း

အမရပူရခေတ် ကခြေသည်၏ပုံတွင် ပုဂံခေတ်ဆံထုံး ကို ဖော်ပြလျက် လက်မြှောက်၍ ကနေပုံတွင် ရင်ကို ဖော်ပြထားသည့်အပြင် ကြီးမားသော နားကပ်ကြီးကို လည်းရေးဆွဲထားလေသည်။ ဝန်ကတော်များမှာ တရုတ် ယပ်တောင်ကိုကိုင်ကာ ဦးကော့သော ခြေနင်းများစီး ထားသည်ကိုလည်း တွေ့ရသည်။ ပဝါကို စလွယ်နှစ်ဖက် သိုင်း၍ နှစ်ဖက်ချထားရာ အလွန်ရှည်လျားလိမ့်မည်ဟု ထင်ရဖွယ်ပေသည်။ ခေါင်းတွင် ယကင်ဆံထုံးနှင့် ပန်းကုံး ကလေးကိုလည်း တွေ့ရသည်။ အင်းဝခေတ် ကခြေသည် ၏ သင်တိုင်းပုံသန်ဆန် အင်္ကျီမှာ အလွန်တရာပွသော လက်ကို တွေ့နိုင်သည်။ ရှည်လျားသောတဘက်နှင့် နံကွဲ ထဘီ အဖျားပွနေပုံကိုလည်း ရေးဆွဲဖော်ပြခဲ့သည်။

အင်းဝခေတ်မှစ၍ အမရပူရခေတ်၊ ရတနာပုံခေတ် အထိ နန်းတွင်းသားများသည် ထန်းရွက်ယပ်ကို ရွှေချ ကာ ဝန်ကြီး၊ ဝန်ထောက်၊ ဝင်းမှူးများကအစ ကိုင်ဆောင်လေ့ရှိကြသည်။ နန်းတွင်း အပျိုတော်များ မှာ ရွှေယပ်ရိုးအရှည်ကိုကိုင်လျက် မိဖုရားနှင့် သမီးတော်

များအပါးတွင် ခစားနေရပုံများကို ပန်းချီကားများ၌ တွေ့နိုင်ပေသည်။

၁၈၇၃ ခုနှစ်၊ ဇူလိုင်လ ဂ ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာ အချပ်ပို ၌ ပန်းချီဆရာ ဦးဝင်းမောင်က တောင်ဘီအုတ်ကျောင်းမှ အင်းဝခေတ် အပျိုတော်များ၏ပုံ၊ အမရပူရ ရွှေဂူသာဘုရားမှ ကုန်းဘောင်ခေတ် အပျိုတော်ပုံနှင့် ရတနာပုံခေတ် ရွှေယပ်ကိုင် နန်းစွင်း အပျိုတော်ပုံများကို ပန်းချီဖြင့် ရေးဆွဲဖော်ပြခဲ့ဖူးသည်။ ဤယပ်တောင်မျိုးအပြင် ခေါက်၍ရသော တရုတ်ယပ် တောင်ခေါ် ခိုမြီး ယပ် တောင် များ လည်း သုံးစွဲကြ ကြောင်း စသော အာနန္ဒာအုတ်ကျောင်းမှ ပန်းချီအချို့ကို အထောက်အထားအဖြစ် တွေ့မြင် သိရှိရပေသည်။

ဝန်ကြီး၊ဝန်ထောက်ကတော်များ၊အတွင်းဝန်ကတော်များအပြင် အပျိုတော်တစ်ရာပုရပိုက်မှ အပျိုတော် မိသေးသေး၏ ယပ်တောင်ကိုင်ထားသော အလှကိုပါ လေ့လာကြည့်ရှုသင့်ပေသည်။ တရုတ်တို့၏ ဟန်ရာဇဝင် သစ်ကမူ အိမ်ထောင်ရှိသော ပျူအမျိုးသမီးများသည် အပြင်သို့ထွက်၍ လမ်းလျှောက်သည့်အခါ ယပ်တောင် ကိုင်ဆောင်သည်ဟု ဖော်ပြထားသည်။ အထက်တန်းစားပုဂ္ဂိုလ်များ၏ အပါး၌ ယပ်တောင်ကိုင်သူ ငါးဦး၊ ခြောက်ဦးထက်မနည်း ရှိသည်ဟု ဖော်ပြခဲ့ဖူးရာ ပျူခေတ်က ယပ်တောင်အသုံးပြုခဲ့ကြောင်းကိုလည်း သိရပါသည်။

အမရပူရခေတ် ဝန်ကြီး၊ ဝန်ထောက်၊ ဝန်ကတော်များ၏ပုံကို ၁၇၉၅ ခုနှစ်၌အိန္ဒိယမှအင်းဝသို့ စေလွှတ်ခြင်းခံရသော ကပ္ပတိန် ဆိုင်းမ်စ်နှင့်ပါလာသည့် ပန်းချီဆရာက ရေးဆွဲခဲ့ပေသည်။ မင်းတုန်းမင်းလက်ထက် ဖယ်ရာတို့နှင့်ပါလာသော ပန်းချီဆရာ ဂရန့် ဆိုသူမှာလည်း အရေးပေးခြင်းခံရသူဖြစ်သည်။ ၎င်းကမူ ဆင်ဖြူတော်ပုံကို ရေးဆွဲခဲ့သည်ဟု သိရသည်။ ဝန်ကြီး၊ ဝန်ထောက်၊ အတွင်းဝန်များနှင့်ဇနီးများ၏ပုံမှာ ဓာတ်ပုံရိုက်ကူးထားခြင်းမဟုတ်ဘဲ ပန်းချီလက်ရာဖြစ်သော်လည်း နောင်လာနောက်သားများအတွက် ဗဟုသုတ အထောက်အကူဖြစ်သည်မှာ ငြင်းဆိုဖွယ်မရှိပါ။

အခန်း ၄

# ရတနာပုံခေတ် ဆင်ယင်ထုံးဖွဲ့မှု

## (၁) ရက်ကန်းစက်ရုံများ

မင်းတုန်းမင်းကြီး လက်ထက်တော်တွင် ညီတော် အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ ကြိုးပမ်းမှုအရ စက်မှုလက်မှုများ စတင်ပေါ်ထွန်းခဲ့ပြီး စက်ရုံအများအပြား တည်ဆောက်ခဲ့သည်။ အမြောက်စက်ရုံ၊ သေနတ် လက်နက်စက်ရုံ၊ ရက်ကန်းရုံ၊ ဖန်ချက်ရုံ၊ ဝါဂွမ်းစက်ရုံ၊ ဒင်္ဂါးစက်ရုံ၊ ရေမွှေးချက်စက်ရုံ၊ သစ်ခွဲစက်ရုံ၊ သံချက်စက်ရုံ၊ မီးခြစ်စက်ရုံ၊ သင်္ဘောစက်ရုံ၊ ကြာဆန်စက်၊ ဆန်ကြိတ်စက်ရုံ၊ အထည်စက်ရုံများရှိခဲ့ရာ ရက်ကန်းစက်ရုံများမှာ မြောက်ပြင် လက်နက်စက်ရုံအနီး၌ရှိခဲ့သည်။ သံယဉ်သွား၊ ကြေးယဉ်သွား၊ ဝါးယဉ်သွားများဖြင့် ရက်လုပ်ကြသည်။ ရက်ကန်းစက်ဆရာတို့က ပိတ်၊ သက္ကလပ်၊ ကတ္တီပါ၊ ကော်ဇော၊ ကျင်ခတ်၊ နာနတ်ချည်၊ ပိုးအဖြူ၊ အနီ၊ အဝါ၊ အပြာ၊ အစိမ်း အရွက်နှစ်ထပ်၊ သုံးထပ် အပင်၊ အခက်၊ အရွက်နှင့်တကွ နှပ်လွှားများစွာဖြင့် ရက်လုပ်ကြလေသည်။ ယခင်က ရက်ကန်းရုံမှာ ယခုအခါ ဗျစ်စက်ရုံဖြစ်နေပေပြီ။ ကတ္တီပါကိုမူ အာဋ္ဌဝီလမ်း၊ ရွှေတစ်ချောင်း ထိပ်၌နေထိုင်သော ပြင်သစ်အမျိုးသမီးက ရက်လုပ်သည်ဟု ဆရာ ဦးမောင်မောင်တင်၏ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းများ စာအုပ်၌ တွေ့ရှိရပါသည်။

## ( ၂ ) နန်းတွင်းသူနှင့် ချိတ်ထဘီ

''ရှင်ဘုရင့်ပုဆိုး ပိုးချည်းသာ'' ဟူသော စကားအရ လွန်းချိတ်ထဘီများကိုမူ နန်းတွင်းသူများသာ သုံးကြပြီးလျှင် ကျေးလက်ပျိုဖြူတို့မှာမူ ချည်ထည်ကို ဝတ်သူများ၍ ပင်ဖြူ၊ ပင်နီများ ခေတ်စားခဲ့လိမ့်မည်ဟု ယူဆရပါသည်။

နိုင်ငံခြားအထည်များ ခေတ်စားစေကာမူ မန္တလေး ရတနာပုံခေတ်တွင် လွန်းရာကျအချိတ်ကို အထူးတလည် ရက်လုပ်ခဲ့ကြရာ သူ ထက် ငါ ဆန်း ပြား စေ ၍ ဒေါင်း၊ ဟင်္သာရုပ်များပါ ရက်ခတ်စေကြပါသည်။

ကင်းဝန်ကြီးကလည်း **"လွန်းတရာချိတ်၊ လှိုင်းရိပ်အသွင်၊ ကောင်းကင်တနယ်"**ဟု ဖွဲ့နွဲ့ခဲ့ပါသေးသည်။

ထို့ပြင် ရှင်လောင်းလှည့် သျှုးလိုက်ရတု တစ်ပုဒ်၌လည်း **"လွန်းတရာ ကိုးဆယ်ချိတ်၊ ဝါပေါင် စိမ်းပေါင်အနီရောင်သည်၊ ရဲရောင်တဖိတ်ဖိတ်"**နှင့် ဟူ၍ တွေ့ရပါသည်။ မင်းတုန်းမင်းလက်ထက်က ခေတ်စားလာသော ဇလာ ပုဆိုးနှင့် အမျိုးသမီးများအတွက်မှာ အချိတ် ၃၇ မျိုးရှိ၍ အချိတ်ပုဆိုး၊ အချိတ်ထဘီ ၃၀ ခန့်အပြင် ပန်းစုံကိုက် ၁ နှင့် ပန်းစုံစပ် ၁ တို့ ဖြစ်ပါသည်။

ဤစာများ နောက်ပိုင်း၌ အချိတ်ဆင်များ အကြောင်းကို သီးသန့်ဖော်ပြထားပါသည်။

## (၃) အမျိုးသားစာဆိုများ၏ စာပေ အထောက်အထားများ

ထိုခေတ်အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံကို စာပေ၊ တေးသီချင်းများကလည်း အထိုက်အလျောက် ဖော်ပြခဲ့ပေသည်။

> **"လှိုင်းကိုက်ပြန်တိမ်လိပ်နှင့်၊ ဖဲချိတ်ကိုမှ မဝတ်ဆင်၊ ရပ်ကြီးသူပျိုဖြူလတ်ကယ်၊ ဂုံးစပ်နှင့်ယဉ်၊ ဂုံးစပ်ဆင်လို့ယဉ်တာလား၊ နဂိုယဉ်မို့ ယဉ်တာလား၊ ရွှေခါးတော်ညိုဆိုင်နှင့် မတူနိုင်အနေခြားတယ်၊ မိုးကျနတ်လား"**ဟူ၍ ဖဲအချိတ်မဆင်ဘဲ

ယဉ်ပုံကို ဖော် ပြ ထား ပါ သည်။ ထို့ ပြင် ဆ ရာ ကြီး ဦးမောင်ကလေး၏ တေးထပ်၌လည်း–

> **"မူဟန်ပုံ ဘီးဆံပတ်နှင့်၊ မြနားကပ်မဆင်၊ ဥဿဖရား အညွန့်တင်သည်၊ ကြေ့နည်းယဉ် တခန်း၊ အရောင်လက်မဟူရာကို၊ ပန်သ ကာ ခုမှဆင်မြန်း၊ ဘန်ကောက်ဖြစ်ထည်ရွှေလုံကို၊ ဝတ်နည်းပုံသူဆန်း၊ မမြင်သူ ဘဝင်နွမ်းစေဘို့၊ ရွှေမန်းသူ ပုံသဏ္ဍာန်၊ သွားမူဟန် လွန်ကြေ့ရှင်းပါဘိ၊ ခြောက်ပြစ်ကင်း သိန်းမကတန်၊ ပမာထုံး ပုံနှုန်းစံလျှင်၊ မယ်ဥမ္မံဒေဝီလှကဲ့သို့၊ မြင်သမျှကရုဏာ၊ ရှိကြမေတ္တာ၊ ခုလောက ခေတ်အခါမှာ၊ မယ်လိုဟာ ရှားပါဘိလေး"** ဟူ၍

ဖြစ်ပါသည်။



ရတနာပုံခေတ်နှောင်း

ဘီးခံ၍ပတ်သော ဘီးဆံပတ်များနှင့် ဥဿဖရား နားကပ်အဖြူများအပြင် မ ဟူ ရာ နား ကပ် ကို လည်း သုံးကြပုံ၊ ဘန်ကောက်လုံချည်မှာ အဆန်းဖြစ်နေပုံများကို သိရပါသည်။ ပုဂံခေတ်ဆံထုံး ၅၅ မျိုး အ နက် အဝတ်အစားနှင့်ညီစွာ ပြုပြင်တတ်လာသည့်အခါ ၅၅ မျိုးလုံး မရှိတော့ပါ။ အင်းဝ ညောင်ရမ်းခေတ်တွင် ၃၇ မျိုးသာ ကျန်တော့သည်။ ဘကြီးတော် လက်ထက်၌ကား ၇ မျိုးသာ ကျန် တော့ သည့် အ ကြောင်း ကို အောက်ပါ အထောက်အထားအရ သိရပါသည်။

"ရွှေနန်းသုံးကို၊ 'ပိုက် ကျုံး မှတ် ယူ၊ သိတော်မူလော့၊ မြိတ်ဖြူ ညှိုညှို၊ မြိတ် စို ထွတ် ထွတ်၊ မြိတ်လွတ်မည်းမည်း၊ စုလည်းရှင်ရှင်၊ ယကင်ထုံးထုံး၊ လုံးတင်သစ်သစ်၊ မြိတ်ရစ်မြိတ်ခံ၊ မြတ်ပျံ ရတနာ၊ သိင်္ဂါရွှေသား၊ ပတ္တမြားရောင်ပြုံး၊ ခုနစ်လုံးသည်၊ ဆံထုံးမင်္ဂလာ တင့်ရှန်းတည်း" ဟူ၍ ဖော်ပြခဲ့သဖြင့် မတိမ်ကောဘဲကျန်ရစ်သော ခုနစ်မျိုးကို သိနိုင်ပါသည်။

## လှေသင်းအတွင်းဝန် ဦးချိန်၏ အဘိဇာနတ္ထ ဝိသောဓနီကျမ်း

ဤကျမ်းအရ အိမ်တော် နန်းတော်များ၌ ဆံထုံးထုံး၊ တဘက်ဝတ်၊ ဒက်ဆင်မင်္ဂလာအခမ်းအနားများ၌ ထုံးလေ့ရှိသည်ဟု သိရပါသည်။ ၁၂၃၇ ခုတိုင် အသုံးပြုသေးကြောင်း "ဆံထုံးတော်မြိတ်ဖြူ၊ နတ်တူစိုးမည့်သူဘုရား" စသည်ဖြင့် မြိတ်လွတ်၊ စုလည်း၊ ယကင်၊ လုံးတင်၊ မြိတ်ရစ်၊ သက်ဆစ်ရာကျော် ရှည်တော်မူလိမ့်မည်ဟူ၍ မင်္ဂလာယူသောစကား ရေးသားခဲ့ကြောင်း ဖတ်ရပါသည်။

## လယ်ကိုင်းစား သေနတ်ဝန်ကြီး၏ အဆို

အမျိုးသားများကလည်းခေတ်နှင့်လျော်စွာဝတ်ရပုံကို သေနတ်ဝန်ကြီးက မိမိပြင်သစ်ရောက်စဉ် ဥရောပဝတ်စုံဝတ်ရစုံ၊ ပြင်သစ်မယ် တစ်ဦးက ဆင် မြန်း ပေး ပုံ မှာ မြန်မာ့ ရှေးမူဟန်ဟူ၍ 'မကျန်တော့သလောက်ပင် ဖြစ်ကြောင်း။ အိမ်မှဇနီးသည်ပင် မိမိကိုမြင်ရလျှင် မှတ်မိမည်မဟုတ်။ အိနောင်မင်းသားက ပန်း ရည် ယောင်ဆောင်ပြီး ပွတ်စပါး မင်းသမီးက ဉဏ္ဏာကံ အယောင်ဆောင်ရသည့်နည်းတူ မှတ်မိပါမည်လောဟူ၍ ရေးခဲ့ပုံမှာ ဗဟုသုတအဖြစ် မှတ်သားဖွယ်ကောင်းလေသည်။

"မန်းနက်သန် နန်းဟန်လေ့မှာဖြင့်၊ ငွေ့ငွေ့ပဲ ကျန်တော့တယ်၊ ဥရောပတိုက်မူကို မယူရင် မနေသင့်ပြီလို့၊ ခြေနှင့်ဥသျှောင်ဆုံးအောင်၊ ကိုယ်လုံးလုံ ခြုံတရစ်ကယ်နှင့် ပြင်သစ်မယ် သူ ဖန် တီး သ မျှ ပြီးစေရမယ်။ ရှေးရှုပ်ပုံဟန် အဟောင်းဟာဖြင့်၊ ကျန်ကောင်းမှ ကျန်တော့မယ်၊ မန်းသူမိဇ္ဇှေဘုံနယ်မှာ ခုနှယ်ပုံမူကား၊ သူမြင်စေစမ်းချင်လှ၊ မိုင်လမ်းမှာ ကြုံလာဖန်တဲ့၊ ဉဏ္ဏာကံ၊ ပန်းရည်တွေငယ်သို့၊ စုံစေ့စွာ တဟန်မူမို့၊ ကိုယ့်သူကို အမှန်ပဲငယ်၊ စွဲဝံ့လိမ့်လား" ဟူ၍ ဖြစ်ပါသည်။

## စလေဦးပုည၏ အဆို

ဦးပုညသည် ဆံပင်ထုံး၍ လျှော့လျှော့လေးကျနေ ပုံအလှကို မြင်တတ်ပါပေသည်။

**"တ ကျော့ ထုံး နှောင်၊ ကေ သိ လျှော့ နှင့်၊ သုံးတောင့်ထွာကြော၊ ကော့လျှော့ကေခိုင်၊ ပိတုံး မင်ညွှန့်ဆိုင်၊ စံပုံရှားတဲ့ သိကြားမှိုင်ငယ်"**ဟု ဖွဲ့ခဲ့ပါ သည်။ ရတနာပုံခေတ်တွင် ဆံပင်လျှော့လျှော့ထုံးကြပုံ ကို ဖွဲ့ထားခြင်းဖြစ်ပါသည်။

**"ဆတ်သဝါအသားနှင့် ပတ္တမြားမှဲ့" "ခံတွင်းနှံ့ ကုကုံမ်"** ဆိုသည့်အတိုင်း အသားဝါနှင့် နီရဲသောနှုတ်ခမ်း၊ ကုံကုမံနှံ့မွှေးသောခံတွင်း စသည်တို့ကိုလည်း ဖော် ပြထားပါသေးသည်။

ဦး ပု ည က ပင် **"ပန်း သန့် သန့် ကွက်ကျယ်မှာ၊ သက်တန့်သွယ်ရောစပ်တဲ့၊ လောကဓာတ် ပုဆိုးဆင်၊ မိုးသွန်းချက်ယဉ်၊ မျှော်မိတိုင်း ပန်းမရှင်တယ်၊ နန်းဟန်ဆင် ရွှေမိုးကြောင့်လေး"** ဟုဆိုရာ၌ နန်း တော်ထဲရှိ ပန်းရောင် အဆင်အကွက်ကျယ်၌ သက်တန့် ရောင်များ ရက်ထား၍ အလွန်ယဉ်ကျေးသည့် ပုံစံကို မိုးနတ်သားကလည်း အတုခိုးကာ ဟန်ဆောင်သည်ဟု ဆိုထားပါသည်။ တိမ်ခိုးဆင်၊ သက် တန့် အ ဆင် များ နန်းတွင်း၌ ဝတ်ကြကြောင်း သိနိုင်ပါသည်။

## ဦးကြော့၏ အမြင်

အမျိုးသမီးကလေးများသည် ပန်းနု၊ အဝါနုကို နှစ်သက်ရာမှ အစိမ်းရောင်ကို မက်မောလာကြသည့် အတွက် **"လက်ဦးငယ်ယဉ်၊ ဖက်ဖူးဆင် မေခင်ကြိုက် ကယ်နှင့် ခြုံပိုက်ကာ လာမတွေ့တာဖြင့်"** ဟူ၍ ခေတ် စားလာသော ဖက်ဖူးအရောင်ကိုလည်း ဖော်ပြရေးခဲ့ပါ သေးသည်။

## အချုပ်တန်း ဆရာဖေ၏ အဖွဲ့

ပိုးဖဲကတ္တီပါ ပုသိမ်ပဝါများကို နန်းတွင်းကသာ သုံးခွင့်ရပြီး အရပ်သားများမှာ ဟောင်းနွမ်းဆွေးမြည့် ၍မခိုင်ခံ့သော အထည်များကိုသာ ဝတ်ရကြောင်း ဖော်ပြလိုသည့်အတွက် **"ဖဲပုသိမ်မဆင်ထိုက်သူမို့၊အလိုက် ကယ်သာသာခိုတော့၊ စက်စက်ယို ဆိုင်ခံဆွေးရယ်နှင့်၊ ထွေးရစ်ပေတော့"** ဟူ၍လည်း စာဖွဲ့ခဲ့ပါသေးသည်။

## အိုင်ချင်းများ

ကျေးလက်ပျိုဖြူများက စာဖွဲ့ရာ၌ **"ပိုးသေးမဲပါ၊ မယ်ကပေးတဲ့ ခေါင်းပေါင်းပြာ၊ လည်မှာရစ်လို့"** ဟူ၍ တစ်မျိုး **"ရစ်ကိုထောင်ကာထားရတယ်"** ဟူသော ရက်ကန်းအကြောင်းကို တစ်သွယ် ဖော်ပြထားရာ မိမိတို့ အဝတ်ထည်ကို မိမိတို့လက်ဖြင့် ရက်လုပ်ကြကြောင်း၊ ချည်ထည်များသာခေတ်စားကြောင်း သိကြရပါသည်။

ရှေးကဗျာဟောင်းများ၌လည်း –

**"သူများလို မ ရ တတ် ပါ ဘူး၊ ဘိ လပ် ကယ် ရှန်ပဝါ၊ ဆာပါနှင့်တူနိုင်း၊ အဖြူစောင် အလယ်မှာ၊ ပြာ မှိန် မှိန် နှင့်၊ ပု ဆစ် အိမ် ကွက် စုံ ကျ လေ ငဲ့၊ တင်းတိမ်စပိုင်း"**ဟူ၍ တွေ့ရှိရာ ဘိလပ်ပဝါ၊ ရှန်ပဝါ၊ ဆာပါပဝါများ မဝတ်ဆင်နိုင်၍ အဖြူပေါ်မှ အရောင် မှိန်၍နေသော ပုဆစ်အိမ်ကွက် ကန့်လန့်ကာအပိုင်းစကို သာ သုံးရကြောင်း ဖော်ပြထားခြင်းဖြစ်ပါသည်။

## ဝန်ကြီး ပဒေသရာဇာ၏ တျာချင်း

ထိုတျာချင်းများ၌လည်း ဆင်းရဲသားတို့မှာ အဝတ် အထည်ချို့တဲ့၍ ခေါင်းတွင် တဘက်အနီကိုသာ ပေါင်း ရကြောင်း၊ အမျိုးသားများမှာ ခါးတောင်းကျိုက်နှင့် ပခုံးအပြောင်သားဖြင့် လေ့လှော် ကူးသန်းရကြောင်း များကို ဖော်ပြခဲ့သည်။ **"ချည်နီဗောင်း တွတ်တွတ်ကယ် နှင့်လေး"** စာပိုဒ်ကို သတိရဖွယ်ဖြစ်ပါသည်။ **စောင်စ** အနီမှာ အမျိုးသမီးများရက်လုပ်သော အနီစဖြစ်ပါ လိမ့်မည်။

## ဦးဆောင်း၏ အဖွဲ့အနွဲ့

ချဉ်ပေါင်ဟင်းဘွဲ့ရေးရာ၌ **"ဆံစလိပ်ခွေ၊ ဖားရား ဝေနှင့်၊ အိမ်နေသူသက်နှံ"** စသည်ဖြင့် မပြုပြင် မဖီး လိမ်းနိုင်သော အရပ်သူဇနီးသည်တစ်ဦး၏ သဏ္ဌာန်ကို ဖော်ပြထားပါသေးသည်။

## ဆတိုင်မှတ် ဦးကူး၏ အဆို

**"ရွှေဖူးပြင်ဆံနွယ်ကျကို၊ သိမ်းမ ကာ အသာသပ်ပါ လို့"**ဟု ဖွဲ့ခဲ့ရာ မဟာနဖူးနှင့် နဖူးပေါ်သို့ကျနေသော ဆံနွယ်ကလေးများ၏အလှကို မြင်နိုင်ပါသည်။ ဦးကြော့ ၏ စုံနံ့သာမြိုင်ရှာပုံတော်၌လည်း နန်းသူ့ဟန်ကို**"ကေသီ**

**တော်ညက်၊ မြစပယ်ငုံ၊ လလယ်ယုန်မှာ၊ ဆဆယ်ပုံပျက်ခဲ့ပေါ့**" ဟုဆိုရာ စံပယ်ဖူးကလေး၊ အငုံကလေး၊ ယုန်ရုပ်ကလေးနှင့် တူသည့် စံပယ်ငုံဆံထုံး၊ လလယ်ယုန်ဆံထုံးများအကြောင်းကို တွေ့ရပြန်ပါသည်။

ရှေးခေတ်က ဆံဦးသျှောင်ကိုမြဲခိုင်အောင် ထုံးကြဟန်တူပါသည်။ စလင်းမင်းသားကြီးသည် ကုလားအရေးကြောင့် ချီတက်သွားရစဉ် အိမ်က ဇနီးသည်မမင်းသာ ထုံးပေးလိုက်သည့် သျှောင်ကို ပြန်၍ပင် မထုံးဖြစ်ကြောင်းကို "**ယမန်နှောင်ခဲ့တဲ့ သျှောင်ယကင်လဲ၊ မပြင်ရှာအားဝံ့ ခုတိုင်**" ဟုရေးခဲ့ရာ အမျိုးသားများပင်ယကင်ဆံထုံး ထုံးကြောင်း၊ ယကင်သည် ထိပ်လယ်တွင်အဝိုင်းကလေးပုံဖြစ်ကြောင်း သိနိုင်သည်။

## စာဆိုတော်ဦးဘုန်း

စာဆိုတော်ဦးဘုန်းသည် တစ်ခါက ရွှေနန်းတော်အနောက်ဘက်သို့ ဖြတ်သွားစဉ် နန်းသူတစ်ဦး ဆံပင်ဖြန့်လိုက်သည်ကို တွေ့၍ ရုတ်ချည်း စာစပ်လိုက်ပုံမှာ "**မြဆံကြာ၊ ကေသာကြူနံ့က၊ သူဖြန့်လျှင်မွှေး**" ဟုဆို၍ ဆံပင်ကို မွှေးကြိုင်နေအောင် လိမ်းကျံထားသော ဓလေ့အကြောင်း သိကြရပါသည်။

## သဘင်ဝန်ဦးသော်

သဘင်ဝန်ကြီး ဇော်တဗန္ဓုဘွဲ့ခံ ဦးသော်ကလည်း "**နားဒွေါင်းကရှေ့၊ ထုံးနေကနောက်တွဲ၊ ပန်းဘက်ကယ်ပန်းဘီနှင့်၊ဖပ်နီကိုသူစီးတယ်၊ ဘုမီးတဲ့လဲ**"ဟုစပ်ဆိုထားရာတွင် နားတောင်းအရှည်၊ ဆံပင်နောက်တွဲ၊ ပခုံးပေါ်က တဘက်၊ ပန်းထဘီနှင့် ဖိနပ်အနီ စီးထားသူသည်မည်သူ၏ သမီးလေးနည်းဟု ဆိုလိုခြင်းဖြစ်ပါသည်။ မိန်းကလေးများ ဝတ်စားဆင်ယင်ပုံကို ဤစာအရသိရသည်။ အချိတ်ထဘီမဟုတ်ဘဲ ပိုးဖဲထည်ကို အနားရှည်နှင့် အထက်ဆင့်ဖင်ချဝတ်ကြသော ဆင်ယင်နည်းတစ်ခုလည်း ဤခေတ်တွင် ပေါ်ပေါက်ခဲ့ပါသည်။

## ဦးမြတ်သာဒွန်း

ဇာတ်စာရေးဆရာ ဦးမြတ်သာဒွန်းကလည်း ၎င်း၏ ပေမဝန်ဘွဲ့ ရှာပုံတော်ကြီးတွင် အမျိုးသမီးအလှကို ဖော်ကျူးခဲ့ပုံမှာ –

"**မ သ ရုပ် ဝါ၊ ပင်တန်ဆေး ဘီး ဝေး ကွာ ၍၊ ကေသာရစ်ရုံး၊ ပူပုံငယ်ထုံး၊ ထွာသုံးတောင်မြိတ်၊ ဆိတ်ဆိတ်ကယ်မှပင် မပြင်ချင်၊ အယဉ်နှင့်အလှ၊ မောင့်စိတ်နှလုံး၊ တုံးတုံးကြီးချခဲ့ပေါ့၊ ကြုံရသည်အခက်၊ ဖဲတဘက် ကျောက်စီဇာ၊ အင်္ကျီရွှေပွင့်ထိုး၊ စိန်ခါးကြိုး ဒွါဒရာနှင့်**" ဟူ၍ ဖြစ်ပါသည်။

## ဘိုးဝဇီရ၏ စာပန်းချီခြယ်ပြပုံ

ရတနာပုံခေတ် အမျိုးသမီးလေးများ ဝတ်စားဆင်ယင်ပုံကို "တောပုဘုရားပွဲသတင်း"၌ ဘိုးဝဇီရက စာဖွဲ့၍ဖော်ပြခဲ့ရာ တိုင်းတစ်ပါးဖြစ် ကွမ်းတုံစက်ချိတ်လုံချည်များ၊ လွန်းပျံကိုက်ဆင့်နှင့် ဗလာထည်များ ဝတ်ကြကြောင်း၊ အင်္ကျီမှာလည်း ငွေပွင့်ထိုး၍ ရွှေဆင့်ကြိုးနှစ်ထပ်လိမ်၊ နဂါးပတ်လိမ်သန္တာပေါက်၊ ဇာပြောက်ကအဆန်းဆန်းနှင့် အံ့သြဖွယ်ဖြစ်ကြောင်း၊ ပဝါများမှာလည်း အပါးစား၊ အကောင်းစား၊ ဒေါင်းပဝါအဖိုးတန်များဖြစ်သည့် ကျင်ခတ်နှင့်ဖဲပဝါ ပြောင်ပြောင်လက်လက်ကိုလည်း ခြုံကြကြောင်း၊ လွမ်းကာရမ်းကာ ပဝါတကားကားနှင့် လှကြပုံကို ဖော်ပြထားလေသည်။

မျက်နှာ၌သည်း နံ့သာငွေလွှင်မှုံကို ယဉ်ရုံသာသူတို့တို့ ကြသည်။ နော်ဇာနှင့် ရွှေသည်ကပ် အပြင်ကျောက်ကြိုးအရှည်ကိုလည်း ဆွဲကြရာ နေရောင်ဟပ်သည့်အခါ မီးထ၍တောက်နိုးနိုး ပြိုးပြိုးပြက်ပြက်ရှိလေသည်။ ပြည်တော်ဖြစ်မန်းနွယ်ခေါ် စိန်ကျောက် တစ်မျိုးကိုလည်း သုံးကြသည်။ စိန်နှင့်မြခံသော ဆွဲပုတီးကလည်း အံ့သြဝှဲချီး၍ မကုန်နိုင်စရာ လှပသည်ဟု ဆိုပါသည်။ နော်ဇာပုတီးဆိုသည်မှာ နော်ဇာပန်းအဝါကလေးများ ငုံသွားသည့်အခါ သီကုံး၍ပန်ကြသကဲ့သို့၊ ရွှေနှင့်နော်ဇာပန်းများပုံ လုပ်ထားသောကြိုးကို ဆိုလိုပါသည်။ ရွှေနော်ဇာကုံးပုံကို ပဲခူးမြို့ ရွှေမော်ဓောဘုရားကြီးပြတိုက်၌ ယနေ့ တွေ့မြင်နိုင်ပါသည်။ ခေါင်းတွင်လည်း ပန်းအခွေအကုံးများဖြင့် တွဲလှအောင် နွဲ့လှအောင် လှဲ့မြရောင်ကေဆံထုံးမှာ ခွေအကုံးများ ပန်ကြပုံကိုပါ ဖော်ပြထားလေသည်။ သိန်ကလျာယဉ်တမွတ်တို့ ဆင်ဝတ်ပုံပြိုင်ရင်းနှင့် ဆိုင်ခင်းသော ဈေးတန်းမှာ အလွန် စည်ကားသည်ဟု ဆိုပါသည်။

မှာတမ်းများ၌လည်း ရတနာပုံခေတ် မိန်းကလေးများအလှကို ဖော်ပြရာ၌ "**ပန်း အ ဆင် ပ ဝါ ထည် နှင့် အသာဆည်မျက်ရည်ဆီးရတယ်**" ဟုဆိုရာ ပန်းအထည်ပဝါများရှိကြောင်း သိနိုင်ပါသည်။

"**ကေသွယ်လျော့ထွာသုံးပြန်**"ဆိုသည့်အတိုင်းဆံပင်ရှည်ကို အလှဟုမြင်ကြသောခေတ်လည်း ဖြစ်ပါသည်။

## (၄) မိဖုရားများ၏ စာပေအထောက်အထားများ

မင်းတုန်းမင်း၏မိဖုရား သီပေါ၏မယ်တော် လောင်းရှည်မိဖုရားရေးသည့် ခွင့်တောင်းတေးထပ်၌လည်း ဝတ်ဆင်သောထဘီများအကြောင်း တွေ့ရပါသည်။

**"လွန်းတရာပိုးစပ်၊ ကြိုးဖြတ်ချက်ပလီ၊ မျိုးမြတ်တဲ့ ထမီကို၊ ဖိုးဖြတ်မည်ကြံဆဲ၊ ငွေကြိုးလိုက်၊ ရွှေဒပ္ပုငယ်၊ ကေမှုပန်းနုမြခဲ၊ မြကြိုးကိုက်စပ်ကြိုးခံ၊ မြတ်နိုးရန်ရှိပဲ၊ နော်တော့ဆင်၊ ရွှေဝတ်လဲကုံလ၊ ဇွတ်ကြဲလို့ရှောင်မယ်"**ဆိုသည့်အတွက် သီလရှင်ဝတ်သည့်အခါ ထိုအထည်များကို ရှောင်တော့မည် ဖြစ်ကြောင်း ဖော်ပြထားကြောင်း သိကြရပါသည်။

ထို့ပြင် စဉ့်ကူးမင်း၏မိဖုရား မယ်မင်း၏တေးထပ်များတွင်လည်း **"ဆံခွေကိုဖြန့်ကျင်း၍ ပြတင်းက မယ်မျှော်"**ဟူ၍ ရေးသားခဲ့ရာ ဆံပင်ရှည်၏အလှကို မြင်တွေ့နိုင်ပါသည်။ မိဖုရား နန်းမတော် မမြလေး၏ **"လံတရာငွေခြည်ပေါက်၊ သေမည်လောက် ကြောက်တဲ့ခါဝယ်"** ဟူသောတေးထပ်အရ ငွေခြည်ထိုးအထည်များကို မဝတ်ဆင်လိုတော့ပြီ ဖြစ်ကြောင်း သံဝေဂစိတ်နှင့် ရေးစပ်ခဲ့သည်ကိုလည်း တွေ့နိုင်ပါသည်။

**"ပါရမီဖြည့်စမို့ ကြည့်ဘုရာ့သခင်၊ အလှည့်ကျမဆင်ပြီ၊ အရင်လုံမန္တ၊ အန်နှင့်ဒုံးပြာကိုပယ်မယ်၊ အဝါထည်လေးနှင့်တော်ရှဲ"** ဟု စပ်ဆိုခဲ့ရာ နီ၊ ပြာ၊ ဝါအဆင်များကို မဝတ်လိုတော့ပြီဟု သိရပါသည်။ အနီ၊ အပြာ၊ အဝါ၊ ရောင်စုံချိတ်ထဘီများ ရှိခဲ့ကြောင်း အထောက်အထားပင် ဖြစ်ပါသည်။

## [ (၅)ဗုံကြီးတေးက ပြောပြသော အလှ

ရှေးဘိုဗုံကြီးသံများကို လေ့လာကြည့်မည်ဆိုပါက တောသဘာဝသရုပ်ဖော် အများအပြားကို တွေ့ရပါသည်။

**"လေးထောင့်ရှည် ခြုံပဝါနှင့်၊ မှုံနံသာပါးမှာ ကွက်ပါလို့၊ ရက်ထမ် ကွက်စီအစင်းရယ်နှင့်၊ ပပဝင်းလိုက်ပါတဲ့ ဆံစည်းဘွယ်ရယ်၊ ဗုံကြီးမယ်ကွယ်၊ ကိုယ်ပေါ်တွင် ဖျင်ကုလားနှီမှာလ၊ ယဉ် လို့ ပင် ယဉ် မဆုံးနိုင်ဘု၊ ဘုရင်သုံးသော်ကြောင့်၊ နန်းရွှေပြင်ဝယ်၊ သန်းရွှေခွင်လယ်။ နှစ်ပတ်လျှိ ကေသ်ဖျားမှာတော့၊ တင်ပါးကိုတဲ့ ဝဲကာချယ်၊ ပုလဲရတနာသွယ်တွေက၊ ရင်မှာဖုံး၊ ပန်းလုံးကြိုင်လေလေ့၊ နန်းသုံးတော်သူခရိုင်မို့၊ သံမြိုင်မြိုင်ဗုံရှည်တေးငယ်နှင့်၊ မလေးကို တော်ဝင်ကောက်တယ်၊ သုံးယောက်နောက်ဆုံး"**

ဟုဆိုရာ ဘုရင်ကောက်သည်မှာ ဂုဏ်အရှိဆုံး ဟု အဓိပ္ပါယ်ရပါသည်။

သို့သော် ဤသီချင်းတွင် ဆံပင်ရှည်ကို အမြတ်တနိုးဂုဏ်ယူကြကြောင်း သိသာနိုင်ပါသည်။ ထိုင်မသိမ်းနှင့် ကုလားနှီတပ်ပုံကို ယဉ်သည်ဟုယူဆကြသည်။ ပဝါကိုလည်း လေးတောင်အရှည်ထား၍ ခြုံကြသည်။ သနပ်ခါး ပါးကွက်ကလေးနှင့် ပြည်တွင်းဖြစ် ရက်ထဘီ၏ အကွက်ကလည်း ညီညီနှင့် အစင်းပါ ပါသည်ဟု ဆိုထားရာ သူ့ခေတ်နှင့်သူဖြစ်၍ ယဉ်ပေမည်မှာမလွဲပါ။

၎င်းပြင်လည်း **"ရောင်ငုတ်တိုနောဖျင်ရစ်ပါလို့၊ ပျိုချစ်သူမှုမသေးပါဘူး၊ ဖြူဖွေးပါတဲ့နားငွေ့ခင်းတရန်ရယ်၊ တသောင်းတန်တယ်"**ဟုဆိုထားရာ ယခင်ကတစ်သောင်းဆိုလျှင် ယခုတန်ဖိုးမှာ နည်းမည်မဟုတ်ပေ။

**"ကြယ်ပွင့်စီ ထိုင်မသိမ်းရယ်နှင့်၊ ရွှယ် ခင့် မ ဒီ အနိုင်ယိမ်းပါရ၊ ကြိုင်ကြိုင်လိမ်းခဲ့ပါတဲ့၊ မှုံနံသာတွေရယ်၊ ကုဏ္ဍလာရေနှုယ်"**ဟု ဆိုရာ၌လည်းအင်္ကျီကိုရိုးရိုးမဝတ်ဘဲ အလှအပ ကြယ်စီပြီးဝတ်ကြကြောင်း၊ အမွှေးနံ့သာပျောင်းများတို့ကို လိမ်းခြယ်ကြကြောင်း သိသာနိုင်ပါသည်။

ပဒုမ္မာကြိုင်လှိုင်သော ကုဏ္ဍလာအိုင်အကြောင်းကို ရှေးကစာပေများ ဖွဲ့ခဲ့ကြသည်။ မည်မျှသေည်၊ မည်မျှမွှေးသည်ကိုမူ မည်သူမျှလည်း ဒိဋ္ဌသိရသည်မဟုတ်။ မျက်ရည်များ ပြည့်လျှံနေလျှင်လည်း ကုဏ္ဍလာအိုင်ကဲ့သို့ ပြည့်ဖြိုး မောက်လျှံနေသည်ဟု တင်စားခဲ့ကြသည်။ ယခုလည်း သနပ်ခါး နံ့သာရည်ခွက်နှင့် အပြည့်လိမ်းထားလေရော့သလား မသိရပါ။

**"လက္ကင်းဟန်လက်တံ ပင့်ပါလို့၊ ဝင့်လိုက်မယ်ကွယ့်၊ မင့်ပါးကိုရွယ်၊ ကြင်အားပိုတယ်လို့၊ ထင်လျှင်ကောင်း။ ပိုးမကူသလေလေ့၊ ပုဆိုးဖြူဖရဲအူစင်းရယ်နှင့်၊ ခြေနင်းပုံ ဟန်ပါပါမို့၊ မြန်ချာမှာ စံရှာကိုရွေးခဲ့လျှင်ဖြင့်၊ မောင်လေးကို ချန်မဖြစ်တယ်၊ ချစ်ဘွယ့်နွဲ့နှောင်း"**

ဟူသည်မှာကား လက္ကင်းကိုင် မင်းသား၏ ပုံပန်းကို သရုပ်ဖော်ပြထားခြင်းသာ ဖြစ်ပါသည်။ ပိုးမပါသော ချည်ထည် ဖရဲအူစင်းအဆင်ကို ဝတ်ကာ ဗုံကြီးမင်းသမီး၏ အပါး၌ လင်းကွင်းကိုကိုင်ရင်း ခြေလှမ်းပုံဟန်ပါပါနှင့် တေးဆိုပုံကို မြင်နိုင်ပါသည်။

ဗုံကြီးသီချင်းများတွင် —

"ခင်ဇော်မနီ၊ ဆံပတ်ဘီးထွေနှင့်၊ ရပ်ကြီးသူမို့ တမျိုးဟန်၊ ပိုးဂျပန်တွေနှင့်၊ လည်မှာသိုင်း၊ ရှုတိုင်းယဉ်၊ လူတိုင်းမှာ ဘယ်မမြင်ဘု" ဟု တွေ့ရသဖြင့် ဂျပန်ပဝါလည်မှာသိုင်းပုံကိုမြင်နိုင်ပါသည်။

"ဗုံပွဲကိုတဲ့ရှုလှည့်ပါ၊ ကိုက်ဗျာဆံ ရှည်ပါလုတယ်၊ သားများမေလား"ဟု ဆို၍လည်း ဗျာပါဆံ ချပုံကို သိရပါသည်။

## (၆) မှာပုံတော်

ချစ်သူအား လက်ဆောင်ပစ္စည်း မှာသူများကလည်း "ပျိုတို့မောင် အောက်ပြည်သွားကိုလ၊ များများတော့ ပျိုမမှာ၊ ပိတ်အင်္ကျီ ပလေကပ်ရယ်နှင့်၊ ဖဲဘီးလပ်ရှန်ပဝါ၊ ပုံတော်နှင့် ဆင်စွယ်ဘီး၊ လေးကျပ်တန် ထောက်မှန်ကို ပီဿာပေးပါလို့၊ ပျိုဘို့ရာ စက်ရှင်ဈေးမှာ၊ မေးဝယ်ခဲ့လေး" စသည်ဖြင့် အဆန်းအပြားကို စိတ်ဝင်စားကြကြောင်း သိနိုင်ပါသည်။ မန္တလေးစက်ရှင်ဈေးသည် အဆန်းအပြားပစ္စည်း ပေါသည်ဟုသိရပါသည်။

## (၇) ဒေါင်းပဝါနှင့် ရတနာပုံခေတ်

ဤခေတ်တွင်မင်းညီမင်းသားတို့၏ ရွှေခြည်ထိုးပုဆိုးများ၌ ဒေါင်းရုပ်ကို ရက်လုပ်လေ့ရှိကြသည်။ ဒေါင်းဒင်္ဂါးများ ခေတ်စားချိန်၊ ဒေါင်းအလံ တလူလူလွှင့်ချိန်ဖြစ်၍ ပဝါများ၌လည်း ဒေါင်းရုပ်ပါလေသည်။

"ကွယ်လေးရဲ့မင့်ပဝါ၊ ဒေါင်းရုပ်စုံပါ၊ ဒေါင်းရုပ်ပါလူပျိုပေး၊ ဆိုလိမ့်မယ်လေး၊ ကွယ်လေးရဲ့မင့်ပဝါ၊ ခန်းထောင့်မှာကာ၊ ပျိုခန်းသာဝိုက်ကာမွေး၊ ပန်းစုံလို့လေး" စသည်ဖြင့် ရက်ကန်းရက်ရာ၌ ဒေါင်းရုပ်များသုံး ကြကြောင်း၊ ရွှေကျင်ခေတ် ပဝါတွင် ဗလာနှင့် ပန်းပွင့်များဟူ၍ နှစ်မျိုးရှိကြောင်း သိရပါသည်။

## (၈) ရွှေကြိုက်သော အမျိုးသမီးများ

ရှေးခေတ်က ရွှေ၊ ငွေ ပစ္စည်း အလွန်အကျွံဝတ်ဆင်သော ဓလေ့ကို အချို့ အမျိုးသားများက ပျက်ရယ်ပြုတတ်ကြပါသည်။

"မောင်ကြီးကို ရမယ်လားရယ်လို့၊ အားကျလို့ ဆင်ရှာလေ၊ သံချိုင်းကရွှေ၊ မောင်ကြီးကို ရခင်ဘဲရယ်နှင့်၊ ဆင်ရှာလေ သူ့ကိုယ်လုံးမှာ၊ သံချိုင်းရွှေတုံး"ဟူ၍ အမျိုးသမီးများ ရွှေမက်မောပုံကို လှောင်ပြောင်ခဲ့ကြဖူးပါသည်။

အမျိုးသမီးများကလည်း အမျိုးသားများ၏ ဝတ်ပုံစားပုံကို သရော်လှောင်ပြောင်လေ့ ရှိပါ၏။

"မလေးကို ရမယ်လားလို့၊ ပိုးသားရယ် သည်တထည်၊ အကြွေးနှင့်သူဝယ်၊ မလေးကိုရခင်ဘဲရယ်နှင့်၊ ပိုးသားရယ်ဖုံတင်တော့၊ ကြွေးရှင်ကဆွဲ" ဟူ၍ ဆိုကြပါသည်။

ဗုံကြီးမင်းသားများမှာ အများအားဖြင့် တောသူတောင်သား အလုပ်ကြမ်း သမား များသာ ဖြစ်ရာ ဝါထည်၊ ချည်ထည်၊ အကြမ်းထည်နှင့် နံစပ်မျိုးကိုသာ ဒူးဆစ်ပေါင်လယ်မြင့်ကာ ဝတ်ဆင်ကြသော်လည်း မိန်းကလေးများကို နောက်ပိုးချင်စိတ်ဖြင့် မရှိမဲ့ရှိမဲ့ ပိုးပုဆိုးကိုငွေသပြာလက်မှာမရှိပါဘဲ အကြွေးဝယ်၍ဝတ်ခဲ့သူဖြစ်သည်။ သူ့ကို သူ လှနိုးနိုးနှင့် ပိုးပုဆိုး ဒုံးခံဝတ်ရသဖြင့် ဟောင်းနွမ်း၍ ဖုန်အထပ်ထပ်တင်ချိန်ဝယ် ကြွေးရှင်ကလာ၍ ဆွဲချွတ်ပစ်လေဟန် အကျီစားသန်သန် ဆိုကြသော တေးများပင်ဖြစ်ပါသည်။

ရှေးက မြန်မာအမျိုးသမီးများ ဘုရားပွဲ အလှူပွဲများရှိလျှင် လှည်းယဉ်လေးများစီး၍ ဝတ်စားဆင်ယင်ထွက်ကြပုံများကို လည်း အမျိုးမျိုးတေးဖွဲ့၍ သရုပ်ဖော်ထားခဲ့ကြပါသေးသည်။

## (၉) ရပ်ကြီးသူ ယိုးဒယားနှင့် ဆင်ယင်ထုံးဖွဲ့မှု

"ရပ်ကြီးသူတို့၊ ဟန်မူပိုပို၊ နေညိုညချမ်း၊ ဆင်ဆန်းဆာပါ၊ အိုလေကွမ်းတုံဗိန်းရယ်နှင့် နွတ်စိမ်းပဝါဆင်ကာ၊ လှည်းယဉ်လေလေလုပ်တဲ့မေရဲ့၊ သုတ်သုတ်ကလေးနှင်လိုသာ" ဟူသော အဖွဲ့အနွဲ့တွင် အတော်ခေတ်ဆန်၍ ကြေးငွေရတတ်သူ အပျိုချောကို မြင်နိုင်ပါသည်။ ဖဲကွမ်းတုံလုံချည်နှင့် အဆင်ဆန်းလှသော ဆာပါပဝါသည်လည်းကောင်း၊ နွတ် စိမ်းပဝါသည်လည်းကောင်း သာမည လယ်တောသူပျိုဖြူမိလက္ခုတို့ ဝတ်နိုင်ကြမည် မဟုတ်ပေ။

"ဝင်ရိုးမှာ ဆင်မျိုးစုံဂုဏ်နဲ့ဖြာ၊ တင်တန်ခိုးယဉ်ပျို၊ သိန်းတန်စွာယယ်လေလေ၊ နှင်တံတပြာ ပဝါပဝါဲကို နော်ဗျာ၊ အသာဆွဲကာသူတို့လာ"ဟူ၍ သရုပ်ဖော်ထားပါသေးသည်။

သူတို့လည်းတွင်လည်း "ဆင်အပ်တန်ဆာ သည် နွားမှာတော့၊ ကျင်ခတ်ပဝါ ချည်ထားပါလို့" ဟု ဆိုပြန်သည်။ "အသော့အလျင်အမြန်၊ နွားကျော့ ယဉ်ပျံ၊ နှင်တံကိုင်လို့မောင်း၊ ပိုးပဝါဆာပါပေါင်း၊ ပတောင်းမှာ ကောင်းရာသို့ပင်၊ အရောင်လျှမ်းတဲ့ ဆောင်ပန်း ပေါ်သို့တင်၊ နေဝင်ချိန် နီးလေးခဲ့ရင်၊ စီးလေးမယ့်ပြင်၊ ဟီးဟယ်လို့နှင်၊ ပြလမ်းပေါ်တွင်၊ ပျော် ရွှင် ခင် တို့ လဲ၊ ဘီးသံကမစဲ၊ ပဝါမျိုး စုံ စုံ နေရာစုံဘို့ဘဲ၊ ရွှေမှုံကြဲ၊ လည်းပေါ်မှာ၊ သော် တာတိုက်ပန်းကိုယ်စီ၊ အပြာပိန်းရယ်နဲ့ နန်းသိမ်း ထမီ၊ စိန်လည်ကပ်ကယ်နော်ဗျာ၊ ချိန်ဖြတ်တော့ ဆယ်ရတီ။

"မင်းဒေဝီဆင်းသိင်္ဂီ နတိုင်းမှာ ရှုတိုင်းပလီ၊ ဘဝဟောင်းရယ်က အကြောင်းတူညီ၊ မဒီခင်လေး ယဉ်ကျေးပေသည်။ ပန်းချီမင်ဆေး၊ တွင်ရေးမမီ၊ ထုံးဆံမြိတ်ဖြီ၊ ရင်တော်ချီချီ၊ ကိုးနဝရတ်၊ မိုးရပ် ဘရဏီ၊ ဆင်းထိန်ကြည် သိင်္ဂီပျိုစုပေါင်း၊ ပြောမ ကုန်၊ ဇောဟုန်ကြွေလုညောင်း၊ ဝိသကြုံကြိုးစုံကိုင် လို့မောင်း" ဟူ၍ ဖြစ်ပါသည်။

ဤ သီ ချင်း ကို ထောက် ၍ အ မျိုး သမီး များ ၏ အဝတ်အစားကို သိရပါသည်။ ဝတ်ဆင်ထားသော စိန် လည်ကပ်မှာ ၁၀ ရတီရှိသည်ဖြစ်၍ တန်ဖိုး မသေးလှ ပါ။ ရင်တော်ချီချီနှင့် ဆံမြိတ်ချထားသော ခင်ကလေး ၏အလှကို ပန်းချီဆရာကလည်း မတတ်နိုင်၊ ဗရဏီနတ် သမီးတမျှ တင့်တယ်သည်ဟု ဆိုထားပါသည်။ ပိုးပဝါ ဆာပါအကြောင်းလည်း သိရသည်။ လည်းယာဉ်ပေါ်မှ ကျော့နေသောအလှကို ဖွဲ့ထားခြင်းဖြစ်ပါသည်။ ခြောက် စထောင်လည်းကို စီးနိုင်လျှင် မျက်နှာကြီးသည်၊ ဂုဏ် ရှိသည်ဟု ယူဆခဲ့ကြပါသည်။ ခြောက်စထောင်ဆိုရာ၌ ညာစွယ်ရန်းထောင်၊ ဘယ်စွယ်ရန်းထောင်တို့မှာ လည်း ဦးနှင့်ကပ်နေပြီး ညာလက်တင် ညာလက်ထုတ်၊ ဘယ် လက်တင် ဘယ်လက်ထုတ်တို့မှာ စွယ်ရန်း၏နောက်တွင် ရှိသည်။ ထို့နောက် ညာလက်တင် နောက်ပိုင်းဘောင် နှင့် ဘယ်လက်တင်နောက်ပိုင်းဘောင်ဟူ၍ ခြောက်မျိုး ရှိသည့်အတွက် ခြောက်စထောင်လည်းဟု ခေါ်ခြင်းဖြစ် ပါသည်။ဤသို့လျှင် လည်းယာဉ်ဘွဲ့များမှတစ်ဆင့် အမျိုး သမီး ဝတ်စားဆင်ယင်ပုံ တစ်စိတ်တစ်ဒေသကို သိရ ပါသည်။

## (၁၀) ကျေးလက်ပျိုဖြူတို့၏ အဆင်အပြင်

အဆင်တန်ဆာအနေနှင့် ဆူးပန်းစေ့ပုတီးများ ဆွဲ ကြသည်ဟု သိရပါသည်။ ရွှေတတ်နိုင်သူများကလည်း ပန်းထိမ်တွင် ရွှေကို ဆူးပန်းစေ့ပုံ လုပ်ခိုင်းကြသော် လည်း ကျေးလက်ပျိုဖြူတို့မှာ ပန်းထိမ်လက်ခ မတတ် နိုင်၍ ဆူးပန်းပင်ကအစေ့နှင့် မုရိုးပန်းကုံးလေးများကို သာ ဆွဲရသည်။ ရွှေနားတောင်းမတတ်နိုင်သဖြင့် ပေ ရွက်ကိုလိပ်ပြီး နားပေါက်မှာ ထိုးထားကြသည်။ ကြွယ် ဝသူများကမူ ပုရပိုက်ခေါက်ကို လိုသလောက်ကပ်ကြေး နှင့်ဖြတ်ပြီး လိပ်၍ နားတွင် ပန်ဆင်ကြလေသည်။

တစ်ခါတစ်ရံ ဆတ်သွားဖူးပန်းကလေးများကို နား တွင် ပန်ကြသည်။ ပျိုတို့မောင် ရှင်လိုင်ပြန်တော့ နား တွင်ပန်ဖို့ အဆင်သင့်ရှိအောင် ဆတ်သွားဖူးကို ချန် ထားပါဦး ကျေးငှက်ကလေးတွေ လာ၍ မအုံပါနှင့်ဟု တောင်းပန်ရသည့်အခါလည်း ရှိသေးသည်။ တောစရိုက် တောသဘာဝ ဆင်ယင်ဝတ်စားရခြင်း ဖြစ်ပါ၏။

နားနောက်က ဗျာပါဆံကလည်း ခါလိုက်သည့်အခါ ကျွဲချိုနှင့်ပင် တူသေးတော့သည်။ နဂိုကပင် ယဉ်သည့် ဟန်အမူအရာတွင် ဗျာပါဆံ ခါလိုက်ပုံက ပို၍ယဉ်ကျေး စေလေသည်။ ချစ်သူတို့၏အမြင်၌ မုရိုးပန်းကုံးလေး များဖြင့် ထူးထူးခြားခြားလှသည်ဟု ထင်ရပေလိမ့်မည်။

အောက်ပြည်အောက်ရွာသို့ လှေနှင့် သွားသူအား လည်း "ပိုး" ဝယ်ခဲ့ဖို့ မှာရသေးသည်။ ချည်ထည်မှာ ရိုးလှပေပြီ။ ထောက်မှန်နှင့် လိပ်ခွံဘီးကိုလည်း လိုချင် ကြသည်။

"အသာပတ်ရုံ ကျွဲကော်ဘီးငယ်ဖြင့်၊ လွှာဖိနပ် တ စုံ၊ ပွဲတော်စီးရန်ဘို့ ခလှော်ပြီး၊ ပနံသာတစလယ်၊ ပုလဲ ရတနာသွယ်နှင့် သိပ်မခြား၊ ဆွဲစရာဝယ်ခဲ့တာက ကျိတ် စေ့အများ "စသည်ဖြင့် ကျိတ်စေ့ပုတီးကို ပုလဲသွယ် အမှတ်နှင့် ဆွဲကြကြောင်း၊ ဖန်လက်ကောက်များကို မက်မောကြကြောင်း စာဖွဲ့သော သီချင်းများလည်း ရှိခဲ့ ပါသည်။

နန်းသူများက ဂမုန်းသဇင်ကိုမြတ်နိုးသော်လည်း မပန် ထိုက်သည့် ကျေးတောသူကလေးများမှာ မိကျောင်း ပန်း၊ မုရိုးပန်း၊ ဒဟပ်ပန်းများကိုသာ ပန်ကြရကြောင်း၊ ကျောက်ပုတီးနှင့် ညီးအောင်ဆင်သော ဆယ်အိမ်ခေါင်း ကတော်၏ ပုံကိုပါ လွမ်းချင်းများ၌ တွေ့ရပေသည်။

ကောက်စိုက်အလာတွင် ချည်မပါ ဖဲပြာဗိန်းရယ်နှင့် အောက်သိမ်းကခပ်တိုတို၊ ထဘီကို ရေမရွဲအောင် ဝတ် ဆင်ပုံများလည်း ရှေးကဗျာများတွင်တွေ့ရ၍ ဝတ်စား ဆင်ယင်မှု တစ်စိတ်တစ်ဒေသကို အကဲခတ်နိုင်ပေသည်။

## (၁၁) ပန်းချီအထောက်အထားများ

မင်းတုန်းမင်းလက်ထက်တွင် ပန်းချီကျော် ဦးကြာညွန့်မှာ ပုံတူရေးဆွဲရာ၌ လက်ရာမြောက်၍ ကျော်ကြားခဲ့သည်။ မြန်မာ့ရိုးရာပန်းချီ တစ်ကြောင်းဆွဲရေးနည်းကို ကျင့်သုံးလျက် စက္ကူ၊ ပုရပိုက်ဖြူနှင့် နံရံပန်းချီအပြင် ပတ္တူအဝတ်ပေါ်၌ ဆီဆေးဖြင့်လည်း ရေးဆွဲလာခဲ့သည်။ သို့ရာတွင် ထိုပုံများမှာ နိုင်ငံခြားသားများက ဝယ်ယူသွားကြပြီဖြစ်၍ အနောက်တိုင်း ပြတိုက်များ၌သာ ကားကောင်းများ ရှိတော့သည်ဟု သိရသည်။

**ပုရပိုက်ဖြူပန်းချီ။** ။ပုရပိုက်ဖြူ ပန်းချီသည် ယခုအခါ လန်ဒန်၌ရှိ၏။ ၁၅ မျက်နှာတွင် ဆေးခြယ်ထားသော်လည်း ဖြန့်လိုက်သည့်အခါ ရှခင်းတစ်ခုတည်းကို ဆက်၍မြင်ရသည်။ မြန်မာဘုရင်၏ စစ်အင်္ဂါများနှင့် တခမ်းတနား ထွက်တော်မူသည့် ပန်းချီကားအဖြစ် မှတ်တမ်းတင်ထားရာ ဝန်ကြီး၊ မှူးမတ်၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်များဖြင့် မော်ကွန်းတင်ကားပင် ဖြစ်လေသည်။ ထိုရှားပါးသောပုံမှာ ၁၂၂၇ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့ ပတ္တမြားတောင်၊ စကျင်တောင်များက ပင့်၍ရောက်သည့် ကျောက်တော်ကြီးဘုရားသို့ အဖူးအမြော် ထွက်တော်မူသည်ကို ကူးယူသည့်ပုံဟု သိရပါသည်။

ဤပုရပိုက်ဖြူပန်းချီ၌ မြန်မာတို့၏ ဝတ်စားဆင်ယင်မှုကို အသေးစိတ်မြင်တွေ့ရသည်ဟု ဆိုပါသည်။ တီးဝိုင်းနှင့် အကအဖွဲ့များလည်း ပါဝင်သည်ဟုဆိုရာ ထိုကားချပ်ကြီးမှာ သမိုင်းအထောက်အထားအနေနှင့် တန်ဖိုးကြီးမားလှပေသည်။ မြန်မာ ပန်းချီဆရာများသည် ပန်းချီ ကားပေါ်တွင် လက်မှတ်ရေးထိုးလေ့ များစွာမရှိကြသဖြင့် ပန်းချီကျော်၏လက်ရာကိုမသိရဟုဆိုပါသည်။ ထိုထွက်တော်မူကြီးပုံ၌ကား အမျိုးသမီးပုံများကို မတွေ့ရဟု ဆိုပါသည်။

**ဆရာချုံ။** ။ပန်းချီဆရာချုံ၏ လက်ရာများလည်း သီပေါမင်း လက်ထက်တွင် ထင်ရှားခဲ့သည်။ နိုင်ငံခြားသားများ၏ စာအုပ်များ၌ ထည့်သွင်းဖော်ပြသည်ကို သုတေသီများက ထပ်မံဓာတ်ပုံရိုက်ကူးယူရသည်။ မဟာမုနိဘုရား အတွင်း၌လည်း ၎င်းလက်ရာများ ရှိသေးသည်ဟု သိရပါသည်။

မြင်းခင်းသဘင်ပုံ၌ ဘုရင်နှင့်မိဖုရား ရှုစားနေပုံတွင် မိဖုရား၏ အင်္ကျီလက်ကျပ်၊ ရင်စည်းပဝါနှင့် ဆံထုံးပုံ့ပုံ့လေးကို မြင်တွေ့ရသည်။

ကုန်းဘောင်ခေတ်တွင် ပြည်တွင်း ရေး ရှုပ်ထွေးသည့်အတွက် တစ်ခါတစ်ရံပန်းချီအရေးအသားပညာရပ်ဟူသော အနုပညာများမှာ ပေါ်ချည်ငုပ်ချည်ဖြစ်ခဲ့သော်လည်း အနောက်တိုင်းနှင့် ကူးလူးဆက်ဆံမှုများ ရှိသာသည့်အတွက် တိုးတက်ပြောင်းလဲလာမှုများလည်း ရှိခဲ့ပေသည်။ ရတနာပုံခေတ်နှင့် အမရပူရခေတ်များ၌ကား ကျောက်တော်ကြီးဘုရားနံရံ၌ ပန်းချီ အများအပြားရေးဆွဲလာကြသည်။ နန်းတွင်း ကဇာတ်များနှင့်မြေဝိုင်းဇာတ် ပန်းချီကားများ၊ ဝေဿန္တရာမင်းကြီး သားသမီးလှူတော်မူခန်းများ၊ ဇာတ်ကြီးဆယ်ဘွဲ့ကားချပ်များ ရေးဆွဲလာကြရာ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု ပြောင်းလဲလာပုံကို အကဲခတ်နိုင်ပေသည်။



မန္တလေးခေတ်နှောင်း

ရတနာပုံခေတ် နန်းတော်၏ပုံအပြင် ရုပ်သေးစင်နှင့် ခေါင်းပေါင်းစ တလူလူဖြင့် တီးမှုတ်နေကြသော ဆိုင်း ပညာရှင်များသာမက ပဝါခြုံ၍ ဆံပတ် ဆံထုံးထုံးကာ ပွဲကြည့်လာသော အမျိုးသမီးများ၏ အင်္ကျီလက်ပွ များကိုလည်း တွေ့ရသည်ဟု ဆိုပါသည်။

**ဆရာပုနှင့် ဆရာအေး။** ။ရတနာပုံနောက်ပိုင်း ပန်းချီ ဆရာအေးရေးဆွဲသော ပုံများတွင် မင်းညီမင်းသား၊ ကြင်ရာတော်၊ သားသမီး၊ ဝန်ကြီးများနှင့်အတူ အလွန် လှပသော ဆင်ယင်ထုံးဖွဲ့မှုကို တွေ့မြင်ရသည်။ ၎င်း ကားမှာတန့်ဆည်မြို့၊ ပေါ်ဦးစာကြည့်တိုက်သို့ ယူဆောင် လာကြောင်း၊ ဆရာဖုံ၊ ဆရာချုံနှင့် တပည့်ဆရာအေး၊ ဆရာစောတို့၏ လက်ရာများကို တန့်ဆည်အပိုင် အင်ပင် အိုင် ရွာမှတစ်ခင့် တန့်ဆည်အထကသို့ ရောက်လာရာ အချို့ကို ဒေါက်တာသန်းထွန်းက မန္တလေးတက္ကသိုလ် ပန်းချီပန်းပုပြပွဲ၌ ပြခဲ့ဖူးကြောင်း စာရေးဆရာ မောင် စွမ်းရည်က ဓာတ်ပုံများနှင့်တကွ ၁၂–၉–၆၇ နေ့ထုတ် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတွင် ဖော်ပြခဲ့ဖူးပါ သည်။ ထိုပန်းချီကားများသည် အလွန်လှပ၍ အမျိုး သမီးများမှာ မဟာနဖူးနှင့် ဆံထုံးပွုံ့ပွုံ့လေးတွင် ပန်းကုံး ပန်ထားပြီး တဘက်ခြုံထားသောအလှကိုတွေ့ရပါသည်။

ဆရာချုံ၏ ပုရပိုက်မူမှ နန်းတွင်းသူတစ်ဦး၏ပုံတွင် ဗျာပါဆံနှင့် ဆံထုံးကိုထုံးကာ မဟာနဖူးထားခြင်း၊ လည်ပင်း၌ လည်ရေးသုံးရစ်ရှိခြင်းများကို တွေ့ရှိရပါ သည်။ မြန်မာတို့၏အယူအဆအရ လည်ပင်း၌ အရေး သုံးရစ်ရှိလျှင် မြတ်သည်၊ ကောင်းစားသည်ဟူသော သရုပ်ကို ပေါ်လွင်စေခဲ့ပါသည်။



နန်းတွင်းသူ၏ ဗျာပါဆံ

## (၁၂) စုဖုရားလတ် ဆံထုံး

နောက်ဆုံး မြန်မာဘုရင်၏ မိဖုရား စုဖုရားလတ် လက်ထက်တွင်မူ ဆံထုံးပုံစံသည် တစ်မျိုးတစ်ဘာသာ ပြောင်းလဲခဲ့သည်။ ရှေးက ယကင်၊ စုလည်း၊ ပုံစံမျိုးကို မတွေ့ရတော့ပေ။ အကြီးအကျယ် ပြောင်းလဲသွားလေ သည်။ ဆံထုံးပုံ သေးငယ်သွားသည်ကို ဝေဆာနေ သောပန်းများဖြင့် အစားထိုးလိုက်ခြင်းဖြစ်သည်။ ဆံ ထုံးငယ်သည်ဟု မထင်ရပေ။ ပန်းခက်ပန်းခိုင်လေးများ နှင့် တစ်မျိုးတစ်ဖုံ ကြည့်၍ကောင်းလာ၏။ ဘီးခံ၍ ထုံးကာ ခပ်ပွုံ့ပွုံ့ကလေးနှင့် မဟာနဖူးထောင့်ချိုးကလေး များ ဖော်ထားသည်မှာ ကြက်သရေရှိလှပေသည်။ ထို ဆံထုံးကလေးနှင့် ဗျာပါဆံကိုတွဲ၍ ထုံးထားကြသည်။ တဖြည်းဖြည်းနှင့် လူကြိုက်များလာကာ ခေတ်ပေါ် ဆင်ယင်မှု ဖြစ်လာသည့်အတွက် "စုဖုရားလတ်ဆံထုံး" ဟုတွင်ခဲ့ပြန်သည်။ သို့ရာတွင် မိဖုရားကြီး စုဖုရားလတ် ကိုမူ ထိုဗျာပါဆံနှင့် များစွာမတွေ့ရဘဲ ဆံထုံးသက်သက် နှင့်သာ ဓာတ်ပုံများတွင် မြင်တွေ့ရပေသည်။

ထိုင်မသိမ်းအင်္ကျီကလည်း ယခုခေတ်ကဲ့သို့ ပွ၍မနေ ပါ။ လက်မောင်းကျပ်ကျပ်နှင့် ရင်ကိုလည်း အတော် ဖွင့်၍ထားသည်။ သို့ရာတွင် မိန်းမပျိုကလေးများမှာ ရင်စည်းတဘက် သို့မဟုတ် ပဝါကို စည်းနှောင်ထား လေ့ရှိကြသဖြင့် လုံလုံခြုံခြုံရှိသည်။ ရှေးက အမျိုးသမီး ကလေးများ၏ ရင်မှာ ရေကြက်မ၏ရင်အုပ်ကဲ့သို့ လုံးလုံး မောက်မောက်ကလေးနှင့် တစ်မျိုးယဉ်သည်ကို တွေ့ရ ပါသည်။

## (၁၃) ရင်စည်းရင်ခံများ

ရှေးက ရင်စည်းပဝါကို တမင်အလှပြ၍ ပေါ်လွင် စေပါသည်။ စည်းနှောင်ထားသော ရင်ခံများကဲ့သို့

တစ်ထွာသာသာကလေး မဟုတ်ပေ။ စုဖုရားလတ်၏ ရင်စည်းပဝါများကိုကြည့်လျှင် ပန်းပွင့် ပန်းခက်များ အပြောက်အကျားဖြစ်နေသည်ကို ဓာတ်ပုံများ၌ တွေ့ရပါသည်။ ၎င်းပဝါများမှာ ပြင်သစ်မှထွက်သော အဖိုးတန် ပိုးပဝါများ ဖြစ်သည်ဟု ဆိုပါသည်။ မန္တလေးပဝါဟုလည်း ခေါ်ကြပါသည်။ အင်္ဂလိပ်အစိုးရတို့ မန္တလေးနန်းကို သိမ်းပိုက်လိုက်သည့်အခါ ပြင်သစ်မှ ရောက်ရှိလာသော သေတ္တာကြီးငယ် အသွယ်သွယ်နှင့် ထည့်ထားသည့် ထိုပဝါများမှာ မန္တလေးသို့ မရောက်နိုင်တော့ဘဲ ရန်ကုန်တွင်သာ ချ၍ရောင်းပစ်ကြသဖြင့် မင်းသုံးနန်းသုံးဘဝမှ အမျိုးအစားမရွေး ဝယ်ယူသုံးစွဲနိုင်သော ပစ္စည်းဖြစ်လာသည်ဟု ရှေးခေတ်ကိုမီခဲ့သူ အမျိုးသမီးကြီးတစ်ဦးက ပြောပြ၍သိရပါသည်။ မှတ်သားရသလောက်ဆိုလျှင် ထိုပဝါများ၏ အမည်များမှာ ဂမုန်းကြော၊ နဂါးလိမ်သဲပက်၊ သုံးပန်လှ၊ ဇွန်စိပ်၊ ဇွန်ကြဲ၊ လစက်ဝန်း သော်တာနောင်နှင့် ဂမုန်းဆွဲများ ဟူ၍ဖြစ်ပါသည်။

မြန်မာတို့၏ အမည်မှည့်ခေါ်ပုံများမှာ အထူးယဉ်ကျေးပါဘိသည်။ စိတ်ကူးယဉ်သူ ကဗျာဆန်သူများပီပီ နုယဉ်ကျေးသော အမည်ဝေါဟာရလေးများကို မှည့်ခေါ်တတ်ကြပါသည်။ ပုဂံခေတ် ဆံထုံးများကဲ့သို့ပင် ဟင်္သာစာခွံ၊ ပုစဉ်းတောင်ဖြန့်၊ ပုလဲကွန်ခြာ၊ ကြာညို့ဝတ်ဆံ၊ စင်ရော်တန်းဝဲ၊ ဂမုန်းငုံအာ၊ နဂါးပတ်ကျော့ကွင်းစသောအမည်များကို သူ့ပုံစံနှင့်သူ ကိုက်ညီဆီလျော်အောင် မှည့်ခေါ်ကြသော သဘောမျိုး ဖြစ်ပါသည်။

## (၁၄) ရတနာပုံခေတ် အပျိုတော်တစ်ရာ ပုရပိုက်မှပုံများ

အပျိုတော်တစ်ရာ ပုရပိုက်တွင် အလွန်ရှားပါး၍ မြင်ရခဲသော နန်းတွင်းအပျိုတော်များ၏ပုံကို တွေ့ရသည်။ အပျိုတော်တစ်ရာ ပုရပိုက်ထဲ၌ နန်းတွင်းသူအချို့၏ သွားလာနေထိုင် အလှပြင်လှုပ်ရှားဟန်များကို ရေးဆွဲထားခြင်းဖြစ်သည်။အချို့မှာအလွန်သဘာဝကျပြီး ယနေ့ကြည့်လျှင်ပင် ခေတ်ဆန်သည်ဟု ဆိုရပါမည်။ ပုံကလေးများမှာ ချစ်စဖွယ်ကောင်း၍ ရှေးမြန်မာအမျိုးသမီးကလေးများ၏ ခန္ဓာကိုယ်အချိုးအဆစ် ပြေပြစ်ပုံ၊ သိမ်မွေ့ကျော့ရှင်းပုံများကို ထူးခြားစွာ မြင်တွေ့နိုင်ပါသည်။ ထိုအပျိုတော်တစ်ရာ ပုရပိုက်ကို စုဆောင်းလာခဲ့သူမှာ မန္တလေးမြို့၊ အောင်ဆန်းလမ်းမှ မြန်မာ့အလင်း သတင်းစာ ကိုယ်စားလှယ် ဦးကိုကိုလတ်ဖြစ်၍ ၎င်းကွယ်လွန်သည့်အခါ ရန်ကုန် တက္ကသိုလ်၊ မြန်မာစာဌာနက ဝယ်ယူခဲ့ကြောင်း၊၎င်းမှတစ်ဆင့် မန်းတက္ကသိုလ် သမိုင်းပါမောက္ခ ဒေါက်တာ သန်းထွန်းက ဓာတ်ပုံရိုက်ကူးထားသည်ကို ရန်ကုန်မြို့၊ စက်မှုလက်မှု ညွန်ကြားရေးဌာနခွဲ၊ ဒု စက်မှုလက်မှု အရာရှိဟောင်း ဖြစ်သူ ဦးအေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း) က တစ်ဖန် ကူးယူရေးဆွဲထားခြင်း ဖြစ်ပါသည်။ ထိုပုံများကို ဦးအေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)၏ ထံမှတစ်ဆင့်ရရှိသဖြင့် ကျွန်မက ၁၉၇၂ ခုနှစ်၊ ရွှေ သို့ စာစောင်တွင် လည်းကောင်း၊ ၁၉၇၉ ခု ဒီဇင်ဘာလထုတ် စစ်ပြန် မဂ္ဂဇင်းတွင် လည်းကောင်း ရေးသားဖော်ပြခဲ့ဖူးပါသည်။

ထိုနန်းတွင်းပုရပိုက်သည် နန်းတွင်းရှိ ငယ်ရွယ်သူ သားတော် သမီးတော် ကလေးများအတွက် ပဟေဠိ အမေးအဖြေလုပ်သော ပုရပိုက်ဖြစ်ကြောင်း သိရသည်။ ပါမောက္ခ ဒေါက်တာသန်းထွန်း ပြုစုသော အင်္ဂလိပ်ဘာသာနှင့် မြန်မာ့ဒီဇိုင်းသမိုင်းစာအုပ်၌ ၎င်းပုံများကို သုံးမည်ဖြစ်ကြောင်း။ဦးအေးမြင့်ကလည်းပုဂံဟော်တယ်အတွက် ရတနာပုံခေတ်ပန်းချီကားအဖြစ် ရေးဆွဲခဲ့သည်ဟု သိရသည်။ ဦးကိုကိုလတ်ကိုယ်တိုင်ကလည်းရှေးခေတ်ဂျာနယ်ကျော်နှင့် ရှုမဝတွင် ဖော်ပြခဲ့ဖူးသည်။

ထိုပုံကလေးများမှာ အချိုးအဆစ် အလွန်ပြေပြစ်ပြီး ဝတ်စားဆင်ယင်ပုံများကလည်း ကျော့ရှင်းလှပသည့်အတွက် အခါခါကြည့်၍လည်း မဝနိုင်အောင် ဆွဲဆောင်မှုရှိပါသည်။ ဆရာမြကေတု၏ သီလရှင်ထိပ်ထား စာအုပ်တွင် စလင်းစုဖုရား သီရိသုမြတ်စွာ ရတနာဒေဝီသည် ခမည်းတော် မင်းတုန်းမင်းကြီးနတ်ရွာစံသည်နှင့်တစ်ပြိုင်နက် ၁၂၄၀ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်နေ့တွင် အဆောင်တော်သို့ပြန်ကာ ရှည်လျားစွာသော ဆံတော်ကို ပယ်ဖြတ်၍ သီလရှင်ဝတ်လိုက်ကြောင်း ဖတ်ရပါသည်။ ၎င်းနှင့်အတူ ကျောက်ကာရွာစား အပျိုတော်၊ သာစည်ရွာစား အပျိုတော်၊ သရက်တောရွာစား အပျိုတော်များလည်း သီလရှင်ဝတ်လိုက်ကြောင်း ကုန်းဘောင်ရာဇဝင် တတိယတွဲ၌ ဖတ်ရှုရသည်။ သီလရှင်ထိပ်ထား စာအုပ်၌ပါသော စလင်းစုဖုရား၏ ပုံကို ကြည့်ကာ နန်းတွင်းသူတို့၏ အလှကို အကဲခတ်ရပါသည်။

အပျိုတော်တစ်ရာ ပုရပိုက်နှင့်ပက်သတ်၍ နန်းတွင်း အပျိုတော်များ၏ အကြောင်းမှာ အလွန် စိတ်ဝင်စားဖွယ်ကောင်းသည်။ မင်း၊ မှူးမတ်၊ မြို့စားမျိုးမှ ဆင်း

သက်လာသော အပျိုတော်များနှင့် စော်ဘွား၊ စော်ခံပဒေသရာဇ်တို့၏ သမီးများ၊ ကချင်အမျိုးသမီးကလေးများအပြင် အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီ၊ မူစလင်၊ အပျိုတော်များပါ နန်းတွင်း၌ ခစားခဲ့ကြသည်ဟု သိရပါသည်။

အပျိုတော်များထဲတွင် အကောက်ဝန်၊ ပုဏ္ဏားဝန်သမီးများနှင့် သာသနာပြု သီလရှင်များလည်း ပါဝင်သည်။ အချို့လည်း နန်းတွင်းအရေးတော်ပုံ၌ လျှို့ဝှက်သတင်းပေးလုပ်ငန်းဖြင့် လှုပ်ရှားခဲ့သူများ ပါဝင်သည်ဟု သိရသည်။

မိဖုရားခေါင်ကြီးသည် ဆုတော် လာဘ်တော်အဖြစ်ကျောက်သံပတ္တမြားနှင့် တိုင်းခြားဖြစ် အထည်အလိပ်များကို ပွဲလမ်းသဘင်များ၌ နှစ်စဉ် ဆုချလေ့ရှိသည်။ နန်းတွင်းအပျိုတော်များကို ရွှာစား၊ မြို့စားရာထူးနှင့်ရွှေထီးဆောင်းခွင့်၊ ကတ္တီပါဖိနပ်စီးခွင့်များ ပေးထားပြီး ချီးမြှင့် မြောက်စားသည်ဟုဆိုရာ နိုင်ငံခြားထည်များ၊ ရတနာများကို ခိုခိုမင်မင် ဝတ်ဆင်ကြသည်ဟု ယူဆရပေသည်။

အပျိုတော်များသည် နန်းတွင်း၌ ဆံတော်ရှင်းပွဲတော်ဆက်၊ ကွမ်းတော်ပန်းတော်ဆက်၊ ကြာချည်လုပ်၊ ရွှေဒေါင်းတောင်ယပ်၊ ပတ္တမြားစီ ရွှေသားယပ်တောင်များနှင့်ခတ်ရခြင်း၊ အနှိပ်တော်ဆက်ရခြင်း၊ စာတော်ဖတ်များက ဣန္ဒာဝံသ၊ အိနောင်၊ ရာမ၊ ဝိဇယကာရီဇာတ်တော်များကို ဖတ်ကြခြင်း၊ ဘုရင်နှင့်မိဖုရားအား သံဝေဂဒီပနီစသော တရားစာပေများ ဖတ်ပြတင်ဆက်ရခြင်း၊ အိပ်ဖန်တော်စောင့်ရခြင်း စသောတာဝန်များကို ထမ်းရွက်ရလေသည်။ ရိုးရိုးယပ်များမဟုတ်ဘဲ ရတနာစီခြယ်သော ယပ်များ သုံးကြသည်ဟု သိရပေသည်။

တစ် နန်း တော် လုံး တွင် ကြိုင် လှိုင် နေ စေ ရန်ဒေါနှ၊ စံပယ်၊ မြတ်လေးပန်းများကို ကြိတ်၍ အဆီကိုလူးကြခြင်း၊ ကံ့ကော်၊ သရဖီ၊ နှင်းရည်ပန်းပေါင်းထုပ်များ ထုပ်ရခြင်း၊ ပန်းဝတ်ဆံ၊ ပန်းပေါင်းခွဲ၊ ပန်းပေါင်းပုတီးများ သီကုံးရသည်ဟု သိရသည်။ ဝတ်ဆံမှုန်များကိုအဝတ်ကြား၌ အထပ်လိုက် ညှပ်ထားကြသည်။ ယင်းကိုထောက်၍ မြန်မာအမျိုးသမီး နန်းတွင်းသူများသည် အနုအညွှန့် အလှအပ သိမ်မွေ့မှုကို မည်မျှမြတ်နိုးကြောင်း သိနိုင်ပေသည်။

နန်းတွင်း၌ မသိုးသက်န်းများ ချုပ်လုပ်သူများကို ဆုတော် လာဘ်တော်ချလေ့ရှိရာ နိုင်ငံခြားမှ ငွေငါးသိန်းတန် အထည်အလိပ်များကို မှာယူပြီးလျှင်ချီးမြှင့်လေ့ရှိကြောင်း ၊ ရွှေဆတ်ခိုင်လက်ကောက်၊ ရွှေနော်ဇာလည်ကပ်၊ မြထိပ်တင်နားတောင်း၊ ကျောက်နီထိပ်တပ် နားတောင်းများ ချီးမြှင့်ခံကြရသည်ဟု ဆိုပါသည်။ အထက်တန်းကျသော ဝတ်စားဆင်ယင်ပုံများကို အထက်ပါ အထောက်အထားများအရ လေ့လာသိရှိနိုင်ပါသည်။

မှန်နန်းဆောင်၌ လလယ်ယုန်ဆံထုံး၊ ပုစဉ်းတောင်ဖြန့်ဆံထုံး၊ ဟသ်ာစာခွံဆံထုံးနှင့် မြိတ်ဖြူ၊ မြိတ်စိုဆံထုံးများထုံးကာ နှယ်သာကီကြိုးထဘီနှင့် ပန်းစုံချိတ်များကိုအသနားတော်မြတ်ခံရသည့်အတိုင်း ဝတ်ဆင်ကြသည်ဟုသိရသည်။ အပျိုတော်တစ်ရာပုရပိုက်ပါ အမျိုးသမီးများ၏ အမည်များကပင် ဆန်းပြားနေသည်ဟု ဆိုရပေမည်။ မိအိုဇာ၊ မိချို၊ မိရောက်၊ မိသေးသေး၊ မိခက်၊ မိသက်စု၊ မိကြီး၊ မိငုံ၊ မိငွေပွင့်၊ မိဥဇ္ဇနီး၊ မိရွှေစင်၊ မိဆုံ၊ မိဘောင်၊ မိကျေး၊ မိနန်းစန်စသည့် အမည်များဖြစ်လေသည်။ ဝတ်စားဆင်ယင်ထားပုံအချို့မှာ နန်းတွင်း၌ လွတ်လပ်စွာနေထိုင်သည့် သဘောများလည်းပါဝင်ပေသည်။ ယပ်တောင်နှင့်အပျိုတော်ပုံကိုထောက်၍ ယပ်တောင်ခေတ်စားပုံကို သိရပါသည်။ အိုင်ချင်းများ၌ **"တရုတ်ယပ်နှင့် ဖျတ်ဖျတ်လူးအောင်၊ သေမင်းယယ်ခြင်၊ စုံလျှင်လျှင်ကို မနှင်ပါရ"**ဟူ၍ ပါသည့်အတိုင်း ယပ်တောင်ခေတ်ကို သိကြရပါသည်။




အပျိုတော်တစ်ရာပုရပိုက်မှ




( အမျိုးတော်တစ်ရာ ပုရပိုက်မှ )

ရတနာပုံခေတ် အမျိုးသမီးများ ဝတ်စားဆင်ယင်ပုံများကိုလည်း ခေတ်ပုံများမှတစ်ဆင့် လေ့လာသိရှိနိုင်ပါသည်။ စုဖုရားလတ်၊ စလင်းစုဖုရား၊ စုဖုရားကြီးတို့၏ ပုံများ၊ စကားစိမ်းမိဖုရားကြီး၏ မြတဘက်နှင့်ပုံများကို ဆံထုံးပွုံပွုံလေးနှင့် ဘီးစိုက်ထားကာ အင်္ကျီထိုင်မသိမ်း လက်ကျပ်ဝတ်၍ လှပသောရင်စည်းပဝါများ စည်းနှောင်ထားသည်ကို တွေ့ရပါသည်။ အငြိမ့်မင်းသမီးများအသွင် ယင်းတော်မလေး၊ မထွေးလေးတို့၏ပုံများမှာ အလွန်ကျော့ရှင်း လှပတင့်တယ်သော ဆင်ယင်ထုံးဖွဲ့မှုကို တွေ့ကြရပါသည်။

## (၁၅) မြန်မာ့ဆေးရောင်စုံ ပုရပိုက်

မြန်မာဘုရင် တိုင်းတစ်ပါးသို့ ပါတော်မူပြီးနောက် အဖိုးတန် ပုရပိုက်များမှာ ဖရိုဖရဲ မီးထဲပါသည်ကပါ၍ နိုင်ငံခြားသို့ရောက်သွားသည်များလည်း ရှိခဲ့ရာ လန်ဒန်မြို့၊ ဗြိတိသျှပြတိုက်ရှိ ထွက်တော်မူကြီး ရောင်စုံပုရပိုက်အကြောင်းကို မင်းလှဂုဏ်ရောင်က ၁၀ – ၁၀ – ၇၁ နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ဖော်ပြခဲ့ဖူးပါသည်။ မန်းတက္ကသိုလ် သမိုင်းပါမောက္ခထံမှ ခေတ်ပုံရိုက်ကူးလာသောပုံပေါင်း ၁၅ ပုံအကြောင်းနှင့် မူရင်းမှာ ရောင်စုံဖြစ်သော်လည်း ကူးယူရရှိသောပုံများမှာ အဖြူအမည်းဖြစ်သည်ဟု ဆိုပါသည်။ မြန်မာစစ်သည်တို့၏ မိန်ညိုချပ်ဝတ်တန်ဆာများကို ရွှေနေရာ၌ တကယ့်ရွှေအစစ်တပ်



ရတနာပုံမန္တလေးခေတ်နှောင်း အမျိုးသမီးဆံထုံးဟန်အချို့



ထားသည်ဟု ဆိုပါသည်။ ၁၉၃၅ ခုနှစ်လောက်က မြန်မာနိုင်ငံ ကမ္ဘည်းကျောက်စာဌာနမှ ကျောက်စာဝန်မစ္စတာဒူရိုင်းဇယ်က အင်္ဂလိပ်ဘာသာ ရှင်းလင်းချက်များနှင့်တကွ ပုံနှိပ်ထုတ်ဝေဖူးကြောင်း၊ ရွှေပြေးတပ်ကားတစ်ချပ်ကို ရောင်စုံရိုက်ပြနိုင်၍ အရောင်အဆင်းကို လေ့လာနိုင်ကြောင်း ဖော်ပြထားပါသည်။

၁၂၂၇ ခုတွင် ကောင်းမှုတော် မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားသို့ ထွက်တော်မူရာတွင် ခင်းကျင်းသည့် စာတမ်း၊ စာရင်း၊ ပုံများမှ ကူးယူရေးသည့် စက္ကူပုံဟူ၍ ပထမကားချပ်အောက်တွင် စာတန်းထိုးထားသည်ဟုဆိုပါသည်။ ထိုပုရပိုက်ကို မန္တလေးမှ မစ္စတာ ခွင် ဟိုး ဆို သူ က မိမိပိုင်ပစ္စည်းအဖြစ် ထိုပြတိုက်သို့ လှူလိုက်သည့်အတွက် နိုင်ငံခြားသို့ပါရသည်ဟု သိရပါသည်။

ယခင်က မန္တလေးမြို့ မြန်မာ့အလင်းသတင်းစာကိုယ်စားလှယ် ဦးကိုကိုလတ် ကွယ်လွန်သောအခါ ရန်ကုန်တက္ကသိုလ်မှ ဆက်လက်သိမ်းဆည်းထားရှိသည်ဟုလည်း သိရပါသည်။ ထိုပုရပိုက်များမှာ ဝေဿန္တရာဇာတ်တော်ကြီးနှင့် နန်းတွင်းပဟေဠိ မေးဖြေ ဖော်ဝှက်လုပ်ရန် ထားရှိသော ပညာပေးပုရပိုက်တို့ဖြစ်သည်ဟု ဆိုပါသည်။ ဆွဲဆန့်လိုက်လျှင် ထွက်တော်မူကြီး ပုရပိုက်ကဲ့သို့ပင် တစ်ဆက်တည်း အစအဆုံး ကားချပ်ရှည်ကြီး ဖြစ်သွားသည်ဟု သိရပါသည်။

နန်းတွင်းမှ ဘုရင့်သားတော် သမီးတော်လေးများ ပညာဗဟုသုတရ၍ အပျင်းပြေစေရန်နှင့် ပညာပေးရန် ရေးဆွဲထားသော ပုရပိုက်ဖြစ်ပါသည်။ မီးခြစ်ဘူးတစ်ဘူးစာခန့် အကွက်ငယ်လေးများအတွင်း၌ တစ်ပုံနှင့်တစ်ပုံခြားနားသောနတ်သားပုံ ၂၀၀ ရေးထားကြောင်း၊ မျက်နှာထားပုံပန်း၊ အဝတ်အစား အဆင်အပြင်များမှာ ၂၀၀ စလုံးတစ်ခုနှင့်တစ်ခု မတူအောင် မထပ်အောင် ရေးထားသည်ဟုသိရပါသည်။ ထိုနတ်ရုပ် ၂၀၀ ကို ပထမကားချပ်၌ (ဝှက်)ဟုရေးထားပြီး၊ ဒုတိယကားချပ်၌ (ဖော်)ဟုရေးထားကြောင်း။

တိရစ္ဆာန်ရုပ် ၆၃ ရုပ်၊ လူမျိုးအမည် ၁၀၀၊ ငါးအမည် ၁၀၀၊ စပါးအမည် ၁၀၀၊ ရွှေမျိုး ၄၀၊ ပန်းမျိုး ၁၂၀ ရုပ်ပုံများ ရေးဆွဲထားကြောင်း။ ကြာပွင့်များအတွင်းမှ နတ်သမီး ၁၀၀ ပုံများ တစ်ခုနှင့်တစ်ခု မတူအောင် ရေးဆွဲထားသည်။ အထူးဆန်းဆုံးမှာ နန်းတွင်းအပျိုတော် ၂၀၀ ၏ ဝတ်စားဆင်ယင်ပုံ၊ ဆံထုံးပုံ၊ ဒူးတုပ်လက်အုပ်ချီ၍ ခစားပုံ၊ မူဟန်မျိုးစုံ ပုံပေါင်း ၂၀၀ ကို တစ်ပုံနှင့်တစ်ပုံ လုံးဝမတူစေရအောင် ဆွဲထားသည်ဟု သိရပါသည်။ အင်္ကျီလက်ပြတ်ပုံ၊ မပေါ်တပေါ်ဝတ်ဆင်ပုံများမှာ ယခုခေတ် ဆင်ယင်ပုံထက်ပင် လှပကျော့ရှင်း ခေတ်ဆန်သည့်အတွက် မြင်မိလျှင် ကေန္တအတုယူမိကြလိမ့်မည်ဟု ဆိုပါသည်။ ဆရာညို ချာရေးခဲ့ဖူးသော အပျိုတော် ၁၀၀ ပုံများ အကြောင်းကို ရုတ်တရက် ရှာဖွေ၍မရသည့်အတွက် မဖော်ပြနိုင်သည်ကို အားမရ ဖြစ်မိပါသည်။ မြန်မာ့ရိုးရာဒီဇိုင်း ဦးအေးမြင့်၏ကျေးဇူးကြောင့် ကူးယူရေးဆွဲထားသော အပျိုတော်ပုံအနည်းငယ်ကိုသာ တင်ပြလိုက်ရပါသည်။

## (၁၆) ညှင်းခမှ လူလှသည်

ရတနာပုံခေတ်၏ အယူအဆမှာ မျက်နှာတွင် ညှင်းပြောက်ရှိပါက လှသည်ဟူ၍ စလေဦးပုည၏ ဝိဇယပြဇာတ်၌ **“ရွှေလည်ပင်းနှင့်စင်းသင့်သင့်မှာ၊ ညှင်းနှစ်ပွင့်ဆိုင်၊ သျှောင်ထုံးတွဲ့တွဲ့ ဆောင်လုံးနွဲ့တဲ့မယ့်ကေခိုင်”** ဟု ဝိဇယမင်းသား၏ ကြက်သရေရှိပုံကို ဖော်ပြထားရာ အမျိုးသားများ လည်း ညှင်းကို အလှဟု သတ်မှတ်ကြောင်း သိနိုင်ပါသည်။

ညှင်းကို ကျေးလက်သူများသာမက နန်းတွင်း၌လည်း ခုံမင်တွယ်တာ နှစ်ခြိုက်ကြောင်း သိရပါသည်။ အင်းဝခေတ်လောက်က အမျိုးသမီးများသည် မှဲ့ကိုစက်ဆုပ်ကြ၏။ မွေးရာပါမှဲ့များကို အရုပ်ဆိုးသည်ဟု ထင်ကြသည်။ တစ်ဖန်ညောင်ရမ်းခေတ်တွင် ကျေးလက်လူငယ်များ၏စိတ်၌ ညှင်းကို ကျက်သရေတစ်ပါးဟု မြင်လာကြပြန်ရာ လူငယ်တို့ဘာဝ ချစ်တုံ့တင်ရာမှ ညှင်းပွားလာသည်၊ ကူးလာသည်ဟု ဆိုလိုသည့်အတွက် အိုင်ချင်းများ၌ ဤသို့ရေးလာကြသည်။

**“ညိုလဲ့ငယ်မှရှင်းရှင်း၊ မောင်ကလေး မောင့်လည်ပင်းမှာ ညှင်းကို ဘယ်ကပွားသလဲတော်”** ဟူ၍ ချစ်သူထံမှ ကူးလေဟန် စပ်ဆိုခဲ့ကြသည်။

အိုင်ချင်းတပုဒ်၌လည်း **“ဆွေပေါင်းငယ်မှမျိုးခြုံ၊ ပေါက်ဖော်ပုံမှာ၊ အကုန်သာမယ်နှင်းသည်၊ ညှင်းကိုး သွယ်လေ”** စသည်ဖြင့်ဆွေမျိုး မဝေးလှသူအား ညှင်းကိုးသွယ်ပင်မကျန် အပ်နှင်း၍ ချစ်ခဲ့သည်ဟု ဆိုလိုပါသည်။

ကုန်းဘောင်ခေတ်၌လည်း ညှင်းကို မြတ်နိုးကြဆဲဖြစ်သည်။ ရာမရကန် ဆရာကြီးဦးတိုးက သီတာဒေဝီ၏အလှကို ဖော်ကျူးရာ၌ –

**“ပွင့်ပြိုင်ဘယ်ညာ၊ မုတ္တာဘူးအုံ၊ ညှင်းငုံပေါ်စ၊ ကြတ္တိကာ အစုလို၊ နုလှသည့်ရတနာ”** ဟူ၍ ညှင်းနှင့်

ကြယ်စုကို နှိုင်းထားပြန်သည်။ လေးတင်မင်္ဂလာ၌ ကပြဖျော်ဖြေကြသော ကခြေသည်တို့၏ အလှတွင်လည်း ညှင်းပါလိုက်သေးသည်။

**"ရွှေလည်တိုင်သွယ်၊ နားလည်နှင့်ပါးပြင်မှာ၊ ရွှေရင်က ရှောက်တဲ့လို့၊ ကြင်လောက်အောင်ပွင့်လိုက်သည်၊ ညှင်းပွင့်ငယ်ပလီ၊ စီစီမှောင်မှောင်"** ဟူ၍ ဖွဲ့ဆိုထားသည့်အပြင် —

**ညှင်းပျောက်ကယ်ရတနာ၊ နီးနီးယှဉ်ပြိုင်၊ အတူထိုင်သောအခါ၊ ဟိုလည်တိုင်တစ်ခိုမှာ၊ ကြယ်ပြာညို့ ညှင်းစုက၊ ခုမကူးလှာ"** ဟူ၍ ညှင်းကို စာပန်း၍ ခြယ်ပြထားပြန်သည်။ မုဒုလက္ခဏာပျို့၌လည်း

**"နံ့သာပျောက် ရွှေဗိန္ဒုကလေးပေါက်သလို ညှင်းပျောက်ကရတနာ"** ဟု တင်စားထားပါသေးသည်။

မိတ္ထိလာပြည်သူများက ရာမ၊ လက္ခဏာတို့၏ တင့်တယ်ဟန်ကို ဖော်ပြသည့်အနေနှင့်လည်း **"စလွယ်တင် ရွှေညှင်းနှင့် ဘန်ဆင်းတိုင်းလှပပေသည်၊ သောင်းလောကရှင်"** ဟူ၍ လည်းကောင်း၊ **"ရွှေညှင်းတော်ပွင့်စလွယ်တင်ကို၊ ဆိတ်စနီ၊ စိန်ခနောင်၊ စပါးပွင့်ရောရောင်"** ဟူ၍လည်းကောင်း စပါးပေါ်ခါစ၌ ညှင်းပျောက်များ ပေါ်တတ်သည်ကို စပါးညှင်းဟု ခေါ်ကြောင်း အထောက်အထားများ ပါအောင် စပ်ဆိုခဲ့လေသည်။

ဤစာပေများအရ မြန်မာတို့သည် ညှင်းစွဲခြင်းကို အလှတစ်ပါးဟု ယူဆကြသည့်အပြင် အချစ်မေတ္တာ၏ သင်္ကေတအဖြစ် တင်စားကြကြောင်း သိနိုင်ပါသည်။

## (၁၇) ကွမ်းငုံသောဓလေ့

ထိုခေတ် မြန်မာအမျိုးသမီးများစိတ်၌ ကွမ်းသီးဖက်၊ ပြောင်းဖူးဖက် ဆေး လိပ် များ လက် ကြား ညှပ် လျှင် လှသည်ဟုလည်း ယူဆကြရာ ပါးကို စုတုတုဖြစ်စေရန် ကွမ်းကိုမဝါးဘဲ ပါးစောင်ထဲ၌ တမင် ငုံ၍ထားကြသည်။ မကွမ်းငုံဟူသော နာမည်ကြီး အငြိမ့်မင်းသမီးပင် ထင်ရှားခဲ့လေသည်။ မကွမ်းငုံ၊ မဇော်ရိုက် ဟူ၍ ရှိခဲ့ပေသည်။ မုဒုလက္ခဏာပျို့၌ မိဖုရားအလှကိုဖော်ကျူးရာတွင်

**"နှင်းရည်မွှေးဖျော်၊ အကျော်လိုက်ဖက်၊ ကရမက်ဖြင့်၊ ကိုယ်လက်သိမ်းသပ်၊ ကွမ်းတွပ်တွပ်နှင့်၊ လက်စုပ်ညီးညီး၊ ပုတီးလျှံမောင်း၊ ရွှေနားတောင်းလည်း"** ဟုဆိုရာ ကွမ်းအလှကို ဖော်ပြခြင်းဟု သိနိုင်ပါသည်။

မွေ့နွန်းရကန်၌လည်း မင်းသမီး၏အလှကို ကွမ်းငုံ၍ လှသည်။ ပါးမှာစုတုတုလေး ပုံနေသည်ဟု ဖော်ပြထားသည်။ **"ကျီးအာနှိုင်းတမ်း၊ ရွှေနှုတ်ခမ်းလည်း၊ ကွမ်းပန်းမထိ၊ ပကတိဖြင့်"** ဟု ဆိုရာ၌ ကွမ်းစားလျှင်နီမြန်းပုံ၊ ကွမ်းမစားဘဲ ကျီးအာသီးကဲ့သို့ နီးမြန်းပုံကို တင်ပြရာ ကွမ်းစားသောဓလေ့ကို သိရပါသည်။ ကွမ်းတစ်ငုံကို ပါးစောင်တွင်ခဲထားလျက် ကွမ်းသွေးကိုသာ ထွေးပြီး ဝါးဖတ်ကိုမစားဘဲထားသည်။ ကွမ်းငုံလျက်နှင့် အခြားအလုပ်များလုပ်နေရာ ပါးစောင်တွင် စုတုတု ဖောင်းဖောင်းလေး ရှိနေပုံကို လှသည်ဟု ယူဆကြခြင်းဖြစ်သည်။ ကွမ်းငုံလျက်နှင့် မပီတပီ စကားပြောသည်ကို နားထောင်၍ တစ်မျိုးကောင်းလေသလော မသိရပါ။ ပျို့တစ်ငုံထန်းလျက်ဆိုသည်မှာ အပျိုများ၏ပါးစောင်၌ ငုံထားလေ့ရှိသော ထန်းလျက်အငယ်လေးကို ခေါ်ပါသည်။ မ စား သေး ဘဲ ငုံ ထား လေ့ ရှိသော ဓ လေ့ အကြောင်း သိနိုင်ပါသည်။

**"နှိုက်နှိုက်ချွတ်ချွတ်၊ ကြံစေ့ပွတ်၊ ကွမ်းဖတ်ငုံလျက်ပင်"** ဟု ကဝိလက္ခဏာ သတ်ပုံ၌ တွေ့ရပါသည်။ ကွမ်းတစ်ရာညက် အချိန်ဆိုသည်မှာ မဝါးဘဲထားလျှင် အတော်ကြာညောင်းမည် ဖြစ်ပါသည်။ မြန်မာများ ကွမ်းစားသောဓလေ့ကို နိုင်ငံခြားသားများက ထည့်သွင်း ရေးသားခဲ့ကြပါသည်။ ကွမ်းနှင့် ဧည့်ခံခြင်း၊ ချစ်ခြင်းမေတ္တာ သင်္ကေတအဖြစ် ကွမ်းယာစားခြင်း၊ ဗျတ်ဝိက မသေမီ မအိုဇာထံမှ ကွမ်းတစ်ယာနှင့်ရေတစ်မှုတ် တောင်းခြင်းစသောကွမ်း၏ ခြင်းရာများကို နိုင်ငံခြားသားတို့ သိဟန်မတူသော်လည်း ကွမ်းစားခြင်း၊ ကွမ်းငုံခြင်းများကိုကား ဖော်ပြခဲ့ကြပါသည်။ အမျိုးသမီးများ ကွမ်းငုံလျှင်လှသည်၊ မလှသည်ဟု သူတို့က ရေးသားခြင်းမရှိခဲ့ပါ။

## အခန်း (၈)

# ကိုလိုနီခေတ် ဆင်ယင်ထုံးဖွဲ့မှုများ

### (၁) မင်္ဂဇင်းကပြောသော အလှများ

ကိုလိုနီခေတ်တွင် ရှေးက ဝတ်စား ဆင်ယင်မှုနှင့် လုံးဝ ဆန့်ကျင်လာခဲ့ပါသည်။ ဆံပင်ထုံးဖွဲ့ပုံနှင့် အင်္ကျီ လုံချည်အဝတ်အစား၊ မျက်နှာခြယ်သပုံ၊ အလှပြင်အသုံး အဆောင် ပစ္စည်းများလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲ လာခဲ့သည်။ ကာယဗလ၊ မယ်ရွေးပွဲများ၊ လှယဉ်ကျေး မယ် ရွေးပွဲများ၌ကား ရေကူးဝတ်စုံနှင့်ပင် ယှဉ်ပြိုင်လာ ကြသည်။ ကစား ခုန်စားဘက်သို့ အမျိုးသမီးများ ခြေဦးလှည့်လာသည့်အတွက် အလွန်အကျွံ အလှခြယ်မှု ကို အာရုံစိုက်ကြတော့ဘဲ ခေတ်ဆန်သော ရှပ်အင်္ကျီ၊ ဘောင်းဘီ အတိုအရှည်များကို ဝတ်ဆင်လာကြသည်။ ခြေစွပ်၊ ရှူးဖိနပ်နှင့်နားသန်သီးများ ဝတ်ဆင်သူလည်း ရှိသည်။ ဘောင်းဘီတိုနှင့် ဦးထုပ်ဆောင်းသူများလည်း ရှိသည်။ ခေါင်းတွင် ကျစ်ဆံမြီးကို အတိုခေါက်၍ ဖဲကြိုး များ စည်းနှောင်ထားကြသည်။ သိုင်းကစားသော အမျိုးသမီးလေးအချို့ကို ဘောင်းဘီရှည်၊ ကျစ်ဆံမြီး ဖြင့် မြင်တွေ့ရသည်။

### (၂) စာနယ်ဇင်း မျက်နှာဖုံးပန်းချီ ခေတ်ပုံပြပွဲ

အမျိုးသမီးများ၏ပုံကို စာနယ်ဇင်း အစောင်စောင် ၏ မျက်နှာဖုံးများ၌ အလှအပ ထည့်သွင်းဖော်ပြခဲ့ကြ သည့်အတွက် ၁၉၇၃ ခုနှစ်ကကျင်းပသော စာနယ်ဇင်းသ မိုင်းခေတ်ပုံပြပွဲတွင် အမျိုးမျိုးသော ဝတ်စားဆင်ယင်မှု ကို ပြန်လည်မြင်ကြရသည်။ ရေကူးဝတ်စုံနှင့် နေရောင် ကာမျက်မှန်အနက် တပ်ထားသောအလှကို မိုးသောက် မဂ္ဂဇင်းတွင် တွေ့ရသည်။ နဖူးပေါ် ဆံပင်ချ၍ ဆံထုံး ကြီးနှင့် ပုလဲပုတီးအရှည်ဆွဲသောအလှကို လှယဉ်ယဉ် ဖက်ရှင်မဂ္ဂဇင်းက ဖော်ပြခဲ့သည်။ မြန်မာ့ရုပ်စုံဂျာနယ် (၁၉၃၄ ခုနှစ်)က ဝတ်လုံ ဦးဘဦး၏တူမ မြန်မာအမျိုး သမီးကလေး နားသပုံကို ဖော်ပြထားသည်။ လောက အလင်း (၁၉၃၉ ခုနှစ်)က ခေတ်သစ် ယဉ်ကျေးခြင်းဟု ဆိုကာရှော့၊ ဘေးနှင့် နောက်ကျောဘော်လီ၊ ဆံပင်ကွိုင်း အခွေပါ ပါအောင် ရေးဆွဲပြထားသည်။ တိုင်းရင်းသူ ဂျာနယ် (၁၉၄၆ ခုနှစ်) က ဘီးဆံထုံးကြီးနှင့် အင်္ကျီ လက်ပွကို ဝတ်၍ မိုက်ကရိုဖုန်းကိုင်ပြောနေပုံ အလှကို ဖော်ပြသည်။ အာသာဝတီ မဂ္ဂဇင်းက အင်္ကျီလက်ပြတ် နှင့် ကျောက်ဆောင်ပေါ် ထိုင်နေပုံကို ပြထားသည်။ မေ့ တွက်တာ မဂ္ဂဇင်း (၁၉၅၇ ခုနှစ်)၌ ဗျာပါဆံအလှကို ပြထားသည်။ ကေသီပန်မဂ္ဂဇင်းကလည်း ကော်လာ လည်ထောင်ကို ဖော်ပြထားသည်။ ပေဖူးလွှာကလည်း ဗျာပါဆံကို အသားပေးထားသည်။ ဒဂုန်မဂ္ဂဇင်း (၁၉၂၀ ပြည့်နှစ်)၌ကား လည်ကပ်၊လက်စွပ်များဝတ်၍ ပုလဲပုတီးဆွဲကာ ဆံပင်ရှေ့ကချသားသော အလှပုံကိုပြ ထားသည်။ ကဝိမျက်မှန်မဂ္ဂဇင်းကမူ ရင်ဖုံးအင်္ကျီ၊ ကြာ ယပ်နှင့် အလှကို ဖော်ပြသည်။ ကြေးမုံမဂ္ဂဇင်း၌ကား ပန်းချီဦးအုန်းလွင်က မင်္ဂလာဆောင် သတို့သမီး ဆံထုံးပေါ်၌ ဇာပဝါအုပ်ပုံကို ရေးဆွဲထားသည်။ ဒဂုန် မဂ္ဂဇင်း (၁၉၃၃ ခုနှစ်) ၌ ညောင်ရေသွန်းလာသော ပျိုကညာကို ဘီးဆံထုံး၊ ဆံတောက်နှင့် တွေ့ရသည်။ မန္တလေးဟာစ်တိုင်၌ကား ကျစ်ဆံမြီးနှင့်နားသန်သီးအလှ ကို ဖော်ပြထားသည်။ ဤဖက်ရှင်များကို တစ်နေရာ တည်း၌ တစ်ချိန်တည်းတွေ့ရသည့် အတွက် မြန်မာ အမျိုးသမီးများ အနှစ်လေးငါးဆယ်က ဝတ်စား ဆင်ယင်မှု တစ်စိတ်တစ်ဒေသကို မှန်းဆနိုင်ခဲ့ပါသည်။ ထိုအချိန်က ကော်လာအထောင်နှင့် အင်္ကျီလက်ပြတ်၊ မျက်ခုံးမွေး သေးသေးလေးများမှာ ခေတ် အ စားဆုံး ဖြစ်သည်။ ကောတုံဘရစ်ရုပ်စုံကမူ အငြိမ့်မင်းသမီး ပုံကိုပြသည်။

နယူးဘားမား (၁၉၃၃ ခုနှစ်)၌ လွှတ်တော်အမတ် ဒေါ်စောဆ၏ပုံကို ဖော်ပြသည်။ ဘီးဆံထုံးကြီးနှင့် ပုလဲပုတီးဆွဲထားသော အင်ဒိပင်းဒင့် ဒေါ်စန်း၏ ပုံကိုလည်း ၁၉၃၅ ခုနှစ်ထုတ်၌ တွေ့ရသည်။

၁၉၄၀ ပြည့်နှစ်၊ မေလထုတ် ဘားမားရေဒီယို ဂဇက်၌ကား အဆိုတော် မအေးမိပုံကို တယောကြီးမြင့်၊ စန္ဒယားရွှေပြည်အေး၊ တယောမောင်ဘကို၊

ဘင်ဂျီမောင်စိန်သွင်၊ ကော်နက်မောင်ရှိန်၊ လူကြမ်းကိုမောင်လေးတို့ပုံနှင့်အတူ ဖော်ပြသွားသည်။

ဂီတပညာရှင်၊ ရုပ်ရှင်ပညာရှင်များ၏ ဝတ်စားဆင်ယင်ပုံကို ကြော်ငြာများ၌ မြင်တွေ့ရခြင်းဖြင့် ခေတ်အလိုက် ဝတ်စားဆင်ယင်ပုံကို အကဲခတ်နိုင်ခွင့် ရကြပါသည်။ သီလဝ နန္ဒာဒေဝီ ခေါင်းလိမ်းဆီမွှေး ကြော်ငြာရာ၌လည်း ရှေးမြန်မာအမျိုးသမီးများ ထိုင်မသိမ်းဝတ်စုံကို တွေ့ရပြန်သည်။ ကြော်ငြာများက အမျိုးသမီးဝတ်စားဆင်ယင်ပုံကို ဖော်ပြသည်ဟု ဆိုရပါမည်။

ရန်ကုန်တိုင်း (၁၉၃၅ ခုနှစ်ထုတ်) မဂ္ဂဇင်း၌လည်း မြန်မာအမျိုးသမီးတစ်ဦး ဘီးဆံသုံးနှင့် ပြောင်းဖူးဖက်ဆေးလိပ်သောက်နေပုံကို ပြသွားသည်။ ပန်းချီဆရာမှာ (T.P.WILD)ဟု ဖော်ပြထားသည်။ နဂါးနီစာစောင်တွင်ကား ထိုင်၍ ချားရစ်နေသော မိန်းကလေးပုံကို ပြသွားသည်။ သွေးသောက် (၁၉၄၅ ခုနှစ်)၌လည်း အထက်ဆင့် ဖင်ချဝတ်ထားသော ရဲမေ၏ပုံကို ဖော်ပြထားသည်။

စာရေးဆရာမဂ္ဂဇင်း၌ကား အမျိုးသားက အမျိုးသမီးလက်ကို ဆွဲထားပုံကို ဖော်ပြထားသည်။ ယုဝတီမဂ္ဂဇင်း (၁၉၄၇ ခုနှစ်)၌လည်းထီး၊ဖိနပ်ခေတ်ဆန်ဆန်နှင့် ပိုက်ဆံအိတ်လွယ်ထားသော ဖက်ရှင်ကိုပြထားရာဖဲကြိုးနှင့်ကျစ်ဆံမြီးပါပါသည်။ယုဝတီ (၁၉၄၈ ခုနှစ်)၌လည်း ဆာမောင်ကြီး၏သမီးမခင်ဆွေမျိုး ထိုင်မသိမ်းဝတ်လျက် ထိုင်နေပုံကို လှပစွာ မြင်တွေ့ရသည်။ အခြားအခြားသော ရဲမေမဂ္ဂဇင်း၊ လင်းယုန်၊ ဆန်းသစ်ဦး၊ လက်ရွေးစင်၊ လင်းရောင်၊ ဂန္ဓဝင်ဂျာနယ်၊ နော်ရထာ၊ နဝဒေး၊ ဝတ်မှုံဦး မဂ္ဂဇင်းများ၌လည်း အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ပုံ ဖက်ရှင်အမျိုးမျိုးကို တွေ့ရပါသည်။ အမောက်ကြီးနှင့်ဖဲကြိုးစည်း၊ နားသန်သီးဆွဲ၍အင်္ကျီသက်ပြဘ်၊ အင်္ကျီသက်စကခါး ကျပ် ကျပ် တို့ ကို ဝတ် ကာ ခုံမြင့်ဒေါက်ဖိနပ်များစီးလာကြသည်ကိုလည်း တွေ့မြင်ရသည်။

အချို့ ပန်းချီဆရာများကလည်း ရှုတ်ချလို၍လော၊ အားပေးလို၍လောမသိရပါ။ အမျိုးသမီးများ အတင့်ရဲစွာ ဝတ်လာကြသည်ကို ရေးဆွဲ၍ ပြကြရာ၌ အချို့မှာ လွန်စွာ အကျည်းတန်လေသည်။ ထွာဆိုင်ခါးကို အသားပေးပြီးလျှင် မို့မောက်ချွန်ဖောင်းနေသောရင်အုံနှင့် ကားစွင့်နေသော တင်ကို မတန်တဆ အရုပ်မဆိုးဆိုးအောင် ပန်းချီခြယ်ပြထားရာ လွန်စွာစက်ဆုပ်ဖွယ်ကောင်းလေသည်။ကာတွန်းရုပ်ပြောင်လည်းမဟုတ်ပါ။ မျက်နှာဖုံးအလှကို သဘာဝမကျဘဲ ရေးဆွဲခြင်းကြောင့် ပြက်ရယ်ပြုသည်နှင့်လည်း တူသည်။ လူရုပ်ဆွဲသောလက်ရာမှာ ယခုခေတ်ကို မမီပါ။

ခေတ်မီသည်ဟုဆိုသော ဘောင်းဘီရှည်ကို လိပ်၍မ တင်ပြီး ရှူးဖိနပ်စီးကာ ဦးထုပ်ဆောင်းပြီး မျက်မှန်တပ်လျက် မော်တော်ဆိုင်ကယ်စီးသော အမျိုးသမီးရုပ်ရှင်သရုပ်ဆောင်များလည်းရှိသည်။ ထိုဖက်ရှင်ကိုအပြင်လောကက အားကျသူများလည်း ရှိပါသည်။

## (၃) မယ်ရွေးပွဲများ

မယ်ရွေးပွဲများတွင် တစ်ထောင် တစ်သောင်းသောပရိသတ်၏ မျက်စိအောက်၌ ရေကူးဝတ်စုံထက် ပါးလွှာသောဝတ်စုံများဖြင့် ကော့ပြ ကုန်းပြ လှုပ်ရှားပြသွားသောသတ္တိကို အချို့က ချီးကျူးအားပေးကာ ခေတ်မီသည်ဟုယူဆလာကြသည်။ ရုပ်ရှင်များကလည်း ဤအလှမျိုးကိုမှ ရိုက်ကူးလိုကြသည်။ အနောက်တိုင်း ဆင်ယင်မှုကို ရာနှုန်းပြည့် လက်ခံကြသောသဘောကို တွေ့ရလေသည်။ ကျန်းမာရေးအတွက် လိုက်စားရသည်ဟူသော ဦးတည်ချက်ကား မပေါ်လာခဲ့ပါ။ အနောက်တိုင်းရုပ်ရှင်ကားများကို အတုယူလာကြရာ မြန်မာ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများတွင် တိုင်းတစ်ပါးယဉ်ကျေးမှုများ စွက် ဖက် ဝင် ရောက် လာ ခဲ့ သည်ကိုတွေ့ရသည်။

## (၄) ဆံကေသာအမျိုးမျိုး

**ဦးစွန်းဖုတ်။** ။မြန်မာအမျိုးသမီးများသည် ဆံပင်ကို အမြတ်တနိုးထားလေ့ရှိကြသည်။ အသက်အရွယ်နှင့်လိုက်အောင်လည်း သေသပ်စွာ ထုံးနှောင်ခဲ့ကြပါသည်။ ရိုးရာအစဉ်အလာအရ မွေးဖွားပြီး ခုနစ်ရက်တွင် ဦးခေါင်းဆေး ကင်ပွန်းတပ် မင်္ဂလာယူလေ့ရှိကြသည်။၎င်းနောက် အတော်ကြာကြာ ခေါင်းတုံး တုံးပေးထားပြီးအနည်းငယ်ကြီးလာမှသာ ဦးစွန်းဖုတ်ကလေး ထားလေ့ရှိကြပါသည်။ ငယ်ထိပ်ကိုဖုံးအုပ်ထားသဖြင့် အအေးမိခြင်းမှ ကာကွယ်သည်ဟုလည်းတစ်ခါတစ်ရံ အယူရှိကြပါသည်။ကလေးငယ်များနှာစေးလျှင် နှမ်းဆီကို ငယ်ထိပ်ဦးစွန်းဖုတ်ပေါ်၌ ဆွတ်ပေးလေ့ရှိကြသည်။ ရုတ်တရက်အထိအခိုက် အရှအနာ ကာကွယ်ရန် ငယ်ထိပ်ပေါ်၌ ဦးစွန်းဖုတ်ထားသည်ဟုလည်း ဆိုပါသည်။ ထိပ်က ဆံပင်လေးများကို အဖုတ်လိုက်စုထားသည်ဖြစ်၍ ဦးစွန်းဖုတ်ဟု ဆီလျော်အောင် ခေါ်ထားခြင်း ဖြစ်ပါသည်။ဦးစွန်းဦးသျှောင်ဆိုသည်မှာ အထွတ်အထိပ်၊ ထိပ်ဖျားဟုဆိုလိုပါသည်။

**နားပန်းဆံ။** ။ဦးစွန်းဖုတ် ဘေးပတ်ပတ်လည်တွင် ဆံပင်ကိုရိတ်ထားပြီး၊ နှစ်လက်မခန့်လောက် ဦးစွန်းဖုတ် ရှည်လာသည့်အခါ ရွှေသို့ဖြီးချပေးကြပါသည်။ နှစ် နှစ်သား၊ သုံးနှစ်သား အရွယ်၌ နားပန်းဆံထားကြ၏။ ချိစောင်းအပေါ်၏ တစ်ဖက်တစ်ချက်တွင် ဆံပင်ကွက်၍ အရှည်ထားကြသည်။ ရှည်လာလျှင် စုစည်း၍ချထားကြသည်။ မန္တလေးသူငယ်တော်ရုပ်၊ နောက်ချေးခံရုပ်များ နည်းတူ ငယ်စဉ်က ကလေးများတွင် ရွှေဒင်္ဂါးဘယက် နှင့် လက်ဖွဲ့ကြိုးများဆွဲထားတတ်ကြပါသည်။ မတတ်နိုင် သူများက ဖါကြိုးအနက်၊ လက်ဖွဲ့ထုံး ကလေးများနှင့် အချို့ ငွေဒေါင်းဒင်္ဂါးနှင့် ငွေဘယက်များ လည်မှာ ဆွဲထားလေ့ရှိပါသည်။ တောင်ပေါ် သားများလည်း ငွေမူးစေ့၊ မတ်စေ့များကို အလှအပဆွဲတတ်ကြပါသည်။

**ကြာကွက်။** ။ကြာကွက်ဆိုသည်မှာ ဆံစကို ခေါင်း ပတ် ပတ် လည် တွင် စက်ဝိုင်းသဏ္ဍာန် ရစ်ထားသော အကွက်ကြီးကို ခေါ်ပါသည်။ နားပန်းဆံမထားလိုသော အချို့ကလေးများမှာ ဦးစွန်းဖုတ်ကို နေရာချပေးထား၍ ကြီးလာသောအခါ ကြာကွက်ဖြစ်လာပါသည်။

**ကြက်တောင်စည်း။** ။ကြာကွက်ဆံပင်က ရှည်လာ သည့်အခါ အသက် လေး နှစ်နှင့် ၁၀ နှစ်လောက်တွင် ဆံပင် စုစည်းလာနိုင်ပြီဖြစ်၍ ကြက်တောင် စည်းကြပါ သည်။ တချို့က မမိ့တမိစည်းထား၍ ဘေးသို့ငိုက်ကျနေ သည်ကို ဘူးပွင့်ဟုလည်း ခေါ်ကြပါသည်။တချို့က ဆံပင် ကို နဖူးပေါ်ကျအောင်ဖြတ်၍ ခေါင်းပတ်ပတ်လည် အတို ချထားသော ဆံရစ်ဝိုင်းကလေးများ ထားကြသည်။ ဆံရစ်ဝိုင်းနှင့်ပင် ကြက်တောင်စည်းကြသူလည်း ရှိကြပါ သည်။ ကြက်၏ အမြီးအတောင်နှင့် တူသည့်အတွက် ခေါ်ခြင်း ဖြစ်ပါသည်။

**ရွှေကတော့။** ။ကြက်တောင်စည်းနိုင်အောင် ဆံပင် အနည်းငယ်ရှည်လာသော် ငွေကြေး တတ်နိုင်သူများက ရွှေကတော့လေးများ စွပ်ကြသည်။ မတတ်နိုင်သူတို့မှာ သိုးမွေးချည် ပန်းရောင်ဖြင့် ဆံပင်ကို ရွှေကတော့အသွင် ကဲ့သို့ ပတ်ချည်လေ့ရှိကြသည်။ ထိုဖက်ရှင်ကို လူကြိုက် အလွန်များခဲ့သည်။ မရှုပ်ထွေးစေရန် ဖြီး၍စည်းထား သော ဆံပင်ပေါ်တွင် သိုးမွေးကို အထပ်ထပ်ရစ်ခွေပြီး ပတ်ကြရသည်။ ကတော့နှင့်တူအောင် အောက်ကား အထက်ရှူးစေရပါသည်။ ၎င်းရွှေတွင် အရိုးဘီးဖြူလေး များနှင့် လိပ်ခွံ ဆင်စွယ်ဘီးငယ်လေးစိုက်သော ဖက်ရှင် ဖြစ်ခဲ့ပါသည်။

**တစ်ပတ်ရစ် (တစ်ပတ်လျှို) နှင့် ဆံရစ်ဝိုင်း။** ။ ကြက်တောင် မစည်းသူများမှာ သျှောင်ထုံးတစ်ပတ် ရစ်နှင့် နှစ်ပတ်ရစ်ကို ထုံးကြပါသည်။ ဆံပင်ကို ပထမ ကွင်းလုပ်၍ အစကိုလျှိုပြီး ထုတ်ပစ်ရသည့်အတွက် တစ် ပတ်လျှိုဟုခေါ်သည်။ ပထမ တစ်ပတ်ရစ်ကွင်းကို ထပ်၍ တစ်ပတ်လိမ်ပြီး ဆံပင်ကိုလျှိုသွင်းကာ လိမ်ထားသော နေရာကိုတွန်းပြီး ဆံစလေးကိုထုတ်လိုက်လျှင် နှစ်ပတ် လျှိုဆံထုံးဖြစ်လာပါသည်။ တချို့ ဆံပင်ကောင်းလျှင် ဆံထုံးပုံကြီးလာသည်။ ဆံမြိတ်ရှည် ကျန်ရစ်နေလျှင် အသာကလေးလိမ်၍ကျစ်ပြီး ဆံထုံးတွင် ပြန်၍ပတ်ရပါ သည်။ရိုးရိုးဆံထုံးမှာ ခပ်ပုံ့ပုံ့လေးဖြစ်သော်လည်း ခေတ် ဆန်ချင်သူများက ဆံညှပ်နှင့်ထိုးကာ ပြားချပ်ချပ်ဖြစ် အောင်ထုံးကြ၍ မြင်းခွာသျှောင်ထုံး ဟူ၍ လည်း ကောင်း၊ မန္တလေးက စတင်၍ မန်းသျှောင်ထုံးဟု လည်းကောင်း တွင်လာလေသည်။ ယခုအခါ ကျေးလက် များ၌ပင် သျှောင်ထုံးများ ရှားခဲ့လေပြီ။ သျှောင်သည် မြန်မာ့မူပိုင် အစစ် ဖြစ်ပါသည်။ အမျိုးသားများလည်း သျှောင်ထုံးပြီး ဖော့လုံးကို စွပ်လေ့ရှိကြပါသည်။ သီပေါ ဘုရင် ငယ်စဉ်က သျှောင်ထုံးနှင့်ပုံကို မြင်ဖူးကြပါလိမ့် မည်။



ဆံရစ်ဝိုင်း

**ဆံရစ် ဆံတောက်။** ။ဆံရစ်ဝိုင်းကို အရှည်ထား၍ နားပေါ်တွင်ဖုံးကာချထားသည်ကို ဆံရစ်ဆံတောက်ဟု ခေါ်ပါသည်။ မြို့မဆံတောက်ဟုလည်း တချို့က နာမည်ပေးကြသည်။



ဆံရစ်ဆံတောက်

**ဆံတောက်ဖား။** ။ဆံရစ်ဆံတောက်ကို အရှည်ထားပြီး နားနောက်သို့ ပြန်၍ခွေကာ ကော့ထားသည်ကို ဆံတောက်ရှိုးရှိုးဟု ခေါ်ပါသည်။ ကုပ်ပေါ်ရှိဆံပင်များနှင့် ဆံတောက်အဖျား၏ အောက်တစ်နေရာကို သင်တုန်းဓားနှင့် ရိတ်ရပါသည်။ ချသော ဆံတောက်ကိုလည်း အလယ်က နိမ့်နိမ့်၊ ဘေးက ရှည်ရှည်ဖြစ်အောင် ဝိုက်၍ညှပ်ရပါသည်။ ဆံပင်လမ်းကြောင်းဖြစ်သော ပန်းကုံးကို ညီနေအောင် ဆံပင်လေးများ ခွဲရပုံမှာ ပညာသားပါသော စည်းကမ်းချက်တစ်ရပ်ဟု ဆိုရပါမည်။ ပန်းကုံးမညီသောဆံတောက်ကို လှသည်ဟုမဆိုနိုင်ပါ။ထို့ကြောင့် သနပ်ခါး ဘီးစိပ်စိပ်ကလေးနှင့် ဆံပင်တစ်ပင်မျှ လမ်းကြောင်း မလွဲရန် ပန်းကုံးခေါ် အတန်းကလေးကို စိတ်ရှည်လက်ရှည် ဖြောင့်အောင် ခွဲရပါသည်။ မညီလျှင် အပျင်းထူသော မိန်းကလေး၊ မစေ့စပ်မသေချာ ဖြစ်ကတတ်ဆန်း မိန်းကလေးဟု အစိပ္ပာယ်ရပါသည်။ ဆံရစ်ဆံတောက်နှင့် ချစ်စလောက် အရွယ်များကို တခမ်းတနား စာဖွဲ့၍ ကောင်းသောအချိန်ပင် ဖြစ်ပါသည်။ အချို့ ဆံတောက်ကလေးများမှာ နားနောက်မှာမနေဘဲ လေလွင့်ကာ နားပေါ်တွင်တဝဲဝဲနှင့် ကလူ၏သို့ မြူ၏သို့ အသွင်တစ်မျိုး ဆောင်တတ်ပါသည်။ အငြိမ့်မင်းသမီးအချို့၏ ပုံတွင်လည်း ထိုဆံတောက်မျိုးနှင့် ဘီးဆံပတ်ပတ်ကာ သဇင်ပန်းများ အပြည့်ပန်ထားလျက် တွေ့ရပါသည်။ ဘီးဆံပတ်မှာ ပြောင်ချောနေအောင် လက်တွင် အုန်းဆီလိမ်းကာသပ်ထားသဖြင့် ပန်းကုံးနှင့် အပြည့်ဖြစ်နေသည်။ ထိုအောက်ကား၍ အထက်ရှူးပုံကလေးမျိုးလည်း ခေတ်စားခဲ့ဖူးပါသည်။ ၎င်းပုံစံကား အပျိုဘော်ဝင်စအရွယ် အသက် ၁၃ နှစ်မှ ၁၆ နှစ်လောက်အထိ ခေတ်စားသော ဆင်ယင် ထုံးဖွဲ့မှုပင် ဖြစ်ပါသည်။



ရှေးဆံတောက်နှင့် ဘီးဆံပတ်

**နောက်တွဲ။** ။အသက် ၁၈ နှစ်ကျော်လွန်လာလျှင် ဆံပင်ကို အရှည်ထား၍ အုပ်လုံး သွင်းကြပါသည်။ အုပ်လုံးသိမ်းဟုလည်း ခေါ်ပါသည်။ ဆံပင်ကလေး မမီတမီ ဖြစ်နေသဖြင့် နောက်တွဲကလေး ထုံး၍ အလှ ပြင်ကြသည်မှာ တစ်မျိုးယဉ်စစ ဖြစ်စေလေသည်။ ဆံပင်ကို အပေါ်မှာချည်းသာ တင်၍ ထုံးလေ့ရှိရာက ယခုကဲ့သို့ နောက်လျှောချပြီး ထုံးဖွဲ့လာကြပြန်သည့် အခါမှာ မျက်စိအပြောင်းအလဲ မြင်ရ၍ တစ်မျိုး လူကြိုက်များလာခဲ့ပြန်ပါသည်။

**ဘီးဆံပတ်။** ။၁၉ ရာစု နောက်ပိုင်းလောက်မှ စ၍ ဤဆံထုံးပုံစံများ ခေတ်စားလာခဲ့သည်။ ဘီးကြီးများ ဆင့်ကာ အောက်ကခံ၍ ထုံးလာကြသည်။ တချို့က ပြားပြားချပ်ချပ်၊ တချို့က အောက်ကြီး အထက်ရှူး၊ တချို့က တစ်ညီတည်း ထုံးကြရာမှ ၁၉၂၀ ပြည့်နှစ်လောက်တွင် တစ်မျိုးထွင်လာကြပြန်သည်။



ဘီအေဆံထုံး



ဘီးဆံပတ်



ဘီအေဆံထုံး

**ဘီအေဆံထုံး။** ။ဤပုံစံများကိုတက္ကသိုလ်ကောလိပ်ကျောင်းသူများကစ၍တခမ်းတနားထုံးကြသည့်အတွက် ဘီအေဆံထုံး၊ ကောလိပ်ဂျင် ဆံထုံးဟု အမည်တပ်ကြ

လေသည်။ ဆံထုံးရာဇဝင်တွင် အမြင့်ဆုံးနှင့်အကြီးဆုံးဟု ဆိုရမည်သာ။ဆံထုံးကြီးနိုင်လေခေတ်ဆန်လေဖြစ်သည်။ တချို့က နောက်လန်လန်နှင့် ပေါင်းချောင်ကြီးစွပ်ထားသည့်နှယ် ဆံစုများကုန်လိုက်သည့်ဖြစ်ခြင်း။ ဘီးလည်း လေးငါးချောင်း အဆင့်ဆင့် စိုက်ရသည်။ တချို့က ဆံပင်အထွေးများကို ကတ်ပြားချပ်ပြားဖြစ်အောင် ထပ်၍ ချုပ်ထားကာ ၎င်းဆံပင်နှင့် လိပ်ခွံဘီးခံ ပုံစံများကို ဘီးရှေကစ၍ ပတ်ကြသည်။ ထိုခေတ်က ကောလိပ်ကျောင်းသူများမှာ အလှအပ သာယာမှုကို အထူးလိုက်စားကြ၍ ဆံထုံးမထုံးဘဲကျောင်းတက်လေ့မရှိကြ။ စာကိုလည်း ကျက်ကြသည်။ ကျောင်းအချိန်မီအောင်လည်း ဆံထုံးထုံးနိုင်ခဲ့ကြသည်။ နေ့စဉ် ကျင့်သားရသွားသည့်အခါ ခဲယဉ်းမှု မရှိတော့ဘဲ ကျင်လည်သွားကြဟန် တူပါသည်။

**သိပ္ပံဆံမြိတ်။** ။ဆံစုနှင့် ဘီးများကို အစ်၌ သေသပ်စွာထည့်ပြီး ပန်မည့်ပန်းများကိုလည်း စက္ကူဖာနှင့် သီးသန့်ထားကာ ကြယ်သီးအစ်၊ ပန်းအစ်၊ ဘီးအစ်တို့မှာ အမျိုးသမီးများ၏ မရှိလျှင် မဖြစ်သောအလှခြယ်ပစ္စည်းများဖြစ်သည်။ ထိုခေတ် တက္ကသိုလ်ကျောင်းသူများက ထွင်သော ဖက်ရှင်ကို အရပ်က အတုခိုးကာ အဆန်းဟူ၍ နမူနာယူကြရသည်။ ဘီအေဆံထုံးကြီးနှင့် အင်္ကျီရင်စေ့ ကြာယပ်အနားညှပ်ထားသော လက်ပွအင်္ကျီများကို ကာတွန်းရုပ်ပြောင်ဆရာများက လှောင်ပြောင်လေ့ ရှိကြသည်။ လှကားထောင်၍ တက်နိုင်လောက်အောင် မြင့်သော ဆံထုံးကြီး ပုံများကို ရေးလာကြသည်။ ထိုဆံထုံးမျိုးတွင် ဆံမြိတ်ရှည်ကို မထည့်ကြပါ။ ခပ်ဖွာဖွာ ဆံမြိတ်တိုကလေးများကို ကောလိပ်ကသုံး၍ သိပ္ပံဆံမြိတ်ဟု ခေါ်ပြီး စီးပွားဖြစ် ရောင်းချကြသည်။

## ( ၅ ) မောင်သုတ၏ ဆံထုံးရကန်

**မင်္ဂလာမျှော်ခမ်း၊ ပြည့်ဝင်းလျှမ်းသား၊ ဆောင်ရွှန်းအောင်စည် ခြိမ့်ခြိမ့်မြည်လျက်၊ ဝန်းလည်အဖြန့်၊ ဘဝဂ်နွံမျှ၊ သင်းပျံ့ကြိုင်ရွှန်း၊ မေတ္တာပန်းကို၊ ဦးစွန်းထိပ်ပြင်၊ ရှိပန်ဆင်၍၊ ရေးသွင်စိခြယ်၊ ပုလဲသွယ်သို့၊ မကျယ်ပကျဉ်း၊ နည်းစုံခင်း၍၊ လက်စဉ်းစွမ်းရည်၊ အတည်တည်ဖြင့်၊ ဖွေနည်းဆုံးစ၊ သိကုံး၍ပြ ထိုက်ပည်၊ ရကန်တကာ့အဘိုးအော။**

**အကြေအညာ၊ မြေကမ္ဘာတွင်၊ သဝေချာချော၊ တကယ်ချောတဲ့၊ ချော က လှ ာ တို့၊ ယဉ်ပါစေ**ကြောင်း၊ ယဉ်မွေးလောင်းတို့၊ ဖော့ဖယောင်းဟန်၊ ကြော့လှတဲ့သဏ္ဍာန်ကို၊ အဖန်ဖန် အာထပ်ထပ်၊ ရွှေကိုယ်ပါအပ်မည်မို့၊ ဆင်ယင်ပြုပြင်၊ ရင်ဆီက မမို့တမို့၊ ပါးအိုကလေး မပေါ် တပေါ်၊ သလုံးတော်ကလေးကလဲ မသွယ့်တသွယ်အပြင်၊ တကဲ့ တကယ်ယဉ်၊ ပိတုန်းရောင် တောက်ပါတဲ့၊ သုံးတောင်လောက်ဆံကေသာ။

ရိမဒ္ဒနံ၊ ပြည်ပုဂံယယ်၊ ကေဆံထုံးမြိတ်၊ ပုဏ္ဏရိတ်နှင့်၊ နိဂ္ဂဟိတ်လေးထောင်၊ ရှစ်မြောင်နည်းရိုး၊ ငါးဆယ်ကျိုး၍၊ ငါးမျိုးပြည့်စွက်၊ ရှိသည်ဘက်လျှင်၊ ပျောက်ပျက်နောင်ခါ၊ ရွှေလျော့ရှာလေပြီ။

သိကာပတ်ကုံး၊ ပုပ္ပံထုံးဟု၊ ယဉ်ဆုံးထွင်မှတ်၊ ဘီးဆံပတ်၏၊ ထုပ္ပတ်ခြင်းရာ၊ အဖြာပြာကို၊ ပေယျာလကန်၊ ဝက္ကက်၍ချန်ပြီးလျှင်၊ ရကန်ဥာဏ် ရကန်ပန်း၊ စာအဆန်းကို၊ ဥဒါန်းဖြစ်အောင်ကြံခို့။

အော်လံထုံးနည်း၊ တံမြက်လှည်း၊ ပေါင်းချောင်၊ ထိုနောင်အိုးစည်၊ ရစ်လည်ပတ်ဝိုက်၊ ချန်တိုင်စိုက်နှင့်၊ ငှက်သိုက် ဗူးတောင်း၊ ဖျာလိပ်ခေါင်း ခေါက်ချာ၊ သညာတွင်ဘုံ၊ နွားချေးပုံဟု၊ လုံးစုံထွေပြား၊ ထုံးနည်းများသည်း၊ ဝေခြားတသီး ပေါ် သည်တွင်။

ဆံထုံးကြီး၊ ဆံထုံးငယ်၊ ဆံထုံးလယ်၊ ဆံထုံးလတ်၊ ဆံထုံးမတ်၊ ဆံထုံးပေက်၊ ဆံထုံးစောက်၊ ဆံထုံးကား၊ ဆံထုံးပြား၊ ဆံထုံးရွှေ၊ ဆံထုံးစွေ၊ ဆံထုံးရွဲ၊ ဆံထုံးဘဲ၊ ဆံထုံးဝိုင်း၊ ဆံထုံးဟိုင်း လိုလိုပင်၊ ရှုပြင်သူဝိတ်ပျက်၊ အာက်ကြီး ခက်လောက်အောင်၊ ရှုတ်ရက်ခတ် ပွေလချာ၊ ဖွာဝရိဆိမထည့် လန်ဒန်ပယ့်ပုံပန်း၊ ခံယူကာ ဆန်းပုံက၊ တောကျီးကန်းမိုက်၊ ဂွကြား၌၊ အသိုက်ဖွဲ့တဲ့ ပမာပုံ။

ဆံမြိတ်တိုတထွာ၊ ဆံကေသာကို၊ ဆိမ့ နတ္တိ၊ ပရိ ဘလာ၊ သူငါကိုဘန်းပြ၊ အခြေ က်တိုက် ချပြီးလျှင်၊ ကောင်းလှပြီ၊ တော်လှပြီ၊ မော်ရပြီ၊ ကြွားရပြီ၊ အထင်နှင့်၊ တွင်တွင်ကြီး ဟန်ရေးပြ၏။

ရှေးဘဝ ကုသိုလ်ကံ အကျိုးပေး ပဟန်သောကြောင့်၊ ကြုံပြန်ရ သည်တခါ၊ ဤကမ္ဘာ ပြေခေတ်တွင်၊ ပြောင်းဖူးမွေးဖြစ်ရာမှ၊ သက်ဘစ်ခန္ဓာ၊ ကြွေလာမည်ဆဲဆဲ၊ အယူငင် လွဲသောကြောင့်၊ တကတဲ တက်တက်ဝင်၊ အကြင်သို့သောအပျိုတို့၊ ဟန်ပိုသော ဆံမြိတ်ဘဝသို့၊ ပြောင်းကြွကာ သန္ဓေ ဖိုးရာတွင်၊ အတီးကာလ၊ ဟိုဘဝက၊ မူလဇာတိ၊ မပျောက်နိုင်ရှိသဖြင့်၊ သိမရှိဗလပွာ၊ ဝါကြန့်ကြန့် အစသွေးရောင်

ထွေးတေးတေး ကြောင်တောင်တောင်၊ မိုးမက ဟန်ဆောင်သော်လည်း၊ အောင်ကိန်းနှင့်လေ ချော်သည်ပင်။

မိုးမျှော်ငြုတ်၊ ပင်ဆူးပုတ်နှင့်၊ ပဲပြုတ်ဆီဆမ်း၊ အစုံပြွမ်း၍၊ တခမ်းစီဥ္စာ၊ ပင်ရုက္ခာဟု၊ သညာခေါ်တွင်၊ မန်ကျည်းပင်၏၊ ညွန့်ရှင်ဖူးခက်၊ ပွင့်အရွက်ကို၊ ဟင်းသုပ်ဟင်းလျာ၊ တို့ချက်ကာဖြင့်၊ ရသာသုတ်၊ ပနာရှိသည့်၊ ငါးပိချဉ်ပေါင်၊ ဟင်းထွတ်ခေါင်ကို၊ သုံးဆောင်မိက၊ နောင်လျှင်တရှ်၊ အိုဖျှာ့နော်ဖျှာ၊ ဟောဒီဟာတော့၊ ဘယ်ခါမမေ့၊ တွေ့ချင်လှသေး၊ ငိုကာသာ လွှေးရေ့ မဟဲ့လို့၊ အတွေးနှင့်ပင်ပန်း၊ အလွမ်းဆင့်ထပ်ကဲ၊ စိုလို့သာ ရွှဲတော့သလို၊ တကတဲ စာရကန်၊ အဖန်ဖန်တရှာမိပေလိမ့်၊ စာကဝိစာကဝိန်၊ စာစာမျှော့ရာဇိန်နှင့်၊ ခုခါချိန်သစ်ဆန်း၊ ဆံထုံးမျိုးနိဒါန်းကို၊ ဖော်ညွှန်း၍ ပြဆိုပါသတည်းလေ။ ဟူ၍ တင်ပြခဲ့ပါသည်။

ထိုရကန်သည် ၁၂၈၃ ခု၊ တော်သလင်း လထုတ် တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၌ ထိုခေတ်ကြီးနှင့်အညီ ပါလာခဲ့လေရာ အမျိုးသမီးလောက၌ အကြီးအကျယ် ဂယက်ရိုက်စေခဲ့သည်ဟု သိရပါသည်။ ဟုတ်ရာဆို နာလိုခံခက် အမျက်ထွက်ကုန်ကြသောဟူ၏။ ဆံထုံးကြီးနှင့် ပျိုဖြူတို့က စာဆိုရှင်ကို မကြည်မဖြူ။ နှုတ်ခမ်းတော် သန္တာခဲ ရဲနေအောင် စူကြသည်ဟူသတည်း။

**ကွင်းထိုးဆံထုံး။** ။တက္ကသိုလ် ကျောင်းသူဘဝ ဆံမြိတ်ကလေး တဖွားဖွားနှင့် ခေတ် စား လာ ပြီး သည့်နောက် အသက်အနည်းငယ်ကြီးလာသည့်အခါ ဆံမြိတ်ကို မချတော့ဘဲ အသာအယာ နောက်သို့ပတ်ပြီး ဆံထုံးအောက်တွင် ခွေထားလိုက်သောပုံကို ကွင်းထိုး ဆံထုံးဟု ခေါ်ပါသည်။ အပျိုများနှင့် အချို့အရွယ်ကြီးလာသူများပါ ထုံးတတ်ကြပါသည်။ အိမ်ထောင်ကျသည့်အခါမှာကား ဆံမြိတ်မချကြတော့ပါ။

**လေယာဉ်ပျံဘီးကျော်ပတ် (၁၉၃၀–၁၉၄၀)။** ။ ဤပုံစံတွင် နှစ်မျိုးရှိပါသည်။ အချို့အရွယ်ကြီးသူများက ဆံပင်ကို ဆီလူးပြီး အထပ်ထပ် အချောသပ်ကာ ဘီးအစွန်းများဖော်လျက် ထိပ်တွင် ခွေပတ်၍ ထားကြပါသည်။ လူငယ် လူလတ်ပိုင်းကမူ ဆံပင်ကို နောက်သို့လျှော်ချပြီး ဘီးအကြီးတစ်ချောင်းဖြင့် ဘီးအစွန်းဖော်ကာ ကုပ်ပေါ်တွင် ပတ်ထားကြပြန်ပါသည်။ အတောင်နှစ်ဖက် အစွန်းထွက်နေသောပုံဖြစ်၍ လေယာဉ်ပျံဘီးကျော်ပတ်ဟု ခေါ်ပါသည်။ ထိုခေတ်က ဆင်စွယ်ဘီးကြီးများ အလွန်ခေတ်စားပါသည်။ ပုံကလည်း အမျိုးမျိုး၊ထောင့်ကျကျ၊ ဘေးကော့ကော့၊ခပ်ကိုးကိုး၊ဘီးဝိုင်းစသည်ဖြင့် လိပ်ခွံဘီးနှင့် ဆင်စွယ်ဘီး၊ သူဌေးဝါဒ ပန်းဖောက်ဘီး၊ သစ်သားဘီး၊ ဆင်စွယ်ဘီး၊ သနပ်ခါးဘီးနှင့် ကော်ဘီးများကလည်း ခေတ်စားခဲ့သည်။ တစ်ခါတစ်ရံ လူထဲ သူထဲတွင် ဘီးအစွန်းတောင်ပံကြီးများနှင့် ထိုးမိတိုက်မိ ခိုက်မိခြင်းများလည်း ရှိတတ်ပါသည်။ မိမိဆံပင်နှင့်မလုံလောက် သူများမှာ ဆံစုကို သုံးရပါသည်။ ဘီးအစွန်းကို ရွှေကွပ်ခြင်းနှင့် စိန်စီခြင်းများလည်း ရှိခဲ့ပါသည်။

**ပူပုံထုံး။** ။ဒုတိယ ကမ္ဘာစစ် မဖြစ်မီ သုံးလေးနှစ်အလိုတွင် တော်ရုံနှင့်ဆံထုံးကြီးများ မထုံးကြတော့ဘဲ ပွဲလမ်းသဘင် အခမ်းအနား၌သာ ထုံးကြတော့သည်။ အချို့ ကျောင်းသူများမှာ ဆံပင်ကို ကုပ်ပေါ်၌တစ်ပတ်လျှိုထုံးလျက် ပိုသောဆံပင်ကို ဘယ်ညာ ပခုံးပေါ်၌ ဆံမြိတ်ချထားကြသည်။ ယင်းပုံစံကို ပူပုံထုံးဟု အမည်ပေးကြသည်။ မကြာမီ စစ်ဖြစ်လာရာ ထိုပူပုံပန်းဆံထုံးသည် ရှေ့ပြေး နိမိတ်ပေလေသာဟု အချို့က ထင်မှတ်ကြပါသည်။



ပူပုံထုံး



ပူပုံထုံး

**ဘီးကျော်ပတ်ကလေး(၁၉၄၀–၄၅)။** ။ဂျပန်စစ်အတွင်းကမူ အလှအပဆင်ယင်မှု ရေစီးကြောင်းမှာ ရပ်တန့်သွားရပြီဖြစ်ရာ အလှပြင်ပစ္စည်းလည်း ရှားပါး၊ အချိန်လည်းမရ၊ စိတ်လက်လည်းမကြည်မသာနှင့် အမျိုးသမီးလောကတွင် ရိုးရိုးလေး ဖက်ရှင်ကိုသာတွေ့ရလေသည်။ ဘီးကြီးများလည်း အလွယ်တကူ မရရှိတော့ပေ။ သို့နှင့် ဘီးအငယ်ကလေးများဖြင့် ဖြစ်သလိုပတ်ကာ ဘီးကျော်ပတ်ကလေးများ ခေတ်စားလာခဲ့ပြန်သည်။ တစ်ခါတစ်ရံ ဆံထုံးရှေ့က ဘီးငယ်လေးများ စိုက်ထားကြသည်။

**အငြိမ့်မင်းသမီးဆံထုံး။** ။စစ်ပြီးသည့်နောက်တွင် ဆံထုံးလုံးလုံးကလေးများ ခေတ်စားလာပါသည်။ အောက်သေးအထက်ကား ဆံထုံးလေးများကို တည့်တည့် မထုံးဘဲတစ်ဖက်သို့ ခပ်ယိုင်ယိုင်ထုံးပြီးလျှင် ဆံမြိတ်ဖွား အရှည်ကြီးများကို ချထားတတ်ကြပါသည်။ ကခုန်လှုပ်ရှားရာတွင် ဆံထုံးကြီးနှင့် မသင့်လျော်သည့်အတွက် အငြိမ့်လောကမှစ၍ ထွင်လိုက်ကြဟန် တူပါသည်။ဆံထုံးငယ်သည့်အတွက် ပန်းများ ဝေဝေဆာဆာ ပန်နိုင်ပါသည်။

**သတို့သမီးဆံထုံး။** ။သတို့သမီး ဆံထုံးမှာ အငြိမ့်မင်းသမီးဆံထုံးထက် အနည်းငယ်ကြီး၍ ဆံမြိတ်လည်း အလွန်မဖွာလှပါ။ သို့ရာတွင် သပ်သပ်ရပ်ရပ်နှင့် ချထား၍ တစ်မျိုးလှပသောအသွင်ကို ဆောင်ပါသည်။ ဆံထုံးရှေ့တွင် စိန်ဘီး၊ ဥဿဖရားဘီးကိုစိုက်၍ ဆံထုံးကြိုးကြိုးတစ်ချောင်းကို အလယ်တွင်ထိုးကြပါသည်။ စိန်ပန်းခိုင်ကို ဆံမြိတ်နှင့်အတူ ချ၍ထားကြသည်။ အငြိမ့်မင်းသမီးဆံထုံး၌ကား ပန်းပို၍ ပန်ကြပါသည်။ သတို့သမီးများအတွက် အော်ဂန်ဒီအစနှင့်လုပ်သော ရှေ့စိုက်ဘီး၊ ပန်းခိုင်နှင့် ဖရောင်းရည်နှစ်ထားသည့် ပိုးစ၊ ဖဲစ အသွယ်ချပန်းများလည်း ထွင်၍ရောင်းကြသည်။ သတို့သမီးဝတ်စုံအဖြစ် ထိုင့်မသိမ်းအင်္ကျီ၊ ဂျာကင်၊ လုံချည်၊ ပဝါနှင့်ပန်းများကို ဖက်ရှင်တွဲ၍ အဆင်သင့်ရအောင်ရောင်းချလေ့ရှိကြသည်။ မြန်မာအဆွေကုမ္ပဏီ၏မေသက်ဘရားသားဆိုင်မှာ နာမည်အကြီးဆုံးဖြစ်သည်။ ချုံနိုင်ထွင်နိုင်သူများကမူ အိပ်ရာ၊ ခြင်ထောင်၊ ခေါင်းအုံးကအစ သတို့သမီးဝတ်စုံနှင့် ဖက်ရှင်ကျအောင် ပြင်ဆင်ကြသည်။ မင်္ဂလာဆောင်ဆံထုံး ထုံးပေးသော ဆိုင်များလည်းရှိသည်။အလှပြုပြင်ခြယ်လှယ်ပေးသောသူနှင့်အခမ်းအနားပြုပြင်ပေးသူ၊ အိမ်တိုင်ယာရောက် ပြင်ပေးသူ၊ မင်္ဂလာပစ္စည်းငှားရမ်းသူစသည်ဖြင့်အဆင်သင့်ရှိလေသည်။ ယခုအခါဆိုလျှင် စိန်တုများကိုပင် အဖိုးအခနှင့်ငှားသောလက်ဝတ်လက်စားဆိုင်များက ကိုယ်တိုင်လိုက်ပါဆင်မြန်းငှားရမ်းပေးလေ့ရှိကြသည်။ သတို့သမီးများ အတွက် ငွေရှိဖို့ပဲလိုပါသည်။ အပိုင်ပစ္စည်းဝယ်နေဖို့မလိုတော့ပါ။ တစ်ပွဲတိုး ငှားပေးသူများက အဆင်သင့်ရှိနေကြသည်။


**နောက်ပတ်ဆံထုံး။** ။၎င်းပုံစံမှာ အရိုးဆုံးနှင့် အလွယ်ဆုံးပင်ဖြစ်ပါသည်။ ဘီးတစ်ချောင်းကိုကျော်၍ ဆံပင်ခွေပတ်လိုက်ခြင်းဖြစ်၏။ ဆံပင်နည်းလျှင် ဆံစုသုံး၍ ချောနေစေရသည်။ ဆံထုံးရှေ့က ဘီးငယ်လေး စိုက်ထားလျှင် ပို၍ယဉ်လာပြန်သည်။ ပန်းပန်သည့်အခါ သာပြီး တင့်တယ်စေသည်။

**ကျွင်းခေါ်ဘုနှစ်လုံး။** ။ဆံပင်ကို ထိပ်မှစ၍ နောက်စေ့အထိ တည့်တည့်ခွဲကာ တစ်ဖက်စီ ကျစ်ဆံမြီးကျစ်ပြီး နောက်ကျော၌ ဘုလုံးခွေ၍ ထုံးထားပုံပင်ဖြစ်ပါသည်။ တချို့က သစ်သားအနှိပ်သည်ဘုလုံးနှင့် တူသည်ဟုလည်း ဆိုကြပါသည်။ ထိုဆံထုံးတွင် ပန်းကုံးကလေးတွေ ဝိုက်၍ပန်ထားတတ်ကြသည်။ ထိုပုံစံမှာ ဦးခေါင်းနောက်ပိုင်းအလှကို ပေါ်လွင်စေပါသည်။ ၁၉၃၆–၃၇ ခုနှစ်ကစ၍ ခေတ်စားလာခဲ့သည်။ အချို့ကလည်း ဘုနှစ်လုံးပါ၍ တယ်လီဖုန်းဆံထုံးဟု ခေါ်ကြသည်။



ကျိုင်းခေါ်ဘုနှစ်လုံး

**ကျစ်ဆံမြီးအခွေနှင့် ဖဲကြိုး။** ။ ဆံပင်ကို နောက်စေ့အထိခွဲ၍ တစ်ဖက်စီ ကျစ်ဆံမြီးကျစ်ကာ နှစ်ခေါက်ခွေထားပြီး နောက်တွင် ဖဲကြိုးအရှည်ချည်၍ ချထားသော ပုံစံ ဖြစ်ပါသည်။




ကျစ်ဆံမြီးအခွေ

**နံပါတ်ရှစ် မုန့်ကြိုးလိမ်။** ။ဆံပင်ကို နောက်တွင် အထက်ကျကျစည်းထားပြီး အင်္ဂလိပ်စာလုံး (ဖစ်ကားအိပ်တ်) ရှစ်ပုံသဏ္ဌာန် ခွေ၍ထားသော ဖက်ရှင်လည်း အတော်လူကြိုက်များခဲ့ပါသည်။ မြန်မာအခေါ်နှင့်ကား မုန့်ကြိုးလိမ်ဟုဆိုက ပို၍ ရှင်းပါလိမ့်မည်။



နံပါတ်ရှစ် မုန့်ကြိုးလိမ်


**ဗယာကြော်ဆံထုံးခေါ် ဘန်း ပေါင် မုန့် ဝိုင်း (Bun) ပုံ။** ။ဤပုံစံကို ထိပ်လယ်နှင့် နောက်တွင် ထုံးကြပါသည်။ နိုင်ငံခြားမှလာသော နိုင်လွန်ဇာလုံး အခွေကလေးများကို နဂိုရှိရင်းစွဲ ဆံပင်နှင့်လိပ်၍ ခွေလိုက်သည့်အခါမုန့်ဝိုင်းပုံသဏ္ဌာန်ဖြစ်သွားသည်ကို မတ်ပဲဗယာကြော်နှင့်တူသဖြင့် ဗယာကြော်ကွင်းဆံထုံးဟု အခေါ်များပါသည်။ တချို့က ဂွမ်းခံသော အဝတ်အနက်နှင့် လိပ်ကာ ဆံပင်ကိုပတ်ခွေ၍ ဆံညှပ်နှင့် ထိုးထားသဖြင့် ပြုတ်မကျပါ။ ၎င်းပုံစံကို ရှေ့တည့်တည့်မှ ဘီးငယ်စိုက်၍ ထုံးသူကထုံး၊ ပန်းကုံးလေးများပန်သူကပန်၊ တချို့က ဆိုလျှင် ချိစောင်းပေါ်တင်၍ ပုလဲသွယ်များ ပတ်ကြပါသည်။



ဆံပင်လိပ်နှင့် ဘီးဝိုင်းဆံညှပ်



ခေတ်ဗယာကြော်ဆံထုံး



ဗယာကြော်ဆံထုံး



ဘန်းပေါင်မုန့်ဝိုင်း ဆံထုံး

**ဆံပင်လိပ်နှင့် ဘီးဝိုင်း ဆံညှပ်ဖက်ရှင်။** ။ရှေ့က အမောက်လုပ်ထားကာ နောက်ကလည်း ဆံပင်လိပ်၍ အရှည်လိုက်ချထားကြလျက် ဖဲကြိုး၊ ဖဲပြားနှင့်မစည်းဘဲ နိုင်ငံခြားမှလာသော ဘီးဝိုင်းဆံညှပ်များနှင့် ခိုင်မြဲအောင် ညှပ်ထားသောပုံ ဖြစ်ပါသည်။

**ခရုခွေ နောက်ထုံး။** ။တချို့က ဆံပင်ကိုစည်း၍ လိမ်ကာ အသာကလေး ခွေပတ်ထားသောပုံ ဖြစ်၏။ ဆံပင်ရှည်လေ အခွေများလေ ခရုပတ်ပတ်ထားသည်ကို ဆံညှပ်များနှင့် ထိုးထားသဖြင့် ပြုတ်၍ ပြေကျသည်ကိုလည်းစိုးရိမ်ရပါ။ သပ်ရပ်သော ထုံးဖွဲ့နည်းတစ်ခုဟု ဆိုရပါမည်။

**ကွင်းစွပ်ဖားလျားချ။** ။ယခု အမျိုးသမီးငယ်လေးများမှာ ဆံပင်အရှည်ကို အလုပ်များသည်ဟု အကြောင်းပြကာ ဖြတ်တောက်ပစ်ကြသည်။ အဖျားကော့သည်ကို ရှုံးသည်ဟုဆို၍ တိဖြတ်ပစ်ကြသည်။ ထိုသို့ တစ်ထွာ ကျော်ကျော်ကျန်ရစ်သော ဆံပင်တိုကလေးကို နောက်တွင် စုစည်းပြီး သတ္တုနှင့်လုပ်ထားသော ရွှေရောင်ကွင်းကလေးများဖြင့် စွပ်၍ထားကြသည်။ တချို့က ၎င်းကွင်းကလေးများကို လက်ကောက်လုပ်၍ ဝတ်ကြသည်။ နိုင်ငံခြား အမျိုးသမီးများ၏ အဆင်အပြင် ပုံစံတစ်ခု ဖြစ်ပါသည်။

**တစ်ပတ်ရစ်ဆံထုံး။** ။တချို့က ဤအမည်ကို မကြိုက်ကြချေ။ တစ်ပတ်လျှိုဟုသာ ခေါ်ကြသည်။ တစ်ခုလပ်၊ တစ်ပတ်ရစ်၊ တစ်ပတ်နွမ်း အမည်များကို မကြိုက်ကြဟု သိရပါသည်။ ဆံပင်ကို နောက်လျော့လျော့လေးထုံးကာ ဖားလျားချထားပုံမှာ မခို့တရို့အသွင်ကို ဆောင်စေပါသည်။

**ဖဲပြားဖက်ရှင်။** ။အမျိုးသမီးများသည် တစ်ချိန်က ဖဲပြားကြီး ခြောက်လက်မလောက်ကို လိပ်ပြာပုံသဏ္ဌာန် အပွင့်လုပ်၍ ခေါင်းပေါ်တင်ခဲ့ကြဖူးသည်။ ဖဲကြိုးသွင်းရန် ကျဲကော်ကွင်းဆံညှပ်ကလေးများလည်း ပေါ်ခဲ့ဖူးပါသည်။ ဖဲကြိုးများလည်း အဆင် အရောင်အသွေးစုံလှသည်။ ဆံပင်ကိုခေါက်ပြီး ဖဲကြိုးတပ်ကြသည်။ အချို့က ထိပ်မှာတင်သည်။ တချို့က ကုပ်ပေါ် ရှိဆံပင်ပေါ်မှာတင်သည်။ ဖဲပြားစတွေ တစ်ထောင်ထောင်နှင့် ကော်လာထောင် အင်္ကျီရင်စေ့များလည်း ဝတ်ကြသည်။ တဖြည်းဖြည်းနှင့် ဖဲကြိုးမှာအလွန်သေးလာပြီး ဇာကလေးများလည်းသုံးကြသည်။ သို့ရာတွင် ယခင်ကကဲ့သို့ မာမာ တောင့်တောင့် ဖဲမဟုတ်တော့ပါ။ ရောင်စုံ ဇာဖဲကြိုး အပျော့စားလေးများပင် ဖြစ်သည်။ တစ်ချိန်က ဟံသာ အေးကမ္ဘာဏီမှ တိုင်းရင်းဖြစ် အထည်အလိပ်များကို ထုတ်လုပ်ရင်း အမျိုးသမီးကြိုက် နိုင်လွန်ဇာနုနုကလေး ဆံပင်မှာ အရှည်ချည်၍ ချရန် ပေါ်လာခဲ့ဖူးပါသည်။

**အမောက်မှ အဖွာ ဆံကေသာ။** ။အတွန့်အလိပ် အခွေများနှင့် လှိုင်းထသော ဖက်ရှင်မှ တစ်ဆင့် မခွေမကောက်ကွေးတော့ဘဲ ပွပွယောင်းယောင်း ဖက်ရှင်များ ထွင်လာကြသည်။ ဆီလူးလျှင် ကပ်နေသဖြင့် ဖွာချင်၍မရ၊ သို့အတွက် မလူးဘဲထားရသည်။ ရှုပ်ပွနေအောင် ဘီးနှင့်ပြောင်းပြန်ဖွပြီး ဖြီးပေးရသည်။ လေလာ၍ လွင့်မှာစိုးသဖြင့် ကော်ပါသော ဆံပင်လိမ်းအရည်ဖြင့် မာတောင့်စေရန် ဖျန်းပေးရသည်။ ၎င်းအမောက်ဖွာများအပေါ်တွင် ခေတ်ပေါ် ကျောက်နှင့်လုပ်ထားသော ရင်ထိုး၊ ဆံညှပ် ဖဲပွင့်ကလေးများကို အလှတပ်၍ ထားကြလေသည်။ ရှေးကကဲ့သို့ ဆံထုံးပုံများ၊ ဘီးနှင့်ဆံထုံးခံများ၊ လုံးဝမလိုတော့ပါ။ တစ်ခါတစ်ရံ မြင့်မားလွန်းသဖြင့် ပင်လယ်ငှက်သိုက်ကြီးများနှင့်လည်း တူနေတော့သည်။ ဆံထုံးကြီးလာလေ ခေတ်ဆန်လေဘဝမှ ဆံပင်ဖွာလေ ခေတ်ဆန်လေ ဖြစ်လာပြန်ပါသည်။ ရှေ့ကဖွာရုံမကဘဲ နောက်ကလည်း ကုပ်ပေါ်ဝဲသော ဆံပင်များကို ဖွာ၍ ချထားပြန်သေးသည်။

**နားရွက်ဖုံး ဖက်ရှင်။** ။နားရွက် ဖုံးသော ဖက်ရှင်သည် ယခုမှ ဆန်းသည်မဟုတ်ပါ။ စင်စစ် နားရွက်ဖုံးပြီး ရှေ့တည့်တည့်နှင့် ဘေးကဆံပင်ခွဲ၍ ဖဲကြိုးစည်းကြသော ခေတ်ကပင် ရှိခဲ့ပြီးသား ဖြစ်ပါသည်။ အထူးသဖြင့် အိန္ဒိယတိုင်းသူများနှင့် နီးစပ်သူတိုင်းလိုလို ဆံပင် နားရွက်ဖုံး ဖက်ရှင်မျိုးကို တွေ့ခဲ့ပြီးသား ဖြစ်ပါသည်။

တရုတ်အမျိုးသမီးများနှင့် နီးစပ်၍လည်း ကော်လာထောင်အင်္ကျီနှင့် အဝတ်စ ပန်းကြယ်သီးတပ် ဖက်ရှင်များ ဖြစ်ပေါ်လာခဲ့ပါသည်။ စင်စစ် ရင်ဖုံးအင်္ကျီနှင့် အနားပတ်ထည့်၍ချုပ်သော ပုံစံမှာ တရုတ်အဝတ်အစားနှင့် များစွာဆင်သည်ကို တွေ့နိုင်ပါသည်။ ကော်လာကို ပိုမို၍မာအောင် ပလတ်စတစ်ပြားလေးများ ထည့်၍ချုပ်ကြရသည်။ လည်ထောင်အင်္ကျီများ အလွန်ခေတ်စားခဲ့ပါသည်။

**သရဖူပန်းကုံး ဖက်ရှင်။** ။ဤ ဆင် ယင် မှု မှာ ကား ငယ်ရွယ်သူလေးများနှင့် သတို့သမီး အပျိုရံလေးများ၏ ဆင်ယင်မှုဟု ဆိုရပါမည်။ ခရစ်ယာန်အမျိုးသမီးများ လက်ထပ်သည့်အခါ ဇာပဝါအုပ်၍ ၎င်းအပေါ်မှ သရဖူ သဏ္ဍာန် ပန်းကုံးကို ဆောင်းလေ့ရှိကြသည်။ ၎င်းပုံစံ အတိုင်း အပျိုရံနှင့် ပန်းစီးကိုင်သူ၊ ပဝါရှည်ကိုင်သူ မိန်းမငယ်လေးများကလည်း ပန်းသရဖူ ဆောင်းကြ သည်။ ၎င်းနည်းတူ ဆံပင်တိုနှင့် မိန်းကလေးငယ်များ ကို ပန်းသရဖူလေးများနှင့် တွေ့ကြရာ တစ်မျိုးတင့် တယ်ပါသည်။

**ဆံပင်ပတ်ရန် ရွှေဘီးများ။** ။လွန် ခဲ့ သော အနှစ် နှစ်ဆယ် အစိတ်ခန့်က အမျိုးသမီးများ၏ ခေါင်း နောက်ဖက်တွင်ပတ်ရန် ရေ မ ရွှေ ဘီး ကြီး များ နှင့် ရွှေစိုက်ရွှေဘီးငယ်များ ခေတ်စားလာခဲ့သည်။ ဘီးကို ရုတ်တရက် ပြုတ်မကျစေရန် ဝက်အူနှင့်လည်း စုပ်ထား ရသေးသည်။ အချို့ ရွှေကြိုးများ တွဲလောင်းတပ်၍ ချထားသည်လည်း ရှိသည်။ ဘီးဖြစ်လာစေရန် ရွှေကို မာအောင် ကြေး များ များ ရော ရ သည်။ ဘီး လုပ် ပြီးသားရွှေသည် မပျော့ပျောင်းတော့ပါ။ ရှေးလူကြီး များသည် ရွှေကို သန့်သန့်ဝတ်ချင်ကြသဖြင့် စတိ လက်ကောက် အတုံးလိုက် အခွေလိုက်ကိုသာ ဝတ်ကြ သည်။ ဂဟေဆက်ရမည်၊ ရောရမည်ကို ကြောက်ကြ သည်။ ဖက်လိပ်နားတောင်းဆိုပါက ပုရပိုက်ခေါက် ရွှေ အ ချပ် အ ပြား ကို ကပ်ကြေးနှင့် လိုသလောက် ညှပ်ကာ လိပ်၍ နားတွင်ပန်ကြသည်။

## ဆံစုပေါင်း၍ ဆံထုံးထုံးကြသောဓလေ့

ဆံပင်ပါးသော အမျိုးသမီးများမှာ ဆံစုပေါင်း၍ ထုံးရသည်။ ဆံစုများကိုလည်း ရောင်းကြသည်။ ဆံစု မရှိသူများကို လှောင်ပြောင်လို၍ –

"ခေါင်းထိပ်မှာ ခင်ပေါင်ဘို့ ရှုတာက၊ ပြောင်း မြိတ်စာ မင်ရောင်ဆံစုရယ်နှင့်၊ ခြင်ထောင်ပြုံ့ရော အညာအရပ်ဟာမို့၊ သင်စောင်နှစ်ခုဟာ အသာပတ် ပါလို့၊ လွှာဖိနပ်တစုံ၊ ပွဲတော်စီးရန်ဘို့၊ အသာ ပတ်ရုံ၊ ကျဲကော်ဘီးငဲ့ပြင်" စသည်ဖြင့် ပြောင်းဖူး အမြိတ်ကို ဆံစုလုပ်ဘို့ အကြံပေးကြသည်။

ဤသို့ဖြင့် အ ညာ သူ လေး များ ၏ ရိုးသားသော ဆင်ယင်မှုကို အကဲခတ်နိုင်ပါသည်။ အောက်အရပ်ဒေသ တွင် လိပ်ခွံ၊ ကျဲကော်၊ ကနုကမာ၊ ဆင်စွယ်ဘီးများ ခေတ်စားနေမည်ဖြစ်သော်လည်း သူတို့၏အညာတစ်ခို တွင် မရိုးနိုင်သော ကျဲ ကော် ဘီး နှင့် သနပ်ခါးဘီး၊ သစ်သားဘီး၊ ဆင်စွယ်ဘီးနှင့် ဝါးဘီးများကိုသာ အသုံး များကြပါသည်။ အောက်သူများအဖို့ နိုင်ငံခြားသင်္ဘော ကုန်များ ရောက်လာသည့်အခါ အ ဆန်း ထွင် သော အလုပ်ပိုတစ်ခု ပေါ်ပေါက်လာလေသည်။

ယခင်က အုန်းဆီထဲတွင် ပဲနံ့သာစေ့ကိုလှော်ထည့်ပြီး ဆံပင်ကိုလိမ်းကျံကြသည်။ ယင်းသို့ သနပ်ခါးနံ့သာတို့ ဖြင့် မွှေးထုံခဲ့ကြသော်လည်း တဖြည်းဖြည်းနှင့် သူတို့၏ ငါး ရံ့ ကိုယ် လုံး လေး များမှာ ခေတ်ပေါ် ပွန်ဒါယာ၊ အီစတန်ရေမွှေးနံ့များ ကြိုင်လာခဲ့ကြသည်။ ထို့ကြောင့် လည်း အမျိုးသမီးသရုပ်ဖော် လေးဆစ်သဖြန်များတွင် ခေတ်ဆန်လာသော စကားလုံးအသစ်များ တွေ့ရလေ သည်။ ချစ် တီး လုံ ချည်၊ ပါ တိတ်၊ ဂေါ် ရာ ဖျင်၊ မာလကျင်၊ စူရတီစသော အမည်များ ဖြစ်ပါ၏။

"ချစ်တီးထည် ပဝါမြိတ်ကယ်နှင့် ရာချိတ်မှာ သူ့ထက်မကြောပါဘု၊ ပါတိတ်ဟာနုလျက် ချော သာပါ့၊ ရှုမက်မောဘွယ် တော်ရာဆင်ရအောင်၊ လျော်စွာပင်ကျဉ်းမည်မဟုတ်ပါဘု၊ဂေါ်ရာဖျင်အင်္ကျီ ချုပ် ခဲ့ တာ။ ချွေးမစုတ် လွယ် ပေါင် နော် ကွယ်၊ သေးမနုတ်ဘွယ် ထာဝစဉ် ကြေးတန်ရစေတော့လို့၊ ဗမာဖျင် ရှေးဆန်လှတာနှင့်၊ မာလကျင် ချွေးခံပွ ငဲ့ပြင်၊ မွှေးရန်က ပဲနံ့သာတစလယ်၊ ပုလဲရတနာ နှင့်သိပ်မခြား၊ အိုကွယ် ဆွဲစရာ ဝတ်ခဲ့တာက ကြိုက်ပေ့အများ"

ဤအဆိုကိုထောက်၍ ထိုခေတ်က အမျိုးသမီးများ လည်း ယခုနှင့်မခြား ဇာချော၊ ဇာနုကိုမှ ဝတ်ချင်ကြ သည်။ ရှေးဆန်သော အဝတ်အစားထက် အသစ်အဆန်း ကိုမှ စုံမက်ကြသည်ကို အကဲခတ်နိုင်ပေသည်။

(၁၅) ကာတွန်း၏အမြင်။ ။တစ်ခါက ကာတွန်းဆရာ ကြီး ဦးဘဂျမ်းက "တခေတ်မှတခေတ်၊ တခစ်ခစ်" ဟူသော ရုပ်ပြောင်ကို ရေးဆွဲဖော်ပြခဲ့ဖူးပါသည်။

"ထဘီကွဲနှင့် ထိုင်မသိမ်းကို ဆံထုံးကြီးနှင့် အင်္ကျီ ပွက ရယ်၏။ ဆံထုံးကြီးကို ဆံထုံးလေးက ရယ်၏။ ဆံထုံးကလေးကို လေယာဉ်ပျံက ရယ်၏။ လေယာဉ် ပျံကို အင်္ကျီကျပ်နှင့်နောက်တွဲက ရယ်၏။ နောက်တွဲ ကို ဘွေနှစ်လုံးနှင့် နောက်ပြား၊ ကေသရာဇာ၊

**ကတ္တူဝါပသည်တိုက ရယ်ကြကုန်၏။ ၎င်းတို့အား ပည်သို့သော ဖက်ရှင်မယ်သည် ရယ်တော်မူအံ့ နည်း”** ဟု ၁၉၄၇ ခုနှစ်ထုတ် ကလောင်ရှင်မဂ္ဂဇင်း တွင် ကာတွန်းရုပ်ပြောင်ဖြင့် သရုပ်ဖော်ခဲ့ဖူးသည်။ ယခု နောက်ဆုံး ဖက်ရှင်များကိုသာ ဦးဘဂျမ်း အသက် ထင်ရှားရှိ၍ မြင်ခဲ့ရလျှင် အဘယ်ပုံလက်စွမ်းပြ၍ သရုပ် ဖော်မည်ကို မခန့်မှန်းနိုင်ပါ။ ကာတွန်းဆိုသည်မှာလည်း ကဗျာ၊ စာပေ၊ တေးဂီတများနည်းတူ ခေတ်ကိုပြုပြင်ရာ တွင် တိကျပြောင်မြောက်သော လက်နက်ကောင်းတစ်ခု ဖြစ်သည်နှင့်အညီ ထိုခေတ်က အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ပုံကိုကောင်း၏၊ ဆိုး၏ဟု တစ်ဖက်သတ် ဝေဖန်ခြင်းမပြုဘဲ ခေတ်အသီးသီးကိုတင်ပြရင်း ပရိသတ် အား အကဲဖြတ်ခိုင်းလေသည်။ ကာတွန်းများ၊ ဓာတ်ပုံ များ၊ ပန်းချီကားများနှင့် ရုပ်ရှင်ကြော်ငြာများကို ကိုးကား၍ ရှေးခေတ်၏ ဝတ်စားဆင်ယင်ပုံများကို မြင်တွေ့သိရှိရခြင်း ဖြစ်ပါသည်။

## အခန်း (၉)

# မြန်မာအမျိုးသမီးနှင့် ကျောက်မျက်ရတနာများ

ကျောက်မျက်ရတနာများကို မြန်မာ အမျိုးသမီးများ အဆန်းတကျယ်ပြုလုပ်၍ ဝတ်ဆင်ကြကြောင်း နိုင်ငံခြားသားများက စာဖွဲ့မည်ဆိုလျှင်လည်း ဖွဲ့လောက်ပါသည်။ မြန်မာတို့အဖို့ ကျောက်သံပတ္တမြားဆိုသည်မှာ လောကီရတနာဖြစ်၍ သယံဇာတ တွင်းထွက် အဖိုးတန်ပစ္စည်းကို မင်္ဂလာယူ၍ ဝတ်ဆင်ကြသော ထုံးတမ်းစဉ်လာရှိခဲ့ပါသည်။ "ပတ္တမြားငမောက်" "မယားဆံတောက်" "ပတ္တမြားဆံကျိုး၊ အဖိုးပြည်တန်"ဟူသော စကားဟောင်းများရှိခဲ့သည်။ မြန်မာအမျိုးသမီးများသည် ရွှေလက်ကောက်ကို အဆင့်ဆင့် တံတောင်ဆစ်ထိ လုနီးပါး ဝတ်ကြသည်။ မိုးကုပ်ဒေသ၌ ကျောက်စိလက်ကောက်များကို အဆင့်ဆင့်ဝတ်ကြသည်။ လည်ဆွဲအဆင့်ဆင့်နှင့် ကျောက်ကြိုးအထပ်ထပ်ကို ဆွဲသည့်အပြင် လက်စွပ်နှင့်ရင်ထိုးများကိုလည်း အဆင့်ဆင့် ထိုးကြသည်။

**"ပတ္တမြားဘုန်းတောက်၊ မြ ကျောက် ဧ ချမ်း၊ စိန်စွမ်းဂုဏ်ရောင်၊ ကြောင်ကားသိဒ္ဓိ၊ မဏိနီလာ၊ မေတ္တာကဲချုပ်၊ ဂေါ်မုတ်ခွန်အား၊ ဥဿဖရားကျမ်းမာ၊ သန္တာကြီးကဲ၊ ပုလဲကြက်သရေ၊ ကိုးဂုဏ်ဝေသည်၊ ကိုးထွေနဝရတ် စွမ်းရည်တည်း"** ဟု အဆိုရှိခဲ့ပါသည်။ သို့ရာတွင် ဥဿဖရားကြီး နေ့စဉ်ဝတ်နေပြီး အိပ်ရာထဲက မထနိုင်သော ရောဂါသည် သည် လည်းကောင်း၊ ဂေါ်မုတ်ကိုဝတ်ပြီး ချိနဲ့နေသော ဒုလာပါဒရက်သမားသည်လည်းကောင်း ရှိကြမည်မှာမလွဲပါ။ စင်စစ် အစွဲအလမ်းကြီးခြင်း၊ အယူအဆသည်းခြင်းသည် သိပ္ပံနည်းကျသည်မဟုတ်။ ယုတ္တိမတန်ဖြစ်တတ်ပါသည်။

သို့သော် နိုင်ငံခြားသားများလည်း ကျောက်မျက်ရတနာကို မွေးနေ့မွေးလနှင့်လိုက်အောင် ရွေးချယ်ဝတ်ဆင်လေ့ ရှိကြပါသေးသည်။ **ဇန်နဝါရီလမှာ (ညိုနီ)၊ ဖေဖော်ဝါရီလ (စလင်းစွဲ)၊မတ်လ (စလင်းစိမ်း)၊ ဧပြီလ (နီလာဖြူ)၊ မေလ (အညုံစိမ်း)၊ ဇွန်လ (ကြောင်)၊** ဇူလိုင်လ (ပတ္တမြား)၊ ဩဂုတ်လ (ပြောင်ခေါင်းစိမ်း)၊ စက်တင်ဘာလ (နီလာ)၊အောက်တိုဘာလ (ဂေါ်မိတ်)၊ နိုဝင်ဘာလ (စလင်းညိုဝါ)၊ "တိုပတ်စ" ဟုခေါ်ပါသည်။ ဒီဇင်ဘာလအဖို့မှာ (ဂေါ်ကြိုး) စသည်ဖြင့် အဆောင်သဘောနှင့် လာဘ်ကောင်းအောင် ဝတ်ဆင်ကြသည်။ နဝရတ်ကိုးပါးမှာ ပုလဲ၊ သန္တာ၊ နီလာ၊ ဂေါ်မုတ်၊ မြ၊ ပတ္တမြား၊ ဥဿဖရား၊ စိန်၊ ကြောင်တို့ဖြစ်ရာ ထိုကိုးပါးလုံးကို ကျောက်နီအလယ်ကထားပြီး နဝရတ်လက်စွပ်အဖြစ် ကွင်းဝတ်လေ့ရှိကြပါသည်။


သည့်အပြင် အညှံ့ပန်း၊ ဘဲရံ၊ ထပ်တရာ၊ ရွှေတွင်းဝါ၊ ပြောင်ခေါင်းစိမ်း၊ ဇီး၊ မျော၊ စလင်း၊ မဟူရာနှင့် ဖရဲအူကျောက်များလည်း ရှိသေးသည်။ အနောက်တိုင်းသားများက ခိုသွေးခေါ် (ပီဂျင်းဘလတ်) ကို ကြိုက်ကြသည်။ မြန်မာက "လည်သီးရေ" ကို တန်ဖိုးထားကြသည်။ ကြက်သည်းဟုလည်း ခေါ်သည်။ မိုးကောင်း ကျောက်စိမ်း၊ ခွံဘိကျောက်စိမ်းများနှင့် ဟူးကောင်းတောင်ကြားမှ ပယင်းကတစ်မျိုး၊ စေတီပုံလေးများပါသော အင်ကြင်းကျောက်များက တစ်လီ၊ မြမှာ ရောဂါကင်း၏။ စလင်းစွဲက အမူးပြေသည်။ စိန်က လာဘ်ရွှင်သည်။ နဝရတ်က ကျက်သရေရှိ၏။ တွင်းထွက်မှန်သမျှ အန္တရာယ်ကင်းသည်ဆိုပြီး ခံ့မင်တယ်တာစွာ ဆင်မြန်းကြသည်။ ရတနာထွက်သော တိုင်းပြည်ဖြစ်၍ ရတနာအကြောင်းကို ရတနာထွက်သော အရပ်က သူတို့မှသာ ကောင်းစွာနားလည်ကြသည်။ နဝရတ်ကိုးပါး စီခြယ်ပုံမှာလည်း သူ့စည်းကမ်းနှင့်သူ ရှိခဲ့သည်။ မည်သည့်အခါကမျှ ပတ္တမြားကို ဘေးကထား၍ စီရံခြင်းမပြုရ။ အစဉ်သဖြင့် အလယ်၌သာနေရပုံကို —

**"မန်းစွင်မှာ နန်းစဉ် မညှိုးပါတဲ့၊ ကိုးနဝရတ်ဆင်တန်ဆာ၊ တလောကမှာလ၊ ပြောပရန်သညာနူးစေတို့၊ အစရာကဗျာနှင့် ကြူးလိုက်မယ်၊ ထူးမှတ်တို့ပါ၊ အလယ်တွင် ကျောက်ပတ္တမြားယော်နှင့်**

နောက်ပွားတဲ့ ရှစ်ခွင်မှာ၊ နီလာနှင့် ဥဿဖရား၊ မြသားစိန်၊ တထိန်သရေပြောင်တဲ့ပြင်၊ သန္တာကြောင်နှစ်ပည်တွဲပါလို့၊ ပုလဲပျံဂေါ်မိတ်သွင်းရတယ်၊ မင်းထိုက်ကျောက်များ" ဟူ၍ လေးဆစ်သာဖြင့် ရှိခဲ့ဖူးပါသည်။

## (၁) လက်ဝတ် လက်စားများ

**ဘီးဆံထုံးနှင့် ပန်းခိုင်။** ။မြန်မာ အမျိုးသမီးများသည် ဦးခေါင်းမှခြေဖျားတိုင် ရွှေကိုဝတ်ဆင်လေ့ရှိကြရာ ဆံထုံး၊ ဆံညှပ်၊ ပန်းခိုင်နှင့်ရွှေစိုက်ဘီး၊ နောက်စိုက်ဘီးများသာမက ဝက်အူနှင့် စုပ်ရသော ရွှေကျောက်ပန်းခိုင်၊ စိန်ပန်းခိုင်များလည်း ဆင်ကြသည်။ ကြက်ကိုတောင်ပံ၊ ဆံကိုအိပြတ် ဆိုသည့်အတိုင်း နောက်ဆံအိကိုဖွ၍ နောက်စိုက်ဘီးများ စိုက်လေ့ရှိကြသည်။ ရွှေစိုက်ရွှေကျောက်ဘီး၊ စိန်ဘီးနှင့် ဝက်အူရစ်တပ်ထားသော တလှုပ်လှုပ်နေသော စိန်ပန်းခိုင်များမှာ အလွန်ခေတ်စားခဲ့သည်။



ရှေးခေတ် လက်ဝတ်ရတနာများ

ရတနာပုံခေတ်နှောင်းက မင်းသမီးကြီး မထွေးလေး၏ပုံတွင် ဆံထုံးမထုံးဘဲ ဗျာပါဆံဘေးချ၍ ရွှေကစိန်ဘီးကြီး စိုက်ထားသည်ကို တွေ့ရသည်။

ဘီးဆံပတ်၊ ဘီးဆံထုံး၌ ရတနာဘီးကိုစိုက်၍ ဆံထုံးများလည်း ထုံးကြသည်။ ဘီးဆံထုံး ထိပ်အဖျားတွင် ကျောက်ဆံညှပ်များထိုးသော ဖက်ရှင်ကို လေဘာတီမမြရင်၏ခေတ်ပုံ၌ တွေ့နိုင်ပါသည်။

**နားကပ်နှင့်နားတောင်း။** ။အမျိုးသားများ ဖြစ်သော မင်းမှူးမတ်အများပင် နားတောင်းများ ပန်ဆင်ကြသည်။ "နားတောင်းရောင်ကြောင့် ပါးပြောင်"ဟူသော စကားပုံပင်ရှိခဲ့ပါသည်။ ရှေးခေတ်က ပုလဲ၊ ကျောက်နီ၊ နီလာ နားကပ်ကြီးများမှာ ကွမ်းသီးလုံးအငယ်တမျှ ကြီးမားပါသည်။ ထိပ်က အဖူးကတခြား အိုးကတခြား ဝက်အူစုပ်ထား၍ နှစ်မျိုးပန်ဆင်နိုင်ကြပါသည်။ တစ်လုံးကို အများကရံထားလျှင် "ပီအောပုံ"ဟုခေါ်၍ အလယ်ကအပေါက်ပါသောပုံကို "စိန်ခြယ်"ဟု ခေါ်ပါသည်။ ပီအောတိုက်၊ ကုမ်းမစ်တိုက်များက အလွန်အထက်တန်းကျသူများ၏ လက်ဝတ်လက်စားများကို လုပ်ပေးကြသည်။ လက်ရာအလွန်ကောင်းသော ပန်းထိမ်ကျော်များဖြစ်ပါသည်။ တစ်လုံးပိတ်နားကပ် ခေတ်မစားဘဲ ပီအောနားကပ်များကိုသာ လေးလေးလန်လန် ပန်ဆင်ခဲ့ကြရာ နားပေါက်ကြီးများမှာ တွဲ၍ကျန်ရစ်တတ်ပါသည်။ အချို့ နားတောင်းနောက်ပိတ်ကို ရွှေဒင်္ဂါးမတ်စေ့နှင့် ပိတ်လေ့ရှိရာ မည်မျှလေးမည်ကို ခန့်မှန်းသိသာနိုင်ပါသည်။

နွမ်းပါးသူခမျာများမှာကား ပန်းထိမ်လက်ခမပေးရသော ပေရွက်လိပ်များကို ပန်ကြသည်။ဖန်နားတောင်း၊ ကျောက်စိမ်းနားတောင်း၊ မိုးကြိုးနားတောင်းများကို ပန်ကြသည်။ သည့်ထက်ပါးရှားပါက နားပေါက်ကို အပိတ်မခံနိုင်သဖြင့် သက်ယပ်တံ ကလေးတွေနှင့် ထိုးကာ တချို့က ဖါကြိုးအနက်၊သိုးချည်အနက်ကလေးများ ချိတ်ထားလေ့ရှိပါသည်။ အမိထဘီစကိုလိပ်၍ နားတောင်းပန်ပြီး စစ်တိုက်ထွက်သူလည်း ရှိခဲ့ပါသည်။ ကြွယ်ဝသူများကမူ မုန့်ဖက်ထုပ်ကွင်းခေါ် စိန်အချွန်နားကပ်ကြီးများကို ပန်ဆင်လေ့ရှိကြသည်၊ ချွန်နေသည့်အတွက် မုန့်ဖက်ထုပ်ဟု ခေါ်ခြင်းဖြစ်သည်။

**မယ်ကယ်နှစ် နားပန်တော်။** ။ဘကြီးတော်ဘုရား၏မိဖုရား နန်းမတော်မယ်နုအား ထားဝယ်မြို့ဝန်က မယ်ကယ်သားအနှစ်ကို လှုပစ္စာ နားပန်တော်ပြုလုပ်ပြီး ဆက်သရာ စာဆိုတော်ပညာရှိ လေးဦးတို့က စာဆိုပြီးမှ

ပန်တော်မူမည်ဟုဆို၍ လူဦးမင်း၊ ဖိုးသူတော်ဦးမင်း၊ ရကန်ဦးတိုးနှင့် ရကန်ဖျက်ဆရာဦးလန်းတို့က စာစပ်ကြသည်။

"ဆင်တော်ရန်၊ ပန်နားကပ်၊ ကျောက်မြတ်ကယ်မခြယ်၊
"သဘော်ပါ မယ်ကယ်နှစ်မှာ နတ်ရစ်သည်နွယ်၊
"သီလကုပ်၊ ကြောင်ကြိုးသွယ်၊ စံပယ်တင်ခြယ်သန်း၊
"ရွှေဥပါ (ဥပါကြယ်ကြီး) ရောင်ခြယ်ဝေ့တယ်၊ နန်းမေ့ဆင်ပန်း" ဟူ၍ဖြစ်ပါသည်။

ရတ်ချည်းစပ်ဆိုကြသော ပညာရှိ လေးဦးအား နှစ်သက်တော်မူသဖြင့် ဘုရင်နှင့်မိဖုရားက ဝတ်စုံတစ်စုံစီနှင့် တစ်ပိဿာချိန်ရှိ ဒိုင်းခွက်တစ်ခုစီ သနားတော်မူကာ မိဖုရားကြီးက နားပန်တော်ကို ဝမ်းသာအားရဆင်မြန်းတော်မူသည်ဟု ဆရာကြီးရွှေဝယ်၏ ဆောင်းပါး၌ တွေ့ရပါသည်။ မယ်ကယ်သားအနှစ်မှာ ပယင်းရောင်တွင် အဖြူအရစ်ကြောင်းများ သုံးထပ်ရှိ၍ အလွန်လှပသည်ဟု ဆိုပါသည်။

ထိုခေတ်က ပယင်းနားတောင်း၊ ဆင်စွယ်နားတောင်း၊ ရွှေမပါသော ကျောက်စိမ်းနားတောင်းများလည်း အမျိုးသမီးများ ဝတ်ဆင်လေ့ရှိ ကြပါသည်။ အချို့က ဗုံတိုခေါင်းလောင်းဟုလည်း ခေါ်သည်။ ဘေးနှစ်ဖက်ကကား၍ အလယ်ခါးသိမ်သော ပုံစံများဖြစ်ပါသည်။

**ဘယက်၊ လည်ဆွဲနှင့် ဆွဲကြိုး။** ။ရတနာပုံခေတ်တွင် သွယ်ပျောင်းနှင့် လည်တိုမပေါ်မီ ဘယက်နှင့် လည်ဆွဲများ ခေတ်စားခဲ့ပြီး ဆူးပန်းစေ့နှင့်တူသော ဆူးပန်းစေ့ ရွှေပုတီးကုံးများလည်း ဆွဲခဲ့ကြသည်။ နေဇာပန်းငုံနှင့်တူအောင် လုပ်ထားသော ရွှေနေဇာကုံးများ၊ ရွှေဆပ်ခိုင်ကုံးများကိုလည်း ဆွဲခဲ့ကြသည်။ ကိုလိုနီခေတ်၌ကား ဆောက်ဖြတ်၊ ဆောင်တော်ကူး၊ အင်မစီကြိုး၊ တစ်ထပ်ကြိုး၊ နှစ်ထပ်ကြိုး၊ ကျောက်ကြိုး၊ လည်ကပ်၊ ပုလဲသွယ်များနှင့် ဆွဲကြိုး၊ ထူးကြိုး၊ ယိုးဒယားဘတ်ကြိုးခေါ် ရွှေကြိုးအထူကြီးများ ခေတ်စားလာခဲ့ပါသည်။ ရွှေဆပ်ခိုင်ဆိုသည်မှာ လူးဆပ်ပင်၏အနှံ အစေ့လေးများပြွတ်နေသကဲ့သို့ ရွှေဥလေးများကို စု၍လုပ်ထားသော ဆွဲကြိုးဖြစ်ပါသည်။

**(၁၃) ရွှေဒင်္ဂါး။** ။ကိုလိုနီခေတ်က ရွှေဒင်္ဂါး ငါးမူးပြား' တစ်ကျပ်ပြား၊ တစ်မတ်ပြားများဟုရှိရာ ရွှေမတ်စေကွင်းတပ်သောကြယ်သီးများ၊ ငါးမူးပြား၊ ကျပ်ပြား၊ ခေါ်လာပြားများကို ရွှေဆွဲကြိုးတွင် အညှာတပ်၍ ဆွဲကြသည်။ ငါးမူးပြားတစ်ပြားကို ၁၄ ကျပ်၊ ၁၅ ကျပ်ခန့်သာ ပေးရ၍ ရွှေတစ်ကျပ်သားလျှင် ငွေ ၃၀ ကျပ်သာ တန်သည့်အတွက် ယခုနှင့်စာလျှင် အဆများစွာ တန်ဖိုးကွာသည်ဟု ဆိုရမည်။

ရွှေဒင်္ဂါးအမည်များမှာ ဘုရင်မသရဖူတွင် ပဝါခြုံထားသည်ကို ဆာပါခြုံဒင်္ဂါး၊ ဆံပင်နောက်တွဲပုံနှင့်ဒင်္ဂါးကို မြိတ်ထုံး၊ အကောင်းဆုံးမှာ တိုက်တံဆိပ် ဖြစ်ပါသည်။ ထို့နောက် မြင်းစီး လှံထိုးပုံပါသော ဒင်္ဂါးဟူ၍ရှိပါသည်။ နှစ်ပြားစီးခေါ် ငါးမူးသားဒင်္ဂါးမှာ လင်းယုန်ငှက်၏ပုံ ပါပါသည်။

**လက်ကောက်။** ။ရွှေစတီလက်ကောက်များကို အဆင့်ဆင့် တံတောင်ဆစ်ဆီလုနီးပါး ဝတ်ဆင်ခဲ့ကြသည်။ ပုရပိုက်ခေါက်နှင့်လုပ်သည့် စတီလက်ကောက်များမှာ ပျော့ပျောင်း၍ ထမင်းချက် ဟင်းချက်ရာတွင်လည်းကောင်း၊ မီးပူထိုးရာတွင်လည်းကောင်း မိန်းကလေးအချင်းချင်း တွန်းထိုးရိုက်ပုတ်ကစားရင်း အခန့်မသင့်လျှင် အလွယ်တကူ ပြုတ်ကျ ကောက်ကွေးသွားသည်ကို တစ်ခါတစ်ရံ တွေ့ဖူးပါသည်။ တစ်ဖန် တုတ်ကွက်လက်ကောက်၊ ကွင်းစွပ်၊ ကြံဆစ်၊ ဝါးဆစ်၊ နရားခေါင်းလက်ကောက်၊ ပွတ်လုံး၊ ပုတီးစေ့၊ လက်ပတ်ကြိုး၊ ပတ္တာလက်ကောက်၊ စစ်ကိုင်းတံတားလက်ကောက်၊ ကျောက်စိမ်းလက်ကောက်၊ အ ပျော့ လက် ကောက်၊ နှစ် ပါး သွား၊ သုံး ပါး သွား၊ ကျောက်လက်ကောက်နှင့် မောင် နှံ ခု နှစ် ဖော် လက်ကောက်တွင် နဝရတ်ကိုးပါး ကျောက်ငယ်ကလေးများ မြှုပ်သော လက်ကောက် ပါးပါးလေးများလည်း ခေတ်စားခဲ့ပါသည်။

**"ခါးတစ်တက်ထောက်၊ နရားလက်ကောက် နန်းလိမ်၊ ကတ္တီပါအုံး၊ မှီကာသုံးပါဘဲ့ အိုဇျာ့ဂမုန်းစိန်"** ဟု မင်းသမီးအခေါ် အာလုပ်များ ရှိခဲ့ပါသည်။ နရားကောင်၏ အမြီးနှင့်ခေါင်းကို ခွေထားသော နရားလက်ကောက်၊ ကျားခေါင်းလက်ကောက် နှစ်ပင်လိမ်၊ သုံးပင်လိမ်၊ လေးပင်လိမ်များမှာ အသက်ကြီးသူများပင် ဝတ်ဆင်ခဲ့ကြပါသည်။ လူငယ်များဝတ်ကြသော နရားခေါင်းမခြချင်းပုံကို လန်ဒန်မြို့ အဲလဘတ်နှင့် ဝိတိုရိယ ပြတိုက်တို့၌ တွေ့ရကြောင်း သူရိယမဂ္ဂဇင်း (၁၉၃၄) ခုနှစ်၌ တွေ့ရပါသည်။ နရားခေါင်း လက်ကောက်လည်း ဤပုံစံပဲ ဖြစ်ပါသည်။

**ရင်ထိုးနှင့်လက်စွပ်။** ။ရှေးကလက်ငါးချောင်းအပြည့် လက်စွပ်ဝတ်ပုံနှင့် ရင်ဘတ်တစ်ခုလုံးထွင်ရင်ထိုး ထိုးပုံများမှာ ဆန်းပါသည်။ ကျောက် မျက် ရ တ နာ များ ပေါ်များသောပတ္တမြားမြေခေါ် မိုးကုပ်အရပ်မှ ကျောက်တွင်း သ ဌေး သ မီး များ ၏ အင်္ကျီတစ်ထည်လုံး တွင်

ကျောက်မျက်ရတနာ ရင်ထိုးကြီးများ အပြည့်ထိုးထား လေ့ရှိကြပါသည်။ ရှေးကရင်ထိုးကို သူတို့အခေါ် မှာတစ်ကောင်နှစ်ကောင်ဟု ဆိုပါသည်။ တစ်ချောင်းဟု မခေါ်ကြပါ။ ရင်ထိုးများ၏ပုံစံမှာ ပန်းကုံး ပန်းခိုင်များလည်း ပါသည်။ ညောင်ရေအိုးနှင့် ပန်းထိုးထားပုံ၊ လိပ်ပြာ၊ ပိတုန်းရုပ်ပုံများလည်း ကျောက်စီ၍ တရဲတည်းရဲပြီး၊ တပြာတည်း ပြာနေကြပါသည်။ ရောင်စုံကျောက်များကို သူတို့အရပ်တွင် မဝတ်ဆင်ကြပါ။ ဈေးပေါ၍ ခေတ်လည်းမစား။ မဟူရာအနက်နှင့်ရောင်စုံကျောက်ကပ်များကိုမူ အောက်အရပ်ကသာ ဝယ်ယူလေ့ရှိကြပါသည်။ မိုးကုပ်သူဌေးကြီး ဘုရားတကာ ဦးမှတ်၏ တစ်ဦးတည်းသောသမီး၊ မိုးမိတ်မဟာဒေဝီကြီး စောနန်းအိမ်၏ လွန်ခဲ့သော အနှစ် ၆၀ ကျော်ခန့်က ဆင်ယင် ဝတ်စားထားပုံကို လေ့လာနိုင် ကြပါသည်။ သယံဇာတ ကျောက်မျက်များကို ခုံမင်တွယ်တာစွာ ဟန်ဖိုးထားပြီး ဝတ်လေ့ရှိကြပါသည်။

**ရွှေခြေချင်း။** ။ ခြေချင်း ဝတ်ဆင်သော ဓလေ့မှာ ယခုအခါကွယ်ပျောက်လုနီးပါး ဖြစ်နေသည်။ ခြေချင်း အများဆုံး ဝတ်သောအရပ်မှာ မန္တလေးမြို့ ဖြစ်သည်။




နဂါးခေါင်းခြေချင်းပုံ
(လန်ဒန်အယ်လဘတ်နှင့် ဝိတိုရိယပြတိုက်၌ရှိသည်)

ကလေးငယ်များဘဝတွင် ငွေခြေချင်းကလေးများကို ဆင်ပေးခဲ့ကြပြီးနောက် တစ်ဖန် မိုးကြိုးနှင့် ခေတ်ကြိုး ခြေချင်းများ ခေတ်စားခဲ့သည်။ ခြေချင်းခေတ်စား၍ မြခြေချင်း ဒေါ်ငွေမှိုင်အမည်ပင် ကျန်ရစ်ခဲ့ပါသည်။ တချို့ကဘုရားကိုလည်းရွှေချသည်ဖြစ်ရာအမျိုးသမီးများ ရွှေခြေချင်းမဝတ်သင့်၊ ဝတ်လျှင် ဗုဒ္ဓဂိုဏ်းခိုက်သည်ဆို၍ မဝတ်ရဲကြပါ။ နရားခေါင်း၊ နဂါးခေါင်းကြီးများဖြင့် ရွှေ ၁၀ သား၊ ၈ ကျပ်သားမျှ လေးလံသည်။ ခြေချင်းများကို မြင်ရအောင် ထဘီတမမနှင့် အလှပြခဲ့ကြဖူးပါသည်။ ယခုမူ အငြိမ့်နှင့်ဇာတ်သဘင်လောက၌ပင် မတွေ့ရတော့ပါ။

ရခိုင်ကဗျာများ၌ **"လက်ကောက်၊ လက်စွပ်၊ တောင်ပြတ်ဆင်၊ ခြေချင်းမှာပင် မျက်စပိုးထိ၊ ဖဲကြိုးဒွါဒယာမျက်ငါးဖြာ"**ဟု ရှိခဲ့ပါသည်။ မကြာသေးမီက ရခိုင်ပြည် တောင်ကုပ်အလှူပွဲများ၌ မိန်းမငယ်လေးများ ခြေချင်းဝတ်ကြသည်ကိုတွေ့၍ ခြေချင်းခေတ် ရှိသေးကြောင်း သိရပါသည်။

**ကြယ်သီး။** ။ရင်စေ့ရင်ဖုံးတွင် ပိတ်ကြယ်သီးများသုံးကြရာမှ ရွှေမတ်စေ့၊ ငါးမူးစေ့များကို အညှာတပ်၍ ပထမဝတ်ဆင်ကြပါသည်။ ထို့နောက် ခေတ်နှင့်လျော်စွာ (အာဝါဒေး) (OUR DAY) အမျိုးသားနေ့ကို ရည်စူး၍ ကြယ်သီးများ ပေါ်လာခဲ့သည်။ အာဝါဒေး ပန်းကန်များဟုလည်း ခေတ်စားခဲ့ဖူးသည်။ ရွှေကြယ်သီး၊ စိန်ကြယ်သီးများအပြင် မန္တလေးမှ ရွှေမှုံကြယ်သီး၊ ဖန်ကျောက်စိမ်း အတုနှင့် အဆန်းတကျယ် ပြုပြင်ထားသော ဖန်လုံးကြယ်သီးရောင်စုံများ ခေတ်စားလာခဲ့ပြန်သည်။ နောက်မှ ဆင်စွယ်၊ စလင်း၊ ကနုကမာ၊ လိပ်ခွံ၊ နိုင်လွန်၊ ပလတ်စတစ်၊ ယိုးဒယားကြယ်သီးနှင့် မိလ္လာထည် တိုင်းရင်းဖြစ်များ သုံးကြပြန်ပါသည်။ မျက်မှောက်ခေတ်တွင် ကြယ်သီးမသုံးကြတော့ပါ။ နှိပ်စေ့များကိုသာ မခိုင်ဘဲ သုံးနေကြပါသည်။

## (၂) အမျိုးသမီး ထဘီများ

ကိုလိုနီခေတ်က အောက်ပြည်သို့ဆင်း၍ အထည်ဆန်းများ ဝယ်လေ့ရှိရာ **"အောက်ပြည်ကို ဘယ်ခင်းကြောင့် မောင်ဆင်းသလေး၊ ကွမ်းတုံမြိတ်နှင့် အချိတ်ဝယ်၊ ဆင်းတယ်တဲ့လေး"** ဟူသော တေးများရှိခဲ့ပါသည်။ ရှေးကခေတ်စားခဲ့သော နံ့ကွဲ ချိတ်ထဘီများ နောက်တွင် ယောလုံချည်များ ခေတ် စား ခဲ့ ပါ သည်။

အနားနှင့်ဘေးမြိတ်ပါသော ယောလုံချည်များမှာ ကျက်သရေရှိလှ၍ ဖျင်ပင်နီနှင့်တွဲပြီး ဝတ်ဆင်ကြပါသည်။ ယိုခေတ်က ဝတ်စုံဖြစ်၍ ကျက်သရေရှိလှပေသည်။

အခြားစပ်ထဘီနှင့်မန္တလေးမြောက်ပြင်၊ အင်းလေး၊ ဇင်းမယ်၊ ထားဝယ် ၊ရွှေတောင်၊ ရခိုင်လုံချည်များလည်း အပြိုင်အဆိုင်ပေါ်လာခဲ့ပါသည်။ အများအားဖြင့် စပ်ယဘီကို ဘန်ကောက်အစလေးများနှင့် အရောင်အသွေးလိုက်အောင် ရွေးပြီး ချုပ်လေ့ရှိရာ မတ်တပ်စင်းဖြစ်၍ ဘစ်မျိုးယဉ်ပါသည်။ ထီးလင်း၊ ယော၊ ဂန့်ဂေါ၊ ပခုက္ကူမှ ယောလုံချည်များလည်း ခေတ်စားသည်။ ရခိုင်လုံချည်မှာ ဆေးခိုင် အသားကောင်းသည့်အတွက် ထင်ရှားလေသည်။ ထို့ပြင် ဦးဆင်၊ ဒေါ်မြေ့၏ သရက်ထည်၊ ပဋ္ဌာ၊ ဦးဘရှင်၊ ဒေါ်လှမေတို့၏ ရန်ကုန် ပါတိတ်လုံချည်များလည်း ခေတ်စားခဲ့လေသည်။ ယဘီအနားတွင် ကတ္တီပါအနက်များဖြင့် အနားလုံး၍ဝတ်သော ဖက်ရှင်ကလည်း တစ်မျိုး၊ ကတ္တီပါ နက်နှင့် အနား မယုံး လျှပ်မဝတ်ကောင်းသည့်နှယ် ထုံးစံကြီးတစ်ခု ဖြစ်ခဲ့ပါသည်။ ကတ္တီပါအစနှင့် ထဘီကို အနားလုံးသော ခေတ်ဟူ၍ ရှိခဲ့ပါသည်။

အခြား ဖဲကြီးပြောင်၊ ရှန်ဟဲဖဲပွင့်ကြီး၊ ဇူရတ်မှ ပေ သောဇူရတီ၊ ချစ်တီးလုံချည်၊ ဇင်းမယ်၊ ဘန်ကောက်၊ မြန်မာသွန့်၊ ရှန်ဟဲသွန့်၊ မြကိုးနွယ်၊ စိန်ကြိုးနွယ်၊ ကောင်းဟင်စကာ၊ အင်းလုံချည်၊ စီးလုံချည်၊ ဟင်းတပ် လုံချည်၊ ဆိတ်ခွံလုံချည် နှင့် ပိုးတွန့်၊ ဆတ်တွန့်၊ ဇာလုံချည်၊ နှစ်ထပ်လုံချည်၊ ဂျော်ဂျက်၊ ဘမိုကိတ်၊ ပါတိတ်၊ ဆာရီလုံချည်၊ ကိမိုနိုလုံချည်များ စသည်ဖြင့် ဆန်းပြားခမ်းနားအောင် ဝတ်ဆင်လာခဲ့ကြပါသည်။ ပိုးတွန့်လုံချည်များကိုလည်း ရောင်စုံ ပန်းထိုးခြင်း၊ ဆီဆေးရေးခြင်းများအပြင် ရွှေမင်ရေး ဆီဆေးလုံချည်နှင့် ပဝါကိုဆင်တူဝတ်ဆင်ကြသည်။

ခြောင်လုံချည်ပေါ်တွင် ပိုးကြိုးများဖြင့် အနားပန်းထိုးကြသည်။ ပုတီးစေ့နှင့် သွယ်မျောင်းကလေးများခတ်ပြီး ပန်းအနားဖော်ကြသည်။ ကြယ်စီသည့်သဘောနှင့် ကြယ်အစား ဆီးကွင်းများ အပြားလိုက်မဟုတ်ဘဲ ခပ်ထောင်ထောင်လေး ကြွနေအောင် ထိုး၍ဝတ်ကြသည်။ ခေါင်းမှာတပ်သော တစ်ထွာသာသာ ဖဲပြား ပန်းပွင့်ရိုက်ရောင်စုံအစလေးများကို ပဲခြောင်လုံချည်အနားတွင် တပ်ပြီး အဆန်းထွင်ကြသည်။တွဲလောင်းချထားသော ပလုတ်တုတ်ကလေးများကို ထဘီအနားမှာကပ်၍ ထဘီအနားကို ကြာယပ်ညှပ်သူက ညှပ်ကြသည်။ လမ်းလျှောက်လျှင် ယောက်ယက်ခတ်ဘန်အောင် လှုပ်နေကြသည်။ ယင်းသည့် ဖက်ရှင်ကလည်း တစ်မျိုး၊ ပြုံးစလွယ် ဝယ်ဝတ်ကြသောခေတ်ထက် ရှေးအမျိုးသမီးများက လက်မှုပညာဉာဏ်ရည်သာသည်ဟုဆိုလျှင်လည်း မှားမည်မဟုတ်ပေ။ ရေသူမအမြီးနှင့်တူသော အတွန့်တွန့်အထပ်ထပ်ချုပ်ထားသည့်အနားကို ဒူးအောက်မှ ခြေဖျားအထိ ရှည်အောင်တပ်ဆင်ကြသည်။ ပြင်သစ်မှလာသော ဆီးကွင်းထိုးထားသည့် ဇာပေါ်မှလိပ်ပြာရုပ်များကိုလည်း ထဘီအနားတွင်တပ်ဆင်၍ ဝတ်ကြပြန်သည်။ စတိုးဆိုင်ကြီးများကလည်း အဆန်းထွင်၍ ရောင်းချလေ့ရှိပါသည်။ မျိုးချစ်စိတ်ကိုအမှီပြု၍ ကိုလိုနီခေတ်က ပင်နီချောနှင့် ယောထဘီများ ဝတ်ကြသည်။ ပင်နီရောင်ဂုံ အကွက်ဆန်းများလည်း ရက်လုပ်ကြသည်။ စစ်ပြီးခေတ်တွင် ထဘီတိုတိုကိုခြေသလုံးလည်း ပေါ်အောင် ဝတ်ဆင်စ ပြုလာကြသည်။

**ပါတိတ်ထည်များ။** ။"**ဗမာပျင် ရှေးဆန်လှတာနှင့်မာလကျင် ချွေးခံဟွင်ပြင်၊ မွှေးရန်က ပဲန့်သာ တစလယ်**" ဆိုသည့်အတိုင်း ခေတ်ဆန်သူများ၏ အဆင်အယင်ကိုပါ သိရပါသည်။ **"ရာချိတ်" ဟာ သူထက်မကျောပါဘု၊ပါတိတ်မှာနုလျက်ချောသာပ၊ ရှုမက်မောဘွယ် တော်ရာဆင်ရအောင် လျှော်စွာပင် ကျဉ်းမည် မဟုတ်ပါဘူး၊ ဂေါ်ရာဖျင်အင်္ကျီချုပ်တာ လေးမနုပ်လွယ်ပေါင်နော်ကွယ် ချွေးစုပ်သပွယ်"** ဟု ဆိုပါသေးသည်။

**အထက်ဆင့်။** ။ထဘီဝတ်သည့်အခါ ခိုင်ခန့်စေရန် ထဘီအထက်၌ အထက်ဆင့်စ တစ်ထွာကျော်ကျော်ကို ဆက်ရသည်။အရောင်မှာ ကြွက်သွေးနှင့်အနက်ရောင်ဖြစ်သည်။ အထက်ဆင့်ကို ရှည်ရှည်ထား၍ ဝတ်သည်ကို အထက်ဆင့်ဖင်ချဟုခေါ်ကြသည်။ထိုဝတ်ဆင်ပုံကို ခေတ်ဟောင်း ရုပ်ရှင်များ၌ ပြန်၍မြင်တွေ့နိုင်ပါသည်။ ရှေးက ထဘီနံကဲ့များတွင် အထက်ဆင့် တစ်တောင့်ထွာထား၍ ဝတ်ဆင်ခဲ့ကြသည်။ အနားကလည်း တစ်တောင်ရှိသည်။ အလယ်ကိုယ်ထည်မှာ နှစ်တောင်မျှရှိလေသည်။

**ဘီအေနား။** ။ထဘီအနားကိုလည်း အင်္ဂလိပ်မ ဂါဝန်များကဲ့သို့ ဒူးအောက်ကစပြီး ကားနေအောင် တွန့်ထားကြသည်။ အရောင်တစ်မျိုးပေါ်တွင် အခြားအရောင်ဖြင့် သုံးထောင့်ချွန်း ညှပ်၍ကပ်သော ဘီအေနား ထဘီများ ခေတ်စားလာသည်။ ဘိုင်စကုပ်များကလည်း ဘီအေမများအမည်နှင့် ဇာတ်ကားရိုက်ကြသည်။ အလွန်ခေတ်ဆန်သူများက ရှူးဘိနပ်များစီးကြသည်။ ယခုခေတ်ကဲ့သို့ လက်သည်း၊ ခြေသည်းအရှည်ထားပြီး ဆေးလည်းဆိုးကြပါသည်။

## (၃) အင်္ကျီပိတ်

ရှေးက ပိတ်အုပ်အမည်များမှာ မမှတ်မိနိုင်လောက်အောင်များပြားခဲ့ပါသည်။သို့ရာတွင်မာလကျင်၊ လှသိင်္ဂီ၊ ဂျွန်းငါးကောင်၊ ခြောက်ကောင်ပိတ်နှင့် ဂျပန်ငါးထောင့်ငါးရာပိုး၊ ပိုးဖျင်၊ ပေါ်ပလင်၊ တာဖက်တာ၊ အယ်လပတ်ကား၊ ကျားပိတ်၊ ဘူးသီးပိတ်ချော၊ အော်ဂန်ဒီ၊ ဝိုင်ရှန်သား၊ ပိုးတွန့်၊ ဂျော်ဂျက်၊ ပဒုမ္မာကအစ ယခုခေတ် နိုင်လွန်၊ နီနွန်၊ တက်ထရွန်၊ တက်ထရက်၊ လေယာဉ်မောင်၊ အိရှန်၊ အိတုန်၊ ရေခဲရှန်၊ ပုလဲရှန် အထိ ဆန် ပြားလာခဲ့ပါသည်။

ရှေးက ဟာရှင် ကာစင် ပတေးကုမ္ပဏီမှ အင်္ဂလန်လုပ် ရွှေလက်ဝါး၊ ရွှေခြေထောက်၊ ခရုလက်နှိုက်၊ ကျားကြီး၊ ကျားလက်ဝါးအုပ်၊ ဆိုင်းဝိုင်း၊ အမ်အော၊ ဘီအော၊ ချစ်စနိုး၊ မယ်ညို၊ ရစ်နှစ်ကောင်၊ ရွှေတစ်ဆုပ်၊ ငွေတစ်ဆုပ်၊ ဘုရင်မ စသည့် ပဒုမ္မာအုပ်များမှာ ညက်ညော ခိုင်ခံ့၍ အမျိုးသမီးများ လက်မလွှတ်နိုင်သော ပစ္စည်းများဖြစ်ခဲ့ပါသည်။ တစ်အုပ်လျှင် ၁၀ ကိုက်ပါ၍ အင်္ကျီ ၁၁ ထည်ရပါသည်။ ရွှေတစ်ဆုပ် ဆိုသည့်အတိုင်း ပါးလွန်း၍ အင်္ကျီအထည်မှာ လက်ထဲတွင် တစ်ဆုပ်သာ ရှိပါသည်။ စစ်ပြီးစ၌ လေထီးစများကိုလည်း ဝတ်ကြပါသည်။

### ပွဲထိုင်အရောင်

အမျိုးသမီးများသည် ပွဲနေပွဲထိုင်များ၌ ပန်းနုရောင်နှင့် အဝါကို အများဆုံးဝတ်ဆင်လေ့ရှိသည်။အရောင်ရင့်များကို နောင်မှသာ ဝတ်လာကြသည်။

## (၄) အင်္ကျီပုံစံများ

ရင်ဖုံးလက်ရှည်၊ လက်ပွ၊ ရင်စေ့လက်ရှည်၊ လက်ဖျားပွ၊ ကြာယပ်အနားပန်းထိုးအင်္ကျီ၊ တက်တင်းဇာ၊ ဆံညှပ်ဇာများတပ်ကြခြင်း၊ အင်္ကျီပါး၏လယ်ခွံနှင့် ခါး၊ လက်အနားပတ်အောက်၌ ဇာခံ၍ချုပ်ကြခြင်း၊ ကြယ်သီးငါးလုံးမှ ခုနစ်လုံးတပ်ကြခြင်း၊ ကော်လာ လည်ပင်းထောင်ကို ဝတ်ကြခြင်း၊ တရုတ်ဆန်ဆန် ပန်းကြယ်သီး တပ်ကြခြင်းများအပြင် အင်္ကျီ လက်စက၊ လက်ပြတ်များလည်း ခေတ်စားလာသည်။ဆံပင်ကိုအတိုဖြတ်၍ ကျောပေါ်၌ ဖြန့်ချထားခြင်း၊ ဆံပင်အတိုကောက်ခြင်းများလည်း ခေတ်စားလာလေသည်။ အင်္ကျီပါးအောက်မှ ဇာဘော်လီ အနက်ကိုလည်း ဝတ်ကြသေးသည်။ လုံချည်အရောင်နှင့် လိုက်သော ဘော်လီများကို ဝတ်ကာ အပေါ်မှ မှန်နိုင်လွန်၊ ဇာအင်္ကျီများ ဝတ်ကြသည်။

ဘလောက် (စ) အင်္ကျီ၊ ပခုံးဖောင်းအင်္ကျီ များလည်း ဝတ်လာကြသည်။ နေရောင်ကာမျက်မှန်များနှင့်ပလတ်စတစ်၊ ဖန်ကျောက်၊ ပုလဲတုနားကပ်အကြီး များကိုသည်း ဝတ်လာကြသည်။ ရုပ်ရှင် မင်းသမီးများ အနေနှင့်လည်း အင်္ကျီလက်ပွ၊ ရင်စေ့ကြာယပ်ညှပ်ထားခြင်း၊ အထက်ဆင့်ဖင်ချနှင့် ဖဲပွင့်တပ်သော ကျစ်ဆံမြီး၊ ဆံထုံးတွင် အမြိတ်တိုရှည်ချခြင်း၊ ပုသိမ်သီး၊ ပိုး၊ ဖဲထီးဆောင်းခြင်း စသောဟန်မျိုးကို ရုပ်ရှင်များ၌ ပြန်လည်မြင်ရပေသည်။

**ဘလေဇာကုတ်အင်္ကျီ။** ။ထို့ ပြင် ဘ လေ ဇာ ကုတ် အင်္ကျီ ဝတ်သူများကိုလည်း ရှုတ်ချဝေဖန်ကြရာ စာပေလောက၌ အထောက်အထားများ ရှိခဲ့ပါသည်။

**"ဘလေဇာအပိုကုတ်နှင့် အပျိုလုပ်ချင်တာ၊ နဂိုရုပ်ချဉ်စရာ၊ ပြင်ဆင်ကာမတတ်၊ ခုံးမျက်စတမေပြင်လျှင်၊ တစ္ဆေပင်ပြေးရမတတ်၊ နားမတဲ့၊ ပါးရွှဲရှာသည်၊ ပါးပဲ့တာတစ်ရပ်၊ ခါးနဲ့ကာ ဖင်ကပ်လို့၊ ရင်ဘတ်ကမောက်ပေ၊ ရွှေနှုတ်တော် ထုတ်ဖော်ပြရရင် ပုပ်စော်ကဆိုးလိုက်လှလေ၊ မျက်လုံးက မှေးစွေသည်၊ မွေးအမေခေါ်လောက်ကဲ့၊ မော်မောက်တဲ့ နဖူးတော်၊ သုံးတောင်ကကျော်၊ချုန်းချလို့ စုန်းမအော်သည်၊ ရှုံးရတော်မူလောက်ကဲ့လေး"**ဟူ၍ ဖြစ်ပါသည်။ အလွန်အမင်း ခေတ်ဆန်သူများအား သတိပေးထားခြင်း ဖြစ်ပါသည်။

**ဇာဘော်လီ။** ။ရှေးက ကိုယ်ကျပ်နှင့် ရှင်မီးများဝတ်ကြသော်လည်း ဘော်လီလောက် လူကြိုက်မများခဲ့ပေ။ ဇာဘော်လီလယ်ဟိုက်များ ပေါ်ကာစတွင်မူ အကြီးအကျယ် ပြဿနာပေါ်ခဲ့လေသည်။ လယ်ဟိုက်ဇာဘော်လီဟု ဆိုသော်လည်း နောက်ကျောကလုံခြုံ၍ တော်ပါသေး၏။ တဖြည်းဖြည်းနှင့်ကျောနိမ့်ရှေ့နိမ့် ပလိုင်းပေါက်နှင့် လယ်ဝိုင်းဇာဘော်လီပုံများ ခေတ်စားလာပြန်ပြီးနောက် ကြိုးသေးသေးနှင့် ဘေးခွဲ၊ ရှေ့ခွဲ၊ နောက်ခွဲဘော်လီများ ပေါ်လာပြန်သည်။ ထိုအချိန်က ဇာကိုအသားပေးပြီး တရင်းတနှီး ပေး၍ ဝယ်ကြသည်။ ရင်အလှဖော်ပေးသော ပုံစံမျိုးလည်း တီထွင်စပြုလာသည်။ ယခုဆိုလျှင် ဘော်လီအရှည်ဝတ်သူ နည်းပါး၍ ခါးတိုတိုနှင့် ပုံသွင်းသော ဘရာစီယာအတိုများ ခေတ်စားလာခဲ့ရာ ဗိုက်သားလွတ် ဖက်ရှင်များမှာ ဝေဖန်ခြင်း အခံရဆုံး ဖြစ်လေသည်။ နောက်ခွဲ ဘော်လီကိုမူ လူသေမှ ဝတ်သည်ဟု တားမြစ်ခဲ့ကြသေးသည်။

ဒေါ်အုန်းစိန်၊ မြင့်သက်ထား၊ ဒေါ်နှင်းမြနှင့်လှထိပ်တင်၊ ပျိုထိပ်တင်၊ ဘွန်တွန်၊ သမီးတော်၊ အချစ်တော်

ပျိုသက်လယ်၊ ချစ်သက်ဝေ၊ ခင်တီတီတို့မှာ နာမည်ကြီး ဘော်လီများဖြစ်၍ ခေတ်အဆန်ဆုံးမှာ ဒန်ဆာဘာရာစီယာများဖြစ်လေသည်။ မရှိလျှင်မဖြစ်သော ဘော်လီများ တိုးတက်လာစေရန် ပြိုင်ပွဲများကျင်းပ၍ပင် ပေးခဲ့ပေသည်။ ရှေးက ရင်စည်းရင်သိမ်းဘဝမှ တဖြည်းဖြည်း ခါးလွတ် ဗိုက်သားပေါ် ဘာရာစီယာများအဖြစ် ပြောင်းလဲလာခဲ့ပုံနှင့် ပိတ်ကြိုးအစား ဘော်လီရွှေကြိုးကြီးများကို တပ်ဆင်ကြပုံမှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

**"အသာတကြည့် တောင်းပန်လိုသော စိတ်နှင့် ဇာဘော်လိလယ်ဟိုက်ကို ပယ်လိုက်ပါခင်"** ဟူသော တေးမျိုးလည်း ခေတ်စားလာခဲ့ပါသည်။ တားမြစ်မရတော့သည့်အဆုံးတွင် ကာတွန်းရေး၍ တေးနှင့်နှက်သည်ကတစ်မျိုး။

**"သတင်းဟိတ်ကြွတာမို့၊ အင်္ဂလိပ်မလို စထိုင်ဘမျိုးရယ်နှင့်၊ အပြိုင်ထိုးကာ၊ ဇာရုံပြတင်းတွေနှင့်၊ ဗလာအမှန် ကျင်းသလို ထင်စွာပေါ်၍၊ အမြင်ဟာမတော်အောင်၊ တကယ်အိုက်တယ်လို့၊ လယ်ဟိုက်ကာ ကြိုးနှစ်သွယ်ချိတ်တဲ့ပြင်"** စသည်ဖြင့် နောက်နောင် ဝတ်လာကြမည့် ဘော်လီမျိုးကို မြင်ဝံ့မည်မဟုတ်ကြောင်း ကဗျာများဖြင့် ဖော်ပြခဲ့ကြလေသည်။

**"ကညာမော်မဒီ အေးရန်တန္ထုန်းပေထင်၊ ဇာဘော်လီ ချွေးခံသုံးကြတော့၊ ရှေးစံထုံးတွေနှင့် ပါစင်ကွာ"** ဟုလည်း ဖွဲ့ခဲ့ကြပါသည်။

**အင်္ကျီပါးတိုက်ပွဲသီချင်းများ။** ။ဇာဘော်လီနှင့်အင်္ကျီပါးကို ငွေကုန်ကြေးကျခံ၍ ဝတ်ဆင်ရသည်မှာ တန်ဖိုးမနည်းလှပါ။ ဇာဘော်လီအလှကို ပေါ်စေရန် မှန်နိုင်လွန်အပါးများကို အင်္ကျီချုပ်ဝတ်သည့်အခါ ဖန်ပေါင်းချောင်တမျှ အကျည်းတန်လေသည်။ မှန်နိုင်လွန်မှာ အလွန်ပူ၍ ချွေးမစုတ်၊ လေမဝင်နိုင်သဖြင့် ရောဂါရနိုင်သည်ဟု ဆိုစေကာမူ သတ္တိကောင်းသူ အမျိုးသမီးများက မမှုကြပါ။ ရွှေကြိုးနှင့် ချိတ်ဆွဲ ဝတ်ကြသည်။ ဘော်လီ ရွှေကြိုးကြီးများ တဝင်းဝင်းနှင့် မှန်နိုင်လွန်အောက်က ညိုစိမ့်စိမ့် ကျောပြင်ကြီးများကို ဗန်းပြကြသောခေတ် ဖြစ်သည်။ ကြက်သွန်ခွံအင်္ကျီတို့ကို "ကိုကိုမကြည့်ဝံ့" စသည်ဖြင့် နာမည်ပေးသူကပေး၊ ဆုံးမ၍မရသည့်အဆုံး၌ ကပ်ကျေးဖြင့် လိုက်၍ညှပ်ခြင်း၊ ကြိမ်လုံးဖြင့် ရိုက်ခြင်းစသော အင်္ကျီပါးတိုက်ပွဲများ ရှိခဲ့ကြပါသည်။ ဘုန်းကြီး ရဟန်းများပင် မနေသာတော့ဘဲ အင်္ကျီပါးအရေးတော်ပုံ၌ ဝင်၍နွှဲခဲ့ရသည်။

**အင်္ကျီပါး ဆုံးမသော တေးထပ်။** ။ဆရာမ မခင်ထွေး ဆိုသူက သတင်းစာမှနေ၍ ကျောင်းသူများကို ဆုံးမသော တေးထပ်တစ်ပုဒ်မှာ—

**"ငယ်ရွယ်သူတပည့်မတို့၊ သတိရစေရာ၊ အဓိက စေတနာမှာ၊ မေကညာခင်ထွေး၊ ဆရာမလွန်ကြင်နာသည်၊ သွန်သင်တာမှတ်တော့မနေး၊ ကာလဖြင့် ပျက်ချင်ပြီ၊ ဖက်ရှင်တွေရှုပ်ထွေး၊ အရှက်တွင် အဟုတ်ဝေးပါပေါ့။ လှုပ်လှုပ်ကလေးတုံတုံ၊ ဖန်ပေါင်းချောင်ရေအတွင်းမှာတော့၊ ရွှေငါးကြင်းလွတ်သည့်သို့ပုံ၊ အင်္ကျီက အပါးစုံသည်၊ အသားပုံဝါဝင်းလို့၊ ကျပ်တင်းတင်းတရားကွာ၊ ခါးကတစ်ထွာ၊ မောင်အဖအားနာလျှင်မှားတာတွေ ပြင်ကြစို့လေ"** ဟူ၍ ဖြစ်သည်။

သို့နှင့်လည်း အင်္ကျီပါး စစ်ပွဲမှာ အရှိန်လျှော့မသွားပါ။ ထို့အတွက် ဆရာမတစ်ဦးက ထပ်မံသတိပေးရပြန်သည်။

**"ရှက်ကြောက်ဖွယ် တရားမကပ်ပြီဘို့၊ အပါးဇာတ်တွင်ပုံ၊ အသားမြတ်ဘဝင်တုန်အောင်၊ ရင်အုံကိုဖော်ပြ၊ ဝါဝါဝင်း ဖုဖုမြင်လျှင်၊ ပုထုဇဉ်ရူးလောက်အောင်ပါ၊ ပါးကျပ်ကျပ် ခါးတွင်ဆင်သည်၊ အပျိုစင်ဘဝ၊ ကိုယ်ထင်တာ ဗလာပြရင်ဖြင့်၊ ဗမာမ မတန်၊ ယောကျ်ားတွေ ကြိတ်မခံနိုင်ဘူ၊ ညိတ်ခနဲ ဖြစ်ရအမှန်၊ ဥရောပအေစီဥာဏ်လို၊ လေဒီဟန်နမူပြု၍၊ ယူအတု ရိုင်းမိုက်ချက်တွင် မှိုင်းတိုက်ဖက်ရှင်၊ အမျိုးကောင်း ဗမာမှန်လျှင်၊ မကြာအမြန် ရှောင်ကြတော့လေး"** ဟူ၍ ဖြစ်ပါသည်။

အင်္ကျီပါးမဝတ်ရန် နိုင်ငံခြားသည်သပိတ်မှောက်ရန် ဆရာတော် ဦးဥတ္တမကအစ ရဟန်း ရှင်လူအများပါ ပြင်းပြင်းထန်ထန် တားမြစ်ရလေသည်။ မြန်မာမှုကို ထိန်းသိမ်းကြရန် လူရှင်တော် အငြိမ့်ဆရာကြီး ဦးချစ်ဖွယ်က ဇနီး ဒေါ်စိန်သုံအတွက် ရေးစပ်သော အင်္ကျီပါး သီချင်းမှာလွန်စွာ အောင်မြင်ခဲ့ပေသည်။

## အင်္ကျီပါးသီချင်း

ခြေဆင်း။ ။"မြို့မန္တလာ ကိန်းယူဘို့ စကားဟာမို့၊ ဒို့မြန်မာမိန်းမ ပလိတွေကများပါဘိ၊ အင်္ကျီပါးရယ်နှင့် မျက်နှာထားချို၊ ဗလာကျင်းတော့မလိုပါ့၊ လာရင်းနော်အပူပို၍ လူပျိုကို မြှူချိုအုံးတော့မလား၊ အကူဆိုရင် ပူလို့ပုန်းမှာကြောင့်၊ မမြင်သာရင်မှာဖုံးတယ် ပြုံးတော့မလိုလို"

"ငယ်ရွယ်သူ နားမလည်သေးသော်ကြောင့်၊ အနွယ်ကူ ကရားအညီနှင့် ပြပေးရအောင်ပ၊ အများ

သိဘို့ရေးပါတဲ့ သီချင်းတဘောင်ကို၊ အလင်းရောင်ဖြူမှုစိုရ်ရယ်နှင့် မောင်ချစ်ဖွယ်ရဲ့ ကမ္ဘဝါစာတမ်း၊ မြို့နဂရာအတွင်းဝယ်၊ ဒို့မြန်မာအသင်းရယ်၊ အချိုကြင်းပယ်၊ ကိုယ့်ဘာသာချင်းမို့ လင်းရပါတော့တယ်၊ အရှက်အကြောက်ကုန်ပြီ ကြုံလို့ကိန်းဝယ်၊ ခါးမှာလျှော်သရက်ထည်၊ ကြက်သွန်ခွံစိုးထင့်ကွယ်၊ အိုက်လို့ အပါးဆုံးကို၊ အားလုံးစုံမက်တယ်၊ ခေတ်အလိုက်နှစ်ခြိုက်၊ အစစ်မို့ ဂွကျလှပါတယ်"

"အထည်အင်္ကျီပါးနှင့်ကာလသားအတော်ဆွယ်၊ ငါ့သမီး ငါ့သား ငါ့မယားဘိုဝယ်၊ မန္တလေးမြို့ ချစ်ဖွယ်၊ ချစ်ဖွယ်၊ မစိန်သုံ ဂုန်အိတ်ချုပ်ပေးမယ်"

"မယ်သုံရယ်၊ အထည်စုံဝယ်ခဲ့မယ်၊ ခင်သုံရယ် အဆင်စုံ ဝယ်ခဲ့မယ်၊ သားကယ်၊ သမီးကယ်၊ အင်္ကျီပါးဝတ်ရင်ကွယ်၊ အများကြည့်တော့ မှားမိမှာမို့ပယ်၊ ဘာရော ညာရော ဟပါရောမမြင်စံ့တယ်၊ မသုံးတယ်၊ အလုံးပယ်၊ ပိုးဖြူရင်ဖုံး ဆင်အုံးကွယ်"

"လွန်းလက်ချိတ် စက်မမီ၊ မြန်မာပြည်ထွက်အထည်၊ ထီးသုံးတဲ့အထည်၊ နန်းသုံးတဲ့အထည်၊ ရှေးကမှုဟောင်း၊ ကောင်းရန်သွယ်၊ အင်္ကျီရင်ဖုံးဆင်အုံးကွယ်"

## အင်္ကျီပါး ပတ်စာပိုး

"ဗုဒ္ဓဘာသာမြန်မာအမျိုးတွေက အင်္ဂလိပ်အတုခိုးပါလို့ တမျိုးပါစတိုင်ဆွယ်၊ အင်္ကျီအပါးနှင့် မယားသုံရယ်၊ လူမြင်အထူ တမင်သုံးမှာကြောင့်၊ အမြင်မတော် တမင်ချော်လို့ ကုန်းရင်ဖြင့် နှလုံးမချိဘူးငါရယ်၊ မြန်မာလိုတခြားပ၊ ကုလားလိုတသွယ်၊ မယ်သုံဘယ်ပုံနှင့် ချဲ့သော်လဲ မောင်ချစ်ဖွယ်က မခွဲပါဘူ၊ အမြဲအစွဲ ပေါင်းတော်မူစိုက်ကွယ် မစိန်သုံလုံလုံဝတ်တော်မူပါကွယ်"

ဟူ၍ ရေးသားသီဆိုခဲ့ရသည်အထိအမျိုးသမီးများ၏ အင်္ကျီပါမှာ တိုင်းသိ ပြည်သိဖြစ်ခဲ့ပါသည်။ နိုင်ငံခြားပစ္စည်းကို မက်မောရာမှ အမျိုးသားယဉ်ကျေးမှုကိုပါမစောင့်ထိန်းနိုင်တော့ဘဲ နိုင်ငံခြားကို အားကိုးအထင်ကြီးသောစိတ်များ ပပျောက်စေရန် ပြင်းပြင်း ထန်ထန် တိုက်ပွဲဝင်ခဲ့ခြင်း ဖြစ်ပါသည်။

## (၅) ပန်ဆင်သည့်ပန်း

ဆံထုံးတွင် ကျောက်ဘီးနှင့် ကျောက်ပန်းခိုင်အပြင် မြန်မာအဆွေကုမ္ပဏီ၊မေသက်ဘရားသားမှ လုပ်သော သိပ္ပံဆံမြိတ်အပြင် ဘီးပန်းနှင့် ဘေးချဆံမြိတ်ပန်းများ၊ ပန်းကုံးများလည်း အလွန်ခေတ်စားခဲ့သည်။ ပဝါကို လုံချည်နှင့်လိုက်အောင် အော်ဒါပေး၍ ဆင်မြန်းကြသည်။ ဖဲကတ္တီပါ၊ ပြင် အော်ဂန်ဒီနှင့် ဖော့ပန်းများလည်း လူကြိုက်များခဲ့သည်။ ဖော့ပန်း သဇင်ခက်ကလေးများမှာ မန္တလေးတွင်အလွန်ကျော်ကြား၍ဖော့သဇင်လုပ်ရာတွင် "ပန်းသာထိပ်ခေါင်တင်" နှင့်"ကျောက်ပတောင်းသခင်မ" တို့မှာ လက်ရာပြောင်မြောက်ကြသည်ဟု အဆိုရှိပါသည်။ ဖော့ပန်းလုပ်ရာ၌ ကောင်းစွာကျွမ်းကျင်သည်ဟု ဆိုပါသည်။

ရှေးက မေသက်ဘရားသားသည် ဆင်းသိင်္ဂီပေါင်ဒါနှင့် မှိုင်းဝေဝေသနပ်ခါးခဲ၊ ပေါင်ဒါများ၊ ပုလဲသဇင်ပန်းများအတွက် နာမည်ကြီးခဲ့ပါသည်။ ရှေးက သဇင်ပန်း ပန်ပုံမှာ အနုပညာအလွန်ဆန်ပါသည်။ သဇင်ကိုဆံထုံးတွင် တစ်ခက်စီခက်သွယ်၍ ပန်းကုံးအဖြစ် ဆံထုံးအပြည့် ပန်လေ့ရှိသည်။ ဘေးတွင် သဇင်ခက်ကလေးများပန်သည့်အခါ ရိုးရိုးမပန်ဘဲ အဖျား၌ ဂမုန်းအင်တစ်ပွင့်စီကို သီ၍ ထားတတ်ပါသည်။ ပန်းဆံထုံးများခေတ်စား၍လည်း ဇွန်ဆံထုံး၊စံပယ်ဆံထုံး၊ သဇင်ဆံထုံးစသဖြင့် ခေါင်းတစ်လုံး၌ ပန်းတစ်မျိုးတည်း ပန်တတ်ကြသည်။ ပန်းသုံးလေးမျိုးကို တစ်ချိန်တည်းပန်သူအလွန်ရှားပါး၏။ ဤမျှ စည်းကမ်းရှိကြပေသည်။

## (၆) ထီး

မြန်မာအမျိုးသမီးများ၏ ထီးဆောင်းသော အလှတွင် ဆေးပေါ့လိပ်ကြီးများ လက်ကြားညှပ်၍လည်း ဓာတ်ပုံ၌ တွေ့ရသည်။ ပထမ အိမ်တော်ရာထီးအရှိုးရှည်များမှတစ်ဆင့် ပိုးထီး၊ ဖဲထီးကုပ်ကုပ်ကလေးများတွင် ဆင်စွယ်ရိုး၊ ငွေစွယ်ရိုးတပ်၍ အလှ ဆောင်းကြသည်။ အိမ်တော်ရာထီးများမှာ ဆီစိမ်ထားသဖြင့် မိုးရေခံသည်။ နောက်တစ်ဖန် ပုသိမ်ထီးနှင့် ဖဲထီးအနက်ပေါ်တွင် ပန်းအနားများဖြင့် ခေတ်စားလာပြန်သည်။ ပုသိမ်ထီးပေါ်တွင် ရှုမျှော်ခင်း ပန်းချီများဖြင့်လည်း အဆင့်အတန်းမြင့်မားလာခဲ့လေသည်။ ထီ ရိုး၊ငွေကွပ်နှင့် သံဖြူထီးအိမ်ကလေးများပါ အဆင်သင့်လုပ်၍ရောင်းကြသည်။ ရှုမျှော်ခင်းပန်းချီလက်ရာများပါသော ပိတ်စ၊ ပိုး၊ ဖဲနှင့် နိုင်လွန်ထီးများကို ကမ္ဘာကပင် လိုလိုချင်ချင်ရှိလာကြသည်။ တရုတ်ပြည်မှလာသော ဝါးထီးလေးများမှာ ပိတ်ထားသည့်အခါ ဝါးလုံးသာ ဖြစ်ပြီး ဖွင့်ခါမှ ရောင်စုံပန်းချီခြယ်ထားသည်ကို နှစ်ခြိုက်စွာသုံးခဲ့ကြပါသည်။

## (၇) ဖိနပ်

ရှေးက နန်းတွင်းသူများသာ ကတ္တီပါဖိနပ်ကို သုံးခွင့်ရသော်လည်း ကိုလိုနီခေတ်၌ကား ကန့်သတ်ချက်မရှိတော့ပေ။ ကတ္တီပါပုံတော်၊ ပိန်းတန်းဖိနပ်ကို အယဉ်အကျေးအတွက် ဝတ်ကြသည်။ ရောင်စုံကတ္တီပါဖိနပ်ပေါ်တွင် ဆီဆေးရေးခြင်း၊ ကြယ်စီပုတီးစေ့စီခြင်း၊ ငွေချည် ရွှေချည်ထိုးခြင်းများလည်း ရှိသည်။ ယခုအခါ ကတ္တီပါပုံတော်ဖိနပ်များကို ချုပ်တတ်သူပင် ရှားခဲ့ပေပြီ။ အမရပူရ၌ ပိန်းတန်းဘူတာဟုရှိရာ ထိုအရပ်မှ ထွက်သော ဖိနပ်ဖြစ်၍ ပိန်းတန်းဖိနပ်ဟု တွင်လေသလား အတိအကျမသိရပါ၊ ပိန်းတန်းဖိနပ်မှာ အလွန်ကျက်သရေရှိသည်။ မြန်မာ့မူပိုင် ပုံဖြစ်ပါသည်။

**မော်လမြိုင် ရွှေထိုးဖိနပ်။** ။၎င်းဖိနပ်ကို ပသျှူးပုံစံဟု ခေါ်ထိုက်သည်။ ခြေဖမိုးကို ကတ္တီပါအုပ်၍ အရှေ့၌ အတွန့်ကလေးများ၊ သားရေကွပ်ခြင်းများဖြင့် အမျိုးသမီး၊ အမျိုးသားဖိနပ်ပုံကို ခြားနားသိရသည်။ အမျိုးသမီးရွှေထိုးပုံမှာ ဦးချွန်၏။ ကတ္တီပါပေါ်တွင် ပုတီးစေ့စီခြင်း၊ ဆီဆေးရေးခြင်းများနှင့် အလှမွမ်းမံကြသည်။ ယောကျ်ားစီး မော်လမြိုင်ရွှေထိုးကို အချို့က ကျားပါးစပ်ဖိနပ်ဟုလည်း ခေါ်ကြသည်။

**ကွင်းထိုး။** ။ခြေညှပ်ဟုတ်ဘဲ ခုံဖိနပ်၊ သားရေဖိနပ်နှင့် ကတ္တီပါကွင်းထိုးစွပ်ရသော ဖိနပ်များလည်း ရှိခဲ့သည်။

**ဒေါက်မြင့် ခွာမြင့်။** ။ခေတ်ဆန်သူများမှာ ဒေါက်မြင့်ခွာမြင့်ဖိနပ်များ စီးကြသည်။ အထက်တန်းလွှာ အမျိုးသမီးများက လေဒီရှူးခေါ် ဒေါက်မြင့်ခွာသေးသေးဖိနပ်များ စီးသည့်အခါ ဝေဖန်ရှုတ်ချခြင်းများ ပြုကြသည်။ သဲကြိုးသေးသေးနှင့် ဖိနပ်အပါးများ၊ အိန္ဒိယပုံစံ ဖိနပ်များ၊ ကွင်းသိုင်းဖိနပ်များလည်း ခေတ်စားခဲ့သည်။ အင်ဒိုနီးရှားနှင့် ဂျပန်ပုံစံ ခုံဖိနပ်၊ ပန်းပုလက်ရာပါသော ခုံမြင့်များကိုလည်း စီးကြသည်။ မြန်မာဖြစ် သစ်သားပန်းပုသရုပ်ဖော် ခုံမြင့်ဖိနပ်များကိုလည်း ဖူဂျီ အလုထုတ်လုပ်ရေးပိုင်ရှင် ဦးဘကလေး (ရွှင်ပြုံးစာစောင်) ပိုင်ရှင်က ထွင်ခဲ့ဖူးပါသည်။

**နောက်ပိတ်လေဒီရှူးဖိနပ်ကိုဝေဖန်သောတေးထပ်**

(ရေးသူ မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ ဦးစိမ်း)

**"ကုမ္ပဏီပျိုတသင်းတို့၊ ဟိုအခင်းမျှော်ကာ၊ လိုရင်းဖြင့်မပေါ်လာ၊ အတော်ကြာသမို့၊ နောက်ပိတ်ရှူးဖိနပ်ဆောင်ကာ၊ မပြတ်အောင် စီးတော့မယ်လို့၊ ဝိုင်အမ်ဘီ၊ ဆုံးဖြတ်အလိုကို ထုံးမှတ်ကာယူဘို့၊ သုံးအပ်ရာမူမချိပါဘု၊ ငါတို့ဖြင့်တကယ်၊ တကိုယ်ကိုတရန်ကျသာပါ့၊ ယမန်ကစုကာပါ့ဝယ်၊ ဝိုင်အမ်ဘီဂျင်နရယ်၊ ရှင်တကယ်ပယ်ရက်ပေ့၊ မလွယ်ချက်နှိုင်းဆမမျှော်၊ တိုင်းကသရော်၊ အတ္တုပ္ပတ္တိ၊ ရှင်းလင်းတော်မူ၊ ဘွင်းဘွင်းခေါ် လူကြားပါ့လေး"**

ဟူ၍ ကန့်ကွက်ခဲ့ဖူးသည်။ သို့ရာတွင် အထက်တန်းစား အချို့ကသာ လေဒီရှူးစီးခြင်း ဖြစ်ပါသည်။ ယခုခေတ်တွင်လည်း လေဒီရှူးခုံမြင့်များ ဝတ်လာပြန်သည်ကို တွေ့ရသည်။

## (၈) ခြုံတဘက်များ

အရွယ်ရလာသော အမျိုးသမီးပိုင်းကမူ ရတနာပုံခေတ်က မြတဘက်ကို ဒေဝီခြုံ ခြုံခြင်း မပြုတော့ဘဲ သိုးမွေးရှောစောင် (Shawl)၊ ရေခဲတဘက်၊ ဝံသာနုတဘက်များကို ခြုံကြသည်။ နှင်းကာ ခြုံထည်များမှာ ယခုခေတ်၌ မတွေ့ရတော့ပေ။ အချို့က အေးတဘက်များကို ခြုံကြသည်။ အာဝါဒေးဟူသော အမျိုးသားနေ့ အထိမ်းအမှတ် အာဝါဒေးတဘက်နှင့် ကြယ်သီးများကို ဆင်ကြသည်။ လေးထောင့်ရှည်သော ဒေါင်းပဝါများကို အချို့သော အမျိုးသမီးများက အသုံးပြုကြသည်။

## (၉) ဆွယ်တာ၊ကုတ်နှင့်မိုးကာ၊မေ့တွက်တာ

၎င်းတို့သည် ခေတ်ဆန်သူများ၏ အဆင်အပြင်မျှသာ ဖြစ်ပါသည်။ ဆွယ်တာ၊ လေဒီကုတ်နှင့် မိုးကာ၊ ဘလေဇာ၊ ကုတ်များအပြင် ကတ္တီပါရင်ဖုံး၊ ရင်စေ့နှင့် မေ့တွက်တာ အင်္ကျီများဝတ်ဆင်ကြသည်။ "တွင်းဆက်" ခေါ် အတွင်းအပြင် ဆင်တူဆွယ်တာများလည်း ဝတ်ကြသည်။ နိုင်ငံခြားသူများနည်းတူ လည်ပင်း၌ ပဝါစည်းသော အလှပြင်နည်းလည်း ပါဝင်သည်။

## (၁၀) လက်ပွေ့အိတ် ဖက်ရှင်

မြန်မာအမျိုးသမီးအများသည် ရှေးခေတ်က ကွမ်းသီးဖက်၊ ပြောင်းဖူးဖက်၊ ဖက်ဖြူဆေးလိပ်များကို လက်ကြားညှပ်၍ အလှပြင်ခဲ့ကြရာမှ လက်ပွေ့အိတ်ကြီးများကို ပခုံးတွင် လွယ်လာကြသည်။ လက်တွင် ကိုင်လာကြသည်။ တစ်ဖန် ကြိုးမပါဘဲ ပွေ့ကြပြန်သည်။ ပိုး၊ ဖဲ၊ ကတ္တီပါ၊ ရွှေ၊ ငွေ၊ ပုလဲစေ့များနှင့် သားရေ ပလတ်စတစ် ပိုက်ဆံအိတ်များ၊ ခြင်းကလေးများကို ကိုယ်တိုင်

ထိုး၍ ကိုင်ကြပြန်သည်။ ရှမ်းလွယ်အိတ်များကို မူကျောင်းသူလေးများက လွယ်ကြသည်။ ပလိုင်းဝုဒ် သုံးထပ်သား ပိုက်ဆံအိတ်များလည်း ခေတ်စားခဲ့ဖူး၏။

## (၁၁) ကြော်ငြာများ

ကိုလိုနီခေတ်တွင် နိုင်ငံခြားဖြစ် အီစတန် (EA-STERN) ရေမွှေးများ သုံးကြ၍ "**သင်းပျံ့ကြည်၊ အီစတန်ဖက်ပါလို့၊ ကတ္တီယံ ထက် မှာ လှ**" ဟူသော ဘောလယ် ပေါ်လာရသည်။ "**အီတာလျံ နှင်းရည်ပွင့်သည့်သို့၊ ဝစီကံသင်းချေလင့်ပါလို့**" ဟူသော လေးဆစ်များ ပေါ်လာရသည်။ မဝယ်ချင် ဝယ်ချင်အောင် တေးသီချင်းများနှင့် ကြော်ငြာထားပုံများကလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

မြမြ၊ ခင်ခင်၊ ရင်ရင်၊ နုနု၊ စုစု၊ သန်းသန်းတို့အတွက် ထွက်လာပါပြီ။ ဒဂုန်ပန်းစာအုပ်ကြီးဟူ၍လည်းကောင်း၊ သိပ္ပံဆံမြိတ်ပန်းနှင့် ဆံစုအတိုအရှည်၊ အဖိုး ၂ ကျပ်၊ ၂ ကျပ် ၈ ပဲ၊ ၃ ကျပ်၊ ၄ ကျပ်ဟူ၍ လည်းကောင်း ရေလျှော်ခံအဖျားကော့၍ ကြွသည်၊ ရှသည်၊ ဖြောင့်စင်း၍ မသွား၊ သိပ္ပံဆံမြိတ်များ စသည်ကတစ်ဖုံ။

"ဝန်ကြီးချုပ်များ သတိပြုဖွယ်" ဟု ခေါင်းစဉ်တပ်ထား၏။ ဆက်ဖတ်လျှင်မူ "ကက်ပီတာ၊ အထက်တန်းစား ပိုးကတ္တီပါရည်နှင့် ကော့စမစ်တစ်ဆံသရည်၊ ဘူးကြီး တစ်ဘူးလျှင် ၉ ပဲ၊ သုံးဘူးမှာလျှင် စရိတ်အငြိမ်းကြံဖန်၍ ပို့နေပါပြီ" ဟု တွေ့ရသည်။

ကာတွန်းပန်းချီ အရုပ်ကားများနှင့်လည်း အလှကုန်များကို ကြော်ငြာလေ့ရှိကြသည်။

ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ပုံများကို အမျိုးသမီးများ သုံးစွဲကြသော အလှကုန်ပစ္စည်းကြော်ငြာများအရ တစ်စိတ်တစ်ဒေသ သိရပါသည်။ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်မြို့သို့ ဂစ်ဖအင်တိတ်ကုမ္ပဏီမှ မက်စဖက်တာ အလှပြုပြင် ပါရဂူများ ရောက်လာပြီး တက္ကသိုလ် မိန်းကလေး ကျောင်းဆောင်များတွင် အနောက်တိုင်း အလှပြင်နည်းများကို လာရောက်လိမ်းခြယ် ပြသရင်း အလှကုန်များကို ကြော်ငြာ၍ ဝါဒဖြန့်ဖြူးခဲ့ဖူးသည်။ ထိုအချိန်က ကြေးငွေတတ်နိုင်သော ကျောင်းသူများမှာ သုံးလေးယောက်စီ ငွေစု၍ အလှပြင်သော ပေါင်ဒါ၊ မိတ်ကပ်၊ မျက်ခုံးမွှေးဆွဲတံ၊ နှုတ်ခမ်းဆိုးဆေးများကို ဝယ်ယူ အလှပြင်ကြလေသည်။ ထိုအချိန်က ကောလိပ်ကျောင်းသူများသည် တစ်နေ့လျှင် အဝတ်သုံးလေးသည် လဲလှယ် ဝတ်ဆင်နိုင်သူများရှိပြီး ပွဲနေပွဲထိုင်သွားသည့်အတိုင်း အဝတ်အစား အဆန်းအပြားကိုသာ ဝတ်လျက်ကျောင်းတက်ကြသည်။ တက္ကသိုလ်ဖက်ရှင်ကို အများက အတုခိုးလေ့ရှိကြရာ၊ ပါးနပ်သော စီးပွားရေးသမားများက ပစ္စည်းများတွင်ကျယ်စေရန် တက္ကသိုလ်ထည့်ပြီး ကြော်ငြာလေ့ ရှိကြသည်။

## (၁၂) မြန်မာ့သနပ်ခါး

သနပ်ခါးသည် မြန်မာအမျိုးသမီးများ၏ အလှခြယ်ရန်လိုအပ်သော ပစ္စည်းဖြစ်ပါသည်။ ကျောက်ပျဉ်ကို ဘေးပတ်လည်က ရေကြည်၊ အလယ်ခေါင်သောင်ထွန်း၊ မိန်းမလှကျွန်းဟု စကားထာဝှက်လေ့ ရှိခဲ့ပါသည်။

ကျောက်ပျဉ်ကို မည်သည့်ခေတ်လောက်က စ၍ အသုံးပြုလာကြသည်ဟုကား မသိရသော်လည်း အင်းဝခေတ် သက္ကရာဇ် ၇၄၆ ခုက ရှင်မဟာရဋ္ဌသာရရေးသော ဘူရိဒတ်လင်္ကာကြီး၌

> "**ဉာဏသာရ၊ ဂေါသိဘကို၊ နားဝန္စ်ဘက်၊ မြကျောက်ထက်၌၊ ဥဏ်လက်ကိုထေး၊ ဖြည်းဖြည်းသွေး၍၊ နံ့မွှေးကသုန်၊ လိမ်းလင့်ကုန်**"

ဟု တွေ့ရသဖြင့် ကျောက်ပျဉ်ရှိပြီဟု သိနိုင်ပါသည်။

သနပ်ခါးကို နန်းတွင်းသူရော တောတွင်းသူပါ အမြတ်တနိုး ခုံခုံမင်မင် လိမ်းကျံလာခဲ့ကြပါသည်။ သီတင်းကျွတ် မီးထွန်းချိန်၌ အိမ်ရှိ ကျောက်ပျဉ်တွင် ဆီမီးထွန်းကာ နတ်သမီးကို ပူဇော်သောဓလေ့မှာ လှပတင့်တယ်စေလို၍ဆုပန်ခြင်းပေလောဟု ယူဆရပါသည်။ သနပ်ခါးကိုဖွဲ့သော တေးများရှိခဲ့ရာ စိတ်ဝင်စားဖွယ် အလွန်ကောင်းသည်။

> "**ရွှေနံ့သာ ခေါက်ကိုလ၊ ကျောက်ပေါ်မှာ အသာတင်၊ ခန်းခွင်ကသွေး၊ လိမ်းမယ်လို့ကြံ၊ မှန်ယူခဲ့ ဆံတိုလေးရယ်၊ ပိန်းရိုက်စိုလေး၊ နံ့သာရေမတော်လို့ ချော်ကာဖိတ်တယ်၊ ကျောင်းထိပ်ကမွေး**"

ဟူသော ဆွမ်းဆန်ဖွပ် မောင်းထောင်း တေးသီချင်းများလည်း ရှိခဲ့ဖူးပါသည်။

သနပ်ခါးထင်းကို တပို့တွဲလတွင်ခုတ်၍ စေတီပုထိုးများကို သနပ်ခါးထင်း ပူဇော်ကပ်လှူကြခြင်းမှာ အစဉ်အလာတစ်ရပ် ဖြစ်ပါသည်။ ပူအိုက်သော တိုင်းပြည်အတွက် အသားအေးစေသည့် သနပ်ခါးမှာ အခန့်သင့်ဖြစ်ရပေမည်။ "**ရွှေဆိုသနပ်ခါး လိမ်းပါများ ယင်လှလာလိမ့်မယ်**" ဟု တေးအဆိုရှိခဲ့ဖူးသည်။ "**သနပ်ခါး သရက္ခန်တောင် မဆက်ဆံရှောင်ရှားလို့**" ဟူသော နိဗ္ဗန္ဒ တေးများလည်း ရှိခဲ့ပါသည်။ သနပ်ခါးတွင် အဖန်ဓာတ်

ပါ၍ ချုပ်တတ်သည်။ အနာအဆာများကို ခြောက်စေသည်။ သို့သော် တင်းကျပ်သောသဘော ရှိသည်။ အဆီဓာတ်လိုသော အရွယ်လွန်သူများ ထူထူလိမ်းရန်မသင့်၊ ရေကျဲလောက်သာ လူးသင့်ပေသည်။ သနပ်ခါးပင်များမှာ အရိုင်းပေါက်ခဲ့ကြသော်လည်း အမြစ်ကိုပါခုတ်လှဲ၍ အမြစ်မှုန့်လုပ်ပစ်ကြသဖြင့် မျိုးပြုတ်လုနီးပါးဖြစ်ခဲ့ရသည်။ ရွှေဘို၊ ပခုက္ကူ၊ မုံရွာ၊ မိတ္ထီလာသနပ်ခါးတုံးများနှင့် လွယ်ကော်၊ ကော့ကရိတ်ဘက်မှ ရှမ်းသနပ်ခါးခေါက်များမှာ အမျိုးသမီးတို့၏အလှကို အထောက်အပံ့ပြုသော ပစ္စည်းများဖြစ်ခဲ့ပါသည်။

အချို့မိန်းမပျိုများ ပါးပေါ်တွင် ဘီးနှင့် သွားပွတ်တံတို့ဖြင့် အစင်းကလေးများပေါ်အောင် အခြောက်ခံလိမ်းလေ့ရှိကြ၏။ ရှင်လောင်းများ၏ မျက်ခုံးပေါ်တွင် သနပ်ခါးကို မီးခြစ်ဆံနှင့်တို့၍ အပြောက်အစက်ကလေးများ ဖြစ်အောင် အလှခြယ်ပေးသော ရှေးထုံးစံကလည်း တစ်မျိုး၊ ခေတ်ပေါ်မိတ်ကပ်များလူးကြစေကာမူ သနပ်ခါးကို လက်လွှတ်၍ မရ။ ရောပြီး လူးခြင်းအားဖြင့် ပြာခြင်း၊ နှမ်းခြင်းမဖြစ်ဘဲ မြန်မာ့အသားနှင့် တင့်တယ်လျောက်ပတ်သည်ကို တွေ့ရပါသည်။ ဇာတ်သဘင်များ၌ နိုင်ငံခြားကုန်ကို သပိတ်မှောက်ရန် လှုံ့ဆော်ခဲ့သော ဆရာတော် ဦးဥတ္တမက ဆိုင်းဆင့်လင်္ကာ တစ်ခုတွင် —

> **"သပြာငွေစ၊ ရှာဖွေလို့ရက၊ သူများမပေးချင်ကြနဲ့၊ ပစ္စည်းပြောင်မှ၊ စစ်ကြီးအောင်လိမ့်မယ်၊အရောင်တင်ဘူး၊ ငါးမူးသုံးမတ်၊ တကျပ်ပေးလို့၊ ချစ်စိန်မှုန့်ပေါင်ဒါဝယ်၊ မခြယ်ချင်ကြနဲ့၊ သနပ်ခါးစစ်ရင်၊ အရပ်သားကလဲ၊ ချစ်ပါ၍"**

ဟူ၍ တွေ့ရပါသည်။

မြန်မာ့ဆေးလောက၌ အကျော်၊ စမှို၊ ကရမက်၊ စန္ဒကူး၊ တောင်တန်ကတိုး၊ တောင်တန်ကြီးနှင့် နံ့သာဖြူ၊ နံ့သာနီတို့မှာ အမျိုးသားများအတွက်ပါ ဆေးဖက်ဝင်သည်ဟု အဆိုရှိပါသည်။ မိန်းမအသက် ကရမက်ဟုပင် အဆိုရှိခဲ့ပါသည်။ အမျိုးသမီးများအတွက်ကား အခြားအမွှေးနံ့သာတို့ထက် သနပ်ခါးနှင့် သနပ်ခါးသား၊ သနပ်ခါးအနှစ်၊အမြစ်၊အခေါက်တို့က ပို၍အသုံးဝင်လေသည်။

သနပ်ခါးအစစ် မှုန့်ဆိုသည်မှာ အနှစ်ကိုထောင်း၍ အမှုန့်ပြုလုပ်ထားခြင်းဖြစ်ရာ စစ်မှန်သော အစစ်မှုန့်ကို ရနိုင်ဖို့ အတော်ခဲယဉ်းပြီး မစစ်တစစ်ဖြစ်မည်ကို စိုးရပေသည်။ သနပ်ခါးကို တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး လိမ်းခြင်းအားဖြင့် ကိုယ်တွင်းမှ မကောင်းသော သွေးသားများပါ သန့်ရှင်းစေသည်ဟု အယူရှိခဲ့ကြပါသည်။

သနပ်ခါးသည် နေပူရှိန်ကို ကာကွယ်အေးမြစေသည့်အတွက် အလုပ်ကြမ်းလုပ်ကြသော ကောက်စိုက်၊ ပျိုးနုတ် အမျိုးသမီးများ ထူထူပိန်းပိန်း လိမ်းကျံကြခြင်းဖြစ်ပါသည်။ သနပ်ခါးသည် မြန်မာ အမျိုးသမီးတိုင်း ခုံမင်မြတ်နိုးစွာ လက်ကိုင်ထားရသော အမွှေးအကြိုင်တစ်မျိုးဖြစ်သည်။ အသားအရေ ချောမွေ့ နူးညံ့စေသည်။ အပူဒဏ်ကို ကာကွယ်ပေးသည်။ လိမ်းကျံထားလျှင် ပတ်ဝန်းကျင်ရှိ သူများကိုပါ နှစ်သက်ဖွယ် ထုံသင်းသော ရနံ့က ရင်ကိုအေးစေသည်။ အပူရှိန်ကို သနပ်ခါးက အေးမြအောင် ဖန်တီးပေးသည့်အတွက် ဆေးတစ်မျိုးဟု ယူဆကြပေသည်။

သနပ်ခါးလိမ်းသည့် ဓလေ့ကို လွန်ခဲ့သောနှစ်ပေါင်း ၂၄၀၀ ကျော်ခန့်က သရေခေတ္တရာ ဗိဿနိုးမိဖုရားတို့ခေတ်က စတင်ခဲ့သည်ဟု ပညာရှင်အချို့က ယူဆကြသည်။ ဆရာကြီး စစ်ကိုင်း ဦးဘိုးသင်း၏ အဆိုမှာ ရှေး သုနာပရန္တတိုင်း ကောင်းစားစဉ်က သနပ်ခါးကို အမျိုးသားများပါ သုံးစွဲလာကြသည်ဟု ဆေးကျမ်းများ တွေ့ရကြောင်း ဖော်ပြထားလေသည်။ ယနေ့တိုင် ကာလသားအချို့မှာ သနပ်ခါးလိမ်းနေကြသည်ကို တွေ့ရပေသည်။ ယနေ့ အမျိုးသမီးများသည် ပါးကွက်ကွက်နေသည်ကို တွေ့ရသေးသည်။

ပခန်းသားများ၏ ပါးစပ်ရာဇဝင်အရ အလောင်းစည်သူမင်းကြီးသည် ဖောင်စကြာဖြင့် တိုင်းခန်း လှည့်လည်စဉ် ပခုက္ကူခရိုင် ပခန်းကြီးနှင့် နှစ်မိုင်ကွာ ရှင်မတောင်အနီးရှိ တောင်နီသို့ရောက်စဉ် မိဖုရားကြီးအသုံးပြုသော သနပ်ခါးအစ်တော်သည် တိမ်းစောင်း၍မှောက်သွားသဖြင့် သနပ်ခါးရည်များ ဖိတ်ကျရာမှ ရှင်မတောင်သနပ်ခါးပင်များ ပေါက်သည်ဟု ဆိုပါသည်။ ထိုဒေသမှထွက်သော ရှင်မတောင်သနပ်ခါးမှာ အခြားသနပ်ခါးများထက် မွှေးသည်ဟု သိရပါသည်။

သက္ကရာဇ် ၇၄၅ ခုနှစ်၌ ရာဇာဓိရာဇ်မင်းသည် ဗညားနွဲ့မင်းသားဘဝ၌ ဒဂုန်သို့ချီတက်ရာ ကြင်ရာတော်က ရေးပို့သော အိုင်ချင်းတွင်

> **"သနပ်ခါး ကျောက်ပြင်ပေါ်တွင် သောက်ရေအေးနှင့် ရောသွေးပါလျှင် နံ့သာရည် အပေါ်ကျဲတတ်တယ်"**ဟူ၍ ဖြစ်ပါသည်။

ဟံသာဝတီဘုရင်၏ သမီးတော် ရာဇဓာတုကလျာသည် မိမိအမြတ်တနိုးထားသော ကျောက်ပျဉ်ကို ရွှေမော်ဓောဘုရား၏ ဌာပနာပစ္စည်းတစ်ပါးအဖြစ် လှူဒါန်းသည်ကိုထောက်၍ သနပ်ခါးကိုမဆိုထားဘိ ကျောက်ပျဉ်ကိုပင် မည်မျှတန်ဖိုးထားသည်၊ မြတ်နိုးသည်ကို တွက်ဆ

၍ ကြည့်နိုင်ပါသည်။ ထိုကျောက်ပျဉ်ကို ရွှေမော်ဓော ဘုရား ပဲခူးမြို့ ဘဏ္ဍာတော် ယဉ်ကျေးမှုပြတိုက်၌ ထား ရှိသည်ကို ဘုရားလူကြီးများ၏ ခွင့်ပြုချက်အရ ဓာတ်ပုံ ရိုက်ကူးလာခဲ့ဖူးပါသည်။

တောင်တွင်းကြီး ဦးကြော့ကလည်း သနပ်ခါးပင်ဘွဲ့ တေးထပ်ကို ဤသို့ ရေးစပ်ခဲ့ပါသေးသည်။

**"ပုလဲရည်ငွေနှင်းပျို့၊ လေသွင်းချိုထုတ်ခါ၊ ရွှေ တွင်းမြို့ဥတ္တရာဝယ်၊ ရက္ခမာသာမော၊ နွဲ့ကြူးဆင့်၊ ကဲ ထူးလှိုင်သည်၊ လဲဘူးမြိုင်ပန်းစုံတဲ့တော။ စိမ့်စမ်းကျ ထွေထွေသွန်၊ ရေတံခွန်ကျလျှော၊ ဟေမဝန်မြကြော၊ နံ့သာတောရင့်မှုံ၊ လှလိုက်တာ ပင်နပ်ခါး၊ ရှင်နတ် များ စိုက်ထားသည့်ပုံ၊ အရိုးက ကတိုးထုံသည်၊ အခိုးစုံ ပင်စည်လျှောက်ပါလို့၊ အခေါက်က လေး တရာ၊ မွှေးတဲ့နံ့သာ၊ ရွှေတသန်း ဘွေမန်းညာမှာ၊ ရွှေဂန္ဓာဆင်မြန်းဖို့လေး"**

ဟူ၍ တောင်တွင်းကြီးသနပ်ခါးအကြောင်းကို စပ်ဆိုခဲ့ ပါသည်။ ရွှေဘိုသနပ်ခါးကိုလည်း ကာလပေါ် သီချင်း များ စပ်ဆိုခဲ့ကြပါသည်။ စင်စစ် မြန်မာနိုင်ငံ အနှံ့ အပြား၌ သနပ်ခါးပင်များပေါက်သည်ကို တွေ့ရပါသည်။

သနပ်ခါးဘီးများကို ယခင်က ခေါင်းတွင်စိုက်သော ဓလေ့လည်း ရှိခဲ့ပါသည်။ သနပ်ခါး၏ ထူးခြားချက်မှာ ရနံ့သည် ယဉ်ယဉ်ကလေးနှင့် ကြိုင်သည့်အတွက် နှလုံး သားအထိစူးပြီးသွားစေနိုင်ပါသည်။ သနပ်ခါးသည် အဆီ ပြန်ခြင်းမဖြစ်၊ အသားအရေကိုစိုပြည်စေသည်။ ကျောက် ချဉ်နှင့်ရှောက်ရည်၊ သံပရာရည်များ ညှစ်ထည့်ထားလျှင် သနပ်ခါး ကြာရှည်ခံပြီး မပုပ်နိုင်ကြောင်း သိရပါသည်။ ရှေးခေတ်က သနပ်ခါး မပုပ်အောင် သနပ်ခါးထဲ၌ ငွေမတ်စေ့များ ထည့်ထားကြပါသည်။

ယခုအခါ သနပ်ခါးကို မိတ်ကပ်အရည်အဖြစ် သနပ် ခါးထဲ၌ ခေတ်မီနည်းစနစ်နှင့် တီထွင်၍ အိမ်တွင်းမှု ထုတ်လုပ်ရေးအဖြစ် ရောင်းချနေသည်ကို တွေ့ရပါသည်။ သနပ်ခါးအကြောင်းကို နိုင်ငံခြားသားများ၏ စာအုပ် အချို့တွင်လည်း ဖော်ပြခဲ့ကြပါသည်။ မြန်မာ အမျိုး သမီးများ၏ ဘိုးစဉ်ဘောင်ဆက် အစဉ်တစိုက် အမွေ အနှစ်အဖြစ် ဆက်ခံလာကြသည့် မြတ်နိုးဖွယ် ယဉ်ကျေး မှုတစ်ရပ်ဖြစ်သော သနပ်ခါးလိမ်းခြယ်ခြင်း အလေ့အထ ကိုကွယ်ပျောက်မသွားစေရန် သတိပြုရမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရကလည်း သနပ်ခါးပင်များကို စနစ် တကျ စိုက်ပျိုးပြုစုထိန်းသိမ်းကြရန် လမ်းညွှန်ထားသည့် အတွက် ဝမ်းမြောက်ကြရပါသည်။ သနပ်ခါးနှင့် မြန်မာ အမျိုးသမီးသည် ထာဝစဉ်ယှဉ်တွဲနေမည်ဖြစ်ပါသည်။

## (၁၃) မျက်နှာချေများ

ထိုခေတ်က မျက်နှာချေများမှာ မကြေညာ၊ စွန် လည်ပျံ၊ ဖာရစီမရွှေမ၊ ပဥ္စရူပ်တို့ဖြစ်သည်။ မှိုင်းဝေ ဝေပေါင်ဒါလည်း နာမည်ကြီးသည်။ ပွန်ပီယာ ပေါင်ဒါ ကလည်း သနပ်ခါးစွဲသဖြင့် လူကြိုက်များခဲ့သည်။

## (၁၄) မျက်ခုံးမွှေးဆေး

မျက်ခုံးမွှေးဆွဲသော ဓလေ့မှာ ရှေးကပင်ရှိခဲ့ပါသည်။ တရုတ်မင်တောင့်များကိုသွေး၍ မီးခြစ်ဆံနှင့် တားခြင်း၊ ထောလပတ်ရွက်နှင့် မုရားသိမ်ရွက်ကို ရော၍ ကြိတ်ပြီး နေလှန်း၊ အပုပ်ခံ၍သည်းကောင်း၊ လက်ဖက်ကို အပုပ် ခံ၍သည်းကောင်း သွားပွတ်တံအသေးနှင့် မျက်ခုံးမွေး ဆွဲခြင်းများလည်း ပြုကြပါသည်။ နှုတ်ခမ်းကိုလည်း တရုတ်ပန်း စက္ကူအနီကို ရေဆွတ်၍ လူးခြင်း၊ လက် သည်းများကို ဒန်းနှင့်ဆိုးခြင်းများလည်း ရှိခဲ့ပါသည်။

## အခန်း (၁၀)

# လွတ်လပ်ရေးခေတ်မှ မျက်မှောက်ခေတ်ထိ ဆင်ယင်ထုံးဖွဲ့မှု

### (၁) ဆံပင်ပုံစံများ

ခေတ်ရေစီးသည် ရပ်တန့်မနေဘဲ စီးဆင်းသွားစဉ် ရေဟောင်းနေရာ၌ ရေသစ်များထပ်မံဝင်လာသည့်အခါ အဟောင်းနှင့် အသစ် မခွဲခြားနိုင်ဘဲ ရှိတတ်ချေသည်။ ထို့အတူ ကိုလိုနီခေတ် ကုန်ဆုံးသွား၍ လွတ်လပ်ရေး ခေတ် ရောက်သည့်အခါ ဝတ်စားဆင်ယင်မှုများလည်း အဟောင်းနှင့်အသစ် ရောထွေးသွားခဲ့ပေသည်။ ကိုလိုနီခေတ်က ကျစ်ဆံမြီးများကို လွတ်လပ်ရေး ခေတ်၌လည်း တွေ့နိုင်ပါသေးသည်။ ဆံပင် ကောက်ခြင်းများလည်း ကိုလိုနီခေတ်က အနည်းငယ် ခေတ်စားခဲ့သည်။ လွတ်လပ်ရေး ခေတ်၌ကား ပိုမို လူကြိုက် များလာသည်။ အမောက်ကြီးများခေတ်စားလာသည်။ ထိပ်ကကောက်ခြင်း၊ တစ်ခေါင်းလုံးကောက်ခြင်း၊ ဘီးနှင့်ဖွာအောင် ပြုပြင်ခြင်း၊ နဖူးကျယ်သူ၊ မျက်နှာရှည်သူ၊ ဝိုင်းစက်သူ၊ လေးထောင့် မျက်နှာ၊ မေးရိုးကားသူ၊ မေးတိုသူများ အတွက်လည်း ပြေပြစ်အောင်အလှပြင်ပေးခဲ့ကြသည်။

**ဘီးဟိုက်ပုံစံ။** ။ပျားအုံ ကဲ့သို့ ထောင်နေ သော အမောက်ကြီးများကိုခေါ်ခြင်းဖြစ်ပါသည်။ သန်းမျှော်စင်ဟုလည်း ခေါ်ကြသည်။ ဆံပင်ရှည်ကို အတိုဖြတ်သူတွေ များပြားလာသည်။

**ပိုနီတေးလ်ပုံစံ။** ။ငယ်ရွယ်သူများသည် ဆံပင်ကို ကုပ်ပေါ်၊ ကျောပေါ်အထိဖြတ်၍ ချည်နှောင် ထားကြရာ မြင်းမြီးနှင့်တူသည့်အတွက် ပိုနီတေးလ်ဟု ခေါ်ကြပါသည်။

**အိုမီဂါပုံစံ။** ။အိုမီဂါနာရီ ပုံစံကို အတုယူခြင်း ဖြစ်သည်။ ဆံပင်ကို အတိုဖြတ်၍ ဘေးနှစ်ဖက်သို့ ကော့နေစေရန် ကောက်ထားသည့်အခါ အိုမီဂါနာရီပုံနှင့်တူသည့်အတွက် ခေါ်ခြင်းဖြစ်သည်။

ဆံပင်ကို အလိပ်ကြီး၊ အလိပ်သေး နှစ်မျိုးကောက်ကြသည်။ တိုနီဆေးရည်နှင့် အိမ်တွင် ကိုယ်တိုင် ဆံပင်ကောက်ခြင်း၊ ပလတ်စတစ် အလိပ်များဖြင့် လိပ်၍ ကောက်ခြင်း၊ ကလစ်ဖြင့်ညှပ်၍ကောက်ခြင်း၊ ခွေးသွားစိတ်ဘီးများဖြင့် ညှပ်၍ကောက်ခြင်း စသည်ဖြင့် ဆံပင်ကောက်သော ဖက်ရှင်မှာ တစ်ပြည်လုံး၌ ပျံ့နှံ့ခဲ့သည်။ မြို့ကြီးရှိ ဆံပင်ကောက်ဆိုင်များသို့ ရုပ်ဝ ဝးမှုပင်လာ၍ အလှပြင်ကြသည်။ ယခုအခါ ဆံပင်အလှပြင်သင်တန်းများတက်၍ နေရာတိုင်း၌ အလှပြင်ဆိုင်များ ဖွင့်ထားကြသည်ကို တွေ့ရသည်။



ပိုနီတေးလ်

ဖရင့်ချ်ရိုးလ်ပုံစံ (ပြင်သစ်ပေါင်မုန့်အရှည်ပုံစံ)

ဦးခေါင်း နောက်ဘက်တွင် ဆံပင်ကို ဒေါင်လိုက် တစ်ဖက်မှတစ်ဖက်သို့ လိပ်၍ သွင်းထားခြင်းဖြစ်သည်။

ပြင်သစ်ပေါင်မုန့်အရှည်၏ပုံ ဖြစ်သည်။ အိန္ဒိယ အမျိုးသမီးများ၏ ဆံထုံးပုံစံမျိုးဖြစ်သည်။ မအားမလပ်သည့်အခါ ဆံပင်ကို တစ်ဖက်မှ တစ်ဖက်သို့ သွင်းလိုက်ပါက ထုံးနှောင်ရန် မလိုသဖြင့် ဤပုံစံကို အများနှစ်သက်ကြခြင်းဖြစ်သည်။ ဆံထုံးအုပ် အုပ်ရန်မလိုပါ။



ပရင့်ချ်ရိုးလ်

**ဆံထုံးအုပ် (ဆံပင်ပိုက်)များ သုံးကြပုံ။** ။ဆံထုံးအုပ်ခေါ် ပိုက်ကွန်လေးများသည် အရေးပါလှပေသည်။ လိပ်ကောက်ထားသော ဆံပင်အလှကို လေတိုက်သော်လည်း ဖွာမထွက်စေရန် ဆံထုံးအုပ်များကို သုံးကြရသည်။ အပါးနှင့်အထူရှိ၍ နိုင်ငံခြားမှလာသောပုတီးစေ့များ ဖြင့် ခက်ထားသည့် ဆံထုံးအုပ်များကို ခေတ်ဆန်သူတို့ သုံးကြသည်။ ဆံပင်မာတောင့်စေရန် ကော်ရည်ပါသော ဆေးရည်များဖြင့်လည်း ဖျန်းကြသည်။

**ပစောက်ပုံဖက်ရှင်။** ။ဤပုံမှာ ကုပ်ပေါ်တွင် ဆံပင်ကို ပစောက်အကွေ့ရာ ပုံသဏ္ဍာန် ညှပ်၍ ဘေးက တိုတိုနှင့် အလယ်က အရှည်ထားခြင်း ဖြစ်သည်။

**စန္ဒာပုံ။** ။ရုပ်ရှင်မင်းသမီး စန္ဒာ သရုပ်ဆောင်သည့်အတိုင်း နာမည်ပေးထားခြင်းဖြစ်သည်။ ရှေ့မှဆံပင်ကို ညီညာစွာ တိဖြတ်ထားပြီး နောက်ကဆံပင်ကို ဝိုက်၍ ညှပ်ထားသောပုံဖြစ်သည်။

**မျက်လုံးတစ်ဖက်ဖုံးဖက်ရှင်။** ။ဆံပင်ကို ကျောလယ်အထိ ဖြတ်၍ချထားပြီး မျက်နှာတစ်ခြမ်းကို ဆံပင်ဖြင့်ဖုံးအောင် ရှေ့သို့ချထားခြင်းဖြစ်သည်။ နိုင်ငံခြား ရုပ်ရှင်မင်းသမီးများ၏ သရုပ်ဆောင်ပုံကို အတုယူကြခြင်းပင်ဖြစ်သည်။

**ဂျူးလီးယက်ပုံ။** ။ရိုမီယိုနှင့်ဂျူးလီးယက်ရုပ်ရှင်ကားတွင် ဂျူးလီးယက်အဖြစ်သရုပ်ဆောင်သော အမျိုးသမီး၏ဆံပင် အရှည်လိုက် ညီညာစွာ ဖြတ်ချထားသော ဖားလျားပုံစံ ဖြစ်သည်။ ထိပ်သယ်မှခွဲ၍ ကျောပေါ်၊ ပခုံးပေါ်သို့ ကျနေသော ဆံပင်ပုံ ဖြစ်သည်။ ဤပုံစံနှင့် သွားလာရသည်မှာ အန္တရာယ်များလှသည်။ တစ်ခုခုနှင့်ငြိတွယ်မှာလည်း စိုးရသည့်အပြင် ဘတ်စကားပေါ်၌လည်း လေတလွင့်လွင့်၊ လမ်းသွားသည့်အခါလည်း ဖရိုဖရဲ၊ ကလစ်ဆံညှပ်တစ်ခုမျှမပါဘဲ ဖားလျားချထားသည့် စုတ်ဖွားဖားလျားပုံစံဖြစ်သည်။ ဘေးမှ ခရီးသွားများကို သန်း၌ ကူးစေသည်။ ဘတ်စကား အမြန်မောင်းလျှင် အနီးရှိလူများ၏ မျက်စိထဲ၊ နားထဲ၊ ပါးစပ်ထဲသို့ ဆံပင်များဝင်တတ်သည်။ ထိုပုံကိုအတုခိုးရင်းနှင့် တစ်ပြည်လုံးဖားလျားဖြစ်ကုန်သည်။ သို့ရာတွင် ယင်း ဂျူးလီးယက်ပုံစံမှာ ၁၉၇၄ ခုနှစ်လောက်တွင် ဆိတ်သုဉ်းသွားလေသည်။ တော်သေး၏။

**သရီးစတက်။** ။သရီးစတက်ခေါ် ဆံပင်ကို အဆင့်သုံးဆင့်လိုက် အတိုဖြတ်သော ဗိုလ်ဆံတောက်ဆန်ဆန်ပုံစံများ ပေါ်လာခဲ့သည်။ အမျိုးသားကလေးများပါ သုံးဆင့်ထားလာကြသည်။ တစ်ခါတစ်ရံ ကျားလော၊ မလော မခွဲခြားနိုင်။ နောက်ကနေကြည့်လျှင်ကျားမှန်း၊ မ မှန်း မသိနိုင်ပေ။

ဆံပင်ရှည်ကို အမျိုးသားများကလည်း ထားလာကြရာ ရှုပ်အင်္ကျီဝတ်သော အမျိုးသမီးများနှင့် သာ၍ပင် ခွဲခြားမရနိုင်အောင် ရှိချေသည်။

**လေဒီဒိုင်ယာနာပုံစံ။** ။အင်္ဂလိပ် အိမ်ရှေ့မင်းသား၏ ဇနီး လေဒီဒိုင်ယာနာ၏ ဆံပင်ပုံစံကို အတုခိုး၍ ညှပ်ကြခြင်းဖြစ်သည်။ ပျိုပျိုအိုအို ဤပုံစံကို နှစ်သက်ကြသည်။ ရှေးက ဘော့ဗ်ဟဲရားခေါ် နောက်စေ့ဆံပင်ကို ပါးပါးညှပ်ကြသော ပုံနှင့်လည်း တူသည်။ ဖွာရရာကြဲခြင်း၊ အလိပ်အတွန့်၊ အကောက်အကွေး၊ အလုံးသေး အလုံးငယ်၊ လှိုင်းကြီး လှိုင်းငယ် ကောက်ခြင်း၊ ဆံပင်ကို ဖြောင့်ဖြောင့် ဖားလျား အရှည်ချခြင်းများ လုံးဝမပြုကြတော့ဘဲ ကလေးငယ်များပမာ ဆံပင်တိုညှပ်ကြခြင်း

ဖြစ်သည်။ ယခုတစ်ဖန် ဒိုင်ယာနာပုံစံတွင် နောက်က ရှည်ချွန်ထွက်နေသောပုံကို ထွင်လာကြပြန်သည်။ သို့သော် ဖွာမထွက်ဘဲ သပ်သပ်ရပ်ရပ် မြင်တွေ့ရသည်။

**"ဝစ်"ခေါ် ဆံပင်အတုပုံစံများ။** ။ဆံပင်အစွပ်များကို ဆံပင်ကောက်ဆိုင်များက ထွင်လာသည့်အတွက် လိုရာပုံအတိုင်း တပ်ဆင်နိုင်ကြသည်။ ဘီးဆံထုံးနှင့် ဆံမြိတ်များ၊ အလိပ်အကောက်များလိုပါကလည်း စွပ်လိုက်လျှင် ရသည်။ ဖားလျားချရန်လည်း စွပ်ရန်အဆောင်းရှိသည်။ ကလစ်နှင့်ထိုးလိုက်က ခိုင်မြဲပြီးဖြစ်သွား၍ ထိုအဆောင်းများမှာ လွန်စွာ ခေတ်စားလေသည်။ ဆံပင် မည်မျှ ဘိုတောင်းနေစေကာမူ ထိုအဆင်သင့်ရှိသော ဆံပင်ပုံစံအတုနှင့် ဖုံးအုပ်လိုက်ပါက လိုရာပုံရသဖြင့် လူကြိုက်များကြသည်။ ဆံပင်ကောက်ဆိုင်၊ ဓာတ်ပုံဆိုင်များ၌ အဆင်သင့် ဆံထုံးပုံစံများ ထားရှိသည့်အတွက် ထုံးဖွဲ့ရန် ကရိကထ မများတော့ပေ။ သတို့သမီးများအတွက်မှာ လိုရာပုံစံကို အိမ်တိုင်ရာရောက် ပြင်ဆင်ပေးသော အလှပြင် ပါရဂူများ အသင့်ရှိကြသည်။ ဆိုင်ကိုလည်း သွားပြီးပြင်နိုင်သည်။ ဆံပင်အတုများလုပ်ရန် အမျိုးသမီးများ၏ ဆံပင်ရှည်များကို စီးပွားရေးသမားများက အရောင်းအဝယ်လုပ်ကာ နိုင်ငံခြားသို့ ပို့သည်ကို ဖမ်းဆီး အရေးယူရဖူးသည်အထိ ဆံစု စီးပွားရေးသမားများ ခြေသွက်ခဲ့ကြဖူးပါသည်။

## (၂) အဝတ်အစားများ

အင်္ကျီအနေနှင့်ကား လွတ်လပ်ရေးခေတ်နောက်ပိုင်းတွင် အပြောင်းအလဲ ထူးကဲစွာ ရှိခဲ့သည်။ လက်ပြတ်အင်္ကျီများအဝတ်များလာပြီး ရင်ဖုံးရင်စေ့တွင် ကြယ်သီးခုနစ်လုံး၊ ကိုးလုံးတပ်ခြင်း၊ တရုတ်ပန်း ကြယ်သီးများထိုးကြခြင်း၊ ဘော်လီ အလှအပ ပြိုင်ကြခြင်း၊ ပုံသွင်းသောဘော်လီများ ဝတ်စားလာခြင်း စသည်ဖြင့် မြန်မာအမျိုးသမီးများ ဆင်ယင်ဝတ်စားမှု ပြောင်းလဲလာခဲ့ကြသည်။ အင်္ကျီလက်ရှည်ကျပ်ကျပ်များလည်း ဝတ်ကြပြန်ပါသည်။

စမူဆာရင်ဖုံးခေါ် သုံးထောင့်ချွန်းရင်ဖုံးများလည်း ခေတ်စားသည်။ လက်ကျပ် လက်ရှည်ဝတ်သူ၊ ရင်စေ့အင်္ကျီ လက်ဖျားကားကား ဝတ်သူများလည်း ရှိသည်။ ရင်ဖုံးဇောက်ထိုး အကြီးကအထက်၊ အငယ်ကအောက် ပုံစံများလည်း ဝတ်လာကြသည်။ လုံချည်အထက်ဆင့် ဖင်ချများကိုကား မဝတ်ကြတော့ပါ။ လုံချည်တိုတိုကိုလည်း ဖက်ရှင်သစ်အဖြစ် ဝတ်လာကြသည်။ ကြိုးသိုင်းဖိနပ်များ၊ ဒေါက်မြင့်ဖိနပ်များ၊ ပခုံးလွယ်သော ပိုက်ဆံအိတ်များကိုလည်း သုံးကြသည်။

ကော်လာများ ခေတ်စားလာရာ မာတောင့်နေစေရန် ပလတ်စတစ်ကော်ပြားများကိုသွင်း၍ ဝတ်ကြသည်။

**ပခုံးဆက်အင်္ကျီ။** ။အင်္ကျီများတွင် လက်ဖျား၊ လည်ခွံ့အနားပတ်များ လုံးဝမပါတော့ဘဲ ပခုံးမှ ညှပ်၍ဆက်သော ရှပ်အင်္ကျီချုပ်သကဲ့သို့ ပုံစံများကို အမျိုးသမီးတို့ဝတ်လာကြသည်။ ကိုယ်ပေါ်၌ ပွရောင်း၍မနေတော့ဘဲ ချပ်ချပ်ရပ်ရပ် အံကိုက်ဖြစ်စေရန် ချိုင်းအောက်တွင်လည်း အစကိုခေါက်သွင်းချုပ်ထားသဖြင့် ကိုယ်ထည်မှာ ကိုယ်လုံးနှင့် တတိုင်းတည်း ဖြစ်စေသည့်အတွက် ခေတ်ဆန်သူတိုင်း ဝတ်ကြသည်။ ရင်ဖုံးအဆက် အင်္ကျီနှင့် ကျောဆက်သောအင်္ကျီများမှာ ရှေးကျ၍ ငယ်ရွယ်သူများ မဝတ်ကြတော့ပါ။

ရင်ဖုံး ဇောက်ထိုး အပြင် လည်ခွံ့အနားပတ်သေးနှင့် ပခုံးတွင် နှိပ်စေ့တပ်ရသော၊ တက္ကသိုလ် ရင်ဖုံးများလည်း ခေတ်စားလာရာ ကြယ်သီး လုံးဝမလိုတော့ပေ။ ကြယ်သီးခေတ် ကုန်ဆုံးသွားတော့သည်။ ဖန်ကြယ်သီးလုပ်ငန်းများလည်း ရပ်ဆိုင်းသွားတော့သည်။

**ချုပ်ပြီးအင်္ကျီအရောင်းဆိုင်များ။** ။ချုပ်ပြီးသားတီရှပ်၊ စပို့ရှပ်၊ ခါးပွ၊ ပခုံးထောင် စာတမ်းဖော်အင်္ကျီများ၊ ဘလောက်(စ)များကို ပုံစံအမျိုးမျိုးဖြင့် အမျိုးသမီးများ ဆန်းပြားစွာ ဝတ်ဆင်နေကြသည်ကို တွေ့ရသည်။ ကြိုးတပ်၊ ဖဲပြားတပ်၊ ဆီကွင်းစီသော အင်္ကျီများ၊ ယောကျ်ားရှပ်အင်္ကျီများဝတ်လာကြခြင်း၊ ဂုန်အိတ်တမျှ ပွရောင်းသော အင်္ကျီရှည်ကိုဝတ်ကာ ခါးပတ် ပတ်ကြခြင်း၊ လည်ပင်းကို ရင်ညွန့်အထိဟိုက်စေခြင်း၊ အထက်အောက်ဝမ်းဆက်၊ ပါတိတ်ဝမ်းဆက်များ ဝတ်ကြခြင်း၊ ပခုံးပေါ်တွင် အတောင်သဏ္ဌာန်ပွထားသော ချိုမိုင်မိုင် (ခေါ်) ပခုံးထောင် ပုံစံမျိုး၊ လက်ဖောင်းအရှည်နှင့် လက်ဖျားက စည်းခြင်း၊ လက်ဖောင်းနှစ်ဆင့်ဝတ်သော ကောက်ညှင်းထုပ်ပုံစံမျိုး၊ ကျောခွဲဇစ်တပ်သောလည်ပင်း အကျယ်များကိုလည်း တွေ့ရသည်။

**အင်္ကျီပွခါးရှည်များ။** ။မျက်မှောက်ခေတ်၌ အမျိုးသမီးများ၏ အင်္ကျီပုံစံများမှာ မရေတွက်နိုင် လောက်အောင်ပင် အမျိုးအမည် များလာသည်ကို တွေ့ရသည်။ အနောက်တိုင်းအင်္ကျီပုံစံများ ပို၍ ခေတ်စားလာသည်။ ရင်ဖုံးအင်္ကျီများကား ခေတ် တိမ်ကောသွားခဲ့လေပြီ။ အမျိုးသမီးများက ရှပ်အင်္ကျီလက်တို လက်ရှည်များဝတ်လာကြ၏။ မတာနတီကုတ်အသွင် ခါးရှည်ပွပွ အင်္ကျီများကိုလည်း ဝတ်လာကြသည်။ အနောက်တိုင်း၌

ဂုန်အိတ်စွပ်သည်နှင့်တူသော ပွပွပုံစံများ ခေတ်စားစဉ်က လည်း မြန်မာအမျိုးသမီးတို့ အင်္ကျီပွ ခါးစည်းကြီး များ ဝတ်ခဲ့ကြသည်။ နိုင်ငံခြားမှ ဝင်လာသော ချုပ်ပြီး အထည်များနှင့်လည်း အလှပြင်လာကြရာ မိမိခန္ဓာကိုယ် နှင့် လိုက်ဖက်ခြင်းမရှိဘဲ ပုံပျက်ပန်းပျက် ပုံစံများကို လည်း တွေ့ရသည်။ ဖိုသီဖတ်သီ အင်္ကျီပွကြီးများကို အမျိုးသမီးငယ်ပိုင်းက ပို၍နှစ်သက်ကြဟန်တူသည်။

**လည်ပင်းကျယ်။** ။ယနေ့ အမျိုးသမီးငယ်များသည် လည်ပင်းပေါက်ကျယ် အင်္ကျီများ၊ လက်ပြတ်ပခုံးတို့ အင်္ကျီများ ဝတ်လာကြရာ အချို့ ပုံစံများမှာ အိမ်ထဲ၌ နေစဉ် ဝတ်သော ရှင်မီးများနှင့် တူပေသည်။ လည်ပင်း ပြဲ၊ လက်ပြတ်၊ ခါးတို၊ နောက်ခွဲ၊ အဝတ်ပါးများနှင့် ပုံသွင်းထားသော ဘရာစီယာ ခါးတိုများကိုဝတ်လာကြ သည်မှာ ရှေးခေတ်က အင်္ကျီပါးများထက်ပင် အမြင်ရ ဆိုးသည်ကို တွေ့ရသည်။ ခါးရှည်ဖားလျားများဖြင့် အလှူမင်္ဂလာပွဲများ၊ ကျောင်းကန် ဘုရားများ၌လည်း စည်းကမ်းစနစ်မထားဘဲ ကလေးကလား ဝတ်စားဆင် ပြင်ကြသည်။ လက်ပြတ်နှင့် ပဝါပါးကို ခြုံထားခြင်းမှာ လည်း ရိုးရာအဝတ်အစား မဟုတ် လေးလေးစားစား ဝတ်ဆင်ခြင်းနှင့်မတူဘဲ အလှအပဖက်ရှင်သဘောကိုသာ ဆောင်နေသည်။

အင်္ကျီပုံစံများမှာ လက်မောင်းအဖောင်းနှင့် နောက် ကျောက ဇစ်ဖြင့်ဆွဲရသောပုံ၊ လက်ဖျား၌ ကြာယပ် အတွန့်များတပ်သောပုံ၊ စပို့ရှပ်များကို ပုံသွင်းဘရာစီယာ များအပေါ်က ဝတ်ထားသဖြင့် တကယ့်အနောက်တိုင်း သူများနှင့် ခြား အနောက်တိုင်း ဝတ်စားဆင်ယင်မှုကို ရာနှုန်းပြည့် ထောက်ခံအားပေးကြခြင်းမှာ သူတို့မြင်တွေ့ နေရသော ရုပ်ရှင်ကားများ၊ မဂ္ဂဇင်း စာစောင်များ၏ ဆန်းဆန်းပြားပြား ဝတ်စားဆင်ယင်ပုံကို နမူနာ ယူကြ ခြင်းသာဖြစ်သည်။ ထိုပုံစံများကို အကောင်းထင်နေ ကြ ကြောင်း ထင်ရှားသည်။ ရင်ဖုံးအင်္ကျီများကိုကား ခေတ်မမီတော့ဟု ထင်နေကြသည်။

**ကော်လာကတုံးခေါ် တစ်ဝက် ကော်လာများ ။ ။** ယခင်က လည်ပင်းကော်လာ အထောင်ကို တစ်လက်မ၊ တစ်လက်မခွဲသာသာအမြင့်ထား၍ ဝတ်ကြရာမှ နောင် တွင်လုံးဝမဝတ်ကြတော့ဘဲ လည်ကုပ်၌သာ ကော်လာ ပါပြီး ရှေ့တစ်ဝက်၌ ကတုံးထားကာ ပလိုင်းပေါက်ဖောက် သော လည်ပင်းများ ခေတ်စားလာပြန်သည်။ ကော်လာ ကတုံးဟုလည်း အချို့ခေါ်ကြသည်။ စတစ်ကော်လာ တစ်ဝက်ပင် ဖြစ်ပါသည်။ အင်္ကျီပုံစံများကို နိုင်ငံခြား အမျိုးသမီးမဂ္ဂဇင်းများမှရ၍ ထိုပုံစံ ဒီဇိုင်းများမှ နမူနာ ယူကာ ဆိုင်များက ချုပ်ပေးကြသည်။ အထုပ်လိုက် ရောင်းကြသော နိုင်ငံခြား ချုပ်ပြီးအထည်များမှ ပုံစံများ ကိုလည်း ကြည့်ပြီး ချုပ်ကြဟန်တူသည်။

## (၃) အဆန်းဆုံးဝတ်ဆင်သူများ

ရုပ်ရှင်မင်းသမီးများ၊ အဆိုတော်များမှာ မြန်မာ နိုင်ငံတွင် ခေတ်အဆန်းဆုံး ဝတ်စား ဆင်ယင်သူများ ဖြစ်ကြရာ ရုပ်ရှင်ကားများနှင့် ရုပ်မြင်သံကြား၌ ၎င်းတို့ ၏ ဆင်ယင်ထုံးဖွဲ့ပုံများကို လေ့လာကြည့်နိုင်ပေသည်။ ဆံပင်ထုံးဖွဲ့ပုံမှာလည်း အမျိုးမျိုး၊ အင်္ကျီပုံစံမှာလည်း အဖုံဖုံ၊ ပုတီး၊ နားကပ်၊ လည်ဆွဲ စသော အဆင်တန်ဆာ အမျိုးမျိုးသည်လည်း နိုင်ငံခြားမှ ဥဒဟိုဝင်ရောက်လာ သည့်အတွက် သူထက်ငါ ဆန်းပြားအောင် ဝတ်ဆင်လာ ကြလေသည်။ အချို့မိန်းကလေးများသည် နားပေါက် နှစ်ပေါက်ဖောက်၍ နားကပ်များ၊ နားဆွဲများ ဆွဲကြ သည်ကိုလည်း တွေ့ရသည်။

## (၄) အင်္ကျီချုပ်ဆိုင်များ

အင်္ကျီချုပ်ဆိုင်များသည် ဝင်ငွေအကောင်းဆုံး ဖြစ် သည်။ တစ်ထည်လျှင် ချုပ်ခ လေးငါးကျပ်မှ တစ်ဆယ်၊ ၁၅ ကျပ်သို့ပင် တက်လာခဲ့သည်။ အပ်ခြည်လုံးများ မှာလည်း လိုရာအရောင်ကို ဖောဖောသီသီ ရနိုင်ပါလျက် ဆီဈေး ဆန်ဈေးကိုအကြောင်းပြုပြီး ချုပ်ခပိုမိုတောင်း ကြခြင်း ဖြစ်သည်။တစ်ထည်ချုပ်လျှင် တစ်လကိုးသီတင်း စောင့်ရသည်။ အင်္ကျီချုပ်ဆိုင်များတွင် အပ်သူအပြည့် အမြဲရှိနေသည်။ ထဘီသစ်ချုပ်သူများ၊ အထက်ဆင်တပ် သူများဖြင့် စက်နှစ်လုံးသုံးလုံးနှင့် စီးပွားရေးကောင်းကြ သည်။ ပိုစ်ဆန်းလျှင်ဆန်းသလောက် ချုပ်ခ ပိုမိုတောင်း ကြသည်။ ဆင်ဖိုးထက် ချွန်းဖိုးကြီးဖြစ်နေသည်။

## (၅) ထဘီများ

နိုင်ငံခြားဖြစ်ကီမိုနို၊ အင်ဒိုနီးရှားပါတိတ်၊ ယိုးဒယား ပါတိတ်၊ တောင်ကြီးရှန်၊ တမူးရှန်၊ မလေးရှားလုံချည်၊ တမူးပါတိတ်၊ နှစ်ထပ်ဇာ၊ ငွေဇာဖျင်၊ ဖဲခြောင်၊ ဖဲပန်း ရိုက်၊ ဘရိုကိတ် မှစ၍ အမည်မသိသော အဆင်များမှာ တစ်နေ့တခြား ဆိုင် များ ပေါ် တွင် တွေ့နေရသည်။ ကီမိုနိုများမှာလည်း ဈေးအမျိုးမျိုး၊ ပါတိတ်တွင်လည်း

ဈေးအစားစား၊ ဝမ်းဆက်အတွက်ငါးတောင်ထွာ အစများ၏ ဈေးမှာ ကြောက်ခမန်း လန့်ခမန်း။

မြန်မာဖြစ် အချိတ်လုံချည်များလည်း အလွန် ခေတ်စားနေသည်။ ၂၀၀ ကျပ်မှ ၅၀၀၀ ကျပ်တန်အထိရှိသည်။ ယောလုံချည်များကိုလည်း ကျားရော မ ပါ ဂုဏ်ယူ၍ဝတ်နေကြသည့်အပြင် ရခိုင်လုံချည် အဆင်ဆန်းများလည်း ခေတ်ကောင်းလာသည်။ မန္တလေး၊ အမရပူရမှရက်ကန်းထည်များ၊ အင်းလေးမှ ငွေချည် ဇင်းမယ်များလည်း ခြောက် ရာ ရှစ် ရာ ကျော် အထိ ဈေးကောင်းကောင်း ရကြသည်။ ယခင်က ပြည်တွင်းဖြစ် ဆေးဆိုးပန်းရိုက်ထည်များလည်း အကြမ်းသုံးရန်အတွက် ဈေးနှုန်းသက်သာစွာနှင့် သုံးနိုင်ကြသည့်အတွက် အမျိုးသမီးများ၏ ဝတ်ဆင်ရေးမှာ ဖူလုံခဲ့လေသည်။

**ဒေါက်တပ်သောထဘီများ။** ။လွှတ်လပ်ရေး ခေတ်မှ ယနေ့တိုင် ထဘီခါးတွန့်၍ လုံကွင်းကျဉ်းကျဉ်း ဝတ်ကြသော ဖက်ရှင်များ မပြောင်းလဲခဲ့ပါ။ ရုပ်ရှင်မင်းသမီးတစ်ဦးက ထဘီခါးတွန့်ဝတ်ရာ ချပ်ချပ်ရပ်ရပ်နှင့် ဘေးကားပြီး လှသည့်အတွက် အားလုံးတုပြီး ဝတ်ကြခြင်းဖြစ်သည်။ ဒေါက်ထည့်သည်ဟု ခေါ်ကြပါသည်။ ခါးကို ဒေါက်ထည့်၍ ကျားကန် ပေးသည်ဟု ခေါ်ရမလား မသိပေ။

## (၆) မျက်နှာလိမ်းခြယ်ခြင်း

ပထမ ရုပ်ရှင်မိတ်ကပ်များ အသုံးပြုခဲ့ရာမှ ပွဲထိုင်မိတ်ကပ်လိမ်းနည်းများ ခေတ်စားလာသည်။ အသားအရေ မျက်နှာပုံပန်းနှင့် လိုက်ဖက်စေရန် မျက်ခုံးမွေးဆွဲခြင်း၊ မျက်တောင်အတုတပ်ခြင်း၊ မျက်ခွံဆိုးခြင်း၊ ပါးဆိုး၊ နှုတ်ခမ်းဆိုးခြင်း၊ မျက်ရစ်ဖော်ခြင်း၊ နှာခေါင်းပေါ်အောင်ခြယ်သခြင်း၊ မျက်လုံးမှေးသူကို ပေါ်လွင်စေခြင်းနှင့် အသားအရေ စောင့်ရှောက်နည်း စသည့် အတတ်မျိုးကို အနောက်တိုင်းပြန် အလှပါရဂူများက သင်တန်းပေးခဲ့ကြသည်။ ဆံပင်ကိုပင် အနက်အနီဆိုးပြီး အလှပြင်ပေးကြသည်။ အိမ်တိုင်ရာရောက် အခကြေးငွေနှင့် ပြင်ပေးကြသည်။ ဆံပင်အလှပြင် သင်တန်းများနည်းတူ မိတ်ကပ်သင်တန်း၊ အပ်ချုပ်သင်တန်း စသည်ဖြင့် ယခုခေတ်၌ အရုပ်ဆိုးသူမရှိအောင် အလှပြင်နိုင်ကြပြီဖြစ်ပါသည်။ ခြေသည်း၊ လက်သည်း ဆိုးသော အလှပြင်နည်းမှာ လွှတ်လပ်ရေး ခေတ်ထက်ပင် မျက်မှောက်ခေတ်က ပိုမိုခေတ်စားနေသည်ကို တွေ့ရသည်။

## (၇) အနွေးထည်

အနွေးထည် အနေနှင့် တစ်ဖက်နိုင်ငံမှ လာသော ဆွယ်တာ(ကိုစီ) ရောင်စုံများ၊ စက်ထိုးဆွယ်တာအပါး (တရိုင်ဇယ်)များ၊ ယုန်မွေးဆွယ်တာများ၊ တွင်းဆက်ခေါ် ဆွယ်တာလက်ပြတ်အတိုနှင့် ဆင်တူလက်ရှည်ဆွယ်တာများ၊ ပြည်တွင်းဖြစ် စက်ထိုးလက်ထိုး ဆွယ်တာများလည်း ဝတ်ဆင်ကြသည်။ အထပ်လိုက်လာသော သိုးမွေးထည်များကို ဖျက်ပြီးလျှင် လှလှပပ သိုးမွေးတဘက်များ၊ ခြုံစောင်များကိုလည်း တောင်ကုတ်ဒေသတစ်ဝိုက်က ထိုး၍ရောင်းချကြသည်ကို တွေ့ရသည်။

အိမ်တွင်းလက်မှုလုပ်ငန်းအနေနှင့် စက်ထိုးဆွယ်တာများ ပေါ်ပေါက်လာရာ နိုင်ငံခြားစံချိန်မီသည်ကိုလည်း တွေ့ရသည်။

## (၈) ပဝါများ

ပွဲနေပွဲထိုင်များ၌ ပဝါခြုံသောဆင်ယင်မှု ခေတ်စားသည့်အတွက် ယခင်က တိုင်းရင်းဖြစ် ဟံသာအေး၊ ဇာတိသွေး၊ ခေတ်အကြိုက်စသော မြန်မာပိုင်ကုမ္ပဏီများက ထွက်သော ဇာများကဲ့သို့ပင် ယခုအခါ နိုင်ငံခြားမှ ဇာပဝါအရောင်စုံကိုလည်း တွေ့ရသည်။ သို့ရာတွင် အဖိုးနှုန်းမှာ အံ့မခန်းလောက်ဖွယ် မြင့်မားလှသည်။ လက်ထိုး စက်ထိုး သုံးထောင့်ချွန်း သိုးမွေးစောင်များကိုလည်း ခြုံလွှမ်းလာကြသည်။

## (၉) ခေါက်ထီး

ပုသိမ်ထီး၊ အိမ်တော်ရာထီးများအစား ခေါက်၍ရသော ဖဲထီးအနက်နှင့် ပန်းရိုက်ရောင်စုံစများဖြင့် ချုပ်သည့်ထီးများခေတ်စားလာလေသည်။ဖဲထီးအရိုးကောက်သည် ခေတ်တိမ်ကောခဲ့ပေပြီ။ ယခုတစ်ဖန် ထီးရိုးရှည်ရောင်စုံထီးများပေါ်လာပြန်ရာ အော်တိုမက်တစ်ခလုတ်ကြောင့် အဖွင့်ရလွယ်သဖြင့် လူကြိုက်များသည်ကိုတွေ့ရသည်။

## (၁၀) ဖိနပ်

အမျိုးသမီးများအတွက် ပြည်တွင်းဖြစ် အဆင့်အတန်းမြင့်သော ဖိနပ်အပါးအထူ၊ ဒေါက်မြင့်၊ ကတ္တီပါဖိနပ်များမှာ နှစ်သက်ဖွယ်ဖြစ်ပေသည်။ သစ်သားပန်းပုပါသော အင်ဒိုနီးရှား ခုံဖိနပ်များလည်း ခေတ်စားခဲ့

သည်။ ပလတ်စတစ်၊ သားရေညှပ်ဖိနပ်များလည်း ခေတ်စားသည်။ နိုင်ငံခြားမှလာသော ဖိနပ်များမှာ ရောင်းဈေးသုံးရာကျော်အထိရှိ၍ ဝယ်စီးနိုင်သူများလည်း ရှိပေသည်။ ပြည်တွင်းဖြစ် ခေတ်ပေါ်ညှပ်ဖိနပ်များမှာ နိုင်ငံခြားစံချိန်မီသည်ကိုလည်း တွေ့ရသည်။

## (၁၁) လွယ်အိတ်များ

ပြည်တွင်းဖြစ် လွယ်အိတ်များအနေနှင့်လည်း တခမ်းတနား ရက်လုပ်ရောင်းချကြသည့်အတွက် ကျောင်းသူကျောင်းသားတိုင်း၏ ပခုံးပေါ်ဝယ် တိုင်းရင်းဖြစ် လွယ်အိတ်များကို တင့်တယ်စွာ မြင်တွေ့ရသည်။ လွယ်အိတ်လွယ်သောဖက်ရှင်များ ခေတ်စားသော ခေတ်ဖြစ်လေသည်။ ယနေ့ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများသည် လွယ်အိတ်ကိုအများဆုံးသုံးသူများ ဖြစ်ပါသည်။ ငွေမောင်း ငွေခွက်များ တပ်ဆင်ထားသော ကချင်လွယ်အိတ်များမှာ ဈေးအကြီးဆုံးဖြစ်သည်။

## (၁၂) လက်ပွေ့အိတ်ဖက်ရှင်

မျက်မှောက်ကာလ၌ ယခင်ခေတ်များထက် ဆန်းပြားသော လက်ပွေ့အိတ်အမျိုးစုံကို တွေ့ရသည်။ ပလတ်စတစ်နှင့် သားရေ၊ သားရေတုတို့ဖြင့် သပ်ရပ်စွာချုပ်လုပ်ထားသော တိုင်းရင်းဖြစ်ပိုက်ဆံအိတ်၊ လက်ကိုင်အိတ်များ အဆင့်အတန်း မြင့်မားလာသည့်အပြင် အကောင်းစားပွဲထိုင်သုံး နိုင်ငံခြားအိတ်များမှာ ကျပ်လေးငါးရာအထိ တန်ဖိုးရှိကြသည်။ လက်ကိုင်အိတ်များ သီးသန့်ရောင်းသော ဆိုင်ကြီးများလည်း ပေါ်ပေါက်ခဲ့သည်။ ကချင်မနောတိုင်များနှင့် ပိုက်ဆံအိတ်များမှာ နှစ်သက်ဖွယ်ဖြစ်ပါသည်။

နာမည်ကြီးဈေးများတွင် အမျိုးသမီး ဝတ်စုံဆိုင်များ၊ အလှကုန်ပစ္စည်းအရောင်းဆိုင်များ၊ ခေတ်ပေါ်လုံချည်ဆိုင်များမှာ ရာခိုင်နှုန်း ၉၀ နီးပါးခန့် ရှိလေသည်။ ပေါင်ဒါ၊ ရေမွှေး မိတ်ကပ် ပစ္စည်းများရောင်းသောဆိုင်တွင် နေ့စဉ်နှင့်အမျှ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။ နိုင်ငံခြားသို့သွား၍ဝယ်ရန် မလိုသလောက်ပင် မြန်မာပြည်၌ အဆန်းအပြားဟူသမျှ ရနိုင်သည်ကို တွေ့ရသည်။

ယနေ့ မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုကိစ္စကို အသေးစိတ်ဖော်ပြနိုင်ရန်မှာ ခဲယဉ်းလှပေသည်။ အကြောင်းမှာ တစ်နေ့တခြား ဆန်းသစ်နေဆဲ ပြောင်းလဲနေဆဲဖြစ်၍ ရှေ့ဆက်လက်ပြီး မည်သို့မည်ပုံဝတ်ကြလိမ့်မည်ဟု မခန့်မှန်းနိုင်ပါ။ အသစ်အဆန်း၌ အာရုံတွယ်တာ မက်မောခြင်းမှာ စင်စစ် အံ့သြဖွယ်မရှိပေ။ ငယ်ရွယ်သူများဖြစ်၍လည်း အတုအပဘက်၌ ဇောစိတ်သန်တတ်ကြသည်ကို ခွင့်လွှတ်ရမည်ဖြစ်ပါသည်။

သို့ရာတွင် ဘဝတစ်ခု တည်ဆောက်ရေး၌ အဝတ်အထည်ကိစ္စနှင့်ချည်း ပြီးသည်မဟုတ်ဘဲ စားရေး၊ သောက်ရေး၊ ကျန်းမာ၍ အသက်ရှည်တည်တံ့ရေးသည် ပို၍အရေးကြီးသည်ဖြစ်ရာ စီးပွားရေး ရှုထောင့်မှနေ၍ကြည့်လျှင်လည်း အပိုသုံးပစ္စည်းများ လျှော့ပေါ့သုံးစွဲကြရန် လိုအပ်နေသည်ကို တွေ့ရသည်။ အနောက်တိုင်းဆင်ယင်ဝတ်စားမှုကို အတော်များများ အကောင်းထင်လက်ခံနေကြခြင်းသည် မိမိတို့ရိုးရာ ဆင်ယင်ထုံးဖွဲ့မှုကို အထင်မကြီးကြောင်း သိသာပေသည်။ မိမိတို့ရိုးရာယဉ်ကျေးမှုကို ဥပေက္ခာထားရာလည်း ရောက်သည်သာမက တန်ဖိုးမထားကြောင်းလည်း ထင်ရှားသည်။ မလုံ့မလဲဝတ်စားဆင်ယင်မှု၊ ခန္ဓာကိုယ်အစိတ်အပိုင်းကို တမင်ဖော်လှစ်ပြ၍ ဝတ်သော ဆင်ယင်နည်းမှာ မြန်မာ့ယဉ်ကျေးမှုနှင့်လည်း ဖီလာကျစေသည်။

အကယ်၍သာ မိမိတို့၏ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများသည် သမိုင်းစဉ်တစ်လျှောက်လုံး မည်မျှခမ်းနားထည်ဝါ ကျက်သရေဖြာခဲ့ဖူးသည်ကို လေ့လာသိရှိထားမည်ဆိုပါက မိမိတို့လူမျိုး၏ ယဉ်ကျေးမှုကို ထာဝစဉ်စောင့်ရှောက်မိကြမည်မှာ သေချာပါသည်။ မိမိတို့လူမျိုးနှင့် ယဉ်ကျေးမှုအပေါ်တွင် လေးစားမှု နည်းပါးသည်နှင့်အမျှ ဇာတိမာန်စိတ်ဓာတ်များလည်း ပျော့ခွေကျဆင်းသွားမည်မှာမလွဲ။ ဇာတိမာန်မရှိသေးသမျှ တိုင်းပြည်၏သားကောင်းသမီးကောင်းများဟု မခေါ်နိုင်သေးပေ။ ရိုးရာကို မြတ်နိုးစောင့်ရှောက်ရမည် ဆိုရာ၌လည်း ရှေးဟန်အတိုင်း တစ်သဝေမတိမ်း လိုက်နာဝတ်ဆင်ရမည်ဟုဆိုလို။ ရှေးခေတ်ဟောင်း၏ ဆင်ယင်ထုံးဖွဲ့မှုများကို ဖော်ပြရခြင်းမှာ ခေတ်ကို နောက်ပြန်ဆွဲခြင်းမဟုတ်။ အချိန်ကာလနှင့် ပတ်ဝန်းကျင် အခြေအနေအရ ပြုပြင်ပြောင်းလဲရမည်ဖြစ်သော်လည်း တိုင်းတစ်ပါးယဉ်ကျေးမှု၏ လွှမ်းမိုးမှုမခံရအောင် သတိရှိသင့်ပေသည်။ မိမိတို့မြန်မာ အမျိုးသမီးများ ခေတ်အသီးသီး၌ ထည်ဝါခံ့ညားစွာ ထုံးဖွဲ့ရစ်နှောင် ကျက်သရေ ဆောင်ခဲ့ပုံများကို စိတ်ပါဝင်စားရန်နှင့်တူးဖော်ရရှိသောရှေးဟောင်းပစ္စည်းလက်ရာများနှင့်ပန်းချီပန်းပု ရုပ်တုဓာတ်ပုံ၊ စာပေကိုတအထောက်အထားများကို ဖော်ပြကာ လက်လှမ်းမီရာရှာဖွေစုဆောင်းပြီး ဤစာအုပ်ကို ရေးသားပြုစုရခြင်းဖြစ်ပါသည်။

# အခန်း (၁၁)

# မြန်မာအမျိုးသမီးနှင့် ပဝါ

ပဝါဟူသည်မှာ ပါဝါရဟူသော ပါဠိမှ ဆင်းသက်လာသည်ဟု ဆရာကြီး ဦးဖိုးလတ်က ဖွင့်ဆိုခဲ့ပါသည်။ ဘုံပတီးဟုလည်း ခေါ်သေးသည်ဟုသိရပါသည်။ မြန်မာနှင့်ပဝါမှာ ခွဲခြားထား၍မရစကောင်းပါ။ ကျား မ မဟူ ပဝါကိုပေါင်းသည်။ ရစ်သည်။ ခြုံသည်။ ရုံသည်။ လက်ကန်တော့ထိုးသည်။ လောဘက်ထိုးသည်။ လည်မှာယောက်သည်။ သိုင်းသည်။ ရင်မှာစည်းသည်။ ပဝါစုံချသည်။ ပါးလျှင်ပဝါ ထူလျှင်တဘက်ဟု မှတ်သားရပါသည်။ ကျင်ခတ်ပဝါ၊ပုသိမ်ပဝါ၊ ဒေါင်းပဝါ၊ ဂျပန်ပဝါ၊ ရှန်ပဝါတို့မှာ နိုင်ငံခြားဖြစ်များဖြစ်ပါသည်။ ပဝါပါးဟူသည်မှာ တိုင်းတစ်ပါးသားများမှတစ်ဆင့် ရောက်ရှိလာခြင်းဖြစ်ပြီးလျှင် မြန်မာ ရှေးသူဟောင်းတို့မှာ ချည်ထည်အထူ တဘက်များကိုသာ အသုံးများခဲ့ကြပါသည်။

**"ပဝါပါးနှင့် ကြက်သားထုပ်က စွန်းတတ်သည်။**
**တစ်ရှာသားကို ရည်းစားလုပ်က လွမ်းတတ်သည်။**
**အနေစုတ်သော်လည်း ရွှေထုပ်တဲ့မြပဝါ"**

ဟူသောစကားများရှိခဲ့ပါသည်။

**"ရွှေပွဲလာ ပုသိမ်ပေါင်းတို့က စောင်းချိတ်မှကြိုက်ကြတယ်"**ဟူသော ဗိုကြီးသံသီချင်းတွင် အမျိုးသားများကို "ပုသိမ်ပေါင်း" တို့ဟု ဆိုထားပါသည်။ ပုသိမ်ပဝါကို ခေါင်းပေါင်းသော အမျိုးသားများကိုရည်ရွယ်ပါသည်။ နိုင်ငံခြားမှ ပဝါများကိုသင်္ဘောဖြင့်ပို့၍ ပုသိမ်သို့ဦးစွာ ရောက်ရှိဆိုက်ကပ်သဖြင့် ပုသိမ်ပဝါဟု ခေါ်ခြင်းဖြစ်ပါသည်။ ရတနာပုံနေပြည်တော်သို့ ပြင်သစ်မှဆက်လိုက်သော ပဝါများမှာ ပါတော်မူချိန်တွင် မန္တလေးသို့ မရောက်တော့ဘဲ ရန်ကုန်တွင်သာ ရောင်းချပစ်လိုက်သဖြင့် နန်းသုံးတော်ဝင်အဖြစ်မှ အများသုံးဖြစ်လာခဲ့သည်ဟု သိရပါသည်။ စုဖုရားလတ်၏ ရင်စည်းပဝါများကို နဂါးလိမ်သဲပက်၊ သုံးပန်လှ၊ ဇွန်စိပ်၊ ဇွန်ကျဲ၊ လစက်ဝန်း၊ သော်တာနောင်နှင့် ဂမုန်းဆွဲဟုခေါ်ကြောင်းသိရပါသည်။

ဘိုးဝဇီရစာအုပ်၏ "တောပု"ဘုရားပွဲသွားမှာတမ်း၌

**"ပဝါများမှာ အပါးကောင်း၊ အသားကောင်း၊ အများဒေါင်းအဖိုးတန်၊ အမျိုးမှန် အဆင်ထပ်၊ ကျင်ခတ်နှင့်ရောင်ရှိန်၊ ဖဲပြောင်ထိန် ကွမ်းတုံဆန်း၊ပန်းတဲ့ကာရမ်းတဲ့ကာ၊သန်းလဲ့ပြာမှုံညက်လို့၊စုံမက်ဘွယ်ခြုံ"**

ဟူသောစာသွားအရ ခြုံတဘက်နှင့် ခြား နား သော ပဝါပါးများအကြောင်း တွေ့ရပါသည်။ ဖိုးဖဲပဝါ၊ ခါသာပိတ်အုပ်၊ သားမွေးအင်္ကျီ၊ ကတ္တီပါထည်များမှာ နန်းသုံးပစ္စည်းများသာ ဖြစ်ပါသည်။ ဆင်းရဲသားများ အဖို့ကား လက်ဖြစ်ရက်ကန်းထည်များနှင့်သာ ရောင့်ရဲရသည်။

**"ပ ဝါ ရက် သစ်၊ မယ်ကပေးတဲ့ ပိုးသေးမပါ၊ ခေါင်းပေါင်းပြာ လည်မှာရစ်လို့"** ဟူသော အိုင်ချင်းလာစကားများ ရှိခဲ့ပါသည်။

သျှိုးလိုက်ရတုတစ်ပုဒ်၌လည်း

**"ခြုံကာနဂါးလိမ်၊ ပုသိမ်သဲပက်၊ ပခုံးထက်မှာ ငိုလျက် နှုတ်ဆက်ခါနှင့်၊ ခက်ပါဘိမောင့်ကိုဘိုကယို နှင့် ကိုယ်ဟန်ညွတ်တိမ်း၊ နွဲ့ယိမ်းယိမ်းမှာ၊ ဒေါင်း ပဝါသုတ်ကာ မျက်ရည်ရွှဲနှင့်လေ"**

စသည်ဖြင့် အမျိုးသားများပါ ပဝါအသုံးပြုကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

ပန်းပွင့်ခေါင်းပေါင်းကြီးများနှင့် အမျိုးသားများ၏ ပုံကိုလည်း တွေ့ဖူးကြပါလိမ့်မည်။ ယောကျ်ားမင်းသမီး ဦးစိန်ထိုက်သည် သရုပ်ဆောင်ရာ၌ အလွန်တော်၍ ချည်ပေါင်ပွင့်အနက်ခံပဝါမှာ ၎င်း၏အသားဝါနှင့် လွန်စွာလိုက်ဖက်သည်ဟု အဆိုရှိခဲ့ပါသည်။ မူလက တဘက်အထူများကို ပေါင်းလာကြရာမှ နိုင်ငံခြားဖြစ် သင်္ဘောကုန် ပါးပါးညက်ညက်ကလေးများကို သုံးလာကြခြင်း ဖြစ်ပါသည်။ နိုင်ငံခြားမှ တစ်ပြည်ထွက် တစ်ကျွန်းထည်များ သင်္ဘောနှင့်ပါလာ၍ အသစ်အဆန်း သုံးစွဲကြစေကာမူ မြန်မာအမျိုးသမီး အမျိုးသားများသည် မြန်မာ့ပုံစံပျက်အောင် ဝတ်စားဆင်ယင်လေ့ မရှိကြပါ။

## (၁) မြတဘက်

ပျူခေတ်က ပဝါများကို ခေါင်းမှာချည်သည်ဟု ဆိုပါသည်။ အင်းဝခေတ်၌ကား တဘက်ကို သုံးစွဲကြောင်း **"ဆင်စွယ်ဝန်းယှက်၊ မွေးမေရက်သည်၊ တဘက်တို့က ဆင်လာရလည်း"** ဟူ၍ရှင်မဟာရဋ္ဌသာရ၏ ပုရေနိသင်ချီရတု (နှမလက်လျှော့ နေလေတော့) တွင် တွေ့ရပါသည်။ မိဖုရားများမှာ မြတဘက်ကို ပခုံးတင်လေ့ရှိကြသည်။ တစ်ခါတစ်ရံ ပခုံးကိုသိုင်း၍ ခြုံနည်းလည်းရှိသေးသည်။ ရွှေဇာဖျင်၊ ငွေဇာဖျင်ပေါ်တွင် ရွှေကြိုး၊ ရွှေခက်၊ ကျောက်မျက်ရတနာများ စီခြယ်ထားသည့်အတွက် အဖိုးတန် အဆင်ရတနာပင် ဖြစ်သည်။ တဘက်တွင်လည်း ရွှေခြူကလေးများ ဆွဲကြသည်ဟု ဆိုပါသည်။

မြတဘက်သည် လွှမ်းခြုံနိုင်သော ပဝါအမျိုးအစား မဟုတ်ပေ။အသားထူပြီးအနံတိုသော နံငယ်တဘက်သာ ဖြစ်ပါသည်။

## (၂) မုံတဝလိုဏ်ဂူနှင့် ရွှေတဘက်

၁၉၆၅ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် တောင်ကြီးမြို့အနီး မုံတဝလိုဏ်ဂူတော်၌ ထူးဆန်းစွာ တွေ့ရသော အလျား ၄၄ လက်မ၊ အနံ ၆ လက်မရှိ အလေးချိန် ၂၇ ကျပ်သားစီးသည့် ရွှေတဘက်တစ်ထည်ကို ဖြန့်လျက်သားတွေ့ရှိရသည်ဟုမုံတဝလိုဏ်ဂူအကြောင်းစာအုပ်တွင် ပုံနှင့်တကွ တွေ့ရှိရသည်။ ထိုရွှေတဘက်သည် ရွှေသားအစစ်ကို ဆံခြည်မျှင်ခန့်သေးသော နန်းကြိုးများဆွဲ၍ လှပစွာ ဂျပ်ခုတ်ရက်ထားဟန်တူကြောင်း၊ တစ်ဖက်စီတွင် ရွှေဟင်္သာရုပ်များဖော်ထားပြီး အချိတ်ပန်းခြူးနွယ်များဖြင့် လှပစွာရက်လုပ်ထားကြောင်း၊ ကျောဘက်တွင် ယပ်တောင်ကွက်များ ဖော်ထားကြောင်း၊ အဖျားနှစ်ဖက် အနားတွင် ရွှေခြူလုံးကလေးများကို သေသပ်စွာ ဆွဲစီထားရာ လှုပ်ရှားတိုင်း ရွှေခြူသံမြည်ကြောင်း၊ ယခုမျက်မှောက်ခေတ်တွင် စိတ်ကူး၍မျှ မဖြစ်နိုင်သော လက်မှုပညာတစ်ရပ်ဖြစ်ပေရာ မည်သည့်ခေတ်ကဟူ၍ မခန့်မှန်းနိုင်ကြောင်း ဖော်ပြထားလေသည်။

မြတဘက်ကို ရှေးမိဖုရားများ၏ပုံတွင် တွေ့မြင်နိုင်ကြပါသည်။ ဒေဝီခြုံ ခြုံသည်ဟုဆိုခြင်းမှာ ပဝါအရှည်ကို လွှမ်းခြုံ၍ အရှည်ကျနေခြင်းကိုခေါ်ပါသည်။ မြတဘက်နှင့် ရွှေတဘက်ကိုမူ ဒေဝီခြုံ မခြုံနိုင်ပါ။ ပခုံးတင်ခြင်း၊ စလွယ်သိုင်းခြင်းသာ ပြုလုပ်နိုင်ပါသည်။

စစ်မဖြစ်မီက အောဝမ်းရုပ်ရှင်မှ တင်ဆက်သော "မြတဘက်" ဇာတ်ကားဟူ၍ ရှိခဲ့ပါသည်။ ရွှေခြည်ထိုးလက်ရာဖြစ်သော မြတဘက်တစ်ထည်ကို ယဉ်ကျေးမှုပြတိုက်၌ ပြထားသည်ကို လေ့လာနိုင်ကြပါသည်။ အချို့မြတဘက်အမြိတ်များ၌ ရွှေခြူလေးများ၊ ညောင်ရွက်ကလေးများ ပါတတ်ပါသည်။ အချို့စာပေပညာရှင်များကလည်း ပဝါကို ရင်၌လွှမ်းသည့် အလှအကြောင်း **"ရင်လွှမ်းတဲ့ ပျော့ဝါဝါမှာ၊ လျှော့ကေသာ တိမ်းငဲ့လေ၍၊ တိမ်ကြားက ပပမြူတယ်၊လနှစ်ဆူပုံလေ့"** စသည်ဖြင့် စိတ်ကူးယဉ် တေးထပ်များကို ရေးစပ်ခဲ့ကြသည်။

နန်းတွင်းသူများ၏ မြတဘက်ရင်သိမ်းတော်၊ စုလျား၊ ထဲနှီး (ထဲနှီးမှာ အောက်ခံကို ခေါ်ခြင်းပင်) အတွင်းခံများမှာ ကြယ်ပွင့်ထိုး၊ ရွှေနဂါးထာ ဘူးနွယ်ထိုး၍ ဝတ်ဆင်ကြကြောင်း သိရပါသည်။ ပဝါပါးများကိုကား ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် ရောက်မှ သုံးကြဟန်တူပါသည်။ သက္ကလပ်ခြုံထည်၊ ရေခဲစောင်၊ ဝံသာနုတဘက်၊ အေးတဘက်ဟူ၍ ရန်ကုန်ရှိ စတိုးတိုက်ကြီးများက ရောင်းချလေ့ရှိရာ ကာရန်လင်္ကာများနှင့်ပင် ကြော်ငြာခဲ့ပါသည်။ "ဘောင်ဝါဆောင်ဒင်၊ အောင်သဘင်နှင့် နောင်စဉ်မသွင်း" စသည်ဖြင့် ဘောင်ဝါဆောင်ဒင်တိုက်က ကြော်ငြာများ ရှိခဲ့သည့် အပြင် "လိုက်လေမနေ့၊ တိုက်တွေမေးကြတော့ ဝိုက်အေဝေးမှာလည်းမရှိ" ဟူ၍ ဝိုက်တဝေးတိုက်၏ ကြော်ငြာသည်လည်းကောင်း၊ "တစ်မျိုးစရိုက် အဖိုးထိုက်ရာမှ ရို့တိုက်က အသာဆုံး" "လူမှာအမျိုး၊ ကြက်မှာအရိုး၊ ရုပ်မှာစတိုး" စသော ကြော်ငြာများကောင်း၍ ဝယ်ဖြစ်ကြရပါသည်။

**"ချစ်တီးထည် ပဝါမြိတ်ကယ်နှင့် ရာချိတ်ဟာ သူ့ထက်မကျောပါဘူး၊ ပါတိတ်မှာ နုလျက်ချောသပါ့"**

ဟုဆိုရာတွင် ပဝါအမြိတ်များလည်းရှိကြောင်း သိရပါသည်။ "ကြုံကြုံဖန်ဖန်" ဟူသော ယိုးဒယားသီချင်း၌

**"ပုသိမ်အေးနှင့် ခင်ခင်လေးရယ် ခြုံထွေးပါလို့ကွယ်"**

ဟူသောအပိုဒ်ကို တွေ့ရပါသည်။ ပုသိမ်အေးပဝါကို ခေါ်ခြင်းဖြစ်ပါသည်။ သင်္ဘောများ ပုသိမ်မြို့ကို အလျင်စိုက်၍ ပုသိမ်မှလာသော ပဝါကို ပုသိမ်အေး၊ ပုသိမ်ပဝါဟု ခေါ်ကြပါသည်။

ဆာပါပဝါဟုခေါ်ရာ၌ စဉ်းစားဖွယ် တွေ့ရပါသည်။ ရှေးက ရွှေဒင်္ဂါး၊ မတ်စေ့၊ ငါးမူးပြား၊ တစ်ကျပ်ပြားများတွင် မြိတ်ထုံး၊ ဆာပါခြုံ၊ မြင်းစီး၊ လုံ့ထိုးဟူသော

အမှတ်အသားများ ရှိပါသည်။ တိုက် တံ ဆိပ် ဆို လျှင် အကောင်းဆုံးရွှေဖြစ်ပါသည်။ မိတ်ထုံးမှာ ဆံထုံးနောက်တွဲနှင့် ဘေးစောင်းပုံဖြစ်၍ ဆာပါခြုံမှာ မေရီဘုရင်မနှင့် ဝိတိုရိယဘုရင်မတို့၏ခေါင်းတွင် ပဝါခြုံပြီး ၎င်းအပေါ်မှ သရဖူဆောင်းထားသော ပုံပါသည့် ရွှေဒင်္ဂါးတွင်ဖြစ်ပါသည်။ ၎င်းပုံများကိုကြည့်၍ ရွှေအမျိုးအစားကို မှန်းဆကာ တန်ဖိုးအနည်းအများ၊ ဈေးကွာခြားမှုရှိပါသည်။ ၁၉၂၅ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်လောက်က ရွှေဒင်္ဂါးတစ်ပတ်တစ်ပြားလျှင် အများဆုံး ၁၅ ကျပ်ဖြစ်ပါသည်။ ငါးမူးပြား၏ ဈေးမှာ ၃၂ ကျပ်ခန့်သာ ရှိပါသည်။ ထိုဆာပါခြုံ ရွှေဒင်္ဂါးများနည်းတူ ပဝါများကိုလည်း ဆာပါပဝါဟု ခေါ်ခဲ့သည်ဟု ထင်ရပါသည်။ ဦးဘိုးစိန်ကြီး၊ ဦးစိန်ကတုံးတို့ကို ရွှေဒင်္ဂါးပိတ်သော ဆေးလိပ်များ လက်ဆောင်ပေးသည့်အချိန်မှာ ထိုအချိန်လောက်က ဖြစ်ပါလိမ့်မည်။

"နေမှိန်မှိန်၊ ဆင်ပေါင်းတော် ရွှေပုသိမ်နှင့်" ဟု မိဖုရားမမြကလေးရေးချိန်၌ ပုသိမ်ပဝါများ အလွန်ခေတ်စားနေပါလိမ့်မည်။ နိုင်ငံခြားပစ္စည်းများကို ယခုခေတ်မှသာမဟုတ် ရှေးရှေးတုန်းကလည်း မက်မောတွယ်တာခဲ့ကြပုံကို စဉ်းစားဖွယ်ဖြစ်ပါသည်။

**"အပြာတွင် မဲရောင်ခရမ်းရယ်နှင့် ပဝါဆင်ဖဲစောင်မှ ဆန်းတယ်လို့ ထာဝစဉ်ပွဲဆောင်ကို မြန်းကြတယ်"** ဟူသော အဆန်းမု ကြိုက်တတ်ကြ ပုံကလေးများမှာ ယနေ့မျက်မှောက်ခေတ်နှင့် အတူတူပင်ဖြစ်ပါသည်။

ရှေးလူကြီးများက ပဝါမပါဘဲ ကျောင်းကန်ဘုရားများသွားလျှင် ပိုးတုံးလုံးဖြစ်တတ်သည်ဟု ဆုံးမခဲ့ကြရာ လူငယ်များကလည်း ပိုးတုံးလုံးဖြစ်ရမှာစိုး၍ ပဝါမပါဘဲ ဘုရားမသွားကြပါ။ ယနေ့ အမျိုးသမီးငယ်များအဖို့မှာမူ ပဝါကို အလေးအနက် မထားကြတော့။ ပဝါကို အရေးပါသော အသုံးအဆောင်ဟုလည်း မယူဆကြတော့ပါ။ တဘက်ပဝါနှင့် ဘုရားကျောင်းကန်သွားသော ဓလေ့ဟောင်းသည် ကွာကျခဲ့ပြီး ဖြစ်ပါသည်။ ဖာရစီ အမျိုးသမီး၊ ပန်ချာပီ အမျိုးသမီး၊ အင်ဒိုနီးရှား၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ခေါင်းမြီးခြုံ အိန္ဒိယအမျိုးသမီးများကမူ ယနေ့အထိ ပဝါကို မပစ်ပယ်ကြသေး။

စစ်ကြိုခေတ် လွတ်လပ်ရေး ကြိုးပမ်းခဲ့စဉ်အချိန်က တစ်နိုင်ငံလုံးလိုလို ဝံသာနု အေးတဘက်များမှာ အလွန်ခေတ်စားခဲ့သည်။ အာဝါဒေးပဝါဟုလည်း ရှိသေးသည်။ ပဝါကို ယနေ့အထိ ဆက်လက် သုံးစွဲလာကြသူများကို ပြပါဟုဆိုလျှင် ဇာတ်သဘင်လောကမှ မင်းသမီး မင်းသားများကိုပဲ လက်ညှိုးညွှန်ပြရပါလိမ့်မည်။ ရွှေပိုင်းတွင် အော်ပရာ၊ ခေတ်ပြဇာတ်နှင့် ဘဲလေးအကများ မည်မျှခေတ်စားစေကာမူ ဇာတ်ကြီး၌ပဝါမပျောက်ကွယ်သေး။ ပဝါဖြင့် ကနေကြသေးသည်။ ပဝါဖြင့် အလွမ်းသရုပ်ဖော်နေကြဆဲ ဖြစ်ပါသည်။

ကတိုးကော့နှပ်မှ မွန်သူဌေးကြီး ဦးနာအောက်သည် ရောဝတီဖလော်တီလာ နိုင်ငံခြားသင်္ဘောနှင့်အပြိုင် ကိုယ်ပိုင်သင်္ဘောကို မော်လမြိုင်နှင့် ရန်ကုန်ပြေးစဉ်က လက်မှတ်တစ်စောင်ဝယ်လျှင် ပဝါတစ်ပိုင်စီ လက်ဆောင်ပေး၍ စည်းရုံးခဲ့သည်ဟု ကြားဖူးပါသည်။ ပဝါကို မြန်မာတို့တန်ဖိုးထားသောအချိန် ဖြစ်ပါသည်။ မင်္ဂလာဆောင်နှင့် အလှူအတန်း၌လည်း ပဝါကမ်းခြင်း၊ ပဝါကို ဆုအဖြစ်ပေးခြင်းများ ရှိခဲ့ပါသည်။

ရှေးခေတ်မင်းသား မင်းသမီးများ နှစ်ပါးသွားရာ၌ ပဝါတစ်ကမ်း ယပ်တောင်တစ်လှမ်းကွာ၍ ကကြသည်ဟု ဆိုပါသည်။ လေးတောင်ပဝါတစ်ကမ်းဆိုလျှင် အတော်ဝေးဝေးမှ နှစ်ပါးသွားကြခြင်းဖြစ်ပါသည်။ မင်းသမီး၏ ပဝါသည် အရေးပါသော ပစ္စည်းဖြစ်ပါ၏။ တစ်ခါတစ်ရံ လှေသင်္ဘောအဖြစ် လူရွှင်တော်နှစ်ဦးကကိုင်ပြီး ရေလားကိုသီဆိုလျှင် ပင်လယ်ထဲမှသင်္ဘောဟု ထင်ရပါသည်။

**"မြတဘက် ခါးထက်နာနာပမ်း၍ မိန်းမကြမ်း လုပ်တော်မူပါ"** ဟူသော မင်း သမီး အ ချော့ စ ကား များလည်း ရှိပါသေးသည်။

**"စုလရာဖျင်တဘက်ကိုမှ တင်ပခုက်လုံအောင် မဖုံးနိုင်ဘူး"**ဟူသော ဦးကျော်လှ၏ သံချိုအပြင် **"ပါလာတဲ့ ရှန်တဘက်ကလေး ခေါင်းပေါ်တင်"**ဟူသော မင်းဂန်ဘုတ် ရွာသူတေးသည် လည်းကောင်း မြန်မာနှင့်ပဝါ ဆက်သွယ်ရင်းနှီးခဲ့ပုံကို ဖော်ပြလျက်ရှိပါသည်။

## (၃) မဟာလ္လတာနှင့် ဂဏမတ္တကအဆင်တန်ဆာ

ရှေးပဝေဏီက ဆံဖျားမှ ခြေဖျားအထိ ဖုံးလွှမ်းဆင်ယင်အပ်သော အဝတ်တန်ဆာဟု ဆိုလျှင် မဇ္ဈိမဒေသတိုက်အလုံး၌ တန်ဖိုးအကြီးဆုံး၊ အမြင့်မြတ်ဆုံး အဝတ်အစားမှာ မဟာလ္လတာပင် ဖြစ်ပါသည်။ ယင်းမဟာလ္လတာ၏ ကြီးကျယ်ခမ်းနားပုံကို ရဟန်းပညာရှိ၊ လူပညာရှိများက စာပေအဖွဲ့အနွဲ့များနှင့်ဒမ္မမ်းတင်လာခဲ့ကြပါသည်။ မဟာလ္လတာအစစ်ကို မြင်ရခဲသော်လည်း ဇာတ်၊ ရုပ်သေးပွဲများ၌ ဘုရင်၊ မိဖုရား၊ နတ်၊ ဗြဟ္မာ၊ သိကြား ရုပ်ကလေးများကိုဝတ်ဆင်သော

ပြိုးပြိုးပြက်ပြက် အဝတ်အစားများကို တွေ့နိုင်ပါသည်။ မဟာလ္လတာအစစ်ကို ပန်းချီကျော်၊ ပန်းထိမ်ကျော်တို့၏ အတုမရှိသော စိတ်ကူးစွမ်းရည်နှင့် ရတနာကိုးပါးဖြင့် အစွမ်းကုန် မွမ်းမံပြင်ဆင်ထားသည်ဖြစ်ရာ တန်ဖိုးမှာ ကိုးကုဋေတန်သည်ဟု အဆိုရှိပါသည်။

မဟာလ္လတာ အဝတ်အစားများကို ရှေး မင်း မိ ဖု ရား များ ရာဇာဘိသေက ခံယူနေစဉ်နှင့် မင်္ဂလာယူနေချိန် များ၌ ဆင်မြန်းလေ့ ရှိကြပါသည်။ သမီးတော်များ နားထွင်းချိန်၊ သျှောင်ထုံးချိန်၊ ဒက်ဘယက် ဒွါဒရာများ ဆင်မြန်း၍ မင်္ဂလာယူချိန်နှင့်ဇာတ်ပွဲသဘင်များ၌ ဝတ် ဆင်လေ့ရှိကြသည်။ ရွှေသားပကတိကို ရွှေနန်းကြိုး များသွယ်ခက်၍ ကျောက်မျက်ရတနာများ စီခြယ်မြှုပ် နှံတပ်ဆင်ထားသည့်အပြင် ကနုတ်ကြွပန်းခက် ပန်းနွယ် များဖြင့် ချုပ်လုပ်ထားခြင်းကြောင့် အလှဂုဏ်၊ မနဂုဏ် သာမက ပကာသနဂုဏ်ပါ အစွမ်းကုန် ပေါင်းစပ်ထား သော အဝတ်အစားဖြစ်ပါသည်။



မဟာလ္လတာ အဆင်တန်ဆာ (ဘေးမှမြင်ရပုံ)



မဟာလ္လတာ အဆင်တန်ဆာ (ရှေ့မှမြင်ရပုံ)

ထို မင်းခမ်းမင်းနား အဆင်တန်ဆာကို နှစ်မျိုးနှစ် စားခွဲခြားထားရာ မဟာလ္လတာအဆင်တန်စာကို မိဖုရား ခေါင်ကြီးများသာ ဆင်မြန်းရ၍ ဂဏ္ဍမတ္တာကတန်ဆာကို မူ အလယ်နန်း၊ မြောက်နန်း၊ အနောက်နန်း စသော နန်းရ၊အဆောင်ရ မိဖုရားသုံးပါးနှင့် သမီးတော်ကြီးများ သာဆင်ယင်ခွင့်ရလေသည်။ အချို့အဆောင်ရ မိဖုရား များလည်း ဒုတိယ ဂဏ္ဍမတ္တာကတန်ဆာထက် အဆင့် မမြင့် တန်ဖိုးလျှော့ထားသော အဆင်တန်ဆာကို ဝတ် ဆင်ခွင့် ကြရလေသည်။ ထိုအဝတ်အစားမှာ မဟာလ္လတာ နှင့် ဂဏ္ဍမတ္တာကတန်ဆာလောက် မခမ်းနားလှပေ။ ဆင် တူမဖြစ်စေရဟူသော စည်းကမ်းချက်များကို လိုက်နာ ရပေသည်။

မဟာလ္လတာကို ဝတ်ဆင်နိုင်သူ သုံးဦးသော အမျိုးသမီးများမှာ—

၁။ သာကေတမြို့မှ ဓနဥ္စယ သူဌေးကြီး၏သမီး ဝိသာခါ၊

၂။ ဗာရာဏသီသူဌေးကြီး၏သမီး သုမနနှင့်

၃။ ကောသလဘုရင်၏ စစ်သူကြီးဖြစ်သော ဗန္ဓုလ၏ဇနီး မလ္လိကာတို့ ဖြစ်လေသည်။

ထိုမဟာလ္လတာ ဝတ်ရုံကြီးမှာ ရွှေချိန် ၁,၀၀၀ နှင့် ရတနာကိုးပါး စီခြယ်၍ မွမ်းမံထားသည်ဖြစ်ရာ ထိုဝတ်ရုံ၏အလေးချိန်ကို ဟန်မပျက်ဝတ်ဆင်နိုင်ရန်ခဲယဉ်းလှပေသည်။ ရုပ်ဆင်းအင်္ဂါ ကြန်အင်လက္ခဏာ အဖြာဖြာနှင့် ပြည့်စုံသော ပျိုမျစ်နုနယ်သည့် အမျိုးသမီးလေးအဖို့ မဟာလ္လတာဝတ်ရုံကို ဝတ်ဆင်ရမည့် ကိစ္စ၌ ထူးခြားသော ဘုန်းကံ ပါရမီရှိရမည် ဖြစ်ပေသည်။

မဟာလ္လတာ တန်ဆာလုပ်ဟန်ကား အထူးထူးသော ရွှေယက်၊ ငွေယက်၊ ရွှေပုစွန်ဆီ၊ ငွေပုစွန်ဆီတို့ကို သင့်ရာအုပ်မှုဖြတ်၍ ခြယ်လှယ်ချုပ်လုပ်ရသည်မှာ ပတ္တမြား အပြည့်စီခြယ်သော ဦးခေါင်းတော်၏ ဆံထုံးပုံ၌ ဥဒေါင်းရုပ်၏မျက်လုံးကဲ့သို့ ပတ္တမြားကြီးကား တစ်ဖက်တစ်လုံး စီရသည်။ ဥဒေါင်း၏ နှုတ်သီးကဲ့သို့ တစ်မိုက်ခန့်ရှိသော သန္တာကို ဥဒေါင်းနှုတ်သီးသဏ္ဍာန်တပ်သည်။ ဦးခေါင်းတော်စွပ်၏ထိပ်လယ်တွင်လည်း ဥဒေါင်း၏ ဦးစွန်းကဲ့သို့ မြပတ္တမြား ခြယ်လှယ်သောစိုက်ပန်းကို စိုက်သည်။ ဆံမြိတ်တော်ကိုလည်း ဥဒေါင်းလည်ကဲ့သို့ ညွတ်ညွတ်ခွေခွေလုပ်၍ မြနှင့်ပတ္တမြား အပြည့်ခြယ်လှယ်သည်။ ရင်လွှမ်းတော်မှာလည်း ဥဒေါင်းကဲ့သို့ မြစိမ်းပတ္တမြား၊ ပုလဲသန္တာတို့ဖြင့် ခြယ်လှယ်၍ အဆွဲအချိတ်နှင့်တကွ ဆန်းကြယ်စွာပြုလုပ်ထားသည်။ ပတ္တမြားနှင့် မြအပြည့်စီသော ရွှေခက်ကြိုးကိုလည်း လက်ဝဲလက်ယာချိတ်ဆွဲသည်။ လက်ဝဲလက်ယာ နားတောင်းတော်မှာလည်း မြ၊ပတ္တမြားနှင့် စိန်ကိုခြယ်လှယ်မွမ်းမံရသည်။ ဥဒေါင်း၏ ကိုယ်သဏ္ဍာန် အင်္ကျီတော်ကိုလည်း လက်ရင်းကသည် လက်ဖျားဖွင့်လျက် ဥဒေါင်းအတောင်ကဲ့သို့ ရွှေငွေ ပတ္တမြားတို့ဖြင့် ဝေဖန်ခြယ်လှယ်ချုပ်လုပ်၍ လက်ဝဲ၊ လက်ယာ ဥဒေါင်းကဲ့သို့ ချထားသည်။ လက်ကျပ်အင်္ကျီတော်မှာလည်း ခါးရန်သုံးဆင့်နှင့်တကွ အထက်ခါးရန်ဆင့်တွင် ပုလဲ၊ သန္တာ၊ မြ၊ နီလာ၊ ရွှေခြူးညောင်ရွက်ဆွဲထားသည်။

ဒုတိယအဆင့်နှင့် တတိယအဆင့်လည်း ထိုနည်းတူဆွဲထားသည်။ ထိုမှတစ်ပါး ဒွါဒသရာသီ ခါးကြိုးတော် ဒွါဒရာမှာလည်းမြ၊ ပတ္တမြား၊ ရွှေ၊ငွေ၊သန္တာ၊ပုလဲ၊တို့ဖြင့် ဝေဖန်ခြယ်လှယ်ချုပ်လုပ်ထားသည်။လက်ဝဲတော်ခါးကြိုးမြိတ် ၁၀၈ တွင် ပတ္တမြားပန်းပွားဖြင့် လက်ဝဲ၊ လက်ယာ အစေ့ဆွဲချထားသည်။ ဒွါဿရာသီ ၁၂ ခန်းမှာလည်း လုပ်ရိုးဖြစ်သော ဆိတ်စသော ၁၂ ရုပ်တို့ကို စီ၍ အစီအရီ ထုလုပ်ရသည်။

ရွှေထဘီစက်နားမှာလည်းအထူးထူးသောရွှေဇပြောက် ငွေပြောက်တို့ဖြင့် တင့်တယ်စွာ ခြယ်လှယ်ချုပ်လုပ်ရသည်။ ရွှေစုလျားသည်း ရွှေအတိခြယ်လှယ်၍ လက်ဝဲ၊ လက်ယာသုံးဆင့်စီတွင် ရွှေခြူးညောင်ရွက် ဆွဲသည်။ ရတနာဘယက်တော်ကို ခံသော ရင်လွှမ်းတန်ဆာကိုလည်း မြအတိစီခြယ်ချုပ်လုပ်၍ ရင်လွှမ်းဘယက်ခံလုပ်ရသည်။ ရတနာဘယက်တော်လည်း စိန်၊ မြ၊ ဥဿဖရား၊ ပတ္တမြားတို့ဖြင့် ခြယ်လှယ်သော စဉ်ဘောင်ကို လက်ဝဲ၊ မွှာ၊ လက်ယာမွှာစီလျက် ဘယက်တော်ကြီးကို ရွှေနန်းကွင်းနှင့် ချိတ်၍ဆွဲသည်။

ထိုမှတစ်ပါး ပတ္တမြားအပြည့်စီသော ရွှေခြေနင်းတော် နှစ်ဖက်နှင့် နောက်တော်ကသည် ဥဒေါင်းမြီးကဲ့သို့ ရွှေရောင်အဖျားစိမ်းတွင် ရွှေပုစွန်ဆီ ဝတ်ဆံကြဲ၍ ကနေသော ဥဒေါင်း၏အမြီးကဲ့သို့ ရွှေစုလျားဖြင့် ပတ်၍ဆွဲသည်။ အောက်အနားမှာလည်း ရွှေခြူးရွှေညောင်ရွက် အပြည့်ဆွဲသည်။

ထို မဟာလ္လတာတန်ဆာတော် ဥဒေါင်းရုပ်တွင် အဖိုးကြီးသော နဝရတ်ကား ဦးခေါင်းလယ်၌တစ်စုံ၊ နားနှစ်ဖက်ဝယ်နှစ်စုံ၊ ကျောဝယ်နှစ်စုံ၊ ရင်တွင်နှစ်စုံ၊ ခါးဝယ်နှစ်စုံ၊ဒူးဝယ်နှစ်စုံစသည်ဖြင့်နဝရတ်ပေါင်း၁၃စုံ၊ရွှေပေါင်း ၂၀၀ ကျပ်တစ်မတ်၊ ငွေကျော ၃၂ ကျပ်၊ပတ္တမြား ၇၆၈၆၊ စိန် ၁၅၄၃၊ မြ ၂၆၇၀ လုံး သင့်ရာသင့်ရာ၌ ဝတ်ဆံကြဲသောပုလဲ ၁၅ ကျပ်ရှိသည်။ ထိုရတနာဘယက်တော်ကို မဆင်ပဲ ဖြန့်၍ထားသည်ရှိသော် အချိတ်အဆက် စဉ်ဘောင်နှင့်တကွ ရေးထားသော ခိုနန်းကွက်ကဲ့သို့ရှိသတည်း။ ရတနာဘယက်တော်ဝင်သည့် ရွှေပေါင်းကား ၉၁ ကျပ်၊ ပတ္တမြား ၂၇၂၀၊ စိန်ပေါင်း ၁၀၅၊ မြပေါင်း ၂၀၀၊ နဝရတ်ပေါင်း အစုံ ၂၀ ဝင်သတည်း။

ဤတွင်"မဟာလ္လတာတန်ဆာတော်လုပ်နည်းပြီး၏"ဟု ရွှေနန်းသုံးမှတ်ဟမ်း၌ လက်ဝဲနော်ရထာက ဖော်ပြခဲ့လေသည်။ ထိုမဟာလ္လတာတန်ဆာကို နန်းတွင်းသားများသာမက ရဟန်းရှင်လူအများကပါ အမွှမ်းတင်၍ စာဖွဲ့ခဲ့ကြသည်ကို တွေ့ရပါသည်။ ရွှေသင်္ကန်းကပ်လှူရသောအကျိုးဆက်ကြောင့် မဟာလ္လတာ ဝတ်ဆင်ခွင့်ရကြောင်း ဒါနနှင့် ဆွယ်၍လည်း ဟောကြားခဲ့ကြလေသည်။

"ဇလ္လတ္တိန် စီဝရဒါနံ မဟာလ္လတာပသာဒနေန မတ္တကံ" ဟူ၍ ဓမ္မပဒအဋ္ဌကထာ၌ ပါရှိပုံကို ကျပင်းတရားစာ၊ စာမျက်နှာ ၃၃ ၌တွေ့ရသည်မှာ ဤ သို့ ဖြစ် ပါ သည်။

ထိုတန်ဆာ၏ ချင်းရာအစီအရင်ကား –

"ရွှေစင်နိက္ခ၊ တစ်ထောင်မျှကို၊ အမအရင်း တည်ပြီး လျှင် တထည်လုံးသက်သက်၊ ပိုးမသက်၊ ခြည်မသန်း၊ ငွေနန်းချည် ချုပ်သီသွယ်လိမ်လျက်၊ ဝဇီရစိန် ၃၂ ကွမ်းစား၊ ပုလဲ ၂၁ ကွမ်းစား၊ သန္တာ ၂၁ ကွမ်းစား၊ မျှားစွာအဖိုး၊ မျက်ကြိုးကျောက်စုံ၊ စုငုံစီခြယ်လျက်၊ အလယ်ထိပ်တွင် ပတ္တမြား၊ လက်စွပ် တဆူ၊ နားပန်၊ ဒူးဝန်း၊ ပခုံးစွန်းပေါင်ခါး၊ တံတောင်ဖျား နှစ်ဘက်၊ အဆက်ဆက်တို့၌၊ အနဂ္ဃမြလက်စွပ်၊ တဘက်တစုံစီ၊ ဆွဲသီ ချိတ် လျက်၊ အ လယ် ထိပ် ခေါင်း ဆောင်း ၌၊ ဥဒေါင်းရုပ်ပေါ် ထွက်၍၊ တောင်ရိုးတောင်လက်၊ နှစ်ဘက်အခြေ၊ ဘော်ငွေသာခွာ၊ လေသာ တောင်ပံ၊ နီဖလံရွှေနှစ်၊ ဇမ္ဗူရာဇ်အပြီး၊ နှုတ်သီးသန္တာ၊ နီလာမျက်ဆံ၊ အလျှံထွေးထွေး၊ လည်ရေးမြစိမ်း၊ ခပ်သိမ်းရတနာ၊ စီခြယ်မွှာသော၊ မင်္ဂလာဥဒေါင်းရုပ်ရတနာသည်၊ ရှိုးရှိုးရွှရွှ ဆင်မြန်းကာလ၌၊ ကြွဟန်ကဟန်၊ ယောက်ယက် ဆန်၍၊ ခုန်ပျံမတတ်၊ ရောင် စုံ ခတ် သဖြင့်၊ လျှောက်ပတ်စွာ၊ ကြက်သရေရှိလေသည်"

ဟူ၍ မဟာလ္လတာတန်ဆာ၏ ခံ့ညားပုံကို မျက်စိထဲမြင်လာအောင် ကျကျနန သရုပ်ဖော်ပြရင်းနှင့် လှုံ့ချင်စိတ်ပေါက်လာအောင် တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆွယ်တရားဟောထားခဲ့သည်ကို တွေ့ရပေသည်။

အင်းဝခေတ်၊ ကုန်း ဘောင် ခေတ် များ ၌ သုံး ကြသော မဟာလ္လတာမှာ အစစ်မဟုတ်သေး။ အထက်ပါ မိဖုရားကြီးသုံးဦး ဝတ်ဆင်ရသောအထည်နှင့် မတူဟုဆိုပါသည်။ ကျပင်းတရားစာအရဆိုလျှင် ရွှေစင်တစ်သိန်း၊ ဝဇီရစိန်လေးကွမ်းစား၊ ပုလဲတစ်ကွမ်းစား၊ သန္တာနှစ်ကွမ်းစား၊ ပတ္တမြားသုံးကွမ်းစား၊ ကိုးကုဋေထိုက်တန်၍ ပန်း ထိမ် ၅၀၀၊ လက် ခ တစ် သိန်းနှင့် လေး လ ကြာအောင် စီရင်ရသည်ဟု ဆိုပါသည်။ ကျပင်းတရားစာတွင် သက်နှင်းလှူသော အလှူရှင်သည် မဟာလ္လတာ တန်ဆာဝတ်နိုင်သော မိဖုရားသုံးပါးကဲ့သို့ ကုသိုလ်ကံ ထူး ခြား မည် ဖြစ် ကြောင်း ဟော ကြား ထား ခြင်း ဖြစ်သည်။

ပိုးခြည်နှင့် ရက်လုပ်ထားသည်မဟုတ်ဘဲ ရွှေနန်းကြိုးများသွယ်၍ အချွန်အတက်များ၌ ပတ္တမြားနှင့် မြလက်စွပ်များ ချိတ်ဆွဲထားပုံ၊ ဥဒေါင်းငှက်၏နှုတ်သီး၊ မျက်လုံး၊ လည်ပင်းတို့၌လည်း နီလာ၊ သန္တာ၊ မြစိမ်းများ အရောင်တောက်ပုံကို ဖော်ပြရင်း ထရှိပျံတော့မည့်နှယ် အသက်သွင်းထားလေသည်။ ကျပင်းဘုန်းတော်ကြီးက ဤသို့မင်္ဂလာ၊ အလင်္ကာမဏ္ဍနဝိသေသကို ရလိုဆင်လို မင်္ဂဖိုလ်ခင်လှသော အကြွင်ဒါယကာ ဒါယိကာမတို့သည် စီဝရဒါန မျိုးစေ့အမှန်ကို ကြိုးသန် မြုပ်နှံထားရမည် စသည်ဖြင့် ဒါနနှင့်ဆွယ်၍ ဟောကြားခဲ့လေသည်။

ထို့အပြင် ဦးတိုး၏ ရခိုင်ချိရတုများ၌လည်း –

"မျက်ဇလ္လန္ဒနီ၊ မြလုံးညီနှင့်၊ ရောင်ဆိခိုရင့်၊ ကျိတ်မသင့်သည်၊ ပြည်ခြင့်ကွမ်းပြင်၊ နေလုလင်ဝယ်၊ စိန်မသံခံ၊ မျက်ခြယ်ရံလျက်၊ တောင်ပံကြွကြွ၊ မြီးပွပွနှင့်၊ မန္တရသွင်၊ ဥဒေါင်းရှင်သို့၊ မသင်ဟန်ယူ၊ ရွှေခြူသာလေး၊ သံပေးညှင်းညှင်း၊ နန်းချင်းကြူထက်၊ ငြိမ်သက်လှမ်းခြေ၊ တင့်တယ်ထွေတွင်၊ ကုဋေကိုးပြန်၊ ဘိုးထိုက်ရန်သည်၊ မဟာလ္လတာ၊ မင်းဆက်ရာလည်း၊ ရောင်ဖြာလျှပ်စက်၊ မှောင်မစွက်သည်၊ ပြိုးပြက်ပြောင်နေခြည်တကား"

ဟုဖော်ပြသွားခဲ့လေသည်။

ဤစာအရ ကိုးကုဋေတန်ဖိုးရှိသည့် အဆင်တန်ဆာဟု သိကြရပါသည်။ မဇ္ဈိမဒေသ၏ စိတ်ကူးအဆန်းကြယ်ဆုံး မွမ်းမံထားသော အနုပညာအတုမရှိ ပစ္စည်းဟုဆိုရမည်သာ ဖြစ်ပါသည်။ ပန်းထိမ်၊ ပန်းချီနှင့် ဂုန္တန်ပညာရှင်များ၏ စွမ်းရည်ကို အစွမ်းကုန် ဖော်ထုတ်ပြသထားသော ဝတ်ရုံဖြစ်ရာ ထိပ်တန်းပညာရှင် ၅၀၀ ၏ လက်စွမ်းပြပစ္စည်းလည်း မှန်ပေသည်။ ပန်းချီပညာရှင်တို့ ရေးဆွဲသောပုံစံကို ပန်းထိမ်ပညာရှင်များက ရွှေဖြင့်ပုံဖော်ပြီးသောအခါ ဂုန္တန်ပညာရှင်များက ရတနာများ မြှုပ်နှံရသောပညာ ဖြစ်သည်။ မဇ္ဈိမတိုင်းရှိ ဘုန်းရှင်ကံရှင် အမျိုးသမီးများအတွက် အမြတ်ဆုံးသော အဆင်တန်ဆာပင် ဖြစ်ပေသည်။ မဟာလ္လတာထက် တစ်ဆင့်နိမ့်သော ဂဏမတ္တက တန်ဆာအကြောင်းကိုလည်း ဦးတိုးက ဤသို့ဖော်ပြထားသည်ကို တွေ့ရသည်။

"ငှက်ကိန္နရီ၊ နယ်ပြီပြီလည်း၊ ရောင်ဂီဇာသတ်၊ သနပတ်နှင့် နဝရတ်ခက်၊ ကြိုးချိတ်ဆက်သား၊ ဘယက်လနေ့၊ အထွေထွေလျှင်၊ ပြာရွှေနီနှမ်း၊ ရင်လွှမ်းဆင့်ဆင့်၊ ဒုယင့်ဇာပ၊ သွယ်ချတောင်ပံ၊ မြီးဆံသွန်းသွန်း၊ ခတ်ရွှန်းတင့်မျိုး၊ ဆောက်လုံးထိုးသည်၊ ခါးကြိုးမြိတ်ပါ၊ ဒွါဒရာနှင့်၊ ရတနာနန်းဝတ်၊ ဂဏမတ်ကို၊ လှနတ်နှောင်းမြင်၊ မယ်မပြင်ဟု၊ သဘင်ပွဲတက်၊ မဆင်ရက်သည်၊ ကိုးမျက်ရောင်ထွေရည်တကား"

ဟူသော ဦးတိုး၏ရတုအရ ဆင်ယင်သုံးစွဲ ဝတ်ရက်စရာ မရှိအောင် ခမ်းနားသော နန်းရဆောင်ရ မိဖုရားငယ်များဝတ်သည့် ဂဏမတ္တက တန်ဆာကိုလည်း မှန်းဆ၍ ကြည့်နိုင်ပါသေးသည်။

ရှေးက ဆင်ယင်ဝတ်စားပုံများကို စာအုပ်စာတမ်းများအနေနှင့် တစ်ပေါင်းတစ်စုတည်း မတွေ့ရငြားသော်လည်း ကျောက်စာ၊ ပန်းချီ၊ ပန်းပု၊ ရုပ်ကြွရုပ်လုံးများနှင့် ပျို့၊ လင်္ကာ၊ ရတုစာပေ အစုစုတို့ပြင် ရဟန်းသံဃာတော်များ၏ ဟောကြားသော တရားပေစာများကို ထောက်ထား၍လည်း တစ်စိတ်တစ်ဒေသ သိရှိကြရပါသည်။

မဟာလ္လတာကို ဘုရားရှင် လက်ထက်ကပင် ဝိသာခါ ကျောင်းအမကြီး ဝတ်ဆင်ခဲ့ပြီးဖြစ်ကြောင်း သိနိုင်ပါသည်။ 'ဝိသာခါသူဌေးမကြီးသည် ထိုဝတ်စုံကို ကိုးကုဋေနှင့် တန်ဖိုးဖြတ်ကာ တစ်သိန်းနှင့် မြေကို ဝယ်ပြီးလျှင် ကိုးကုဋေတန်သော ကျောင်းကိုဆောက်၍ ဘုရားရှင်နှင့်တပည့်သားသံဃာတော်များအတွက် လှူဒါန်းခဲ့သူ ဖြစ်သည်။ မိမိနှင့် မိဂါရသူဌေးကြီး၏သားဖြစ်သူ ပုဏ္ဏဝဍ္ဍနသူဌေးတို့ ထိမ်းမြားသည့်အခါက မေဏ္ဍကသူဌေးကြီး၏သားဖြစ်သော မိမိဖခင် ဓနဉ္စယသူဌေးကြီးက လက်ဖွဲ့သော ပစ္စည်းဖြစ်သည်။ ထိုပစ္စည်းကို လေးလမျှကြာအောင် ပန်းထိမ်တော် ၅၀၀ နှင့် စိတ်ကြိုက်ပြုလုပ်ပေးခဲ့သော၊ ကိုးကုဋေနှင့် တစ်သိန်းကုန်ကျသော အနုပညာလက်ရာ မဟာလ္လတာကိုရောင်းချပြီးလျှင်ကျောင်းဆောက်လှူဒါန်းခဲ့လေသည်။ ရောင်းသည်ဆိုရာ၌လည်း ဝယ်သူအခြားမရှိကြဘဲ မိမိကပြန်၍ ငွေနှင့်ဝယ်ကာ ဆောက်ခြင်း ဖြစ်သည်။ မဟာလ္လတာအကြောင်းတွင် ဝိသာခါကျောင်းအမကြီးနှင့် တိုက်ရိုက် ဆက်သွယ်နေသည်ကို တွေ့ရပေသည်။

ဘုရားရှင်လက်ထက်ကကဲ့သို့ မကြီးကျယ် မခမ်းနားသော်လည်း ကုန်းဘောင်ခေတ်၌ ရွှေစင်စစ်စစ်အစား ရွှေခြည်ထိုး၊ ဂုဏ္ဍန်ထိုးပညာရပ်များ ထွန်းကားလာသည့်အလျောက် ရွှေခြည်ထိုး မဟာလ္လတာတန်ဆာများပေါ်ပေါက်ခဲ့ပါသည်။ အိန္ဒောင်နှင့် ရာမနန်းတွင်းဇာတ်တော်ကြီးများတွင် ရွှေခြည်ထိုးအထည်များဖြင့် ကပြလာခဲ့ကြပါသည်။ နေဝင်ဘုရင်ဟု မြောက်စားခံရသည့် ရှမ်းစော်ဘွားများ၊ မဟာဒေဝီများကိုလည်း မလ္လိကတန်ဆာခေါ် မဟာလ္လတာဝတ်ရုံများ သနားတော်မူကြောင်း နိုင်ငံခြားသားများရေးသားသည့် စာအုပ်များ၌ ရုပ်ပုံနှင့်တကွ တွေ့ရပေသည်။ ထိုဝတ်စုံများကို တစ်နှစ်တစ်ကြိမ် သီတင်းကျွတ်လ ကန်တော့ခံပွဲများ၌ ဝတ်ဆင်လေ့ရှိသည်။ သို့ရာတွင် ကျောက်မျက်ရတနာအစစ်များ မဟုတ်ကြပါ။ ဖဲပေါ်၌ ရွှေကြယ်ပေါက်၍ ဂုဏ္ဍန်ထိုးသောအဝတ်အစားများသာဖြစ်ပါသည်။ မြန်မာ့အနုပညာလက်ရာနှင့် ယဉ်ကျေးမှု အဆင့်အတန်းကိုပါ အကဲခတ်နိုင်ပါသည်။ ပန်းထိမ်များက ရွှေထည်ကို လုပ်ပြီးသည့်အခါ ဂုဏ္ဍန်ဆရာများက ကျောက်မျက်ရတနာများကို ထည့်သွင်းမြုပ်နှံရသည်။ ရွှေခြည်ထိုး၌ ရွှေခြည်ငွေခြည်များကို ပူးကပ်၍ အထည်ပေါ်၌ ရွှေကြယ် ငွေကြယ် ထိုးရသည်။

**"မကိုဋ်သကျပ်၊ ကျောက်စုံ တပ်သာ၊ မြကြပ် ဂုဏ္ဍန်၊ ရွှေနားပန်လည်း၊ ဆယ်ဖန်မီးလှစ်၊ လျှော်ဦး သစ်တည့်"**

ဟုဆိုရာ ရွှေပေါ်တွင်ကျောက်တစ်သောအလုပ်မှာ ဂုဏ္ဍန်အလုပ်ဖြစ်ကြောင်း သိရှိရသည်။ ကိုးကုဋေတန်သော ဝတ်စုံကို အမျိုးသမီးများ ဝတ်ဆင်ခဲ့ဖူးသောအထောက်အထားများသာ ဖြစ်ပါသည်။

မြန်မာဘုရင်များ လက်ထက်တော်၌ ရွှေခြည်ထိုး၊ ဂုဏ္ဍန်ထိုးနှင့် ကြယ်ခတ်လုပ်ငန်းများ ထွန်းကားခဲ့၍ ထိုလုပ်ငန်းများကို ရွှေတိုက်အချုပ်တိုက်များ၌သာ ရက်လုပ်ရကြောင်း သိရသည်။

ရွှေခြည်ထိုးပညာရှင်များသည် ရွှေတိုက်ဝန်၊ ဝန်စုအမှုထမ်း၊ ရွှေတိုက်အရာရှိများ၏ ဆင့်ဆိုရာကို နာခံ၍ ရွှေခြည်ထိုးရသည်။ တစ်လလျှင် ရိက္ခာတော် စပါး တင်း ၃၃၀ အသနားတော်မြတ် ခံရသည်။

ဂုဏ္ဍန်ထိုးများမှာ ပန်းထိမ်တော် အမှုထမ်းများလုပ်ဆောင်သည့် ရွှေထည်မျိုးစုံကို စိန်၊ မြ၊ ပတ္တမြားစီခြယ်ရာ၌ ဂုဏ္ဍန်အိမ်များတွင် ဂုဏ္ဍန်ထိုးနှိပ် လုပ်ဆောင်ရသည်။ တစ်လလျှင် ရိက္ခာတော် စပါး ၂၁၅ တင်း အသနားတော်မြတ် ခံရသည်။

ကြယ်ခတ်သမားတို့မှာ ရွှေကြယ်ကုံး၊ ရွှေကြယ် ငွေကြယ်ပြန့်များကို အမြဲခတ်လုပ်ရသည်။ တစ်လလျှင် ရိက္ခာစပါးတော်တင်း ၂၂၀ အသနားတော်မြတ်ခံရလေသည်။ ကျောက်မျက်ရတနာ သယံဇာတပေါများသောနိုင်ငံဖြစ်သည့်အတိုင်း အဝတ်အထည်ပေါ်တွင် ကျောက်သံပတ္တမြားကို မြှုပ်နှံဝတ်ဆင်ခဲ့ကြသည့်အတွက် မြန်မာတို့၏ လက်မှုအနုပညာ ပြောင်းမြောက်ပုံများကို အကဲခတ်နိုင်ပေသည်။

## (၄) နန်းတွင်းယဉ်ကျေးမှုနှင့် ရွှေခြည်ထိုး ပညာ

ရွှေခြည်ထိုး အတတ်ပညာသည် အဝတ်အစားကို လှပဆန်းပြား ဝင့်ကြွားစေရန်သာ ဖန်တီးပေးသည် မဟုတ်။ ထီးသုံး၊ နန်းသုံး၊ အဝတ်အဆင်များကို စနစ်တကျ ထိန်းချုပ် စောင့်ရှောက်ပေးသော နန်းတွင်းယဉ်ကျေးမှုသရုပ်ဖော် ပညာရပ် တစ်ခုလည်း ဖြစ်ပေသည်။ ပုဂံခေတ်ကျောက်စာများအရ ရွှေခြည်ထိုး အတတ်သည် ထိုခေတ်ကပင် ရှိခဲ့ပြီးဖြစ်သည်။

အင်းဝခေတ်ရှေးစာပေများ၌လည်းမိဖုရား၊မင်းသမီးတို့၏ အလှဘွဲ့များကို ထောက်ခြင်းအားဖြင့် ရွှေခြည်ထိုး အဝတ်အထည်အကြောင်းကိုသိသာနိုင်ပါသည်။

**"လက်လက်လှထိန်ပြေး၊ ရွှေခြည်ရေးသို့၊ ပုံမွေးရွှေအင်္ကျီ၊ ရွှေထမီနှင့်"** ဟူသော စာအရ သိရပေသည်။ ရွှေအင်္ကျီ၊ ရွှေထဘီ ဟု ဆို ရာ၌ တိုင်းတစ်ပါးမှလာသော ရွှေခြည်ထိုးအထည်မဟုတ်ဘဲ ရွှေမျှင် ငွေမျှင် အထည်များလည်း ဖြစ်နိုင်သည်။ ရက်ကန်းပညာသည်များ၏ လက်ရာလည်း ဖြစ်နိုင်ပါသည်။ ရာဇဝင်အမှတ်အသားအရ အလောင်းဘုရား၊ ဆင်ဖြူရှင်၊ ဘိုးတော်ဘုရားလက်ထက်၌ ကသည်းလူမျိုး ရွှေချည်ထိုးပညာသည်များ ပါလာသည်ကိုမူအတိအကျ သိရပေသည်။ မင်းတုန်းမင်းလက်ထက်၌ အထူးကျယ်ပြန့်လာကာ မန္တလေးမြို့တွင် ယခုအထိ ရွှေခြည်ထိုး ပညာသည်များ၏ သားစဉ်မြေးဆက် ဤအသက်မွေးမှုနှင့် အကျိုးပေးသည်ကို တွေ့ရပါသည်။

ရွှေချည်ထိုးလုပ်ငန်းသည် ဂုန္တန်ထိုးခြင်း၊ ကြယ်ခတ်ခြင်းများနှင့်မတူပေ။ စည်းကမ်းလည်း အလွန်ကြီးလေသည်။ ဘုရင့် ပုဆိုး ၌ သာ ဒေါင်းရုပ် တပ် ဆင် ရ ၍ မင်းညီမင်းသားဖြစ်လျှင် ဝတ် လဲ တော် ကျ ပု ဆိုး များ ဆုတော်လာဘ်တော်ရပါက ဒေါင်း ရုပ် ဖြုတ် ပြီး မှ သာ ဝတ်ခွင့်ရှိသည်။ အမျိုးသမီးထဘီအပေါ်တွင် ဒေါင်းရုပ်ရေးပေးပါဆို၍ ငွေအသပြာတစ်ထောင် ပေးသော်ငြားလည်း ရှေးစည်းကမ်းကို ဖောက်ဖျက်၍ ထိုးပေးကြမည် မဟုတ်ပေ။ ဤမျှ စနစ်ဇယားရှိကြပေသည်။ ခေတ်အဆက်ဆက် ထိန်း သိမ်း မှု ကောင်း ခဲ့ ၍ ယခုအခါ ပြတိုက်များတွင် ရွှေချည်ထိုးအထည်များကို တွေ့နိုင်ခြင်း ဖြစ်ပါသည်။ မျက်မှောက်ခေတ်တွင် မောင်ရင်လောင်းများနှင့် နားသ၊ နားထွင်း၊ မင်္ဂလာယူကြသည့် အခါ၌ ရွှေ ခြည် ထိုး စ လွယ်၊ မကိုဋ်၊ လက်စည်း၊ ဦးသျှောင်စည်းပုံများဝတ်ဆင်ကြသည်ကိုတွေ့ရပါသည်။

သို့ရာတွင် ရှင်ပြုနားသ ကိစ္စများကိုအလွယ်တကူပြီးအောင် တဖြည်းဖြည်း အတိုချုံးစ ပြုလာကြပြီဖြစ်ရာ ရွှေ ခြည် ထိုး အ ထည် များ ကို ဇာတ် ပွဲ၊ အ ငြိမ့် ပွဲ၊ ဆွမ်းတော်ကြီးလောင်းနှင့် ဗုဒ္ဓဝေယျာဝစ္စ ကိစ္စများ၌သာ တွေ့ရတော့သည်။ ထိုသို့ ဆက်လက်သုံးစွဲခြင်း မပြုတော့ပါက တစ်စတစ်စ တိမ် ကော သွား ဖို့ ပင်ရှိတော့သည်။

ရှေး အ ခါ က ရွှေ ခြည် ထိုး အ မှု ထမ်း များ မှာ တစ်လလျှင် ငွေပိဿာ ၁ တင်း ၃၃၀ အသနားတော်မြတ်ခံရ၍ ဂုန္တန်ထိုးအမှုထမ်းများက စပါး ၂၁၅ တင်း ရရှိကြ စမြဲ ဖြစ်ပါသည်။ ယခုခေတ်တွင် ရှေးကကဲ့သို့ ရွှေခြည် ငွေခြည်ကို ခဲခဲယဉ်းယဉ်း ကျစ် မ နေ ကြ တော့ ဘဲ အဆင်သင့် ရွှေဘူးနွယ်၊ ငွေဘူးနွယ်များကို ကြယ်ပွင့်ညှင်း၍ ထိုးကြပါသည်။ ရှေးကကဲ့သို့ ကျောက်နှင့်ပုလဲများ မထည့်ကြတော့ပါ။ သို့သော်လည်း မြိုင်ဆိုင်လှသည်ကို တွေ့ရပါသည်။ ထူးခြားချက်မှာ ရှေးက ရွှေ ခြည် ထိုး အ ထည် များ သည် ရေလျှော်ခံ၍ ယခု ဘူးနွယ်ကမူ ရေထိလျှင် ကြာသောအခါ မည်းသွားတတ်ပါသည်။

လွန်ခဲ့သော အနှစ် နှစ်ဆယ်ခန့်က ဇာတ်မင်းသမီး၊ အငြိမ့်မင်းသမီး ထဘီတစ်ထည်လျှင် ပန်းရေးခ ၅ ကျပ်၊ ဘူးနွယ်ထိုးလျှင် ကျပ် ၃၀၊ ၄၀၊ ရောင်း ဈေး မှာ တစ်ထည်လျှင် ၁၀၀ ကျပ်မှ ၂၀၀ ကျပ်အထိ ရှိပါသည်။ လက်ရာတိုးတက်လာသည်နှင့်အမျှ တန်ဖိုးလည်း မြင့်မားလာပေသည်။ မြန်မာတို့သည် ထီးသုံးနန်းသုံး ရွှေခြည်ငွေခြည်ထိုး အ ဝတ် တန် ဆာ များ မှ သာ လျှင် ဂုဏ်ရှိသည်ဟု ယူဆခဲ့ကြသည်။ ခံ့ညားထည်ဝါ၍ သူပါမှအရာရောက်သည့်နှယ် မင်းခမ်းမင်းနားကိစ္စများ၌ ဂုဏ်ကျက်သရေဆောင် ပစ္စည်းတစ်ခုဖြစ်ခဲ့ပေသည်။

ရွှေခြည်ထိုးအထည်များမှာ မကိုဋ်၊ ဝန်ဗောင်း၊ နတ်ဆောင်း၊ ဦးသျှောင်၊ စည်းပုံ၊ လက်စည်း၊ မလ္လိကာ တန်ဆာ၊ ဗန္ဓုလဦးထုပ်၊ ဗန္ဓုလအင်္ကျီ၊ ရွှေခြည်ထိုးကြယ်စီကန့်လန့်ကာ၊ ရှင်လောင်းပုဆိုး၊ မင်းသားပုဆိုး၊ ဟသ်ာခြေနင်း၊ မင်း သား ပု ဆိုး နှင့် မင်း သ မီး ထ ဘီ စသည်တို့ဖြစ်ပါသည်။ ထိုအထည်များကို အသေးစိတ် ဖော်ပြရမည်ဆိုလျှင် အောက်ပါအတိုင်းဖြစ်ပါသည်။

မကိုဋ်မှာ (၁) ပြဟ္မာ၊ (၂) သိကြား၊ (၃) ဘုရင် အတွက်မှာ အုတ်ပုံပြင်ဖြစ်ပါသည်။ မကိုဋ်ဆောင်းသောအခါ နဖူးအထက်က ကျောက်စီထားသောနေရာကို သင်္ကျစ်ဟုခေါ်၍ ထိုသင်္ကျစ် အထက်အောက်တွင် အလှအပသဘောနှင့် ကျောက်ရော၊ ရွှေကြယ်ငွေကြယ်

လေးများပါ ချုပ်ထားလေသည်။ စိန်တောင်ခေါ် အချွန်ကလေးများကို ကိုးဆင့်ခံထားတတ်၏။ တဖြည်းဖြည်းသေး ငယ်သွား၍ စိန် တောင် အ ငယ် ဆုံး ပေါ် တွင် အကွက်ကို တပ်ဆင်၍ထားသည်။ စိန်ဖူးသဏ္ဍာန်အထွတ်ကို ကုဋ္ဌဟု ခေါ်လေသည်။

**နားကင်း။** ။ နား တစ် ဖက် တစ် ချက် ပေါ် တွင် အချွန်နှစ်ချွန် တက်နေသည်ကိုခေါ်ပါသည်။ ရှေးမင်းများကမူ ရွှေအစစ်နှင့်ထုလုပ်ကြသည်။ ရွှေစစ်ပိန္နဲဆူးနှင့် စိန်တောင်ကလေးများကို ချုပ်ကြသည်။

**နတ်ဆောင်း။** ။ နတ်ဆောင်းမှာ မ ကိုဋ္ဌ နှင့် လည်း ဆင်၏။ သို့သော် သကျ်စ်နှင့် နားကင်းကား မပါချေ။ စိန်တောင်အဆင့်ဆင့် မပါသည့်အတွက် ကတော့နှင့်လည်းတူ၏။ သို့သော် မကိုဋ္ဌနည်းတူ ဖောင်းရစ်တို့ဖြင့် ကျောက်များ တပ် ဆင် ကြ ပါ သည်။ ကရွတ်ခွေကို ဗောင်းခွေဟု ခေါ်ပါသည်။ ထိပ်ပေါ်တွင် အထွတ်ရှိပါသည်။

**အမျိုးသမီးများအတွက်စည်းပုံ။** ။စည်းပုံတွင်နှစ်ပိုင်းရှိရာ အောက်ခံအစွပ်နှင့် အထက်ကတပ်ရသော အထွတ်တို့ဖြစ်သည်။ နှစ်ပိုင်းရှိ၍ ဖြုတ်လျှင်ရပါသည်။ စည်းပုံကို ယခင်က ဘုရင့်သမီးတော်များသာ ဆောင်းရသော်လည်း နောင်တွင် နားထွင်းသူများ ဆောင်းလေ့ရှိကြပါသည်။ ထို့နောက် ဒေါင်းမြီးချအရုပ်များနှင့် ဟင်္သာရုပ်များ အလွန်ခေတ်စားလာလေသည်။ က နေသော ဒေါင်းမြီးဝိုင်းကလည်းတစ်မျိုး၊ အမြီးချဒေါင်းကလည်း တစ်မျိုး၊ ရွှေကြယ်၊ ငွေကြယ်နှင့် ကျောက်နီများကိုလည်း သုံးကြပါသည်။ ရှေးက စည်းပုံများတွင် (ယကင်)ခေါ် ဆံပင်အနက်နှင့် ဆံထုံးပုံလုပ်၍ ထိပ်မှာ တပ်ဆင်ကြသော်လည်း ယခုအခါ အလှအပအတွက် ယကင်အစား ဟင်္သာနှင့်ဒေါင်းရုပ်များကိုသာ တပ်ဆင်ကြတော့သည်။ ပုဂံခေတ်က ယ ကင် ဆံ ထုံး ဘ ဝ မှ တဖြည်းဖြည်း ဒေါင်းရုပ်ဖြစ်လာခဲ့လေသည်။ ယကင်ပုံကို ဆံထုံးထုံးနည်း ၅၅ မျိုး ပုံစံတွင် တွေ့ကြပါလိမ့်မည်။

**ရွှေခြည်ထိုး စလွယ်။** ။မင်းစလွယ်မှာ လက်လျှိုပြီးမှသာ ဝတ်ဆင်ရပါသည်။ ပုဏ္ဏားစလွယ်ကဲ့သို့ သိုင်းထားသည် မဟုတ်ပါ။ ပုဏ္ဏား၊ ဗြဟ္မဏတို့ အယူဝါဒအရ စလွယ်တင်ခြင်းအားဖြင့် အသက်ရှည် အနာကင်း၍ ရန်ဖယ်ရှင်းပြီးလျှင် ဘုန်းပညာဥာဏ် ကြီးကျယ်သည်။ ဘုရားရှင်၏ စင်ကြယ်သောအကျင့်ကို ကျင့်သည့်အထိမ်းအမှတ် ဖြစ်သည်ဟူ၍ သက္ကတကျမ်းအရ သိရပါသည်။ ပဒုမုတ္တရဘုရားရှင်လက်ထက် ဝဂ္ဂလိမထေရ်သည် စလွယ်တင် အလှူပေးကြောင်း ဟောကြားခဲ့ပါသည်။

မွန်ဘာသာစကားအရ လက်ဝဲ ပခုံးနှင့် နံ ပါး ကို ကျော်ရင် နှစ်ဖက်ဆက်မိအောင် ဆင်သောကြိုးသွယ်ကို "စနေဟ်"ဟု ခေါ်ကြောင်း သိပြေန်သည်။ စလွယ်ကို ရှေးအကျဆုံး တွေ့ရသည်မှာ ပျူမြို့ဟောင်းဖြစ်သော မှော်ဇာအရုပ်မှ တူးဖော်ရရှိသော အလေးချိန်၂၅သား ရှိ စလွယ်ပင်ဖြစ်သည်။ မဇ္ဈိမဒေသမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန့်ပွားလာပြီးလျှင် မွန်၊ ပျူ၊ ဗမာတို့ထံသို့ စလွယ်ဆင်သောဓလေ့ ကူးစက်လာခဲ့ဟန် တူပါသည်။ အင်းဝခေတ်က ရေးသားခဲ့သော ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင်—

**"ရွှေစည်တီးတီး၊ ရွှေထီးဆောင်းဆောင်း၊ ရွှေဖေါင်းသွယ်သွယ်၊ ရွှေစလွယ်နှင့်"** ဟူသော အထောက်အထားများ ရှိခဲ့ပါသည်။ နေမိဘုံခန်းပျို့၌လည်း **"ဆယ့်ကိုးသွယ်သား၊ စလွယ်ရောင်ချက်"** ဟူ၍ လည်းကောင်း၊ တံတားဦးတည် မော်ကွန်း၌လည်း **"ဟန်ဆောင်တင့်တယ်၊ ဘွဲ့စလွယ်နှင့်၊ စံပယ်ပစ်တင်၊ ဝတ်စားဆင်"**ဟူ၍ တစ်မျိုး တွေ့ရသည့်အတွက် အင်းဝခေတ် သက္ကရာဇ် ၇၅၀ လောက်တွင် စလွယ်ရှိပြီးပြီဟု မှန်းဆရပါသည်။ ဘယ် တင် စ လွယ် နှင့် ညာ တင် စ လွယ် တို့ ဆိုရာတွင် ချည်နှောင်၍ ထိန်းထားသည့် ရွှေပြားကို ဒက်ဟုခေါ်သည်။ မွန်ဘာသာစကားတွင် "ဒက်" ဆိုသည်မှာ ချည်နှောင်ခြင်းပင် ဖြစ်ပါသည်။

ပုဏ္ဏားဖြစ်လျှင် ဗြဟ္မဏမှာ စလွယ် ကိုးသွယ်၊ စကြေမှာခြောက်သွယ်၊ဗိသျှမှာသုံးသွယ်နှင့် သုဒြမှာစလွယ် မဆင်ရပါ။ မင်းစလွယ်ကလည်း ရှစ်မျိုး ရှိပါသည်။

(၁) ၂၄ ကြိုးသွယ်သော မင်းစလွယ်၊
(၂) ၂၁ ကြိုးသွယ်သော ဥပရာဇာ၊
(၃) ၁၈ ကြိုးသွယ်သော မင်းညီမင်းသား၊
(၄) ၁၅ ကြိုးသွယ်သော မဟာနွယ်၊
(၅) ၁၂ ကြိုးသွယ်သော အဂ္ဂမဟာသေနာပတိ၊
(၆) ၉ ကြိုးသွယ်သော မှူးမတ်ကြီး၊
(၇) ၆ ကြိုးသွယ်သောမှူးမတ်လတ်၊
(၈) ၃ ကြိုးသွယ်သောမှူးမတ်ငယ်

ဟူ၍ စည်းကမ်းချက် ထားရှိလေသည်။

မင်းညီမင်းသားများကို စလွယ်အသနားတော်မြတ်ခံရခြင်းမှာ အလှအပ အယဉ်အကျေးအတွက် မဟုတ်ဘဲ ပဥ္စသီငါးပါးကို ကျင့်သုံး၍ သတ္တဝါများအပေါ် ချစ်ကြင်နာစိတ်နှင့် ထိန်းသိမ်းအုပ်ချုပ် စီရင်စိမ့်သောငှာ အသနားတော် ခံစေခြင်းဖြစ်ရာ စ လွယ် တင် ပြီး လျှင် ကျင့်ဝတ္တရားကို မပျက်ရှင်းစေရဟု ၁၁၄၆ ခု၊ နယုန်လ

ပြည့်ကျော် ၁ ရက်ထုတ်သော ဘိုးတော်ဘုရား ပြန်တမ်းအရ သိရှိရပါသည်။ ကြီးကျယ်သော ဆင်ယင်မှုတစ်ရပ် ဖြစ်ပါသည်။

ယခုခေတ်တွင် ရှင်ပြုသည့်အခါ စလွယ်ဆင်ကြသော်လည်း ဆင်ယင်သော အဓိပ္ပာယ်အနက်ကို သုံးသပ်လေ့လာသူကား နည်းပါသည်။ စလွယ်ဆင်ခြင်းကို အလှအပ၊ ပကာသနအတွက်ဟူ၍ သဘောထားသည်က များပါသည်။ အင်းဝခေတ်မှစ၍ ရှင်လောင်းများစလွယ်တင်၊ သကျစ်ဆင်သောထုံးစံမှာ သာကီဝင်တို့၏ဓလေ့ကို ဆက်ခံခြင်းသာ ဖြစ်ပါသည်။

ယခုခေတ်တွင် စလွယ်ကို အလှအပ ရွှေခြည်ငွေခြည်ထိုး၍ ပြုပြင်မွမ်းမံထားကြသည်။ အလယ်ဘယက်ကြီး အထက်တွင် ဘယက်ငယ်လေးသုံးခု၊ အလယ်၌ ရင်တားနှင့် ဘယက်တစ်ခုရှိ၍ ခါးအထက်တွင် ခါးတက်ဟူသော အတောင်လေးရှိပါသည်။ ပြည်ထောင်စုစလွယ်ဟူသော ၁၂ ကြိုးပါသည့် အဂ္ဂမဟာသီရိသုဓမ္မ စလွယ်များလည်း ရွှေခြည်ထိုးလက်ရာ အနည်းငယ် ထည့်ထားသည်ကို တွေ့ရပါသည်။

**ရွှေခြည် ထိုး ဖောင်း။** ။စလွယ်သွယ်ပျောင်း ဖောင်းနားတောင်းဆိုသည်မှာ ရှေးက မင်းညီမင်းသား မှူးမတ်များ၏ အဆင်တန်ဆာဖြစ်၍ ရွှေခြည်ထိုး ပညာကို သရုပ် ဖော်ဆောင်သော ပစ္စည်းများ ဖြစ်ခဲ့ပါသည်။ ယခုခေတ် ဇာတ် ရုပ်သေးများ၌ ဝန် ဖောင်း များ ကို တွေ့နိုင်ပါသည်။ ထိုဖောင်းများမှာ အများအားဖြင့် အနီနှင့် အစိမ်းရောင် ဖြစ်ပါသည်။ တမာရွက်ထောင် အချွန်အတက်များ ခုနစ်ခု သို့မဟုတ် ကိုးခု တပ်ဆင်ကာ မှော်ပွင့်များဖြင့်အလှအပခြယ် ထားလေ့ရှိပါသည်။ ဝန် ဖောင်း မှာ နောက် က ချိုင့် ၍ ထား ရ ပါ သည်။ ဒေါက်ချာနှင့်လည်းဆင်၏။ သို့သော် ပြားချပ်၍မနေဘဲ ဦးခေါင်းနှင့် အံကျ တင့်တယ်သော ဦးခေါင်းတန်ဆာ ပလာဟု ဆိုရပါမည်။

ရှေးမင်းများ စည်းကမ်းထားပုံမှာ အလွန်တိကျ၍ အဝတ်အစားကို ကြည့်ပြီးလျှင် မည်သည့် အဆင့်အတန်းမှ မည်သည့်အမှုထမ်း ဖြစ်မည်ဟု သိသာနိုင်ပါသည်။ ရှေးဟောင်းခေတ်ကို သုတေသနပြုမည်ဆိုလျှင် ထိုနန်းတွင်း မင်းညီမင်းသားတို့၏ အဝတ်တန်ဆာ ဆင်ယင်ပုံ ခြားနားမှုများကိုပါ လေ့လာရမည် ဖြစ်ပါသည်။ မကိုဋ်၊ သရဖူနှင့် ဖောင်းတော်များ ထားရာ အဆောင်ကို ဖောင်းတော်ဆောင်ဟုခေါ်ပါသည်။ ဤနေရာတွင် ရွှေခြည်ထိုးအထည်များကို ပြည့်စုံစွာ တွေ့နိုင်မည် ဖြစ်ပါသည်။

## ပုရပိုက်မူမှ ဖောင်းဆင်ပုံစံ စနစ်များ

၁။ အိမ်ရှေ့မင်း—ပုစွန်ဆီခံ စိန်နှစ်ဆင့် ၂၀ ပွင့်၊ သစ္စာပန်းနှင့် ဇွန်ပွင့် ၂၀ ပွင့်ပါ၍ စလွယ် ၂၀ သွယ်ပါရသည်။ စလွယ်များတွင် ရွှေခြည်ထိုးလက်ရာများ မပါ၍ မဖြစ်ပါ။ ဤကား အထူးဆင်ရသော ရိုးရိုးဆင်ယင်မှုဖြစ်၍ အဆင်အပြင်မှာကား ကတ္တီပါနီ၊ စိန်နှစ်ဆင့်၊သစ္စာပန်း ၂၀ ပွင့်၊ စလွယ် ၂၀ သွယ် ကျောက်စီတို့ ဖြစ်ပါသည်။

၂။ မင်းသားကြီး — ကတ္တီပါနီ၊ စိန်နှစ်ဆင့်၊ သစ္စာပန်း ၁၀ ပွင့်၊ စလွယ် ၁၀သွယ် ကျောက်စီ။

၃။ နေရာနေ မင်းသားကြီး — ကတ္တီပါနီ၊ စိန် ၁၆၊ သစ္စာပန်း ၁၆ ပွင့်၊ စလွယ် ၁၆ သွယ် ကျောက်စီ။

၄။ မင်းသားလတ် — ကတ္တီပါစိမ်း၊ စိန် ၁၅— စလွယ်၊ ၁၅ ကျောက်စီ။

၅။ အမြင့် မြင်းမှူးမင်းသား— ကတ္တီပါနီ၊ တမာရွက် ၁၂ ရွက်၊ စလွယ် ၁၂ သွယ်။

၆။ အနိမ့်မြင်းမှူး — ကတ္တီပါနီ၊ တမာရွက် ၉ ရွက်၊ကြာပွင့် ၉ ပွင့်၊

၇။ မှူးမတ်ဖောင်း — ကတ္တီပါနီ၊ တမာ ၁၂ ရွက်၊ ဖောင်းပန်း ၁၂ ပွင့်။

၈။ တော်နေရာတို့ဖောင်း — ဘဲနီ၊တမာရွက်ထောင် ၉၊ မှော်စန်းပန်း ၉။

၉။ ဒူးနေရာတို့ဖောင်း — ဘဲနီ၊ တမာ ၉၊ မှော်စန်းပန်း ၉။

၁၀။ စနည်းနေရာမှူးမတ် — ဘဲစိမ်း၊ တမာရွက်မပါ၊ မှော်တန်းသုံးပွင့်၊ နဖူးတန်း အောက်ထက် တစ်မြုံပါ။

၁၁။ အတွင်းဘဝေါ်ငနေရာ မှူးမတ် – ဘဲစိမ်း၊တမာရွက်မှော်စန်း ပန်း လွတ် မ ပါ၊ နဖူးတန်းအောက် တစ်မျိုး အရေးအကြောင်း မပါ စသည်ဖြင့် ခြားနားမှု သဘောကို သိရပေသည်။

**ဒူးနေရာဒူး တော်နေရာတော်။** ။ဤ စ ကား အ ရ ကိုယ့် အ ဆင့် အ တန်း နှင့် ကိုယ် ဝတ် ဆင် မှု ကို လည်း စောင့်စည်းရသည်။ ကိုယ် နှင့် မ တန် ဘဲ ဝတ်မိသော် အပြစ်သင့်ပေသည်။ ဘကြီးတော်လက်ထက် တရုတ်ပြည်သွား သံအမတ်ကြီး နေမျိုးမင်းလှ၏ အဆောင်အရွက်များကို ဝက်မစွတ်နဝဒေးကြီးက တရုတ်သံရောက်မော်ကွန်းတွင် ဤသို့ဖော်ပြထားသည်။

**"ဖဲပေါင်းပွင့်ဦး၊ ရွှေဖူးမာလာ၊ တမာရွက်ထောင်လျှံပြောင်ထိန်ထိန်"** ဟု စပ်ဆိုခဲ့လေသည်။

ရှေးက သံအမတ်များ ခန့်အပ်သည်တွင် ဖဲသားဓေါင်းနှင့် ရွှေသားပန်းကိုးပွင့် တမာရွက်ကိုးခုပါသော အဆင်တန်ဆာများပါ အပ်နှင်းခြင်းခံရသည်ဟု သိသာနိုင်ပေသည်။ ထို့ကြောင့် ရွှေခြည်ထိုးပညာသည် လှပရုံမဟုတ်ဘဲ မင်းသုံးအဆောင်အယောင်ကို တိကျအောင်ထိန်းပေးသော ယဉ်ကျေးမှု ပညာရပ်တစ်ခုဟု ဆိုရမည်ဖြစ်ပါသည်။

**ရွှေခြည်ထိုး ဟင်္သာ ခြေနင်း။** ။ခြေ နင်း သည် မင်းမြောက်တန်ဆာ ငါးပါး အပါအဝင်ဖြစ်၍ ရွှေခြည်ထိုးလက်ရာများဖြင့် အထူးတလည် ဆင်ယင် ထားကြလေသည်။ ဘုရင်ကေရာဇ် များအတွက် ရွှေသားအစစ်နှင့် စီရင်ထားသော်လည်း ရှင်လောင်းနှင့် ဇာတ်မင်းသားများ စီးရန်ကိုမူ သားရေဖိနပ်ဆိုင်က ချုပ်ထားသော ပုံစံပေါ်ဝယ် ဟင်္သာရုပ်များတပ်ဆင်ကာ ရွှေကြယ်၊ ငွေကြယ်တို့ဖြင့်အ တုအပ လုပ်ကြလေသည်။ ဗြိတိသျှ အစိုးရကပြန်လည်ပေးအပ်သော နန်းစဉ် ပစ္စည်းများ စာရင်းတွင် သီပေါဘုရင်၏ ရွှေအစစ် ဟင်္သာခြေနင်းလည်း ပါသည်ဟု အဆိုရှိပါသည်။

# အခန်း (၁၂)

# မြန်မာ့ရက်ကန်းနှင့် လွန်းရာကျ အချိတ်

မြန်မာ့ရိုးရာ လက်မှုပညာ ဖြစ်သော လွန်းရာကျ အချိတ်ထည်ရက်လုပ်သည့် လုပ်ငန်းသည် အဖိုးထိုက်တန်ဆုံး အခံ့ညားဆုံး ဖြစ်သည့်အပြင် နိုင်ငံနှင့် လူမျိုး၏ ကျက်သရေဆောင် အနုပညာရပ် တစ်ခုလည်း ဖြစ်ပေသည်။ မြန်မာတို့၏ ဂုဏ်ယူဖွယ်လက်မှုပညာဖြစ်၍ မတိမ်ကော မပပျောက်စေရန် ထိန်းသိမ်း စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။အချိတ်ဆင်သည် မြန်မာတို့မူပိုင်အဆင် ဖြစ်သည်။ သို့ရာတွင် အချိတ်တိုင်းသည် လွန်းရာကျ မဟုတ်ပေ။ အချို့ ပန်းစုံချိတ်များမှာ အသွေးအရောင် မှိုင်ဆိုင်၍မျက်စိပသာဒ လှပသည်မှန်သော်လည်း လွန်းရာကျ အချိတ်များနှင့် ခြားနားပါသည်။ လွန်းရာကျ အချိတ်များမှာ ယဉ်သည်၊ ခံ့သည်၊ လွန်းပေါင်း ၁၀၀ ကျော် ၂၀၀ နီးပါးနှင့် ရက်ခတ်ထားသည့်အပြင် အဆင် ဒီဇိုင်း မှာလည်း သဘာဝပန်းခက်၊ ပန်းနွယ်၊ ပန်းခိုင်မျိုး မဟုတ်ဘဲ အကွေ့အကောက် ကနုတ်တက်ကလေးများ၊ ကြိုးစုံဂမုန်းများကို တစ်ခုနှင့်တစ်ခု ချိတ်ကာ ဆက်ကာ ရက်ခတ်ထားသည့်အတွက် မည်သည့်နိုင်ငံက ဒီဇိုင်းပုံစံမျိုးနှင့်မျှ မတူဘဲ မြန်မာ့အနုပညာစိတ်ကူးမှ ပေါ်ပေါက်လာခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် စက်မှုနိုင်ငံများက အတုယူပြီး ရက်ခတ်သော်လည်း မလွယ်ကူသည်ကို တွေ့ရပါသည်။ မြန်မာ့ ယဉ်ကျေးမှုမှ အတွေးအခေါ် ပါသော ဒီဇိုင်းများဖြင့် အနုပညာပြောင်မြောက်စွာ သေသေသပ်သပ် အဆင့်အတန်းမြင့်မြင့် တီထွင်ထားခြင်းသာ ဖြစ်ပါသည်။

လွန်းကလေးပေါင်း ၁၀၀ ကျော်ကို ဒီဇိုင်းပေါ်လွင်အောင် တစ်လွန်းစီကိုင်၍ အသေးစိတ် အချိန်ယူရက်လုပ်ရသော အနုပညာပါသည့် အထည် ဖြစ်ခြင်းကြောင့် လွန်းရာကျ အထည်များမှာ တန်ဖိုးမြင့်မားခြင်း ဖြစ်ပါသည်။ လွန်းရာကျအချိတ်ထည်ကို ရှေးမြန်မာဘုရင်များ စိုးစံစဉ်အခါက ထီးသုံးနန်းသုံး အထည်မျိုးဖြစ်ပြီး မင်း၊ မိဖုရားမှအပ သားတော်၊ သမီးတော်၊ နန်းတွင်းသူ၊ နန်းတွင်းသား၊ မင်းမှုထမ်း၊ သူဌေးသူကြွယ်၊ အရပ်သူ၊ အရပ်သားများအား ဆုတော်လာဘ်တော်အဖြစ် ဝတ်လဲတော်ကျများကို သနားတော်မူမှသာလျှင် ဂုဏ်ယူပြီး ဝတ်စားဆင်ယင်ရသော အထည်များဖြစ်လေသည်။

သို့ရာတွင် အချိတ်ရက်ကန်းပညာသည် အချိန်ယူပြီး သင်ကြားရသော ပညာဖြစ်ခြင်း၊ အထည်တန်ဖိုး ကြီးခြင်းတို့ကြောင့် လေ့လာသူ နည်းပါးပြီး ရက်လုပ်သော ပညာပါ တိမ်ကောပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ပေသည်။ အချိတ်ထည်ရက်လုပ်သော နည်းပညာကိုလည်း ပညာရှင်ကြီးများက လျှို့ဝှက်ခဲ့ကြသည့်အတွက် တဖြည်းဖြည်း တိမ်ကောလာသည်ဟု ဆိုနိုင်ပါသည်။ ထို့အတွက် တန်ဖိုးကြီးလှသော လွန်းရာကျ အချိတ်ဘည် လုပ်ငန်းကို ရှေးရိုးအစဉ်အလာမပျက်စေရန်နှင့် မြန်မာ့အနုပညာတစ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် အချိတ်ထည် ရက်လုပ်နည်းကို တတ်မြောက်လွယ်သော ခေတ်မီ ပညာရေးစနစ်ဖြင့် အမရပူရမြို့ ဆောင်းဒါး ရက်ကန်းကျောင်းတွင် ၁၉၅၃ ခုနှစ်မှစ၍ သင်တန်းအနေဖြင့် စနစ်တကျ သင်ကြား ပြသပေးခဲ့ပေသည်။ ယခင်က အချိတ်ဆရာ အဆက်ဆက်သည် တပည့်များအား လျှို့ဝှက် သင်္ကေတဖြင့် နှုတ်မှ ပင်စားပေးပြီး လက်တွေ့ကို လက်ထပ် သင်ကြားပေးခဲ့ခြင်း ဖြစ်၍ စာနှင့်ပေနှင့် သင်ခန်းစာအဖြစ်ထွက်ပေါ် မလာခဲ့ပေ။ပညာသင်တပည့်၏ ပညာလိုလားမှု၊ ကြိုးစား အားထုတ်မှုအပေါ် အမှီပြု၍ သင်ကြားပေးသမျှကိုသာ ဆည်းပူးယူရသော ပညာ ဖြစ်ခဲ့ပေသည်။

ရာကျ အချိတ်သည် ချည် အကျော်အလွှား မပါဘဲ ဗလာသား အတွင်း၌ပင် လွန်းပေါင်း ရာကျော်နှင့် တွဲမိအောင်ချိတ်ယူ ရက်ခတ်ထားခြင်းဖြစ်သည်။ အချိတ်ဟူသောစကားမှာ တစ်လွန်းနှင့်တစ်လွန်း အချိတ်အဆက်မိအောင် ရက်ထားသောကြောင့် ခေါ်ခြင်းဖြစ်ပါသည်။

ကြိုးဂမုန်း အပွင့်များအတွက် တစ်ကြိုး၊ တစ်သွေး၊ တစ်လွန်းကျစီထည့်ပြီး နှစ်သက်ရာအရောင်ကို ကြိုးချင်း မရောစေဘဲ အချိတ်အဆက် မိစေရန် ရက်ခတ်ရသည့်အတွက် ခက်ခဲသောပညာဟု ဆိုရခြင်းဖြစ်သည်။ အသွေးကလည်းမှိုင်မှအဆင်ကလည်းပေါ်လွင်စိုပြည်တတ်သည်။


အဆင်နည်းလျှင်လည်း ယဉ်သည်။ မျက်စိ ရှင်းသည်။ ကြိုးကြီးချိတ် လွန်းချိတ်များမှာ အသွေးစပ်ပုံ အဆင်ပြေသဖြင့် မျက်စိအေးသည်။ အသွေးစပ်ပုံအဆင်မပြေပါက ကြောင်တတ်သည့်အတွက် အထူးဂရုပြုရသည်ဟု ဆိုနိုင်ပါသည်။ အထည်ဗန်းပြ မလှပါက ဈေးမရဘဲ ပင်ပန်းရကျိုးမနပ်သည့်အတွက် အသွေးစပ်ပုံနှင့် အဆင်ပြေစေရန် သတိရှိကြရပါသည်။ လွန်းကလေးပေါင်း ၁၀၀ ကျော်ကို တစ်ခုစီကိုင်၍ ရက်ခတ်သဖြင့် အချိန်လည်း ကြာမြင့်ပြီး လူလည်း ပင်ပန်း စရိတ်လည်း ကြီးလှသည်။ ပိုးခြည် အသေးအကြီးအလိုက် ရက်ဖောက်ယပင်၊ အပင်များသည့်အတွက် အချိန်ကြာရသည်။ လွန်းများခြင်း၊ ကြိုးများခြင်း၊ ဂမုန်းကနုတ်ပန်း၊ နရားပန်းခက်များနှင့် အရောင်စုံ ပေါ်လွင်စေရန် ရက်ခတ်ရသည့် အတွက် ခက်ခဲသောပညာဟု ဂုဏ်ယူကြရခြင်း ဖြစ်ပါသည်။

## (၁) ရက်ကန်းပညာအစ

ရက် ကန်း ပ ညာ သ မိုင်း ကို လေ့ လာ ကြည့်လျှင် အလွန်ရှေးကျသည်ကို တွေ့ရပါသည်။ ရက်ကန်းသည်မကလေးသုမာလာသည် အာဠဝီပြည်တရားမဏ္ဍပ်အတွင်းရှိ မြတ်စွာဘုရား သခင်အား ကပ်လှူရန် မိမိ ရက်ခတ်ပြီးသောသင်္ကန်းကို ပိုင်ရှင်သူဌေးကြီးထံ လာရောက်ပေးအပ်စဉ် ဘုရားရှင်မြင်တော်မူ၍ နှုတ်ဆက် မေးမြန်းခြင်းခံရကာ ကြည်ညိုသဒ္ဓါစိတ်ကြောင့် အကျွတ်တရားရခဲ့သော အထောက်အထားများ ရှိခဲ့ပါသည်။

သီဟိုဠ်ကျွန်းမှ ရဟန်းတစ်ပါးသည်လည်း ရက်ကန်းသည်မလေး တစ်ဦး၏ ဇရာ၊ မရဏနှင့် သက်ဆိုင်သော ဂါထာတေးတစ်ပုဒ် ကျူးရင့်သံကြားရ၍ အကျွတ်တရားရဖူးသည့်ပြင် ဥမ္မာဒန္တီ အလောင်း အမျိုးသမီးကလေးသည် သုံးနှစ်တိုင် အစေအပါးလုပ်၍ရသော ပန်းဝတ်ထည်ကို ရဟန်းတစ်ပါးအား လှူဒါန်းပြီး ဆုပန်ခဲ့သဖြင့် မြင်သူ ရူးသွပ်အောင် ချောမော လှပ ခဲ့ရကြောင်း စသည်များမှာ ရက်ကန်းနှင့်သက်ဆိုင်သော အထောက်အထားများပင် ဖြစ်ပါသည်။

သို့ရာတွင် မျက်မှောက်ခေတ်အယူအဆအနေနှင့်ကား လွန်းရာကျ အချိတ်ထည်များကို မြန်မာပြည်တွင် စတင်ရက်ခတ်ကြသူများမှာ မဏိပူရ ကသည်းလူမျိုးများဖြစ်



ရှေးခေတ် ရက်ကန်းစင်

သည်ဟူသော အချက်ပင်ဖြစ်ပါသည်။ အမှန်မှာ ကသည်းလူမျိုးများမရောက်သေးမီ ခေတ် အ ဆက် ဆက် က ပင် မြန်မာပြည်၌ အချိတ်ဆင်များ ပေါ်ပေါက်ခဲ့သည်ကို သုတေသနစာတမ်းများ၊ ရှေးလူကြီးများ၏ အမှာစကားများနှင့် ရာဇဝင် စာပေအများ၌ တွေ့ရပြီး ဖြစ်ပါသည်။

## ( ၂ ) အချိတ်သမိုင်း

ဟန်လင်းမြို့မှ တူးဖော်ရရှိသော ကျောက်ခေတ်သုံး အိုးခွက်များပေါ်တွင် အချိတ်အဆင်ဖြစ်သော အကွေ့အကောက်ပုံသဏ္ဍာန်များ ဖော်ပြထားသည်ကို တွေ့ရှိရခြင်းဖြင့် ကျောက်ခေတ်ကပင် အချိတ်အဆင်များ စတင်ပေါ်ပေါက်ခဲ့ပြီဟု ယူဆကြရပါသည်။ သို့ရာတွင် အထည်အနေနှင့်ကား တွေ့ရှိရဟန်မတူပါ။

ပုဂံခေတ်တွင် အချိတ်ထည်၏ ပုံစံများကို ကျောက်စာများ၌ တွေ့ရသည်ဟူသော ကျောက်စာဝန်ဟောင်း ဦးမြ၏ မှတ်တမ်းများအရ သိရပါသည်။ အပယ်ရတနာ လိုဏ်ဂူဘုရားအတွင်းဘက်ရှိ မ ဟာ ယဉ် ဂိုဏ်း ပန်းချီဆေးရေး အုတ်ချပ်များတွင် ရေးဆွဲထားသော တာရာဒေဝီနတ်သမီး၏ ထဘီမှာ အ ချိတ် ဆင် ဖြစ် သည် ဟု ဆိုပါသည်။

အင်းဝခေတ်ရေး ရှင်မဟာရဋ္ဌသာရ၏ ပုရေနိုသင်ချီရတု၌ "ဆင်စွယ်ဝန်းယှက် မွေးမယ်ရက်သည်" ဟု ဖွဲ့ဆိုထားသည့်အတွက် အချိတ်ဆင်များ ပေါ်ပေါက်ခဲ့ပြီဟု သိနိုင်ပါသည်။ သို့ရာတွင် အချိတ်ဟူသောဝေါဟာရကို မသုံးကြသေးပါ။

ညောင်ရမ်းခေတ် ရောက်မှသာ အ ချိတ် ဟူ သော ဝေါဟာရကို သုံးစွဲကြကြောင်း ထိုခေတ်စာပေများအရ သိရပါသည်။

ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့တွင် **"ရွှေခြည်ချယ်ဘက်၊ လက်ချိတ်ရက်သည်၊ ကပ်ကွက်ကျူးကျော်ဝတ်လဲတော်ကို"** ဟူသော ကောက် နုတ် ချက် နှင့် ဟံသာဝတီပါမင်း၏အမှာတော်ပုံတွင် **"လက်ချိတ်လွန်းပျံကေနံ၊ သည်တွင်အစ ပေါ်လေပြီ"** ဟူ၍လည်းကောင်း တွေ့ရသည့်အတွက် အချိတ်ခေတ်သည် မြန်မာသက္ကရာဇ် ၁၁၀၅ ခုမှ ၁၁၁၃ ခု အတွင်း စတင်ပေါ်ပေါက်ခဲ့သည်ဟု ခန့်မှန်းရလေသည်။

ကုန်းဘောင်ခေတ်ဦး အ လောင်း မင်း တ ရား ကြီး လက်ထက် မဏိပူရကသည်းပြည်ကို အောင်တော်မူရာ မ ဏိ ပူ ရ ကသည်း ပြည် မှ သုံ့ပန်းများပါလာသည်တွင် ရက်ကန်းသည်များလည်း ပါလာလေသည်။ ထိုရက်ကန်းပညာသည်များကို ပြည်မြို့အနီး ရွာဘိန်း၊ ပေါက်ခေါင်းတို့တွင် နေ ရာ ချ ထား ပေး ပြီး မြန် မာ တို့ အား ရက်ကန်းပညာများ ဆည်းပူးစေခဲ့သည်။ တစ်ဖန်အင်းဝသို့ပြောင်းရွှေ့စေကာ မြန်မာတို့အား ရက်ကန်းပညာ သင်ပေးစေခဲ့လေသည်။

အလောင်းမင်းတရားကြီး လက်ထက်တွင် အသုံးပြုသော အဝတ်အထည်အမျိုးမျိုးအနက် ခေတ်စားခဲ့သော အထည်များမှာ–

၁။ မိုင်းလုံ – ကတ္တီပါပြောက်။
၂။ မည်သရီ – ပိုးကတ္တီပါ။
၃။ ခါသာ – သရက်ထည်။
၄။ မာရဘက်၊ မာထရက် – ပိတ်တွန့်။
၅။ သုကန္တရာ – ပန်းခက် ပါသော ပိတ်ချော၊ ပိတ်ချောပဝါတစ်မျိုး။
၆။ မော်ယော် – ရှမ်း နှင့် တ ရုတ် မှ လာသော အတွင်း အပြင်အသွေးမခြားသောဖဲမျိုး။
၇။ ဖက်ခန့် – အ တွင်း အ ပြင် အသွေးခြားသော ဖဲမျိုး။
၈။ သဟန်မူရီ – ရှေးပဝါမျိုး။
၉။ သိင်္ဂီ – ဝါသောအရောင်ရှိသော ပါးလွှာချော မွတ် သော အထည်မျိုး။
၁၀။ ရွှေပုစ္စန်ဆီ – ခါးစည်းတော်။
၁၁။ ဆေးရေးပုဆိုးများ ဖြစ်ပါသည်။

ဟံ သာ ဝ တီ မင်း လက် ထက် ပေါ်ပေါက်ခဲ့သော အချိတ်ပုဆိုးများကို အတုယူ၍ ကုန်းဘောင်ခေတ်တွင် ဆေးရေးခဲ့ဟန်တူပါသည်။ အလောင်းဘုရား၏သားတော် ဆင်ဖြူရှင်မင်းသည်လည်း မဏိပူရကသည်းပြည်ကို တိုက်ခိုက် သိမ်းပိုက်ကာ ကသည်းလူမျိုးတို့ကို သုံ့ပန်းအဖြစ် ခေါ်ဆောင်ခဲ့ပြီး ရက်ကန်းပညာများ ပြန့်ပွားစေခဲ့ပါသည်။

အမရပူရခေတ်ဦးတွင်လည်း ဘိုးတော်မင်းတရားကြီးသည် မဏိပူရ ကသည်းလူမျိုးများကို ပိုးမွေးမြူရေးနှင့် ရက်ကန်းလုပ်ငန်းကို အားပေး လုပ်ကိုင်စေခဲ့သည်။ ရက်ကန်းလုပ်ငန်းအတွက် မဲနယ်ဆိုးဆေးကန်ကို တည်ဆောက်ခဲ့ရာ ယခုတိုင် အမရပူရနန်းတော်ရာတွင် တည်ရှိနေသေးသည်။

အချိတ်သမိုင်းကြောင်းဆိုင်ရာ ဇယား။

| ခေတ် | မင်း | ဒေသ | အခြေပြုသော အချက်အလက် |
|---|---|---|---|
| ညောင်ရမ်းခေတ်ကုန်<br>၁၀၉၅–၁၁၁၃ | ဟံသာဝတီပါမင်း | အင်းဝ | ဝန်ကြီး ပဒေသရာဇာ၏ သူဇာပျို၊ ဟံသာဝတီပါမင်း အမှာတော်ပုံ။ |
| ကုန်းဘောင်ခေတ်ဦး<br>၁၁၁၅–၁၀၂၃ | အလောင်းဘုရား | ရွှေဘို၊ ပြည်၊ ရွာဘိန်း၊ ပေါက်ခေါင်း။ | စွယ်စုံကျမ်း အတွဲ ၁၊ ကသည်း ရက်ကန်းသည်များ၊ အမှုထမ်းများ ခေါ်ယူလာခြင်း ဆောင်းပါး။ |
| ကုန်းဘောင်ခေတ်<br>၁၁၂၆–၁၁၃၉ | ကုန်းဘောင်<br>ဆင်ဖြူရှင် | အင်းဝ | ၎င်း။ |
| အမရပူရခေတ်ဦး<br>၁၁၄၅–၁၁၈၁ | ဘိုးတော် ပဒုံမင်း | အမရပူရ၊စစ်ကိုင်း။ | အာနန္ဒာအုတ်ကျောင်း၊ ဥပါလိသိမ်၊ ဆေးရေးပန်းချီ။<br>ဦးတိုးရေး ရာမရကန်၊ အမရပူရနန်းတော်ရာမှ မဲနယ်ဆိုးဆေးကန်။ |
| အမရပူရခေတ်<br>၁၁၈၁–၁၁၉၉ | ဘကြီးတော် | အင်းဝ၊ အမရပူရ၊ စစ်ကိုင်း။ | မုံရွေး ဆရာတော်ဘုရား၏ ကုသပျို၊ အနောက်နန်းမတော် မမြကလေး၏ တေးထပ်၊ လင်းဇင်းအက္ကဘတ်ကသည်းအချိတ်ဆရာကြီး။ |
| အမရပူရခေတ်နှောင်း<br>၁၂၀၀–၁၂၁၅ | ပုဂံမင်း | အမရပူရ၊ စစ်ကိုင်း၊ | လယ်ဝန် သံတော်ဆင့် ဆောမွှိုစား၏ လေးဆစ်ကဗျာ၊ တောင်သမန် ကျောက်တော်ကြီးမှ ဆေးရေးပန်းချီများ။ |
| ရတနာပုံမန္တလေးခေတ်<br>၁၂၁၅–၁၂၄၇ | မင်းတုန်းမင်း<br>သီပေါမင်း | မန္တလေး၊ အမရပူရ၊ စစ်ကိုင်း။ | ဂျော့စကော့၏ ဂေဇက်တီးယား အတွဲ ၂။ ပြတိုက်နှင့် စာကြည့်တိုက် (မန္တလေး)၊ တက္ကသိုလ်ပြတိုက်၊ (မန္တလေး)။<br>ရွှေကိုင်းသားရေး ဆင်ယင်ထုံးဖွဲ့မှုစာအုပ်။ |

ထို့ပြင် သက္ကရာဇ် ၁၁ဂ၁ ခုမှ ၁၁၅၉ ခုအတွင်း ဘကြီးတော်သည် မဏိပူရ ကသည်းပြည်၊ အာသံပြည်များမှ ကသည်းသုံ့ပန်းအများကို ခေါ်ဆောင်လာခဲ့ပြီး ရက်ကန်းအတတ်ပညာကို မြန်မာတို့အား သင်ကြားစေခဲ့သည်။ လင်းဇင်းအက္ကဘတ် ရက်ကန်းဆရာကြီးသည် ဘုရင်ကိုယ်တိုင်က အထူးအရေးပေးခံရသူ ဖြစ်သည်။ "ချိတ်ကြီးအစ၊ မဏိပူရ ကသည်းက" ဟု သကော်တပင် ရှိခဲ့သည်။ သို့ရာတွင် အချိတ်ဆင်များကား ရှေးကပင် ရှိခဲ့ပြီး ဖြစ်ပါသည်။

## (၃) အချိတ်ထည်၏ တန်ဖိုး

ရှေးခေတ်က အထည်၏တန်ဖိုးမှာ အထည်ရက်သည့် လွန်းကလေးများ အရေအတွက်အလိုက် ဈေးနှုန်းသတ်မှတ်ခဲ့ကြသည်။ ဘုရင့်ဝတ်လဲတော် ဆက်သသူများက အချိတ်ထည်အတွက် ကုန်ကျသောပိုးအချိန်နှင့် ရက်လုပ်ခ၊ ရောင်း ဝယ်ဈေးနှင့် အမြတ်ငွေများကို ခွဲခြားလျှောက်ထားသည်ကို ပေစာများ၌ တွေ့ရှိရပါသည်။ အချိတ်ထည်အမျိုးအစားအလိုက် လွန်းအရေအတွက်ကျ တန်ဖိုးသတ်မှတ်လေ့ ရှိပါသည်။

လွန်းရာကျ အချိတ်ထည်များသည် ရှေးအခါကပင် အလွန်တန်ဖိုးကြီးသော အထည်ဖြစ်သော်လည်း မင်္ဂလာပွဲနေပွဲထိုင် မင်းပွဲစိုးပွဲများ၌ ဂုဏ်ယူ ဝတ်ဆင်ကြသော အမြတ်တနိုး ပစ္စည်းသာ ဖြစ်ပါသည်။

## (၄) ဒီဇိုင်းများကွာခြားမှု

အဆင်ဒီဇိုင်းများ တစ်ခုနှင့်တစ်ခု မတူညီကြပါ။ ဂမုန်းများကိုသာ ရက်ခတ်သော ဒီဇိုင်း၊ ကြိုးများသာ ရက်ခတ်ရသောဒီဇိုင်း၊ ကြိုးနှင့်ခါးစည်း ပန်းပွင့် ပါဝင်သောဒီဇိုင်း၊ ကြိုးနှင့်နရား ဘိလပ်ဂမုန်းပါဝင်သောဒီဇိုင်း၊ ကြိုးခါးစည်း နရားပန်းပွင့်ပါသော ဒီဇိုင်း၊ ကြိုးပန်းပွင့် နရားဘိလပ်ပန်း ဂမုန်းပါဝင်သောဒီဇိုင်း၊ ကြိုးနှင့်ခါးစည်း နရား၊ ဘိလပ်ပန်းပွင့်၊ ဂမုန်းအစုံပါသော ဒီဇိုင်း၊ အသွေးခွဲရက်ခတ်နိုင်သောဒီဇိုင်း၊ အသွေးခွဲ၍ မရသော ဒီဇိုင်း၊ လွန်းအနည်းငယ်၊ လွန်းအများသုံးမှ လုပသော ဒီဇိုင်း စသည်ဖြင့် တစ်ခုနှင့်တစ်ခု ကွာခြားကြောင်း တွေ့ရပါသည်။

ဒီဇိုင်းတစ်ခုတွင် ကြိုး၊ အလိမ်၊ ဂမုန်း၊ နရားပန်းခက်၊ ခါးစည်း၊ ခါးဖြတ်၊ ဘိလပ်ပွင့်၊ ပန်းပွင့်ကြီးဟု ခုနစ်မျိုး ပါဝင်ရာ ကြိုးဆိုသည်မှာ လွန်းပုံချပြီးသည်မှစ၍ အကွေ့ညက်ညောစွာ တောက်လျှောက်ကွေ့ကောက်ရက်ခတ်ထားသည်ကို ခေါ်ပါသည်။

အလိမ်ဆိုသည်မှာ အသွေးနှစ်သွေးကိုခွဲ၍ လိမ်ယှက်စွာ ကွေ့ကောက်ရက်ခတ်ရခြင်း ဖြစ်သည်။

ဂမုန်း ဆိုသည်မှာ ကနုတ်ပန်းကို ခေါ်ပါသည်။

နရားပန်းခက် ဆိုသည်မှာ ဂမုန်းထက် ဒီဇိုင်းနေပုံညက်ညောပြီး ပိုမိုသွဲ့ပျောင်း နွဲ့နှောင်းသော ကနုတ်ပန်းခက်များ ဝေဆာနေသည်ကို ခေါ်သည်။


ခါးစည်းခါးဖြတ်မှာ ရက်ခတ်ဆဲလွန်းများကို လက်ဝဲလက်ယာ ကြိုးကွေ့မည့်နေရာမှ စတင်ခါးစည်းပြီး ဖြတ်သန်း ရက်ခတ်သည်ကို ခေါ်ပါသည်။

ဘိလပ်ပွင့်ဆိုသည်မှာ နရားပန်းခက်မှတစ်ဆင့် အပွင့်အတွက် လွန်းတည်ယူ၍ ရိုးရိုးပန်းပွင့်မဟုတ်ဘဲ တစ်မျိုးတီထွင်ထားသော ပန်းပွင့်ကို ခေါ်သည်။

ပန်းပွင့်ကြီးမှာ ကြိုးပေါ်တွင် ဂမုန်းများနှင့် တွဲဖက်လျက် အပွင့်သန့်သန့်ဖြစ်စေ၊ တီထွင်ရက်ခတ်ကြသော ပွင့်ချပ်ရှစ်ခုပါသည့် ပန်းပွင့်ကြီးကို ခေါ်ပါသည်။

## (၅) ကြိုးကြီးချိတ်

ကြိုးကြီးချိတ်ဟုခေါ်သော ဆယ့်တစ်စင်းဂမုန်းကြိုးကြီးသည် အလွန်ဒီဇိုင်းစုံလင်၍ နရားပန်းနွယ်၊ ဂမုန်း၊ ဘိလပ်ပန်းပွင့်ကြီးများ စုပေါင်းထားသော ကြိုးဖြစ်၍ လွန်းရာကျအချိတ်ဒီဇိုင်း အများအပြားအနက်အကြီးဆုံးသော ကြိုးဖြစ်၍ကြိုးကြီးချိတ်ဟု ခေါ်ဆိုဟန်တူပါသည်။ ယင်းသည် ကြိုးအများဆုံးနှင့် အလွန် ခံ့ညားထည်ဝါသော အဆင်ဖြစ်လေသည်။ အလွန်အကွက်ကျ၍ မှိုင်ဆိုင်သလောက် ကြိုးကွေ့ပုံ ညက်ညောသည်။ ပုံစံရှင်းသည်၊ ယဉ်သည်၊ ကျက်သရေရှိသည်ဟု ဆိုရပါမည်။ အချိတ်ထည်များသည် တစ်ခါတစ်ရံအသွေးများလွန်းလျှင်လည်း အဆင်ကြောင်တတ်သည်။ ခက်ခဲပင်ပန်းစွာ ရက်ခတ်ရခြင်း၊ ပိုးပင်သေးလျှင် ရက်ခတ်ရာ၌ အချိန်နှောင့်နှေးတတ်သည်။ တစ်ထည်လုံး၏ မျက်စိပသာဒ ဖြစ်စေမည့် အသွေးအရောင်ကို ရှုချင်စဖွယ်ဖြစ်အောင် ကြံဆ ရာ၌ အလွန် ဉာဏ်ထုတ်ရသော အတတ်ပညာရပ်တစ်ခု ဖြစ်ပါသည်။



ကြိုးကြိုးချိတ်

ခက်ခဲနက်နဲသောပညာဖြစ်၍လည်း တတ်မြောက်ရန် ခဲယဉ်းသည်။ ရှေးခေတ်က အဆင်များကို အသေး စိတ်မှတ်မိသည်အထိ တစ်ဆင့်ပြီးတစ်ဆင့်သင်ရ၍ ဉာဏ် ကောင်းသူများ အဖို့မှာ အနည်းဆုံး ခုနစ်နှစ်၊ ရှစ်နှစ် သင်နိုင်မှသာ ပညာစုံလေသည်။ ပင်ပန်းသလောက် နှစ်ကြာငွေကုန်ပြီး မေ့ပျောက်သွားရန်လည်းလွယ်သည့် အတွက် ယခုခေတ်တွင် တတ်လွယ်သည့် နည်းများကို တီထွင်ကြရပြန်ပါသည်။ ဂရပ်အကွက်ပေါ်တွင် ဆေး ရောင်စုံဖြင့် အမှတ်အသားပြု၍ ပုံတူဒီဇိုင်းများ ရေးဆွဲ သင်ကြားပေးခဲ့ရာ အောင်မြင်ခဲ့ပြီဖြစ်ပါသည်။ လျှို့ဝှက် သင်္ကေတနှင့် နှုတ်မှပင်စားပေးပြီး လက်တွေ့ကို လက်ထပ် သင်ကြားပေးခဲ့သော ရှေးခေတ်ကမူ စာပေအဖြစ်နှင့် ထွက်ပေါ်မလာခဲ့ပါ။

နိုင်ငံတော်အစိုးရက ယခင်က ဆောင်းဒါးရက်ကန်း ကျောင်းတွင် ရှေးဟောင်းအချိတ်ထည် ရက်ခတ်နည်း များကို သင်တန်းဖွင့်လှစ်ပေးခဲ့သည်။ သင်ခန်းစာအနေ ဖြင့်မရှိခဲ့ပါ။ ထို့ကြောင့်ရက်ကန်းဆိုင်ရာ ဘာသာရပ်များ အားလုံးကို သင်ခန်းစာအနေဖြင့်ရှိရန် ကြိုးစားခဲ့ကြပါ သည်။ အချိတ်ဒီဇိုင်း ၃၃ မျိုးကို စုဆောင်းရရှိခဲ့ သည်ဟု သိရပါသည်။

စက်မှုသက်မှုဝန်ကြီးဌာန၊ စက်မှုသက်မှုညွှန်ကြားရေး ဌာနခွဲ၊ ဆောင်းဒါးရက်ကန်းကျောင်း အချိတ်သင်တန်း၌ လွန်းရာကျအချိတ်ပညာရပ်ဆိုင်ရာ အချက်အလက်များ နှင့် သင်တန်း၏သင်ခန်းစာများကို ၁၉၇၁ ခု၊ ဇူလိုင်လ က စာအုပ် စာတမ်း အနေဖြင့် ပေါ်ထွက်ခဲ့သည်ဟု လေ့လာသိရှိခဲ့ရပါသည်။

## (၆) ရာကျပုဆိုး

ရာကျပုဆိုးမှာ အချိတ်ပုဆိုးပင် ဖြစ်ပါ၏။ ထိုအတူ လွန်းများထဘီဆိုသည်မှာလည်း အချိတ်ပင်ဖြစ်ပါသည်။ ဘုရင်များ တစ်ခါဝတ်ပြီး ဝတ်လဲတော်ကို သိမ်းဆည်းထားကာ သူရဲကောင်းများနှင့် သားတော်၊ သမီးတော်၊ မင်းညီမင်းသားများကို ဆုတော်လာဘ်တော်အဖြစ် ပေးသည့်အခါ ဝတ်လဲတော် ရာကျဟု ခေါ်တွင်ပါသည်။ ထိုအဝတ်ကို ဝတ်တော့မည်ဆိုလျှင် ဒေါင်းရုပ်ကိုဖြတ်ပြီးမှသာ ဝတ်ဆင်ရပါသည်။ မန္တလေးခေတ် မင်းတုန်းမင်းတရားကြီးအား ရာမ ဇာတ်လုံးဖော် အချိတ်ထည်ကို ဆက်သရသည်ဟုသိရပါသည်။ ကြက်တူရွေးရွှေခဲချိတ်ကို ပုဆိုး၏ အနားမြိတ်၌ ထည့်ရသည်ဟု သိရပါသည်။

ရွှေခဲချိတ်ဆိုသည်မှာ ကြက်တူရွေးရုပ်ပါ၍ အံ့မခန်းစရာ လက်ရာပြောင်မြောက်သည်ဟု ပြောကြပါသည်။

## (၇) ဗလာ ၃၇ မျိုး

အချိတ်ဆင်အမည်များမှာ စောင်းတော်ပိုက်၊ ပေါင်တူစင်း၊ပေါင်ဖိုပေါင်မ၊ ရဲစင်း၊ တကြောင်းထိုး၊ လောကဓာတ်၊ နဒီဆံကွဲ၊ ပတိမ်းဆင်၊ နှစ်ကိုယ်တွေ့၊ ဆောင်တော်ကူး၊ ရွှေဘိုရိုး၊ ရွှေဘိုနန်းသိမ်း၊ ရွှေဘိုထိပ်တင်၊ တိမ်ခိုးဆင်၊ ကွက်တုံး၊ စလွယ်စင်း၊ အဝါစင်း၊ လိမ္မော်စင်း၊ ရဲကွက်၊ နှစ်ထပ်လောကဓာတ်၊ သံပါတ်ဆင်၊ ငွေပန်းဆင်၊ ဒေဝီစင်း၊ ကျောက်စိမ်းစင်း၊ မရမ်းစင်း၊ ဒေါနစင်း၊ ဘုံဘိုင်ဆင်၊ ရာသက်ပန်၊ အဖြူကွက်၊ ဖူးညိုဆင် (ယောကျ်ားမင်းသမီး ဦးဖူးညို ဝတ်ဆင်သည့်အဆင်)၊ ပတ္တမြားဆင်နှင့် ဖရဲအူဆင်တို့ ဖြစ်ကြသည်။

"ပေါင်" ဆိုသည်မှာဖက်သည်၊ စပ်သည်ဟု ဆိုလိုပါသည်။ ဆံစုပေါင်သည်ဟူသော အသုံးအနှုန်းမျိုး ဖြစ်ပါသည်။ စာတိုးအရပ်မှရက်သည့် အဆင်ကို စာတိုးဆင်၊ နန်းတော်ရှေ့ရပ်မှရက်သောအဆင်ကို မြို့ရှေ့ကြီး၊ မြို့ရှေကြီးဟု ခေါ်ခဲ့သည်ဟုသိရပါသည်။ရဲရောင်ခံ၍ရက်သည်ကို ရဲချိတ်၊ ကျေးရုပ်ပါလျှင် ကျေးတစ်ပုဆင်ဟု ခေါ်ကြပါသည်။

အမရပူရခေတ် နန်းတွင်းထဘီများမှာ လွန်းရာကျ၊ လွန်း ကိုးဆယ်ကျ၊ စိန်ပန်း၊ စည်ပွင့်၊ ဗလာထဘီ၊ အာဠဝီပန်းကုံးစပ်၊ ပိုးတောက်မဲကျစ်ထဘီ၊ နှင်းပုလဲထဘီ၊ နှပ်ပုလဲ ထဘီတို့ ဖြစ်လေသည်။ လင်းဇင်းအက္ကဘတ်ရက်ကန်းဆရာကြီးအား ရာကျပုဆိုး ရက်လုပ်ရန် နိုင်ငံခြားမှ စက်ကြီးများ မှာယူပေးသည်ဟုလည်း သိရပါသည်။ ပြင်သစ်လူမျိုး ရက်ကန်းပညာပါရဂူ ဒင်နီဂရေးနှင့် ကာနီဗာ တို့အား ရက်ကန်းဝန်အဖြစ် ခန့်အပ်တော်မူကြောင်း၊ ဒင်နီဂရေး၏သမီးမှာ သီပေါနန်းတွင်း အပျိုတော် တစ်ဦးဖြစ်ကြောင်း၊ မင်းတုန်းမင်းကြီး၏ လေးစားကြည်ညိုခြင်းခံရသော သီလရှင် ဆရာကင်းမှာလည်း ကသည်းပြည်မှ မြန်မာနိုင်ငံသို့ ဆောက်ခဲ့စဉ်က အသက် ခြောက်နှစ်သာ ရှိသေးသည်ဟု သိရပါသည်။

ကသည်းလူမျိုး ပိုးရက်ကန်းပညာသည်များ ရောက်လာ၍ ပိုးချည်၊ ငွေချည်၊ ရွှေချည်များ ထည့်သွင်း ရက် ခတ် လာ ကြ သည် မှန်သော်လည်း အချိတ်ဆင်၊ အချိတ် ကြိုး ပုံစံ များနှင့် အဆင်အသွေးစပ်ပုံများမှာမူ မြန်မာတို့၏ သီးခြားမူပိုင်ကိုယ်ပိုင်ဟန်သာ ဖြစ်ပေသည်။

## (၈) ချိတ်ပုဆိုးနှင့် ချိတ်ထဘီများ

အထက်၌ဖော်ပြပြီးသောဗလာ ၃၇ မျိုးအပြင် အချိတ်အမျိုးအမည် ၃၀ ကွဲပြားသည်ကိုလည်း တွေ့ရပါသည်။ ၎င်းတို့မှာ—

မြို့ရှေကြီး၊ မြို့ရှေကွဲ၊ ကေလိပ်ဝဏ္ဏ၊ ကြက်မြီး၊ ကြိုးကြီး၊ စိန်နားပန်၊ သုံးခင်းပန်းဝတ်၊ အတွင်းဆင်၊ ကုလားပန်း၊ စိန်တစ်ခက်၊ မြတစ်ခက်၊ နှစ်ပွင့်ဆိုင်၊ လိပ်ပြာဆင်၊ ရဲချိပ်၊ ကျေးတစ်ရာ၊ စာတိုးဆင်၊ ကြာဖူးကြာခိုင်၊ ရွှေတစ်ဆုပ်ငွေတစ်ဆုပ်၊ ရှစ်ပွင့်ဆိုင် ကြိုးကြီး၊ ခုနစ်အိမ်ဆင်၊ ကြိုးကြီးထိပ်ခေါင်တင်၊ ရဲဆင်း ပန်းဝတ်၊ သုံးစင်းနဝရတ်၊ ဆောင် တော် ကူး ဆင်၊ ဒဂ်ါးပန်း၊ တောင်ထိပ်ပန်း၊ ဖီလာချိတ်၊ ကိုက်ချိတ်ဟူ၍ဖြစ်ပါသည်။ ၎င်းတို့မှာ မင်းတုန်းမင်း လက်ထက်က အသုံးပြုသော အထည်အမည်များဖြစ်၍ ယခုထိ မန္တလေးမြို့ စာကြည့်တိုက်နှင့် ပြတိုက်တွင် အချို့အထည်များ ရှိသေးသည်ဟု သိရပါသည်။ ထိုအထဲတွင် စုဖုရားလတ် ဝတ်လဲတော် အချိတ်တစ်ထည်၌ ဒီဇိုင်း လေးငါးမျိုးခန့် ပါဝင်ပြီး လွန်းမှာလည်း စုစုပေါင်း ၂၆၄ လွန်းအထိ ရက်ခတ်ထားကြောင်း သိရပါသည်။

## (၉) ကျေးလက်ပျိုဖြူနှင့် ရက်ကန်းတေး

နန်းတွင်းသူများ အဖို့ လွန်းရာကျ အချိတ်သည် မက်မောတွယ်တာဖွယ် ဖြစ်ရသည့်နည်းတူ ကျေးလက်ပျိုဖြူတို့မှာလည်း မိမိတို့လက်ဖြစ် ရက်ကန်းထည်များကို ဂုဏ်ယူဝင့်ကြွားစွာ ဝတ်ခဲ့ကြောင်း တေးကဗျာများ၌ တွေ့ရပါသည်။

**"ပျိုလေးရက်တဲ့ ရက်ကန်းစင်၊ ဘာစင်လို့မေး၊ မေးပါနဲ့အေ၊ ပဆစ်အိမ်ကွက်စုံခင်းတယ် တင်းတိမ်တဲ့လေး"**

ဟုဆိုရာ၌ အဆန်းအပြား လွှန်းရာကျော် အချိတ်ထည်များ မဟုတ်ကြပါ။ ပဆစ်အိမ်အကွက် တင်းတိမ်ခြုံစောင်အကွက်မျိုးသာ ဖြစ်ပါသည်။

ရှေးခေတ်က ရက်ကန်းတတ်သော မိန်းကလေးကိုမှ ချွေးမ တော်ချင်ကြ၍ "ရက်ကန်း ရှင်မ တတ်ပါစ" ဟု မေးလေ့ရှိကြသည်။ ဖိုင်းတောင့်မှ ချည်မျှင် ထွက်လာအောင် ဆွဲငင်ရာတွင် "ရစ်" ကို သုံးရသည့် ရက်ဖောက်ကို ချည်ရစ်သွင်းရာ၌ အသုံးပြုသော ရစ်၏အကြောင်းကိုလည်း ကျေးလက်သမီးပျိုများက စပ်ဆိုထားပြန်ပါသည်။

**"အမေလေး၊ သူစိတ်ဆိုးလို့ ရစ်ရိုးနှင့်ရိုက်လိုက်လေ၊ ကျောခစိစိကြေ၊ ပျိုတို့မောင် လာကာမှ၊ ဒဏ်ရာကို လှန်ကာပြလို့ရယ်၊ ငိုပါ့မယ်လေး"** ဟူသော ရက်ကန်းတေးများ ဆိုခဲ့ကြပါသည်။ ထို့ပြင် –

**"ဘုရားငုတ်တို ရောင်ခြည်လွှတ်မှ၊ ပုံတော်ဝတ်ကြစို့ မခွေးရယ်၊ အောက်ပြည်က လှေတော်ထိုး၊ ပိုးဝယ်ခဲ့မယ်၊ အနားမှာတဲ့ စိမ်းနုခြယ်၊ အလယ်ခေါင် သံရောင်ကွက်နှင့်၊ မခွေး ပုံတော်ဝင်လို့ယက်တော့၊ လက်ခတ်သံ ကျွန်းဖိုသား၊ သောင်းတိုင်ကကြား"**

ဟုဆိုရာ၌ မြို့ရွာအခြေအနေကိုလည်း အကဲခတ်နိုင်ပါသည်။ အောက်ပြည်အောက်ရွာသို့ လှေထိုးသွားသူအား ပိုးဝယ်ခဲ့ရန်မှာရပုံ၊ ပုံတော်ဆင်ဖြစ်အောင် ကျွန်းဖိုသား လက်ခတ်ဖြင့်ရက်ရပုံနှင့် ရက်ကန်းသံကို တိုင်တစ်သောင်းကပင် ကြားနိုင်ကြောင်း၊ မြန်မာတို့၏ ခရီးအကွာအဝေး မှတ်သားချက်အရ တစ်တိုင်လျှင် နှစ်မိုင်ရှိရာ ထိုအသံကို မိုင်နှစ်သောင်းကပင် ကြားနိုင်သည်ဟု ဆိုလိုပါသည်။

ထို့ပြင် **"ပဝါရက်သစ်၊ မယ်က ပေးတဲ့ ပိုးသေးဖဲပါ၊ ခေါင်းပေါင်းပြာ လည်မှာရစ်လို့"** ဟူသော အိုင်ချင်းအရ တောတွင်းသူလေးကိုယ်တိုင် ရက်ခတ်ပေးသော ပိုးချည် အနည်းငယ်ပါသည့် ခေါင်းပေါင်း တဘက်အကြောင်းကို တွေ့ရပါသည်။ **"ခါတလွဲလာခဲ့ပါ့ ကျုပ်တို့ရွာ"** ဟူသော တေး၌လည်း **"မြေတလင်းမှာ နေခင်းပျော်အင်၊ လိမ်းကျောက်ပျဉ်နှင့်၊ ဖိုင်းငင်ဝါဖန်၊ အိမ်လုံးသာညံတော့"** ဟူသော ရက်ကန်းစကားများကို ကြားသိရပါသည်။ ချစ်သူ လာလည်သည့်အခါ ရစ်တံနှင့် ဖိုင်းငင်နေသော အလုပ်ကိုရပ်နားပြီး စကားလက်ခံ ပြောရသည်။ ဝဲလင်းဆောင်တွင် ဖိုင်းငင်နေသော အပျိုစင်ထံမှ ချည်ခင်စလေးများ၊ ဆေးလိပ်များကို လက်ဆောင်အဖြစ်တောင်းပြီး ပြန်ကြသော ထုံးစံများလည်း ရှိခဲ့ပါသည်။

ရက်ကန်းနှင့် ပတ်သက်၍ ဦးကျော်လု၏ သံချိုမှာ ထင်ရှားသော တင်ပြချက်ပင် ဖြစ်ပါသည်။

**"မိန်းမတွေအငြိမ်းမနေစမ်းပါနဲ့၊ ရက်ကန်းခေါ် ဖိုင်းဝါအလုပ်ကိုလ၊ အများတကာကို အားမနာလို့ မဟုတ်ပါဘူး။ အသွားအလာမှာ၊ ခါးဘလချာ မစုတ်ရအောင်ကွယ်၊ အားထုတ်ဘို့ကောင်း"**

ဟူ၍ ရေးသားခဲ့ပါသည်။ ဝါဂွမ်းများကို တစ်ပြည်တစ်ရွာသို့မရောင်းချရန်ကိုလည်း တောင်းပန်သေးသည်။ ထိုသံချိုကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ထောက်ခံထားပုံမှာ –

**"ဖိုင်းနှင့်ဝါ၊ ချည်ရက်ကန်း၊ စီလက်တန်းပွန်းတဲ့ သံချို၊ ဦးကျော်လုစာအလိုကို၊ ယာတခိုတောင်ယာ ထဲတွင်ဖြင့်၊ အောင်ပွဲကြီးဂွမ်းနှင့်ငွေဝါ၊ ညွန်းခဲ့ပေရှာ၊ လွမ်းစဖွယ့် ဒေသနာကို၊ ရွှေမြန်မာ နာခန်းပေါ့လေး"**

ဟူ၍ ဝါနှင့်ဂွမ်းကို ဤမျှအရေးပေးပြီး စပ်ဆိုခဲ့ပါသည်။

**"လပြောက်မှာဖိုင်းငင်၊ ရွှေရင်အကျီသိုင်းလို့ တပိုင်းဘိုကရိုနှင့်"** ဟူ၍ ဦးကြီးကလည်း ဖိုင်းအကြောင်း တင်စားထားသော လွမ်းချင်းတစ်ပုဒ် ရှိပါသေးသည်။

တောတွင်းသူလေးများနှင့် ရက်ကန်းပညာ နှီးနွှယ်ဆက်သွယ်ပုံများကို ဤအထောက်အထားများအရ သိနိုင်ပါသည်။ ရက်ကန်းရက်သံ၊ မောင်းထောင်းသံများမှာ အသေအချာ နားထောင်ကြည့်လျှင် အလွန်စည်းချက်ကျ၍ ချင်ချင်ချပ်ဟူသောအသံသည်ပင် အနုပညာဆန်သည်ဟု ထင်ရပါသည်။ စာဆိုဦးစီကလည်း –

**"ယဉ်ရစ်တံ၊ ငယ်ချစ်ရွှေကိုယ်ဖန်လို့၊ မတန်သူ မဆင်ကြစေနှင့်၊ မြင်ရရင် မရှောင် ဝယ်မည့်၊ သုံးမယ်ဆင်၊ နန်းဝင်ခါးကိုမှ၊ ထားတဲ့ဆင်သစ်"**

ဟူ၍ ဖွဲ့ခဲ့ပါသေးသည်။

## (၁၀) လှည်းယဉ်ပေါ်မှ အမျိုးသမီးအလှ

**"ပွဲဆင်တော် ပြသပေးရန်ဘို့၊ လှည်းယဉ်တော် ကြကြလေးရယ်နှင့် မမလေးကိုတဲ့ လိုက်ခဲ့ခေါ်"**

ဟူသော လေးချိုးအရ ရှေးခေတ်က မမလေးတို့ကို လှည်းယဉ်နှင့် တယုတယ ဖိတ်ခေါ်ရသည်။ ဤတွင်

လုံချည်သည် သူ့ခေတ်နှင့်သူ ဂုဏ်ရှိသည်ဟု သိနိုင်ပါသည်။ လုံချည်စီးသော မမလေးတို့၏ ဝတ်စားဆင်ယင်ပုံကိုပါ ဤတေး၌ တွေ့ရပုံမှာ—

**"တချို့က ချောသနဲ့၊ တိုတောနယ် ရွှေတစည်ပတော့၊ မြို့ကျောဖွယ် တန်ဆာဆင်ကြပုံက၊ အပြာတွင်ဖဲရောင်ခရမ်းရယ်နှင့်၊ ပဝါယဉ်ဖဲစောင်မှ ဆန်းတယ်လို့၊ ထာဝစဉ် ပွဲဆောင်ကို မြန်းကြတယ်၊ ကဲ ပြောင်ခန်း ဖော်တယ်နော်ကွယ် လုံချည်ဆောင်ပန်းပေါ်"**

ဟု ဆိုထားပါသည်။ ထဘီအပြာမှာ အပြာချည်းမဟုတ်ဘဲ ခရမ်းရောင်သမ်းနေသဖြင့် အလွန်အသွေးကျပါသည်။ ဖဲပဝါခြုံစောင်ကို အဆန်းတကျယ်ခြုံလျက် လုံချည်ဆောင်ပန်းပေါ်၌ မြင်ရခြင်းဖြစ်ရာ မြို့ကြီးသူများထက် သာလွန်ပြီး ချောလှသည်ဟု ဆိုရပါမည်။

သို့ရာတွင် လုံချည်ကို လူတိုင်း မစီးနိုင်ကြပါ။ လုံချည်ကြမ်းသည်သာ လူတိုင်းအဖို့ ဖြစ်သည်။ နွားနှင့်ကျွဲနှင့် အတူရုန်းရပြီး နွားလှည်းကလေးများနှင့် ကျင်လည်ရသူများပီပီ နွားလှည်းနှင့် ပတ်သက်သော တေးသံများသည် ဂီတလောက၌ ကျန်ရစ်ခဲ့ပါသည်။

**"ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်၊ ပျို့တို့မောင် ယာမလုပ်တယ် ဝါးခုတ်တဲ့တောင်၊ နွားညီနောင် စည်အောင်ကွဲဖေကျောင်း၊ မောင်နှင့်မယ် တူယှဉ်နဲ့ကာမှ၊ ယူငင်ကာ ချူဆင်ဆွဲလို့ရယ်၊ လှည်းယဉ်နှင့်မောင်း"**

ဟူသော လေးဆစ်တွင် လှည်းယဉ်ကို တူမောင်မယ် စီးနိုင်ရန် အတော်ကြိုးစားရကြောင်း သိနိုင်ပါသည်။ ယာ မလုပ်သည့်အခါ ဝါးခုတ်ရင်း နွားညီနောင်ကို ဝအောင် အစာကျွေးရသည်။ စီးပွားဖက်ဖြစ်သော နွားကလေးများကို ကျောင်းရသည်။ မောင်နှင့်မယ်ကံဆိုင် နီးစပ်ပြီးပါက နှစ်ဦးယှဉ်တွဲကာ ချူကလေးတွေဆင်ထားသော လှည်းယဉ်နှင့် မော်ကြွားပြီး လည်လိုက်မည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ချူကုံးကလေးများကို နေ့စဉ်ဆွဲလေ့ မရှိကြပါ။ ချူကုံးအသံသည် အဝေးမှပင်ကြားနိုင်သည်။ သူ့လှည်း ကိုယ့်လှည်း၏ ချူသံကို မှတ်မိကြပါသည်။

ခြောက်စထောင်ဟူသော ရံတိုင်ခြောက်ခုနှင့် အမိုးကကော့၍ ထောင်နေသည့် လှည်းအိမ်မျိုးမှာ ယခုအခါ ရှားပါးပစ္စည်း ဖြစ်နေပါပြီ။ လှည်းယဉ် ဆွဲရသောနွားများကလည်း အသိဉာဏ်ရှိဟန်တူပါသည်။ လှည်းကြမ်းဆွဲရသော နွားများကိုပင် ကြွားချင်သည့်နှယ်။ သူတို့၏ နဖူးထိပ်၌ တလက်လက် တောက်ပသော မှန်ဝိုင်းလေးများကို တပ်ဆင်ပေးပြီး ချူကုံးလေးတွေသာ တပ်ပေးလိုက်လျှင် ခေါင်းတမော့မော့နှင့် မူးချင်ကြသည်ကို တွေ့ရပါသည်။

**"ဆင်အပ်စရာ၊ သည်နွားမှာတော့၊ ကျင်ခတ်ပဝါချည်ထားပါလို့"** ဟူသော သီချင်းအရ ကျင်ခတ်ပဝါကို ချည်ပေးထားလျှင် ပိုပြီးကြွကြွရွရွ ရှိလေသည်။ ကျင်ခတ်ပဝါသည် အမျိုးသမီး၊ အမျိုးသားအဖို့သာမက နွားများအတွက်ပါ သည်းခြေကြိုက် ပစ္စည်းဟု ဆိုရမည် ထင်ပါသည်။

လှည်းယဉ် မေတ္တာစာ တစ်ပုဒ်၌ တွေ့ရသည်မှာ **"မောင်တော်နန်းလျှာ ခြေတော်တင်သည့်လှည်းမဟာ"** ဟု တင်စားထားခြင်းပင် ဖြစ်သည်။ ထမ်းပိုးကျည်၊ လှည်းဦးပွတ် (လှည်းကြီးတုံး)၊ လှည်းတုတ်၊ လှည်းအိမ်၊ ရံတိုင်၊ လှည်းဦးထောက်၊ ပတောင်း စသော အစိတ်အပိုင်းများမှာ သူ့သစ်သားနှင့်သူ သုံးရသော ထုံးစံရှိပါသည်။ လှည်းအိမ်နှင့် လှည်းဘောင်အတွက် ရှားသား၊ ပိတောက်သား၊ ပျဉ်းကတိုး၊ ဖန်းခါး၊ ခက်လှမ်းနှင့် ချဉ်ပြစ်သားများကို သုံးလေ့ရှိပြီး လှည်းလက်ရန်းနှင့် ဘောင်တွင် ခပ်ကွေးကွေး ဖြစ်စေရန် ခက်လှမ်းသားနှင့် ချဉ်ပြစ်သားများကို သုံးကြသည်။ ထိုအသားများသည် အစထောင်လုပ်ရန် လွယ်ကူသောကြောင့် ဖြစ်ပါသည်။ လှည်းယဉ်နှင့် လိုက်ဖက်ရန် ဝဝဖီဖီး နွားများကိုလည်း ရွေးရသည့်အပြင် ထိပ်အုပ်၊ ချူကုံး၊ လည်ခွံပတ်၊ ထမ်းပိုးတွင်စွပ်ရန် ပတ်ကြိုး၊ ဘိုသိုင်း၊ ဘိုစည်းသို့မဟုတ်ဝမ်းပတ်၊ ဒူးတိုက်၊ ထမ်းပိုးကျည်တွင် ချည်နှောင်သော ပန်းပွားကအစ လှလှပပပြင်ဆင်ရလေသည်။ တစ်ခါတစ်ရံ လှည်းဦး၌ လှပစွာထုလုပ်ထားသော သစ်သား လှည်းဦးရုပ်များကို တွေ့ရထတ်ပါသည်။

လှည်းယဉ်မေတ္တာစာ၌မူ သစ်သားကို မသုံးဘဲ အဖိုးတန် ကျောက်မျက်ရတနာများသာ သုံးမည်ဟု ဖွဲ့ထားပါသည်။

**"မြဝါကိုဘိန်း(ဘီး)၊ မြစိမ်းကိုလှည်းအိမ်၊ စိန်ကိုလှည်းတုတ်၊ ဂေါ်မုတ်ကိုဇင်ကဲ၊ ထမ်းပိုးကပုလဲ၊ ဆွဲလဲကစိန်၊ ဝုန္နီဆောင်ပန်း၊ နန်းသူမောင်ငယ်၊ ရက်ကယ်မဆိုင်းပါနှင့်၊ စိုင်းခဲ့ကွယ်"**

ဟု ဆိုထားပါသည်။ ရွှေနန်းကြိုးများကို ဆွဲကြိုးလုပ်မည့်အပြင်—

**"ကောဇ္ဇုံထည်၊ ရွှေချည်ဝတ်ကယ်သို့၊ ပိုးကြိုးကစိန်၊ မြနီလာမျက်လုံး၊ ခွာပုံကပတ္တမြား၊ သူ**

**လျှည်းယဉ် ကြောင်ရှင်သွားသည့်နှယ်၊ ရွှေနယားနှစ်ကောင်၊ ဖြောင်ဖြောင်မည်အောင် ပြေးလိုက်ပလေး”**

ဟု ရေးခဲ့ပါသည်။ ပုံတောင်းကို ဒေါနပန်းနှင့်ဆင်မည်။ လှည်းတုတ်ကို နံ့သာ၊ ဒေါနု၊ သဇင်နှင့် ရွှေလှည်းယဉ် ခြေလျင်တော် ကြမ်းတယ်လို့ တစ်လှမ်းမှ သူမစီးရှာဘု စသည်ဖြင့် စာဆိုရှင်က စိတ်ကူးဆန်းကျယ်စွာ စပ်ဆိုထားသည်ကိုတွေ့ရပါသည်။ သစ်သားလှည်းကို ကျောက်မျက်ရတနာများနှင့် လုပ်လိုခြင်း၊ နံ့သာ၊ စန္ဒကူး၊ ဒေါနု၊ သဇင်နှင့်ပြုလိုခြင်း စသော တင်စားမှုများကိုထောက်၍ မြန်မာတို့သည် လှည်းယဉ်ကို မည်မျှခုံမင် တွယ်တာကြကြောင်း သိရပါသည်။ စာဆိုရှင်အနေနှင့်မူ ဤကျောက်မျက်ရတနာများကို ပိုင်ဆိုင်ခြယ်လှယ်နိုင်သူ ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။ အလင်္ကာဂုဏ်မြောက်မှုအတွက်ကား ချီးကျူးအံ့သြကြရပါသည်။ ထို့အတူ ရိုးရိုးလှည်းယဉ်ဘွဲ့ကိုပင် အဆန်းထွင်ကာ ညာဏ်ကွန့်ခဲ့ကြသော လေးဆစ်တစ်ခုကိုလည်း မှတ်တမ်းတင်ရပါမည်။ မူလက ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်ကို ချွံထွင်လိုက်ပုံမှာ—

**“ညို့ကုန်းယံ ချောက်နဘေးမှာလ၊ တို့ဘုန်းကံ အလျောက်မွေးရောထင့်၊ တစ်ခေါက်ပြေးမှဖြင့် မိုးထိုးမယောင်၊ ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်၊ နှစ်ကိုယ်ချျိမှာကြောင့်၊ ချျိဘို့တူ နွားပြာတုတ်တွေနှင့်၊ ပျိုတို့လူ ယာမလုပ်တယ်၊ အားထုတ်မယ့် မောင်မှာနော်ကွယ် ဝါးခုတ်တဲ့တောင်၊ ဟဲ့ ဆိုကာ ကြိမ်တံမြှောက်ရုံနှင့်၊ လှည့်လိုရာ တိမ်ယံရောက်နိုင်ရဲ့၊ အိမ်ခြံပေါက် နွားညီနောင်၊ စားအီတောင်မှ ညနေစောင်း၊ အားစီအောင်ပါ့ဝစေကြောင်း၊ ဆောင်ခွင့်ကိုရွယ်၊ မောင်နှင့်မယ် တူယှဉ်တွဲပါလို့၊ နောင်တင့်တယ် လူမြင်ရဲကာမှ၊ ယူငင်ကာ ချျုဆင်ဆွဲပါ့မယ်၊ ပွဲဝင်မယ့်ချောင်းသူ့ရဲ့ လှည်းယဉ်နှင့်မောင်း”**

ဟူ၍ ဖြစ်ပါသည်။ ထိုခေတ်ထိုအချိန်၌ လှည်းယဉ်သည် မော်ကြွားစရာဖြစ်၍ မောင်နှင့်မယ် လူအမြင်ခံဝံ့သည့် ဘဝရောက်မှ စီးပြလိုက်မည်ဟု ကြုံးဝါးသည့် သဘောလည်း ပါဝင်ပါသည်။ ထိုလှည်းယဉ်ဘွဲ့ လေးဆစ်တေးများကို လေ့လာခြင်းဖြင့် ရှေးခေတ် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု တစ်စိတ်တစ်ဒေသကို အကဲခတ် နိုင် သည့် အ တွက် ဖော်ပြချခြင်း ဖြစ်ပါသည်။ ကျေးလက်တွင် ညနေချိန်၌ စပါးပုတ်ကလေးများကို တင်ကာ ကလေးတစ်သိုက် ခိုကပ်၍ စီးလေ့ရှိသော လှည်းမြီးတိုများအကြောင်းကိုကား စာဖွဲ့သူများ မရှိသလောက် ရှားပါသည်။

## (၁၁) ရက်ကန်းဝေါဟာရများ

ရက်ကန်းပညာနှင့် ပတ်သက်၍ မြန်မာ့ ဝေါဟာရနယ်ပယ်တွင် အတော်အသင့် ကျန်ရစ်ခဲ့ပါသည်။

**“စာပေမကျွမ်း၊ ယောကျ်ားနုမ်း၊ သူကန်းနှင့်သာ တူတော့သည်၊ ရက်ကန်းနှင့် ဗိုင်း၊ လက်နှင့်ရိုင်း၊ လူတိုင်းမုန်းတတ်သည်”**

ဟူသော စာပေအရ ယောကျ်ားစာမတတ်လျှင် သူကန်း၊ မိန်းမရက်ကန်းမတတ်လျှင် အဖျင်း၊ ရက်ကန်းနှင့် လက်နှင့် မနီးလျှင် အသုံးမကျဟု ကဲ့ရဲ့ထားသည်ကို တွေ့ရပါသည်။

ထို့အပြင် အကွက်လည်သည်၊ အဆင် ပြေသည် ဟူသော စကားလည်း ရှိပါသေးသည်။ သူ့အကွက်နှင့် သူ့အဆင် ပြေပြစ်ခြင်းကို ဆိုလိုပါသည်။

**“ဖရဏာ ပီတိ ဂွမ်းဆီထိသို့” “ဗိုင်းကောင်းကျောက်ဖိ၊ပိပိယိယိ” “လသာတုန်းဗိုင်းငင်” “တိုင်းရက်တဲ့ ပက္ကလာ မိုးရွာတာနှင့် အဆင်သင့်” “ဆိုဆုံနွားလား ရဟတ်ချားသို့” “သံသရာချားရဟတ်”**

ဟူသော စကားများမှာ ချည်ချသော ချားများမှတစ်ဆင့် ပေါ်ပေါက်လာသော စကားပုံ ဝေါဟာရများ ဖြစ်ပါသည်။

**“အထိန်းမရှိသောချည်ခင်” “အမယ်ဘုတ်ကယ့်သူ့ချည်ခင်” “ဆင်ဖြူတော် ဝင်မှာ ချည်တစ်ခင်နှင့် ကျိန်းကျေသည်”**

ဟူသောစကားများမှာ ရက်ကန်းအတတ်မှ ပြန့်ပွားဆက်နွယ်လာကြခြင်း ဖြစ်ပါသည်။

**“လူကလေးရယ်ဖြူဖြူ၊ ဗိုင်းတောင့်နှင့်တူ”**

ဆိုရာ၌ အသီးမှ ရသည်မှာ ဝါ၊ ဝါကို ကျိတ်ဖန်ထားသည်ကား ဂွမ်းဖြစ်၍ ဝါဖတ်ပြီး ဂွမ်းဖြူဖြူကို တုတ်တံနှင့် လိပ်ထားလျှင် ဗိုင်းတောင့်ဟု ခေါ်ပါသည်။ အသားဖြူသော ကလေးကို ဗိုင်းတောင့်နှင့် နှိုင်းခြင်းဖြစ်ပါသည်။ နေမိ မဂ္ဂစိုးခဏ်းပျို၌--

**“ဗိုင်းကောင်း လိပ်သို့၊ သိပ်သိပ် သည်းသည်း”**

ဟု စပ်ဆိုခဲ့ပါသည်။

**“ဗိုင်းကောင်းကျောက်ဖိ”** ဆိုရာ၌ လေလွင့်လျှင် ဖောင်းပွလာတတ်သဖြင့် ချည်အငင်ရမခက်ခဲစေရန် ဗိုင်းတောင့်များကို လေလုံအောင် တောင်းထဲ၌ ဖုံးဖိ ထားရလေသည်။ သို့မှသာ ချည်ငင်၍ ကောင်းမည့်အတွက် ပိပိယိယိ ထားရသည့်နည်းတူ မိန်းကလေးများကိုလည်း ဣန္ဒြေရရ ပိပိယိယိရှိစေရန် ခိုင်းနှိုင်းသော စကား ဖြစ်ပါသည်။

ထို့ပြင် စိတ်ဝင်စားဖွယ်ကောင်းသော စကားတစ်ခုမှာ **"ဗိုင်းတာ"** ဟူသော ဝေါဟာရပင် ဖြစ်ပါသည်။ ရှေးခေတ်က တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဒေါသဖြစ်၍ စိတ်ကို မချုပ်တည်းနိုင်သည့် အခါ **"ဗိုင်းတာမသား"** ဟု ဆဲရေးတတ်ကြပုံကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆို ကြပါသည်။ အပြောခံရသူစိတ်တွင် အလွန်နာကြည်းကြသည်ဟု ဆိုပါသည်။ ဗိုင်းကို အသာအယာ မကိုင်တွယ်ဘဲ ကြမ်းတမ်းသူဖြစ်၍ "ဗိုင်းနာမ" ဟုဆိုကြောင်း အချို့က ဖွင့်ဆိုကြပါသည်။ သို့ရာတွင် ဦးမောင်မောင်တင် ( K.S.M ) (A.T.M) အငြိမ်းစား ဝန်ထောက်မင်း စီရင်ရေးသားသည့် "ရွှေနန်းသုံးဝေါဟာရ အဘိဓာန်" ပထမတွဲ၊ စာမျက်နှာ ၁၉၁ တွင် ဗိုင်းတာကို ဖွင့်ဆိုထားသည်မှာ –

"ရွှေနန်းတော်ထက်တွင် ရှေးအခါက ဆီမီးထွန်းစဉ်ကာလ၊ မီးစာ ဗိုင်းလိပ်များကို လိပ်၍သွင်းရသည့် ဗိုင်းတာ အမှုထမ်းဟု ခေါ်သည်။ စုသေး၊ စုကြမ်း အမှုထမ်းမသားဟု ဆိုခြင်းကြောင့် ခံရသူစိတ်တွင် အလွန် နာကြည်းခြင်း ဖြစ်သည်"ဟု တွေ့ရပါသည်။

**"လိပ်ပတ်လည်"**ဟူသော စကားမှာလည်း ရက်ကန်းဝေါဟာရပင် ဖြစ်သည်။ ရက်ကန်းရှယ်ပြီး စင်ပေါ်တင်သည့်အခါ လိပ်တုံးတွင် အခြေခံချည်စကို သွင်းပြီးမှ ရက်မည့်ချည်နှင့် တစ်ခုချင်း လိမ်၍ဆက်ပြီး လိပ်တုံးကို တစ်ပတ်ပတ်မိအောင် ရက်လုပ်ရသည်။ သို့မှသာ အထည်သား တင်းနေ၍ နေသားတကျ ရှိမည့်အတွက် လိပ်ပတ်လည်ဟု ခေါ်ဝေါ်ခြင်း ဖြစ်လေသည်။

**"စည်းကမ်း"** ဟူသော စကားမှာ ရက်ကန်းမှ ဆင်းသက်လာခြင်းဖြစ်သည်ဟု မှတ်သားရပါသည်။ စည်းနှင့်ကမ်းကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ အတိုင်ချည်ပင်များကို တစ်ပင်နှင့်တစ်ပင် မပူးယှက်စေရန် တစ်ပင်ချင်း စည်းဖော်၍ လမ်းခွဲခြင်း၊ လမ်းရှင်းခြင်းများကို "စည်းဖော်"သည်ဟု ခေါ်ပါသည်။ "ကမ်း" ဟူသည်မှာ ပခစ်ဖက်ကမ်း ဖြစ်သော အစွန်အဖျား ကလနားသားကို ခေါ်သည်။ အထည်၏အနားသား ချောမွတ်ကောင်းမွန်မှသာ ရက်ကန်းကျွမ်းကျင်သူဟု ခေါ်မည် ဖြစ်ပါသည်။ စည်းမရှိလျှင် အတိုင်ချည်ပင်များ ယှက်ထွေး ရောနှောသွားပြီး အထည်မဖြစ်နိုင်တော့ပေ။ ထို့ပြင် ကလနားသား ကောင်းအောင် ပြုတတ်မှသာ ရက်ကန်းတတ်သည်ဟု ခေါ်လေသည်။ စည်းနှင့်ကမ်း ကျနမှသာ အထည်ဖြစ်နိုင်သည်ဟု ဆရာကြီး ရွှေပြည်ဦးဘတင်က မိန့်ဆိုဖူးလေသည်။

**"လုံမကလေး ကတတ်တယ်၊ ချားကလေးလိုလည်"** ဟုလည်း မြန်မာတို့သည် မိမိတို့နှင့် လက်ပွန်းတတီး နီးစပ်သော ရက်ကန်းပစ္စည်း "ချား" ကို ထည့်သွင်း စပ်ဆိုခဲ့ကြပါသည်။ **"ကျူပင်ကြို ကျူပင်ကြား လောင်းကလေးနဲ့သွား"** ဟူ၍လည်း စကားထာ စပ်ခဲ့ကြသည်။ **"ရွှေလွန်းပျံ့ရပ်မနား၊ ဘယ်ညာခုန်လို့သွား"** ဟူ၍လည်း တေးဆိုခဲ့ကြသည်။ သမိုင်းချည်စက်ကို အစွဲပြု၍ "ရွှေလွန်းပျံ့ယာဉ်" ဟုပင် ဘတ်စ်ကားအမည် ပေးခဲ့ကြဖူးသည်။ အလွန်မြန်သည့်လွန်းနှင့်တူသည့်အတွက် ရွှေလွန်းပျံ့ဟု သမုတ်ကြခြင်း ဖြစ်ပါသည်။

## (၁၂) ဝါပချင်း၊ ရက်ကန်းရှင်မ

ရက် ကန်း နှင့် ပတ် သက် သော ဇာတ်လမ်းရိလေးတစ်ခုလည်း ရှိပါသေးသည်။ ရှေးကျသော အထက်မြန်မာပြည်တွင် ယခုထက်တိုင် အမျိုးသမီးပိုင်းက ရက်ကန်းရှင်မကိုတင်မြှောက် ယုံကြည်နေကြဆဲ ဖြစ်ပါသည်။ မိုးမရွာလျှင်ဝါပချင်းနတ်ကို ပူဇော်ကြသည်။ ခြင်းကြားကြီး တစ်ခုကိုယူ၍ ဆံစုတပ်ကာ ပန်းပန်ပေးပြီးလျှင် အမျိုးသမီးကြီးများကကိုင်၍ ယိမ်းပေးရင်း သီချင်းဆိုကြပါသည်။

> **"ရွှေမိုးတဲ့ ရွာစေချင်၊ ငှက်ပျော ဆင်အံဖီးနှင့် နတ်ကြီးကိုတင်၊ ရပ်ရွာသူနယ်အရှင်၊ ရေတင်အောင်ရွာပါလား၊ မိုးနတ်သိကြား"**

> **"တောင်ဘက်လယ်ခင်း၊ တောင်ခြေရင်း၊ ဝါခင်းစောင့်တဲ့ ဖိုးအောင်ကျော်၊ မိုးခေါ်ခဲ့ မိုးခေါ်ခဲ့"**
> **"ဖိုးအောင်ကျော်လာမည်ရေးနှင့်၊ မိုးသံကိုပေး၊ ပြောင်းပင်ညိုမြ၊ မိုးလိုက၊ ရေရမြက်ပင်၊ ယသမင်ဇော်ဂျီရှင်မ နတ်ကယ်လေး၊တိမ်းပေတော့၊ ယိမ်းပေတော့၊ဝါဖတ်လေးဖြူဖြူစင်စင်၊ရွှေလက်တောင့်နှင့်ငင်"**

စသည်ဖြင့် ကနားပေးကြရာ နတ် ဝင် ၍ ပူး သည့် အ ခါ အဘွားကြီး လေး ငါးယောက်ပင် ဆွဲ ၍ မ ရ ဟု ဆို ပါသည်။ ထိုအခါ မိုးရွာချသည်ဟုဆို၏။ ထိုကိစ္စတွင် အမျိုးသားများ မပါရပါ။

ချင်းတွင်း အနောက်ဖက် ဟန်လင်းကြီး အရပ်၌ ယသမင်ဂျီရွာသူ မနှင်းဆီသည် ဝါကောက်သွားရင်း ယာခင်းရှင်၏သား ဖိုးအောင်ကျော်နှင့် ရည်ငံမိကြသည်ကို မနာလိုသူ သူကြီး၏သား သက်နှံ့ဆိုသူက ဘုရင်ကို ကုန်းချော၍ ဖမ်းစေသဖြင့် ဖိုးအောင်ကျော် ကမ္ဘာ့းမှ

ခုန်ချသေကာ နတ်ဖြစ်သကဲ့သို့ မနှင်းဆီလည်း ရင်ကွဲနာနှင့်သေ၍ နတ်ဖြစ်သည်ဟု ဆိုကြပါသည်။ ဝါကောက်ရင်း သေရသဖြင့် ရက်ကန်းရှင်မဖြစ်သည့်အတွက် မိုးရွာစေရန်၊ လယ်ယာချောင်းမြောင်း ကောင်းစေရန် စောင်မလိမ့်မည်ဟု ယုံကြည်စိတ်ဖြင့် ယခုကဲ့သို့ ဝါပချင်း ပူဇော်ကြသော ဓလေ့ ပေါ်ပေါက်ခဲ့သည်ဟု သိရပါသည်။

## (၁၃) ချိတ်ပုဆိုးတစ်ထည်ပြီးရန်

ရှေးခေတ် အချိုပုဆိုးများအနက် လွန်း ၅၀ ကျ ပုဆိုးတစ်ထည်ကိုရက်လျှင် လူနှစ်ယောက် ရက်ပေါင်း ၄၅ ရက် (တစ်လခွဲ) ရက်ရပါသည်။

လွန်း ၇၀ အထည်မှာ လူနှစ်ယောက် နှစ်လနှင့် ရက်ပေါင်း ၂၀ ရက်ရပါသည်။

လွန်း ၈၀ အထည်မှာ လူနှစ်ယောက် သုံးလ ရက်ရပါသည်။

လွန်း ၁၀၀ အထည်ဆိုလျှင် လူနှစ်ယောက် သုံးလနှင့် ၁၀ ရက်မှ ပြီးသည်ဟု သိရပါသည်။

တန်ဖိုးအနေနှင့်ကား အထည်သားပေါ်ရှိ လွန်းကလေးများအပေါ် အမှီပြု၍ လွန်းအရေအတွက်နှင့် အထည်စျေးနှုန်း ကန့်သတ်ကြလေသည်။ လွန်းများလျှင် ပို၍ပေးရသည်။ ရှေးအခါက သင်နည်းမှာနှုတ်ဖြင့် ပင်စားပေးပြီး စိတ်မှတ်ဉာဏ်နှင့် အလွတ်တတ်မြောက်ရန် သင်ကြားသောနည်း ဖြစ်ပေလသည်။ စိတ်မှတ်ဉာဏ်ဖြင့်သာ သင်ယူရသည့်ကမျာ၍ ရှေးဦးစွာ ပုံးပြုပြခြင်းမှစပြီး လွန်းကိုင်နည်း၊ လွန်းထိုးနည်း၊ လက်သန်းထိုး၊ လက်သူကြွယ်ထိုးစသည်ဖြင့် လွန်းကိုင်ပုံနှင့်တကွ လွန်းထားသိုပုံပါ သင်ပြပြီး၊ လွန်းထိုးသောအခါ ညာလက်မှ လွန်းထိုးပြီး ဘယ်လက်မှ လွန်းယူပုံ၊ ဘယ်လက်မှထိုးပြီး ညာလက်မှ ယူပုံနှင့်တကွ လွန်းယူရာ၌လည်း အဖောက်ယပင်ကိုထိန်းပြီး ကိုင်တွယ်ယူငင်ပုံကို သင်ကြရသည်။

လွန်းကိုင်လွန်းထိုးသေသပ်၍ ပင်စားနည်း အတော်အသင့် သဘောပေါက်ပြီး မှတ်မိခဲ့လျှင် တစ်ဆင့်တစ်ဆင့်စိတိုး၍ သင်ကြရသည်။ အရောင်အသွေးသွင်းပုံ၊ ပင်စားစားပုံများကိုပါ စိတ်တွင်းမှ ဒီဇိုင်းပုံမှတ်မိသည်အထိ အလွတ်ရအောင် ပင်စားပေး၍ သင်ကြရလေသည်။ သို့ဖြစ်ရာ လွန်းကိုင်လွန်းထိုးသင်တန်းမှစ၍ ကိုယ်တိုင် ဒီဇိုင်းအစုံကို အလွတ်ရက်ခတ်နိုင်သည်အထိ အနည်းဆုံး ခုနစ်နှစ် ရှစ်နှစ်ခန့်သင်မှသာ ပညာကိုတတ်မြောက်နိုင်ပေသည်။ သို့ရာတွင် ရှေးခေတ်သင်ကြားနည်းမှာ စိတ်မှတ်ဉာဏ်ဖြင့် သင်ရသည့်အတွက် အချိန်ကြာသော် အလွယ်တကူနှင့်မေ့ပျောက်နိုင်ပေသည်။

ပိုးအခင်ကြီး အရိုင်း တစ်ပိဿာ ၆၀ ကျပ်သားကို ပြုတ်ချွတ်ပါက ပိုးချိန်ဟစ်ပိဿာနှင့် ၈ ကျပ်ကျန်ပြီးလျှင် ရက်သည့်အခါ သုံးထည်ရနိုင်သည်ဟု သိရပါသည်။

## (၁၄) နည်းသစ်ဖြင့် သင်ကြားပို့ချခြင်း

ရှေးခေတ်က နှုတ်တိုက်ပို့ချသော သင်နည်းမှာ အထည်မရှိပါက မလေ့ကျင့်နိုင်ဘဲ အခက်အခဲနှင့်ရင်ဆိုင်ရသော်လည်း ယခုမူ မည်သည့်ဒီဇိုင်းကိုမဆို မြင်ရုံဖြင့် ပုံစံထုတ်၍ ရက်ခတ်နိုင်စေရန် တတ်လွယ်သောနည်းဖြင့် သင်ကြားပေးလျက် ရှိပါသည်။ စက်မှုလက်မှုဝန်ကြီးဌာနခွဲ ဆောင်းဒါးရက်ကန်းကျောင်း၌ ကျွမ်းကျင်သော ဆရာကြီး၊ ဆရာမကြီးများက စနစ်တကျ သင်ခန်းစာများဖြင့် သင်ကြားပေးလျက် ရှိနေပါသည်။ လွန်းနှင့်ပတ်သက်သောပညာ၊ ခေတ်မီတီထွင်ထားသော ဒီဇိုင်းဘာသာရပ်နှင့်တကွ အထည်သားဆိုင်ရာ ပညာများကိုပါ သင်ကြားကြရလေသည်။

လွန်း ၁၀၀ ချိတ်ဟုခေါ်သော်လည်း အများအားဖြင့် ၁၈၀ ကျော်နှင့် ရက်ခတ်ကြသည်ဟု ဆိုပါသည်။ ဆောင်းဒါး ရက်ကန်းကျောင်း၌ လွန်းရာကျအချိတ်ပညာဆိုင်ရာ သင်တန်းဖြင့် သင်ခန်းစာများကို ရှုးရိုးရာပညာ တည်တံ့ရေးအတွက် သင်ကြားပေးနေခြင်း ဖြစ်ပါသည်။ လွန်းရာကျ အချိတ်သာမက နှစ်ရာကျချိတ်ကိုလည်း မြန်မာ့အထည်အလိပ်လုပ်ငန်း၏ စိမ်ကိန်းဝင်အဖြစ် နိုင်ငံခြားသို့တင်ပို့ရန် စိုင်းပြင်းခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာတို့၏ ဂုဏ်ယူဖွယ် အထည်အလိပ်ဖြစ်သည့်အတွက် ဆက်လက်တည်တံ့စေရန် ကြိုးစားလျက်ရှိသည်ဟု သိရပါသည်။ ၁၉၆၂ ခုနှစ်လောက်တွင် လွန်းချိတ်ထည်များ ရက်လုပ်မှုကို အစိုးရက အထူးအားပေးလာခဲ့ရာ အောက်ပါ လေးဌာနသည် ထင်ရှားခဲ့ပါသည်။

## (၁၅) လွန်းချိတ် ရက်လုပ်ရာဒေသ

(၁) စစ်ကိုင်းခရိုင် ဝါးချက်ရွာ အချိတ်ရက်ကန်းရုံ၊

(၂) စစ်ကိုင်းမြို့ နတ်ပန်းရပ် အချိတ်ရက်ကန်းရုံ၊

(၃) မန္တလေးနန်းတော်ရှေ့ အချိတ်ရက်ကန်းရုံ၊

(၄) အမရပူရ တာရှဝ်တန်းရပ် အချိတ်စင်၊

ဤဒေလးနေရာတွင် အချိတ်ထည်များရက်ခတ်ခဲ့ကြပါသည်။ ၁၉၆၆ ခုနှစ် ပတ်ဝန်းကျင်တွင် ဖြစ်ပါ၏။ သုတေသီများ သွားရောက် လေ့လာ၍ စာပေ၊ ရုပ်ရှင်၊ ဓာတ်ပုံများဖြင့် မှတ်တမ်းတင်ခဲ့ကြရာ အချိတ်ရက်ကန်း ပညာ၏ တန်ဖိုးကို ပြည်သူအများ ကောင်းစွာ သဘောပေါက်နားလည် သိရှိရပါသည်။

စစ်ကိုင်း ဝါးချက်ရွာ ရက်ကန်းရုံမှ ဒေါ်အေး၊ ဒေါ်မိနှင့် ညီမဖြစ်သူ ဆောင်းဒါး ရက်ကန်းကျောင်း ဆရာမကြီး ဒေါ်မမလေး၊ နတ်ပန်းရပ် ရက်ကန်းရုံမှ ဒေါ်တင်နှင့်ဒေါ်ညွှာ၊ မြေး မမိမိ၊ နန်းတော်ရှေ့မင်္ဂလာ ဥယျာဉ် ရဲဌာနအနီး ရက်ကန်းရုံမှ ဒေါ်စုနှင့် သား ဦးမောင်ကိုတို့မှာ ရက်ကန်းပညာရှင်များ ဖြစ်ကြပါသည်။ တစ်နေ့လျှင် ခြောက်နာရီနှုန်းဖြင့် ရက်ပေါင်း ၉၀ ကြာမှသာ အချိတ်တစ်ထည် ထွက်သည်ဟု သိရပါသည်။

ရှေးက တရုတ်ပိုးကို အသုံးပြုလာရာမှ ဂျပန်ပိုးများ၊ နိုင်လွန်ချည်များကို အချို့ အသုံးပြုလာကြသည်။ ပိုးချည်ကို ရက်ဖောက် ယောက်ခြင်း၊ ချားပုတ်၊ ပိုးချ၊ နှပ်ကောက်၊ ပိုးပြုတ်၊ ပိုးခါ၊ လျှော်ခြင်း၊ လှန်းခြင်း၊ ဆေးဆိုးခြင်း စသည်ဖြင့် အဆင့်ဆင့် လုပ်ကြရသည်။ ချည်မျှင်အသေးကို တုတ်လာအောင် ကျစ်ရသည့် အတွက် ကျစ်ခနှင့်ပြုတ်ခ၊ ဆိုးခများလည်း ရှေးထက်ပို၍ တန်ဖိုးကြီးလာလေသည်။ ဆိုးပြီးလျှင် ချားဖြင့် ယောက်လုံးမှာသွင်း၍အတိုင်အပင်များရရန် ချားကြီးနှင့် ရှယ်ရခြင်း၊ ပိုးပင်များကို လိပ်သွင်းပြီး ဖြန့်ရခြင်း၊ နှပ်ကောက်ရခြင်း၊ ပိုးငါးပင်လောက်ကိုပေါင်း၍ လွန်းကြီး နှင့် ဗလာအနံအကျဉ်း လက်တစ်ဝါးစာရအောင်ခတ်ပြီး ပိုး ၁၇ ပင်လောက် ပေါင်းထားသော ယောက်လုံးမှ ရက်ဖောက်အသေးများနှင့်ယောက်၍ လွန်းငယ်ကလေး များ တပ်ရခြင်း စသော လုပ်ငန်း အဆင့်ဆင့်ကို စိတ်ရှည် လက်ရှည်ဖြင့် ဓာတ်ပုံဆောင်းပါးများ၌ မှတ်တမ်းတင်နိုင်ရန် အပင်ပန်းခံပြီး လုပ်ကိုင် ပြခဲ့ကြပါသည်။ ရှေ့သို့စာစောင်များ၌ အကျယ်တဝင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

**ဝါးချက်ရွာ အချိတ်ရက်ကန်းရုံ။** ။ဤရက်ကန်းရုံမှ ဒေါ်စောနှင့်ဒေါ်မိတို့သည် အချိတ်ပညာကို ကျွမ်းကျင် တတ်မြောက်သူများပီပီ ညီမ ဒေါ်မမလေး (ဆောင်းဒါး ရက်ကန်း ဆရာမကြီး) အား သင်ကြားပေးခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ဆောင်းဒါးရက်ကန်း ကျောင်းတွင် အချိတ်ဆရာမကြီးအဖြစ် သင်ကြား ပို့ချခဲ့သည်။




သုံးစင်းဂမုန်းနွယ်



တစ်ပါးလိပ်တင်ကြီး




ခုနှစ်စင်းဂမုန်းကြီး




ခုနစ်စင်းဂမုန်းပွင့်ကြိုး



သဇင်ခွေကြိုး




သုံးဂဏန်းရှက်ဆက်



ဖဲလှိုင်းညွန့်

ဤရုံမှရက်ခတ်ခဲ့သော ဒီဇိုင်းများမှာ ၂၂ မျိုးရှိရာ စပ်၊ ဖဲလှိုင်းညွန့်၊ နှစ်စင်းလိမ်၊ ဆောင်တော်ဦး၊ ဂမုန်း၊ နှစ်စင်းခါးစည်း၊ လေးစင်းလိမ်၊ ငါးစင်းကြိုး၊ ငါးစင်းဂမုန်း၊ ခြောက်စင်းလိမ်၊ သုံးဂဏန်း ရှက်ဆက်၊ ပတ္တမြား ရှက်ဆက်၊ ထိပ်ခေါင်တင်၊ တစ်ပါးထိပ်တင်၊ ဟင်္သာဂမုန်း၊ ဂမုန်း ပန်းဆက်၊ စံပယ်နွဲ့၊ သဇင်ခွေ၊ ငါးစင်းမြင့်မိုရ်၊ ငါးစင်းဂမုန်းနွယ်၊ ခုနစ်စင်းဂမုန်းစပ်၊ မြင့်မိုရ်ကြီးကြိုး၊ ကြိုးကြီးချိတ် စသည်တို့ဖြစ်ပါသည်။

**စစ်ကိုင်း နတ်ပန်းရပ် (သာစည်ရပ်) အချိတ်ရက်ကန်းရုံ။** ။ဤရက်ကန်းရုံပိုင်ရှင် ဒေါ်ညွှာမှာ စင်ပေါင်း ၁၀ စင်ရှိသည့်အနက် ခုနစ်စင်ကို မပြတ်ရက်ခဲ့သည်။ ရက်ခတ်ခဲ့သော ဒီဇိုင်းများမှာ ရှစ်မျိုးရှိရာ နှစ်စင်းလိမ်၊ ဆောင်တော်ဦး၊ ဂမုန်း၊ နှစ်စင်းခါးစည်း၊ ခြောက်စင်းလိမ်၊ ပတ္တမြားရှက်ဆက်၊ ထိပ်ခေါင်တင်၊ စံပယ်နွဲ့နှင့် မြင့်မိုရ်ကြိုးတို့ဖြစ်သည်။ ၁၉၆၆ ခုနှစ်လောက်က လေးတောင်တစ်ကွင်းလျှင် ၃၅၀ ကျပ် လောက်သာ ရှိသော်လည်း ယခုအခါ တစ်ထောင်ကျော်ပြီ ဖြစ်ပါသည်။ ၁၉၆၄ ခုနှစ်က ထိုရုံတွင် ၈၄ နှစ်အရွယ် အဘွားဆင့်နှင့် ၅၅ နှစ်အရွယ် ဒေါ်လှမေကြီးတို့ကို တွေ့ခဲ့ရပါသည်။ ဒေါ်တင်မှာ ၆၆ နှစ်၊ ဒေါ်ညွှာမှာ ၇၀ နှစ်ဖြစ်၍ ယခုအခါ မရှိရှာကြတော့ပါ။



ခြောက်စင်းလိမ်ကြိုး




စံပါယ်ခွေ

**နန်းတော်ရှေ့ အချိတ်ရုံ။** ။ရက်ကန်းရုံပိုင်ရှင် အမေစုမှာ မိဘ ဘိုးဘွားလက်ထက်ကစ၍ တတ်မြောက်ခဲ့သူ ဖြစ်ပြီးလျှင် စင် ခုနစ်စင်ကို ရက်ခတ်ခဲ့သည်။ အမေစုကွယ် လွန် သည့် နောက် သားဖြစ်သူ ဦးမောင်ကိုက ဆက်လက် လုပ်ကိုင် ခဲ့သည်။ ဒီဇိုင်း အဆင်များမှာ ခြောက်မျိုးရှိသည်။ မဟာကြိုးနှင့် ငွေကိုက်၊ တစ်စင်းဂမုန်း၊ ရေလှိုင်းချိတ်၊ လေးစင်းလိမ်၊ လေးစင်းကြိုးနှင့် နှစ်စင်းလိမ်တို့ ဖြစ်ကြသည်။




တစ်စင်းကြိုးနှင့်ဂမုန်း

**အမရပူရ တရုတ်တန်းရပ် အချိတ်ရက်ကန်းစင်။** ။ဤရုံ၌ စစ်ကိုင်းရက်ကန်းရုံနှင့် နန်းတော်ရှေ့ရက်ကန်းရုံများမှ ဒီဇိုင်းနှစ်မျိုးကိုပေါင်း၍ ရက်ခတ်ခဲ့ရာ ခြောက်မျိုးရှိလေသည်။ ထိပ်ခေါင်တင်၊ ခြောက်စင်းလိမ်၊ မဟာကြိုးနှင့်ငွေကိုက်၊ တစ်စင်းဂမုန်း၊ နှစ်စင်းလိမ်၊ ပတ္တမြားရွက်ဆက်တို့ ဖြစ်ကြသည်။



နှစ်စင်းလိမ်



မဟာကြိုး နှင့် ငွေကိုက်

## (၁၆) လွန်းရာကျအချိတ်၏ ထူးခြားချက်

အရောင်အသွေး အဆင်နှင့်ပတ်သက်၍ လွန်းပေါင်းများစွာနှင့် ရက်ခတ်ထားသည့်အတွက် အသွေးစုံစေသည်။ အဆင်မှာ ကျက်သရေရှိ၍ နန်းဆန်သည်။ အဖောက်လွန်းကလေးများသည် တစ်နေရာတည်း၌သာ လှည့်ပတ် ရက်ခတ်ထားခြင်းကြောင့် လွန်းတစ်လွန်းနှင့် တစ်လွန်းအကူးတွင် လွန်းဥကလေးများသည် လင်းမြွေရိုးသဏ္ဍာန် ဆက်စပ်၍နေခြင်း၊ သဘာဝပုံတူ ပန်းခက်ပန်းနွယ်များမဟုတ်ဘဲ သွဲ့ပျောင်းနွဲ့နှောင်းစေရန် စိတ်ကူးဖြင့်တီထွင်ထားသော ကြိုး၊ ဂမုန်း၊ ပန်းနွယ်၊ ကနုတ်တက်များဖြင့် စပ်ထားသည့်အတွက် မြန်မာ့ဟန်ပါသော ပုံစံများဖြစ်ခြင်း၊ အကျော်အလွှား မပါဘဲ ဗလာသားအတွင်း၌ပင် အဆင်ပေါ်အောင် ရက်ခတ်ထား၍ စက်မှုလက်မှု ထွန်းကားသောနိုင်ငံများမှ အတုယူရန် မလွယ်ကူခြင်း စသော ထူးခြားချက်များ ရှိလေသည်။ ဒီဇိုင်းတစ်ခုနှင့်တစ်ခုမှာ ခပ်ဆင်ဆင်ဖြစ်သော်လည်း ကွာခြားချက်ရှိသည်ကို တွေ့ရသည်။ ကြိုးအလိမ်၊ ဂမုန်း(ကနုတ်ပန်း) နရားပန်းခက်၊ ခါးစည်းခါးဖြတ်၊ ဘိလပ်ပွင့်၊ ပန်းပွင့်ကြီးစသော အထည်ကွဲများလည်း ရှိသည်။

## (၁၇) ဒီဇိုင်းနည်းပြ ဆရာကြီးများ

ဤပုဂ္ဂိုလ်ကြီးများ၏ ကြိုးစားအားထုတ်မှုကြောင့် လွန်းရာကျချိတ်ရက်ကန်းပညာအကြောင်းဗဟုသုတရကြသည်ဖြစ်ရာ လွန်စွာကျေးဇူးတင် ဂုဏ်ပြုထိုက်ပေသည်။ ၎င်းတို့မှာ အချိတ်ဆရာမကြီး ဒေါ်မမလေး၊ ရက်ကန်းဆရာကြီး ဦးသွဲ၊ ဆရာကြီးဦးသာမောင်၊ ဦးသန်းရွှေ (ဆောင်းဒါးကျောင်း) နှင့် ဒီဇိုင်း ရေး ဆွဲ ကြ သော အချိတ်ဆရာမ ဒေါ်ထွေးကျင်၊ ရွှေတောင်မြို့ စက်မှုလက်မှု ကြီးကြပ်ရေး ဒေါ်ခင်သိန်းနှင့် ရန်ကုန်မြို့ စက်မှုလက်ထောက် ဒေါ်တင်အုန်းတို့ ဖြစ်ကြသည်။ ရှေးကနည်းအတိုင်း သင်ခဲ့လျှင် အချိန်ကုန် လူပင်ပန်းမည်စိုး၍ သင်တန်းကာလကို သတ်မှတ်ပြီး တတ်မြောက်လွယ်သောနည်းကို ရှာဖွေခဲ့ကြခြင်း ဖြစ်သည်။

အချိတ်နည်းနှင့် ခေတ်မီပုံဆန်း ဒီဇိုင်းတီထွင်သော ဆရာကြီးများမှာ ဒီဇိုင်းနည်းပြဆရာ ဦးအေးမြင့်၊ ဦးဘမောင်နှင့်ဒေါ်မမလေးတို့ဖြစ်ကြပါသည်။ရက်ကန်းသင်ခန်းစာအနေနှင့် ရှိသင့်ကြောင်းကို စက်မှုလက်မှုညွှန်ကြားရေးဝန် ဒေါက်တာကျော်ထင်နှင့် ရက်ကန်းပညာပေးအရာရှိ ဦးလှထွန်းဖြူတို့က ကြိုးစားအားထုတ်ခဲ့သည့်အပြင် ရက်ကန်းသမိုင်းကြောင်း ပြည့်စုံစေရန် ရွှေကိုင်းသားဆရာတော် ဦးသောဘိတ၊ ဆရာဦးမောင်မောင်တင်နှင့် စာကြည့်တိုက်မှူး ဒေါ်တင်လှတို့၏ အကူအညီဖြင့် လွန်းရာကျအချိတ်သင်တန်း သင်ခန်းစာများပေါ်ထွက်လာခဲ့သည်ဟု သိရပါသည်။ ဤမျှခက်ခဲ၍ အနုပညာ ဂုဏ်မြောက်သည့်အပြင် တန်ဖိုးကြီးမြင့်သလောက် မြန်မာလူမျိုးတို့ ဂုဏ်ယူ၍ မဆုံးနိုင်သော ဤလွန်းရာကျ အချိတ်လုပ်ငန်းကို အနုပညာအမွေအနှစ်အဖြစ် ဆက်လက် ထိန်းသိမ်းကြရမည် ဖြစ်ပါသည်။ ။

## အခန်း (၁၃)

# တိုင်းရင်းသူ အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ မှီတင်းနေထိုင်ကြသော လူမျိုးစုအသီးသီးတို့ကို ပြည်ထောင်စု တိုင်းရင်းသားများဟု ခေါ်တွင်ကြရသည်ဖြစ်ရာ မြန်မာအမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှုအကြောင်း မှတ်တမ်းတင်ရမည်ဆိုလျှင် တိုင်းရင်းသူအားလုံး အကျုံးဝင်သည်ဟု ယူဆမိသည့်အတိုင်း ဤကဏ္ဍကို ထည့်သွင်း ဖော်ပြရခြင်းဖြစ်သည်။ ပြည်ထောင်စုဟူသည် တိုင်းရင်းသားအားလုံး ပေါင်းစည်းထားသည့်အတွက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည်ဖြင့် အက္ခရာစဉ်အလိုက် လက်လှမ်းမီရာ လေ့လာတွေ့ရှိသမျှကို ဆက်လက်ဖော်ပြအပ်ပါသည်။

## (၁) ကချင်အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု

ကချင်အမျိုးသမီးများဟူရာ၌ကချင်ပြည်နယ်အတွင်းရှိ မျိုးနွယ်အသီးသီးမှ အမျိုးသမီးများကို ခေါ်ဆိုထိုက်ပေသည်။ ဂျိန်းဖော့၊ မရူး၊ အဇီး၊ လရှီ၊ ရဝမ်နှင့် ယောယင်း၊ လီဆူ၊ လီရှော၊ ကတူး၊ ကနန်း၊ ခန္တီးရှမ်း တို့လည်း ပါဝင်နေသည်ကို တွေ့ရသည်။ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံကား ခြားနားပါ၏။

**ဂျိန်းဖော့အမျိုးသမီးများ။** ။ဂျိန်းဖော့အမျိုးသမီးတို့၏ ဝိသေသထူးခြားချက်မှာ အင်္ကျီပေါ်၌ ဆင်မြန်းထားသော ငွေခွက်၊ ငွေမောင်းများနှင့် ခါးမှ ကြိမ်ခွေများ၊ ခြေသလုံးပတ်ရန်ဖြစ်သော ဂျပ်ခုတ် ရက်ကန်းထည်နှင့် ခါးကိုပတ်၍ ဝတ်ထားသော ဆန်းပြားသည့် ဒီဇိုင်းအဆင်စုံ ဂျပ်ခုတ်ထဘီပင်ဖြစ်ပါသည်။ လုံကွင်းမဟုတ်ပါ။ ခါးတွင် ပတ်သည်။ ခါး တွင် ပတ် သည့် အ စ ကို ခါး ၏ လက် ဝဲ ဘက် ၌ ညှပ် ထား သည်။ ခြေသလုံးပေါ် အောင် တိုတိုဝတ်သည်။ ဂျပ် ခုတ် ထ ဘီ ထဲ တွင် ဂျိန်းဖော့ထဘီလောက် ထူထပ်လေးလံပြီး ဒီဇိုင်းပုံဆန်းသော တိုင်းရင်းသူဝတ်စုံ မရှိတော့ပါ။ လက်ရာနုသည်။ သိုးချည်ဖြစ်၍ ခိုင်ခံ့သည်။ ¯သား စဉ် မြေး¯ဆက်¯ဝတ်၍ စုတ်နိုင်ဖွယ်မရှိ။ ဂျိန်းဖော့ထဘီ၏ ဘောအမြိတ်သည် အလွန်ခမ်းနားသော ရက်ကန်းလက်ရာဖြစ်သည်။

ကချင် လွယ် အိတ် ဆိုလျှင် အဖိုးအတန်ဆုံး ငွေ၊ ငွေမောင်း၊ ငွေခွက်များနှင့် ဆင်ထားသည်ဟု သိနိုင်ပါသည်။ ထောင်ကာအကများ၊ မနောအကများ ကသည့်အခါ တချင်ချင်မြည်သော ငွေထည်ပစ္စည်းအသံများနှင့် ငွေပန်းဖွားလေးများ လှုပ်ပါးပုံများကအစ တေးဂီတတစ်မျိုးဟု ထင်မြင်စရာဖြစ်လေသည်။

ရက်ကန်းအတတ်ပညာ ကျွမ်းကျင်မှုသည် အလှခြယ်ရာ၌ ဤမျှအထောက်အကူကောင်းတစ်ခု ဖြစ်ခဲ့ပါသည်။ သစ်စေးသုတ်ထားသော ကြိမ်ခွေလေးများကို ခါးတွင် လျော့ရိလျော့ရဲ ပတ်ထားခြင်းကလည်း လှုပ်ရှားလိုက်တိုင်း ဘယ်ညာယိမ်းလျက် ကြွကြွရွရွလေးဖြစ်နေသည်။ ကျောအပြည့် ရင်အပြည့်တပ်ဆင်ထားသော ငွေမောင်း၊ ငွေခွက်ကလေးများမှာ ပေါ့ပေါ့ပါးပါးနှင့် လှုပ်၍ကတိုင်း ကဗျာဆန်နေသည်။ ဝတ်စုံကပင် တေးဆိုနေသည်ဟု ထင်မည်ဆိုက ထင်စရာ။

ဂျိန်းဖော့အပျိုလေးများသည် ရှေးခေတ်က ဆံပင်အတိုလေးများဖြစ်သည်။ ခေါင်းပေါင်းကို လက်ထပ်ပြီးမှသာ ပေါင်းလေ့ရှိကြသည်။ ဂျိန်းဖော့ခေါင်းပေါင်းသည် လည်း အဆင် တန်ဆာ တစ်မျိုးဖြစ်၍ ဂျပ်ခုတ်ရက်ကန်းထည် ပန်းဖော်ထားသော ရောင်စုံတဘက်ဖြစ်သည်။ အနက်ရောင် လှပစွာရက်လုပ်ထားသော ခေါင်းပေါင်း များ ဖြင့် ဆံထုံးကို အုပ်လျက် ခပ်ချွန်ချွန်ခပ်ထောင်ထောင် ပေါင်းလေ့ရှိကြသည်။

ကချင်အမျိုးသမီးများ၏ နားတွင် အချင်း ငါးမူး၊ အရှည်လေးလက်မခန့်ရှိသော ပယင်းနားတောင်းကြီးများနှင့် ငွေနားကပ်များကို ပန်ဆင်ပြီး ငွေမှိုပွင့် ဆံထိုးများထိုးလေ့ရှိကြသည်။ သန္တာပုတီး၊ ရွှေ၊ ငွေဆွဲကြိုးနှင့် လည်ဆွဲများ ဆင်မြန်းကြသည်။ ရွှေ၊ ငွေဆံထိုးများလည်း အသုံးပြုကြသည်။



ကချင်အမျိုးသမီး

အင်္ကျီမှာ ချင်ကြမ်း သို့မဟုတ် ကတ္တီပါစ ဂင်ခဲ့ လက်ရှည်ဖြစ်၍ အနက်ရောင်ကို ချုပ်လုပ်ဝတ်ဆင်ကြသည်။ ကျောနှင့်ရင်ဘတ်တွင် သံပရာခွံသဏ္ဌာန် ဒင်္ဂါးဂိုင်းခန့်ရှိ ငွေမောင်း၊ ငွေခွက်များ စီထားသော ကတ္တီပါ အင်္ကျီနက်ကို ပွဲလမ်းသဘင်များ၌ ဝတ်ဆင်ကြသည်။

"ခပ်ခု" ခေါ် ထဘီမှာ ကန့်လန့်စင်းဖြစ်၍ ခြောက်လက်မခန့်ဖြက်ကျယ်သည့် အစင်းကြီးငါးစင်းမျှပါဝင်လေသည်။ အနက်နှင့် ခရမ်း၊ အညို၊ အစိမ်း တစ်ကန့်စီ ရက်ထားသော အစင်းလုံချည်များဖြစ်သည်။ ထိုထဘီများကို ကွင်းချုပ်၍ ဝတ်ကြသည်။

ဂျပ်ခုတ်ထဘီများကား ကွင်းထည်မဟုတ်ပါ။ခါးတွင် ခါးစည်းဖြင့် စည်းနှောင်ပတ်ထားလေ့ရှိသည်။ ခါးစည်းသည် လေးတောင်မျှရှည်လျားပြီး တစ်ဖက်တစ်ချက်တွင် တစ်ထွာခန့် အကွက်ဖော်၍ ရက်လုပ်ထားသည်။ ဖြက်မှာ လက်တစ်ဝါးခန့်ရှိ၏။ ဘေးတွင် အမြိတ်သဘော ချထားတတ်ကြသည်။

ခါး၌စွပ်ထားသော သစ်စေးသုတ်ထားသည့်ကြိမ်ခွေများမှာခပ်ချောင်ချောင် ခပ်လျော့လျော့ဖြစ်၍ အားလုံးအခွေပေါင်း ၅၀ ခန့် ရှိလေသည်။ ပုတီးစေ့ရောင်စုံနှင့် သန္တာပုတီးများထက် နီညိုရောင်ရှိသော ပယင်းပုတီးများမှာ အဖိုးအတန်ဆုံးဖြစ်သည်။ နွမ်းပါးသူများကမူ အစစ်ကို မဆင်နိုင်ဘဲ အတုများနှင့်သာ တင်းတိမ်ကြရသည်။

ခြေသလုံးတွင်စွပ်ထားသော သစ်စေးသုတ် ကြိမ်ခွေလေးများမှာလည်း အခွေ ၂၀ ခန့်ရှိသည်။ တောင်တက်ခရီးအတွက် မညောင်းမညာ သွေးကျေနိုင်ဟု အယူရှိကြသည်။

ဟူးကောင်းနယ်မှ ကချင်အမျိုးသမီးများ ပွဲလမ်းသဘင်သွားသည့်အခါ ဆံထုံးထုံး၍ ငွေဆံထိုးများ ထိုးကြသည်။ ပန်းရောင် ဂျပန်ပဝါနှင့်လုံးပတ်၍ ဆံထုံးအဝကို တုတ်ထားလေ့ရှိသည်။

အမျိုးသမီးများသည် အနီခံတွင် အစိမ်း၊ အနက်၊ အဝါနှင့် ပန်းရောင်ဖောက်ထားသော ဒေါင်လိုက်အစင်းများ ရက်ထားသည့် ခေါင်းပတ်တဘက်ကို ခေါင်းပေါ်တွင် ပေါင်းထားရာ ဘီးဆံပတ်ကြီးများနှင့် အလွန်တူလေသည်။

ငွေချူ၊ ငွေကြိုး၊ ငွေကွင်းများကို အစုလိုက်အတွဲလိုက် ဝတ်ဆင်လေ့ရှိကြသည်။ ထဘီမှာ အနီခံတွင် သိုးမွေးချည်များနှင့်ဒီဇိုင်းလှလှဖော်ကာ ရက်ထားသော ဂျပ်ခုတ် ထဘီဖြစ်လေသည်။ ခါးစည်းမှာ အနီရောင်ဖြစ်သည်။

ခြေသလုံးစွပ်ကို ဒူးခေါင်းအောက်မှ ခြေမျက်စိအထိ စွပ်ထားလေ့ရှိသည်။ ကွင်းအရှည် ခြေသလုံးဆန့်ရုံ ချုပ်ထားပြီးသားကို စွပ်ယူရသည်။ ခြေမျက်စိအထက်၌ ကြိုးလှလှဖြင့် ချည်နှောင်ရသည်။ ဂျိန်းဖော့ကချင်အမျိုးသမီးများ၏ ဂျပ်ခုတ်ထဘီမှာ ကွင်းမဟုတ်ပါ။ ခါးတွင်ပတ်၍ ဝတ်ရသည့် အထည်မျိုးဖြစ်သည်။ သုံးတောင်ထွာမျှသာရှိသည်။

ကချင်ဝတ်စုံကိုဝတ်ဆင်လျှင် ပထမဦးစွာ ထဘီကို ဝတ်ရသည်။ ထို့နောက်မှ ခါးပတ်၊ အင်္ကျီ၊ ဆွဲကြိုး၊ ခြေစွပ်များဝတ်ပြီး ကြိမ်ခွေကိုစွပ်ရသည်။ ပြီးမှသာ အင်္ကျီဝတ်၍ ခေါင်းကိုပတ်ကြသည်။ ယခင်က ကချင်အမျိုးသမီးပွဲထိုင် ဝတ်စုံတစ်စုံလျှင် ၁၀၀၀ ကျပ်ခန့် တန်ဖိုးရှိရာ ယနေ့ဆိုလျှင် မှန်းဆရန် ခဲယဉ်းပေသည်။

ကချင်အမျိုးသမီးများ၏ အဓိက အိမ်တွင်းလက်မှုလုပ်ငန်းမှာ ရက်ကန်းပင်ဖြစ်သည်။ ကချင်ရက်ကန်းစင်မှာ သီးသန့်စင်မဟုတ်ဘဲ မိမိခါးနှင့် ဆက်လျက်

ရက်ကန်းသာဖြစ်သည်။ စရိတ်ကျဉ်းသော ရက်ကန်း ရက်လုပ်နည်းပင်ဖြစ်သည်။ ကချင်လွယ်အိတ်၊ ဝတ်စုံများ၊ ခေါင်းပတ်များ၊ ခါးပတ်များ၊ ခြေပတ်၊ ခြေစွပ်နှင့်အိတ်ရှုံ့လေးများ၊ လက်ပွေ့အိတ်များ၊ အတိုအထွာ ရက်ကန်းထည်လေးများဖြင့် ကချင် အမျိုးသမီးတို့မှာ တင့်တယ်ခဲ့ကြပေသည်။

ယနေ့ဆိုလျှင် လူကြိုက်များသော ခေတ်မီ ပိုက်ဆံအိတ် ပုံစံလေးများကို ရက်လုပ်ရောင်းချလျက်ရှိသည်။ ကချင်ထဘီ၊ ကချင်လွယ်အိတ်၊ ကချင်ပိုက်ဆံအိတ်များဟူ၍ ဝင့်ကြွားစရာ ရက်ကန်းလက်ရာများ တိုးတက်နေသည်ကို တွေ့ရသည်။

## မရူအမျိုးသမီးများ

မရူအမျိုးသမီးသည်လည်း ဂျပ်ခုတ်ထဘီကို ကွင်းမချုပ်ဘဲ ခါး၌ပတ်လျက်ဝတ်ကြသည်။ ခေါင်းပေါင်းကို မြင့်မြင့်ပေါင်း၍ ပန်းပွားနှစ်ဖက် ချထားလေ့ရှိသည်။ အင်္ကျီလက်ရှည် အနက်တွင် လက်မောင်းနှင့် လက်အဖျား၌ ဖဲအနားများ ကွပ်လေ့ရှိသည်။ ဂျိန်းဖော့ဝတ်စုံကဲ့သို့ ဒီဇိုင်းများမပါသော ကန့်လန့်စင်း ရက်ကန်းထည်သာဖြစ်သည်။

## အဇီးအမျိုးသမီးများ

ဆဒုံးနယ်၌ အများအပြား တွေ့ရသည်။ ဂျိန်းဖော့ထက်မြင့်မောက်သောခေါင်းပေါင်းကြီးများကို ပေါင်း၍ ဂျပ်ခုတ်ထဘီကို ခပ်ရှဲ့ရှဲ့ ခပ်စောင်းစောင်း ဝတ်ကြသည်။ ငွေခွက်များလည်း အင်္ကျီပေါ်၌ တပ်ဆင်ကြသည်။

## လရှီအမျိုးသမီးများ

ဂျပ်ခုတ်ဂါဝန်ရှည် ဝတ်ဆင်သည်။ ရက်ကန်းလက်ရာ အလွန်လှသည်။ ခေါင်းပေါင်းမှာ ဂျိန်းဖော့နှင့်မတူပါ။ အင်္ကျီလက်ပွများပေါ်၌ ပုတီးအထပ်လိုက် ဆွဲကြသည်။ ခြေပတ်အဝတ်များလည်း စွပ်ကြသည်။ ပုတီးစေ့ရောင်စုံကို အတွဲလိုက် အကုံးလိုက်ဆွဲ၍ ငွေလက်ကောက်များလည်း ဝတ်ကြသည်။

## မြောင်စီးအမျိုးသမီးများ

ဝနယ်၊ ဟိုပန်မှ နှစ်ညအိပ်သွားလျှင် မြောင်စီးတို့ဒေသကိုရောက်နိုင်ပါသည်။ မြောင်စီးတို့၏ခေါင်းပေါင်းကား ကြီးမားလှသည်။ ဝခေါင်းပေါင်းနှင့်လည်း မတူပေ။ ပန်းကွက်အဆင်ဆန်းများ ရက်လုပ်ထားသော ဒီဇိုင်းကို တွေ့ရသည်။ အလုပ်ကြမ်းလုပ်၍ ကြွခိုင်တုတ်ဖြိုးနေသော ခြေသလုံးကိုလည်း လှပသောခြေပတ်နှင့် ပတ်ထားကြသည်။ ငွေလည်ကွင်းနှင့် ငွေကြိုး၊ ငွေဆည်းလည်း တွဲလောင်းလေးများကိုလည်း ဝတ်ဆင်ထားကြသည်။ မြောင်စီးရက်ကန်း အဆင်ဒီဇိုင်းများမှာ အလွန်လက်ရာမြောက်သည်။ ဆံထုံးကို တစောင်းထုံး၍ ပန်းများ လှပစွာ ပန်ကြသည်။ ဂါဝန်တို့၏အရှေ့၌ သိုးမွေးထည် ခါးဝတ်စုံအရှည်ချပြီးထားရာ အလွန်လှပလေသည်။

## လီရှောအမျိုးသမီးများ

ကြီးမားသော ခေါင်းပေါင်းများ ပေါင်းကြသည်။ အင်္ကျီအပြာရောင် အနက်ရောင်တွင် အနီကန့်လန့်စင်းများနှင့် ဂါဝန်ရှည်ကလည်း ပွပွရှရှရှိပြီး ခါး၌ အဝတ်ခါးပတ် ပတ်ထားသဖြင့် ခါးအလှပေါ်လွင်သည်။ ခါး၏နောက်၌ ချထားသော ကြိုးအမြိတ်ကို လူစိမ်းများ မကိုင်မိ မထိမိအောင် ဆင်ခြင်ရသည်။ ကိုင်မိပါက ရှုံးပြင်ကနားရောက်တတ်သည်။ နှစ်ဖက်ရင်ဖုံး အနားပတ်ကြီးများပေါ်၌ သိုးမွေးရောင်စုံများဖြင့် ပန်းထိုးထားရာ အလွန်တင့်တယ်လေသည်။ အချို့မှာ အနက်စင်းအင်္ကျီပွနှင့် ဂါဝန်အရှည်အပွများ ဝတ်ကြသည်။

## ယောယင်းအမျိုးသမီးများ

မြောက်ပိုင်းရှမ်းပြည်နှင့်ကချင်ပြည်နယ်တွင် လီရှောအနွယ်ဝင် ယောယင်းများကို တွေ့နိုင်သည်။ ပူတာအိုယောယင်းတို့မှာ ဂါဝန်ရှည်ဝတ်၍ ခေါင်းမပေါင်းဘဲ ဦးထုပ်ကလေး ဆောင်းထားသည်။ ပုတီးနှင့် ငွေဒင်္ဂါး ဆွဲကြိုးများကို စလွယ်သိုင်းဆွဲတတ်ကြသည်။ ပူတာအိုဘက်တွင် အများအားဖြင့် အဖြူရောင်ကိုသာ ဝတ်ဆင်ကြသည်။ လောခေါင်တောင်တန်းမှ ယောယင်းများကား လက်ရှည်အင်္ကျီနက်၊ ထဘီရှည်အနက်နှင့် တဘက်တွင် ငွေဆည်းလည်းလေးများတပ်ပြီး ပေါင်းထားကြသည်။

## ရဝမ်အမျိုးသမီးများ

ရဝမ်တို့သည် ကန့်လန့်စင်းထဘီများကို ဝတ်ကြသည်။ အင်္ကျီမှာ ခါးတိုလက်တို ဖြစ်သည်။ ပုတီးများအထပ်ထပ်ဆွဲပြီး ခါး၌ ကြိမ်ခွေအဆင့်ဆင့် ပတ်ထားကြသည်။ တဘက်ပါးပါးကို ခေါင်းမှာ တင်လေ့ရှိသည်။ ခါးပတ်ကိုလည်း ပတ်ကြသည်။

## ကတူးကနန်းအမျိုးသမီးများ

ကတူးကနန်းအမျိုးသမီးတို့တွင် ထူးခြားသော ဝတ်စားဆင်ယင်မှု မတွေ့ရပဲ ဗမာနှင့်ထပ်တူ ထပ်မျှ ဝတ်ဆင်ပုံ တူညီကြသည်ကို တွေ့ရသည်။

## ထရုန်အမျိုးသမီးများ

ကချင်ပြည်နယ်မြောက်ပိုင်း ရေခဲတောင်အရပ်များ၌ နေထိုင်ကြသော ထရုန်လူမျိုးစုများဟုရှိရာ ထရုန်အမျိုးသမီးကြီးတစ်ဦးကို ၁၉၆၄ ခုနှစ်တွင် မန္တလေး၌ကျင်းပသော ပြည်ထောင်စုနေ့၌ တွေ့မြင်ခဲ့ရသည်။ ဆံပင်အတိုထား၍ သင်တိုင်းအပွကြီးဝတ်ကာ အရပ်အမောင်းမှာ လွန်စွာပုနိမ့်သည်ကို တွေ့ရသည်။ လွယ်အိတ်ကြီးကိုလည်း ပခုံးတွင်လွယ်ထားသည်။ လွယ်အိတ်သည် တိုင်းရင်းသူများ၏ မရှိလျှင်မဖြစ်သော အသုံးအဆောင်ပစ္စည်းတစ်ခု ဖြစ်ဟန်တူပါ၏။

## (၂) ကယားအမျိုးသမီးများ၏ဆင်ယင်ထုံးဖွဲ့မှု

ကယား အမျိုးသမီးများ၏ ထူးခြားသော ဝတ်စုံမှာ ကတ္တီပါခြုံထည်ခြုံ၍ ခါးတွင် ပဝါရှည်များစည်းပြီး ရှေ့၌ အရှည်ချထားခြင်းပင် ဖြစ်သည်။ ထဘီအနေနှင့်လည်း ဖြောင်အနားပါသော ကန့်လန့်စင်း၊ ရှမ်းကဘီအဆင်များ ဝတ်ကြသည်ကို တွေ့ရသည်။

မနုမနော ခေါ် ကယား အမျိုးသမီးများသည်လည်း ပဝါကို ကရင်နည်းတူခေါင်းစည်း၍ အရှည်ချထားလေ့ရှိကြသည်။ ကယား အမျိုးသမီးများ၏ အင်္ကျီမှာ လက်တိုခါးရှည်ဖြစ်၍ စလွယ်သိုင်းကာ ပခုံးတစ်ဖက်ကို ဖော်ထားသည်။ ယင်းအပေါ်မှ ကတ္တီပါခြုံထည်ကိုခြုံကာ လည်ပင်းပေါက်၌ ကြိုးချည်ပြီး ရင်ကိုဖွင့်ထားခြင်းဖြစ်သည်။ အနီရဲအရောင်ကိုဝတ် ဆင်ကြသည်။ ရှေးခေတ် အမျိုးသမီးကြီးများကား ငွေကုံး၊ ငွေလက်ကောက်၊ ဒင်္ဂါး၊ ဘယက်များဝတ်ဆင်ကြသည်။ ကယားပြည်နယ်တွင် ယင်းဘော်၊ ယင်းတလဲ၊ ဇရဲ၊ မနုမနော၊ ကေးခို၊ ကေဇား၊ ပခေါင်းနှင့် ခေါင်းတိုခေါ် ဇယိမ် အမျိုးသမီးများရှိသေးရာ သီးသန့်ဝတ်စုံများ ဆင်မြန်းကြသည်။



ကယားအမျိုးသမီး

## ယင်းဘော်

ယင်းဘော်တို့သည် ဂျပ်ခုတ်ထဘီတိုတိုနှင့် ခြုံထည်ခြုံကြသည်။ ငွေဒင်္ဂါး၊ ဘယက်များ၊ ငွေလက်ကောက်များ၊ ငွေလည်ဆွဲများဆွဲကြသည်။ခေါင်းတွင်လည်း ငွေကြိုးခက်ထားသော ဒင်္ဂါးကြိုးများကို အလှအပ ဆင်ကြသည်။ ဒူးတွင် ကြိမ်ခွေအထပ်ပေါင်းများစွာကို စွပ်ထားကာ ခြေချင်းကျပ်ကျပ်ကိုလည်း ဝတ်ဆင်ကြသည်။ ဒူးအထက် ထဘီအောက်တွင် ကြိမ်ခွေများ အဆင့်ဆင့်ဝတ်ထားသဖြင့် ထဘီကိုသော်လည်း အရုပ်မဆိုးပါ။ တွဲလဲနားကပ် အရှည်များလည်း ပတ်ကြသည်။ ယင်းဘော်တို့ကား ဆံပင်ကို သီးသန့်ပထုံးဖွဲ့ဘဲ ငွေကြိုး၊ ဒင်္ဂါးကြိုးများနှင့် အလှခြယ်ကြသည်ကို တွေ့ရသည်။

## ယင်းတလဲ

ဘောလခဲနယ်ဘက်မှ ယင်းတလဲ အမျိုးသမီးများမှာ ဂျပ်ခုတ်အင်္ကျီလက်ပွ တံတောင်ဆစ်အောက်အရှည်ကို ပဲ

အနားပတ်များကပ်၍ချုပ်ပြီး ကန့်လန့်စင်းထဘီရှည်များ ဝတ်ကြသည်။ ငွေဒင်္ဂါးကြိုးများကို ရင်တွင်စလွယ်သိုင်း ချုပ်ပြီး ကန့်လန့်စင်း ထဘီရှည်များ ဝတ်ကြသည်။ ငွေဒင်္ဂါးကြိုးများကို ရင်တွင် စလွယ်သိုင်း၍ ဆွဲကြသည်။ ယင်းတလဲအင်္ကျီတွင် မတ်တတ်စင်း ရက်လုပ်ထားပြီး ခါးရှည်ပုံမှာလည်း မေ့တွက်တာပုံမျိုး ဖြစ်နေသည်။

## ပဒေါင်းအမျိုးသမီးများနှင့် လည်ပင်းကြေးခွေ

ပဒေါင်းတို့၏ ဆင်ယင် ထုံးဖွဲ့မှုကား အဆန်းပြားဆုံး ဖြစ်သည်။ ကြေးခွေပေါင်း ၂၀ ကျော်ကို လည်ပင်းတွင် ဆင့်ပြီးဝတ်ထားရာ လည်ပင်းရှည်ရလေတော့သည်။ လည်ပင်းရှည်မှလှသည်ဟု ယူဆထားခြင်းကြောင့် ဖြစ်ပါသည်။ ကြေးခွေအားလုံးကိုလည်း ကုပ်ပေါ်တွင်ကွင်းတစ်ခုနှင့်စုစည်းထားသဖြင့် ဘေးကကြည့်လျှင် ဘုကြီးသဖွယ်မြင်နိုင်သည်။ ပဒေါင်း အမျိုးသမီးများသည် သင်တိုင်းဝတ်ကြသည်။ ခေါင်းတွင် ဆံပင်ကို ပြားပြားပတ်ခွေထားကာ ပဝါပတ်ပေါင်းလေ့ ရှိကြသည်။ ငွေကွပ်ထားသော ဘီးကြီးများကိုလည်း စိုက်ထားကြသည်။ မေးအောက်တွင် ပုတီးစေ့ပန်းပွားများ တွဲလွဲချထားတတ်ကြသည်။ ခြေသလုံး၌လည်း ကြေးခွေအပြည့် စွပ်ထားကြသည်။ သင်တိုင်း အနက်ပေါ်တွင် အဖြူခါးရှည်ဝတ်ပြီး ငါးမူးပြား၊ ကျပ်ပြား ဘယက်များကို ဆွဲကြသည်။ နားပေါက်တွင်လည်း အဖူးပါသော နားတောင်း ရှည်ကြီးများ ပန်ဆင်ထားလေ့ရှိကြသည်။

## (၃) ကရင်အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု

မိရိုးဖလာဝတ်စုံလေးများနှင့် အလွန်တင့်တယ်သော ကရင်အမျိုးသမီးလေးများထဲတွင် စကောကရင်၊ ပကူးကရင်၊ သံတောင်နယ်မြေမှ ဘွဲ့ကရင်၊ ပရချီးဟူ၍ရှိသည်။ လုံချည်အင်္ကျီကွဲပြားမှု အကြီးအကျယ်မရှိကြပါ။ သင်တိုင်းတို၊ အင်္ကျီလက်ပြတ်ပေါ်တွင် လည်ပင်းပလိုင်းပေါက်ဖောက်ပြီး ရောင်စုံပန်းပွားလေးများ တီတွန့်လေးများကပ်၍ ချုပ်ထားလေ့ရှိကြသည်။

ခေါင်းတွင်လည်း ပဝါလှလှပပ အပါးစားလေးများကို တစ်ပတ်ပေါင်းပြီး ရင်ဘတ်ပေါ်တွင် နှစ်စည်းတူ ချထားလေ့ရှိရာ ကြည့်၍အလွန်လှပသည်။ ထဘီအရောင်မှာ အနီနှင့်အနက် ကန့်လန့်စင်းများဖြစ်သည်။ ကရင်ဂျပ်ခုတ်ထဘီများသည် ချင်းလုံချည်၊ ကချင်လုံချည်လောက် မထူဘဲ ပေါ့ပေါ့ပါးပါးရှိ၍ အမျိုးသမီးများ



ကရင်အမျိုးသမီး

နှစ်ခြိုက်စွာ ဝယ်ယူ ဝတ်ဆင်လေ့ရှိကြသည်။ ယခုအခါ ပြည်ထောင်စုတိုင်းရင်းသား ပွဲတော်အတွက် အရောင်အသွေးတောက်ပသော အဆင်များကို တီထွင်ဝတ်စားလာကြကြောင်း တွေ့ရသည်။ ဆံပင်ထုံးဖွဲ့မှု အနေဖြင့် တိုင်းရင်းသားအချင်းချင်း များစွာမကွာခြားလှပါ။ ပျိုရွယ်သူကလေးများ၏ အဖြူရောင် သင်တိုင်းလည်းရှိသေးသည်။

### ပကူးကရင်

သင်တိုင်းခါးပြတ် အနက်ရောင် ပန်းဖော်ထဘီအနက်ရောင် ခေါင်းစည်းပဝါများကို ဝတ်ဆင်လေ့ရှိကြသည်။ ဘွဲ့ကရင် အမျိုးသမီးများသည်လည်း ဆေးလာခံခေါ် ခါးပြတ် သင်တိုင်းတို၊ ဂျပ်ခုတ်ထဘီ ကန့်လန့်စင်းနှင့် ခေါင်းစည်းပဝါများ ဆင်မြန်းကြသည်။ ယခုအခါ စက်ရက် ထဘီများကို ဝတ်ဆင်ကြပြီး ရိုးရာအဝတ်အစားများကို ပွဲလမ်းသဘင်များ၌သာ ဝတ်ကြတော့သည်။

## တောင်ပေါ်စဝေါ် (စကော) ကရင်

ကရင်အမျိုးသမီးငယ်များကား သင်တိုင်းအဖြူ၊ ပဝါဖြူနှင့် လက်ကောက်၊ ခြေချင်းများ ဝတ်ဆင်ကြသည်။ လည်ဆွဲပုတီးအမျိုးမျိုးနှင့် ပန်းစည်းကြိုးများကိုမူ အားလုံးပင် ဆင်မြန်းလေ့ရှိကြသည်။ လက်ထပ်ပြီးပါက သင်တိုင်းအနက်နှင့်ထဘီကို ဝတ်ကြသည်။

## မြေပြန့်နေ ပိုးကရင်

ဝတ် စား ဆင် ယင် ထုံး ဖွဲ့ မှု ကား ကျေး လက် အမျိုးသမီးများနှင့် မကွာခြားပါ။ သို့ရာတွင် ပွဲလမ်းသဘင်၌ကား ရိုးရာအဝတ်အစားများကို ဝတ်ဆင်ကြသည်။ အမျိုးသမီးဝတ် ထဘီများမှာ

(၁) ရိုးရာထဘီ၊
(၂) လူငယ်ဝတ်ထဘီ၊
(၃) အပျိုဖော်ဝင်စ ဝတ်သည့်ထဘီနှင့် အပျို အရွယ်ဝတ် ထဘီ၊
(၄) လူကြီးဝတ်ထဘီဟု ရှိကြသည်။

## ရိုးရာထဘီ

ရိုးရာထဘီကို ထုလုနီးဟုခေါ်သည်။ဘိုးဘွားအဆက်ဆက်မှ ဝတ်စားဆင်မြန်းခဲ့သော ထဘီဖြစ်သည်။ အမွေခံယူခဲ့သည်ဟု ဆိုရပါမည်။ ရိုးရာထဘီ ရက်လုပ်ရာ၌ ချည်မျှင်ကို အရောင်တွဲသည့်အချိန်မှစ၍ ရက်လုပ်ပြီးစီးသည့် အချိန်အထိ ရက်လုပ်နေသောရပ်ရွာ၌ လူသေလူပျောက်မရှိရ။ ရက်လုပ်သူအမျိုးသမီးသည် ရာသီဓမ္မတာဖြစ်ပေါ်ခြင်း မရှိစေရ။ ရက်လုပ်နေစဉ်ဖြစ်ခဲ့လျှင် ရိုးရာထဘီ ပျက်လေသည်။ ရိုးရာထဘီမဟုတ်တော့ပါ။ ထိုရိုးရာထဘီကို သားစဉ်မြေးဆက် သုံးစွဲရသည်။ အခမ်းအနားများ၌သာ ဝတ်ရသည်။ အပျိုဖော်ဝင်သည့် အခမ်းအနား ကျင်းပချိန်နှင့် မင်္ဂလာဆောင်များတွင်သာ ရိုးရာထဘီကို ဝတ်ရသည်။ ရိုးရာထဘီ၌ မကောင်းသော ဘေးအန္တရာယ်များ ဖယ်ရှားနိုင်သော အာနိသင်ရှိသည်ဟု ယုံကြည်ကြသည်။ လတ်တလော ရက်လုပ်သည့် ထဘီထက် ရိုးရာထဘီကိုသာ တန်ဖိုးထားကြသည်။

လူငယ်ဝတ်ထဘီမှာ ကြက်သွေးရောင် ဖြောင့်ထဘီဖြစ်သည်။ အပျိုဖော်ဝင်စထဘီမှာ သုံးဆင့်ရှိ၍ နိသန်ဆယ်ဟု ခေါ်သည်။ အလယ်ဆင့်မှာ အချိတ်ဆင်ဖြစ်သည်။ ပိုးကရင်အမျိုးသမီးများ၏ ထဘီတွင် အနက်၊ အနီ၊ အဝါနှင့် အညိုသစ်ခေါက်ရောင်ကို အသုံးများကြသည်။ ဇင်းမယ်အဆင်များလည်း ထည့်သွင်းရက်လုပ်ကြသည်။

အပျိုဝတ်ထဘီမှာ ချည်အနီရဲရဲဖြင့် အောက်ချင်းငှက်နွတ်သီးပုံသဏ္ဍာန်ဖော်ပြီး ရက်ထားသည်။

အင်္ကျီများမှာ ညောင်ရွက်ပုံ လည်ပင်းပေါက်ပါသော သင်တိုင်းခါးပြတ်ကို အသက်ကြီးသူများ ဝတ်ကြသည်။ အပျိုများဝတ်သော ဖလုံ အင်္ကျီမှာ အဆင်ဖော်ထားသော သင်တိုင်းခါးပြတ် ဖြစ်သည်။ အနားနှင့် လည်ပင်းပေါက်တွင် လေးညှင်းပွင့် လွှသွားနှင့် အချိတ်ဆင်များ ရက်ထားကြသည်။ သင်တိုင်း ခါးပြတ်များမှာ အနက်ရောင်ပေါ်တွင် ပန်းဖော်ထားသော လှပသည့် အင်္ကျီများသာဖြစ်သည်။ အပူအအေးမျှတစေရန် ဝတ်ဆင်ကြသည့်အပြင် ရိုးရာထဘီများကို တန်ဖိုးထားခြင်းနှင့် အန္တရာယ်ကင်းရေးစသော အစွဲအလမ်းများလည်း ပါဝင်နေသည်ကို တွေ့ရသည်။ ဆံပင်ထုံးဖွဲ့မှု အနေနှင့်ကား ထူးခြားသည်ကို မတွေ့ရပေ။

# (၄) ချင်းအမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု

ပြည်ထောင်စု၏သမီးပျိုဟု စာရင်းသွင်းခြင်းခံရသည့် တိုင်းရင်းသူအမျိုးသမီးများအနက် မြောက်ပိုင်းဒေသမှ ချင်းတိုင်းရင်းသူများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ တစ်ဘာသာခြား၍ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ တောင်ပိုင်းနှင့်မြောက်ပိုင်းချင်းပြည်နယ်နှင့် ရခိုင်ဒေသ၌လည်း ချင်းအနွယ်ဝင်များရှိသည့်ပြင် သရက်မြို့၊ ပြည်မြို့၊ ပခုက္ကူမြို့စသော မြေလတ်ချင်းများလည်း ပါဝင်သည်ကိုတွေ့ရသည်။ ဒေသတစ်ခုနှင့်တစ်ခု ပထဝီဝင်အနေအထားအရခြားနားသကဲ့သို့ ဝတ်စားဆင်ယင် ထုံးဖွဲ့ပုံများလည်း ကွဲပြားလေသည်။ သို့ရာတွင် အနီရောင်နှင့်အနက်ရောင် ဆင်မြန်းပုံကား တူညီကြ၏။

မြောက်ပိုင်းချင်းတောင်၌ ဖလမ်းချင်းအမျိုးသမီး၊ တီးတိန်၊ ဟားခါးအမျိုးသမီးမှာ အထင်ရှားဆုံး ဖြစ်သည်။ တောင်ပိုင်းချင်းတောင်၌ကား မင်းတပ်၊ မတူပီနှင့် ရခိုင်ဘက်တွင် ကန်ပက်လက်၊ ပလက်ဝ ချင်းအပြင် မြေလတ်ချင်းအမျိုးသမီးများ၏ ဝတ် စား ဆင် ယင် ပုံ များလည်း သီးခြားရှိပေသည်။

တီးတိန်မြို့နယ်အတွင်း၌ ချင်းအမျိုးသမီး အမျိုးအစား ၁၀ မျိုးရှိသည်။ တီးတိန်၊ ဆိဇန်၊ ထာဒို၊ ဇို၊ တေဇန်၊ ဆီးဇန်၊ ခေါနိုးဒင်မ်၊ ဂွေးတဲ၊ ဟွာလ်ငို ဟူ၍ ဖြစ်သည်။

ဖလမ်းမြို့နယ်တွင်း၌လည်း တိုင်ချွန်း၊ လိုင်ဇို၊ ခွန်လိ (ခေါ်)ဆင်းမ်၊ ခွာလ်ဆင်းမ်၊ ဇာဟောင်၊ ဇန်နိုယပ်၊ တပေါင်၊ လင်တဲ၊ ငွန်းနှင့်ဟွာလ်ငို ဟူ၍ ၁၀ မျိုး ရှိကြပါသည်။

ဟားခါးမြို့နယ် အတွင်း၌ကား ခုနစ်မျိုးရှိသည်။ လိုင်၊ ဆင်ထန်၊ လောက်တူ၊ ဇိုဖေ၊ မိရမ်၊ မိအဲ၊ ထော၇် ဟူ၍ဖြစ်သည်။



ချင်းအမျိုးသမီး

ကဘော်တမူးဒေသ၌ သုံးမျိုးရှိရာ ဗမာ၊ လူရှိုင်း (လူရှေ)အနန်နှင့်ဂန်တဲတို့ဖြစ်ကြသည်။

မင်းတပ်၊ ကန်ပက်လက်နှင့် မတူပီ သုံးမြို့နယ်အတွင်းရှိ ချင်းတို့မှာ မွင်း၊ မကန်း၊ ရောင်တူ ဟုရှိသည်။

ကန်ပက်လက်မြို့နယ်၌ သုံးမျိုးရှိရာ မွင်း၊ ယင်ဒူးခေါ် ဒိုင်းနှင့် အူးပူတို့ ဖြစ်ကြသည်။

မတူပီမြို့နယ်၌ကား ငါးမျိုးရှိသည်။ ယင်းတို့မှာ မတူ၊ မီရမ်ခေါ် မရာ၊ ဒိုင်းခေါ် ယင်ဒူး၊ ဇိုတုံးနှင့်လောက်တူတို့ဖြစ်ကြသည်။

ပလက်ဝမြို့နယ်ခွဲ၌ကား ခမိ၊ ဝါကင်းမ် ခေါ် မ ရို၊ အနူး၊ ခေါင်စို၊ ပနမ်း၊ လေးမြို့နှင့်မရာ၊ ကလင်ကော့(လူရှေ)စသည်ဖြင့် မျိုးတူနွယ်တူပေါင်းလိုက်ပါက ၄၄ မျိုး ရှိလေသည်။

## တီးတိန် ချင်းအမျိုးသမီးများ

တီးတိန် ချင်းအမျိုးသမီးများသည် ငွေနှင့် ကြေးနီလက်ကောက်များကိုဝတ်ဆင်ကြသည်။ ကြေးနီကွင်းများကိုလည်း လက်မောင်း၌ ဝတ်လေ့ရှိသည့်အပြင် ဂျပ်ခုတ်ထည်များကို ကိုယ်တိုင်ရက်လုပ် ဝတ်ဆင်ကြသည်။ အင်္ကျီရင်စေ့လက်ရှည်မှာ ဗမာအမျိုးသမီး အင်္ကျီနှင့်မခြားနားပါ။ လည်ဆွဲတန်ဆာများအဖြစ် ပယင်းနှင့် သန္တာနီများကို သီကုံးဆွဲကြသည်။ နာဂတောင်တန်းမှ လာရောက်ရောင်းချသော မ ဟူ ရာ ပု တီး ကြီး များ ကို ဆွဲကြသည်။ ထဘီများမှာ နံကွဲထဘီဖြစ်၍ ဒူးအထက်အထိသာရှည်သည်။ အရွယ်မရောက်သေးသော မိန်းမငယ်လေးများမှာ မောင်းခါးခေါ် ကြိုးစနှင့် အမြိတ်ချထားသော ခါးဝတ်တစ်မျိုးကို ဝတ်ကြသည်။ ဖလမ်းဒေသ၌ ထိုအဝတ်ကို "ခိုင်ဒရပ်" ဟု ခေါ်ကြသည်။

တီးတိန်နယ်မှ ချင်းအမျိုးသမီးများသည် ကျစ်ဆံမြီးကို သုံးစုခွဲ၍ကျစ်ပြီး နှစ်ခုကို နားရှေ့တွင်ထား၍ ကျန်တစ်ခုကို ခေါင်းနောက်တွင်ထားသည်။ ဆီးဇန်ချင်းအမျိုးသမီးသည် အပျိုစင်ဘဝ၌ ဆံပင်ကို နောက်စေ့တည့်တည့်၌ ထုံးရသည်။ ဆံကျစ်နှစ်ခုကို နားထင်အောက် မေးစေ့အနီးတွင်ထားပြီး ရှေ့သို့ ကောက်ထားသော် ကာမပိုင်ရှိ၏။ သားသမီးမရသေးဟု သိနိုင်သည်။ သားသည်အမေဖြစ်ခဲ့လျှင် နောက် တည့် တည့် တွင် ထုံးထားသော ဆံထုံးငယ်ကို ရှေ့မှဆံကျစ်ထုံးနှင့် ရော၍ထားလေ့ရှိသည်ဟုဆိုရာ ဆံပင်ထုံးဖွဲ့မှု မည်မျှလေးနက်သည်ကို မှန်းဆသိသာနိုင်ပါသည်။ ဆံပင်ကိုကြည့်ပြီး

အပျို၊ အအို၊ ကလေးအမေဟူ၍ ခွဲခြား သိနိုင်သည်။ ဆံပင်နောက်ထုံးကို တစ်ခါတစ်ရံ ခပ်စောင်းစောင်းထုံးပြီး ကြေးဆံထိုး၊ သစ်သား၊ ဝါးနှင့် ဖြူဆူးဆံထိုးများကို ထိုးစိုက်လေ့ရှိကြသည်။

ဂျပ်ခုတ်အင်္ကျီ၊ ဂျပ်ခုတ်ထဘီနှင့် ဂျပ်ခုတ်စောင်များ ကိုသာ ခံမင်တွယ်တာစွာ အသုံးပြုကြသည့်အတွက် အျိုးကျူးဖွယ်ပင် ဖြစ်သည်။ အင်္ကျီမှာ လက်တိုဖြစ်၍ လုံချည်ကန့်လန့်စင်းနှင့် အနားမြိတ်များမှာ ရက်ကန်း လက်ရာ အလွန်မြောက်သည်ကို တွေ့နိုင်သည်။ ကန့်လန့်စင်းအပြင် ဒေါင်လိုက်အဆင်များလည်း ဝတ်ကြသည်။

ငွေလက်ကောက်၊ သတ္တုလက်ကောက်၊ ပယင်းပုတီး၊ မဟူရာပုတီးနှင့် ငွေဒင်္ဂါးဆွဲကြိုးများကို ဆင်လေ့ရှိကြသည်။ ခါးတွင်လည်း ငွေနန်းကြိုးနှင့် ကြေးနန်းကြိုးများကို အပြားလိုက်သိ၍ ပတ်ကြသည်။ ပွဲတော်ရက်များ၌ ပန်းစွာရက်လုပ်ထားသော ပိုးစောင်များကိုခြုံကြသည်။

ဆင်ကြသည်။ ထိုခေါင်းပတ်အနီမှာ ကြောင်လျှာပင်၊ ထမင်းဘောပင်မှအဖတ်ကို အခြောက်လှန်း၊ဆေးနီဆိုးပြီး ခွေထားခြင်းဖြစ်ပါသည်။ ရုတ်တရက်ကြည့်လျှင် ဦးထုပ်နီကလေးများနှင့်လည်း ဆင်သည်။ ရင်စေ့အင်္ကျီ လက်ရှည်အနက်နှင့် ထဘီအနက် အနားစင်းများမှာ လွန်စွာ အဆင်ပြေလှသည်။ ခါးပတ်အဖြစ် ကြေစေ့များကို သီ၍ ခါးတွင် ခပ်လျော့လျော့ ပတ်ထားပုံနှင့် ခါးတောင်ကော့သဖွယ် ကော့နေအောင် ကြေစေ့များနှင့်ချုပ်လုပ်ထားပုံမှာ ဗာလီကွေးများနှင့်လည်းဆင်၍ အံ့ဩဖွယ်ကောင်းသည်။ သူတို့ဆွဲထားသော ပယင်းပုတီးကုံးကြီးများမှာလည်း လေးလိုက်မည့်ဖြစ်ခြင်း။ တန်ဖိုးလည်း နည်းမည်မဟုတ်။ ချင်းအမျိုးသမီးအားလုံး၏ အဝတ်အစားထဲတွင် တိုင်းချွန်းအမျိုးသမီးဝတ်စုံသည်အခံ့ညားဆုံး အထူးခြားဆုံး အလှဆုံးဟု ကောက်ချက်ချမိသည်။ ကြိုးအစား သစ်ခွအကာနှင့် ချည်သည်ဟုဆိုရာ သဘာဝပစ္စည်းကို အလှခြယ်ရာ၌ တိုင်းရင်းသူများ အသုံးပြုတတ်ပုံကို ချီးကျူးမိသည်။

## ဟားခါးအမျိုးသမီးများ

ဟားခါးအမျိုးသမီးများ၏ ခြုံစောင်နှင့်လုံချည်များသည် တီးတိန်ဖက် ပို၍ မွဲညားလှပသော ရက်ကန်းလက်ရာများဖြစ်သည်။ ချင်းစောင်များသည် ဟန်ရိုးကြီးသော်လည်း အလွန်လက်ရာမြောက်သော ရက်ကန်းသည်ဖြစ်၍ ဂုဏ်ယူကာ ဝတ်ဆင်လေ့ရှိကြသည်။ ကြေး၊ ငန်၊ ပဲမဖြူများကို မြေဖြူတောင့်အရွယ်ပြုလုပ်ပြီး နားတောင်းပန်ဆင်ကြသည်။ ငွေဒင်္ဂါး၊ ပုတီး၊ ကြေး၊ ငွေနန်၊ လက်ကောက် လက်စွပ်များလည်း ဝတ်ကြသည်။ ပွဲတော်ရက်များ၌ ဒေသအလိုက် ပိုးချည်၊ သိုးမွေးချည် ရောင်စုံတို့ဖြင့် ရက်လုပ်သော အထည်များကို ဝတ်ဆင်ကြသည်။ အချို့ဒေသများ၌ ထဘီကို ခြေမျက်စိပေါ်အောင်ဝတ်ဆင်ပြီး ခေါင်းမြီးနှင့် ဖြူဆူး တောင်များပါသော ခေါင်းဆောင်းတန်ဆာကို အမျိုးသမီးများဝတ်ဆင်လေ့ရှိကြသည်။ ဤတန်ဆာပလာက ထူးဆန်း၏။

## တိုင်ချွန်း(တိုင်ရှန်း)အမျိုးသမီးများ

တိုင်ချွန်းချင်း အမျိုးသမီးများသည် အနက်ရောင်ထဘီနှင့် အနက်ရောင်အင်္ကျီကို ဝတ်ဆင်ပြီး ပွဲတော်များ၌ အနီရောင်ခေါင်းပတ်ဖြစ်သော အဆင်တန်ဆာကို

ဟားခါးအမျိုးသမီးများ၏ ရင်စေ့အင်္ကျီလက်တိုနှင့် အဖိုးတန် ဂျပ်ခုတ်ချင်းစောင်၏ အလှက တစ်မျိုးတစ်ဘာသာဖြစ်ပါသည်။ ဟားခါးထဘီများ၏ အောက်အနားမြိတ်လက်ရာသည် ရောင်စုံချည်များနှင့် နှစ်ပက်လှ ရက်ထားသဖြင့် အလွန်လှပသည့်အပြင် အသေးစိတ်လက်ရာနှသည့်အတွက် တန်ဖိုးကြီးသည်ဟု သိရပါသည်။ ဒေသလက်ရာကို ယနေ့ရက်လုပ်ရန် လွယ်ကန်မတူပါ။ တစ်နည်း ခဲ့ရသော မြန်မာတို့၏ လွန်းရာကျ အချိတ်ထည်များနည်းတူ ဖြစ်ပါသည်။

ထူးခြားချက် တစ်ခုမှာ တိုင်ရှန်း အမျိုးသမီးလေးများ၏ ခါးတွင် ငွေခေါင်းပွ ပိုက်လုံးလေးများကို အဆင့်ဆင့် ပတ်ပြီး ကိန္နရာ ခါးတောင်ကော့ အသွင်ဆင်မြန်းထားပုံမှာ အလွန်ယဉ်ကျေးလှပပါသည်။ ဟားခါး ဖလမ်းနယ်၌ အခမ်းနားဆုံးဖြစ်သော ခွာင်ကျဲပွဲကို ကျင်းပသော အလှူရှင်မှသာ ဆွမ်တောင်းခေါ် ငှက်မင်းကြီး၏အမြီးကို ပန်ဆင်ခွင့်ရသည်။ ငှက်မြီးထိုးထားသည်ကိုမြင်ရလျှင် ပိုက်ဆံချမ်းသာသောသူ၊ ပွဲကျင်းပနိုင်သူဟု သိသာနိုင်ပါသည်။ ထိုငှက်တောင်၊ ငှက်မြီးကို ဟားခါးချင်းတိုင်းရင်းသားတို့ လွန်စွာတန်ဖိုးထားကြသည်ဟု ဆိုပါသည်။

လိုင်ဇိုချင်းအမျိုးသမီးများ၏ ခေါင်းပေါ်မှ ငှက်တောင်များ ထိုးစိုက်သည့်အလှကလည်း တမူထူးခြားပါသည်။

## မင်းတပ်၊ မတူပီ ချင်းအမျိုးသမီးများ

ဆံထုံးကို နောက်စေ့တွင်ထုံးပြီး ဂျပ်ခုတ်ထဘီဝတ်ကြသည်။ ခြုံစောင်အစင်းကြီးများကိုခြုံလျက် ဝါးဆေးတံရှည်များကို ကိုက်ခဲထားတတ်ကြသည်။ ထဘီကို ရှည်ရှည်မဝတ်ကြပါ။ ပလိုင်းပေါက် ဖောက်ထားသော အင်္ကျီလက်တို၊ ခါးတိုနှင့် ဂျပ်ခုတ်ထည်တို့ကို ဝတ်ထားခြင်းမှာ စောင်ပတ်ထားသည်နှင့် သာ၍တူသည်။ ပုတီးရောင်စုံကိုကား အားရပါးရ လည်မှာဆွဲကြသည်။

ဂျပ်ခုတ်ထည်ကို နှစ်ခေါက်ခေါက်ပြီး လည်ပင်းစွပ်ရန် နေရာချန်ထားသဖြင့် စွပ်လိုက်လျှင်အင်္ကျီပွဖြစ်လေသည်။ အစကိုက်ရန် ဖြတ်ပစ်ရန် မလိုတော့ပါ။ မတူပီဒေသမှ အူပူးလ်ချင်းအမျိုးသမီးများကား အချို့ထဘီနှင့် အချို့မှာကား သင်တိုင်းရှည်ကြီးများ ဝတ်ကြသည်။ မျက်နှာပုံသဏ္ဌာန်ကအစ ဗမာနှင့် ဆင်တူသည့် အပြင် စည်တော်ကြီးအကများ ကျင်းပပုံမှာလည်း ဗမာဆန်လှပေသည်။ ပုတီးလက်ကောက်များလည်း ဝတ်ကြသည်။

## ပါးရဲထိုးခြင်း

ကန်ပက်လက်နှင့်မတူပီဘက်၌ မျက်နှာတွင် ပါးရဲထိုးသောဓလေ့ထုံးစံများ ရှိသည်။ ရွေးအဘွားကြီးများမှာ မျက်နှာတွင် အစင်းကြီးများထိုးထားရာ တစ်သက်လုံး ဖျက်၍မရတော့ပေ။ ပါးရဲထိုးသော ဓလေ့ထုံးစံသည် ယနေ့ခေတ်မစားတော့ပေ။ ပါးရဲထိုးသည်၊ ပါးမဲထိုးသည်ဟု ခေါ်ကြရာတွင် ပဲရွက်နှင့်အခြားအရွက်တစ်မျိုးကိုကြိတ်၍ သုံးရက်စိမ်ထားသောအရည်ကို ဆူးအစုံများနှင့်ပေါက်ပြီး ပါးရဲထိုးကြသည်။ ခြောက်သွားသည့်အခါ နက်စိမ်းသော အရောင်များဖြစ်လာပြီး တစ်သက်ပန် ဆေးရောင် မပျောက်တော့ပါ။ အချို့မျက်နှာပေါ်တွင် ဒေါင်လိုက်အစင်းများ ကန့်လန့်အစင်းများ စသည်ဖြင့် ထိုးထားကြရာ ဆေးများသည့်အခါ စိမ်းမှောင်၍နေလေသည်။ နဂိုအသားအရောင်ကို အစိမ်းရောင် ဖြစ်စေလေသည်။ ပါးရဲထိုးမှလှသည်ဟု အယူရှိကောင်း ရှိကြပါလိမ့်မည်။ ယခုဆိုလျှင် လူအိုလူမင်းအမျိုးသမီးကြီးများ၌သာ ပါးရဲထိုးလျက် တွေ့ရပြီး ခေတ်လူငယ်များက ထိုထုံးစံကို မလိုက်နာကြတော့ပေ။

## လူရှိုင်းချင်း အမျိုးသမီးများ

အင်္ကျီရှည်လက်ပွအဖြူပေါ်တွင် ကန့်လန့်စင်း၊ အနီ၊ အစိမ်း၊ အဖြူ၊ အနက်ရောင်အစင်းများ လက်မောင်းနှင့် လက်ဖျားတွင်တွေ့ရပြီး ထဘီမှာလည်း ချုပ်ထားသော ကွင်းထည်မဟုတ်ဘဲ ဘေးစောင်း၍ ပတ်ထားသည်ကို တွေ့ရသည်။ ကန့်လန့်စင်းအထူများဖြစ်၍ စောင်နှင့်ခပ်ဆင်ဆင်တူသည်ဟု ထင်ရသည်။ ဘေးအမြိတ်များက အလွန်လှ၏။ ခေါင်းပေါ်တွင် ဦးကျစ်သဖွယ် အနီပတ်ကလေး၌ ငှက်တောင်များကို ခပ်မြင့်မြင့် ထိုးစိုက်ထားပုံမှာ ဆန်းပြားသည်။ လူရှိုင်းတို့သည် ဗမာတို့နှင့် မျက်နှာပေါက်ချင်း အလွန်တူသည်။ ဝါးညှပ်အကကပုံမှာလည်း ကရင်တို့နှင့်မခြားပေ။

## အရှိုချင်းအမျိုးသမီးများ

သရက်မြို့တစ်ဝိုက် မြေပြန့်ချင်း အမျိုးသမီးများကား လွန်စွာမြန်မာဆန်ကြသည်။ တဘက်ခြုံ၍ လုံချည်နှင့် ခေါင်းပေါ်တွင် တဘက်တင်သူလည်းရှိသည်။ သင်တိုင်းအနက်ကို အင်္ကျီအပေါ်၌ထပ်ပြီး ဝတ်ကြသည်။ တချို့ကမှားယွင်းပြီး ဆလိုင်းချင်းဟု ခေါ်ကြသည်။ ဆလိုင်းဟူသော ဝေါဟာရမှာ အမျိုးသားနာမည်အစဖြစ်၍ အမည်ပေးရာတွင်"မောင်"၊ "ကို" နှင့်တူသည်။ ဆလိုင်းကျော်အောင်ဆိုလျှင် မောင်ကျော်အောင်ဖြစ်သည်။ မိုင်ဆိုသည်မှာ အမျိုးသမီးနာမည်"မ" ဖြစ်၍ "မိုင်လှရီ" ဟုဆိုလျှင် မလှရီဖြစ်သည်။ ဆလိုင်းချင်းမဟုတ်ဘဲ အရှိုချင်းများသာဖြစ်ပါသည်။

ရခိုင်ပြည်ဘက်၌ မရို (မြို) နှင့် ခမွီး၊ သက် စသော လူမျိုးစုများလည်း ရှိသေးသည်။ မောင်းတောနယ်မှ မရမာကြီး၊ စစ်တွေခရိုင်မှသက်၊ စစ်တွေခရိုင်မှ ဒိုင်းနက် (ဒိုင်းနား) အမျိုးသမီးများအပြင် မြိတ်ကျွန်းစုဘက်မှ ဆလုံအမျိုးသမီးများလည်း ရှိသေးသည်။ ဆလုံအနွယ်ဝင်တို့မှာ မလေးနွယ်များ ဖြစ်သည်ဟု သိရသည်။ ယခုအခါ ကူးသန်းရောင်းဝယ်ရေးဖြင့် စီးပွားရှာနေကြသည်ကို တနင်္သာရီ၏သမီးများအဖြစ် စာရင်းသွင်းရမည် ဖြစ်ပါသည်။

## (၅) ထားဝယ် အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု

ထားဝယ်အမျိုးသမီးများသည်လည်း လွန်စွာ ယဉ်ကျေး သိမ်မွေ့သော ဝတ်စုံများ ကို ဆင်မြန်းလျက် တွေ့ရှိရသည်။ ထိုင်မသိမ်းနှင့်တူသော အင်္ကျီပေါ်တွင် ငွေကြယ်များ တစ်ထည်လုံးဖောက်၍ ချုပ်

လုပ်ထားသော လူချမ်းသာ လူရည်တက် ထားဝယ် အမျိုးသမီး ဝတ်စုံတစ်ခုကို ထားဝယ်မြို့ ယဉ်ကျေးမှု ပြတိုက်၌ ထားရှိကြောင်း ထားဝယ်ယဉ်ကျေးမှုစာအုပ်၌ ပုံနှင့်တကွကို မြင်တွေ့ရသည်။ ထိုပုံများမှာဆရာကြီး ဦးငွေကိုင် လန်ဒန် ဝိတိုရိယ ပြတိုက်မှ ကူးယူလာသည်ဟု သိရပါသည်။ နောက်တစ်ထည်မှာလည်း ရင်ဖုံး လက်ပွ ခါးတိုအင်္ကျီဖြစ်ပြီးလျှင် လည်ပင်း အနားပတ်ကြီးများ ထည့်ပုံမှာ ရင်ဖုံးအင်္ကျီနှင့် အတူတူပင် ဖြစ်ပါသည်။

ထားဝယ်ဒေသသည်လည်း ရက်ကန်းစသော လက်မှုပညာ ထွန်းကားသော ဒေသဖြစ်၍ အလွန် ခိုင်ခံ့ပြီး လက်ရာကောင်းသောထားဝယ်လုံချည်များကို တစ်နိုင်ငံလုံးကပင် နှစ်ခြိုက်စွာ လက်ခံဝယ်ယူ သုံးစွဲလာခဲ့ကြပေသည်။ ရှေးခေတ်ကဆိုလျှင် ရန်ကုန်၊ မန္တလေး စသော စတိုးဆိုင်ကြီးများ၊ နိုင်ငံခြားသားကုမ္ပဏီများ၌ပင် ရခိုင်ပုဆိုး၊ ရခိုင်ထဘီ၊ ထားဝယ်ပုဆိုး၊ ထားဝယ်ထဘီ၊ ရွှေတောင်လုံချည် စသည်တို့ကို နမူနာအစလေးများ ပြပြီးရောင်းချသည်ဖြစ်ရာ စာတိုက်မှပါဆယ်ဖြင့် ဝယ်ယူနိုင်ခဲ့ကြပါသည်။ ဤတွင် ပြည်ထောင်စု၏ သမီးများဖြစ်ကြသော တိုင်းရင်းသူများသည် ရက်ကန်းပညာကို အမြတ်တနိုးထားကာ မိမိတို့၏ ဆင်ယင်ထုံးဖွဲ့မှု မည်မျှ အဆင့်အတန်း မြင့်မားလာခဲ့ကြကြောင်း သိသာနိုင်သော အချက်အလက်များ ဖြစ်ပါသည်။ ။

## (၆) မွန်အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု

ရာမညတိုင်း မွန်သုံးရပ်ခေါ် ပုသိမ်၊ မုတ္တမနှင့် ဟံသာဝတီတို့မှာ အခြေစိုက်ခဲ့ကြပြီး ယခုအခါ သထုံ၊ ပဲခူး၊ မော်လမြိုင်၊ ဇင်းကျိုက်၊ ဘီလူးကျွန်း၊ ကျိုက္ခမီ၊ ရေးနယ်တို့၌ နေထိုင်လျက် ရှိကြသော မွန်အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံမှာ ဗမာတို့နှင့် အနီးကပ်ဆုံးဖြစ်၍ မြန်မာအဆန်ဆုံးဟု ဆိုရမည်ဖြစ်ပါသည်။

မွန်အမျိုးသမီးများ၏ဝတ်စုံမှာ အင်္ကျီရင်စေ့ လက်ရှည်တွင် ပလိုင်းပေါက် လည်ပင်းဖောက်၍ ထိုင်မသိမ်းအင်္ကျီခါးတိုနှင့် ဆင်သည်။ ဆံပင်ကို ထိပ်ပေါ်တွင်ထုံး၍ ပန်းကုံးကလေးများ ပန်ဆင်တတ်ကြသည်။ တဘက်များကိုလည်း ခြုံလေ့ရှိကြသည်။ မွန်အမျိုးသမီး ထဘီများမှာ အောက်အနားပါသော ရက်ကန်းထည်များဖြစ်သည်။ ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာ အကများ အစီအစဉ်ကို နှစ်စဉ် တင်ဆက်လေ့ရှိရာ မွန်အမျိုး



မွန်အမျိုးသမီး

သမီးလေးများ၏ ယဉ်ကျေး သိမ်မွေ့သော ဝတ်စားဆင်ယင် လှုပ်ရှားပုံများကို တစ်နှစ်တစ်မျိုး မြင်တွေ့ကြရသည်။

## (၇) ရခိုင်အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု (၁) ဝတီလေးရပ်

ရခိုင်ပြည်သည် ယဉ်ကျေးမှုအစဉ်အလာ မြင့်မား၍ အထက်တန်းကျခဲ့ကြောင်း ရာဇဝင် အထောက်အထားများအရ သိကြပြီး ဖြစ်ပါသည်။ ယဉ်ကျေးမှုသည် လူမျိုးတစ်မျိုး၏ ပင်မ ရေသောက်မြစ်ဖြစ်ရာ လူမျိုး၏ တန်ဖိုးကိုလည်း ယဉ်ကျေးမှုဖြင့် အဆုံးအဖြတ်ပေးရမည်ဖြစ်ပါသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင် စန္ဒသူရိယမင်းလက်ထက်၌ ကြွရောက်တော်မူပြီး သာသနာပြန့်ပွားခဲ့သည်ကို အမှတ်ရကြဖွယ်ဖြစ်ပါသည်။ သာသနာတော်ပွင့်လင်းသည့်အလျောက် တန်ခိုးကြီးဘုရားများ

နှင့်အတူ ကျောက်ဆစ်၊ ကျောက်ထု၊ ပန်းပုလက်ရာများ လည်း အဆင့်အတန်းမြင့်မားစွာ ချပ်တည်ခဲ့သော ဒေသ ဖြစ်ပါသည်။ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့နှင့် မြောက် ဦးခေတ် သို့ ဟုတ် မြို့ဟောင်းခေတ်များ အကြောင်း ကို နိုင်ငံခြားသားများကပင် မှတ်တမ်းတင်ခဲ့ကြသည့် အထောက်အထားများ ရှိနေပါသည်။ ရမ္မာဝတီ၊မေဃ ဝတီ၊ ဓညဝတီ၊ ဒွါရဝတီ ဟူသော ဝတီလေးရပ် အကြောင်းကို ထိုမှတ်တမ်းစာအုပ်များ၌ ကျယ်တဝင့် တွေ့နိုင်ပေသည်။

ဘီစီ ၃၀၀၀ ကျော်မှ ဘီစီ ၅၃၇ အထိ လွန်ခဲ့သော အနှစ် ၅၀၀၀ ကျော်ကို ဓညဝတီခေတ် ဟူ၍လည်း ကောင်း၊

အေဒီ ၃၂၇ မှ ၇၀၀ ကျော်အထိ နှစ်ပေါင်း ၁၂၀၀ ကို ဝေသာလီခေတ်ဟူ၍လည်းကောင်း၊

အေဒီ ၇၀၀ ကျော် ကိုးရာစုမှ အေဒီ ၁၃၀၀ ကျော် ၁၄ ရာစုအထိ နှစ်ပေါင်း၆၀၀ ကျော်မှ ၁၀၀၀ ကျော် အတွင်းကို လေးမြို့ခေတ်ဟူ၍လည်းကောင်း၊

အေဒီ ၁၃၀၀ ကျော် ၁၄ ရာစုမှ အေဒီ ၁၇၀၀ ကျော် ၁၈ ရာစုအထိ နှစ်ပေါင်း ၃၀၀ ကျော်မှ ၆၀၀ အတွင်းကို မြောက်ဦး မြို့ဟောင်းခေတ် ဟူ၍လည်း ကောင်း သတ်မှတ်ထားပါသည်။

ရခိုင်သူတို့၏ ဆံကေသာထုံးဖွဲ့မှုနှင့် ဝတ်စားဆင်ယင် ပုံများကို ဘုရားတန်ဆောင်းများ အတွင်း၌ တွေ့ရှိသည့် ရုပ်ကြွများအရ လေ့လာကြရပါသည်။ မိဖုရားများ၊ နန်းတွင်းသူများကိုယ်တိုင် ရက်ကန်းခတ်သည့် အတတ် ပညာကို ကျွမ်းကျင်သည့်အလျောက် ကိုယ်တိုင်ရက် ခတ်၍ ကြာသင်္ကန်းများ ဘုရားကပ်လှူခြင်း၊ ကိုယ်တိုင် ဝတ်ဆင်ခြင်း၊ ရက်ကန်းပညာ ထူးချွန်သူများအား ဘွဲ့တံဆိပ်ချီးမြှင့်ခြင်း စသော အစဉ်အလာများ ရှိခဲ့ ပါသည်။

ယဉ်ကျေးမှု အထွတ်အထိပ်သို့ ရောက်ခဲ့သော မြို့ ဟောင်းခေတ်တွင် ဘုရင်မင်းဗာကြီး တည်ထားတော်မူ ခဲ့သော သျှစ်သောင်းဘုရားနှင့် ၎င်း၏အနောက်မြောက် ပေ ၃၀၀ အကွာ ကုန်းပေါ်ရှိ ဒုက္ကန်သိမ်ဘုရားနှင့် အံ တော်သိမ် ဘုရားများ၏ အတွင်းနံရံပေါ်တွင် ကျောက် သားကို ဆစ်၍ထုလုပ်ထားသော ရုပ်ကြွရုပ်လုံးများ၏ အလွန်ထူးဆန်းပုံကို စာပေပညာရှင်များနှင့် သုတေသီ အများက ရေးသားဖော်ထုတ်ခဲ့ကြပြီး ဖြစ်ပါသည်။



ရခိုင်အမျိုးသမီး

ထိုရုပ်ကြွရုပ်လုံးများကို လေ့လာ၍ ရခိုင်သူလေးများ ၏အဝတ်အစား၊ ရက်ကန်းအဆင်ဒီဇိုင်းများ၊ ထုံးနှောင် ရစ်ဖွဲ့ကြသော ဆံကေသာပုံစံများ၊ ခြုံရုံထားသော တဘက်ပဝါများအကြောင်းကို လေ့လာသိရှိရပါသည်။

## (၂) မောရစ်ကောလစ်အဆို

မစ္စတာမောရစ်ကောလစ်၏"Land of the Great Image" စာအုပ်တွင် ရခိုင်ဘုရင်မင်းမြတ်များ၏ ခမ်း နားကြီးကျယ်သော စန္ဒကူးသစ်မွှေးနှင့် ဆောက်လုပ် ထားသော နန်းတော်များ၊ ဘုရင် ဘုရားဖူးကြသော ရေကြောင်းခရီးစဉ်၏ခမ်းနားပုံများ၊သျှစ်သောင်းဘုရား၊ ဒုက္ကန်သိမ်ဘုရား၊ အံတော်သိမ်ဘုရားနံရံများ၌ တွေ့ရ သော များပြားလှသည့် ကျောက်သား ရုပ်ကြွရုပ်လုံး များ၊ ဘုရင်နှင့် မိဖုရားဝတ်ဆင်သည့် ပုစ္စန်ဆီရောင် ဝတ်စုံတွင် ကျောက်သံပတ္တမြားနှင့် ပုလဲများတပ်ဆင်

ထားပြီးလျှင် ရွှေသားယပ်တောင်ကိုခတ်၍ လိုက်ပါလာသောအမျိုးသမီးကလေးများ၊ ပန်းခက်၊ ပန်းနွယ်များကို ရွှေဒိန်းချထားသော စန္ဒကူးနန်းတော်သို့ အခစားဝင်ရသည့်အခါ ငွေခွန်မှူးက တံခါးကို သုံးချက်ခေါက်သည်တွင် ဆွတ်ဆွတ်ဖြူဝတ်စုံကို ဆင်မြန်းလျက် နက်မှောင် မြင့်မားသော ဆံထုံးပေါ်တွင် စံပယ်ပန်းဖြူကို ပန်ဆင်ထားသော သမီးကညာလေးတစ်ပါးက ပြုံးရွှင်စွာနှင့် လင်္ကာတစ်ပုဒ်ကို ရွတ်၍ကြိုဆိုကြောင်း၊ ထိုလင်္ကာမှာ အင်္ဂလိပ်ဘာသာဖြင့် –

> "Be welcome as the rain farmers long for,
> When their rice fields are parched in the sun,
> Happy strangers welcome to a smile,
> From the mouth of the ever lasting Lord of Life."

ဟူ၍ဖြစ်ပါသည်။ ထိုအမျိုးသမီးလေး၏ ဆံထုံးသည် ယနေ့ သျှစ်သောင်းဘုရားနံရံများ၌ တွေ့ရသော ဆံထုံးမျိုးပင်ဖြစ်လိမ့်မည်။ နန်းတွင်းမိညို၊ ဘုရင့်သမီးတော် စောပြည့်ညိုနှင့် ပညာရှိ မယ်ပန်းရုံတို့သည်လည်း ထိုဆံထုံးမျိုးကို ထုံးခဲ့ကြပေလိမ့်မည်ဟု မှန်းဆမိပါသည်။

## (၃) ရခိုင်ရက်ကန်းပညာ

မြို့ဟောင်းမြို့ ရှေးဟောင်းသုတေသန ကျောက်စာပညာရှိ ဦးသာထွန်း၏ မှတ်တမ်းတွင် ဓညဝတီခေတ် စန္ဒသူရိယမင်းလက်ထက် မြတ်စွာဘုရား ပွင့်တော်မူချိန်ကပင် ရိုးရာ ရက်ကန်းပညာ ယဉ်ကျေးမှု ရှိခဲ့သည်ဟု ယူဆရကြောင်း၊ ပိုးထည်ကို အသုံးများ၍ အဖြူရောင်သာမက အနီနှင့်အစိမ်းရောင် အဆင်အသွေးများလည်း ဝတ်စားကြသည်ဟု ယူဆရကြောင်း မှတ်သားရပါသည်။ ဝေသာလီခေတ်တွင် မွမ်းမံတီထွင်မှုများ ရှိလာပြီး လှိုင်းချိတ်၊ လချိတ်နှင့် ပန်းပွင့်ပုံဒီဇိုင်းများ တွေ့ရသည်ဟု ဆိုပါသည်။

မြို့ဟောင်းခေတ်၌ကား အမျိုးသမီးများသည် လက်ဝတ်ရတနာများ ဝတ်ဆင်လာကြပြီး ထဘီ ဒီဇိုင်းအဆင်သစ်များထွင်လာသည်ကို တွေ့ရကြောင်း မှတ်သားရပါသည်။ မြို့ဟောင်းမြို့ သျှစ်သောင်းဘုရားခေါ် မဟာရန်အောင်ဇေယျ စေတီတော်ကြီးနှင့် အခြားဘုရားများ အတွင်းရှိ ကျောက်သားရုပ်ကြွတို့၏ အဆင်များမှာ မြို့ဟောင်းခေတ် အဝတ်အစားများ ဖြစ်ပါလိမ့်မည်။ ပန်းချီဆေးရေးကဲ့သို့ မလွယ်ကူဘဲ ကျောက်သားကို ဆစ်၍ အဆင်ဒီဇိုင်းများထွင်းရသော ပန်းပုပညာ၏ နက်နဲခက်ခဲပုံကို နိုင်ငံခြားသားများပင် အံ့ဩ ချီးကျူးကြရပါသည်။ မှတ်တမ်းမတင်ရသေးသော ဒီဇိုင်းပုံစံများလည်း ကျန်ရှိလိမ့်ဦးမည် ဖြစ်ပါသည်။

၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုနေ့တွင် တင်ဆက်သော အယသမင်္ဂီယိမ်းအကတွင် ရခိုင်ရက်ကန်းပညာ၏ ဂုဏ်မြောက်ပုံကို ဖော်ကျူးထားရှိပါသည်။ အယသမင်္ဂီ ဟူသည်မှာ ရှေးရက်ကန်းထူးချွန်သူများကို ပေးအပ်သော ဘွဲ့ဖြစ်ပါသည်။ ဘုရင်၊ မိဖုရား၊ နန်းတွင်းသားများဝတ်ဆင်သော ရာချိတ်၊ မန်ကျည်းပွင့်၊ ဒုတ်တံစီ၊ ကြူထရံ၊ တောင်လုံးကျော်၊ ပိုးဝါသန်း၊ ခဒါဗျက် အဆင်များကို မိဖုရားများကိုယ်တိုင် တတ်မြောက်ကြောင်း ၁၉၇၀ ပြည့်နှစ် ၂၃ ကြိမ်မြောက် ပြည်ထောင်စုနေ့တွင် ရှိပန်း တူ ငှိပန်း ပြေ ကယ်ယိမ်းကိုလ ည်း တင်ဆက်ခဲ့ကြပါသည်။ မင်းဖလောင်း၏ မိဖုရားကြီး သည် ကြာသ ကန်းကို ကိုယ်တိုင်ရက်၍လှူခဲ့ကြောင်း ဦးရာဇ်တောင်အနီး၌ စေတီတည်ခဲ့ရာ ရက်ကန်းရက်သမားများ တည်ထားခြင်းကြောင့် အရက်သည်မ စေတီ (အယသမင်္ဂီ) စေတီဟု တွင်ခဲ့ ကြောင်း၊ဆင်းရဲချမ်းသာမရွေး ရက်ကန်း၌ ထူးချွန်ပါက အယသမင်္ဂီဘွဲ့ကိုရနိုင်ကြောင်း၊ အယသမင်္ဂီနတ်တစ်ပါးကလည်း ရက်ကန်းပညာဖြင့်ကူညီကြောင်း အယူရှိကြသည်ဟု သိရပါသည်။

နိုင်ငံနှင့်အဝန်း ကြီးကျယ်ထင်ရှားသော ဘွဲ့ထူး ဂုဏ်ထူးများ ပေးအပ်ခြင်းခံရသည်အထိ ကျော်ကြားခဲ့သော ရခိုင်ရိုးရာ ရက်ကန်းပညာကို မတိမ်ကောမပပျောက်စေရန် ထိန်းသိမ်းသည့်အနေဖြင့် ရက်ကန်းပညာကို ဂုဏ်ပြုရန် အယသမင်္ဂီယိမ်းအက အစီအစဉ်ကို တင်ဆက်ခဲ့ခြင်းဖြစ်ရာ အမျိုးသမီးများ၏ ဆင်ယင်မှုဗဟုသုတကိုလည်းရကြပါသည်။ ရှိပန်းတူငှိပန်းပြောက်ဟူသောအကတစ်မျိုးကိုလည်း ဆက်လက် ပြသခဲ့ဖူးပါသည်။ရခိုင်တေးသံဟောင်းတစ်ခုတွင် ဖိုင်းဝါရက်ကန်းကို အလေးထား၍ စပ်ဆိုခဲ့ကြောင်း ဤသို့တွေ့ရပါသေးသည်။

> "အပွင့်ရေဖြူပြာ၊ အညှာယေကောင်းခြင်း၊ ယာတောင်ထက်မှာ ဝါဂွမ်းခင်းလေ၊ ဝါဂွမ်းပွင့်ငုံ၊ ဖူးပွင့်စုံ၊ ဆွတ်တုံမေရို့၊ ဖိုင်းငင်ဖို့၊ ဖိုင်းငင်ဝါခြည်၊ လက်ရက်ထည်၊ ပေ့မောင်ရို့မှာ ဝတ်ရမေလေး၊ ဝါခြည်ဒူးယား အသားညက်၊ အကွက်မဆန်း မောင်တော်တမ်း၊ အလွမ်းလည်းပြေခေါ်ကြတ်တေ၊ ရက်

**တေမေပျော၊လက်စချော၊နှမလက်ရာမောင်ဝတ်လာ**
**အဘကြီးသားလှရေကား၊ ကြွရေပရေသာထွန်းဝေ**
**အမေရို့မှာ မျက်ငါးသွယ်လေ၊ မျက်ငါးသွယ်”**

ဟူ၍ ဖြစ်ပါသည်။

ရခိုင်သူလေးများသည် အပွင့်ကောင်း၍ အညှာခိုင်သည့် ဝါပွင့်ကိုရအောင် အားသွန်၍စိုက်ပျိုးကာ ဝါဂွမ်းဖူးငုံတို့ကို ချည်ဖြစ်ရန် ဗိုင်းငင်ရသည်။ ချစ်သောမောင်အတွက် အဆင်မဆန်းသော်လည်း အလွမ်းပြေသဘောနှင့် တမ်းတ၍ ရက်ရခြင်းဖြစ်သည်။ ထိုလုံချည် (ဒူးယား သို့မဟုတ် ဒယော) ကို ဝတ်ဆင်ရသည့် သာထွန်းဝေမှာ ကြွကြွရွရွနှင့် ကြော့မော့၍ နေတော့သည်။ ဘကြီး၏သား သာထွန်းဝေမှာ နှမလက်ရာကို ဝတ်ရသဖြင့် ကျောက်မျက်ရတနာ ငါးပါးခြယ်သော အဝတ်ဟု ဂုဏ်ယူသည့်သဘောကို တွေ့ရပါသည်။ရခိုင်တို့၏ ရက်ကန်းပညာကို လေ့လာနိုင်သောကဗျာကလေး ဖြစ်ပါသည်။

ရခိုင်လုံချည်အဆင်များကို အယသမင်္ဂီယိမ်း၌ ဖော်ပြထားသည်မှာ

**“ဘယ်လိမ်ညာလိမ် ပိုးဝါသန်း၊ သဇင်ပန်းခက် သဘောက်ပြက်သျှော၊ လေးမယ်ဆင်ချော၊ ခဒါပျက်၊ နဘီရွက်ကုံး၊ တောင်လုံးကျော်လေ၊ ရှီခြည် ငွီခြည် ဆယ်လွန်းချိတ်၊ ကွက်စိတ်တမျိုးနှင့်မှင်ဂျိုးပွင့်သျှော ရိုးရာကိုလေကွယ်မပျက်၊ အကျွန်ရို့ အ ဆက် ဆက် ထိန်းပါရေ”** ဟူ၍ ဖြစ်ပါသည်။

## ရက်ကန်းပညာနှင့် ပိုးဝါမင်းသမီး

တစ်ဖန် ၁၉၇၆ ခုနှစ်၊ ၂၉ ကြိမ်မြောက် ပြည်ထောင်စုနေ့ ကပွဲအတွက် ရခိုင်ပြည်နယ်၊ မြို့ဟောင်းမြို့မှ ပိုးဝါဖွဲ့စာတမ်းနှင့်အတူ “ပိုးဝါအက” ကို တင်ဆက်ခဲ့ရာ အထူးအောင်မြင်ခဲ့ပါသည်။ မြောက်ဦးခေတ် ၁၅၃၁ ခုနှစ်တွင် နန်းတက်သော မင်းဗာကြီးနှင့် သံတွဲမင်းသမီးတို့၏ ရင်သွေးတော် “မယ်ပိုးဝါ”လေး၏ အလှကို ဖော်ကျူးစပ်ဆိုခဲ့သော ပိုးဝါဘွဲ့ ဖြစ်ပါသည်။ မယ်ပိုးဝါသည် သျှစ်သောင်းဘုရားသို့ ညနေချမ်းအချိန်၌ နောက်ပါအခြွေအရံ အသင်းအပင်းတို့ခြံရံလျက် ဘုရားပူဇော်ရန် သွားလေ့ရှိရာ ထိုမင်းသမီးလေး၏ ရူပါကြော့ရှင်း သိမ်မွေ့ခြင်းကို ရခိုင်စာဆိုတော်များက စာပန်းချီခြယ် စီကုံးခဲ့ကြပါသည်။

**“အရုပ်ဆင်းဝါ၊ လှပိုးဝါမှာ၊ ဝတ်ပါလတ်ရေ၊ ဗောင်းနက်ကေ ထမိန်၊ သုံးနှစ်လုံးပင် ဝတ်ပြီးကေ၊ အောက်ခြီတဆင့်၊ လှပိုးဝါမှာ မှင်ကျိုးပွင့်၊ လှတင့်ဆင်ယင်၊ မယ်ပိုးဝါမှာ ဆင်လတ်တေလေ၊ ခါးမှာကြည့်လဲ၊ ခါးကြိုးဒွါဒရာ၊ မျက်ငါးဖြာလေ၊ နုစွာသည်သပ်၊ လှပိုးဝါမှာနောက်စချပ်လို့၊ တင့်ကြောင်းသခြေ၊ လှပိုးဝါမှာ ဝတ်လတ် တေလေ၊ ရင်မှာမကေ၊ ရင်မှာကြည့်လေ၊ ကင်းစွပ် ရွက်ရောင်၊ ပန်းပွင့်ရောင်လေ၊ ခြားရာသီသပ်၊ မမယ်ရင်မှာ မမွတ်ချပ်လို့၊ တင့်ကြောင်းသခြေ၊ မေပိုးဝါမှာ ဝတ်လတ်တေလေ ကိုယ်မှာမလေ၊ ကိုယ်မှာချပ်လဲ ကိုယ်မှာဘာပူ ၊ရွှေဘူပန်းခက်၊ မေပါဂူမှာ ကျိုးဇရက်နှင့် စတုလောကပါလ နတ်သားလေးယောက်၊ ကပ်ကုံးပြီး ကြိမ်လုံးပြောက်နှင့် ထောက်လို့ကြည့်ဟန်၊ မေဗဇူမှာ ခြင်္သေ့ရုံလို့၊ အထောင့်လေးထောင့် မုတ်သားစောင့်လို့၊ ရုပ်ပုံသန်သန်၊ မိနှင့်ဖမှာ ချစ်လို့ပီးကေ၊ သိန်းသောင်းတန်ကို၊ တင့်ကြောင်းသခြေ၊ ဝတ်လတ်တေလေ၊ ခေါင်းမှာဟလေ၊ ခေါင်းမှာကြည့်လေ၊ ခေါင်းမှာကြက်ခြီ၊ မြပန်းကုံးမှာ ရှီပွင့်စီလို့၊ ပုရစ်ကေဆံထုံး၊ မြအိုးလုံးကို၊ ပိုးဝါခေါင်းမှာ တင်မိရေလေ၊ လက်မှာမလေ၊ လက်မှာကြည့်လေ၊ နဝရတ်မျက်ရုံ၊ အဘပီးကေ သိန်းသောင်းတန်လို့၊ ဝတ်လတ်တေလေ၊ နားမှာမကေ နားမှာကြည့်လေ၊ ကိုယ်ရိပ်လေမြင့်၊ စိတ်ရှင်ဒေလိပ်လက်၊ မြတန်ဘက်ကို၊ တင့်ကြောင်းသခြေ၊ ပိုးဝါနားမှာ ဝတ်လတ်တေလေ”**

ဟူ၍ ဖြစ်ပါသည်။

ဤတွင် ရခိုင်မင်းသမီးလေး ပိုး ဝါ ၏ အ လှ ကို မြင်ကြည့်နိုင်ပါသည်။ ပိုးဝါဆိုသည့်အတိုင်း နုရွရွလေး လှပေလိမ့်မည်။ ပိုး သား တ မျှ နူး ညံ့ ပေ လိမ့် မည်။ မင်းသမီး၏ ရွှေရင်အုံနုနုလေးပေါ် တွင် ကန်စွန်းရွက်ပန်းပွင့်သဏ္ဍာန် ရက်ခတ်ထားသောအဆင်ကိုလည်းကောင်း၊ ကျောက် မျက် စီ ခြယ် သော နောက် စ ချပ် ထ ဘီ ကို လည်းကောင်း၊ မင်းသမီး၏ အ င်္ကျီ ခါး ချပ် ပေါ် တွင် ရွှေပန်းခက်များထိုး၍ ချိုးငှက်၊ ဆက်ရက်၊ ဥဒေါင်းငှက်တို့ လည်ချင်းယှက်ပုံကို လည်းကောင်း နတ်သားလေးပါး ကြိမ်လုံးထောက်ပြီးကြည့်နေဟန်နှင့် ခြင်္သေ့ရုပ်များပါအောင် ပန်းထိုးထားသော အင်္ကျီအဆန်းကို တွေ့မြင်နိုင်ပါသည်။

ပိုးဝါမင်းသမီးလေးသည် အခြား အခြားသော မင်းသမီးများထက် ထူးခြားစေရန် အဝတ်တန်ဆာကို

အမြဲ အသစ်အဆန်းတီထွင်လေ့ရှိသူ ဖြစ်ပါသည်။ ၆၄ မျိုးသော ရခိုင်အမျိုးသမီးများ၏ ဆံကေသာ ထုံးဖွဲ့နည်းထဲတွင် ဂမုန်းငုံအာဆံထုံး၊ မြအိုးလုံးဆံထုံးတို့ကို ထုံးနှောင်လေ့ ရှိသည်ဟု သိရပါသည်။ သို့ဖြစ်ရာ ပုဂံခေတ်ဆံထုံးအကြောင်းရေးခဲ့သော ရဝေ ရှင်ထွေး၏ ဆံထုံး ၅၅ မျိုး၌ ပါဝင်သည့် ဂမုန်းငုံအာနှင့် ထပ်တူ ဖြစ်နေသည်ကို တွေ့ရပါသည်။

ကျောက်စာပညာရှိ ဦးသာထွန်း၏ သုတေသနပြုထားချက်များအရ ရခိုင်ရိုးရာအထည်များကို အသက်အရွယ်ခွဲခြား၍ အရွယ်နုဆင်၊ ရွယ်လတ်ဆင်၊ ရွယ်လွန်ဆင်ဟု သတ်မှတ်ထားကြောင်း အပျိုဆင်၊ အအိုဆင်ဟူ၍လည်း အရောင်အသွေးဖြင့် သတ်မှတ်ထားသည်ဟု သိရပါသည်။ ရှေးခေတ်က ရခိုင်ထည်များအနေဖြင့် ပိုးထည်ကို အသုံးများကြကြောင်း၊ စက်ဝိုင်းအဆင်၊ လေးထောင့်၊ ကြူထရံအဆင်နှင့် ပတ်လည်အဆင်များမှ တစ်ဆင့် အတွန့်ချိတ်များ၊ လှိုင်းချိဘ်နှင့်လချိတ်၊ ဖူးပွင့်ချိတ်အဆင်များ ရက်ခတ်လာကြသည်ဟု သိရပါသည်။ ယခုအခါ ရှေးဟောင်းအနုပညာကို ဖော်ထုတ်သည့် အနေနှင့် မြို့ဟောင်းမြို့ သျှစ်သောင်းဘုရားကြီး၏ ဂူအတွင်းရှိ ရုပ်တုပန်းပုလက်ရာဖြစ်သော ဘုရင်၊ မိဖုရား၊ မှူးမတ်၊ ကခြေသည်များ၏ အဝတ်တန်ဆာအဆင်၊ အကွက်၊ အသွေးအရောင်တို့ကို ကူးယူရေးဆွဲပြီး ပုံစံများ ထုတ်နုတ်လျက်ရှိသည်ဟု သိရပါသည်။ ၎င်းတို့မှာ မန်ကျည်းပွင့်၊ ဒုတ်တံစီ၊ ကြူထရံကွက်ထောင့်၊ တောင်လုံးကျော်၊ ပိုးဝါသန်း၊ ခဒါပျက် စသည်တို့ ဖြစ်ပါသည်။


၁၉၇၁ ခုနှစ်တွင် ရက်ကန်းပညာပေးအရာရှိ ဦးလှထွန်းဖြူ (လက်ထောက် စက်မှုလက်မှု အရာရှိ)၊ ဦးအောင်ကြည်၊ သံတောင်မြို့ အထက်တန်းကျောင်းအုပ်ကြီး၊ ဦးထွန်းရှိန်နှင့် ဒီဇိုင်းဌာနစိတ်မှ ဒုတိယ စက်မှုလက်မှုအရာရှိ ဦးအေးမြင့် (မြန်မာ့ရိုးရာ ဒီဇိုင်းပညာရှင်) တို့သည် ရခိုင်ရိုးရာ ဒီဇိုင်းများကို လေ့လာခြင်း၊ စစ်တွေမြို့ အမျိုးသမီးရက်ကန်း သမဝါယမမှ ထုတ်လုပ်လျက်ရှိသော အထည်များကို လေ့လာခြင်းပြုကြသည့်အခါ အောက်ပါဒီဇိုင်းများကို တွေ့ရလေသည်။ ယင်းတို့မှာ ယခုမျက်မှောက်ခေတ် ဒီဇိုင်းများပင် ဖြစ်ပါသည်။ ပန်းအိုးချိတ်၊ ကြိုးကြီးချိတ်၊ တော်ဝင်သူ၊ ရထားပန်းယိုင်၊ စိန်ပန်းနွယ်၊ အပွင့်ကြီး၊ အနားချိတ်၊နှင်းဆီနွယ်၊ မြကခက်၊ သဇင်နွယ်၊ သာခွက်၊ ဘရိုကိတ်ဆင်၊ ပန်းဘုရင်မ၊ ဂမုန်းချိတ်၊ ကြာတစ်တန်း၊ ပန်းတစ်တန်း၊ ဆင်ခြေရာ၊ ဇမချစ် မောင်ချစ်၊ လက်ပတ်နာရီ၊ လိပ်ပြာတောင်၊ မင်းမြတ်ချစ်၊ ဆင်မျက်ကွင်း၊ ကနုကမာ၊ မယ်တော်ချိတ်၊ စိန်လက်စွပ်၊ စိန်စာရံ၊ မှူးစေ့ မတ်စေ့၊ အပေါင်းလက္ခဏာ၊ ပုလဲပေါက်၊ စိန်တစ်ပွင့်၊ ဗေဒါကန်ဘောင်၊ ပန်းတစ်ဆုပ်၊ ငွေမျက်နှာ၊ ရိုးရိုးချိတ် စသည်ဖြင့် ၃၄ မျိုးရှိလေသည်။

ထို့ပြင် ဒေဝီနားဆင်များ၊ ငွေချည်ထိုး နှင်းဆီပွင့်များ၊ သခင်ရုပ်၊ ကျေးရုပ်အဆင်များလည်း ပိုးခြည်နှင့် ရက်လုပ်ခဲ့ကြပါသေးသည်။ ရခိုင်ရက်ကန်းအထည်များမှာ ယနေ့တိုင် အဆင်အသွေးခိုင်သည့်အတွက် လူကြိုက်များလျက်ရှိပါသည်။ ကိုလိုနီခေတ်က စတိုးဆိုင်ကြီးများ၌ လုံချည်အစလေးများကို ကပ်ထားပြီး ကြိုက်ရာအဆင်ဝယ်ယူနိုင်ကြောင်း ကက်တလောက်များနှင့် ကြော်ငြာခဲ့ရာ ရပ်ဝေးမှလည်း ဗွီပီပီနှင့် မှာယူနိုင်ကြပါသည်။ ရွှေတောင်၊ ထားဝယ်၊ ရခိုင်၊ ကြူထရံ၊ ပဆစ်အိမ်အဆင်များ ရောင်းချပေးသည်ကို မှတ်မိကြပါလိမ့်မည်။ ရခိုင်ပိုးပုဆိုး၊ ပိုးထဘီများမှာ အနှစ်လေးငါးဆယ်တိုင် အရောင်အသွေး မပြောင်းသည့်အတွက် ထင်ရှားခဲ့ပါသည်။


## (၄) ဆံကေသာ ထုံးဖွဲ့ပုံများ

ရခိုင်အမျိုးသမီးများ၏ ဆံကေသာ ထုံးဖွဲ့ပုံများကို ကျောက်ဆစ်ရုပ်တု ရုပ်လုံးများကို လေ့လာခြင်းဖြင့် သိနိုင်ပါသည်။ ဆံပင်ကို ထိပ်လယ်တွင် ထုံးနှောင်လေ့ရှိကြောင်း၊ အရေအတွက်အားဖြင့် ၃၅ မျိုးတွေ့ရှိရသည်ဟု သိရပါသည်။ မြို့ဟောင်းခေတ် အနှစ် ၃၀၀ နှင့် ၆၀၀ အတွင်းက ခေတ်စားခဲ့သော ဆံထုံးများမှာ ၆၄ မျိုးရှိသော်လည်း ပုံနှင့်တကွ ဖော်ပြရန် အသင့်မရှိသေးပေ။ ကျောက်လှေခါးခေတ် ဝေသာလီ ပြည့်ရှင် သီရိစန္ဒရာမင်း လက်ထက်၌ ထွန်းကားခဲ့သော အမျိုးသမီးစာဆိုတော် စောပြည့်ညိုအမည်ခံ ဘုရင့်သမီးတော် သုဝဏ္ဏဒေဝီ၏ စာပေပါရမီ ထူးခြားမှုကိုကား အများအသိပင် ဖြစ်ပါသည်။


၎င်းကိုယ်တိုင် ရေးသားသော **"ရာသီပစွန်း၊ အောင်စည်ရှပ်း၍၊ ခက်လန်းဖြာစေချင်သည်၊ နှောင်ခွင် ကြာလွန်းစွ တကားလေ"** ဟူသော သျှိုးလိုက်ရတုအရ ရခိုင်ရတုများတွင် သျှိုးလိုက်ရတု စပ်ဆိုနည်းကို အသုံးများကြကြောင်း သိနိုင်ပါသည်။ ရခိုင် ဆံထုံး များဖြင့် မည်မျှကျက်သရေရှိမည်ကို မှန်းဆ ကြည့်နိုင်ပါသည်။




ရခိုင်တိုင်း၊ စစ်တွေခရိုင် မြို့ဟောင်းမြို့ရှိ ဈေးဟောင်းကျောက်ဆစ်ရုပ်ထုများမှရေးကူးထားသော ဆံထုံးပုံများ။




စစ်တွေခရိုင် မြို့ဟောင်းမြို့ ကျောက်ဆစ်ရုပ်ထုများမှ ရေးကူးထားသော ဆံထုံးပုံများ။




စစ်တွေခရိုင်၊ မြို့ဟောင်းမြို့ ကျောက်ဆစ်ရုပ်ထုများမှ ရေးကူးထားသော ဆံထုံးပုံများ။

သဘာဝစာဆို ပညာရှိ အမတ် စစ်သူကြီး ဥက္ကာပျံ၏ **"အောက်အာကာဗို၊ ဝါယောထိ၍၊ လီထက်ကားရီ၊ ရီထက်မြို့နှင့်"** ဟူသောရတုမှာလည်း ထင်ရှားသော အဖွဲ့အနွဲ့ပင် ဖြစ်ပါသည်။ ကျေးစေရတုများ၌ မင်းသမီး အလှများကို စပ်ဆိုခြင်းများလည်း ရှိခဲ့ပါသည်။

**"ထီးဖြူရာခင်း၊ အမင်းမင်း၏၊ ရာတွင်းသမီး၊ လှဇံသီးကို ဇနီးပြုမည် ကြံလိမ့်လော"**

ဟူသော ကျေးစေရတုအပြင် –

**"နန်း မြို့ မြောက် ဝယ်၊ ကျော် ခြောက် မှန် ချောင်း၊ မွေ့ရှစ်သောင်း၌၊ စုပေါင်းနောင်နှင့် ဖူးခွင့်ရေးရေး၊ ရည်ခန့်တွေး၍"**

ဟူသော မယ်ဘွဲ့ရတုများမှာလည်း အလွန်သိမ်မွေ့သည်ကို တွေ့ရပါသည်။ ရခိုင်မင်းသမီး ချောင်းတွင် ပို၍ပျောင်းနွဲ့သောဟန်များကိုတွေ့နိုင်ပါသည်။ ၈၁၇ ခုနှစ်တွင်နန်းတက်သောဘစောဖြူမင်း၏ သမီးတော်အတွက် အမတ်ပညာရှိ အဒူမင်းညိုသည် ရခိုင်မင်းသမီးချောင်းကို ရေးသားတင်ဆက်ခဲ့ခြင်းဖြစ်ရာ ၎င်းမှာ ရှေးအကျဆုံး ချောင်းဟု အသိအမှတ် ပြုကြပါသည်။

**"ခါသာသလင်း၊ အောက်နှီးခင်းလျက်၊ ပေါ်တင်းကြက်မှန်၊ ဗိတာန် ဆောင် ထား၊ ကိုးပါးရတနာ၊ စီမွှာချယ်ရှက်၊ ရွှေပုခက်ဝယ်၊ ရွှေရွက်လူလူ၊ ရွှေခြူသွင်သွင်"**

ဟု ဇပ်ဆိုပုံမှာ မြန်မာ့ နန်းတွင်းချောင်းနှင့် ထပ်တူထပ်မျှဖြစ်ပါသည်။

**"ဧတည့်ယင်ယင်၊ သေံလွင်နှင့်၊ ဘွားရှင်တော်ရင်း၊ မြေးမယ်မင်းကို၊ သံ ညှင်း နှစ် သိမ့်၊ အိပ်ပျော်စိမ့်ဟု၊ သံဆိမ့်ကျူးဧ၊ ကရဝိတ်ကြွေးသို့၊ သံလေးတမျှ၊ သံမြတမှန်း၊ သံချိုခွန်းဖြင့်၊ ရွှေနန်းဘုံဝဲ၊ ဥကင်ထဲဝယ်၊ တသဲသောင်းသောင်း၊ ထိန်းယပေါင်းနှင့်"**

ဟူ၍ ရခိုင်မင်းသမီးကလေး စက်ပျော်စေရန် ရေးဆက်သော အဒူမင်းညို၏ ချောင်းမှာ မြန်မာမင်းတို့နည်းတူ ကြီးကျယ်ခမ်းနားပုံကို ဖော်ပြခြင်း ဖြစ်ပါသည်။ ပုဂံခေတ် ဆံထုံးများကဲ့သို့ ရခိုင် နန်းတွင်းသူ များလည်း ရစ်နှောင်ထုံးဖွဲ့ကြသည်ကို သံသယဖြစ်ရန် အကြောင်းမရှိပေ။ ၈၁၇ ခုနှစ်တွင် နန်းတက်သော ဘစောဖြူ

မင်းသည် အင်းဝဘုရင် နရပတိနှင့် ဟံသာဝတီဘုရင်မ ရှင်စောပုတို့ ထီးပြိုင်နန်းပြိုင်ဖြစ်သည့်အတွက် အင်းဝ ခေတ်နည်းတူ ဆံကေသာ ထုံးဖွဲ့မှုများ ကြီးကျယ် ခမ်းနားလိမ့်မည်ဟု ယူဆရပါသည်။

ဉက္ကာပံ့၏ ကျေးစေရတုတစ်ပုဒ်တွင်—

**"ပံ့ချေသွား၍ မယ့်ပါးခန်းတွင်း၊ ရောက်လေလျှင်း သော်၊ ပဝင်းပိတ်လျပ်၊ စွန်း ထပ် မ သင်၊ ကေရှင် လျှေမြန်း၊ ဆီမွှေးသွန်း၍၊ မလန်းမပျော်၊ ကျွန်ုပ်မြော် ၏"** ဟု ဆိုပုံမှာ မြန် မာ နန်း တွင်း သူ များ ကဲ့ သို့ စံပယ်ဆီ၊ စန္ဒကူးဆီ၊လေးတရာဆီမွှေးတို့ကို လိမ်းနေကျ မလိမ်းနိုင်ဘဲ မျှော်လင့်နေမည်ဖြစ်ကြောင်းဖော်ပြထား သည့်သဘောဖြစ်ပါသည်။ ထောင်သင်းမှူးက **"ဖူးညက် ထွတ်လော၊ ပြာလတ်လော"** ဟု မင်းသမီး အ လှ ကို တင်စားသည့်အတိုင်း ဉက္ကာပံ့ကလည်း **"ဖူးရွက်လွတ် လော၊ ညှာဝတ်လော"** ဟု အဖြည့်ခံရတု ဖွဲ့ဆိုသည်ကို ထောက်၍ မြန်မာမင်းသမီးများ၏ ဆင်ယင်ထုံးဖွဲ့ပုံနှင့် ရခိုင်နန်းသူများ ဆင်ယင်ထုံးဖွဲ့ပုံသည် ထပ်တူဖြစ်လိမ့် မည်ဟု မှန်းဆရပါသည်။

## (၅) ရခိုင်အမျိုးသမီးနှင့် လက်ဝတ်လက်စား

ရခိုင်အမျိုးသမီးများနှင့်ပတ်သက်၍ အထက်တန်းကျ သော လက်ဝတ်လက်စားများ ဆင်ယင်ကြောင်း ဖော် ပြသည့် စာပေအထောက်အထားများလည်း ရှိပါသည်။

**"ငွိဖလားမှာ နံ့ သာ ခက်၊ ဆင် ယင် မ ပျက် လိုက်ဖက်ညီ၊ ပုလဲစုံစီ ရွဲလက်လက်၊ ရွှီဘယက်နှင့် ဆွဲကြိုးငင်၊ ဒေါ် လာ ခက် ပင် စိန်လုံပြိုးပြက်၊ ရောင်ယှက်ကောင်းဘိ၊ နာရဏီယမင်း၊ မဒ္ဒီပယင်း နားဋ္ဌောင်း၊ ခြုံလွှာပေါင်းလို့၊ မောင်းတွင်ခြယ်၊ ပန်းကုံးအလယ် ရွှီပွင့်သွယ်လို့၊ ဦးရစ်ဆံထုံး၊ မြအိုး လုံးဟန်၊ ကြည့်လိုက်အမှန်၊ သဏ္ဍာန်မယွင်း"**

ဟူသောစာသားအရ လက်ဝတ်လက်စားဝတ်ပုံများ နှင့် ဆံပင်တွင် ရွှေပွင့်များပန်ဆင်ပုံကို သိရပါသည်။

### နားကပ်ကြီးများ

**"နားတွင် နားကပ်၊ ကြာသွပ်စိကော၊ ညင်ညင် ချွတ်လေ၊ ညင်ညင်ချွတ်"** ဟူသော သီချင်းအရ ရခိုင် အမျိုးသမီးများ၏ ပုံတွင် နားကပ် များ ကြီးကြီးပန်သည်ကို တွေ့ရပါသည်။ **"အသျှ သမီး၊ ဆံထုံးကြီး၊ ရာဇာဖသမီး ဆံထုံးကြီး"** ဟူသော စကားအတိုင်း ဆံထုံးများမှာ ထိပ်သယ်တွင် ကြီးကြီး ထုံးကြသည်ကို မြင်ရပါသည်။ ရခိုင်သူ မိညိုနှင့် နန်း တွင်းသူ မိဖူတို့၏ ကိုယ် ရည် သွေး ရ တု ပိုဒ် စုံ များ တစ်ချိန်တည်း ပေါ်ပေါက်ခဲ့သည့်နည်းတူ ဆင်ယင်ထုံး ဖွဲ့မှုလည်း တူပေလိမ့်မည်ဟု ခန့်မှန်းကြည့်ရပါသည်။

ရခိုင်ပြည်အကြောင်းကို ဒီဂျီအီး ဟောလ်နှင့် ခရစ်ယာန်ဘုန်းကြီး "မင်းရိတ်" တို့က ဖော်ပြရင်း မြောက်ဦးမြို့သည် ကုသန်းရောင်းဝယ်ရေး၌ အချက် အချာဖြစ်သည့်အတွက် အရှေ့တိုင်း၏ ဗင်းနစ်မြို့တော် ဟုလည်းကောင်း၊ အင် မ စ တာ ဒင် မြို့ နှင့် တူသည်ဟု လည်းကောင်း ရေးသားခဲ့ပါသည်။

သျှစ်သောင်း ဘုရားနှင့်ပန်းပု ရုပ်လုံး ရုပ်ကြွများ အကြောင်းကိုလည်း ဖော် ပြ ခဲ့ သည်။ သျှစ်သောင်း ဘုရား၏ တံတိုင်းနံရံမှာ ငါးပေကျော်ထူပြီးလျှင် အရှေ့ နှင့် အနောက် ၂၅၅ ပေ၊ တောင်နှင့် မြောက် ၁၈၈ ပေ ရှိကြောင်း၊ နံရံ၌ ခြောက်ဆင့်ခွဲထားရာ အောက်ဆုံး အဆင့်တွင် လူ့ဘဝ သရုပ်ဖော်ပုံများ၊ အလယ် လေး ဆင့်တွင် ၅၅၀ ဇာတ် နိပါတ်တော်ရုပ်လုံးများ၊ အပေါ် ဆင့်တွင် ယောကျ်ား၊ မိန်းမတို့ဘုရားဖူး ရှိခိုးနေကြ ဟန်နှင့် ဆင်စီးသော ဘုရင်များ၊ ပုဏ္ဏား၊ ဗိဿနိုးနတ်၊ မှူးမတ်စသော ရုပ်လုံးများကို တွေ့ ရ သည့် အ ပြင် ကျောက် စာ နှစ် တိုင် ၌ စာတန်းများ ရေးထိုးထား ကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

**"သဇင်ပန်းခိုင်၊ တမြိုင်မြိုင်၊ ရခိုင်ဘုရားပေါင်း"** ဟူသော စာဆိုနှင့်အညီ ဆန်းကြယ်သော ရှေးဟောင်း အနုပညာလက်ရာ စေတီပုထိုးများမှာ ခေတ်အဆက် ဆက် ရေ၊ လေ၊ နေ ၊ရာသီဥတုဒဏ်ကြောင့် ချွတ်ယွင်း ပျက်စီးလာသည်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက မူရင်းလက်ရာမှန်များ မပျက်စေရန် ပြန်လည် ပြုပြင်ပေးလျက် ရှိနေပါသည်။ ရခိုင်ရိုးရာ ရက်ကန်း ပညာကိုလည်း ဆက်လက်ထိန်းသိမ်းပေးလျက် ရှိနေ ပါသည်။

မြောက်ဦးမြို့ သျှစ်သောင်းဘုရား၊ အံတော်သိမ်၊ ဒုက္ကန်သိမ်ဘုရားများရှိ ယဉ်ကျေးမှုတန်ဖိုး ကြီးမားလှ သော ရုပ်ကြွ ရုပ်လုံးများမှတစ်ဆင့် ရခိုင်အမျိုးသမီး များ၏ ဆံကေသာပုံစံများကို သွားရောက် လေ့လာ၍ ပန်းချီရေးဆွဲကူးယူခဲ့သော ယခင် စက်မှုလက်မှု ညွှန် ကြားရေးဌာနခွဲ ဒီဇိုင်း ဌာနစိတ်မှ ဦးအေးမြင့်

(မြန်မာ့ရိုးရာ ဒီဇိုင်းပညာရှင်)အား အထူးကျေးဇူးတင်ရပါသည်။ ထိုဘုရားများအတွင်းရှိ ရုပ်လုံးရုပ်ကြွများမှ တစ်ဆင့် ရက်ကန်းဒီဇိုင်းပုံစံ အချို့ကိုလည်း တွေ့မြင်သည့်အတိုင်း ကူးရေးခဲ့သည်ဟု သိရပါသည်။ ရက်ကန်းပညာဆုဖြစ်သော အယသမင်္ဂီဘွဲ့အကြောင်း ဤသို့ တွေ့ရပါသည်။

"ရက္ခမဏ္ဍလာ၊ တိုင်းအောင်ချာ၌၊ စိုင်လာမပျက်၊ ရိုးကာဆက်ကေ၊ ရက်ကန်းပညာ၊ ထူးချွန်ပါက၊ အယသမင်္ဂီ၊ ဘွဲ့ထူးချီ၍၊ ပီပီမြှောက်စား၊ ချီးမြှင့်အားကြောင့်၊ တိုင်းကားပြည်သူ၊ ရိုးမူမပျက်၊ ဒယ်နိထက်တိုင်၊ မယိုင်မလဲ၊ ခိုင်မြဲရိုးရာ၊ ဟိစပါလည်း၊ ခုခါမြန်ဘောင်၊ ပြည်ထောင်သားချင်း၊ ဆွိမျိုးရင်းရိုး၊ မယွင်းပေါင်းစု၊ ဖွဲ့စည်းပြုကာ၊ .... .... .... .... .... .... .... .... .... ....

ပြည်မြန်မာလေ၊ သာယာစီကြောင်း၊ ဆုမွန်တောင်း၍၊ ရှီးဟောင်းပညာ၊ စိုင်အလာကေ၊ ရိုးရာရက်ကန်း၊ စက်မှုထွန်းအောင်၊ ကြံဆောင်ရောရှု၊ တီထွင်ပြုသည်၊ ပြည်ထောင်စုလေ၊ သာစွလေ၊ ဟန်စွိလေ၊ ဟန်စွလေ"

ဟူသော ရတုကဗျာကို ၁၉၇၁ ခုနှစ် ပြည်ထောင်စုနေ့ တိုင်းရင်းသား ရိုးရာအစီအစဉ်တွင် တင်ဆက်သော အယသမင်္ဂီအက စာတမ်းအရ ဖော်ပြရခြင်း ဖြစ်ပါသည်။

## (ဂ) ရှမ်းအမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှု

ရှမ်းပြည်တွင် နေထိုင်ကြသော အခြားတိုင်းရင်းသူများလည်း ရှိကြရာ ရှမ်းပြည်၌ လူမျိုးအတော်စုံလင်သည်ကို တွေ့နိုင်ပါသည်။ ရှမ်းသာမက ပလောင်၊ ကချင်၊ လီရှော၊ ယောရင်း၊ ယင်းနက်၊ ယင်းကြား၊ အင်းသား၊ဓနု၊ ကော်၊ လားဟူ၊ မူဆိုး၊ ပအိုဝ်း၊ မောရှမ်း၊ တောင်ရိုး၊ ဂုံရှမ်း ခေါ်ခွံများဖြစ်ကြသည်။ ရှမ်းဆိုရာ၌လည်း မောရှမ်း၊ ထိုင်းနေ၊ တိုင်းလုံ၊ ခန္တီးရှမ်း၊ ဝန်းသိုရှမ်း၊ ရှမ်းတရုတ်၊ မိုင်းသာ၊ မြောင်စီး စသည်တို့ဖြစ်၍ ဝတ်စားဆင်ယင်ပုံမှာ သီးခြားရှိကြပါသည်။ ရှမ်းဝတ်စုံဟုဆိုလျှင် ခေါင်းပေါင်းကို တဘက်အကြီးစားနှင့် ပတ်ပေါင်းပေါင်းကြသော မောရှမ်းများ၊ တဘက်ရှည်ကို လှပစွာပတ်ပေါင်းကြသော ဂုံရှမ်းအမျိုးသမီးများ၊ ယုန်နားရွက်နှစ်ဖက်ထောင် ဖော်ထားသော အလှအပခေါင်းပေါင်း ပတ်ပေါင်းသူများ၊ သင်တိုင်းဝတ်သော ပအိုဝ်း၊ ယင်းကြားအမျိုးသမီးများ၊ ဂါဝန်ဆန်ဆန် ပွပွဝတ်ကြသော ယောယင်း၊ လီရှော အမျိုးသမီးများ စသည်ဖြင့် လှန်စွာစိတ်ဝင်စားဖွယ် ကောင်းပါသည်။ အများအားဖြင့် ခမောက်ကိုယ်စီ ဆောင်းကြသော ဓလေ့ကား တူညီသည်ကို တွေ့ရသည်။



ရှမ်းအမျိုးသမီး

### ရှမ်းအမျိုးသမီး ဝတ်စုံ

ယနေ့အသိအမှတ်ပြုထားသော ရှမ်းအမျိုးသမီးဝတ်စုံမှာ ထိုင်မသိမ်းအင်္ကျီ လက်ရှည်နှင့်တူသော ဂုံရှမ်းအင်္ကျီကို ဘေးစောင်း ကြိုးဖြင့် ချည်နှောင် ကာဒူးအထိ ရှည်သော ကန့်လန့်စင်းနှင့် ထဘီများကို ရှမ်းဝတ်စုံဟု အသိအမှတ်ပြုထားပါသည်။ ဂုံရှမ်းအင်္ကျီကို ချိတ်မထိုး ကြယ်သီးမတပ်ဘဲ ရင်ဖုန်းသင်္ကန်းဖုံး၍ ကြိုးနှင့်ချည်လေ့ရှိရာ ကြိုးရှည်လျှင် အထက်တန်းစား၊ ကြိုးတိုလျှင် သာမန်အမျိုးအနွယ်ဟု ယခင်က ကန့်သတ်ထားခဲ့ပါသည်။ ယခုဆိုလျှင် ထိုထုံးစံများ ကွယ်ပျောက်ခဲ့ပါပြီ။ ခေါင်းပေါင်းစနှစ်ဖက် ထားခြင်းမှာ ကျားနားရွက်ကို သရုပ်ဖော်ခြင်း ဖြစ်သည်။ ကျားအမျိုးအနွယ်ဟူသော အယူအဆကြောင့် ဖြစ်ဟန် တူပါသည်။

## ခန္တီးရှမ်း

အမျိုးသမီးဝတ်စုံမှာ ဦးထုပ်နှင့်ဆင်သော အဝတ်ကလေးကို ခေါင်းတွင်ပတ်၍ ထဘီမှာ အနက်ခံပေါ်၌ ပန်းရောင် ဒေါင်လိုက်အစင်း ဂျပ်ခုတ်ထဘီ ဖြစ်ပါသည်။ ရင်စေ့အင်္ကျီလက်ရှည်ဖြစ်၍ ခါးရှေ့တွင် အမြိတ်ဖွားများ ချထားလေ့ရှိပါသည်။ လုံချည်အနက်နှင့် ပန်းရောင်ပဝါကို သုံးကြသည်။

## မောရှမ်း

ရှမ်းကြီးခေါ် မောရှမ်းအမျိုးသမီးများသည် ဖဲအင်္ကျီပွများကိုဝတ်၍ ခေါင်းတွင် လှပသော ရက်ကန်းထည် အနီ၊ အနက်၊ အစိမ်း စင်း၊ ငွေချည် ခတ်ထားသော ရက်ကန်းထည်တဘက်ကို ပတ်ပေါင်းပေါင်းပြီး ဘေးသို့ ချထားလေ့ရှိကြပါသည်။ ဂွမ်းခံသော ဖဲအင်္ကျီများလည်း ဝတ်ကြသည်။ ရင်စေ့အင်္ကျီတွင် ငွေမတ်စေ့ ကြယ်သီးများ တပ်ကြသည်။ ထဘီမှာ အနက်ဖြောင် ဖြစ်၏။ ရာဇဝင်၌ကျော်ကြားခဲ့သော စောမွန်လှ မင်းသမီးသည် ဆယ်လန်ရွာမှ မောရှမ်းအနွယ် ဖြစ်ပါသည်။

## ပလောင်အမျိုးသမီးများ

ပလောင်တွင် ရွှေပလောင်၊ ငွေပလောင်၊ တောင်မပလောင်၊ ကွမ်းဟယ်ပလောင် ဟူ၍ ရှိသော်လည်း မျက်နှာပုံသဏ္ဌာန်မှာ များစွာခြားနားမှု ရှိပါ။ အဝတ်အစား၌ကား ခြားနားသည်။ ငွေကြေး ဥစ္စာဓနပေါများသော ရွှေပလောင်များကား ထူးခြားသည်။ ခေါင်းတွင် ကတ္တီပါခြုံတဘက်ကို နဂါးအမောက်သဏ္ဌာန် တင်ပြီး နောက်သို့ချထားလေ့ရှိသည်။ ရွှေခြည်ငွေခြည် ထိုးသော ကတ္တီပါထည်များဖြစ်၏။ ပလောင်အင်္ကျီမှာ ပလိုင်းပေါက်ဖြစ်ပြီး ဖဲကတ္တီပါအပွင့်ထိုးများကို ဝတ်ဆင်လေ့ရှိကြသည်။

ခါးတွင်လည်း ငွေဒင်္ဂါး၊ ငါးမူးပြားများကို နှစ်ဆင့်ချိတ်ဆွဲထားသော ခါးပတ်များ ပတ်သူရှိသည်။ ခေါင်းစည်းကို နဂါးမောက်သဏ္ဌာန် သပ်သပ် ခေါက်ထားပြီးမှ အပေါ်က ကတ္တီပါ အဆောင်းများ ခြုံထားလေ့ ရှိကြသည်။ ခြေသလုံးတွင်လည်း ကတ္တီပါခြေပတ်များပတ်ကြသည်။ ရိုးရိုး ပလောင်အမျိုးသမီးများကား ဘေးမြိတ်ရှည် ချထားသော ခေါင်းပတ်များကို ပတ်ပေါင်းပြီး ဂျပ်ခုတ်ထဘီ ကန့်လန့်စင်း အနက်နှင့် ကတ္တီပါ သို့မဟုတ် ချည်စအင်္ကျီအနက် ငွေကွင်းဘယက်ကြီးများ၊ ခါးတွင် ကြိမ်ခွေနှင့် ခြေသလုံး၌လည်း ကြိမ်ခွေအနက်များကို အထပ်လိုက် ဝတ်ထားကြသည်။ အင်္ကျီမှာ ခါးတိုဖြစ်သော်လည်း ကြိမ်ခွေတွေဖုံးနေ၍ ဗိုက်သား မပေါ်ကြပါ။ ပလောင်ဆင်ဟု ခေါ်ကြခြင်းမှာ ကန့်လန့်စင်း ထဘီများဖြစ်၍ အများစုက ပေးထားသော အမည် ဖြစ်ပါသည်။

## ထိုင်းနေ

ရှမ်းတရုတ်ဖြစ်သည်။ နဂိုအသားအရေ ဝင်းပြည့်၍ အိမ်ထောင်သည်နှင့် အပျိုအရွယ်၊ မှူးမတ် စော်ဘွားမျိုးနွယ်နှင့် ကုန်သည်ပွဲစားတို့မှအစ အတန်းအစား ခွဲခြားပြီး ဝတ်ဆင်လေ့ရှိကြသည်။ တရုတ်ရင်ဖုံး၊ ရင်စေ့အင်္ကျီ အနက်နှင့် ဘောင်းဘီဝတ်ကာ "ဝင်းစိမ်း" ခေါ် ခါးစည်းကြိုးကို ဘောင်းဘီပေါ်မှပတ်၍ အစနှစ်စ ချထားလေ့ရှိသည်။ ကော်လာပေါ်၌ ကျောက်သံပတ္တမြား စီခြယ်ကြသည်။ ငွေထည်ပစ္စည်းများ ဝတ်ကြသည်။ ရှမ်းဖိနပ် ဦးကော့ကို စီးကြသည်။ ခေါင်းပေါင်းနက်များကို မြင့်မြင့်ပတ်၍ ပေါင်းကြရာ ဆံထုံးကြီးများနှင့် တူလေသည်။

## ပအိုဝ်းအမျိုးသမီးကြီးများ

ပအိုင်း အမျိုးသမီးများသည် အနက်ရောင် အင်္ကျီလက်ရှည် သင်တိုင်း အနက်ရောင် ထဘီနှင့် ခြေပတ်အနက်များပတ်ကြသည်။ ဆံပင်ကို ထိပ်လယ်တွင်ထုံး၍ ကြီးမားသော ရွှေဆံထိုး အဖူးကြီးများ ထိုးစိုက်လျက် အလှပြင်ကြသည်။ မျက်နှာသုတ်ပဝါနှင့် တူထဲသော တဘက်ကိုလည်း ခေါင်းမှာပတ်ထားရာ အလယ်၌ဆံထုံးရှိ၍ တင့်တယ်ပါသည်။ ဆံပင်ကို ထိပ်လယ်နှင့်ချိုစောင်း၌ ထုံးလေ့ရှိကြသည်။

## ယင်းနက်အမျိုးသမီးနှင့် ယင်းကြားအမျိုးသမီး

တောင်ပိုင်းရှမ်းပြည်နယ်မှ ယင်းနက်နှင့် ယင်းကြားအမျိုးသမီးများတွင် ထူးခြားသောဝတ်စုံများကို တွေ့ရသည်။ ယင်းနက်သည် တဘက်အနက်ကို ခေါင်းတွင် ပတ်ပေါင်းပြီး လက်တိုအင်္ကျီ အနက်၏ ရှေ့၌ အမြိတ်ကလေးများ သုံးဆင့်ချထားရာ ရှေ့ကကြည့်၍ အလွန်

လှပလေသည်။ သင်တိုင်းပုံ အင်္ကျီအနက်နှင့် အောက်ခံ သင်တိုင်း အနက်ကလည်း ခပ်ပွပွဖြစ်၍ ရှုမငြီးပေ။နားမှ ပန်းပွားရှည်များကို တစ်ဖက်တစ်ချက် သွယ်တန်းထားပြီး အမြိတ်ရှည်ကို ရင်ဘတ်ပေါ်သို့ ချထားရာ အလွန်ယဉ်ကျေးသော ဆင်ယင်ထုံးဖွဲ့မှုတစ်ခု ဖြစ်သည်။

ယင်းကြားတို့ကား ခေါင်းပေါင်းကို ဦးထုပ်နှင့်တူအောင် ပတ်ပေါင်းလေ့ရှိပြီး သင်တိုင်းအနီရောင်ကို ဝတ်လေ့ရှိသည်။ ဒူးအောက်၌လည်း ခြေပတ်အဝတ်ရှိသည်။ သင်တိုင်းအနီမှာ မတ်တပ်စင်း ရက်လုပ်ထားသော ဂျပ်ခုတ်ထည် ဖြစ်၏။ ရင်ဘတ်ပေါ်၌လည်း ပန်းပွားချည်မျှင်များကို လှပစွာ ချထားသည်။ တောင်ပေါ်သူတို့၏ သဘာဝအတိုင်း ငွေလက်ကောက်ကြီးများကိုလည်း ဝတ်ဆင်ကြသည်။

## လွယ်လခေါ် ဝ အမျိုးသမီးများ

လွယ်လအမျိုးသမီးများသည် ခေါင်းပေါင်းအထူကြီးများကို ပေါင်းတတ်ကြသည်။ ကန့်လန့်စင်း ဂျပ်ခုတ်ထဘီများနှင့် ခပ်ပွပွ အင်္ကျီ လက်ရှည်များပေါ်တွင် ငွေကြိုး ငွေဘယက်များ ဆွဲထားကြသည်။ ဂျပ်ခုတ်ထဘီ၏ ရက်ကန်းလက်ရာမှာ ရောင်စုံဒီဇိုင်းများ ပါဝင်ပါသည်။

## အင်းသားအမျိုးသမီးနှင့် ဓနုအမျိုးသမီး

ဝတ်စုံအနေဖြင့် တစ်စုံတစ်ရာ ခြားနားမှု ရှိကြပါ။ လှပသော ပဝါတဘက်များ၊ မိမိတို့ အင်းလေးဒေသမှ ထွက်သော ရက်ကန်းထည်၊ ဇင်းမယ်၊ ဘန်ကောက်၊ စည်းလုံးချည်များကို ဝတ်ဆင်လေ့ရှိကြသည်။ ပဝါနှင့် ခြုံတဘက်များ ခြုံလေ့ရှိကြပါသည်။

## တောင်ရိုးအမျိုးသမီးများ

တောင်ပိုင်း ရှမ်းပြည်ရှိ တောင်ရိုး အမျိုးသမီးများကား သင်တိုင်းခါးရှည် လက်မောင်းတိုနှင့် ကန့်လန့်စင်း ဂျပ်ခုတ်ထည်များကို ဝတ်ကြသည်။ ခြေချင်းများလည်း ဝတ်ကြသည်။ ခေါင်း၌ ပေါင်းထားသော တဘက်များမှာ ငွေချည် တဖိတ်ဖိတ်ဖြင့် ကြည့်၍ တစ်မျိုးယဉ်ကျေးပေသည်။

## လားဟူမှူဆိုးအမျိုးသမီးများ

အရှေ့ပိုင်း ရှမ်းပြည် ကျိုင်းတုံနယ် တစ်ဝိုက်၌ တွေ့ရ၍ ဂါဝန်အနက်ပေါ်တွင် ငွေပုလဲ ဥလေးများ အစီအရီ ဆွဲထားကြပြီး ဂါဝန်အနားမှာလည်း ထူးခြားသော ဂျပ်ခုတ်ရက်ကန်းထည် အရှင်ဖြစ်သည်။ လက်မှာ ပွ၍ အနားဖတ်ကြီးများ ရက်ထားကြသည်။ ခေါင်းပေါင်းကိုကား သင့်တင့်ရုံသာ ပတ်ပေါင်းထားကြသည်။

## ကော်အမျိုးသမီးများ

အရှေ့ပိုင်း ရှမ်းပြည်သူများဖြစ်သည်။ ခေါင်းတွင် ငွေကျပ်ပြား၊ ပုတီးများ ချုပ်လုပ်ထားသည့် လှပသော တဘက်ကို ပေါင်းကာ အင်္ကျီမှာ လက်ရှည်အပွ အနက်ရောင်ဖြစ်သည်။ လက်ဖျားမှာ ဖဲစ ရောင်စုံ ကပ်၍ ချုပ်ထားပြီး အင်္ကျီခါးရှည်၏ အနားသား ပေါ်၌လည်း အလှအပ ချုပ်လုပ်ထားလေ့ ရှိကြသည်။ ငွေလည်ကွင်းကြီးများနှင့် ပုတီးအကုံးများကိုလည်း ဆင့်၍ ဝတ်ထားကြသည်။ လှပသော သိုးမွှး လွယ်အိတ်များကို လွယ်ကြသည်။ လားဟူနှင့် ကော် လွယ်အိတ်များကား တန်ဖိုးလည်းကြီးသည်။ ယခုအခါ ရန်ကုန်တက္ကသိုလ်က အများ အပြားသုံးစွဲလျက်ရှိသည်။ ကော်အမျိုးသမီး၏ ခြေသလုံးပတ် အဝတ်ကား ရောင်စုံချည်များနှင့် ရက်လုပ်ထားသော သီးသန့် ရက်ကန်း လက်ရာဖြစ်သည်။ တိုင်းရင်းသူများသည် နိုင်ငံခြားထည်များကို အားမကိုးဘဲ မိမိတို့ စိတ်ကြိုက် အရောင်ဖြင့် ရက်လုပ်ဝတ်ဆင်ကြသည့်အတွက် ချီးကျူးသင့်ပေသည်။

# ကျမ်းကိုးစာရင်း


၁။ ဟံသာဝတီပါမင်း လက်ထက် အမှာတော်ပုံ
၂။ ဦးကျော်လှ သံချို .... .... .... ....ပုံနှိပ်မှတ်ပုံတင် (၀၁၁၀)၊ ထုတ်ဝေသူ မှတ်ပုံတင် (၀၀၀၂)။
၃။ ကုန်းဘောင်ရာဇဝင် (ပ) တွဲ .... .... .... .... လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၄။ ရာဇဝင်ကြပ် .... .... .... .... .... .... .... .... ။ ။ ။
၅။ တံတားဦးတည်မော်ကွန်း .... .... .... .... စကြာဝဠာပုံနှိပ်တိုက်၊ အင်းယားလမ်း၊ ရန်ကုန်မြို့၊ (၁၉၅၉)။
၆။ မြန်မာစာအဖွင့်ကျမ်း (ဦးဖိုးလတ်) .... .... .... ပညာနန္ဒပုံနှိပ်တိုက်၊ အင်းယားလမ်း၊ ရန်ကုန်မြို့။
၇။ မြန်မာမင်းလက်ထက်တော်စာတမ်း (ဦးမောင်မောင်တင်) .... .... .... ....ပုဂံစာအုပ်တိုက်၊ ရန်ကုန်မြို့။
၈။ ရွှေနန်းသုံး ဝေါဟာရအဘိဓာန် .... .... .... .... ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၉။ အဘိဓာန် နတ္တဝိသောဇနီကျမ်း (လေ့သင်းအတွင်းဝန် ဦးချိန်)
၁၀။ ရှေးဟောင်းမြန်မာရာဇဝင်နှင့် ယဉ်ကျေးမှု (ဦးဖိုးလတ်) .... .... .... ပညာနန္ဒပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၁၁။ နိုင်ငံသမိုင်း သုတေသနစာစဉ် အမှတ် (၃) .... .... .... .... ဦးရည်စိန်၏ စာတမ်းနှင့် ဆောင်းပါး။
၁၂။ ကျပင်းတရားစာ .... .... .... .... အေး ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၁၃။ ရာမရကန် .... .... .... .... ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်။
၁၄။ မွေ့နန်းရကန် .... .... .... .... ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန။
၁၅။ သခင်ဋီကာ .... .... .... .... ပင်းယစာပေတိုက်။
၁၆။ ဆင်ယင်ထုံးဖွဲ့မှု (ရွှေကိုင်းသား).... .... .... .... ကြီးပွားရေးစာအုပ်တိုက်၊ မန္တလေး။
၁၇။ သုတေသန သရုပ်ပြအဘိဓာန် .... .... .... .... ပညာနန္ဒပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၁၈။ ကိုးခန်းပျို .... .... .... .... ဇေယျာပူရိန် စာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၁၉။ မုဒုလက္ခဏာပျို .... .... .... .... ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၂၀။ သူဇာပျို .... .... .... .... ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၂၁။ မနော်ဟာရီပျို .... .... .... .... ပိဋကတ်တော်ပြန့်ပွားရေးဌာန၊ မန္တလေးမြို့။
၂၂။ ကုသပျို .... .... .... .... ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်။
၂၃။ စန္ဒကိန္နရီပျို .... .... .... .... ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်။
၂၄။ ဥတေနသာချင်း .... .... .... .... မြန်မာစာညွန့်ပေါင်းကျမ်း။
၂၅။ ရန္တပိုမှ ရတနာဂီရိသို့ (ဒေါက်တာဘချစ်) .... .... .... .... ထွန်းစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၂၆။ မင်းဇေယျရန္တမိတ် ရတုများ .... .... .... .... သာသနာ့ဟိတဂုဏ်ရည်တိုက်၊ (၁၉၄၉)။
၂၇။ ရှင်သံခို ရတုများ .... .... .... .... .... .... ။ ။ ။
၂၈။ နတ်ရှင်နောင်ဆို ရတုများ .... .... .... .... တက်နေဝင်းပုံနှိပ်တိုက်၊ မန္တလေးမြို့။
၂၉။ တေးထပ်ပေါင်းချုပ် .... .... .... .... သစ္စာဝါဒီ သတင်းစာတိုက်။
၃၀။ စာဆိုတော်ကြီးများ၏ ကဗျာများ (ဦးစိမ်း) .... .... .... .... ဘာသာပြန်စာပေအသင်း။
၃၁။ ဘိုးဝဇီရ မှာတမ်း .... .... .... .... သမတပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၃၂။ ကလောင်ရှင်မဂ္ဂဇင်း .... .... .... .... ဗမာ့ခေတ်သတင်းစာတိုက်၊ (၁၉၄၈)။
၃၃။ စွယ်စုံကျမ်းအတွဲ (၆)။
၃၄။ တက္ကသိုလ်မဂ္ဂဇင်း .... .... .... .... ၁၉၃၁၊ စက်တင်ဘာလထုတ်။
၃၅။ မောရစ်ကောလစ်၏ .... .... .... .... Land of the Great Image.
၃၆။ ဆယ်ပွင့်ပန်း (ဒဂုန်နတ်ရှင်) .... .... .... .... စာပေဗိမာန်ပြည်သူ့လက်စွဲစာအုပ်။
၃၇။ မြန်မာ့ရိုးရာ အဆင်တန်ဆာ (ဒဂုန်နတ်ရှင်) ၎င်း

၃၈။ ပဒေသရာဇာ တျာချင်း .... .... .... .... ဂီတဝိသောဓနီ၊ ဒီးဒုတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၃၉။ အပျိုတော်တစ်ရာ ပုရပိုက်ပုံများ .... .... .... .... မြန်မာ့ရိုးရာဒီဇိုင်း ဦးအေးမြင့်နှင့် ဒေါက်တာသန်းထွန်း၏ မှတ်စုများမှ။
၄၀။ လွန်းရာကျ အချိတ်စာအုပ် .... .... .... .... ဆောင်းဒါးရက်ကန်းကျောင်း လက်နှိပ်စက်ရိုက် စာမူ။
၄၁။ ရခိုင်ရိုးရာ ဆင်ယင်ထုံးဖွဲ့မှု .... .... .... .... သျှစ်သောင်းဘုရားနံရံပုံများကိုမှီ၍ မြန်မာ့ရိုးရာဒီဇိုင်း ဦးအေးမြင့်၏ မှတ်စုများမှ။
၄၂။ အယသမင်္ဂီ .... .... .... .... ပြည်ထောင်စုနေ့ အကစာစောင်များ။
၄၃။ ပန်းချီ ဦးဝင်းမောင်၏ ဆောင်းပါး .... .... .... .... (၈-၇-၇၃)၊ ဟံသာဝတီသတင်းစာ။
၄၄။ မောင်စွမ်းရည်၏ ဆောင်းပါး .... .... .... .... (၁၂-၉-၆၇)၊ ဟံသာဝတီသတင်းစာ။
၄၅။ ရှေးရိုးမြန်မာပန်းချီဆောင်းပါးများ .... .... .... .... ရှုမဝ၊ ဟံသာဝတီသတင်းစာများ။
၄၆။ ပြည်ထောင်စု အက ပဒေသာ (ဦးမင်းနိုင်).... .... .... .... စာပေဗိမာန်ပုံနှိပ်တိုက်၊ (၁၉၅၉)။
၄၇။ သနပ်ခါး (ဦးသာလှ) .... .... .... .... .... .... .... .... စာပေဗိမာန်ထုတ်။
၄၈။ စာနယ်ဇင်းခေတ်ပုံပြပွဲမှ မဂ္ဂဇင်းများ၏ ပုံအထောက်အထားများ။
၄၉။ ရှေးဟောင်းသုတေသနဌာနမှ ကူးယူရရှိသော ဆံထုံး (၅၅) မျိုး ပုံများ။
၅၀။ မြို့ဟောင်းမြို့ ရှေးဟောင်းကျောက်ဆစ်ရုပ်တု ရုပ်ကြွများမှ ဆံထုံးပုံ (၃၅) မျိုး။ .... .... .... .... မြန်မာ့ရိုးရာဒီဇိုင်း ဦးအေးမြင့်၏ ပန်းချီ လက်ရာများ။
၅၁။ သျှစ်သောင်းဘုရား၊ အံတော်သိမ်နှင့် ဒုက္ကန်သိမ်ဘုရားနံရံများမှ ရခိုင်ရိုးရာဒီဇိုင်း(၆)မျိုးပုံစံ ။ ။ ။
၅၂။ စိန်ဒေါင်းပျံဆောင်းပါး (ငွေဥဒေါင်း) .... .... .... .... ရှုမဝ၊ ဗုဒ္ဓစာပန်းချီ။
၅၃။ တရုတ်သံရောက်မော်ကွန်း (နဝဒေး) .... .... .... .... ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၅၄။ မြို့ဟောင်းမြို့ ရှေးဟောင်းသုတေသနပညာရှိ ဦးသာထွန်း၏ မှတ်တမ်းများ ကိုးကားချက်များ။
၅၅။ နေမိမဂ္ဂဇိုးခန်းပျို .... .... .... .... ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၅၆။ အနုပညာလောက စာအုပ် .... .... .... .... မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၊ ရန်ကုန်မြို့။
၅၇။ ရွှေဘုံနိဒါန်း .... .... .... .... ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၅၈။ ရာမရကန် (ဦးတိုး) .... .... .... .... ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။
၅၉။ မြန်မာမှုစုံ ပန်းရဂုံ (စောမုံညင်း) .... .... .... .... ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၏ ယဉ်ကျေးမှု စာပေ ဒုတိယဆုရစာမူ။
၆၀။ ရွှေသို့စာစောင် (၁-၈-၇၁) နေ့ထုတ်။
၆၁။ ရွှေသို့စာစောင် (၁-၁၁-၇၀) နေ့ထုတ် ဆာပါပဝါ လည်မှာယောက်ပါလို့ ဆောင်းပါး။
၆၂။ တိုင်းရင်းသားရိုးရာ ဓလေ့ထုံးစံများ (ကချင်)၊ လမ်းစဉ်ပါတီဌာနချုပ်၊ ကရင်၊ ကယား၊ ချင်း၊ ရှမ်း၊ မွန်၊ ရခိုင် စာအုပ်များ။
၆၃။ သွေးချင်းတို့ ပျော်သည့်မြေ (ဦးမင်းနိုင်) .... .... .... .... စာပေဗိမာန် အနုပညာစာပေဆုရစာအုပ် စာပေဗိမာန်ပုံနှိပ်တိုက်၊ (၁၉၆၉)။
၆၄။ တို့တိုင်းရင်းဘွား ပြည်ထောင်စုသား (ဦးမင်းနိုင်) .... .... .... .... ရှေးဟောင်းသုတေသနဌာန၊ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၁၉၆၀။

# အောက်ခြေမှတ်စု

| | |
|---|---|
| ၁။ သနပ်ခါး | = Murraya Paniculata |
| ၂။ သနပ်ခါးပင် (စီထရွန်) | = Citron |
| ၃။ ပန်းလင်းဟာရို | = Pung-linhero |
| ၄။ ဗီ၊ စီ၊ စကော့၊ အို ကွန်နာ | = V. C. Scott O' Connor |
| ၅။ ပိုးလွှာရစ်သိုင်း အရှေ့တိုင်း | = Silken East |
| ၆။ စေတီပုထိုးများ ကြားမှ ကညာပျို | = Among Pagodas and Fair Ladies |
| ၇။ အနောက်တောင်ရာသီလေ | = South West Monsoon |
| ၈။ ပရင့်ဆက် | = Princess |
| ၉။ ကာလာဖူးလ် ဘားမား | = Colourful Burma |
| ၁၀။ မက် အင် ဘာသာ ဖာရာ | = Max and Bertha Ferras |
| ၁၁။ ဘားမား | = Burma |
| ၁၂။ အင်ဆိုက်ဂိုက် (ဘားမား) | = Insight Guide (Burma) |
| ၁၃။ ရားလ်ဖစ် | = Ralph Fitch |
| ၁၄။ အယ်လ်ဘတ်ဖိုက် | = Albert Fytche |
| ၁၅။ အတိတ်နှင့် ယခု မြန်မာပြည် | = Burma; Past and Present |
| ၁၆။ ချန်ပက် | = Chumpac |
| ၁၇။ ရင်စည်းအနီရဲရဲ | = Turkey Red Cloth |
| ၁၈။ ကျူ | = Tubes |
| ၁၉။ ဆလင်ဒါရွှေအလိပ် | = Gold Cylinder Tubes |

## မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ပြည်သူ့လက်စွဲစာအုပ်များ

၁။ ပုဂံခေတ်ယဉ်ကျေးမှု (ဒေါ်ခင်ခင်စိန်) .... .... .... ၁၀ ကျပ် ၇၅ ပြား
၂။ မြန်မာ့ရိုးရာကွမ်းခလေ့ (ဒဂုန်နတ်ရှင်) .... .... .... ၆၀ ပြား
၃။ မြန်မာ့ဒင်္ဂါးများ (သပြေညို မောင်ကိုဦး) .... .... .... ၁ ကျပ် ၉၀ ပြား
၄။ မြန်မာ့ရုပ်စုံသဘင် (ဦးသိန်းနိုင်) .... .... ၃ ကျပ် ၁၅ ပြား
၅။ မြန်မာ့သဘင်မှုအခြေပြု (မျိုးမြင့်စော) .... .... .... ၁ ကျပ် ၂၅ ပြား
၆။ မြန်မာ့အက္ခရာနှင့် ဂဏန်းသင်္ချာထုပွတ် (ရိုးရိုး) (ဦးသာမြတ်) .... ၁ ကျပ် ၂၅ ပြား
၇။ အမွေခံထိုက်သော မြန်မာ့ပန်းပုပညာ (ရာမည – ကိုကိုနိုင်) .... ၇ ကျပ် ၀၀ ပြား
၈။ မြန်မာ့အက္ခရာနှင့် ဂဏန်းသင်္ချာထုပွတ် (အင်္ဂလိပ်ဘာသာ) .... ၁ ကျပ် ၂၅ ပြား
၉။ မြန်မာ့ရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း (ဒဂုန်နတ်ရှင်) .... .... ၅ ကျပ် ၂၅ ပြား
၁၀။ မြန်မာ့စောင်းသီကောင်းစရာနှင့်
တတ်ကောင်းစရာ (ရာမည–ကိုကိုနိုင်) .... .... .... ၇ ကျပ် ၅၀ ပြား
၁၁။ မြန်မာ့သားရေတူရိယာ (မန်းညွန့်တင်) .... .... .... ၁၄ ကျပ် ၀၀ ပြား
၁၂။ မြန်မာ့ထိုးကွင်းမင်ကြောင်ခလေ့ (ဆင်ဖြူကျွန်းအောင်သိန်း) .... ၂ ကျပ် ၇၅ ပြား
၁၃။ မြန်မာ့ရိုးရာ ကိန်းဂဏန်းသင်္ချာ (ဒဂုန်နတ်ရှင်) .... .... ၃ ကျပ် ၀၀ ပြား
၁၄။ မြန်မာ့ရွှေပန်းထိမ် (မှတ်ကျောက်) .... .... .... ၁၀ ကျပ် ၇၅ ပြား

## အတ္ထုပ္ပတ္တိဆိုင်ရာ ပြည်သူ့လက်စွဲစာအုပ်များ

၁။ အလင်္ကာကျော်စွာ ဦးဟန်ပ (နန်းညွန့်ဆွေ) .... .... .... ၉၅ ပြား
၂။ အချုပ်တန်း ဆရာဖေ (ဦးချမ်းမြ) .... .... .... ၂ ကျပ် ၅၀ ပြား
၃။ လှေသင်းအတွင်းဝန် ဦးရွှေမောင် (ရွှေဘိုမိမိကြီး) .... .... ၁၆ ကျပ် ၂၅ ပြား
၄။ မှော်ဘီဆရာသိန်း (တိုက်စိုး) .... .... .... ၁ ကျပ် ၂၅ ပြား
၅။ ဘားမယ်ကြွေ (တင်တင်ကြီး) .... .... .... ၆၀ ပြား
၆။ ဒဂုန်နတ်ရှင်၏ဘဝခရီးစဉ် (ဒဂုန်နတ်ရှင်) .... .... .... ၅ ကျပ် ၆၀ ပြား
၇။ စစ်ကိုင်းဦးဖိုးသင်းကိုယ်ရေးအတ္ထုပ္ပတ္တိ (စစ်ကိုင်းဦးဘိုးသင်း) .... ၉ ကျပ် ၅၀ ပြား
၈။ ဂီတနှင့်ဘဝအတွေ့အကြုံ (အလင်္ကာကျော်စွာ–စောင်း ဦးဘသန်း) .... ၁၃ ကျပ် ၀၀ ပြား
၉။ မီးတုတ် သခင်သိန်းမောင်ကြီးဘဝနှင့် နိုင်ငံရေးလှုပ်ရှားမှုများ
(သားခင်မောင်လတ်) .... .... ၃၅ ကျပ် ၀၀ ပြား

– ကျန်းမာရေးအတွက်တာ သိကောင်းစရာ
– စိုက်ပျိုးမွေးမြူရေးနည်းပညာ
– ယဉ်ကျေးမှုအနုပညာအစုစုနှင့်
– အထွေထွေဗဟုသုတ ရရှိမည့်စာအုပ်ကောင်းများ ဖတ်လိုလျှင်

**ကုန်သည်လမ်း စာပေဗိမာန်စာအုပ်ဆိုင်သို့ အမြန်ကြွခဲ့ပါ။**

အပျင်းလည်းပြေ ပညာလည်းရ ငွေကုန်ရကျိုးနပ်လိုလျှင်

## စာပေဗိမာန် စာအုပ်အသင်း ဝင်ပါ။

– ၁၂ လအတွက် နှစ်စဉ်ကြေး ၃၀ ကျပ်။

– အသင်းပေးစာအုပ်များ အခမဲ့ရမည်။

– သတ်မှတ်ပုံစံမရှိ။ နေရပ်လိပ်စာဖော်ပြပါ။

– ဆက်သွယ်ရေးလုပ်ငန်း ငွေလွှဲစာဖြင့် ငွေပို့ပါ။

– ကိုယ်တိုင် ငွေလာသွင်းလျှင်လည်း ရပါသည်။

အတွင်းရေးမှူး
စာပေဗိမာန်စာအုပ်အသင်း
အမှတ် ၅၂၉– ၅၃၁၊ ကုန်သည်လမ်း
ရန်ကုန်မြို့။

- ရှေးခေတ် မြန်မာအမျိုးသမီးတို့၏ ဆင်ယင်ထုံးဖွဲ့မှု၊
- မျက်မှောက်ခေတ် မြန်မာအမျိုးသမီးတို့၏ ဆင်ယင်ထုံးဖွဲ့မှု၊
- ဆင်ယင်ထုံးဖွဲ့မှုဆိုင်ရာ အထောက်အထားများ၊
- ဆင်ယင်ထုံးဖွဲ့မှုဆိုင်ရာ ပညာများ၊

ပါဝင်သော

စောမုံညင်း ၏

# မြန်မာ အမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု

အဖိုး ၁၀ ကျပ်